# ခြုံငုံသုံးသပ်ချက်

မကြာသေးမီ ဆယ်စုနှစ်များအတွင်း ကမ္ဘာပေါ်ရှိ အကြမ်းဖက်ပဋိပက္ခများ၏ သဘာဝမှာ ယင်း၏အမှန်တကယ် အကြောင်းတရားပိုင်း ဆိုင်ရာ (subject-matter) နှင့် ဖော်ပြချက်ပုံစံနှစ်ရပ်လုံးတွင် ပြောင်းလဲလာခဲ့သည်။ စိတ်လှုပ်ရှားဖွယ်အကောင်းဆုံး ပြောင်းလဲမှုများ ထဲမှတခုမှာ အစဉ်အလာအတိုင်းဖြစ်နေသည့် အချုပ်အချာအာဏာပိုင် တိုင်းပြည်ချင်း ဖြစ်ပွားသည့် ပဋိပက္ခ (inter-state) ပုံစံမှ လမ်းကြောင်း ပြောင်းရွေ့လာခဲ့ပြီး၊ တိုင်းပြည်တခုအတွင်း အစုအဖွဲ့များအကြားဖြစ်ပွားသည့် ပဋိပက္ခ (intra-state) အသွင်ဖြစ်လာခဲ့ခြင်းဖြစ်သည်။ နှစ်ဆယ်ရာစုတလျှောက်ရှိနေခဲ့သည့် အကြမ်းဖက်ပဋိပက္ခအများစုမှာ တိုင်းပြည်ချင်း ပဋိပက္ခများ ဖြစ်ခဲ့သည်။ သို့သော် ၁၉၉၀ခုနှစ်ပိုင်း ကမ္ဘာ့အဝှမ်းဖြစ်ပွားသည့် အဓိကပဋိပက္ခအားလုံးလိုလိုမှာ တိုင်းပြည် တခု တည်းအတွင်း ဖြစ်ပွားလာသည့် ပြည်တွင်းပြဿနာများဖြစ်သည်။ ဥပမာအားဖြင့် ၁၉၈၉ခုနှစ်မှ ၁၉၉၆ခုနှစ်အတွင်း ကမ္ဘာ့အဝှမ်းဖြစ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခပေါင်း ၁၀၁ ခု တွင် ၉၆မှုမှာ ပြည်တွင်းပြဿနာရပ်များဖြစ်ကြသည်။ နယ်မြေအနိုင်ရမှု သို့မဟုတ် သဘောတရားအမြင်ဆိုင်ရာများထက်စာလျှင် လူမျိုးနွယ် အစုအဖွဲ့ လက္ခဏာအပေါ် ဂုဏ်ယူအမှတ်ရမှု သို့တည်းမဟုတ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အတွက် ရှာဖွေအားထုတ်မှုများသည် (တစိတ်တပိုင်းအားဖြင့် အနိမ့်ဆုံးအခြေအနေအရ) ပဋိပက္ခအများစုအတွက် တွန်းအားများဖြစ်စေခဲ့သည်။ အထူးသဖြင့် ယခု ရာစုနှစ်တလျှောက် တိုက်ခိုက်ခဲ့ကြသည့် ကမ္ဘာ့စစ်ပွဲကြီးများ တိုင်းပြည်ချင်း ပဋိပက္ခများ နှင့် နှိုင်းယှဉ်လျှင် ယခုအခြေအနေသည် လူသားပဋိပက္ခမှုဆိုင်ရာဖော်ပြချက်တွင် (Manifestation of human conflict) အဓိကပြောင်းလဲမှုတရပ်ဖြစ်ပေသည်။

နှိုင်းယှဉ်ရလျှင် ယခုလို ပြည်တွင်းပဋိပက္ခများ စီမံမှုဆိုင်ရာ ကျွန်ုပ်တို့နည်းနာများကို တဖြေးဖြေးချင်း တဆင့်ပြီးတဆင့်ဖော်ထုတ်စဉ်းစားခဲ့ရသည်။ ပြည်ပမှဦးဆုံး ပြင်ဆင်ဆောင်ရွက်မှု ထက်စာလျှင် တောင့်တင်းခိုင်မာသည့် ပြည်တွင်းနိုင်ငံရေးဖွဲ့စည်းမှု (internal political structures) တည်ဆောက်ရန် အရေးကြီးသည်ကို နားလည် လက်ခံသည့် ချည်ကပ်မှုများသည် ပြည်တွင်းပဋိပက္ခများ ငြိမ်းချမ်းစွာ စီမံဖြေရှင်းနိုင်ရန်အတွက် လိုအပ်သည်။ ဆိုလိုရင်းမှာ ပဋိပက္ခများ ဖြေရှင်းစီမံရာတွင် တိုင်းပြည် တပြည်၏ ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းရပ်များသည် ယခင်ကာလ များထက် စာလျှင် ယခုအချိန်တွင် ပိုမိုအရေးပါလာသည်။ တဆက်တည်းတွင် နက်ရှိုင်းစွာအမြစ်တွယ်နေသည့် ပဋိပက္ခများတွင်ပတ်သက်နေသည့် ပြည်တွင်းနိုင်ငံရေး ဇာတ်ဆောင်များ မှာလည်း ယခင်ကထက်စာလျှင် ယခုအချိန်တွင် ကြီးကြီးမားမား အာရုံစိုက်လာစရာဖြစ်လာသည်။ ပဋိပက္ခများကိုလောင်မြိုက်စေသော အကျိုးစီးပွား နှင့်လိုအပ်ချက်များ ဖြေရှင်းရာတွင် လုပ်ရိုးလုပ်စဉ် ချည်းကပ်မှုများသည် မအောင်မြင် လှတော့ချေ။ ထိုချည်းကပ်မှုများသည် ကြံ့ရကျပန်းနည်းလမ်းများ၊ မဆီလျော်သည့် နည်းလမ်းများသုံး၍ (ပြဿနာနှင့်) မကိုက်ညီသော အဖြေများသာ ရလေသည်။ ပြောင်းလဲလာသော ပြည်တွင်း ပဋိပက္ခအခြေအနေအသစ်များကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ပိုမိုဆန်းသစ်ကောင်းမွန်သည့် ချည်းကပ်မှုများ (tools)

ရေရှည်တည်တံ့သော သဘော တူညီချက် တရပ်အတွက် ဒီမိုကရေစီ အရေးကြီးသည်၊ သို့ဖြစ်၍ မည်သည့် စေ့စပ်ဆွေးနွေးပွဲမဆို ဒီမိုကရေစီလမ်းကြောင်း ကို ဦးတည်စေမည့် ဆွေးနွေးပွဲမျိုး၊ ရလဒ်မျိုး ဖြစ်ရန် အရေးကြီး ပါသည်။

အရေးတကြီး လိုအပ်လာသည်။

ပြည်တွင်းပဋိပက္ခများအတွင်း နှစ်ရှည်လများဖြစ်နေသည့်အကြမ်းဖက်မှုအဆင့်မှ ငြိမ်းချမ်းစွာဖြေရှင်းမှုများဖြစ်လာစေရန်အတွက် လက်တွေ့ကျပြီး ဖြစ်နိုင်သည့် အခြေအနေ တရပ်သို့ရောက်ရန် ကြိုးပမ်းပါဝင်သူများအတွက် လက်တွေ့ကျသည့် အချက်အလက်များကို ဤလက်စွဲစာအုပ်တွင် တင်ပြထားသည်။ အခြား လေ့လာချက်များနှင့်မတူဘဲ၊ ဤစာအုပ်သည် နိုင်ငံတကာမိသားစု၏ အခန်းကဏ္ဍအပေါ် သုံးသပ်တင်ပြထားခြင်းမရှိပါ။ ထို့ထက်စာလျှင် ပဋိပက္ခဖြစ်နေသူ အစုများက – ညှိနှိုင်းရေးစားပွဲပေါ်တွင် မည်သို့မည်ပုံ စေ့စပ်ဆွေးနွေးယူနိုင်သည် ဟူသည့် အချက်ကိုသာ ဦးစားပေးတင်ပြထားပါသည်။ နိုင်ငံရေးလှုပ်ရှားသူများ စေ့စပ်ညှိနှိုင်းသူများ၊ ကြားဝင်စေ့စပ်ရေးသမားများနှင့် အခြားနိုင်ငံရေးဇာတ်ကောင်များအတွက် ပဋိပက္ခပြေလည်ရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်မည့် နည်းနာနိဿယများကိုလည်း ပေးထားပါသည်။ သဘောတူညီချက်တရပ် ရလာရန် မည်သို့လုပ်ကိုင်ရမည်ဆိုသည့် စေ့စပ်ညှိနှိုင်းရေးဖြစ်စဉ်နှင့် ထိုသဘောတူညီချက် အကောင်အထည် ပေါ်လာမည့် ဖြေရှင်းဆောင်ရွက်မှုကာလ နှစ်ရပ်အတွက် သိသင့်သိထိုက်သည့် အချက်များကို တင်ပြထားပါသည်။ ဤစာအုပ်သည် ကြိုတင်ကာကွယ်ရေးသံတမန်နည်းနာ **(preventive diplomacy)**၊ ပဋိပက္ခဖြစ်နိုင်ချေတွက်ဆသည့် အလားအလာ ညွှန်းကိန်းများစနစ် **(conflict early warning systems)**၊ ပဋိပက္ခကာကွယ်ခြင်းအား ကျဉ်းမြောင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုခြင်း **(conflict prevention in the narrow sense)** စသဖြင့် အကြောင်းအရာများသည့် အရေးပါသောကိစ္စရပ်များဖြစ်သော်လည်း ဤစာအုပ်သည် ထိုအကြောင်းများနှင့်ပတ်သက်ခြင်းမရှိပါ။ ဤလက်စွဲစာအုပ်၏ အဓိကအကျဆုံးမေးခွန်းမှာ –– ကျွန်ုပ်တို့အနေဖြင့် စေ့စပ်ဆွေးနွေးရေး စကားဝိုင်းတခုမှ ပဋိပက္ခတရပ်ကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ဖြေရှင်းပေးမည့်၊ ရေရှည်တည်တံ့သော သဘောတူညီချက်တရပ် ပေါ်ထွက်လာရန် မည်သို့ဆောင်ရွက်နိုင်သနည်း။ ဤစာအုပ်၏ အဖြေကား –– ကျွန်ုပ်တို့သည် စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်နှင့် ရလဒ်တို့ကို ပဋိပက္ခလွန်ကာလတွင် ဒီမိုကရေစီ တည်ဆောက်ရေး လုပ်ငန်းအား ထိထိရောက်ရောက် ဆောင်ကြဉ်း ပေးနိုင်စေရန် အစကတည်းမှ ဦးတည်ချက်ရှိရှိ တည်ဆောက်ယူခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ရေရှည်တည်တံ့သော သဘောတူညီချက်တရပ် အတွက် ဒီမိုကရေစီ အရေးကြီးသည်၊ သို့ဖြစ်၍ မည်သည့် စေ့စပ်ဆွေးနွေးပွဲမဆို ဒီမိုကရေစီလမ်းကြောင်းကို ဦးတည်စေမည့် ဆွေးနွေးပွဲမျိုး၊ ရလဒ်မျိုး ဖြစ်ရန် အရေးပါပါသည်။

စေ့စပ်ဆွေးနွေးသူများအတွက် လက်တွေ့ကျပြီး လွယ်လင့်တကူ အသုံးပြုနိုင်မည့် ဒီမိုကရေစီ တည်ဆောက် ရေးဆိုင်ရာမှုများ လိုသည်။

## ဤလက်စွဲစာအုပ်လိုအပ်မှု

အကြမ်းဖက်ပဋိပက္ခဖြစ်စဉ်တရပ် တွင် ယင်း၏ နိဂုံးအဆုံးသတ်ရေး နောက်ဆုံးအဆင့်**(end-game)**သည် ပြောင်းလဲမှု တလျှောက် တွင် အခက်ခဲဆုံးသော အပိုင်းဖြစ်သည်။ ထိုအဆင့်တွင် ဆွေးနွေးဖက်များအနေဖြင့် အလုံးစုံခြုံငုံသည့် အကူအညီ နှစ်ခုလိုအပ်ပေသည်။ စေ့စပ်ဆွေးနွေးပွဲများ ချောမွေ့စေရန် အထိရောက်ဆုံးနှင့် အလျော်ကန်ဆုံး တွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်များကို ချမှတ်သွားနိုင်ရန် အရေးကြီးသည်။ ထိုမှတဆင့် ထိရောက်သင့်လျော်သည့် ဒီမိုကရေစီ စနစ် ဖွဲ့စည်းမှုနှင့် နိုင်ငံရေး အသင်းအဖွဲ့များထားရှိခြင်းဖြင့် တာရှည်ခိုင်ခံ့မည့် ဖြေရှင်းမှုများ **(sustainable settlement)** ကို အောင်မြင်စွာညှိနှိုင်းသွားရန်လည်း လိုအပ်ပေသည်။ နှစ်ရှည်ဖြစ်ပွားနေသည့် အကြမ်းဖက်ပဋိပက္ခများကို တာရှည်ခံပြီး ခြုံငုံမိသည့် အဖြေထုတ်နိုင်ရန်မှာ ခက်ခဲသောတာဝန်တရပ်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ

ဤလက်စွဲစာအုပ်သည် ထိုတာဝန်ဆောင်ရွက်သူများကို အထောက်အပံ့ရစေရန် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် မကြာခင်ကဖြစ်ခဲ့သည့် မြောက်အန်ယာလန်၊ တောင်အာဖရိက၊ ဘူလ်ဂေးဗီလီ၊ ဂွာတီမာလာနှင့် အခြားဒေသများရှိ ငြိမ်းချမ်းရေး သဘောတူညီမှုအတွေ့အကြုံများကို ဆွဲထုတ်တင်ပြထားပါသည်။

သို့ရာတွင် ယခုလက်စွဲစာအုပ်သည် ဖြစ်ပျက်သမျှရောဂါဝေဒနာအားလုံးကို ကုစားပေးနိုင်သည်တော့ မဟုတ်ပေ။ မတူညီသော အခြေအနေ အမျိုးမျိုးအတွက် ဖြေရှင်းမှုနည်းလမ်း တမျိုးတည်းဖြင့် ပြေလည်စေနိုင်သည် ဆိုခြင်းမှာ မဖြစ်နိုင်ချေ။ ပြဿနာတိုင်းသည် သီးသန့်ဝိသေသများ ရှိကြသည်။ အောင်မြင်မှုအတွက် ယေဘူယျကျသည့် အဖြေပေးခြင်း သို့မဟုတ် အခြေအနေသစ်တိုင်းအတွက် အဖြေဟောင်းတခုကို ထပ်ခါတလဲလဲ အသုံးပြုခြင်း စသည်တို့ထက်၊ ဤစာအုပ်သည် အခြားဖြစ်ရပ်များမှ ဥပမာများ၊ သင်ခန်းစာများဖော်ပြပေးခြင်းဖြင့်သော်လည်းကောင်း၊ ပဋိပက္ခများ၏ အရင်းခံသဘောတရားများကို ဆွေးနွေးခြင်းဖြင့် သော်လည်းကောင်း ပဋိပက္ခ တခုအတွက် မှန်ကန်သော အဖြေထုတ်နိုင်သည့် နည်းလမ်းစဉ်ကို သာ ဤစာအုပ်မှ အကြံပြုထားခြင်းဖြစ်သည်။ ဤစာအုပ်သည် ပညာရှင်စာတမ်းမဟုတ်ပါ။ ဖတ်ရလွယ်ပြီး ရိုးရှင်းစွာရေးသားထားပြီး၊ အမှန်တကယ်ရှိခဲ့သည့် စေ့စပ်ဆွေးနွေးမှုများမှ ကျယ်ပြန့်သော အတွေ့အကြုံများကို အခြေခံထားပါသည်။ လက်တွေ့လုပ်ဆောင် နေသူများ နှင့် မူဝါဒရေးဆွဲသူများအတွက် စိတ်ဝင်စားဖွယ်ကောင်းပြီး လက်တွေ့ အသုံး ကျမည့်စာအုပ်ဖြစ်ပါသည်။ စေ့စပ်ဆွေးနွေးမှုတရပ်အတွက် အကောင်းဆုံးအဖြေကို မည်သူမဆို လွယ်လင့်တကူ အဆိုပြုနိုင်ပါသည်။ သို့သော် ကိုယ်ထိလက်ရောက် အဖြေရှာဖွေမှုတွင် ပါဝင်နေကြသူများသာလျှင် လက်တွေ့အသုံးကျမည့် အသင့်တော်ဆုံး အဖြေကို တည်ဆောက်ယူနိုင်မည် ဖြစ်သည်။

စေ့စပ်ညှိနှိုင်းမှု၊ ကြားဝင်စေ့စပ်မှုအတတ်ပညာနှင့် ဖြစ်စဉ်များသည် မကြာမီနှစ်များ အတွင်းက အလေးထားလေ့လာစရာ ပညာရပ်တခုဖြစ်လာပါသည်။ ထိုဖြစ်စဉ်များ၏ လက်တွေ့သဘောတရားကို ပြည်တွင်းအင်အားစုအသီးသီး၊ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဆင့်များတွင် နက်နက်ရှိုင်းရှိုင်းလေ့လာလာကြပါသည်။ ထို့အပြင် ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုနှင့် ဒီမိုကရေစီစနစ်တည်ဆောက်မှုအပေါ် လေ့လာမှုသည်လည်း ပညာရှင်များ စိတ်ဝင်စားစရာ အဓိကနယ်ပယ်ဖြစ်လာပါသည်။ အခြားနယ်ပယ်များ အတွက် သိသာစေရန် ဆက်စပ်နေသည့် နယ်ပယ်များမှ အသိတရားများကို စဉ်ဆက်မပြတ်အသုံးချရင်း ဖြစ်ရပ်တခုချင်းစီမှ အကောင်းဆုံး လုပ်ဆောင်မှုများ ကို လိုက်လျောညီထွေပြုပြင်သွားနိုင်ရန်အတွက် ဤစာအုပ်ကို စီမံရည်ရွယ်ထားပါသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်သည် ထိုအရာများအပေါ် ဆင်ခြင် ထုတ်ယူပြီး၊ လက်တွေ့ကျသည့်လက်စွဲစာအုပ်ပုံစံအဖြစ် အကောင်းဆုံးချည်းကပ် ကြည့်ခြင်း ဖြစ်ပါသည်။ လက်တွေ့ကျပြီး မူပိုင်းဆိုင်ရာအပေါ် အလေးထားသည့် ဦးတည်ချည်းကပ်မှုများတွင် မူဝါဒပိုင်းအားကောင်းလာစေရန်အတွက် အကောင်းဆုံး သီအိုရီများကို အသုံးချထားပါသည်။ ဤသို့ဖြင့် သီအိုရီနယ်နှင့် မူဝါဒရေးရာအကြား ကွာခြားချက်ကို ဆက်စပ်ပေးနိုင်ရန် ကျွန်ုပ်တို့ လိုလားပါသည်။

## လက်စွဲစာအုပ်၏ ရည်ရွယ်ချက်

ဤစာအုပ်သည် ပဋိပက္ခဖြစ်ဖက်များကို ကိုယ်စားပြုသည့် နိုင်ငံရေးသမားများနှင့် စေ့စပ်ညှိနှိုင်းရေးသမားများကို အဓိကအသုံးကျစေပါလိမ့်မည်။ တတိယကြား အင်အားစုများ၊ အစိုးရအမှုထမ်းနှင့် မူဝါဒသုံးသပ်သူများ၊ အလွန်တရာ ကွဲပြားမှုများရှိနေသည့် လူ့အဖွဲ့အစည်းများအတွင်းမှ ပညာရှင်များနှင့် အထူးပြု

လေ့လာသူများ၊ စာနယ်ဇင်းသမားများနှင့် အကြံပေးသူများ စသော ပုဂ္ဂိုလ်များ အတွက်လည်း သက်ဆိုင်ပါလိမ့်မည်။ ပညာရပ်စကားလုံးအရ အကြိုစေ့စပ်မှုကာလ သို့ စေ့စပ်ညှိနှိုင်းမှုအဆင့် (နောက်ဆုံးအခြေအနေတခုကို မရောက်ခင် စေ့စပ်ညှိနှိုင်းမှု သာလျှင် ဖြစ်နိုင်ချေရှိတော့သည့် အဆင့်ဖြစ်နေသည့် အခြေအနေ) အတွင်း ပဋိပက္ခများကို ဖြေရှင်းရန် ဤစာအုပ်မှ အသေးစိတ် တင်ပြထားပါသည်။ ဤစာအုပ်ပါ ရည်ရွယ်ချက်များကို ရှင်းလင်းစွာတင်ပြရလျှင်

> ဤလက်သုံးကျမ်း ရည်ရွယ်ချက်များ များစွာ ရှိသည့်အနက် တခုမှာ အသင့်တော်ဆုံး စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်ကို ရေးဆွဲရန်နှင့် ကိုယ်ပိုင် အခြေအနေ အကိုက်ညီဆုံး ဒီမိုကရေစီဖွဲ့စည်းပုံ ကို လက်တွေ့ နှင့် အကိုက်ညီဆုံး ရွေးချယ်နိုင်ရန် ဖြစ်သည်။

- အကြမ်းဖက်ပဋိပက္ခများနောက်ပိုင်း နိုင်ငံရေးဖြေရှင်းမှုများ ညှိနှိုင်းနေသည့် အဆင့်အတွင်း သို့မဟုတ် ထိုအဆင့်သို့ဝင်ရောက်နေသည့် အစုအဖွဲ့ များအတွက် လက်ခံနိုင်လောက်သည့် အဖြေတရပ်ထုတ်နိုင်ရေးအတွက် ဖြစ်နိုင်ချေ ထွက်ပေါက် လမ်းကြောင်း များဖန်တီးနိုင်ရန် ကူညီရန်။
- အသင့်တော်ဆုံး စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်ကို ရေးဆွဲရန်နှင့် ကိုယ်ပိုင်အခြေအနေ ကိုယ်ပိုင်အနာဂတ်နှင့်အကိုက်ညီဆုံး ဒီမိုကရေစီဖွဲ့စည်းပုံစံ ကို လက်တွေ့ အခြေအနေများနှင့် အကိုက်ညီဆုံး ရွေးချယ်နိုင်ရန် အတွက် အထောက်အကူ ပြုနိုင်ရန်။ ယခုလက်စွဲစာအုပ်ပါ အကြောင်းအရာများကို အသုံးချလျက် သင့်လျော်သည့် ဖြစ်စဉ်အဆက်ဆက်ကို လိမ်မာပါးနပ်စွာ ဖန်တီးရယူနိုင်ရန် လည်း ရည်ရွယ်ပါသည်။ ဤတာဝန်ယူဆောင်ရွက်မှုသည် ခက်ခဲသော်လည်း ဒီမိုကရေစီတည်ဆောက်မှုတလျှောက် ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်နိုင်ရေးအတွက် အရေးတကြီးလိုအပ်သည့် တိုးတက်မှုဖြစ်စဉ် လမ်းကြောင်းတခုဖြစ်ပါသည်။
- ပဋိပက္ခစီမံဖြေရှင်းမှုအဆင့်တွင် ဆောင်ရွက်ရလွယ်ပြီး လက်ခံနိုင်ဖွယ်ရှိသော သင့်တော်ကောင်းမွန်သော၊ ရေရှည်အတွက်လည်း ထင်သာမြင်သာရှိပြီး တည်တံ့နိုင်မည့် ညှိနှိုင်းဆောင်ရွက်မှုအဖြေများ ထုတ်ပေးနိုင်ရန်။ သို့မဟုတ် ပဋိပက္ခလွန်ကာလ လူ့အဖွဲ့အစည်းအတွင်း လူ့အခွင့်အရေးအခြေအနေ ကာကွယ်ရန်နှင့်တိုးတက်လာစေရန် သင့်တော်ကောင်းမွန်သည့် ဒီမိုကရေစီ အဆောက်အအုံများ ပုံစံထုတ်စဉ်စားနိုင်ရန်၊
- ယေဘူယျသဘောအားဖြင့်ဆိုသော် ကမ္ဘာ့တလွှား ပဋိပက္ခလွန်ကာလအတွင်း အသုံးချခဲ့ကြသည့် တောင့်တင်းခိုင်မာသော ဒီမိုကရေစီစနစ် တည်ဆောက်ရေး အတွက် အမျိုးမျိုးသော ချည်းကပ်ဆောင်ရွက်မှုပုံစံများနှင့် သတင်း အချက်အလက်များ တင်ပြခြင်းဖြင့် ပြည်တွင်းနိုင်ငံရေးဇာတ်ကောင်များနှင့် နိုင်ငံတကာမိသားစုအတွက် အထောက်အပံ့ပေးရန်၊

## လက်စွဲစာအုပ်အသုံးပြုပုံ

ဤစာအုပ်အပြင်အဆင်ကို အခြေအနေအနေအထားနှင့် သင့်လျော်လက်တွေ့ ကျအောင် စီမံထားပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းသည် အကြီးမားဆုံး စိန်ခေါ်ချက်တရပ်ဖြစ်သည်နှင့်အညီ ဤလုပ်ငန်းတွင်ပါဝင်နေကြသူများအတွက် အထောက်အပံ့နှင့်လမ်းညွှန်ဖြစ်စေရန်၊ အမြင်ဆိုင်ရာနှင့် နည်းလမ်းဥပမာရပ် များပေးနိုင်ရန် စီစဉ်ထားပါသည်။ အခန်း(၁)တွင် မကြာခင် ၁၀စုနှစ်အတွင်းများက ပြောင်းလဲလာသည့် ပဋိပက္ခလက္ခဏာရပ်များကို ဆန်းစစ်ပြထားပြီး၊ ထိရောက်ပြီး တာရှည်ခံသည့် ပြေလည်မှုများ ရရှိစေရေး ဆောင်ရွက်ချက်အတွက် ဒီမိုကရေစီတန်ဘိုးများနှင့် အသင်းအဖွဲ့များက မည်သို့အထောက်အပံ့ဖြစ်စေသည်ကို ဆွေးနွေးထားပါသည်။ ထို့နောက် သုံးသပ်ချက် **(Analysis)** ၊ ဖြစ်စဉ်စီမံမှု **(process design)**၊ ရလဒ်ရေးဆွဲမှု **(outcome design)** နှင့် တာရှည်တည်တံ့မှု **(sustainability)** ဟူ၍ အစီအစဉ်အတိုင်း အဆင့်(၄)ကို စုစည်းထားပါသည်။ အဆင့်တိုင်းတွင်လည်း အခန်းတခန်းစီ တင်ပြထားပါသည်။

## သုံးသပ်ချက်

ကနဦးအားဖြင့် ပဋိပက္ခများအကြောင်းကို မေးခွန်းများဖြင့် သုံးသပ်ထားပြီး၊ ယင်း၏အကြောင်းအရာပိုင်းနှင့်အခြေခံအပိုင်းများအပေါ် သဘောပေါက်နားလည်စေရန် သရုပ်ဖော်ထားပါသည်။ အခန်း(၂)တွင် နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေသည့် ပဋိပက္ခသဘာဝ၊ အမျိုးမျိုးသော ပဋိပက္ခအသွင်အပြင်ဖော်ပြချက် **(typologies of conflict)** နှင့် ပဋိပက္ခသုံးသပ်ရေးဖြစ်စဉ်များအပေါ် အချို့တွေ့ရှိချက်အမြင်များကို အစပိုင်းအနေဖြင့် ဖော်ပြထားသည်။ ထို့နောက် စာဖတ်သူများအနေဖြင့် မိမိတို့၏သီးခြားပြဿနာများကို ပိုင်းခြားအကဲဖြတ်နိုင်ရန်အတွက် ခွဲခြားစိတ်ဖြာနိုင်မည့် အချက်အလက်စဉ်းစားမှုများ **(analytic tools)**များ အစီအရီပေးထားပါသည်။ ပဋိပက္ခများ၏ ဆွေးနွေးစရာ၊ အကြောင်းအရာ၊ ဇာတ်ကောင်၊ အားကောင်းမှု၊ သမိုင်း၊ အရင်းအမြစ်၊ အဆင့်များ စသဖြင့် အသေးစိတ်ဆိုင်ရာများ သဘောပေါက်လာစေမည်ဖြစ်သည်။ ပဋိပက္ခ၏ ခဏတာမြင်ကွင်းကို **(snapshot)** အချက်အလက် မြောက်များစွာဖြင့် ကောင်းစွာသဘောပေါက်နားလည်နိုင်ပါသည်။

## ဖြစ်စဉ်

ပိုင်းခြားအကဲဖြတ်မှု **(diagnosis)** အပိုင်းပြီးဆုံးသည့်နောက် အခန်း(၃)တွင် စာဖတ်သူများအနေဖြင့် သူတို့ကိုယ်ပိုင်အခြေအနေနှင့်ကိုက်ညီသည့် အသင့်တော်ဆုံး စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်ကို စီမံပြင်ဆင်နိုင်ရန် လမ်းညွှန်မှုပေးပါလိမ့်မည်။ ကောင်းမွန်သည့် ဖြစ်စဉ်များ ရေးဆွဲရန်နှင့် ပဋိပက္ခတခုချင်းအလိုက် အကိုက်ညီဆုံး ဖြစ်စဉ်တည်ဆောက်မှုအတွက် အချို့သော အသေးစိတ်အကြောင်းရပ်များ နှင့်ပတ်သက်သည့် အရေးကြီးသည့် စဉ်းစားဆောင်ရွက်မှုများလည်းပေးထားပါသည်။ အစည်းအဝေးနေရာအခင်းအကျင်းရွေးခြယ်မှု၊ ပါဝင်မည့်သူများ၊ အစီအစဉ်များ ပြင်ဆင်ရေးဆွဲမှု **(agenda design)**၊ ဖွဲ့စည်းမှုနှင့် ဆွေးနွေးပွဲအတွက် အခြေခံဥပဒေသများ စသဖြင့် စေ့စပ်မှုဖြစ်စဉ်အတွင်း အခြေခံ တည်ဆောက်မှုအရာများ **(building blocks)** ထုတ်ဖော်တင်ပြရန်၊ ပြင်ဆင်နိုင်ရန်အတွက် စာဖတ်သူများကို အထောက်အကူပြုပါလိမ့်မည်။ ရှေ့မတိုးနောက်မဆုတ်သာဖြစ်နေသည့် အခြေအနေ တရပ်ကို ကျော်လွှားနိုင်ရန်အတွက် အသေးစိတ်နည်းနာဆောင်ရွက်မှုများ ကိုပေးထားပါသည်။ ပြီးခဲ့သည့်အကဲဖြတ်ချက်အရ သီးခြားလိုအပ်ချက်များနှင့်အကိုက်ညီဆုံး ဖြစ်သည့် ခိုင်မာသည့်ဆွေးနွေးစကားပြောဆိုမှုဖြစ်စဉ် ပိုမိုတည်ဆောက်နိုင်ရန် အတွက်လည်း အသင့်လျော်ဆုံးအမြင်နည်းနာများရွေးခြယ်နိုင်ရန် စေ့စပ်ညှိနှိုင်းမှု/ ဖြန်ဖြေပေးမှုဆိုင်ရာ အတတ်ပညာများကိုလည်း ဖော်ပြထားပါသည်။

## ရလာဒ်

ဖြစ်စဉ်အပေါ် သဘောတူညီချက်ရပြီးနောက် ရလာဒ်ဖြစ်လာရန်ဆောင်ရွက်မှုသည် နောက်အဆင့်ဖြစ်သည်။ ဤနေရာတွင် အခန်း(၃)ပါ ဖြစ်စဉ် ရေးဆွဲညှိနှိုင်းမှုအရ အရည်အသွေးမြင့်သည် ရလဒ်တရပ်အတွက် အခြေအနေအချက်အလက်များ ဖန်တီးပေးမည့် (လက်တွေ့ကျသော) ဒီမိုကရေစီနည်းကျ စုဖွဲ့မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာရန် ဖွဲ့စည်းမှုနှင့်လုပ်ငန်းစဉ်ဆောင်ရွက်ချက်များအပေါ် ကျွန်ုပ်တို့အနေဖြင့် အထူးစဉ်းစားမိပါသည်။ အခန်း(၄)တွင် ထိုသို့စုစည်းဖွဲ့စည်းမှုများတန်ဘိုးနှင့် ပြင်ဆင်ဆောင်ရွက်မှုများတွင်ပါဝင်သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ် တင်ပြထားပါသည်။ ထို့နောက် အသုံးတည့်ပြီးလျော်ကန်သည့် ရလာဒ်စဉ်းစားမှု အတွက် အားဖြစ်စေမည့် ဒီမိုကရေစီနည်းကျ စွမ်းဆောင်မှု **(democratic levers)**

ငြိမ်းချမ်းရေး တည်ဆောက်မှုသည် ခက်ခဲသော ဖြစ်စဉ်တရပ် ဖြစ်သည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးကို လက်တွေ့ တည်ဆောက်နေသူများအတွက် အသုံးကျမည့် အကြံ၊ ဥပမာနှင့် ရွေးချယ်မှု မှုများကို တင်ပြ ကူညီသွားရန် ဖြစ်သည်။

ဖြစ်နိုင်ချေများကို အသေးစိတ် ကျယ်ကျယ်ပြန့်ပြန့်တင်ပြထားသည်။ နိုင်ငံတော် တည်ဆောက်မှုဆိုင်ရာ အဓိကမေးခွန်းရပ်များ (ဥပမာ – အာဏာခွဲဝေရေး၊ အုပ်ချုပ်ရေး နှင့်ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းပုံ၊ ပြည်ထောင်စုစနစ်နှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ရွေးကောက်ပွဲစနစ်၊ တရားစီရင်ရေး စသဖြင့်) မှ နေ၍ သီးခြားပြဿနာများ သို့မဟုတ် လိုလားချက်များကို ဖြေရှင်းပေးမည့် စနစ် (mechanisms) (ဥပမာ–အမှန်တရားနှင့် ပြန်လည်ပြင့်မြတ်ရေးကော်မရှင်၊ ဘာသာစကားဆိုင်ရာ ဘုတ်အဖွဲ့များ၊ လိင်မှုပြဿနာဆိုင်ရာ ကော်မရှင်များ စသဖြင့်) အထိ စာရင်းပြုထားသည့် ရွေးချယ်နိုင်စရာ နည်းလမ်းများ ကို အစီအရီတင်ပြထားသည်။

## တောင့်တင်းခိုင်ခံ့မှု

နောက်ဆုံးအနေဖြင့် အခန်း(၅)တွင် ပေါ်ထွက်လာသည့် ရလာဒ်များကို တာရှည်ခံရန် မည်သို့ထိမ်းသိမ်းရမည်ဆိုသည်နှင့် သဘောတူညီမှုအရ အကောင်အထည်ဖော်သည့် အပိုင်းများ ကိုထိခိုက်စေမည့် အတားအဆီးများ၊ အန္တရယ်ထောင်ချောက်များကို ဆန်းစစ်တင်ပြထားသည်။ အလားတူ စေ့စပ်ညှိနှိုင်းမှုများကို ပိုမိုအားကောင်းပြီး တာရှည်ထိမ်းထားနိုင်မည်ဖြစ်သော အထူးယန္တယားများ (specific mechanisms) အတွက် အနှောင့်အယှက် များကိုလည်း ဆန်းစစ်ထားသည်။ အကောင်အထည်ဖော်မှု အပိုင်းကို အထောက်အပံ့ဖြစ်စေမည့် အလေးအနက်ထားစရာ အခြေခံစည်းမျဉ်းများ ကိုလည်း တင်ပြထားပေသည်။ ပဋိပက္ခပြီးဆုံးပြီး နောက်ပိုင်းကာလအခြေအနေအတွင်း ဒီမိုကရေစီနည်းကျ ဖြေရှင်းဆောင်ရွက်မှုများကို တိုးပွားအထောက်အကူဖြစ်စေမည့် နိုင်ငံတကာအင်အားစု၏အခန်းကဏ္ဍကိုလည်း မူဝါဒဆိုင်ရာရှုဒေါင့်အမြင်ဖက်မှနေ၍ ဆွေးနွေးသုံးသပ်ထားပါသည်။

## အဖြစ်အပျက်ဥပမာ လေ့လာမှုများ

> ဤစာအုပ်သည် ပကတိဖြစ်ရပ်များ မှ ဥပမာများ ကို ထုတ်နှုတ် တင်ပြထားသည်ဖြစ်ရာ လေ့လာသူများအနေဖြင့် မိမိ အခြေအနေများ နှင့် ချိန်ထိုး၍ အဆိုးအကောင်း သင်ခန်းစာများကို လေ့လာနိုင် မည်ဖြစ်သည်။

ဤစာအုပ်သည် ကမ္ဘာ့တလွှားရှိ အမြစ်ခိုင်နေသည့်ပဋိပက္ခများကို တခုချင်း အစဉ်လိုက် ကျယ်ကျယ်ပြန့်ပြန့်လေ့လာထားပါသည်။ ထိုလေ့လာမှုများသည် ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့်ဒီမိုကရေစီရေးအတွင်းအောင်မြင်ဆုံးရှုံးမှုဖြစ်စေသည့် အကြောင်းအရာများကို နားလည်သိမြင်စေပါသည်။ ဤအချက်အားလုံးသည် မိမိတို့ကိုယ်ပိုင်အကြပ်အတည်းများကို စိတ်ရှည်လက်ရှည်ဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြသူများအတွက် အရေးကြီးသည့် သင်ခန်းစာများဖြစ်ပါသည်။ ဘူလ်ဂိန်းဗီလီး မှ ဘော့စ်တီးနီးယားနှင့် တောင်အာဖရိကမှ မြောက်အန်ယာလန်အထိ ထိုဒေသများမှ အခြေအနေများအပေါ် လေ့လာထားချက်များသည် အစောပိုင်းတွင်ဆွေးနွေးခဲ့သည့် ပြည်တွင်းပဋိပက္ခဆိုင်ရာ မရိုးနိုင်သည့် ဥပမာရပ်များဖြစ်သည်။ ဤနေရာတွင် ဒီမိုကရေစီအခြေခံသဘောတရားများမှ စေ့စပ်ရေးရလာဒ်များ ထွက်လာစေရန် အာရုံထားခြင်းသည် ငြိမ်းချမ်းရေးတည်တံ့မှုထိမ်းထားရန်အတွက် အဓိကကျပေသည်။ ထိုပဋိပက္ခများအပေါ် လေ့လာချက်ဖော်ပြသကဲ့သို့ ထိုအခြေအနေများအပေါ် ဒီမိုကရေစီစနစ်တည်ဆောက်ရန်မှာ အလွန်တရာခက်ခဲပါသည်။ သို့ရာတွင် အခြားနည်းဆို၍ သွေးထွက်သံယိုဖြစ်မှုများဆီ ပြန်သွားဖို့သာ ရှိပါသည်။

## ကိုယ်တွယ်အသုံးချခြင်း

ဤစာအုပ်အပေါ် ကျွန်ုပ်တို့ရည်ရွယ်ရင်းသည် အမြစ်ခိုင်နေသည့် ပဋိပက္ခများကို စေ့စပ်ဖြေရှင်းနေရသည့် စေ့စပ်ညှိနှိုင်းရေးသမားများ၊ မူဝါဒရေးဆွဲသူများအတွက် ရရှိနိုင်မည့် ရွေးခြယ်စဉ်းစားစရာအမြင်အစီအရီများ သိရှိနားလည်စေရန်အတွက် ဖတ်ရလွယ်ကူပြီး လက်တွေ့အသုံးကျစေမည့် လက်သုံးကျမ်းဖြစ်လာစေရန် ဖြစ်သည်။

ထို့ကြောင့် စာအုပ်တခုလုံးတွင် အမြင်ဆိုင်ရာစာရင်းဇယားများနှင့် အချက်အလက်များ ကို ရည်ညွှန်းထည့်သွင်းထားရပါသည်။ အခန်းတိုင်းတွင်ဆွေးနွေးထားသည့် အဓိကအမြင်ဆိုင်ရာများ၊ အကြောင်းအရာများ သို့မဟုတ် သင်ခန်းစာများကို ရှင်းလင်းတိကျမှုဖြစ်စေရန် စာမျက်နှာ တမျက်နှာ သို့ နှစ်မျက်နှာပါ ခြုံငုံသုံးသပ်ချက်များလည်း ထည့်သွင်းထားပါသည်။ စာဖတ်သူများအနေဖြင့် စာအုပ်အတွင်းပါ အကြောင်းအရာများကို လွယ်ကူလျှင်မြန်စွာရှာဖွေနိုင်ရန်အတွက်လည်း အဓိကအခန်းတိုင်း၏ နံပါတ်စဉ်နှင့်ခေါင်းစဉ်များကို စာမျက်နှာထိပ်တိုင်းတွင် ထည့်သွင်း ထားပါသည်။

## ကျမ်းကိုးစရင်းများနှင့် ကျေးဇူးတင်အသိအမှတ်ပြုမှု

ဤစာအုပ်၏ အဓိကကုန်ကြမ်းနှစ်ရပ်မှာ ကမ္ဘာ့အနှံ့မှ ခေတ်ပြိုင်ပဋိပက္ခများနှင့်ဖြေရှင်းဆောင်ရွက်မှုများ၏ ပကတိဖြစ်ပျက်သည့် ဥပမာရပ်များနှင့် ပညာရှင်များ၏ လေ့လာမှုဖြစ်သည်။ ဤစာအုပ်ပါ အကြောင်းရပ်တိုင်းတွင် ပကတိအဖြစ်အပျက်အခြေအနေများမှကောက်ချက်ဆွဲထားသည့် လေ့လာမှုများနှင့် ဥပမာများ ကျယ်ပြန့်စွာအသုံးပြုထားပါသည်။ အကြောင်းရင်းတခုမှာ စာအုပ်ပါ အချက်အလက်များကို သိသာရှင်းလင်းစွာဖော်ပြနိုင်ရန်ဖြစ်ပါသည်။ ဥပမာရပ်များဖော်ပြချက်ဖြင့် အတိတ်ကာလနှင့်မျက်မှောက်ကာလရှိအောင်မြင်ဆုံးရှုံးမှု သာဓကများကို၊ မိမိကိုယ်ပိုင်အခြေအနေများနှင့် ချိန်ထိုး၍ အကဲဖြတ်ခြင်း၊ ပြင်ဆင်ဆောင်ရွက်ခြင်းများနှင့် အခြားအခြေအနေတို့ကို နှိုင်းယှဉ်ခြင်းဖြင့်ယင်းတို့၏ အားသာချက်၊ အားနည်းချက်များ အပေါ် သင်ခန်းစာယူနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ရန် ရည်ရွယ်ပါသည်။

ပညာရှင်လေ့လာမှုများ တင်ပြခြင်းဖြင့် ခေတ်ပြိုင်ပညာရှင်တို့၏ အကောင်းဆုံးတင်ပြမှုကို ပေါင်းစပ်ယူနိုင်ရန်နှင့် ယင်းတို့၏ အယူအဆများကို မူဝါဒရေးဆွဲသူများအတွက် လက်တွေ့ကျပြီးလွယ်ကူသည့်ပုံစံတရပ်အဖြစ် အသုံးချနိုင်ရန် ရည်ရွယ်ပါသည်။ သီအိုရီသမားများ၏ အကောင်းဆုံးနှင့်လက်တွေ့အဆန်ဆုံး ရှေ့ဆောင်ယူဆချက်များကို ပေါင်းစပ်တင်ပြခြင်းဖြင့် သီအိုရီနှင့်မူဝါဒအကြား ခြားနားနေသည့် ကွာဟချက်ကို ဤစာအုပ်မှ ဆက်စပ်ပေးပါလိမ့်မည်။ အမှန်တကယ်ဖြစ်မှုနှင့်လက်တွေ့သည် အကောင်းဆုံးသီအိုရီများ ထုတ်ပေး၍၊ အကောင်းဆုံးသီအိုရီများကလည်း အမှန်တကယ်နှင့်လက်တွေ့ကို အမြဲတစေ သိရှိစေပါသည်။ ဦးစွာအနေဖြင့် စာဖတ်သူများ၏ကိုယ်တိုင်ကြုံတွေ့ရသည့် မိမိပဋိပက္ခအပေါ် ကျွမ်းကျင်နားလည်မှုများမှာ ဤစာအုပ်ဖတ်နေစဉ်အတွင်း ပေါ်လာပါလိမ့်မည်။ ထို့နောက် အခြားအခြေအနေများအပေါ် ကျွမ်းကျင်နားလည်မှု၊ သုံးသပ်မှုနှင့် သင့်လျော်သည့် သဘောတရားအကောင်းဆုံးပေါင်းစပ်မှုဖြင့် မိမိ၏ ကျွမ်းကျင်နားလည်မှုကို ပြည့်စုံစေပါသည်။

ပြောင်းလဲနေသော ပဋိပက္ခ
သဘာဝများနှင့် ပဋိပက္ခ
စီမံဖြေရှင်းမှု

# အခန်း ၂

လူ၏ ကိုယ်ပိုင်ဝိသေသ လက္ခဏာများကို အရင်းပြု၍ ဖြစ်လာသော၊ ပြင်းထန်သည့် အင်အားရှိသော ပြည်တွင်း ပဋိပက္ခများသည် တည်ငြိမ်မှု နှင့် ငြိမ်းချမ်းရေးကို လူတဦးချင်း အဆင့်တွင်လည်းကောင်း၊ ဒေသတခု အဆင့်တွင်လည်းကောင်း၊ နိုင်ငံတခု အဆင့်တွင် လည်းကောင်း အကြီးမားဆုံး ထိခိုက်စေသည့် ပြဿနာဖြစ်သည်။

လူ၏ ကိုယ်ပိုင်ဝိသေသ လက္ခဏာများကို အရင်းပြု၍ ဖြစ်လာသော၊ ပြင်းထန်သည့် အင်အားရှိသော ပြည်တွင်း ပဋိပက္ခများသည် တည်ငြိမ်မှု နှင့် ငြိမ်းချမ်းရေးကို လူတဦးချင်း အဆင့်တွင်လည်းကောင်း၊ ဒေသတခု အဆင့် တွင်လည်းကောင်း၊ နိုင်ငံတခု အဆင့်တွင် လည်းကောင်း အကြီးမားဆုံး ထိခိုက်စေသည့် ပြဿနာဖြစ်သည်။

**အခန်း ၁ တွင် ပြောင်းလဲနေသော ပဋိပက္ခ သဘာဝ နိုင်ငံအချင်းချင်းဖြစ်ပွားသည့် ပဋိပက္ခများမှ သည် ပြည်တွင်း ပဋိပက္ခများ နှင့် မိရိုးဖလာ ပဋိပက္ခစီမံဖြေရှင်းမ နည်းလမ်းများကို စိန်ခေါ်လာသော ပဋိပက္ခများ အကြောင်းကို လေ့လာသုံးသပ်မည် ဖြစ်သည်။**


၁၊ ၁။ အမြစ်ခိုင်နေသော ပဋိပက္ခများ၏ လက္ခဏာရပ်များ

၁၊ ၂။ ပဋိပက္ခစီမံဖြေရှင်းမအတွက် နည်းလမ်းသစ်များ

၁၊ ၃။ ၁၊ ၄။ ယင်းပဋိပက္ခမျိုးကို ဖြေရှင်းရန် အဘယ်ကြောင့် ဒီမိုကရေစီသည် အကောင်းဆုံးဖြစ်သနည်း

၁၊ ၅။ ပဋိပက္ခ၏ အစစ်အမှန် အကြောင်းတရားများကို ဆန်းစစ်ခြင်း

၁၊ ၆။ ဖြစ်စဉ်နှင့် ရလဒ် ကို ခွဲခြားရမြင်ခြင်း

၁၊ ၇။ အမျိုးသမီးများ ပါဝင်မကြို အမြင့်ဆုံးရရှိရန် ကြိုးပမ်းခြင်း

၁၊ ၈။ ရေတိုရေရှည် စီမံကိန်း ရေးဆွဲခြင်း

| | |
|---|---|
| အချက်အလက် ၁ | ပဋိပက္ခ၏ ပကတိအသစ် အချက်အလက် အချို့ (စာ ၁၄၁၅) |
| စာပုံး ၁ | ဤလက်သုံးကျမ်း၏ အနှစ်သာရ (စာ ၂၀) |

ဒေးဗစ် ဘလွန်းဖီးလ်ဒ် နှင့်
ဘင်ရေလီ

## ပြောင်းလဲနေသော ပဋိပက္ခ သဘာဝများနှင့် ပဋိပက္ခစီမံဖြေရှင်းမှု

### ၁၊ ၁။ အမြစ်ခိုင်နေသော ပဋိပက္ခများ၏ လက္ခဏာများ

မကြာမီနှစ်များအတွင်းက ပဋိပက္ခပုံစံအသစ်တရပ်သည် တဖြေးဖြေးနှင့် ရှေ့တန်းရောက်လာခဲ့သည်။ ထို ပဋိပက္ခအသစ်တရပ်သည် ပြည်တွင်းစစ်များ၊ လက်နက်ကိုင်သောင်းကျန်းမှုများ၊ အကြမ်းဖက်ခွဲထွက်ရေးလှုပ်ရှားမှုများ နှင့်အခြားပြည်တွင်းစစ်ဆင်နွှဲမှု အသွင်နှင့် တိုင်းပြည်တနံတလျားနှင့် တိုင်းပြည်အတွင်းဖြစ်ပွားမှုများ သို့မဟုတ် ပြည်တွင်းပဋိပက္ခ (intra-state conflict) များဖြစ်ကြသည်။ ဤပြောင်းလဲမှုသည် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဥပမာအားဖြင့် ပြီးခဲ့သည့် သုံးနှစ်ကာလအတွင်း အဓိကလက်နက်ကိုင်ပဋိပက္ခတိုင်းသည် တိုင်းပြည်အချင်းချင်းဖြစ်ပွားသည်ထက်စာလျှင် တိုင်းပြည်တပြည်အတွင်း ပြည်တွင်းအခြေအနေမှ အစပြုခဲ့သည်။ အဓိကအင်အားကြီးနှစ်ရပ်ပေါင်းစပ်မှုဖြင့် ထိုသို့သော ပဋိပက္ခများ ဖြစ်ပေါ်လေ့ရှိသည်။ ပထမတခုမှာ လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ ဘာသာစကားစသည်တို့ကို အခြေခံပြီး လူမှုလက္ခဏာဆောင်သည့် အစုအဖွဲ့များအတွင်း လူထုစည်းရုံးလှုပ်ရှားမှုများ သို့မဟုတ် မျိုးနွယ်စုလက္ခဏာဖော်ပြချက် (identity) အပိုင်းဖြစ်သည်။ နောက်တခုမှာ လူ့အဖွဲ့အစည်းအတွင်း စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး အရင်းအမြစ်များ ကို မျှဝေခြင်း သို့မဟုတ် ခွဲဝေမှု (distribution) အပိုင်းဖြစ်သည်။ ဤနေရာတွင် ခွဲဝေမှုအပေါ် မညီမျှ သို့မဟုတ် မတရား ဟု ထင်မြင်မှု(perceived imbalance) သည် မျိုးနွယ်စုလက္ခဏာအရ မတူညီမှုများနှင့်ပြိုင်တူဖြစ်လာ သောအခါ ပဋိပက္ခဖြစ်စေမည့် အလားအလာများ တိုးပွားလာခဲ့သည်။ ဥပမာအားဖြင့် ဘာသာရေးဆိုင်ရာ အစုတခုအနေဖြင့် အခြားသူများ (ဘာသာကွဲများ) ရရှိသော အချို့အရင်းအမြစ်များ မရရှိပဲ ဆုံးရှုံးနေခြင်းမျိုးဖြစ်သည်။ ဤသည်မှာ စီးပွားရေးမတရားမှု၊ လူမှုရေးမမျှတမှုများ ရှိနေသည် ဟု ထင်မြင်နေချက်များ နှင့် အားကြီးသည့် မျိုးနွယ်လက္ခဏာအခြေခံအကြောင်းတရားများ ပေါင်းစပ်မိသောအခါ "အမြစ်ခိုင်နေသည့် ပဋိပက္ခများ" ကို ပြင်းပြင်းထန်ထန် လောင်မြိုက်စေလေ့ရှိသည်။

**စီးပွားရေးမတရားမှု၊ လူမှုရေး မမျှတမှုများ ရှိနေသည် ဟု ထင်မြင် နေချက်များ နှင့် အားကြီးသည့် မျိုးနွယ်လက္ခဏာ အခြေခံ အကြောင်းတရားများ ပေါင်းစပ်မိသောအခါ "အမြစ်ခိုင်နေသည့် ပဋိပက္ခများ" ကို ပြင်းပြင်းထန်ထန် လောင်မြိုက်စေလေ့ရှိသည်**

ထိုကဲ့သို့ အတွင်းပဋိပက္ခများ၏ သိသာထင်ရှားသည့် လက္ခဏာရပ်မှာ အချိန်ကြာမြင့်စွာ အမြစ်ခိုင် တည်ရှိနေခြင်းဖြစ်သည်။ အထူးသဖြင့် ပဋိပက္ခများ၏ မူလစတင်မှုသည် နက်ရှိုင်းသည့် အကြောင်းအရာဖြစ်သည့် မျိုးနွယ်စုလက္ခဏာဖော်ပြချက်(identity)အပေါ် တည်လေ့ရှိသောကြောင့် ဖြစ်သည်။ ထို့အကြောင်းကြောင့်၊ ဤပဋိပက္ခများကို လူမျိုးစုပဋိပက္ခများ (ethnic conflict) အဖြစ်ခေါ်ရလေ့ရှိသည်။ လူမျိုးစု ဟူသည်မှာ လူမျိုး၊ ယဉ်ကျေးမှု၊ ရိုးရာအစဉ်အလာ၊ သမိုင်းနောက်ခံ၊ ဘာသာစကား စသဖြင့် လွှမ်းခြုံပါဝင်သည့် ကျယ်ပြန့်သည့် အတွေးအခေါ်ယူဆချက်ဖြစ်သည်။ သို့သော်အခြေခံတွင် ထိုအရာအားလုံးမှာ မျိုးနွယ်စုလက္ခဏာဖော်ပြချက် အကြောင်းရပ်များဖြစ်သည်။ ထိုအရာများ လောင်မြိုက်မှုကို အတိုကောက်အားဖြင့် မျိုးနွယ်စုလက္ခဏာဖော်ပြချက်နှင့် ဆက်နွယ်သည့် ပဋိပက္ခများ ဟုသတ်မှတ်သည်။ မိမိအုပ်စု အခြေခံတည်ရှိမှုနှင့် မိမိအုပ်စုအခြေခံလက္ခဏာ ဖော်ပြချက်များ အပေါ် အာရုံစိုက်သည့် လူ့အစုအဖွဲ့တရပ်အတွင်း မည့်သည့်ခံယူချက်အမြင်တွင်မဆို အငြင်ပွား စရာပဋိပက္ခများရှိနေသည်။ မိမိလက္ခဏာ

ဖော်ပြချက်များတည်ရှိမှု ခြိမ်းခြောက် ခံနေရသည့်ဖက်တွင် ရှိသောသူများအနေဖြင့် မိမိတို့၏လက္ခဏာဖော်ပြချက်များကို အကာအကွယ်ပြုနိုင်ရန် အကြမ်းဖက်နည်းလမ်းဖြင့် ကြိုးစားလာကြရသည်။ မကြာခဏ အားဖြင့်ဆိုသလို ပိုင်နယ်နယ်မြေ၊ စီးပွားရေးအာဏာ၊ အလုပ်အကိုင်အလားအလာ စသဖြင့် တိုင်းပြည်အရင်းအမြစ်ခွဲဝေမှုအပေါ် အငြင်းပွားမှုများသည် လက္ခဏာ ဖော်ပြချက်နှင့် ဆိုင်သည့် အကြောင်းရပ်များနှင့်ပေါင်းစပ်မိလာသည်။ ထိုသို့ လက္ခဏာ ဖော်ပြချက် နှင့် ခွဲဝေရေးအကြောင်းတရားများ ပေါင်းစပ်ဖြစ်ပေါ်လာရသည့် ကိစ္စများအပေါ် ကိုယ်ကျိုးရှာ ခေါင်းဆောင်များအနေဖြင့် အသုံးချခြယ်လှယ်စရာ အခွင့်အရေးဖြစ်လာတတ်ပြီး၊ ပဋိပက္ခအသွင်သို့ အမြင်ဆုံးရောက်ရှိသွားတော့သည်။

ပဋိပက္ခများသည် မျိုးနွယ်စုလက္ခဏာဖော်ပြချက်အယူအဆများမှ အခြေခံလာပြီး၊ ထိုအပေါ် အပြင်းအထန်ခြိမ်းခြောက်မှုခံရခြင်းကြောင့် ပိုမိုတိုးပွားလာခဲ့ရသည်။ ဤသည်မှာ လူပုဂ္ဂိုလ်တဦးချင်း၊ ဒေသနှင့် လူမှုအစုအဖွဲ့များ၏ တည်ငြိမ်မှု ငြိမ်းချမ်းမှုအတွက် အဓိကခြိမ်းခြောက်မှုဖြစ်လာပြီး၊ အပြည်ပြည်ဆိုင်ရာလုံခြုံရေးကိုပင် ခြိမ်းခြောက် လာပြန်သည်။ ၁၉၉၆ခုနှစ်အတွင်း ပဋိပက္ခပေါင်း ၂၇ခုသည် အဓိကကျသော လက်နက်ကိုင်ပဋိပက္ခများဖြစ်ကြပြီး တနှစ်လျှင် လူပေါင်း တထောင်ကျော်သေကြေနေရသည်။ ဥပမာအားဖြင့် ထိုအထဲမှ ၂၂ခုသည် မျိုးနွယ်စု လက္ခဏာအရင်းခံများမှာ ဖြစ်လာသည့် ပဋိပက္ခများ ဖြစ်ကြသည်။ ရုရှား (ချက်ချေးညာ)၊ မြောက်အိုင်ယာလန်၊ အီရန်နှင့် အီရတ်(ကတ်ဒ်များ အပါအဝင်)၊ အစ္စရေး၊ အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ် (စစ်တကောင်း တောင်ပေါ်တိုင်းရင်းသားများ)၊ အင်ဒိုနီးရှား (အရှေ့တီမော)၊ သီရိလင်္ကာ၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဂွာတီမာလာ၊ ကိုလန်ဘီယာနှင့် ဆာရာလီယွန်ဒေသများရှိ ပဋိပက္ခများသည် အာဏာလုယူယှဉ်ပြိုင်မှုအတွက် ဖြစ်လာကြသည့် ပဋိပက္ခများဖြစ်ကြသည်။ ထိုပဋိပက္ခများအထဲတွင်ပင် လက္ခဏာဖော်ပြချက် အခြေခံသောပဋိပက္ခများ ရှိနေသေးသည်။ ချုပ်ဆိုရလျှင် ခေတ်ပြိုင်ဖြစ်ပေါ်နေသည့် အကြမ်းဖက် ပြည်တွင်းစစ်ပွဲများ၏ အဓိကအများစုမှာ ထိုလက္ခဏာများကို ပြသနေပေသည်။

> လက္ခဏာ ဖော်ပြချက် နှင့် ခွဲဝေရေးအကြောင်း တရားများ ပေါင်းစပ် ဖြစ်ပေါ်လာရသည့် ကိစ္စများအပေါ် ကိုယ်ကျိုးရှာ ခေါင်းဆောင်များ အနေဖြင့် အသုံးချခြယ်လှယ်စရာ အခွင့်အရေးဖြစ်လာတတ်ပြီး၊ ပဋိပက္ခအသွင်သို့ အမြင်ဆုံးရောက်ရှိသွားတော့သည်။

ပဋိပက္ခများမှာ ယခင်အခါကရှိခဲ့သည့် မြေယာ၊ အရင်းအမြစ်၊ နိုင်ငံရေးအာဏာ၊ အတွေးအခေါ်အယူအဆ စသည်အပေါ် အငြင်းပွားသည့် ပိုမိုရိုးရှင်းသည့် နိုင်ငံချင်းစစ်ပွဲများမှ သိသိသာသာကွဲပြားလာသည်။ ယခင်ကထိုစစ်ပွဲများတွင် မျိုးနွယ်စုလက္ခဏာဖော်ပြချက်အကြောင်းရပ်များ ပါဝင်သော်လည်း၊ အဓိကကျသည့် စေ့ဆော်မှုဖြစ်မလာခဲ့ပေ။ လက္ခဏာဖော်ပြချက်နှင့်ဆက်နွယ်သည့် ပဋိပက္ခသည် ပိုမို ရှုတ်ထွေးလှသည့်အပြင် ကြာရှည်ပြီး ထိန်းချုပ်ရန် ခက်ခဲပေသည်။ ထို့အပြင် ညှိနှိုင်းဆွေးနွေးရန်အပြန်အလှန်အကျိုးဖလှယ်ရန်လည်း ချက်ခြင်းဆိုသလို လက်ခံဖွယ်မရှိနိုင်ချေ။ ထိုပဋိပက္ခများတွင် အစုအဖွဲ့အခွင့်အရေး(အမျိုးသားအုပ်စု၊ လိင်မှုဆိုင်ရာအစုအဖွဲ့၊ မျိုးနွယ်စုအဖွဲ့၊ ဘာသာရေးအဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့ စသဖြင့်) တောင်းဆိုမှုများပါဝင်နေသည်။ လူမှုအုပ်စုတစုအနေဖြင့် တစုံတရာသောအရင်းအမြစ်ကို အသုံးပြုခွင့်တားမြစ်ခံရခြင်းမှ ဖြစ်လာသည့်ပဋိပက္ခသည် ဆိုးရွားလွန်းသည်။ သို့သော် ထိုအရင်းအမြစ်အပေါ် ပိုမိုကောင်းမွန်သောစီမံခွဲဝေရေးဖြင့် စေ့စပ်ညှိနှိုင်းမည့် အခြားတဦးကိုလည်း မျှော်လင့်စရာရှိသည်။ ကျွန်ုပ်တို့ မည်သူဆိုသည့် အလွန်သိမ်မွေ့သည့် အသိတရားကို ခြိမ်းခြောက်လာသည့် ထိုပဋိပက္ခကိုမူ ဖြေရှင်းဆောင်ရွက်ရန် ပိုမိုခက်ခဲပေသည်။

ထိုကဲ့သို့ ရှုတ်ထွေးပြီး အစွန်းရောက်မှုများသည် စစ်ပွဲများအဖြစ် လောင်မြိုက်စေသည်။ ထိုစစ်ပွဲများသည် ယခင်အတိတ်ကာလ အတွေးအခေါ်အယူအဆနှင့် ပထဝီနိုင်ငံရေးလှုပ်ရှားမှုများ ကြောင့် ဖြစ်ပွားခဲ့သော စစ်ပွဲများထက် အချိုးအစား သေးငယ်

## ၁–၁ အမြစ်ခိုင်နေသော ပဋိပက္ခများ၏ လက္ခဏာရပ်များ

သော်လည်း အလွန်တရာအရှိန်အဟုန်ကြီးစွာပေါ်ထွက်လာကြသည်။ ထိုသို့ စစ်ပွဲများ အလွန်အရှိန်အဟုန်ကြီးလာရခြင်းမှာ တိုက်ပွဲဝင်စစ်သည်များ အနေဖြင့် မိမိတို့ ဆင်နွှဲသော စစ်ကို တရားသောစစ် ဟု အယူရှိခြင်းနှင့် လူကို သေစေနိုင်သည့် လက်နက်များ တိုးများလာပြီး အလွယ်တကူရရှိခြင်းတို့ကြောင့်လည်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးသည့် နောက်ပိုင်းစစ်ပွဲများတွင် အကြီးစားလက်နက်များ၊ စစ်မြေပြင်သုံးသမရိုးကျလက်နက်များထက်စာလျှင်၊ အမြောက်အများထုတ်လုပ်နိုင်ပြီး ဈေးသက်သာသော အသေးစားလက်နက်များကြောင့်၊ လူများပိုမိုသေကြေခဲ့ရသည်။ လက်နက်ဈေးကွက်များ ပေါများလာသည်နှင့်အတူ အေကေရိုင်ဖယ်များ၊ မြေမြှုပ် မိုင်းများသည် လက်နက်ကိုင်တပ်များစုစည်းရန်လိုလားသည့် အစုအဖွဲ့များ အတွက် လွယ်လင့်တကူ ရရှိနိုင်ကြပြီး၊ စစ်ပွဲတရပ် ဆင်နွှဲရန် မခက်ခဲတော့ချေ။ လက်နက်ငယ်များ ထိုသို့ တိုးများလာခြင်းသည် လက္ခဏာဖော်ပြချက်နှင့် ဆက်စပ်သည့် ပဋိပက္ခများ၏ အဟုန်ကို အားကောင်းစွာ တိုးပွားလာစေခဲ့သည်။

လက္ခဏာဖော်ပြချက်အရဖြစ်လာသည့် ပြည်တွင်းရေးပဋိပက္ခများသည် နှစ်ကြာရှည်စွာတည်ရှိမည့်အလားအလာများရှိတတ်သည်။ ယင်းပဋိပက္ခများသည် တခါတရံတွင် အတွင်းကျိတ်အောင်းနေတတ်ပြီး၊ တခါတရံတွင်လည်း အကြမ်းဖက်မှု ပေါက်ကွဲမှုများ တလှည့်စီဖြစ်ပေါ်လာတတ်သည်။ ထိုအခြေအနေသစ်အောက်ရှိ လူသားတို့ ခံစားရသော ဒုက္ခအဝမှာ ဖော်ပြ၍ ပင် မရချေ။ ပထမကမ္ဘာစစ်အတွင်း အရပ်သားများသေကြေနှုန်းမှာ ၅ ရာခိုင်နှုန်းမျှသာရှိခဲ့ပြီး၊ ဒုတိယကမ္ဘာစစ်တွင်မူ အရပ်သားသေကြေမှုနှုန်းမှာ ၅၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ၁၉၉၀ ဝန်းကျင်ကာလအတွင်း၌ အရပ်သားထိခိုက်ကြေမှုအချိုးအစားမှာ ၈၀ ရာခိုင်နှုန်းအထိ ဖြစ်လာခဲ့သည်။ ၁၉၉၂ခုနှစ်တွင် စစ်ပွဲများကြောင့် နယ်စပ်ဒေသတလျှောက်မှ နိုင်ငံခြား တိုင်းပြည်များသို့ ခိုလှုံခဲ့ရသူပေါင်း ၁၇သန်းနီးပါးရှိခဲ့ပြီး၊ ပြည်တွင်းစစ်ပွဲများကြောင့် နိုင်ငံနယ်နမိတ်အတွင်း အိမ်ခြေမဲ့ လှည့်ပတ်ခိုအောင်းတိမ်းရှောင်နေရသူပေါင်း သန်း ၂၀ ရှိမည်ဟုခန့်မှန်းရသည် (ဥပမာအားဖြင့် လူမျိုးစုသုတ်သင်ရေးကြောင့် ထွက်ပြေး တိမ်းရှောင်နေရသည့် ဘော့စတီးနီးယားဒုက္ခသည်များ)။ ပဋိပက္ခများ ရှေရှည်နေသည့် အတွက် လူ့အဖွဲ့အစည်းတခုလုံးတွင် စစ်အရောင်အသွေး၊ အယူအဆများ လွှမ်းမိုးလာခဲ့ပြီး၊ အကြမ်းဖက်မှုများသည် လက်ခံနိုင်လောက်သော အစဉ်အလာ ဓလေ့တခုဖြစ်လာခဲ့သည်။ လူ့အဖွဲ့အစည်းသည် အရိုင်းအစိုင်းဖြစ်လာသည့်အလျောက် အရပ်သားထိခိုက်သေကြေဆုံးရှုံးမှုများ များပြားလာပြီး၊ အတင်းအဓမ္မပြုမှုများ ငတ်မွတ်ခေါင်းပါးမှုများသည် စစ်ပွဲသုံး လက်နက်များဖြစ်လာသည်။ အရပ်သားများ ပုံမှန်အားဖြင့် အမျိုးသမီးနှင့်ကလေးများသည် ထိုပဋိပက္ခများအတွင်း လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ဖြစ်စဉ်ထဲတွင် အဓိက အထိနက်အခံရဆုံး သားကောင်များ ဖြစ်လာသည်။ ထိုဒဏ်ရာဒဏ်ချက်များကြောင့် နက်ရှိုင်းပြီး ရင့်မှည့်လာသည့် ခံစားချက် အနာတရများဖြစ်ပေါ်စေသည်။ ထို့မှတဆင့် သူရဲကောင်များ၊ အာဇာနည်များ ပေါ်လာပြီး ထိုသူတို့၏ စွန့်လွှတ်မှုကို အမှတ်ရစေခြင်းကလည်း ပဋိပက္ခဖြစ်စေသည့် လက္ခဏာဖော်ပြချက်များအတွင်း ကွဲပြားသည့် ခံယူချက်သဘောထားများကို ပိုမိုနက်ရှိုင်းစေပြန်သည်။

> လက္ခဏာဖော်ပြချက်အရ ဖြစ်လာသည့် ပြည်တွင်းရေး ပဋိပက္ခများသည် နှစ်ကြာ ရှည်စွာ တည်ရှိမည့် အလားအလာများ ရှိတတ်သည်။ ယင်းတို့သည် တခါတရံတွင် အတွင်းကျိတ် အောင်းနေတတ်ပြီး၊ တခါတရံ တွင်လည်း အကြမ်းဖက်မှု ပေါက်ကွဲမှုများ တလှည့်စီ ဖြစ် ပေါ်လာ တတ်သည်။

### ၁၊ ၁၊ ၁။ လက္ခဏာဖော်ပြချက်ကိုအခြေခံသော စိတ်ခံစားချက် ရှေ့တန်း တင်ခြင်း၊

ငြင်းခုန်နေရသည့်အကြောင်းရပ်များအပေါ် စိတ်ခံစားချက်ဖြင့် ဖြေရှင်းဆောင်ရွက် သည့်နည်းကြောင့်လည်း ပဋိပက္ခများ ပုံနှံကူးစက်ကာ တာရှည်ဖြစ်လာပြီး အဖြေထုတ်

ရန်လည်းခက်ခဲလာသည်။ စိတ်ခံစားချက်အရ ဖြေရှင်းသည့်နည်းများသည် အစုအဖွဲ့များ အတွင်း တဦးချင်းဆက်နွယ်ပတ်သက်မှုကိုဖော်ပြပြီး၊ လက္ခဏာဖော်ပြချက်အတွက် တဦးချင်းစီ၏လိုအပ်ချက်အပေါ် ကျေနပ်သွားစေလောက်အောင် ဖော်ပြနိုင်သောကြောင့် လူထုသည်းခြေကြိုက်ဖြစ်စေသည်။ ထိုသို့သောပဋိပက္ခများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင သာမကတော့ပဲ အနောက်နိုင်ငံများတွင်လည်း တွေ့ရှိနိုင်လေသည်။အင်္ဂလန်နိုင်ငံ စကော့တလန်ပြည်အတွင်းလူထုသည် အင်္ဂလန်နိုင်ငံမှ သူတို့၏ကိုယ်ပိုင်ပြဌာန်းခွင့် ဆိုင်ရာ စံပြရေချိန်ကို သူတို့အတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။ အင်္ဂလန် နိုင်ငံမှလုံးဝလွတ်လပ်မည့်အနေအထားမှ လုံးဝပေါင်းစပ်ရေးအထိ အကြောင်းအရာစုံ အစီအရီပါဝင်သည်။ ထိုအကြောင်းအရာများနှင့်ပတ်သက်၍ နိုင်ငံရေးဆွေးနွေးမှုများမှာ အလွန်စိတ်ဓါတ်တက်ကြွရဲရင့်ဖွယ်ဖြစ်သော်လည်း၊ အကြမ်းဖက်မှုသို့ ဦးတည်မလာခဲ့။

ထိုအတောအတွင်း အင်္ဂလန်နိုင်ငံ အခြားနေရာများတွင် ထိုကိစ္စမျိုးနှင့်ပတ်သက်၍ ရာစုနှစ်အတော်ကြာ အကြမ်းဖက်မှုသတ်ဖြတ်မှုများရှိနေခဲ့သည်။ မြောက်အန်ယာလန်မှ အိုင်ရစ်အမျိုးသားရေးဝါဒီများမှာမူ အင်္ဂလိပ်အုပ်ချုပ်ရေးအောက်တွင် အိုင်ရစ်လူမျိုးများ အနေဖြင့် ကိုယ်ပိုင်လက္ခဏာဖော်ပြချက် အပြည့်အဝ မရရှိမည်ကို စိုးရိမ်ခဲ့ကြသည်။ သူတို့လိုအလားတူ အင်္ဂလန်နိုင်ငံနှင့်ပူးပေါင်းရေးသမားများကလည်း အင်္ဂလန်နှင့် ခွဲထွက်ပြီး အန်ယာလန်နှင့်ပေါင်းလိုက်ပါက သူတို့၏တည်ရှိမှု လက္ခဏာဖော်ပြချက်အစ ပျောက်ကွယ်သွားမည်ကို စိုးရိမ်နေကြသည်။ စကော့တလန်အနေဖြင့် နိုင်ငံရေး ချုပ်ကိုင်မှု၊ စီးပွားရေး ရေသောက်မြစ် စသဖြင့် ငြင်းခုန်ဆွေးနွေးနေကြချိန်တွင် မျိုးနွယ်စု လက္ခဏာဖော်ပြချက်၊ ကိုယ်ပိုင်ဖော်ပြချက်များနှင့်ပတ်သက်၍ အကြမ်းဖက်မှုများ မရှိခဲ့ပေ။ ယင်းသည် အင်္ဂလန်နိုင်ငံအနေဖြင့် ထိုလိုအပ်ချက်များကို ကျေနပ်ကြောင်း သိသိသာသာ ပြသလာချိန်မှစ၍ဖြစ်သည်။ ကမ္ဘာပေါ်ရှိ မိမိနေရာနှင့် မိမိ၏လက္ခဏာ ဖော်ပြချက်တည်ရှိခွင့်အပေါ် စိုးရိမ်ကြောင့်ကြခံစားမှုရှိနေသည့် မြောက်အန်ယာလန် ပြည်သူများအနေဖြင့်မူ အလားတူမေးခွန်းပြဿနာမှာ သူတို့၏ အသည်းနှလုံး တည့်တည့်သို့ နက်နက်ရှိုင်းရှိုင်းတိုးဝင်နိုင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံရေးအရ ဆွေးနွေး ငြင်းခုန်မှုများကို ချန်ထားရစ်ခဲ့ကြပြီး၊ အကြမ်းဖက်မှုများဖြင့်သာ ဖြေရှင်းကြတော့သည်။

ခေတ်မှီကမ္ဘာနှင့်အပြန်အလှန် ဆက်သွယ်နေမှု၊ သတင်းများ အလျင် အမြန်ဆိုသလို ပျံ့နှံ့နေမှု တို့ကြောင့် (စီအန်အန်၏ ထိရောက်မှုဟုဆိုစမှတ် ပြုနိုင်သည်) ပဋိပက္ခများအနေဖြင့် နိုင်ငံတကာအနံ့ ခြေဆန့်သွားနိုင်သည်။

## ၁၊ ၁၊ ၂။ နယ်စပ်မျဉ်းများကို ကျော်ဖြတ်ခြင်း

ထိုပဋိပက္ခများသည် မူလအားဖြင့် ပြည်တွင်းမှ စတင်သည်ဖြစ်သော်လည်း ပထဝီနယ်နမိတ်မျဉ်းများကို ဖြတ်ကျော် ဖြာထွက်သွားသည်။ နိုင်ငံများအကြား ရောယှက်စွာ အပြန်အလှန်မှီခိုနေရသောကြောင့် ပဋိပက္ခမှာလည်း နိုင်ငံတနိုင်ငံအတွင်း ကြာရှည်စွာ တည်ရှိမနေပဲ အလျှင်အမြန် ပျံ့နှံ့လေသည်။ ပဋိပက္ခသည် ထိုသို့ နယ်ခြားမျဉ်းများကို ဖြတ်ကျော်ခြင်းဖြင့် ပိုမိုခိုင်မာလာစေပြီး၊ အခြားနိုင်ငံ သို့မဟုတ် နိုင်ငံအစိတ်အပိုင်းကိုပါ ရောယှက်ရှုတ်ထွေးစေပြန်သည်။ ထိုသို့ဖြန့်ကျက်ကူးစက်ခြင်း ဖြစ်စဉ်ကို ကြည့်ခြင်းဖြင့် သာမန်အငယ်စားပြည်တွင်းပဋိပက္ခများပင်လျှင် အလွန့်အလွန် ပြင်းထန်သော နိုင်ငံတကာပဋိပက္ခအဖြစ်သို့ အားကောင်းလာနိုင်သည်ကို တွေ့ရမည်။ အကြောင်းရပ်များစွာသည် ထိုသို့ဖြန့်ကျက်ကူးစက်မှုများဖြစ်စေသည်။ အိမ်နီးချင်း နိုင်ငံများ အနေဖြင့် ဘေးနားရှိ ပြည်တွင်းစစ်ဖြစ်နေသည့် နိုင်ငံအတွင်းမှ ဘက်တဖက် သို့မဟုတ် အခြားတဖက်ကို ထောက်ပံ့ကူညီခြင်းဖြင့်၎င်း၊ ပဋိပက္ခဖြစ်ရာနိုင်ငံအတွင်း တည်ငြိမ်မှု သို့မဟုတ် တည်ငြိမ်ရေးပျက်ပြားစေမှုအတွက် အကြောင်းပြချက်ဖြင့် ၎င်း၊ ယင်း၏ကိုယ်ပိုင်အကျိုးစီးပွားခိုင်မာရေးအတွက် လုပ်လာနိုင်သည်။ လူမျိုးစုများ အနေဖြင့် ယင်းတို့၏ အစိုးရများကဲ့သို့မဟုတ်ဘဲ တနိုင်ငံနယ်နမိတ်တခုအတွင်းတွင် သတ်သတ်မှတ်မှတ် အတည်တကျနေကြသည်မဟုတ်ပေ။ ဒုက္ခသည် သို့မဟုတ်

ရွှေ့ပြောင်းနေထိုင်နေကြသည့် အစုအအုံများ သို့မဟုတ် ခွဲခြားခံရမှုကြောင့်ဖြစ်လာသည့် လူအစုအဖွဲ့ကြီး၏ အစိတ်အပိုင်း စသည့်တို့မှာ နိုင်ငံအပြင်ဖက်သို့ အစုအအုံအလိုက် ရောက်ရှိနေကြသည်။ ထိုသူတို့သည် မျိုးနွယ်စုလက္ခဏာဖော်ပြချက်အရ ပဋိပက္ခ၏ ဘက် တဖက်ဖက်နှင့် ဆက်စပ်ကြသည်။ ရဝမ်ဒါနိုင်ငံပြင်ပရောက် hutus နှင့် tutsis လူမျိုးများ၊ သီရိလင်္ကာပြင်ပရှိ တမီးလ်လူမျိုးများနှင့် စပိန်နိုင်ငံပြင်ပရောက် basque လူမျိုးနွယ်များသည် ကမ္ဘာ့ဖြစ်ရပ်များထဲမှ အနည်းအကျဉ်းသော ဥပမာများဖြစ်သည်။ ရုတ်တရက်ဖြစ်လာသည့် လတ်တလောအကြောင်းတရားနောက်တွင် ပဋိပက္ခ၏ ရလဒ်နှင့် အကျိုးစီးပွားများအပေါ် တိုက်ရိုက်ပတ်သက်နေသည့် အခြားအလှမ်းကွာသာ နိုင်ငံများ၊ အင်အားရပ်များ သို့မဟုတ် ဒေသအစုအဖွဲ့များလည်း ရှိနေပြန်သည်။ ဥပမာအားဖြင့် ဘော့စတီးနီးယားအရေးနှင့်ပတ်သက်၍ ဥရောပ သမဂ္ဂလုံခြုံရေး အကျိုးစီးပွားများ၊ အလယ်အမေရိက ဒေသများနှင့်ပတ်သက်၍ အမေရိကန် ပြည်ထောင်စု၏အကျိုးစီးပွား၊ ဂျော်ဂျီယာအရေးကိစ္စတွင်ရုရှား၏ပါဝင်ပတ်သက်မှု စသည်တို့ဖြစ်ကြသည်။ ထိုအကြောင်းတရားများသည် ပဋိပက္ခအတွင်းရှုတ်ထွေးမှုနှင့်ရေချိန်ကို ထပ်မံတိုးမြင့်ခြင်းဖြင့် ပထဝီဒေသဆိုင်ရာကိုပါ ရုတ်တရက်ဆိုသလို ကျယ်ပြန့် လာစေသည်။ ခေတ်မှီကမ္ဘာနှင့်အပြန်အလှန်ဆက်သွယ်နေမှု၊ သတင်းများ အလျှင်အမြန်ဆိုသလို ပျံ့နှံ့နေမှုကြောင့်(စီအန်အန်၏ ထိရောက်မှုဟုဆိုစမှတ်ပြုနိုင်သည်) ပဋိပက္ခများအနေဖြင့် နိုင်ငံတကာအနှံ့ ခြေဆန့်သွားနိုင်သည်။

ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းလာရသည့်အခါတွင် ပဋိပက္ခအရှုတ်အထွေးများသည် ထိုဖြေရှင်းမှုအတွက် ကြီးမားသော အခက်အခဲ ဖြစ်စေသည်။ ထိုအခြေအနေများတွင် မည်သူက မည်သူနှင့် ပဋိပက္ခဖြစ်နေသည်ကို ပင် ခွဲခြားရခက်လှသည်။ ပဋိပက္ခ၏ ပြင်ပနေရာမှနေ၍ ကမကထအားပေးအားမြှောက်မှုများ ရှိလာသည့်အခါတွင် ပို၍ပင် အခက်ကြုံ ရှုတ်ထွေးလာသည့် သဘောရှိသည်။ ကမကထပြုသူများ၊ ဒေသဆိုင်ရာ မဟာမိတ်များ၊ ဆွေမျိုးနိုင်ငံ သို့မဟုတ် မည်သူမဆိုသည် ပဋိပက္ခအတွင်းသို့ မိမိ၏သီးခြားအစီအစဉ်၊ မိမိ၏အကျိုးစီးပွားများ ဆောင်ယူလာပြီး ဘက်တဖက်၏ အစီအစဉ်ကို ယေဘူယျအားဖြင့် ထောက်ခံ ပါဝင်လာလေ့ရှိသည်။ ရလဒ်မှာ ဝင်ရောက်စွက်ဖက်ရေး တရပ်ဖြစ်လာပြီး၊ ဤအရာသည် အငြင်းပွားဖက် ဘက်နှစ်ဖက်လုံးအတွက် ပဋိပက္ခဖြေရှင်းရန် အခွင့်အလမ်းများကို နည်းပါးသွားစေသည်။ ပြည်တွင်းပြည်ပ အစိတ်အပိုင်းများစွာပါဝင်လာခြင်းဖြင့် မြောက်များစွာသော ဇာတ်ကောင်များ၏ အဓိကစိတ်ဝင်စားမှုအကျိုးစီးပွားများကို ကျေနပ်ရန် အလုပ်တာဝန်မှာ အောင်မြင်ရန်အတွက် ပိုမိုခက်ခဲသည့် အဖြေတရပ်ဖြစ်စေသည်။ ထိုအရာများသည် ပဋိပက္ခဖြေရှင်းရေးဖြစ်စဉ်ကို ထိခိုက်ပျက်စီးစေသည်။

**ယနေ့ကာလ ပဋိပက္ခများ ကို ရှိရင်းစွဲလုပ်နည်းလုပ်ဟန်များ၊ မိရိုးဖလာ ဖြေရှင်းရေး ပုံစံများဖြင့် ချဉ်းကပ် ဆောင်ရွက်ရန် မဖြစ်နိုင်တော့ချေ။**

## ၁၊ ၂။ ပဋိပက္ခများ စီမံဖြေရှင်းရေးဆိုင်ရာ အသစ်တွေ့ရှိချက်များ

ပဋိပက္ခစီမံဖြေရှင်းရေးဆိုင်ရာ ရှိပြီးသား လုပ်ဆောင်မှုအများစုမှာ ကမ္ဘာစစ်များ နှင့် စစ်အေးကာလအခြေအနေအရ ထိုအတောအတွင်း၌ ကိုင်တွယ် လုပ်ဆောင်ခဲ့သော လုပ်နည်းလုပ်ဟန်များ ဖြစ်သည်။ အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုခေတ်ကာလအတွင်း အကြပ်အတည်း ဖြေရှင်းရေးပုံစံများ နှင့် အင်အားသုံးဖြေရှင်းသည့် နည်းများသည် ပဋိပက္ခမကျယ်ပြန့်ရေးကို ထိန်းထားနိုင်ယုံမျှသာ အထောက်အကူပြုပြီး လုံးဝပြေငြိမ်းမှုကို မဆောင်ကြဉ်းနိုင်ချေ။ ယင်းသည် တရားသေဆန်ပြီး ပျော့ပြောင်းမှုမရှိသောကြောင့် မျိုးနွယ်စု လက္ခဏာဖော်ပြချက်ကို ရှေ့တန်းတင်သော အမြစ်ခိုင်နေသည့် ပြည်တွင်း ပဋိပက္ခလှိုင်းလုံးများ အားကောင်းလာမှုကို ဖြေရှင်းနိုင်စွမ်းမရှိခဲ့ချေ။ စစ်အေးတိုက်ပွဲပုံစံကြောင့် ထိုသို့

## ပဋိပက္ခ၏ ပကတိအသစ် ကြချက်အလက် အချို့

**အမြစ်တွယ်နေသော ပဋိပက္ခ။** ။ *နိုင်ငံတခုအတွင်းမှ အစပြု လာသော အောက်ဖော်ပြပါ အင်အားကြီး သည့် စေ့ဆော်မှု နှစ်ရပ်ကို အခြေခံသော ပဋိပက္ခများကို ဆိုလိုသည်။ (၁) လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အစရှိသည့် မျိုးနွယ်စုလက္ခဏာဖော်ပြချက်ကို စွဲစွဲမြဲမြဲ အခြေခံသော အကြောင်းရင်းများ၊ (၂) နိုင်ငံတနိုင်ငံအတွင်း စီးပွားရေး၊ နိုင်ငံရေး နှင့် လူမှုရေး အရင်းအမြစ်များ ခွဲဝေမှုတွင် မတရားမှု၊ မညီမျှမှုများ ရှိနေသည်ဟူသော ထင်မြင်ချက် များ တို့ဖြစ်ပါသည်။*

သဘောသဘာဝ။ ။ ရှုတ်ထွေးမှု၊ စွဲမြဲမှု နှင့် အမြစ်ခိုင်မှု။ သဘောတူညီရန်၊ စေ့စပ်ဆွေးနွေးရန်၊ အပေးအယူလုပ်ရန် မလွယ်ကူမှု။ နိုင်ငံတနိုင်ငံ၏ နယ်နမိတ်များ၏ ပြင်ပသို့ အလွယ်တကူ ဖြတ်သန်းခြေဆန့် သွားနိုင်မှု။

*ပြည်တွင်းပဋိပက္ခ၊ နိုင်ငံခြင်း ပဋိပက္ခ မဟုတ်။* ။ ပြီးခဲ့သည့် သုံးနှစ် ကာလအတွင်း ဖြစ်ပွားခဲ့သော စစ်ပွဲ ပဋိပက္ခကြီး တိုင်း သည် ပြည်တွင်းမှ အခြေပြုဖြစ်လာသည့် ပဋိပက္ခများဖြစ်သည်။ နိုင်ငံခြင်း ဖြစ်သည့် ပဋိပက္ခများ မဟုတ်ပါ။ ၁၉၈၉ မှ ၁၉၉၆ အတွင်း စစ်ပွဲပေါင်း ၁၀၁ ခု ဖြစ်ပွားခဲ့သည့် အနက် ၆ ခု သာ နိုင်ငံခြင်း ဖြစ်သည့် စစ်ပွဲများ ဖြစ်ပြီး၊ ကျန် ၉၅ ခုစလုံးမှာ ပြည်တွင်းစစ်များ ဖြစ်သည်။

*မျိုးနွယ်စု လက္ခဏာဖော်ပြချက် ကို အခြေခံခြင်း။* ။၁၉၉၆ ခုနှစ် အတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခကြီး ၂၇ ခု (အနည်းဆုံး လူ ၁၀၀၀ ကျော် တနှစ်အတွင်း သေဆုံးထိခိုက်သဖြင့် *ပဋိပက္ခကြီး* ဟု သတ်မှတ်သည်) အနက် ၂၂ ခု မှာ မျိုးနွယ်စု လက္ခဏာဖော်ပြချက်ကို အခြေခံသည့် စေ့ဆော်မှုများ ရှိခဲ့သည်။

*စစ်၏ လက်နက်အသစ်များ။* ။ ဒုတိယကမ္ဘာစစ်ပြီးသည့် နောက်ပိုင်း ပဋိပက္ခများကြောင့်သေဆုံးသူ အများစုမှာ ဈေးပေါပြီး၊ အမြောက်အများထုတ်လုပ်ထားသည့် အသေးစားလက်နက်များစနက်ကြောင့် သေဆုံးခြင်းဖြစ်သည်။ စစ်ပွဲကြီးများ၏ ရှိရိုးရှိစဉ် အသုံးပြုခဲ့သော လက်နက်ကြီးများကြောင့် သေဆုံးကြခြင်း မဟုတ်ပါ။

*အပြစ်မဲ့အရပ်သားများ ထိခိုက်သေကြေခြင်း။* ။ ပထမကမ္ဘာစစ်အတွင်းက ထိခိုက်သေကြေသော အရပ်သားများ မှာ ၅ ရာခိုင်နှုန်း ရှိပြီး၊ ဒုတိယကမ္ဘာစစ်တွင် ၅၀ ရာခိုင်နှုန်းထိ တိုးတက်မြင့်မားလာခဲ့ပါသည်။ ၁၉၉၀ ပြည့်ကာလများတွင်မူ ယင်းအချိုးအဆမှာ ၈၀ ရာခိုင်နှုန်းအထိ ဖြစ်လာသည်။

*ဒုက္ခသည်များ။* ။ ၁၉၉၂ ခုနှစ်တွင် ဒုက္ခသည် ဦးရေစုစုပေါင်းမှာ ၁၇ သန်းခန့် ဖြစ်လာပြီး၊ ယင်းနှင့်အတူ နိုင်ငံအတွင်း အခမ့်ပြောင်းရွှေ့ တိမ်းရှောင်ခိုလှုံနေသူဦးရေမှာ သန်း ၂၀ ခန့် ရှိမည်။

*ဥပမာများ။* ။ အမြစ်တွယ်နေသော ပဋိပက္ခများရင်ဆိုင်နေရသော နိုင်ငံအချို့မှာ ရုရှ (ချက်ချေနီးယ)၊ မြောက်ပိုင်း အိုင်ယာလန်၊ အီရန်၊ အီရတ် (ကဒ်များဖြင့်)၊ အစ္စရေး၊ အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ် (ချစ်တကောင်း တောင်ပေါ် လူမျိုးစုများ)၊ အင်ဒိုနီးရှား (အရှေ့တီမော)၊ သီရိလင်္ကာ၊ မြန်မာ၊ အယ်လ်ဂျီရီးယား နှင့် အခြားနိုင်ငံများ အများအပြားပါဝင်ပါသည်။

ကိုးကား : SIPRI Yearbook 2000: Armanments, Disarmament and International Security. Oxford: Oxford University Press for SIPRI.

# ပဋိပက္ခ၏ ပကတိအသစ် အချက်အလက် အချို့

## အရပ်သား ထိခိုက်သေကြေမှု တိုးပွားလာခြင်း




အရပ်သားထိခိုက်သေကြေမှု ရာခိုင်နှုန်းမှာ ပထမကမ္ဘာစစ်အတွင်း ၅ ရာခိုင်နှုန်း ရှိခဲ့ရာမှ ယခုအခါ ၈၀ ရာခိုင်နှုန်းအထိ ၁၉၉၀ ပြည့်လွန်ကာလများတွင် တိုးမြင့်လာခဲ့သည်။

ကိုးကား: Ramsbotham, Oliver, y Tom Woodhouse. 1996.

## ကမ္ဘာ့ကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်ဖွဲ့များ အသုံးစရိတ် (၁၉၈၆–၁၉၉၇)




ကမ္ဘာ့ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များဆိုင်ရာ အသုံးစရိတ်သည် အမေရိကန် ဒေါ်လာ သန်း ၂၀၀ ကျော် ရှိခဲ့ရာမှ ဆယ်နှစ်အတွင်း သန်း တထောင်အတိ မြင့်မားလာခဲ့သည်။

ကိုးကား၊ Peace-keeping Financing Division /DPKO/UNHQ.

## တကမ္ဘာလုံးဆိုင်ရာ ဒုက္ခသည်ဦးရေ (၁၉၇၈ – ၁၉၉၇)

ဒုက္ခသည်ဦးရေစုစုပေါင်းမှာ လွန်ခဲ့သည့် ဆယ်စုနှစ် ၂ စုအတွင်း လေးဆ တိုးမြင့်လာခဲ့သည်။

ကိုးကား၊ UNHCR

နှစ်စဉ် ဇန်နဝါရီလများတွင် ကောက်ယူသည်။ ဤစရင်းတွင် ဒုက္ခသည်မဟာမင်းကြီးရုံးမှ တာဝန်ယူထားသော ဒုက္ခသည် မဟုတ်သေးသည့်သူများနှင့် ပါလက်စတိုင်း ဒုက္ခသည်များမပါသေးပါ။




## ၁၉၉၀ ပြည့်နှစ်များ၌ နိုင်ငံအတွင်း တိမ်းရှောင် ခိုလှုံ နေရသည့် သူများ

ယင်းဒုက္ခသည်များမှာ ၁၉၉၄ ခုနှစ်တွင် ၂၆ သန်းခန့် ရှိလာသည်။

ကိုးကား။ U.S. Committee for Refugees (Figures taken from World Refugee Statistics).




' International IDEA

အမြစ်ခိုင်နေသည့် ပဋိပက္ခများမှာ ကြိမ်မီးအုံးပမာ ကိန်းဝပ်ခဲ့ရသည်။ သို့သော် ပဋိပက္ခသဏ္ဍာန်မှာ အပေါ်ယံ မထင်ရှားသော်လည်း သူ့၏အမြစ်မှာမူ ပိုသထက်ပို တိုးဝင်နက်ရှိုင်းလာသည်။ စစ်အေးကာလ ပဋိပက္ခဖြေရှင်းရေး နည်းဗျူဟာများသည် ရေရှည်တည်တံ့ခိုင်မြဲခြင်းထက်စာလျှင် ရေတိုတည်ငြိမ်မှုကိုသာ အာရုံထားခဲ့သည်။ လက္ခဏာဖော်ပြချက်နှင့်ဆက်နွယ်သည့် ပဋိပက္ခများဖြစ်ရခြင်း၏ အဓိက စေ့ဆော်ချက်များ ဖြစ်သော၊ အတွာအခြေခံလိုအပ်ချက်များနှင့် ရှုတ်ထွေးနက်နဲသည့် အကျိုးစီးပွားများ ဖြည့်ဆည်းရေးကို ဦးတည်သည့် လွယ်ကူသက်သာမည့် နည်းဗျူဟာ အသစ်များသည် ယနေ့ကာလ၏ လိုအပ်ချက်တရပ်ဖြစ်လာသည်။

ယခုလက်စွဲစာအုပ်မှာ ပဋိပက္ခဖြေရှင်းစီမံမှုများချည်းကပ်နိုင်မည့် ခြုံငုံသော အတွေးအခေါ်ပိုင်း ဆွေးနွေးငြင်းခုန်မှုများ (ထိုကိစ္စသည် အရေးကြီးသည်ဆိုသော်ငြား) ထဲသို့ နက်ရှိုင်းစွာ သုံးသပ်ပြရန် မရည်ရွယ်ပါ။ သို့ရာတွင် ပဋိပက္ခတရပ်လုံး၏ အကြောင်းရင်းတရားများ အားလုံးကို ပြည့်စုံစွာဖြေရှင်းဆောင်ရွက်ပေးနိုင်သော သဘောတူညီမှုများ ရရှိရေး ကို ဦးတည်မည့် အရင်းအမြစ်နှင့်လုပ်ကိုင်ဆောင်ရွက်မှုများ ကိုမူ အာရုံစိုက် ဖြည့်စည်းပေးရန် ရည်ရွယ်ပါသည်။ အဆုံးသတ် နောက်ပိုင်းအခန်းများ တွင်မူ ပဋိပက္ခဖြေရှင်းစီမံမှုဖြစ်စဉ်ကို ကောင်းမွန်စွာရေးဆွဲနိုင်မည့် အရာများ၊ ပဋိပက္ခ အတွက် တာရှည်တည်တံ့နိုင်ပြီး သက်တောင့်သက်သာဖြစ်စေမည့် အဖြေများ ထုတ်နိုင်ရန် အခြေခံအုတ်မြစ်များကို တင်ပြထားပါသည်။ ပဋိပက္ခများ ပြေလည်းရေး အတွက် ဒီမိုကရေစီနည်းကျ အဖြေရလာဒ်များ က အရေးပါလှသော်လည်း၊ ဒီမိုကရေစီ စနစ်ကိုယ်တိုင်ပင်လျှင် ဝေဒနာအားလုံးကိုကုစားနိုင်သည့်အရာတော့ မဟုတ်ချေ။ ဒီမိုကရေစီနိုင်ငံများ၌ပင် အခြားတိုင်းပြည်များ၌ ဖြစ်ပျက်နေသည့် ပဋိပက္ခမျိုး ရှိနေတတ်သည်။ ဒီမိုကရေစီရှိတိုင်း နိုင်ငံရေးအရအကြမ်းဖက်မှု ကင်းသည့် လူ့အဖွဲ့အစည်းမျိုး ဖြစ်လိမ့်မည်ဟူသော အာမခံချက်မရှိပေ။ သို့ရာတွင် ထိုပဋိပက္ခများ ကို ငြိမ်းချမ်းစွာကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက်အဓိကလိုအပ်သော အသင်းအပင်း ဖွဲ့စည်းမှုများ၊ အရင်းအမြစ်များ၊ ပျော့ပြောင်းညင်သာမှုများ သည် ဒီမိုကရေစီတစ်လူ့အဖွဲ့စည်းများအတွင်းမှာသာလျှင် ပေါ်ပေါက်နိုင်ပြီး၊ ရေရှည်တွင် ဒီမိုကရေစီ ကသာလျှင် ပဋိပက္ခများကို ပြေလည်စေရန် ဖြေရှင်း ပေးနိုင်မည် ဖြစ်သည်။ ဤအချက်သည် ယခုစာအုပ်၏ အဓိကတိုက်တွန်းချက် ဖြစ်ပေသည်။

> ရေရှည်တွင် ဒီမိုကရေစီ ကသာလျှင် ပဋိပက္ခများကို ပြေလည်စေရန် ဖြေရှင်း ပေးနိုင်မည် ဖြစ်သည်။

## ၁၊ ၃။ ဒီမိုကရက်တစ်အသင်းအပင်းများ၏ အရေးပါမှု

ဤလက်စွဲစာအုပ်တွင် အဓိကအကြောင်းအရာ သုံးရပ်က နေရာယူ လွှမ်းမိုး ထားသည်။ သင့်လျော်သည့် ဒီမိုကရေစီနည်းကျနိုင်ငံရေးအခင်းအကျင်း (democratic political structures) သည် ပြည်တွင်းပဋိပက္ခတခုဖြေရှင်းမှုကို ကြာရှည်ခံစေမည့် ဆောင်ရွက်ချက်တရပ်ဖြစ်သည်။ ယင်းမှာ အလွန်အရေးပါသည့်ကဏ္ဍဖြစ်ပြီး၊ ဤစာအုပ်မှ ဖော်ပြလိုသည့် ပထမအကြောင်းရပ်ဖြစ်သည်။ ဒီမိုကရေစီစနစ်ဟူသည် ပုံစံတခုတည်း သို့မဟုတ် ရှုတ်ထွေးခြင်းမရှိလွယ်ကူနားလည်နိုင်သည်ဟု မမှတ်ယူမိ စေရန်မှာ အရေးကြီးပြန်သည်။ ပဋိပက္ခတရပ် ဖြေရှင်းဆောင်ရွက်မှုရလဒ်ကို တာရှည် တည်တံ့စေရန် လိုလားသူများအနေဖြင့် အုပ်ချုပ်မှုစနစ်နှင့်ပတ်သက်သော သင့်လျော်သည့် အသင်းအပင်းဆိုင်ရာရွေးခြယ်စဉ်းစားမှုများလုပ်ရန် အရေးပါခြင်းကို အမြဲစဉ်းစားရလေ့ရှိသည်။ ကိုယ်ပိုင်အခြေအနေအရ သီးခြားလိုအပ်ချက်များနှင့် အကောင်းဆုံးကိုက်ညီမည့် အသင်းအဖွဲ့ စုစည်းနိုင်ရန်အတွက် အမျှော်အမြင်ရှိသော ဆုံးဖြတ်ချက်များ ချရန် လိုအပ်သည်။ ယင်းအတွက် သတင်းအချက်အလက်များ ရရှိရန် ရှားပါးခက်ခဲနေတတ်သည်။ ဤစာအုပ်သည် ယင်းအခက်အခဲကွက်လပ်ကို ဖြည့်ဆည်း

## ၁၊ ၃။ ဒီမိုကရက်တစ်အသင်းအပင်းများ၏ အရေးပါမှု

နိုင်ရန် ကြိုးစားထားပါသည်။ တာဝန်လွှဲပေးခြင်းပုံစံ သို့ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ရွေးကောက်ပွဲစနစ်ပုံစံ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့များ၊ တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှုစသဖြင့် ကိုယ်ပိုင်အခြေအနေနှင့်ကိုက်ညီမည့် ဒီမိုကရေစီနည်းကျ အဖွဲ့အစည်းများကို စီစဉ်ဖွဲ့စည်းတိုးပွားစေရာတွင် တရားမျှတပြီး ရိုးသားသော စေ့စပ်ညှိနှိုင်းမှု ဖြစ်စဉ်များမှ တဆင့် ဆောင်ရွက်ယူရမည်။ ယင်းမှာ ထိန်းချုပ်ရန် အခက်ခဲဆုံး ပဋိပက္ခများကိုကိုင်တွယ်ရာ၌ အရေးပါသောလိုအပ်ချက် တရပ်ဖြစ်ပေသည်။ ဆန့်ကျင်ဖက်အားဖြင့် ဆိုရသော်နက်ရှိုင်းစွာကွဲပြားနေသည့် လူ့အဖွဲ့အစည်းများအတွက် လျော်ကန်မှုမရှိပဲ ရေရှည်လည်းခိုင်မြဲမည်မဟုတ်မည့် အဖွဲ့အစည်းဆိုင်ရာရွေးခြယ်မှုကြောင့် နိုင်ငံတကာ တခွင်တွင် ပဋိပက္ခနောက်ပိုင်း အခြေချဆောင်ရွက်မှုများ ပေါ်ပြီးပျက်သည့် ဆုံးရှုံးမှုများ တနေ့တခြား များပြားလာသည်။ မဆီလျော်သည့် အဖွဲ့အစည်းများ ရွေးခြယ်ခြင်းကြောင့် ပဋိပက္ခများဆက်လက်တည်ရှိနေဦးမည်ဖြစ်သလို၊ ပို၍လည်း တိုးမြင့်လာဖွယ်ရှိပြန်သည်။

ဥပမာအားဖြင့် ၁၉၉၁ခုနှစ်က Bicesse မြို့တွင်ပြုလုပ်ခဲ့သည့် အင်ဂိုလာပဋိပက္ခ ဖြေရှင်းမှုကိုကြည့်ပါ။ ညွန့်ပေါင်းအစိုးရတရပ်မှုဖြင့် အာဏာခွဲဝေရေးကို ဦးတည်လိမ့်မည်ဟု မှန်းဆပြီး၊ ဒီမိုကရေစီနည်းကျရွေးကောက်ပွဲတရပ်ကျင်းပရန် မျှော်မှန်းချက်ဖြင့် အင်ဂိုလာပဋိပက္ခအတွင်းရှိ အစုအဖွဲ့များအကြား သဘောတူညီချက်တရပ်ယူခဲ့သည်။ သို့ရာတွင် နိုင်ငံရေးအာဏာနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ချက်တွင် ကျယ်ပြန့်ပြီးအလုံးစုံခြုံငုံမည့်ပါလီမန်အပေါ် တည်မထားပဲ၊ လူတဦးချင်းဖြစ်သည့် သမ္မတ၏လက်ထဲမှ အာဏာကိုစုပြုံထားခဲ့သည်။ ထို့ကြောင့် အင်ဂိုလာဖွဲ့စည်းပုံသည် Bicesse ညှိနှိုင်းမှုအရ မျှော်လင့်ဦးတည်ထားသလို အာဏာခွဲဝေထားသည့် အစိုးရစနစ်အတွက် သင့်လျော်သည့်အထောက်အပံ့ဖြစ်မလာခဲ့။ လက်ရှိတာဝန်ထမ်းဆောင်ဆဲ အစိုးရအဖွဲ့၏ သမ္မတဖြစ်သူ dos Santosနှင့် ပြောက်ကျားခေါင်းဆောင် `Jonas Savimbi တို့သည် အင်ဂိုလာဖွဲ့စည်းပုံအရ တန်ဘိုးအရှိဆုံးနေရာဖြစ်သည့် သမ္မတရုံးအတွက် အပြိုင်အဆိုင် ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့ကြောင့် အရှုံးရင်ဆိုင်ရသည်သူ အနေဖြင့် အာဏာမဲ့သည့်အခြေအနေအောက်နေရသည်ထက်စာလျှင် နိုင်ငံရေးအရ အသွင်ကူးပြောင်းမှုကို ငြင်းပယ်ပြီး၊ တိုက်ခိုက်မှုများပြန်စ စေရန်မှာ ကြီးမားသည့် ဆွဲဆောင်မှုဖြစ်လာရသည်။ Savimbi အနေဖြင့် ၁၉၉၂ခုနှစ်ရွေးကောက်ပွဲ ဒုတိယမြောက်အခေါက်တွင် ရှုံးနိမ့်မည့်အခြေအနေဖြစ်လာပြီးနောက် စစ်ပွဲများ ရုတ်တရက်ပြန်လည်စတင်စေခဲ့သည်။ အင်ဂိုလာ ပဋိပက္ခဖြေရှင်းဆောင်ရွက်မှု တာရှည်မခံခဲ့သည့် အကြောင်းတရပ်မှာ အာဏာခွဲဝေရေးအတွက် နှစ်ဖက်အစုအတွင်း လက်တွေ့အားဖြင့်ဖြစ်နိုင်မည့် စနစ်တရပ်မရှိခြင်းကြောင့်ဖြစ်သည်။

အခြားနိုင်ငံရေးစနစ်များနှင့်အလားတူ ဒီမိုကရေစီစနစ်သည်လည်း မပြည့်စုံသော ကမ္ဘာအတွင်း အမှားအယွင်းမရှိသည့် အရာတခုတော့မဟုတ်ပေ။ သို့သော် ထိုထက်ပို၍ကောင်းသောအခြားနည်းလမ်းလည်း မရှိ။ နက်ရှိုင်းစွာအမြစ်တွယ်နေသည့် ကွဲပြားခြားနားမှုများကို ငြိမ်းချမ်းစွာကိုင်တွယ်ဖြေရှင်းရန် ထိရောက်သည့်နည်းလမ်းမှာ အလုံးစုံခြုံငုံမိပြီး တရားမျှတသော တာဝန်ခံမှုရှိသည့် လူမှုအဆောက်အအုံများ တည်ဆောက်ရန်ဖြစ်သည်။ ကမ္ဘာအရပ်ရပ်အတွေ့အကြုံများအရ ဒီမိုကရေစီနည်းကျ တည်ဆောက်မှုများသည် ထိုလူမှုအဆောက်အအုံမျိုး ပေါ်ထွန်းလာရန်အတွက် အထောက်အပံ့ ဖြစ်စေသည်။ ဒီမိုကရေစီအစိုးရစနစ်၏ မူများဖြစ်သော တရားဝင်မှု၊ အလုံးစုံခြုံငုံမှု၊ ပျော့ပြောင်းမှုနှင့် အမြဲ လိုက်လျော ညီထွေဖြစ်မှု တို့မှာအမြစ်ခိုင်နေသည့် ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည့်ယန္တရားများ ဖြစ်သည်။ စေ့စပ်ညှိနှိုင်းခြင်း အလေ့အထများရှိနေခြင်းဖြင့်လည်း နိုင်ငံရေးဇာတ်ကောင်များနှင့် ဒီမိုကရေစီစနစ်

အတွင်း၌ပင် ပြည်သူလူထုများအကြား၊ အစိုးရများအကြားရှိ နိုင်ငံရေးအရ ဆက်ဆံမှုသဘာဝအပေါ် တည်ငြိမ်အေးချမ်းမှုဖြစ်လာစေသည်။

ဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနည်းကျ အဖြေထုတ်မှုများ သည်အရေးကြီးသည်ဟု ဆိုသော်ငြား၊ ဒီမိုကရေစီနည်းကျ အလေ့အထများပြင်ဆင်မှု အားနည်းပါကလည်း ဒီမိုကရေစီကြောင့် ကောင်းမွန်ခြင်းထက်စာလျှင် လူမှုအဓိကရုဏ်းများကို မီးပွားတောက်လောင်စေနိုင်သည်။ ဒီမိုကရေစီနည်းကျသော နိုင်ငံရေးပုံစံသည် လူမျိုးစုထကြွမှုများ အလွယ်တကူဖြစ်စေပြီး၊ ရွေးကောက်ပွဲများမှတဆင့် ပြဿနာရပ်များစွာ ပိုမိုဖြစ်လာနိုင်သည်။ နက်နက်ရှိုင်းရှိုင်း ကွဲပြားမှုရှိနေသည့် လူ့အဖွဲ့အစည်းများအတွင်း အများစုလက်ခံသည့် နိုင်ငံရေးအလေ့အထများနှင့်ရွေးကောက်ပွဲများ အတူတကွပေါင်းစပ်မိပါက ပိုမို၍ ဆိုးဝါးမှုဖြစ်စေသည်။ လူထုဆန္ဒခံယူပွဲများ ပြုလုပ်ခြင်း (referendums) ကဲ့သို့သော နိုင်ငံရေးအဖြေတခုအပေါ် အဖြူအမဲကွဲပြားစေသည့် ဒီမိုကရေစီနည်းကျ အလေ့အထများကလည်း ကွဲပြားမှုရှိသည့် လူ့အဖွဲ့အစည်းများအတွက် ဆိုးကျိုးများပေးတတ်သည်။ ထို့ကြောင့် ဗဟုဝါဒ၊ စိတ်ရှည်သည်းညည်းခံခြင်း၊ အလုံးစုံခြုံငုံမှုရှိခြင်း၊ ကြားဝင်စေ့စပ်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းစသည့် အခြေခံကျသော ဒီမိုကရေစီတန်ဘိုးများသည် ပဋိပက္ခဖြေရှင်းရာတွင် တာရှည်တည်တံ့မည့် အဖြေထုတ်မှုအတွက် အရေးကြီးသောအချက်များဖြစ်လာသည်။ ဤသို့လျှင်၊ အာဏာခွဲဝေခြင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အချိုးအစားမျှဝေခြင်း၊ အုပ်စုပုံသဏ္ဍာန် အသိအမှတ်ပြုခြင်း (forms of group recognition) စသော ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းများကို အခြေခံသည့် အဖွဲ့အစည်များသည် အရေးကြီးလာသည်။ ရှုပ်ရှင်းသည့် အများစုအနိုင်ရရေး ဥပဒေသများထက် ကွဲပြားခြားနားမှုရှိသည့် အကြောင်းရပ်များကို အဓိကဇောင်းပေး ဖြေရှင်းပေးသည့် အသင်းအဖွဲ့များ လိုအပ်နေသည်။ ဤလက်စွဲစာအုပ်တွင် ဤအကြောင်းရပ်များကို ပြန်လည်တွေ့မြင်ရပေမည်။

## ၁၊ ၄ ။ ဒီမိုကရေစီနှင့် ပဋိပက္ခကိုယ်တွယ်စီမံမှု

ဤလက်စွဲစာအုပ်ပါ ဒုတိယအကြောင်းရပ်မှာ ဖြစ်ပေါ်နေသည့်ပဋိပက္ခရပ်အပေါ် အဖြေပေါ်သည်အထိ စဉ်းစားခြင်းမဟုတ်ပဲ၊ ပဋိပက္ခကို ကိုယ်တွယ်စီမံခြင်းဆိုင်ရာ လက်တွေ့အကျိုးစီးပွားကို ဦးတည်ထားချက်ဖြစ်သည်။ ဤအချက်သည် အရေးပါသော ထူးခြားမှုဖြစ်သည်။ ပဋိပက္ခအပေါ် အဖြေထုတ်ခြင်း (Conflict Resolution)သည် ပဋိပက္ခတရပ်ကို အဆုံးသတ်ရန် သို့မဟုတ် လုံးဝဖျောက်ဖျက်ပစ်ရန် ဆိုလိုရင်းဖြစ်သည်။ ထိုစဉ်းစားချက်သည် ပဋိပက္ခတရပ်ဟူသည်မှာ ရှိသင့်ရှိထိုက်သောအရာ မဟုတ်၊ ဖြေရှင်းပစ်လိုက်သင့်သော အဆုံးသတ်လိုက်သင့်သော လုံးဝပယ်ဖျက်သင့်သော အနုတ်သဘောဆောင်သည့် ဖြစ်ရပ်တခုဖြစ်သည် ဟု ယူဆသည်။ အခြားယူဆချက်မှာမူ ပဋိပက္ခဟူသည် အနုတ်သဘောဆောင်သလို အပေါင်းသဘောလည်း ဆောင်နိုင်သည် ဟူ၍ ဖြစ်သည်။ ပဋိပက္ခဟူသည် ကွဲပြားချက်များ၏ အပြန်အလှန်ဆက်စပ်မှုဖြစ်သလို၊ တဖက်နှင့်တဖက် မတူညီသော ရည်မှန်းချက်နှင့်စေ့ဆော်မှုများအပေါ် အငြင်းပွားသော ဖြစ်စဉ်တရပ်ဖြစ်သည်။ ထိုငြင်းခုန်မှုများကို ဖြေရှင်းရမည်ဟူ၍လည်း အတိအကျပြောမရပေ။ ပဋိပက္ခဟူသည် ဒီမိုကရေစီနည်းကျငြင်းခုန်မှုများနှင့် တွေ့ဆုံဆွေးနွေးမှုများအားကောင်းစေရန် လိုအပ်ချက်တရပ်ဖြစ်သည်။ ထိုဆွေးနွေးမှုများ ငြင်းခုန်မှုများကိုသာ အများသဘောတူလက်ခံထားသည့် ဒီမိုကရေစီနည်းကျ နည်းနာဥပဒေသများ စည်းဘောင်အတွင်း ပြုလုပ်ရန် သာ အရေးကြီးသည်။ ပဋိပက္ခတရပ် အပေါ် အကြမ်းဖက်မှုများဖြင့် ဖော်ပြခြင်းသည် စည်းလွတ်ဘောင်လွတ်ဖြစ်သွားပြီး၊ အဆိုးအပျက်ဖက်သို့ ဦးတည်သွားခြင်းဖြစ်သည်။ သို့ရာတွင်

### ၁၊ ၄။ ဒီမိုကရေစီနှင့် ပဋိပက္ခ ကိုင်တွယ်စီမံမှု

ပဋိပက္ခဟူသည် လူမှုပြောင်းလဲမှုများနှင့် တိုးတက်မှုများဖြစ်ထွန်းလာစေရန် ကနဦးအဆင့်အနေဖြင့် ဖြစ်လာခြင်းလည်း ဖြစ်နိုင်သည်။ ထို့မှတဆင့် ပဋိပက္ခအပေါ် ကိုယ်တွယ်စီမံခြင်းဖြင့် မတူညီမှုများနှင့် ကွဲပြားမှုများအတွက် အပေါင်းလက္ခဏာ အပြုသဘော ဆောင်လာသည်။ ဤစာအုပ်သည် ပဋိပက္ခများ လုံးဝပယ်ဖျက်ရေး နည်းနာများကို တင်ပြလုံ့ဆော်ရန်ထက်၊ ပဋိပက္ခကိုင်တွယ်စီမံရန်အတွက် ပို၍ ဖြစ်နိုင်ချေကို မေးခွန်းများစွာဖြင့် တင်ပြထားသည်။ ယင်းမှာ ပဋိပက္ခများကို အပြုသဘောဆောင်၍ ချည်းကပ်ရန်၊ ဆန့်ကျင်ဖက်အင်အားစုများကို လက်တွဲဆောင်ရွက်လာစေရန်နှင့် မတူညီမှုများကို အပြုသဘောဆန်လာစေရန် လက်တွေ့ကျပြီး အောင်မြင်ဖွယ်ရှိသော ပူးပေါင်းဆောင်ရွက်နိုင်သည့် စနစ်တရပ်ရေးဆွဲရန်တို့ ဖြစ်ကြသည်။

ဤစာအုပ်မှာ အခြားသာမန်စာအုပ်များကဲ့သို့ မဟုတ်ပဲ၊ ဒီမိုကရေစီနည်းကျရလဒ်များ ဖြစ်လာရန်အခြေခံထားသည့် စေ့စပ်ညှိနှိုင်းမှုများ၏ လိုအပ်ချက်အပေါ် တန်ဘိုးထားတင်ပြပါသည်။ အမြစ်ခိုင်နေသည့်ပဋိပက္ခများ စေ့စပ်ညှိနှိုင်းမှုများ အောင်မြင် မအောင်မြင်မှုဆိုသည့် အချက်နှင့်မှု သမိုင်းဆိုင်ရာ အထောက်အထားများ အရပြောရလျှင် အားရစရာမရှိလှချေ။ ၂၀ရာစု အတွေ့အကြုံအပေါ် ပညာရှင်များ၏ ထောက်ပြချက်အရ ပြည်တွင်းရေးပဋိပက္ခများ၏ ၁၅ ရာခိုင်နှုန်းသာလျှင် စေ့စပ်ညှိနှိုင်း ဆောင်ရွက်ချက်များ ဖြင့် အဆုံးသတ်ခဲ့ကြသည်။ အများစုမှာ စစ်ရေးအရ အနိုင်ယူမှုများဖြင့် အဆုံးသတ်ခဲ့ကြသည်။ စေ့စပ်ညှိနှိုင်းခြင်းဖြင့် အဆုံးသတ်ခဲ့သည့်ဖြစ်ရပ်များထဲတွင်ပင် အများအပြား(တဝက်နီးပါး)မှာ ၅နှစ်အတွင်း၌ သဘောတူညီမှုများ ပျက်ပြယ်ကာ ပဋိပက္ခပြန်ဖြစ်ခဲ့သည်။ ဥပမာ ဆူဒန်နိုင်ငံတွင် ၁၉၇၂ခုနှစ် ငြိမ်းချမ်းရေးသဘောတူညီချက်နောက်ပိုင်း ၁၉၈၄တွင် ပျက်ပြယ်ပြီး၊ အငြင်ပွား တိုက်ခိုက်မှုများ ပြန်ဖြစ်လာသည်။ ထိုအကြောင်းများကြောင့် မျိုးနွယ်စုလက္ခဏာဖော်ပြချက်အခြေခံ ပဋိပက္ခများအတွက် တခုတည်းသောအဖြေအဖြစ် နိုင်ငံနယ်နမိတ်များ ပိုင်းခြားပစ်ရန်ပင် အချို့ပညာရှင်များက အကြံပြုကြသည်။ သို့သော် စစ်အေးလွန်ကာလအတွင်း၌ အကြမ်းဖက်ပြည်တွင်းပဋိပက္ခများအား စေ့စပ်ဆွေးနွေးသည့် နည်းဖြင့် ဖြေရှင်းမှုမှာ ယခင်ကထက် ပိုမိုများပြားလာသည်။ ပြီးခဲ့သည့်ရှစ်နှစ်အတွင်း ပြည်တွင်းပဋိပက္ခပေါင်း ထက်ဝက်နီးပါးကို စေ့စပ်ညှိနှိုင်းရေး နည်းလမ်းများဖြင့် ငြိမ်အေးစေခဲ့သည်။ ယခင်အခြေအနေများထက်စာလျှင် စစ်အေးလွန်ကာလ၌ စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းကို ပို၍ လိုလားနှစ်သက်လာကြသည်ကို တွေ့ရသည်။ ဗိုင်ယာ၊ ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံကဲ့သို့ စစ်ရေးဖြင့် အနိုင်ရသည့် ဖြစ်ရပ်များရှိနေသော်လည်း၊ ဒီမိုကရေစီရေး ပြဿနာ ရှိနေသေးသောကြောင့် ပဋိပက္ခများပြန်လည်အစကောက်ရန် ပိုမိုလိုအပ်ချက်ဖြစ်လာသည်။ သမိုင်းဆိုင်ရာ မှတ်တမ်းများ မေ့မသွားရန်မှာ အရေးကြီးသော်လည်း၊ မကြာခင်ကာလ အတွေ့အကြုံများအရဆိုလျှင် စေ့စပ်ညှိနှိုင်းမှုများ ပိုမိုလိုလားလာကြောင်း ရှင်းလင်းစွာ တွေ့ရသည်။ ထိုစေ့စပ်ညှိနှိုင်းမှုများတွင် ဒီမိုကရေစီတည်ဆောက်မှုမှာ ပဓာနကျသည့် အကြောင်းရပ် ဖြစ်သည်ကိုလည်း အသိအမှတ်ပြုလာသည်။

ဒီမိုကရေစီအပေါ် အလေးပေးခြင်းသည် သဘောတရားဆိုင်ရာ ခံယူချက်မဟုတ်ပေ။ တနည်းအားဖြင့်ဆိုသော် ကျယ်ပြန့်သည့် အတွေ့အကြုံနှင့်လေ့လာချက်များအပေါ် အခြေခံ၍ ဒီမိုကရေစီ လိုအပ်ချက်ကို လက်တွေ့ကျကျငြင်းခုန်နေခြင်းဖြစ်သည်။ ဤစာအုပ်တွင်ဖော်ပြထားသည်မှာ ဒီမိုကရေစီဟူသည် လမ်းညွှန်အခြေခံ သဘောတရားမျှသာမကပဲ၊ အပြုသဘော ပဋိပက္ခဖြေရှင်းမှုအတွက် အလုပ်ဖြစ်နိုင်သည့် စနစ်တရပ်လည်းဖြစ်သည်ဟု ဆိုလိုသည်။ ဤအနက်အဓိပ္ပါယ်ဖွင့်ဆိုချက်သည် လက်တွေ့

ကျသည့် အရာဖြစ်ပါသည်။ ဒီမိုကရေစီနည်းကျ အစိုးရစနစ်တရပ်အနေဖြင့် မဖြစ်မနေ လိုအပ်သည့် အခြေအနေသုံးရပ်ကို ပေါင်းစပ်ထားပါသည်။ ပထမအချက်မှာ အဓိပ္ပါယ်ရှိရှိ နိုင်ငံရေးအာဏာပြိုင်ဆိုင်မှုဖြစ်သည်။ ဆိုလိုသည်မှာ ပုဂ္ဂလိက တဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းများအချင်းချင်းဖြစ်စေ အာဏာပြိုင်ဆိုင်မှု သည် အဓိပ္ပါယ်ရှိသော ပြိုင်ဆိုင်မှုဖြစ်ရမည် ဖြစ်သည်။ ဒုတိယအချက်မှာ ခေါင်းဆောင်ရွေးခြယ်မှုနှင့် မူဝါဒများချမှတ်ခြင်းတွင် လူတိုင်းပါဝင်ခွင့်ရှိခြင်းဖြစ်သည်။ အနိမ့်ဆုံးအားဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၌ပင် အားလုံး ပါဝင်ပတ်သက်မှုရှိရမည်။ တတိယအချက်မှာ နိုင်ငံရေးနှင့်အသင်းအပင်းလွတ်လပ်မှုများသည် နိုင်ငံရေး ယှဉ်ပြိုင်မှုနှင့် ပါဝင်မှုများအတွက် လုံလောက်သော အဆင့်၌ ရှိခြင်းဖြစ်သည်။ နိုင်ငံရေးပါဝင်ပတ်သက်ခွင့်နှင့် ယှဉ်ပြိုင်ခွင့်မှာ အလွန်အရေးကြီးပေသည်။ ဒီမိုကရေစီစနစ်သည် ပုံသဏ္ဍာန်မျိုးစုံတည်ရှိနိုင်သော်လည်း၊ ထိုနှစ်ချက်လုံးမရှိပဲနှင့် ဒီမိုကရေစီစနစ်ဟု မဆိုနိုင်ပေ။

ကမ္ဘာ့အဝှမ်းရှိ ပြည်တွင်းပဋိပက္ခပေါင်း ၂၃၃ခုကို ၁၉၉၃ခုနှစ်တွင် လေ့လာချက်အရ ပဋိပက္ခများ ငြိမ်းချမ်းစွာ ကိုင်တွယ်ဖြေရှင်းရာတွင် ဒီမိုကရေစီစနစ်သည် အခြားနည်းများထက်စာလျှင် ပိုမိုအကျိုးပြုကြောင်း မှတ်တမ်းများရှိခဲ့သည်။ လက်ငင်း အချက်အလက်များအရ အခြားအုပ်ချုပ်ရေးပုံစံများထက်စာလျှင် ဒီမိုကရေစီစနစ်အတွင်း အချင်းချင်းဖြစ်ပွားသည့်စစ်ပွဲများဖြစ်နိုင်ချေမှ နည်းပါးလွန်းသည်။ ထို့ကြောင့် ဒီမိုကရေစီနည်းကျ ငြိမ်းချမ်းရေးဆိုင်ရာ ဖော်ပြချက်သည် ပဋိပက္ခနှင့်ဒီမိုကရေစီ အပြန်အလှန်ဆက်နွယ်မှုအတွက် နောက်ထပ်အထောက်အပံ့တရပ် ဖြစ်စေသည်။ အာဏာရှင်ဆန်သောစနစ် သို့မဟုတ် အကြင်းမဲ့အာဏာရှင်စနစ်တွင် ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖော်ပြဖြေရှင်းနိုင်သည့် အဖွဲ့အစည်းယန္တယားများမရှိချေ။ ထိုစနစ်များသည် ပဋိပက္ခများကို ငြင်းပယ် လစ်လျူပြုခြင်း၊ လုံးဝဖျောက်ဖျက်နိုင်ရန်နှင့် ဖိနှိပ်ပစ်ရန်သာ ကြိုးစားကြသည်။ ထိုနည်းလမ်းများဖြင့် အချို့ပဋိပက္ခများကို အမှန်တကယ် ထိန်းချုပ်နိုင်သော်လည်း ဆိုးရွားသည့်ဆုံးရှုံးနစ်နာမှုများကို ပေးဆပ်ရသည်။ သို့သော် ယင်းနည်းများသည် အမြစ်ခိုင်နေသည့် ပဋိပက္ခများကိုမူ မထိန်းချုပ်နိုင်ပေ။ ထိုပဋိပက္ခမျိုးအတွင်းရှိ လက္ခဏာဖော်ပြချက်နှင့် မူလယဉ်ကျေးမှုတည်တံ့ရေးဆိုင်ရာ အခြေခံအကြောင်းရပ်များမှာ အစုလိုက်အပြုံလိုက်နှင်ထုတ်ခြင်း သို့မဟုတ် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းမှ လွဲ၍ ပျောက်ပျက်အောင် လုပ်နိုင်မည့် နည်းမရှိချေ။ ၁၉၉၀ခုနှစ်တွင် ယခင်ယူဂိုဆလားဗီးယားနိုင်ငံတွင် ရုတ်တရက်ဖြစ်ပေါ်လာသော မျိုးနွယ်စုပဋိပက္ခသည် ထင်ရှားသည့် ဥပမာတရပ်ဖြစ်သည်။ အရှေ့အုပ်စု လွှမ်းမိုးသည့်နှစ်များ အတွင်း နှစ် ၅၀နီးပါးမှာ ထိုပဋိပက္ခများကို ယာယီအားဖြင့် ထိမ်းသိမ်းဖိနှိပ်ထားနိုင်ခဲ့သည်။ သို့သော် ပဋိပက္ခမှာ အမြစ်တွယ်နေပြီး အပြီးသတ်ဖြေရှင်းခြင်းမပြုခဲ့။ အာဏာရှင်စနစ်သည် ပဋိပက္ခများကို ရေတိုကာလတွင် တည်ငြိမ်သယောင် ထိမ်းထားနိုင်သော်လည်း၊ ရေရှည်ခိုင်ခဲ့မည့် အဖြေကိုကား မရှာနိုင်ခဲ့ပေ။

အခြားစနစ်များနှင့်နှိုင်းယှဉ်လျှင် ဒီမိုကရေစီစနစ်တွင် ပြဿနာရပ်များကို လုံးဝအပြီးပြတ်ရှင်းလင်းလိုက်သည်ထက် အပြန်အလှန်ဆွေးနွေးစရာ ဖြစ်လာသည်။ ရလာဒ်အားလုံးမှာလည်း ယာယီမျှသာဖြစ်ပြီး၊ ယနေ့ ရှုံးနိမ့်သူမှာ မနက်ဖန်တွင် အောင်နိုင်သူဖြစ်လာနိုင်သည်။ အခြားစနစ်များနှင့်မတူပဲ ဒီမိုကရေစီအစိုးရသည်

## ၁၊ ၅။ ပဋိပက္ခ၏ အစစ်အမှန် အကြောင်း တရားများကို ဆန်းစစ်ခြင်း

စာပုံး ၁

### ဤစာအုပ်၏ အဓိကဆိုလိုရင်း သုံးချက်

**၁။ ဒီမိုကရေစီနည်းကျအသင်းအပင်းစုစည်းမှုများ အရေးပါမှု**

ဒီမိုကရေစီသည် ပြည်တွင်းပဋိပက္ခများအတွက် အထိရောက်ဆုံး နှင့် ရေရှည်ခံမည့် အဖြေထုတ်ခြင်းအတွက် အထောက်အကူ ပြုပါသည်။ ထို့ကြောင့် ဒီမိုကရေစီနည်းကျ အသင်းအပင်းစုစည်းမှုများအတွက် အသင့်လျော်ဆုံး နည်းလမ်းရွေးခြယ်ခြင်း – ဥပမာအားဖြင့် ဗဟိုအာဏာ လျှော့ချခြင်း သို့မဟုတ် ကိုယ်ပိုင်ပြဌာန်းခွင့်၊ ရွေးကောက်ပွဲ ဆိုင်ရာစနစ် ရေးဆွဲခြင်း၊ အုပ်ချုပ်ရေးအဖွဲ့များ၊ တရားရေးဆိုင်ရာ ဖွဲ့စည်းမှုများ စသည်တို့ဖြစ်သည် – သည် ရေရှည်ခိုင်မြဲပြီး ငြိမ်းချမ်းသည့် ဖြေရှင်းမှုများအတွက် အလွန်တရာ အရေးပါလှသည်။

**၂။ ပဋိပက္ခကိုင်တွယ်ဖြေရှင်းခြင်း၊ အဖြေထုတ်ခြင်းမဟုတ်**

ပဋိပက္ခကို ကိုယ်တွယ်စီမံရာတွင် ပိုမိုလက်တွေ့ကျသည့် အကျိုးစီးပွားများ အတွက် ပဋိပက္ခအဖြေထုတ်စဉ်းစားခြင်းမှ ဖယ်ခွာထားရန် လိုပေသည်။ ဤစာအုပ်တွင် ပဋိပက္ခကိုင်တွယ်စီမံမှုဆိုင်ရာ ဖြစ်နိုင်ချေ မေးခွန်းများကိုတင်ပြထားသည်။ ဥပမာအားဖြင့် အပြုသဘောဆောင်လာစေရန် မည်သို့ ချည်းကပ်မည်၊ ဆန့်ကျင်ဖက်အင်အားစုများကို ပူးတွဲလုပ်ဆောင်မှုများတွင် ပါဝင်လာစေရန်မည်သို့ ဆွဲဆောင်မည်၊ မတူညီမှုများတွင် အပြုသဘော ဆောင် ကိုင်တွယ်စီမံမှုများအတွက် လက်တွေ့ကျကျ အောင်မြင်နိုင်မည့် ပူးပေါင်းဆောင်ရွက်မှုစနစ်တရပ် မည်သို့ရေးဆွဲမည်ဆိုသည်များဖြစ်သည်။

**၃။ ဖြစ်စဉ်အရေးပါမှု**

ဖြစ်စဉ် (process) သည် အရည်အသွေးရှိသည့် ရလဒ်ပေါ်လာရေး အတွက် အရေးတကြီးထိရောက်မှုရှိသည်။ ခိုင်ခံ့သည့် ရလဒ် ဖြစ်လာရန် စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်အဆင့်တိုင်းကို မျက်ခြေမပြတ် မိစေရန်လိုပေသည်။

နစ်နာချက်များအပေါ် ပွင့်ပွင့်လင်းလင်းဖော်ထုတ်ခွင့် တုန်ပြန်ခွင့်လည်းပေးထားသည်။ အတိုကောက်အားဖြင့် ဒီမိုကရေစီသည် အကြမ်းဖက်မှုကို အားထားစရာမလိုသည့် ပဋိပက္ခကိုင်တွယ်ဖြေရှင်းရေး ဆောင်ရွက်ချက်လည်းဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ၊ အခြားစနစ်များနှင့် မတူသည်မှာ၊ ဖိနှိပ်မှု ဝန်းရံချုပ်နှောင်းမှုမရှိပဲ ပဋိပက္ခများကို နိုင်နင်းစွာ ကိုယ်တွယ်စီမံနိုင်ခြင်းဖြစ်သည်။ သိုသော်ငြား၊ ဒီမိုကရေစီသည် လုံးဝပြည်စုံသည်၊ ဒီမိုကရေစီအစိုးရသည် ငြိမ်းချမ်းသည့် ရလဒ်များကို အမြဲ ဦးဆောင်ပေးသည် ဆိုခြင်းတော့ မဟုတ်ချေ။ ဒီမိုကရေစီစနစ် သို့ အဆောတလျင် ပြောင်းလဲခဲ့သော သို့မဟုတ် ဒီမိုကရေစီ ယန္တယားများ တိတိကျကျ မခိုင်မာသေးသော နိုင်ငံများတွင်မူ စစ်မက်ပြန်လည်ဖြစ်ပွားမှုများ ကာ းရှိနိုင်ပါသည်။ ဥပမာအားဖြင့် ဘာရွန်ဒီ နှင့် ကမ္ဘောဒီးယားပြဿနာမျိုးဖြစ်သည်။ ထိုဖြစ်ရပ်များတွင် မည်သို့သော သဘောတူညီမှုမျိုးကို အပေးအယူပြုသင့်သည်၊ မည်သည့် ရွေးချယ်စဉ်းစားမှုများ ပြုသင့်သည် ဟူသော ရေရှည်ခိုင်မြဲမည့်ရလဒ်ပေါ်ထွက်ရန် အလွန်တရာ အရေးပါသည့် သင်ခန်းစာအများအပြားလည်း ရနိုင်ပါသည်။ ဒီမိုကရေစီသည် ဖရိုဖရဲဖြစ်လေ့ရှိပြီး၊ တရွေ့ရွေ့သာ တိုးတက်နိုင်သော ခက်ခဲသည့် အရာဖြစ်သည်။ သို့သော် ယနေ့

ကမ္ဘာပေါ်တွင် တိုက်ခိုက်နေကြသည့် ပဋိပက္ခအများစုကို ရေရှည်ခိုင်မြဲမည့် ဖြေရှင်းချက်ထုတ်ရန်အတွက် အကောင်းဆုံး မျှော်လင့်ချက်ဖြစ်နေသေးသည်။

## ၁၊ ၅။ ပဋိပက္ခ၏ အစစ်အမှန် အကြောင်း တရားများကို ဆန်းစစ်ခြင်း

ပဋိပက္ခကိုင်တွယ်စီမံမှုသည် တဦးချင်းလိုက်ရော၊ အစုအဖွဲ့အလိုက်ပါ လူသားများရင်ဆိုင်ရသည့် အခက်ခဲဆုံးနှင့် အရှုတ်ထွေးဆုံးတာဝန်တရပ်ပင်ဖြစ်သည်။ အချိန်ဖိစီးမှုနှင့် နိုင်ငံရေးဖိစီးမှုများမရှိလျှင်ပင် ယင်းမှာခက်ခဲလှသည့် စိန်ခေါ်အားစမ်းမှုတရပ်ဖြစ်သည်။ သို့သော် တကယ့်လက်တွေ့တွင် ထိုဖိစီးမှုများမှာ အမြဲတမ်းရှိနေတတ်သည်။ ထိုပဋိပက္ခရပ်များကို ကိုင်တွယ်ဖြေရှင်းရန် မည်မျှပင် ခက်ခဲစေကာမူ၊ အဖြေရလဒ်တခုခုထွက်ပေါ်နိုင်ရန် ပြင်းထန်သည့် ဖိအားများ ဖက်ပေါင်းစုံမှ ပေးလာလေ့ရှိသည်။ အဖြေအချို့ အမြန်ဆုံး ရနိုင်ရန်အတွက် လုပ်ဆောင်ရန်တာဝန်ပိုင်းများ ဖော့ထားခြင်း၊ အပေါ်ယံအရိပ်လက္ခဏာများ တိုးတက်မှုအပေါ်သာ အလေးထား ဆောင်ရွက်လာခြင်းစသည့် ဆေးမြီးတိုနည်းများကို အသုံးချကြရန် မက်လုံးများဖြစ်လာစေသည်။ လျင်မြန်စွာ ဖြေရှင်းနိုင်မှုသည် အရည်အသွေးအားဖြင့် ပိုကောင်းသည် ဟု မဆိုနိုင်ချေ။ လွယ်သယောင် ပြုထားသော ချည်းကပ်မှုသည် ရှုတ်ထွေးသည့်ပြဿနာတရပ်ဖြေရှင်းရာတွင် ရာနှုန်းပြည့် ဖြေရှင်းနိုင်သည် မဟုတ်ချေ။ ကျွန်ုပ်တို့ ဖြေရှင်းနေရသည့်ပဋိပက္ခအမျိုးအစားသည် အလွန်အမင်းကွဲလွဲမှုများနှင့် နက်နက်ရှိုင်းရှိုင်းကိစ္စရပ်များမှပေါ်ထွက်လာပြီး၊ အကြမ်းဖက်မှုများနှင့် ဒွန်တွဲနေသည့် အမြစ်တွယ်ပြဿနာများဖြစ်သည်။ ထို့ကြောင့် အမြစ်ခိုင်နေသည့် ပဋိပက္ခ (deep-rooted conflict) ဟု အမည်တွင်နေခြင်းဖြစ်သည်။ အကယ်၍ ပဋိပက္ခသည် အပေါ်ယံဖြစ်ပျက်မှုမျှသာဆိုပါက အပေါ်ယံအဆင့်၌ပင် အလွယ်တကူဖြေရှင်းနိုင်သည်။ သို့သော် အမြစ်ခိုင်နေသည့် ပဋိပက္ခများအတွက်မူ ပဋိပက္ခကိုင်တွယ်စီမံမှုရာတွင် နက်ရှိုင်းမှုရှိရန်လိုအပ်သည်။ လူနာ၏ အပေါ်ယံရောဂါလက္ခဏာများ ကုသသည့် ဆရာဝန်တဦးအနေဖြင့် ခံစားမှုကိုသက်သာစေမည့် ရေတိုကုသမှုကိုသာ ပေးနိုင်ပေမည်။ ရောဂါလက္ခဏာများ၏ အကြောင်းတရားအစစ်အမှန် ကို ရှာဖွေ၍ တိမ်ငုပ်နေသော ရောဂါဝေဒနာကို ကုသသည့် ဆရာဝန်မျိုးမှာမူ လူနာ၏ ရောဂါလုံးဝပျောက်ကင်းရေးအတွက် ရေရှည်အဖြေထုတ်ပေးနိုင်သည်။ ပဋိပက္ခကိုင်တွယ်စီမံမှုတွင်လည်း အပေါ်ယံရောဂါလက္ခဏာအား ကုသသော အပေါ်ယံချည်းကပ်မှုမှနေ၍၊ တိမ်မြုပ်နေသည့် ဝေဒနာများတိုက်ရိုက်ကိုင်တွယ်နိုင်မည့် ပိုမိုနက်ရှိုင်းသောအဆင့်သို့ အာရုံစူးစိုက်မှုပြောင်းပစ်ရန်လိုပေသည်။

ရေတိုရလဒ်များထက် ရေရှည်အကျိုးကို ရှေ့ရှုသော အာရုံစူးစိုက်မှု သို့တည်းမဟုတ် အပေါ်ယံ လက္ခဏာများထက် အခြေခံ အကြောင်းရင်းများ ကို အလေးထားခြင်း သည် ရေတိုဖြစ်စဉ် အတွက်သာမက ရေရှည်အနာဂတ် အတွက်ပါ အရေးပါပေသည်

သို့ရာတွင် အပေါ်ယံရောဂါလက္ခဏာကုသခြင်းသည် ရေတိုကာလအတွင်း ဝေဒနာသက်သာရာသက်သာကြောင်း ဆောင်ရွက်ပေးနိုင်သည့် လူသားဆန်သည့် အပြုအမူတရပ်ဟု မည်သည့်ဆရာဝန်ကမဆို ထောက်ပြငြင်းခုန်ပေလိမ့်မည်။ ရေရှည်ဖြေရှင်းမှုအတွက် စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များ မအောင်မြင်သေးဘဲ ရှိနေချိန်အတွင်း၊ ဖလတာ အပြန်အလှန်အပစ်အခတ်ရပ်စဲခြင်းဖြင့် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် ကာလ အပိုင်းအခြားတိုတိုအတွင်း ရလာမည့် စစ်မှန်သည့် ရေတိုရလဒ်များအပေါ် ရှုတ်ချမှုမလုပ်သင့်ပေ။ အထူးသဖြင့် စိုးရိမ်စရာကောင်းလောင်အောင် အသည်းအသန် ခံစားနေရသည့် အခြေအနေတွင် ရေတိုတန်ဖိုးများကိုလည်း အလေးထားသင့်သည်။ သို့သော် ရိုးရှင်းသည့်အချက်မှာ ရေတိုကာလ နာကျင်မှုသက်သာရာသက်သာကြောင်း ဆောင်ရွက်ချက်ကို ရေရှည်ကာလ ပြင်ဆင်ဆောင်ရွက်ချက်နှင့် မရောယှက်၊ မရှုတ်ထွေးသင့်ပေ။ ဤသည်မှာ ဖိအားများအပေါ် လိုက်လျှောတတ်သည့် နိုင်ငံရေးသမားများနှင့် စေ့စပ်ညှိနှိုင်းသူများကို

### ၁၊ ၅။ ပဋိပက္ခ၏ အစစ်အမှန် အကြောင်း တရားများကို ဆန်းစစ်ခြင်း

အပြစ်တင်ခြင်းမဟုတ်ပေ။ ဖိအားဆိုသည်မှာ နိုင်ငံရေးဘဝ၏ အစိတ်အပိုင်းဖြစ်သည်။ သို့သော်လည်း ဖိအားအခြေအနေများ အတွင်းမှပင် ရေရှည်ကာလဆီသို့ ပိုမိုအာရုံထားလာနိုင်ရန် နှင့် အပေါ်ယံလက္ခဏာမှ အတွင်းကျကျအကြောင်းရပ်များ အပေါ် ပြန်လည်ဖောင်းပေးမှုများ ဖြစ်လာရန် လိုအပ်ကြောင်းကို လက်ခံထားရမည် ဖြစ်သည်။ ထိုကြိုးပမ်းမှုမှာ ရေတိုဖြစ်စဉ်နှင့် ရေရှည်အနာဂတ်နှစ်မျိုးစလုံးအတွက် အရေးကြီးပေသည်။ ထိုသို့ အပြောင်းအလဲလုပ်ရန် ပျက်ကွက်ခြင်းကြောင့် တခုလုံး ဖြစ်စဉ်ကိုရော၊ အနာဂတ်အဖြေအတွက်ပါ မလွဲသာပဲ ပိုမိုခက်ခဲစေသည်။ နောက်ဆုံးတွင် အခြေအနေများသည် ယခင်ကထက်ပင် ပို၍ဆိုးသွားစေနိုင်သည်။ ဤအချက်ကြောင့်ပင် ပြည်တွင်းရော နိုင်ငံတကာဇာတ်ကောင်များအနေဖြင့် လွယ်လွယ်အဖြေရှာသည့် နည်းများထက် ရေရှည်တည်တံ့မှုဦးတည်ချက် အပေါ် အလေးအနက်ထား စဉ်းစားရန် ဖြစ်လာပေသည်။

## ၁၊ ၆ ။ ဖြစ်စဉ်နှင့် ရလဒ်

ဖြစ်စဉ် – ကျွန်ုပ်တို့ အဖြေ မည်သို့ရနိုင်မည်နည်း။

ရလဒ် – ကျွန်ုပ်တို့ မည်သည့် အကြောင်းရာ များကို အဖြေတွင် ထည့်သွင်း စဉ်းစားမည်နည်း။

စေ့စပ်ညှိနှိုင်းမှု ရလာဒ်များအောင်အောင်မြင်မြင်ထွက်ပေါ်လာရန်နှင့် တာရှည်ခံရန် အတွက် ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ် ရေးဆွဲခြင်းမှာ အလွန်အရေးကြီးကြောင်း ဤလက်စွဲ စာအုပ်၏ တတိယမြောက်ခေါင်းစဉ်က ဖော်ပြသည်။ ပြဿနာပြေအေးရေးအတွက် နည်းလမ်းရှာဖွေစဉ်းစားရာတွင် ဖြစ်စဉ်နှင့် ရလာဒ်အကြား ခွဲခြားနားလည်ရန် အရေးကြီးပေသည်။ ဖြစ်စဉ်ဆိုသည်မှာ စေ့စပ်ညှိနှိုင်းမှုနှင့် တွေ့ဆုံဆွေးနွေးရေးတို့၏ အရေးကိစ္စဖြစ်သည်။ အကယ်၍ ပဋိပက္ခတွင်းရှိ အစုအဖွဲ့များအနေဖြင့် အဖြေတရပ်အတွက် အခြေခံအချက်များဆွေးနွေးရန် လိုအပ်လာပြီဆိုပါက၊ ဆွေးနွေးပွဲ ပုံစံကိုမည်သို့ အသေအချာပြင်ဆင်သင့်သနည်းဆိုသည်မှာ မေးခွန်းတရပ်ဖြစ်လာသည်။ ဥပမာအားဖြင့် တတိယကြားအင်အားစု၏ ဝင်ရောက်စွက်ဖက်မှုသည် အသုံးဝင် မည်လော၊ သို့မဟုတ် အနှောက်အယှက်ဖြစ်စေသလော ဆိုသည့် မေးခွန်းမျိုး ဖြစ်လာနိုင်သည်။ တတိယကြားအင်အားစုများ၏ စွက်ဖက်မှုသည် မည်သည့်ပုံစံဖြင့် အသုံးတည့်ခဲ့သနည်း။ ထိုကြားအင်အားစုများအနေဖြင့် ပြီးခဲ့သည့်ကာလများက မည်သို့လုပ်ကိုင်ခဲ့သည် သို့မဟုတ် မည်သည့်အတွက်ကြောင့် လုပ်ကိုင်မှုမအောင် မမြင်ဖြစ်ရသည်၊ စကားပြောဆိုမှုဖြစ်စဉ်အတွင်း မည်သူတို့ ပါဝင်သင့်သည်၊ ခေါင်းဆောင်ပိုင်းများသာ ပါဝင်သင့်သလား၊ အချိန်အကန့်အသတ်ထားရှိခြင်းသည် ဆွေးနွေးမှုဖြစ်စဉ်အတွက် အထောက်အပံ့ဖြစ်နိုင်ခြင်းရှိ မရှိ သို့မဟုတ် အနှောက် အယှက်ဖြစ်မဖြစ်၊ စကားပြောဆိုမှုကို လျှို့ဝှက်ထားသင့် မထားသင့် သို့မဟုတ် လူထုကို အသိပေးသင့်မသင့်၊ စေ့စပ်ညှိနှိုင်းမှုနေရာအခင်းအကျင်းရွေးခြယ်ရာတွင် မည်သည့် အကြောင်းကိစ္စများ ပါဝင်ထည့်သွင်းမည် စသဖြင့် အောင်မြင်မှုရှိသည့်ရလဒ်အတွက် အကောင်းဆုံးမျှော်လင့်၍ အသင့်တော်ဆုံးဖြစ်စဉ်ကို ရေးဆွဲနိုင်ရန် အထက်ပါ မေးခွန်းများနှင့် အခြားဆက်နွယ်မှုရှိသည့် မေးခွန်းအမြောက်အများ လိုအပ်လာသည်။

အဖြေများသည် ဆွေးနွေးပွဲအတွင်း အသေးစိတ်အခြေအနေအပေါ် မူတည်ပေသည်။ ပဋိပက္ခသမိုင်းဆိုင်ရာ – ပဋိပက္ခ၏ အဓိကအကြောင်းရပ်များ – ပါဝင်သူများ – စသဖြင့် ပဋိပက္ခကို ပြန်လည်ဆန်းစစ်၍၊ မိမိအခြေအနေနှင့်ကိုက်ညီမည့် ဆွေးနွေးမှု ဖြစ်စဉ်ရေးဆွဲရန် လိုအပ်သည့်အခြေခံအကြောင်းများကိုလည်း သတ်မှတ်ထားရမည် ဖြစ်သည်။ ကမ္ဘာ့အနှံ့အပြားမှ ပဋိပက္ခများ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ခြုံငုံသုံးသပ် ခြင်းဖြင့် စာဖတ်သူများအနေဖြင့် စဉ်းစားရန်လိုအပ်သည့် အရေးကြီးဆုံး အကြောင်းအချက်များကို ဤစာအုပ်မှ တိုက်ရိုက်လမ်းညွှန်ပြပါသည်။ ထို့မှတဆင့် အသေးစိတ်ခေါင်းစဉ်များနှင့် ဆက်နွယ်သည့် အဖြေများရှာဖွေရန်အတွက်

အထောက်အပံ့ ဖြစ်စေပါမည်။

ဖြစ်စဉ်တခုတွင်အစုအဖွဲ့များအနေဖြင့် ရလာဒ် တခုဖြစ်လာရန် ကြိုပမ်းဆောင်ရွက်သည့် နည်းနာသွင်ပြင်အားလုံး အကျုံးဝင်ပတ်သက်ပါသည်။ အသုံးပြုသည့် ဖြစ်စဉ်ပုံစံသည် ရလဒ်၏အရည်အသွေးအပေါ် သိသိသာသာထင်ဟပ်စေပါသည်။ အထူးသဖြင့် ခြေခြေမြစ်မြစ် ယုတ္တိတန်သော ဖြစ်စဉ်သည် ရလဒ်တရားဝင်မှုဖြစ်စေရန် အထောက်အကူ ပြုလေသည်။ ဥပမာအားဖြင့် ပဋိပက္ခအကျိုးစီးပွားနှင့် ပတ်သက်နေသည်ဟုဆိုသော အစုအဖွဲ့တိုင်းအနေဖြင့် ဖြစ်စဉ်အတွင်းပါဝင်ခွင့်ရှိသည်၊ ထိုအခွင့်အလမ်းအရ သူတို့၏အမြင်များကိုလည်း အခြားဘက်များက တလေးတစားနားထောင်သည်ဟု ခံစားမိပြီး သူတို့အနေဖြင့် ပဋိပက္ခအဆုံးသတ်ပြေလည်စေရေးအထိ ပါဝင်ပြောဆိုခွင့်ရသည်ဟု နားလည်လာပါက အဖြေကောင်းရရေး အတွက် ပိုမိုနီးစပ်လာနိုင်သည်။ ထိုအခြေအနေသည် ပဋိပက္ခပြေလည်စေရေးအတွက် ကြိုးပမ်းအားထုတ်မှုများ ပိုမိုပြုလုပ်စေရန် လှုံ့ဆော်စည်းရုံးပါသည်။ ဆန့်ကျင်ဖက်အားဖြင့် ပြန်တွက်သော် အုပ်စုတစုအနေဖြင့် ဖြစ်စဉ်အတွင်းမှ ဖယ်ရှားခံထားရသည်ဟု ခံစားမိပါက၊ ထိုသူတို့မှာ ပြဿနာပြေလည်ရာဆောင်ရွက်ချက်၏ တရားဝင်မှုအပေါ် မေးခွန်းထုတ်လာနိုင်ဖွယ်ရှိပြီး၊ ထိုဆောင်ရွက်ချက်အပေါ် အနှောင့်အတားဖြစ်စေအောင် အားထုတ်ဖွယ်လည်းရှိသည်။ ထို့ကြောင့် ကောင်းမွန်သောဖြစ်စဉ်သည် ထိရောက်သည့် အလုပ်အတွေ့အကြုံကို ပေးသည်သာမက၊ ရလဒ်အတွက်လည်း အားဖြစ်စေသည်။ ထိုအချက်သည် တာရှည်ခံမြဲသည့် အဖြေအတွက် မရှိမဖြစ်သည့်အရာဖြစ်သည်။

ရလဒ်သည် အဖြေတရပ်ဖြစ်လာရန်နည်းလမ်းအပေါ်တွင် အာရုံမထား၊ အဖြေတခု၏ အတွင်းအနှစ်သာရအပေါ်တွင် အာရုံထားသည်။ ဒီမိုကရက်စီနည်းကျဖွဲ့စည်းမှုနှင့် အသင်းအပင်းများ သည် အောင်မြင်သောရလဒ်တရပ်အတွက် လက်တွေ့ကျသည့် အရာများကို ပေးစွမ်းသည်။ အဘယ့်ကြောင့်ဆိုသော် အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် ဒီမိုကရေစီ၏သဘာဝသည် တာဝန်ခံမှု (accountablily) နှင့် တစိတ်တဝမ်းတည်းသဘောတူညီမှု (consensus) များအတွက် အထောက်အကူပေးသည်။ မှန်ကန်ကောင်းမွန်သောဖြစ်စဉ်အရ ခိုင်လုံယုတ္တိတန်သည့် ရလဒ်ရေးဆွဲခြင်းအား ဖြစပေါ်စေသည်။ နောက်ဆက်တွဲ ထွက်ပေါ်လာသည့်အဖြေအပေါ်တွင်လည်း အစုအဖွဲ့များအပေါ် ဖိစီးမှုလျှော့ကျစေပြီး၊ တရားဝင်လက်ခံနိုင်ဖွယ်ဖြစ်လာသည်။ ညှိနှိုင်းမှုကာလအတွင်း အစုအဖွဲ့များအတွက် မည်သည့်နိုင်ငံရေးပုံစံက အဖြေထုတ်မှု၏ တစိတ်တပိုင်းဖြစ်လာမည်နည်း။ ပြီးခဲ့သည့်ကာလ ပြေလည်မှုများအတွက် ညှိနှိုင်းမှုဖြစ်စေခဲ့သည့် အမျိုးမျိုးသော ဒီမိုကရက်စီအဆောက်အအုံများ(democratic institutions) ကအဘယ်သို့နည်း။ သူတို့၏ အားသာချက်၊ အားနည်းချက်များက မည်သို့နည်း။ ထိုအဆောက်အအုံများ အကောင်အထည်ဖော်ရေး နှင့်အထောက်အပံ့ ဖြစ်စေရေးအတွက် ပြည်ပကိုယ်စားလှယ်များက မည်သည့်အခန်းကဏ္ဍတွင် အသုံးဝင်ခဲ့သနည်း။ သဘောတူညီမှုအတွက် ထိုမေးခွန်းများကို နှစ်ဖက်နှစ်ဖက် အပြန်အလှန် စဉ်းစားခြင်းသည် ခိုင်ခံ့ပြီး တရားမျှတသော ဒီမိုကရေစီအစိုးရစနစ် တည်ဆောက်ရန် အတွက် ပိုမိုကောင်းမွန်သောနည်းလမ်းတရပ် ပေးပါလိမ့်မည်။ ချုပ်ဆိုရလျှင် ခိုင်မြဲသောအဖြေသည် ရလဒ်နှင့်ဖြစ်စဉ် နှစ်ခုလုံးအပေါ်တွင် တည်ပါသည်။

ဤသည်မှာ ဖြစ်စဉ်နှင့်ရလဒ်ပိုင်း လုံးဝကွဲပြားစေရန်အတွက် ပိုင်းခြားသုံးသပ်သည့် လေ့ကျင့်ခန်းတခုဖြစ်သည်။ ထိုသို့ ခွဲခြားခြင်းသည် မတူညီမှုအပေါ် အာရုံးစူးစိုက်ရာတွင် အသုံးဝင်သော နည်းနာတရပ်ဖြစ်သလို၊ ပဋိပက္ခ ကိုင်တွယ်စီမံရာတွင်လည်း အရေးကြီးသော အစိတ်အပိုင်းတရပ်ဖြစ်ပေသည်။ သို့ရာတွင် အမှန်တကယ်တွင်မူ ယင်းအချင်းချင်းမှာ အပြန်အလှန်ဆက်နွယ်ရောယှက်နေပြီး၊ သီးခြားစီ လွတ်လပ်

နေသည်တော့ မဟုတ်ပေ။ အားနည်းသော ဖြစ်စဉ်သည် သဘောတူညီမှုအပေါ် အကြီးအကျယ်အဟန့်အတားပြု ကြန့်ကြာစေသည်။ ရလဒ် မည်သို့ပင် ကောင်းမွန်အောင် ပြင်ဆင်စေကာမူ အဆုံးသတ်ရှုံးနိမ့်မှုသာဖြစ်စေသည်။ အဘယ့်ကြောင့်ဆိုသော် စကားပြောဆိုကြရန် ပြင်ဆင်ခဲ့သည့် နည်းလမ်းများသည် သဘောထားကွဲလွဲမှုများနှင့် သံသယများဖြစ်ပေါ်စေသလို၊ အနိမ့်ဆုံးအားဖြင့် လုပ်ငန်းစဉ်တခုလုံး၏ တရားဝင်မှုအပေါ် အခြားအစုအဖွဲ့များမှ မေးခွန်းထုတ်စရာ ဖြစ်လာစေသည်။ အလားတူလိုပင် ရလဒ်ရေးဆွဲပြင်ဆင်မှုညံ့ပါကလည်း အကောင်းဆုံး ဖြစ်စဉ်ပင်လျှင် အောင်မြင်မှုနှင့် တာရှည်ခံမှုအပေါ် အာမခံချက်မရှိပေ။ ယင်းအခြေအနေတွင် ဆွေးနွေးပွဲဖြစ်စဉ်ကို မျှတအောင် မည်သို့ပင် ပြင်ဆင်ထားကာမူ ယင်းသည် အချို့အစုအဖွဲ့များ၏ အမှန်တကယ်အကျိုးစီးပွားအတွက် ကျေနပ်အောင် လုပ်နိုင်မည်မဟုတ် သို့မဟုတ် အချို့အစုများကို အတင်းအကြပ်ပြုစေခြင်းသာ ဖြစ်ပေမည်။ လက်တွေ့အားဖြင့်မူ စကားပြောဆိုရန်သဘောမတူမီကတည်းက အချို့အစုအဖွဲ့များအနေဖြင့် ရလဒ်၏ကန့်သတ်ချက်ဘောင် မည်မျှကျယ်ပြန့်လိမ့်မည် (broad parameters of the outcome) ဆိုသည့်အပေါ် အာမခံချက်များ လိုချင်ကြလိမ့်မည်။

စာဖတ်သူများလေ့လာခဲ့ကြသည့် ပဋိပက္ခအခြေအနေ အများအပြားသည် တတိယကြားအင်အားစု၏ ဝင်ရောက်စွက်ဖက်မှု သို့မဟုတ် ကြားဝင်စေ့စပ်မှု ပုံစံတိုးများလာခြင်းဖြင့် နိုင်ငံတကာမိသားစု၏ အာရုံစိုက်မှုကို ဖြစ်ပေါ်စေပြီး ပါဝင်ပတ်သက်ရန်လည်း ဆွဲဆောင်လျှက်ရှိသည်။ ဤသည်မှာ တန်ဖိုးထားမှတ်သားစရာဖြစ်သည်။ တတိယကြားအင်အားစု၏ ဝင်ရောက်စွက်ဖက်မှုသည် ပဋိပက္ခအခြေအနေတွင် ထင်ရှားသိသာစွာ အထောက်အပံ့ဖြစ်နိုင်သည်ကို လာမည့် အခန်း(၃)တွင် အသေးစိတ်ဖော်ပြထားသည်။ သို့သော် ထိုအချက်သည် အန္တရာယ်လည်းဖြစ်နိုင်ကြောင်း အစုအဖွဲ့များအနေနှင့် သတိထားသင့်သည်။ တတိယကြားအင်အားစုအနေဖြင့် ယင်း၏ကိုယ်ပိုင်အစီအစဉ်များ (own agendas) သယ်ယူလာတတ်သည်။ သို့တည်းမဟုတ် သူတို့၏ ကိုယ်ပိုင် ခိုင်လုံသည့်အကျိုးစီးပွားများ (own substantive interests)သယ်ယူလာတတ်သည်။ သို့မဟုတ် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဦးဆောင်ညွှန်ကြားသူများ အဖြစ် နိုင်ငံတကာ၏ ထောက်ခံသြဘာပေးမှု ဂုဏ်သိက္ခာကို လိုလား၍လည်း ဖြစ်နိုင်သည်။ ကြားဝင်ညှိနှိုင်းသူများအနေဖြင့် ဖြစ်စဉ်အတွင်း ရလဒ်ဆုံးရှုံးနစ်နာမှုအပေါ် အာရုံစိုက်လွန်းပြီး၊ အသင်းအပင်းဆိုင်ရာရွေးချယ်မှုနှင့် ဆက်နွယ်သည့် ကျွမ်းကျင်မှုလိုအပ်ချက်အပေါ် လစ်ဟာတတ်လေ့လည်း ရှိသည်။ အင်အားကြီးသော ကြားဝင်စွက်ဖက်သူများအနေဖြင့် အခြေခံကျသည့်အကျိုးစီးပွားများမပါသည့် အပေါ်ယံ သဘောတူညီမှုအတွက် အစုအဖွဲ့များကို အတင်းအကြပ်တွန်းပို့ရန် ကြိုးစားခြင်းမျိုးလည်း ရှိသည်။ သို့အတွက်ကြောင့် အနာဂတ်အတွက် ပြဿနာရပ်များ စုပုံထားသလိုဖြစ်လာနိုင်သည်။

ဆွေးနွေးညှိနှိုင်းမှု တခုမှ ရလဒ် အဖြေ ထွက်သင့်သည် မှန်သော်လည်း ယင်းရလဒ်သည် အရှည်တည်တံ့ပြီး တည်ငြိမ်မှု ပေးစွမ်းရှိသည့် အဖြေမျိုးဖြစ်ရန် ထိန်းညှိပေးရန် အရေးကြီးပါသည်။ တနည်းအားဖြင့် ဆိုသော် ရေတို နှင့် ရေရှည် ဦးတည်ချက်များ အကြား ဟန်ချက်ညီရန် ဖြစ်သည်။

## ၁၊ ၇ ။ အမျိုးသမီးများ ပါဝင်ခွင့်ကို အမြင့်ဆုံးဖြစ်ရန် ကြိုးပမ်းခြင်း

ပဋိပက္ခအားလုံးတွင်၊ အထူးသဖြင့် နက်နက်ရှိုင်းရှိုင်းတိမ်ဝင်နေသည့် မျိုးနွယ်စု လက္ခဏာဖော်ပြချက် အကြောင်းအရာများ လွှမ်းမိုးနေတတ်သည့် ပဋိပက္ခများတွင်၊ လူ့အဖွဲ့အစည်းအတွင်းမှ အားအနည်းဆုံးသူများသည် ဒုက္ခအခံရဆုံး သားကောင်များ ဖြစ်သည်။ အရေအတွက်နည်းပါးသည့်လူမျိုးစုများ၊ ဌာနေတိုင်းရင်းသားများ စသဖြင့် အပယ်ခံလူမှုအုပ်စုများကို အထိအခိုက် အများဆုံးဖြစ်စေသည်မှာ ခေတ်ပြိုင် ပြည်တွင်း ပဋိပက္ခများ၏ လက္ခဏာရပ်တခုဖြစ်သည်။ အချို့ပဋိပက္ခများတွင် ဤကဲ့သို့သော

အုပ်စုမျိုးကို တွေ့ရသည်။ ဥပမာအားဖြင့် ကားဒစ်လူမျိုးများကို ကမ္ဘာပေါ်တွင် အများဆုံး တိုင်းပြည်မဲ့လူမျိုးစုများဟု ဖော်ပြလေ့ရှိပြီး၊ အသုံးချခံ သားကောင်များအဖြစ် တိုက်ရိုက်စော်ကား ခံကြရသည်။

ထိုနည်းတူစွာပင် ခေတ်ပြိုင်ပြည်တွင်းပဋိပက္ခအားလုံးနီးပါးတွင် ယေဘုယျ သဘောအားဖြင့် အရပ်သားများ – အထူးသဖြင့် အမျိုးသမီးနှင့် ကလေးငယ်များ– မှာ ထိခိုက်ဒဏ်ရာရမှု အချိုးအစားများပြားသည်ကို အထင်အရှား တွေ့ရသည်။ ဤသည်မှာ လိင်ကွဲပြားမှုဆိုင်ရာအကြောင်းရပ် (gender issues) ဖြစ်ပြီး၊ အထူး အားဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အဓိက နားလည်ရမည့် အချက် တရပ်လည်း ဖြစ်သည်။ ယနေ့ကာလပဋိပက္ခများအတွင်း ကျူးကျော်သူများနှင့် သူတို့ကို ပြန်လည်တိုက်ခိုက်သည့် စစ်တပ်များအကြား အဓိကအများစုလွှမ်းမိုးထားသည်မှာ ယောကျ်ားသားများဖြစ်ကြသည်။ အရပ်သားသေကြေပျက်စီးမှုများဟုဆိုရာတွင် ပဋိပက္ခ၏နောက်ဆက်တွဲဖြစ်ရပ်များကို ဒဏ်ခံရလေ့ရှိသည်မှာ အမျိုးသမီးများ ဖြစ်လေ့ ရှိသည်။ ထိုသို့ပဋိပက္ခများကြောင့် ကလေးငယ်များအပေါ် ဆိုးကျိုး သက်ရောက်မှုလည်း ဖြစ်စေသည်။ ဤနေရာတွင်လည်း မိခင်များကသာ ပိုမိုဒဏ်ခံရလေ့ရှိသည်။

ထို့ကြောင့် အကြမ်းဖက်လူမျိုးစုပဋိပက္ခများမှ လွှန်မြောက်ပြီး ဒီမိုကရေစီ ပြန်လည် တည်ဆောက်ရေး အဆင့် ကြိုးပမ်းရာအဆင့်တွင် ဖြစ်နိုင်သမျှအားဖြင့် အမျိုးသမီးများ ပါဝင်လာရန်မှာ အဓိက ကျပေသည်။ တကယ်တမ်းအားဖြင့်မူ အဖြစ်အပျက်အတော် များများတွင် ထိုသို့ ဖြစ်မလာခဲ့။ ပဋိပက္ခကို စတင်သူများမှာ ပဋိပက္ခအဆုံးသတ်ရန် စေ့စပ်ညှိနှိုင်းသူများ အဖြစ် ပြန်ဖြစ်လာတတ်သည်။ ထိုအချက်မှာ ပြေလည် အေးချမ်းမှုများ ရေရှည် တည်မြဲရေး အတွက် အန္တရာယ်ဖြစ်တတ်သည်။ အဘယ်ကြောင့်ဆိုသော် ညှိနှိုင်းဆွေးနွေးနေစဉ်အတွင်း အရေးပါသည့် သဘောထား အသံများနှင့် အကျိုးစီးပွားများကို မကြားမသိရှိနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ် အခြေအနေရပ်တိုင်းတွင် အမျိုးသမီးများလည်း ပါဝင်ခွင့်ရှိမည့် လိင်ကွဲပြားခြင်းဆိုင်ရာကိစ္စကိုလည်း အလေးထားစဉ်းစားရပေမည်။

ဥပမာအားဖြင့် အကြိုညှိနှိုင်းမှုအဆင့်တွင် နယ်မြေအရပ်ရပ်နေလူထုအားလုံးကို အသိအမှတ်ပြုရန် နှင့် ဖြစ်စဉ်အတွင်း ထိုသူတို့၏ပါဝင်ခွင့်ကို ဖြစ်နိုင်သမျှ ချဲ့ထွင်ရန်မှာ အရေးကြီးသည်။ စေ့စပ်ညှိနှိုင်းမှုအချိန်အခါ ရောက်ရှိချိန်တွင်လည်း အမျိုးသားများ လွှမ်းမိုးနေရာယူထားခြင်း၊ အမျိုးသမီးများကို ဆွေးနွေးပွဲဖြစ်စဉ်မှဖယ်၍ လေ့လာသူများ အဖြစ်ထားခြင်းထက် – အကြောင်းအရာအလိုက်ဆွေးနွေးမှုတိုင်းတွင် အမျိုးသား အမျိုးသမီး တန်းတူဖြစ်နေစေရန် လိင်ကွဲပြားမှုကိစ္စကို အလေးထားဆွေးနွေးခြင်း၊ သို့တည်းမဟုတ် စေ့စပ်ညှိနှိုင်းမှုတွင် အစုအဖွဲ့များမှ အမျိုးသမီး ကိုယ်စားလှယ်များ ထားရှိခြင်းတို့မှာ မရှိမဖြစ်လိုအပ်သည့်အချက်များဖြစ်သည်။ အကောင်အထည်ဖော်ရေး အဆင့်တွင်လည်း နိုင်ငံရေးအသင်းအဖွဲ့အားလုံးရော တခုချင်းအနေဖြင့်ပါ အမျိုးသား အမျိုးသမီးလိင်ကွဲပြားမှုဆိုင်ရာကိစ္စများတွင် ပူးတွဲ၍ တန်းတူရေးအပေး ကျယ်ကျယ်ပြန့်ပြန့် တင်ပြဆွေးနွေးရန် လိုအပ်သည်။ နိုင်ငံရေး အသင်းအပင်းများ စုဖွဲ့မှုအတွက် ပြင်ဆင်နေချိန်အတွင်း လိင်ကွဲပြားခြင်း ဆိုင်ရာနှင့် တန်းတူရေးကိစ္စရပ်များ အပေါ် အလေးအနက်ထားခြင်းကဲ့သို့သော ကျယ်ပြန့်ကြီးမားသည့်အဆင့် (macro level) နှင့် လိင်တန်တူရေးအပေါ် အသေးစိတ်ယန္တယားများ တည်ဆောက်ခြင်းကဲ့သို့ သေးငယ်သည့်အဆင့် (micro level) တွင်ပါ လုပ်ဆောင်နိုင်ပေသည်။ ဤကိစ္စနှင့် ပတ်သက်၍ အခန်း(၄)တွင် အကျယ်တဝင့် လေ့လာနိုင်သည်။

ထိုသို့ယန္တယားတည်ဆောက်မှုလုပ်ငန်းများအပြင် စေ့စပ်ညှိနှိုင်းရေး ဖြစ်စဉ် လုပ်နေစဉ်တွင်လည်း အမျိုးသမီးများပါဝင်ပတ်သက်မှု၏ အရေးပါခြင်းကို အသိအမှတ်

ပြုရန်လိုပေသည်။ အဘယ့်ကြောင့်ဆိုသော် အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်ကို တနည်းတလမ်း ဆောင်ရွက်နိုင်သောကြောင့်ပင် ဖြစ်သည်။ အမျိုးသမီးများအနေဖြင့် သူတို့၏အတွေ့အကြုံ၊ တန်ဖိုးထားမှုနှင့် ဦးစားပေးဆောင်ရွက်မှုအရ ဖြစ်စဉ်နှင့်ရလဒ်နှစ်ခုလုံးအတွက် တန်းဖိုးကြီးပြီး အရေးပါသော ရှုဒေါင့်အမြင်များကို ဆောင်ကျဉ်းပေးနိုင်သည့်အတွက် စေ့စပ်ညှိနှိုင်းရေး စားပွဲတွင် အမျိုးသမီးများပါဝင်သင့်ခြင်းဖြစ်သည်။

## ၁၊ ၈ ။ ရေတို၊ ရေရှည် စီမံကိန်း ရေးဆွဲခြင်း

ပဋိပက္ခလွန်ကာလ ဒီမိုကရေစီနည်းကျ ငြိမ်းချမ်းမှုတည်ဆောက်ရေးစီမံမှု ဟူသည်မှာ အမှန်စင်စစ် နိုင်ငံရေးအရ အချိန် ခွဲခြားစီမံမှု (management of political time) တခုပင် ဖြစ်သည်။ ယင်းကာလမှာ ရှုတ်ထွေးပြီး အလွန်တရာလည်း မတည်ငြိမ်သည့်– အခြေအနေ ကာလတရပ် ဖြစ်သည်။ ငြိမ်ချမ်းရေး စေ့စပ်ညှိနှိုင်းမှုစတင်သည့်အချိန် တခဏတွင်းမှာပင် ဖြစ်နိုင်သမျှ မြန်မြန်ဆန်ဆန်သဘောတူညီမှုရလာရန်အတွက် ဆွေးနွေးပွဲအတွင်း ပါဝင်သူများအပေါ် ဖိအားများ ဖက်ပေါင်းစုံမှ ဖြစ်လာတတ်သည်။ ထိုဖိအားများ အပေါ် မထိန်းနိုင်မသိမ်းနိုင် ဖြစ်လာတတ်သည်။ အချိန်ကာလသည်လည်း အလွန်တရာ အကန့်အသတ်ဖြစ်လာနိုင်သည်။ မြန်မြန်ဆန်ဆန်အဖြေများထွက်လာရန် နိုင်ငံရေးတောင်းဆိုမှုများ အလွန်တရာမြင့်တတ်လာနိုင်သည်။ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေသည့် အခြေအနေတစုံတရာအောက်တွင် အသက်ပေါင်းများစွာမှာ လောင်းကြေးထပ်နေရသကဲ့သို့ရှိသည်။ ဤအခြေအနေများအောက်တွင် ရလဒ်အပေါ် အာရုံထားလွန်းခြင်းကြောင့် အပေါ်ယံအောင်မြင်မှုများကိုသာ ရယူရန် ဆွဲဆောင် တတ်သည်။ သဘောတူညီမှုတခုခု ရရှိရေးမှာ (မည်သည့်သဘောတူညီမှုဖြစ်စေ) သဘောတူညီချက်၏ အကျိုးကျေးဇူး အရည်အသွေးထက်ပို၍ အရေးပါလာသည်။ အထူးသဖြင့် ခိုင်ခံ့တောင့်တင်းမှု တာရှည်ခံမှုဆိုသည့် အရေးကြီးသည့် အရာများထက် ဖြစ်ပြီးရော ဟူသည့် ဆန္ဒမျိုး ဖြစ်သည်။ ရေတိုကာလ လက်တွေ့အကျိုးဖြစ်စေသော နည်းလမ်းများအတွက် ရေရှည်တည်ငြိမ်မှုကို စွန့်လွှတ်လာကြသည်။ ထိုဖိအားများသည် နေရာဘက်ပေါင်းစုံမှ ဖြစ်လာနိုင်သည်။ စကားပြောဆိုမှုအတွက် အကန့်အသတ် ဆောင်သည့် အခွင့်အလမ်းများ၊ မြန်မြန်ဆန်ဆန်အဖြေထုတ်နိုင်ခြင်းမရှိခင် ပျက်စီးသွားနိုင်သည့် မခိုင်မာသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ၊ မိမိကိုယ်ပိုင်အကျိုးစီးပွားရှိနေသည့် ပြင်ပ ဇာတ်ကောင်များ၏ လွှမ်းမိုးမှု၊ မြန်မြန်ဆန– ဆန်တိုးတက်မှုရှိရန် သို့ အာမခံချက်ရှိရန် တောင်းဆိုနေသော လူထုပရိတ်သတ်၏ သည်းခံမှုနည်းးပါးလာခြင်း၊ စစ်ရေးကိစ္စ စီးပွားရေးလိုအပ်ချက်နှင့် ဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်ကိစ္စများ စသဖြင့် ဖိအားအမျိုးမျိုးဖြစ်လာနိုင်သည်။

ထိုဖိအားများမှာ အမှန်တကယ်ဖြစ်လာတတ်ပြီး လွန်ဆန်ရန် ခက်ခဲပေသည်။ မည်သို့ဆိုစေကာမူ တွေ့ဆုံဆွေးနွေးမှုအဆင့်ကာလအတွင်း အချိန်ယူနိုင်မှုသည် နောက်ပိုင်း ဖြစ်စဉ်များအတွက် အောင်မြင်မှုဖြစ်စေပါသည်။ ရုတ်ချည်း ဖြစ်ပေါ်လာသည့် အခြေအနေရပ်များ အပေါ် အဖြေထုတ်ရန်အတွက် အရေးပေါ်ဖိအား များရှိလာ တတ်သည်။ အခြားတဖက်တွင်လည်း ရေရှည်တည်ငြိမ်မှုရှိပြီး ခိုင်မြဲသည့် ရလဒ်များဖြစ်လာရန် အချိန်ကာလတရပ် လိုအပ်သည်။ ထို့ကဲ့သို့ အရေးပေါ်ဖိအားနှင့် ရလဒ်ရေရှည်တည်ငြိမ်ရေးအတွက် လိုအပ်သည့် အချိန်ကာလအကြား အလျှော့အတင်း ညှိနှိုင်းမှု လုပ်ရလေ့ရှိသည်။ ပဋိပက္ခကိုင်တွယ်စီမံမှုတွင် အနှေး–အမြန်ချည်းကပ်မှု (slow-fast approach) မှာ သဘောတူညီချက်၏ ပဌာမအဆင့်တွင် လိုအပ်သမျှကို တတ်နိုင်သရွေ့အချိန်ယူဆောင်ရွက်ပြီး၊ ထိုမှတဆင့် ဖြစ်နိုင်သမျှ ပြည်စုံကျယ်ပြန့်စေပြီး

အသေးစိတ်ကျသော သဘောတူညီမှုများရလာနိုင်ရန် တဆင့်ချင်း ချည်းကပ်သွားရန် ဖြစ်သည်။ သို့မှသာ သဘောတူညီချက်များအကောင်အထည်ဖော်သည့် အဆင့် နောက်ပိုင်းတွင် အရှိန်မြှင့်သွားနိုင်မည်ဖြစ်သည်။ နှိုင်းယှဉ်ချက်အားဖြင့် သဘောတူညီမှု အများအပြားမှာ အမြန်–အနှေး ပုံစံ (fast-slow mode)သို့ ပြောင်းပြန် ဖြစ်သွားတတ်သည်။ အလုပ်ဖြစ်ရေးကို ဦးစားပေးကြ၍ အစုအဖွဲ့များအကြား စေ့စပ်ညှိနှိုင်းမှုအဆင့်ဆင့်ကို အလျင်စလို ဖြတ်ကျော်သွားပြီး သဘောတူညီမှု တခုခု ရရေးကို ဇောင်းပေးဆောင်ရွက်တတ်သည်။ ထိုသို့ဖြင့် အကောင်အထည်ဖော်ရေး အဆင့်ကို နှေးကွေးစေသည်။ သို့တည်းမဟုတ် အကောင်အထည်ဖော်ရေးအပိုင်းကို အနှောက်အယှက်ပြုသည့် ပြဿနာရပ်များ ကျန်နေရစ်သည်။

ထိုသို့ အမြန်–အနှေးချည်းကပ်မှု ကို ဥပမာပြရလျှင် ၁၉၉၅ခုနှစ် နိုဝင်ဘာလက Dayton မြို့ ညှိနှိုင်းဆွေးနွေးပွဲတွင် အိမ်ရှင်အမေရိကန်ပြည်ထောင်စုက ဘော့စတီးနီးယား ခေါင်းဆောင်များကို ပြင်းထန်သည့်ဖိအားပေးခဲ့စဉ်ကအခြေအနေကို ထောက်ပြရမည်။ ဘော့စတီးနီးယား၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အန်ယာလန်တွင် စေ့စပ်ညှိနှိုင်းရေးအောင်မြင်မှုပြနိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စု၊ အထူးသဖြင့် အိမ်ဖြူတော်တွင် ပြင်းထန်သည့်ဆန္ဒရှိခဲ့သည်။ ဤသည်မှာ အမေရိကန်ပြည်ထောင်စု၏ သိသာထင်ရှားသည့် စေ့ဆော်မှုတရပ်ဖြစ်သည်။ ဘော့စတီးနီးယားအစုအဖွဲ့များ၏ ပြည်တွင်းပရိသတ်၏ ဆန္ဒစွဲ ကို ဇောင်းပေးသော စေ့ဆော်မှုကလည်း သဘောတူညီမှု တခုခုရလာစေရန် တွန်းအားပေးခဲ့သည်။ ထိုအစီအစဉ်သည် ရက်စက်ပြီး အကြီးအကျယ် ပျက်စီးဆုံးရှုံးစေသောစစ်ပွဲအဆုံးသတ်ရေးအတွက် အဓိကလိုအပ်ချက် လည်းဖြစ်လာသည်။ ထိုမှတဆင့် ဒေတွန်ရှိ ဘော့စတီးနီးယားခေါင်းဆောင် ၃ ဦးနှင့် ဘော့စတီးနီးယားကိုယ်စားလှယ်အဖွဲ့ကို သဘောတူညီချက်လက်မှတ်မထိုးအချင်း မထွက်ခွာနိုင်ရန် ပြင်းထန်သည့် ဖိအားသက်ရောက်မှုများ ဖြစ်လာခဲ့သည်။ ဒေတွန် ငြိမ်းချမ်းရေးသဘောတူညီချက်ရလဒ်သည် ဘော့စတီးနီးယားပဋိပက္ခကို ပြည့်စုံကျယ်ပြန့်အောင် ပြေလည်ရေးအတွက် အခြေခံဘောင်ချမှတ်နိုင်ခဲ့သည်ဟု ဆိုကြသည်။ သို့ရာတွင် သဘောတူညီချက်ကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ရသည့်အတွက်ကြောင့် အသေးစိတ်ကိစ္စအများစုမှာ သတိမမူပဲ ကျော်လွှား ခဲ့ရသည်။ အကျိုးဆက်အားဖြင့် ရေတိုကာလ အဖြေအတွက် ရေရှည်ကာလ အစီအမံများကို စွန့်လွှတ်ရတော့သည်။ စေ့စပ်ညှိနှိုင်းမှုအဆင့်၌ အဖြေတရပ် မြန်မြန် ဆန်ဆန် ထွက်လာရန် မရမကတောင်းဆိုခြင်းသည် ပြဿနာရပ်များစွာ စုပုံစေခဲ့သလို၊ သဘောတူညီမှုများအကောင်အထည်ဖော်ရေးအပိုင်း၌ ထိုပြဿနာများကြောင့် အဟန့်အတားနှောက်နှေးမှုများဖြစ်စေသည်။ အခြားတဖက်တွင်မူ ကြီးမားသည့် အောင်မြင်မှု တရပ်အနေဖြင့် စစ်ပွဲနှင့် သတ်ဖြတ်မှုများကို ဟန့်တားနိုင်ခဲ့သည်။ ဤသည်ကိုထောက်၍ ထိုချည်းကပ်မှုနှစ်ခုကို ဖြစ်နိုင်သမျှ ဟန်ချက်ထိန်းထားရန် လိုအပ် ပေသည်။ သို့သော် ဤချည်းကပ်မှုနှစ်ခုကို လိုအပ်သလို သီးခြားစီ အထူးပြု ဆောင်ရွက်ခြင်း မလုပ်သင့်ပေ။

အချို့အရေးကြီးသည့်နည်းနာများတွင် ၁၉၉၀ခုနှစ်အစောပိုင်းက တောင်အာဖရိက ဖွဲ့စည်းပုံညှိနှိုင်းရေးသည် အနှေး–အမြန် ချည်းကပ်မှု (slow-fast approach)၏ အောင်မြင်သော ဥပမာတရပ်ဖြစ်ပေသည်။ စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်သည် အချိန်ကာလ အားဖြင့် ဒုက္ခသုက္ခခံ၍ နှေးနှေးကွေးကွေးသွားခဲ့ရသည်။ အထူးသဖြင့် ညှိနှိုင်းပွဲအတွင်း ပါဝင်သည့် အုပ်စုများနှင့် ဂိုဏ်းကွဲအစုများ အကြား ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေရေး အတွက်ဖြစ်သလို၊ ရှုတ်ထွေးသည့်အကြောင်းရပ်များကြောင့်လည်း ဖြစ်သည်။ အဓိက ပါဝင်သူများ ဖြစ်သည့် အစိုးရနှင့် အာဖရိက အမျိုးသားကွန်ဂရက်တို့အကြား

## ၁၊ ၈။ ရေတိုရေရှည် စီမံကိန်းရေးဆွဲခြင်း

ရလဒ်တရပ်ကို ပို၍လျှင်လျှင်မြန်မြန် ရေးဆွဲနိုင်ခဲ့သလို၊ အနာဂတ် အဖြေထုတ်ညှိနှိုင်းရန် အတွက် အချို့သော အခြေအနေလက္ခဏာများ ထားရစ်ခဲ့သည်။ သို့သော်လည်း အစုအဖွဲ့အများအပြားအကြား ငြိမ်းငွေ့စရာ မပြီးမသတ်နိုင်သည့် စကားပြောဆိုမှုများနှင့် ဆွေးနွေးစရာအကြောင်းရပ်များ အမျိုးမျိုးဖြစ်နေသည့်အတွက် ညှိနှိုင်းဆွေးနွေးမှု အဆင့်မှာ အလွန်တရာနေးကွေးခဲ့ရသည်။ သို့သော်ထိုအချက်သည် နောက်ပိုင်း အကောင်အထည်ဖော်ရေးအဆင့်အတွက် စဉ်းစားစရာအကျိုးကျေးဇူးများ ပေးခဲ့သည်။

သီအိုရီအရဆိုပါက၊ ပဋိပက္ခအတွင်းပါဝင်သည့်အစုအဖွဲ့များအတွက် အနှေး–အနှေးချည်းကပ်မှု (slow-slow approach) သည် မက်စရာစည်းစိမ် (luxury) မျိုးဖြစ်တတ်သည်။ ဤသည်မှာ စိတ်ကူးယဉ်စံပြလောကတွင် ဖြစ်ကောင်းဖြစ်နိုင်သည်။ ထိုသို့ချည်းကပ်မှုအတွင်း ဖြေရှင်းရေးဖြစ်စဉ်၏အဆင့်တိုင်းသည် အသေးစိတ်တိုင်း အတွက် လုံလောက်သည့်အချိန်ကာလ ရှိတတ်သည်။ သို့သော် ထိုသို့ အခွင့် အရေးမျိုးမှာ ရံဖန်ရံခါသာ ရရှိနိုင်သည်။ တကယ်တမ်းအားဖြင့်မူ မကြာခဏ ကြုံရတတ်သည့် ဖိအားသည် အမြန်–အမြန်ချည်းကပ်မှု အတွက်သာဖြစ်သည်။ ထို ချည်းကပ်မှုမှာ အဆိုး အဖြစ်နိုင်ဆုံး လမ်းကြောင်းတခုဖြစ်သလို၊ ပဋိပက္ခ ကိုင်တွယ်စီမံမှုဖြစ်စဉ်၏ သွင်ပြင်ရပ်တိုင်းအတွက် မျှမျှတတ ရှိစေရန်လည်း အချိန် မပေးချေ။ အနှေး–အနှေးချည်းကပ်မှု နှင့် အမြန်–အမြန် ချည်းကပ်မှုနှစ်ရပ်စလုံးမှာ လိုလားလက်ခံဖွယ်မရှိသလို၊ အကျိုးဖြစ်ထွန်းဖွယ်လည်းမရှိသည့် အစွန်း ရောက်မှုမျိုး ဖြစ်သည်။ ထိုအစွန်းရောက်မှုမျိုးကို ရှောင်ရှားခြင်းဖြင့် အမြန်–အနှေး နှင့် အနှေး–အမြန် ချည်းကပ်မှု နှစ်ခုအကြား တင်းမာမှုကို သေချာစွာ ဂရုပြုရမည်ဖြစ်သည်။ အနှေး–အမြန်ချည်းကပ်မှု၏ ရေရှည်တန်ဘိုးကို အလေးပေးရမည်ဖြစ်သည်။

ဆွေးနွေးမှုတိုင်းတွင် ရလဒ်ရေရှည်တည်တံ့မှုနှင့် တည်ငြိမ်မှုမှာ အဓိက လိုအပ်ချက် တရပ်ဖြစ်သည်။ ညှိနှိုင်းဆွေးနွေးရာတွင် ထိုရေရှည်အမြင်ကို ပစ်ပယ်ပြီး ရေတို အဖြေထုတ်ရေး အတွက် လိုအပ်ချက်များဖြစ်ပေါ်လာသည့်အပေါ် ထိန်းကျောင်း သွားရန်လိုပေသည်။ တနည်းအားဖြင့် ရေတိုနှင့်ရေရှည်ရည်မှန်းချက်များကို ထိန်းညှိရန်ဖြစ်သည်။ ထို့ကြောင့် အပြန်အလှန်အပေးအယူစေ့စပ်မှု (compromise) တရပ်သည် လက်ရှိအရေးပေါ်အခြေအနေများကြောင့် အကောင်းဆုံး အအောင်မြင်ဆုံး ဖြစ်မည့် ရလဒ်မျိုး ဖြစ်သော်လည်း၊ ယင်းအပေးအယူများသည် အနာဂတ် ခိုင်မြဲရေးအတွက် လွန်စွာအားနည်းမှုများ ဖြစ်လေ့ရှိကြောင်း သာဓကများ ရှိပေသည်။ ယင်း၏အကျိုးဆက်မှာပြဿနာများကို ဖြေရှင်းခြင်းထက် ရွှေ့ဆိုင်းဆောင်ရွက် သွားရန် ပိုမိုအားသန်လာကြသည်။ အကြံပေးရန်အခက်အခဲရှိသည်ကို နားလည်ရချိန်တွင် ပြင်ဆင်ရေးဆွဲရေးအဆင့်အတွင်း အနာဂတ်ဖြစ်နိုင်ချေဆုံးဖြတ်ချက်အဖြေအတွက် အားကောင်းကောင်းစဉ်းစားဆင်ခြင်မှုပြန်ရရန် တကမ္ဘာလုံးမှလာသည့်အတွေ့အကြုံက အကြိမ်ကြိမ်အဖန်ဖန်သင်ကြားပေးသည်။ အစောပိုင်းမှစ၍ စေ့စပ်ညှိနှိုင်းမှုအဆင့် သေးစိတ်ကို ဂရုစိုက်ခြင်းသည် အကောင်အထည်ဖော်ရေးဆိုသည့် နောက်ဆက်တွဲ အဆင့်များအတွက် အချိန်များစွာ သက်သာစေသလို ဖြေရှင်းမှုတခုလုံးကိုလည်း လွယ်ကူချောမွေ့သွားစေနိုင်သည်။

### REFERENCES AND FURTHER READING

Diamond, Larry, Juan Linz and Seymour Martin Lipset. 1995. Politics in Developing Countries: Comparing Experiences with Democracy. Boulder and London: Lynne Reiner Publishers.

Gurr, Ted Robert. 1993. Minorities at Risk: A Global View of

Ethnopolitical Conflicts. Washington, DC: United States Institute of Peace Press.

Huntington, Samuel P. 1991. The Third Wave: Democratization in the Late Twentieth Century. Norman and London: University of Oklahoma Press.

Przeworski, Adam. 1991. Democracy and the Market: Political and Economic Reforms in Eastern Europe and Latin America. Cambridge: Cambridge University Press.

Ramsbotham, Oliver and Tom Woodhouse. 1996. Humanitarian Intervention in Contemporary Conflict: A Reconceptualisation. Cambridge: Polity Press.

Ray, James Lee. April 1997. The Democratic Path to Peace , Journal of Democracy, vol. 8, no. 2, pp. 49 64.

Reid, Ann. 1993. Conflict Resolution in Africa: Lessons from Angola , INR Foreign Affairs Brief. Washington DC: Bureau of Intelligence and Research, U.S. Department of State, April 6.

Seybolt, Taylor B. y Uppsala Conflict Data Project. 2000. Major Armed Conflicts , in SIPRI Yearbook 2000: Armaments, Disarmament and International Security. Oxford: Oxford University Press for SIPRI.

Sollenberg, Margareta. ed. 1997. States in Armed Conflict 1996. Report no. 46. Uppsala, Sweden: Uppsala University, Department of Peace and Conflict Research.

အမြစ်ခိုင်နေသည့်
ပဋိပက္ခများကို
ဆန်းစစ်ခြင်း

# အခန်း ၂

**ပဋိပက္ခအများစုတွင် မတူညီသော အင်အားစုများ၏ ရှုပ်ထွေးသော အပြန်အလှန် အားပြိုင်မှုများ ရှိတတ်သည်။ ဖြစ်ပေါ်နေသော အခြေအနေတရပ်၏ လိုအပ်ချက်များကို ရှေ့ရှုသည့် ကောင်းမွန်သည့် အခြေခံအဆောက်အအုံများ ကို တည်ဆောက်ရန် အရေးကြီးပေသည်။**

ပဋိပက္ခအများစုတွင် မတူညီသော အင်အားစုများ၏ ရှုပ်ထွေးသော အပြန်အလှန် အားပြိုင်မှုများ ရှိတတ်သည်။ ဖြစ်ပေါ်နေသော အခြေအနေတရပ်၏ လိုအပ်ချက်များကို ရှေ့ရှုသည့် ကောင်းမွန်သည့် အခြေခံအဆောက်အအုံများ ကို တည်ဆောက်ရန် အရေးကြီးပေသည်။

ပြဿနာဖြေရှင်းမှုအတွက် ပထမအဆင့်မှာ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းဖြစ်သည်။ ဤအခန်းတွင် ပြဿနာအလုံးစုံကို ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်မည့် ဖြစ်စဉ်တခု ပြဿနာကို ယေဘုယျအားဖြင့် မည်သို့ဖော်ပြသနည်း ဟူသော မက်ကရိုအမြင် မှသည် ပြဿနာ၏ အစိတ်အပိုင်းတခုချင်းစီအား အသေးစိတ်လေ့လာနိုင်မည့် မိုက်ကရိုအမြင် များကို အသေးစိတ်တင်ပြထားပါသည်။


၂။၁-၂။၅။ အမြစ်ခိုင်နေသည့် ပဋိပက္ခများ၏ သဘာဝနှင့်ယင်းတို့အပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း ဆိုင်ရာအမြင်များ

၂။၆။ ပဋိပက္ခတရပ်ကို ပိုင်းခြားခွဲဖြာဆန်းစစ်သည့် ဖြစ်စဉ်

၂။၇။ ပဋိပက္ခနှင့် ဆိုင်သော အချက်အလက်အားလုံးကို ခွဲခြမ်းစိတ်ဖြာရန်အတွက် အချက်အလက်များ

၂။၈။ ခွဲခြမ်းစိတ်ဖြာနိုင်သော ရမြင်ချက်များ

၂။၉။ နိဂုံး


စာပုံး ၂ ပဋိပက္ခတရပ်ကို ဆန်းစစ်ခြင်း နည်းလမ်းသုံးသွယ် (စာ၄၅)

ဒေးဗစ် ဘလွန်းဖီးလ်
ယာ့ရှ် ဂိုင်
ဘင်ရေလီ

## အမြစ်ခိုင်နေသည့် ပဋိပက္ခများကို ဆန်းစစ်ခြင်း

### ၂၊ ၁။ နိဒါန်း

ပဋိပက္ခရပ်များအပေါ် ရေရှည်ခိုင်ခံ့သည့်အဖြေထုတ်မှုများ တိုးများလာရေးအတွက် ဒီမိုကရေစီနည်းကျအုပ်ချုပ်မှုများ ထွန်းကားရေးသည် မည်မျှ အရေးကြီးကြောင်း ကို ဤစာအုပ်တွင်အဓိကဖော်ပြထားပါသည်။ သို့သော်လည်း အမြစ်ခိုင်နေသည့် ပဋိပက္ခမြောက်များစွာနှင့် ဒီမိုကရေစီစနစ် ဆက်စပ်မှုမှာ အမှန်တကယ် ရှုတ်ထွေးလှသည်။ တကယ်တမ်းအားဖြင့်မူ ဒီမိုကရေစီစနစ်သည် နိုင်ငံတွင်းပဋိပက္ခများ ဖြစ်စေရန် တွန်းအားပေးတတ်သလို၊ ရှိပြီးသားပဋိပက္ခများကိုပင် ပို၍ဆိုးဝါးစေနိုင်သည်။ ဒီမိုကရေစီ ရွေးကောက်ပွဲများတွင် စည်းရုံးလှုံ့ဆော်ကြသောနိုင်ငံရေးပါတီများအနေဖြင့် ကျဉ်းမြောင်းသည့် ကိုယ်ပိုင်လက္ခဏာရပ်ဆိုင်ရာ တောင်းဆိုမှုများဖြင့် မဲဆွယ်အောင်မြင်သည့် သာဓကများလည်း ရှိသည်။ ဥပမာ သီရိလင်္ကာ၊ အိန္ဒိယ၊ ဖီဂျီ၊ ယခင် ယူဂိုဆလပ ပြည်ထောင်စုနှင့်အခြားနေရာများတွင် အဆိုပါ စည်းရုံးမဲဆွယ်မှုများကြောင့် ဆန္ဒပြမှုများ ထပ်ကာအကြိမ်ကြိမ်ဖြစ်ပျက်ခဲ့ရသည်။ ထို့ကြောင့်လူထုလှုပ်ရှားမှုများသည် တဖက်တွင် ခေတ်မီဒီမိုကရေစီနိုင်ငံများပေါ်ထွက်လာရန် အဓိက တွန်းအားပေးခဲ့သော်လည်း အခြား တဖက်တွင်မူ ကိုယ်ပိုင်လက္ခဏာရပ်များ ပြဌာန်းရေးသို့ ပိုမိုဦးတည်လာသည်။ ငုတ်လျှိုးနေသော လူမျိုးရေးမုန်းတီးမှုများသည်လည်း တစုံတခုသော အချိန်ကာလ ပိုင်းအထိ တိမ်မြှုတ်နေသော်လည်း၊ ရပိုင်ခွင့်များ ပိုင်နက်နယ်မြေတောင်းဆိုမှုများတွင် နှစ်ဖက်စလုံးအတွက်ကောင်းမွန်သည့်ရလဒ်မရှိ၊ သုံညရလဒ်ပြိုင်ပွဲ (zero-sum game) တခုကို ယှဉ်ပြိုင်နေရကြောင်းခံစားလာရသည့် အခါ အဆိုပါ မုန်းတီးမှုများမှာ ရုတ်ခြည်း ပြန်ပေါ်လာတတ်သည်။ ကိုယ်ပိုင်လက္ခဏာနှင့်ပတ်သက်သည့်ပဋိပက္ခများသည် အမှန်စင်စစ်တွင် အရင်းအမြစ်များဖြန့်ဝေမှုနှင့်ပတ်သက်သည့် အခြား အခြေခံ အကြောင်းရင်းများကို ဖုံးကွယ်ပေးသော တန်ဆာလက္ခဏာတရပ်လည်း ဖြစ်နိုင်သေးသည်။

> **အရွယ်အမျိုးမျိုးကို ဆန့်သောကိုယ်တိုင်း ဟူသည့် ပြဿနာဖြေရှင်းမှု မျိုးသည် အားလုံးသော ပြဿနာရပ်များ၏ အဖြေ မဖြစ်နိုင်ချေ။**

ပဋိပက္ခအများစုတွင်ကွဲပြားသည့်အစုအဖွဲ့များအကြား ရှုတ်ထွေးသည့် အပြန်အလှန် ဆက်စပ်မှုများ ရှိနေတတ်သည်။ ရန်ဖက်အုပ်စုများ တသီးတခြား ရှိနေခြင်းဖြင့် အချို့ပဋိပက္ခများမှာ ရေရှည်တည်တံ့သွားတတ်သည်။ ဆန့်ကျင်ဖက်အစုများအကြား အပြန်အလှန်အဆက်အသွယ်မှု မရှိခြင်းကြောင့်ဖြစ်လာသည့် သံသယများနှင့် လစ်လျူရှုမှုများက အမုန်းပွားမှုကို ပိုမိုအားကောင်းစေသည်။ ထိုအခြေအနေမျိုးကို နိုင်ငံတကာအင်အားစုမှ အစဉ်အလာအတိုင်းချည်းကပ်တပ်သည်မှာ ပဋိပက္ခဖြစ်ဖက် အုပ်စုများအကြား ငြိမ်းချမ်းမှုထိမ်းသိမ်းရေးတပ်များချထားခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဆိုက်ပရက်စ်၊ ဘော့စနီးယား သို့မဟုတ် လစ်ဘနွန်တွင် တွေ့ရသည်။ ထိုသို့ ငြိမ်းချမ်းရေး တပ်များချထားခြင်းသည် ရေတိုအတွက် အသုံးဝင်သော်လည်း အစုအဖွဲ့များ တောင်းဆိုနေသည့် အခြေခံလိုအပ်ချက်များကို ဖြေရှင်းနိုင်သည်မဟုတ်ပဲ အပေါ်ယံ သက်သက်ဆန်သည့် ဖြေရှင်းမှုမျိုးဖြစ်သည်။ အခြားကိစ္စရပ်များတွင် ပြဿနာရပ်သည် အစုအဖွဲ့များ သီးခြားကွဲပြားနေခြင်းမဟုတ်ပဲ၊ လက်ပွန်းတတီးနီးစပ်မှုများနှင့် တနေ့ချင်းအပြန်အလှန် ဆက်စပ်နေရမှုများကြောင့် မုန်းတီးမှုများဖြစ်စေသည့် အခြေအနေမျိုး ဖြစ်သည်။ ဥပမာအားဖြင့် မလေးလူမျိုးများအကြားဆက်ဆံမှု၊ မလေးရှားရှိ

တရုတ်နွယ်ဖွားနှင့် အိန္ဒိယနွယ်ဖွားများအကြား ဆက်ဆံမှု၊ ဖီဂျီရှိ ဌာနေမျိုးနွယ်များနှင့် အင်ဒို–ဖီဂျီလူမျိုးများအကြား ဆက်ဆံမှုများဖြစ်သည်။ ထိုပြဿနာရပ်အားလုံးသည် အမြစ်ခိုင်နေသည့် ပြည်တွင်းပဋိပက္ခများ၏ နိစ္စဓူဝ ကြုံတွေ့ရသည့် အမျိုးအစားများ ဖြစ်သည်။ ထိုပြဿနာရပ်အားလုံး ဖြေရှင်းရေးအတွက် ကွဲပြားသည့် ချဉ်းကပ်မှုများနှင့် နိုင်ငံရေးအရကွဲပြားခြားနားသည့် အသင်းအပင်းပုံစံများလိုအပ်သည်။ သို့မှသာ အငြင်းပွားမှုများကို ကောင်းမွန်စွာ ကိုင်တွယ်နိုင်မည်ဖြစ်ပြီး တည်မြဲမည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့အပြင် ပြဿနာတရပ်ချင်းအတွက် အသေးစိတ် သေသပ်သည့် စနစ်တကျ ပြင်ဆင်မှုများလည်းလိုအပ်သည်။ ထိုပြင်ဆင်မှုဖြင့် အခြေအနေတရပ်ချင်း၏လိုအပ်မှုအတွက် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ပေးနိုင်မည်။ ထို့ကြောင့် တခါတရံတွင် ယေဘူယျနှင့်ပုံသေဆန်သည့် ပြဿနာကိုင်တွယ်ဖြေရှင်းရေးနည်းနာရပ် ဖြစ်သော “အရွယ်အားလုံးဆန့်ကိုယ်တိုင်း” ဖြေရှင်းမှုမျိုး (one size fits all)ကို အမျှော်အမြင်ရှိသည့် လက်တွေ့သမား များကပင် လမ်းညွှန်ပြဌာန်းပေးလေ့ရှိသည်မှာ အံ့သြစရာပင်ဖြစ်သည်။

ပဋိပက္ခဟူသည်မှာ လူနေမှု အဆောက်အအုံတခု တိုးတက်ပြောင်းလဲရေး အတွက် အရေးကြီးဆုံး အပြုအား တခုဖြစ်သည်။ ပဋိပက္ခ မရှိက ကျွန်ုပ်တို့အားလုံး ဆုတ်ယုတ် ကြကုန်သာ ရှိတော့သည်။

## ၂။ ၂။ အပြုနှင့်အပျက် သဘောနှစ်ခုဆောင်သည့် ပဋိပက္ခ

ယဉ်ကျေးမှုဆိုင်ရာသို့မဟုတ် မျိုးနွယ်ဆိုင်ရာ တောင်းဆိုမှုများနှင့် ကိုယ်ပိုင်လက္ခဏာများမှာ အပျက်သဘောဆောင်သည်ဟု အမြဲမဆိုနိုင်။ ကိုယ်ပိုင်လက္ခဏာသည် အပြုသဘောဆောင်သည့်အားဆောင်နိုင်ပြီး၊ တဖက်တွင်လည်း တည်ငြိမ်မှုမရှိအောင် ဖျက်သည့်အား လည်း ဖြစ်နိုင်သည်။ လွတ်လပ်ရေးလှုပ်ရှားမှုကာလများအတွင်း အမျိုးသားရေးလှုပ်ရှားမှုများသည် နိုင်ငံသစ်ပေါ်ထွက်ရေး အဓိကအင်အားများဖြစ်ခဲ့သည်။ ယင်းအမျိုးသားရေးလှုပ်ရှားမှုများသည် ကိုယ်ပိုင်လက္ခဏာနှင့် အမျိုးသားရေးဝါဒနှစ်မျိုးစလုံး၏ ပေါင်းစပ်မှုအပေါ်တွင် အခြေခံထားသည်။ စိတ်ဓါတ်လှုပ်ရှားဖွယ်ဖြစ်သည့် ယဉ်ကျေးမှုဆိုင်ရာအနှောင်အဖွဲ့များသည် ဖြစ်လွယ်ပျက်လွယ် နုနယ်သည့်နိုင်ငံသစ်များအတွက် ထောက်ခံမှုနှင့်တရားဝင်မှုဖြစ်စေရန် ထောက်ကူထားသော အင်အားများဖြစ်သည်။

အလားတူစွာပင် ဘာသာရေးနှင့်လူမျိုးစုဆိုင်ရာဆက်နွယ်ပေါင်းစုမှုကဲ့သို့သော ကိုယ်ပိုင်လက္ခဏာအခြေခံအကြောင်းတရားများသည် လူ့အသိုင်းအဝိုင်းများ၏ စိတ်ပိုင်းနှင့်အကျင့်စာရိတ္တပိုင်းဆိုင်ရာကောင်းမွန်မှုများအတွက် အရေးကြီးသည့် အခြေခံ ဒေါက်တိုင်များဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်လက္ခဏာသည် လူသားဘဝအတွက် အရေးကြီးပြီး၊ အဓိပ္ပယ်ပြည့်စုံမှုကိုဖြစ်စေသည်။ ယဉ်ကျေးမှုဆိုင်ရာ အခြေခံတရားများ သည် တဖက်တွင် အပြုအားများဖြစ်စေသလို၊ အခြားတဖက်တွင်လည်း အပျက်အားများလည်း ဖြစ်နေတတ်သည်။ ယနေ့ကာလ၏ ယဉ်ကျေးမှုအမျိုးမျိုး အဖုံဖုံစုံလင်သည့် လူ့အဖွဲ့အစည်းများဖြစ်သော ကနေဒါ၊ ဩစတေးလျှနှင့် အမေရိကန်ပြည်ထောင်စု အစရှိသည့်နိုင်ငံများတွင် ကွဲပြားခြားနားသည့် ယဉ်ကျေးမှုနှင့် ဘာသာတရားများကို စုစည်းရောယှက်စွာရှိနေခြင်းဖြင့် အောင်မြင်မှုကိုရရှိနေကြသည်။ အခြားဒေသများဖြစ်သည့် Belgium၊ Mauritius၊ Trinidad နှင့် Tobago အစရှိသည့်နိုင်ငံများတွင်မှ ကွဲပြားသည့်ဘာသာတရားနှင့် ရိုးရာယဉ်ကျေးမှုများ အထင်အရှားရှိနေသည်နှင့်အတူ လူအဖွဲ့အစုများလည်း ကွဲပြားခြားနားစွာ ရှိနေကြသည်။ မည်သို့ဆိုစေ ယင်းနိုင်ငံများတွင် လူအဖွဲ့အစုများအကြား ယှဉ်ပြိုင်မှုကို ထိန်းညှိထားနိုင်သလို၊ ထိုကွဲပြားခြားနားသည့်အုပ်စုများအကြားလည်း ဖော်ရွေပြူငှာသည့် ဆက်ဆံမှုများရှိကြသည်။

ပုဂ္ဂိုလ်ရေးနှင့်နိုင်ငံရေးရည်မှန်းချက်အတွက် လူမျိုးကွဲပြားမှုများအပေါ် အမြတ်ထုတ်

## ၂။ ၂။ အမြဲနှင့်အမျက် သဘောနှစ်ခုဆောင်သည့် ပဋိပက္ခ

ပြီး စည်းရုံးလှုပ်ရှားရန် ရှာဖွေကြံဆနေကြသည့် မျိုးနွယ်စုဆိုင်ရာ ဦးဆောင်လှုပ်ရှားသူများအနေဖြင့် နိုင်ငံရေးအရ ခြယ်လှယ်နိုင်ရန် ထိုသို့ ကွဲပြားမှုများအပေါ် အခွင့်အရေးယူလာနိုင်သည်။ ထိုသို့ အခွင့်အရေးယူမှုသည် အချို့အခြေအနေများ၌သာ အောင်မြင်ဖွယ်ရှိသည်။ အသိုင်းအဝိုင်းတခုအနေဖြင့် အခြားလူ့အသိုင်းအဝိုင်းတခု၏ မူဝါဒများ သို့မဟုတ် လုပ်ဆောင်မှုများကို သက်ဘမကင်း စိုးရိမ်လာသည့် အခြေအနေမျိုး သို့မဟုတ် အသိုင်းအဝိုင်းတခုအနေဖြင့် အခြားအုပ်စုများ၏ စီးပွားရေးလူမှုရေး အောင်မြင်မှုများနှင့် နှိုင်းယှဉ်ပြီး မိမိအဆင့်အတန်းအပေါ် သိမ်ငယ်လာသည့် အခြေအနေမျိုး သို့မဟုတ် အားငယ်ပြီးတိုးတက်လိုစိတ်မရှိသည့် စိတ်ဓာတ်ကျဆင်းစရာ အခြေအနေမျိုးများသည် မျိုးနွယ်စုဆရာကြီးများအတွက် (ethnic entrepreneurs) အခွင့်ကောင်းယူစရာ အခြေအနေများပေးလာသည်။ တခါတရံ ထိုသို့သွေးဆောင်လှုံ့ဆော်မှုမျိုး သည် လူ့အသိုင်းအဝိုင်းတခုအတွက် နိုးကြားမှုကိုဖြစ်စေခြင်းဖြင့် အပြုသဘောဆောင်သည့် တွန်းအားများဖြစ်လာသည်။ ထိုမှတဆင့် လိုအပ်သည့် လူမှုပြောင်းလဲမှုအတွက် အင်အားတရပ်ဖြစ်လာတတ်သည်။ တခါတရံ ထိုသို့ဖြစ်မလာပဲ အပျက်ဆောင်သည့် ခြိမ်းခြောက်မှု နှင့်အကြမ်းဖက်မှုကို အပေါ်ယံသာတုန့်ပြန်သော အင်အားများ ဖြစ်လာစေသည်။ ကိုယ်ပိုင်လက္ခဏာနှင့်ပတ်သက်သည့် တောင်းဆိုမှုများကို ငြင်းဆိုချက်သည် အခြားအုပ်စုများအပေါ် အနှောက်အယှက်ပေးသည့် နည်းတခုဖြစ်နိုင်သည်။ တဖက်တွင်လည်း ကိုယ်ပိုင်လက္ခဏာနှင့်ပတ်သက်သည့် နိုင်ငံသားအခွင့်အရေးလှုပ်ရှားမှုမျိုးကို အခိုင်အမာပြောဆိုတင်ပြခြင်းသည် တရားမျှတမှုနှင့် တန်းတူမှု ပိုမိုရရှိစေမည့် ကောင်းမွန်သည့် အသုံးချဆောင်ရွက်မှုဖြစ်နိုင်သည်။ သို့ဖြစ်၍လူမျိုးစုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုသည် နှစ်ဖက်ခါးသွားသဖွယ် အင်အားလည်းဖြစ်သလို အန္တရာယ်လည်းရှိ၏။

ပဋိပက္ခဟူသည်မှာလည်း အဆိုးဖက်ကိုသာ အမြဲဦးတည်သည့် ဖြစ်စဉ်တရပ် မဟုတ်ပေ။ တကယ်တမ်းတွင်မူ ပဋိပက္ခဟူသည် လူ့အဖွဲ့အစည်းတရပ်ပြောင်းလဲမှုအတွက် အပြုသဘောဆန်သည့် အားအကြီးဆုံးသောအကြောင်းရပ်များထဲမှ တချက်ဖြစ်သည်။ ပဋိပက္ခဖြစ်ခြင်းဖြင့် မှားယွင်းမှုတခုခုရှိနေပြီဖြစ်ကြောင်း သိရှိရသည်။ ပဋိပက္ခဟူသည် တိုးတက်ပြောင်းလဲမှုအတွက် တွန်းအားတရပ်ဖြစ်သည်။ ပဋိပက္ခမရှိလျှင် တိုးတက်မှုဆိတ်သုန်းနေမည်သာဖြစ်၏။ အပြိုင်အဆိုင်၏သဘာဝသည် ဒီမိုကရေစီဖြစ်၏။ ဤနေရာတွင် ပြိုင်ဖက်အုပ်စုများအကြား အတွေးအခေါ်များအကြား ပါတီအစုအဖွဲ့များအကြား ပဋိပက္ခအတိုင်းအတာတစုံတရာပါဝင်သည်။ ဤသည်မှာ တောင့်တင်းခိုင်မာသည့် နိုင်ငံရေးစနစ်တခုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုပဋိပက္ခမျိုးမှာ အကန့်အသတ်ဆောင်သည့် အပြုအမူတရပ် အတွင်း၌သာ ဖြစ်ပျက်သည့်အတွက်ဖြစ်သည်။ တနည်းအားဖြင့်ဆိုရသော် ထိုပဋိပက္ခမျိုးသည် လိုက်နာရမည့် ပြိုင်ဆိုင်မှု စည်းမျည်းအတွင်း ဖြစ်ပွားလေ့သာရှိသည်။ အလွန်တရာတင်းမာမှုဖြစ်နေသည့် ပဋိပက္ခများပင်လျှင် လုပ်ထုံးလုပ်နည်းနှင့်အသင်းအပင်းဖွဲ့စည်းမှုဆိုင်ရာ လိုအပ်ချက်များကို မှန်မှန်ကန်ကန်ပေါင်းစပ်ဖန်တီးပေးပါက ငြိမ်းချမ်းစွာနှင့် ရေရှည်ခိုင်ခံမည် အဖြေများကို ဖော်ထုပ်ကာ ကိုင်တွယ်ဖြေရှင်းနိုင်မည် ဖြစ်သည်။ သို့သော် ဤလုပ်ဆောင်ချက်မျိုးကို လွယ်ကူသည် သို့မဟုတ် နှစ်လို့ဖွယ်ဖြစ်သည်ဟု မဆိုလိုပါ။ ဖြစ်နိုင်ချေရှိသည်ဟုသာ ဆိုလိုပါသည်။ အထူးအားဖြင့် ပြိုင်ဖက်အစုများအကြား ညှိနှိုင်းဆွေးနွေးမှုများရှတ်ချည်းစတင်သည့် ပဋိပက္ခလွန်အခြေအနေမျိုးတွင် ဤကြိုးစားမှုမျိုးက ပိုမိုအကျိုးရှိနိုင်မည်ဖြစ်သည်။ ကြားကာလအတွင်း အပြန်အလှန်အကျိုးပြုမှု ပုံစံသစ်များဖြစ်နိုင်ချေများ ရှိသည်သာမက၊ ဆန်းသစ်သည့်နည်းနာများနှင့် ကွဲပြားသည့်အဖြေများစဉ်းစားရန် အစုအဖွဲ့များမှ အလိုလားဆုံးဖြစ်နေသည် ဖြစ်ရာ၊ ဤအချိန်တွင် ရေရှည်ခိုင်မြဲနိုင်မည့် အဖြေထုတ်မှု

မျိုးနွယ်စုဆိုင်ရာ ပြဿနာများကို အခြေခံသောပဋိပက္ခများတွင် တွေ့လေ့ရှိသည့် အခြားပြဿနာ သုံးရပ်မှာ၊ စီးပွားရေးလုံခြုံမှုမရှိခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ ဝိရောဓိဖြစ်ခြင်း နှင့် နယ်နမိတ်သတ်မှတ်မှု ပြဿနာရှိခြင်းတို့ ပင်ဖြစ်ပါသည်။

ပြုလုပ်ရန် အကောင်းဆုံးဖြစ်သည်။

## ၂၊ ၃။ အမြစ်ခိုင်နေသည့် ပဋိပက္ခ ပုံစံများ

ကိုယ်ပိုင်လက္ခဏာနှင့် ဆက်စပ်သည့်အကြောင်းရပ်များဖြစ်သည်ဟု ထင်ရလေ့ရှိသည့် အငြင်းပွားမှုဆိုင်ရာ နယ်ပယ်သုံးခု ရှိသည်။ ပထမတခုမှာ ယေဘူယျကျသည့် စီးပွားရေးအကြောင်းရပ်များဖြစ်သည်။ ပြည်တွင်းလူမျိုးရေးပဋိပက္ခများ တရှိန်ထိုးဖြစ်လာခြင်းကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်လာလေ့ရှိသည်။ အရှေ့ဥရောပနိုင်ငံများ၊ အာရှနှင့်အာဖရိကနိုင်ငံများတွင် ဗဟိုဦးစီးစီးပွားရေးချုပ်ကိုင်မှုမှ လွတ်လပ်သည့် ဈေးကွက်စီးပွားရေးသို့ပြောင်းလဲသည့် ကွန်မြူနစ်ခေတ်လွန် ပြောင်းလဲမှုများကို မကြာမီနှစ်များအတွင်းက တွေ့လာရသည်။ ထိုပြောင်းလဲမှုများကြောင့် လူမှုပြဿနာများလည်း အများအပြားဖြစ်လာပြီး၊ ထိုအခြေအနေများသည် ဂိုဏ်းဂဏအမြင်များကို များစွာလှုံ့ဆော်ပေးခဲ့သည်။ အလားတူစွာပင် ပြီးခဲ့သည့်ရာစုနှစ်များတလျှောက် အနောက်နိုင်ငံအတော်များများတွင်လည်း ပြည်ပမှဝင်ရောက်လာသူများကိုဆန့်ကျင်သည့် လူမျိုးရေးခွဲခြားသည့်လှုပ်ရှားမှုများ ပေါ်လာသည်။ ထိုလှုပ်ရှားမှုများ၏ အရင်းခံမှာ ဒေသခံများ၊ အထူးသဖြင့် အနိမ့်ဆုံးအလွှာမှဒေသခံများအတွက် စီးပွားရေးအရ မလုံခြုံမှုဖြစ်စေသည့် အခြေခံအကြောင်းရပ်များပင် ဖြစ်သည်။ အခြားနိုင်ငံများတွင်မူ စီးပွားရေးအရခွဲခြားသည့် သို့မဟုတ် အချို့အုပ်စုများကို သက်သက်ခွဲခြားသည့် ပေါ်လစီများထားရှိခြင်းမျိုးလည်း ဖြစ်ခဲ့သည်။ အိန္ဒိယနိုင်ငံအတွင်း အချို့ဇာတ်မျိုးနွယ်များ (castes) နှင့် မလေးရှားရှိ bumiputra များအတွက် မျိုးနွယ်ဇာတ်ခွဲခြားမှုရှိသည့် ပေါ်လစီမျိုးဖြစ်သည်။ ထိုပေါ်လစီများကြောင့် စီးပွားရေးစနစ်အတွင်း မိမိရပ်တည်မှုကို ခြိမ်းခြောက်မှုခံရသည်ဟု ခံစားမိသူများအနေဖြင့် မကျေနပ်မှုများ ဖြစ်လာသည်။ အခြားနေရာတွင် အခွင့်ထူးခံအုပ်စုသဖွယ်ဖြစ်နေသူများကို ဆန့်ကျင်သည့် စီးပွားရေးခွဲခြားမှုများထားရှိခြင်းမျိုးလည်းတွေ့ရသည်။ ဥပမာအားဖြင့် သိရိလင်္ကာရှိ တမီလ်းလူမျိုးများကိစ္စဖြစ်သည်။

ပဋိပက္ခများ၏ ဒုတိယအမျိုးအစားအုပ်စုမှာ ယဉ်ကျေးမှုကိစ္စနှင့်ပတ်သက်သည်။ အကောင်းဆုံးဥပမာအကြောင်းရပ်များမှာ လူနည်းစုဘာသာစကား သို့မဟုတ် ဘာသာရေး လွတ်လပ်ခွင့်ဆိုင်ရာကိစ္စရပ်များဖြစ်သည်။ အခန်း ၄ တွင်တင်ပြမည့် ဘော်လကန်နိုင်ငံများအတွင်းရှိ ဒေသခံများနှင့် ရုရှားစကားပြောလူထုအကြား ဘာသာစကားအခွင့်အရေးဆိုင်ရာ အငြင်းပွားမှုမှာ အကောင်းဆုံးဥပမာတရပ်ဖြစ်၏။ မကြာခဏဆိုသလို ထိုပဋိပက္ခများမှာ အုပ်စုတခုခုမှ ကိုယ်ပိုင်အုပ်ချုပ်ရေးပုံစံတမျိုးမျိုးအတွက် တောင်းဆိုမှု သို့မဟုတ် ထုတ်ဖော်ချက်ဖြစ်လာရာမှ စတင်သည်။ ဥပမာအားဖြင့် လူနည်းစုများ၏ယဉ်ကျေးမှုဆိုင်ရာစာသင်ကျောင်းများ၊ လွတ်လပ်စွာ ဘုရားဝတ်ပြုကျောင်းများတည်ဆောက်ခွင့်၊ ရိုးရာအစဉ်အလာ သို့မဟုတ် ဘာသာရေး စည်းမျဉ်းဥပဒေသများ အသုံးချခွင့်တို့ ဖြစ်ကြသည်။ ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်လွတ်လပ်ခွင့်အတွက်တောင်းဆိုမှုများတိုးများလာသလို၊ လူမျိုးများ ပေါင်းစပ်ရေးပေါ်လစီများ (assimilationist policies) အပေါ်တွင်လည်း သံသယထားမှု တိုးများလာသည်။ ထိုအဖြစ်မျိုးကို လူမျိုးနွယ်စုများပြားသည့် နိုင်ငံများတွင် မကြာမီအချိန်များက ရင်ဆိုင်လာရသည်။ ခြိမ်းခြောက်မှုခံနေရသည့် ကိုယ်ပိုင်ယဉ်ကျေးမှုတည်တံ့မှု ထိမ်းသိမ်းရေးအတွက် ကြိုးပမ်းအားထုတ်နေကြသည့် ဌာနေတိုင်းရင်းသားများမှ ယဉ်ကျေးမှုဆိုင်ရာတိကျသည့် ဥပဒေများ ပြဋ္ဌာန်းရန် တောင်းဆိုမှုမျိုးကိုလည်း ပုံမှန်မဟုတ်သည့် မှုကွဲများအနေနှင့် ပိုမိုတွေ့လာရသည်။ (ဥပမာ၊ အာဘိုရီဂျင်းလူမျိုးများက ပြစ်ဒဏ်ခတ်သည့်အခါ ရိုးရာဓလေ့တခု

ဖြစ်သည့်နည်း ဖြင့် အပြစ်ပေးရန် တောင်းဆိုမှုမျိုးဖြစ်သည်)

ပဋိပက္ခဖြစ်မှု တတိယအကြောင်းရပ်မှာ ပိုင်နက်နယ်ပယ်အပေါ် အငြင်းပွားမှုဆိုင်ရာဖြစ်၏။ လူမျိုးနွယ်စုများအနေဖြင့် နယ်မြေအလိုက် သတ်သတ်မှတ်မှတ် တည်ရှိနေပါက ပိုင်နက်ဆိုင်ရာအငြင်းပွားမှုသည် လူမျိုးစုအရေးနှင့်လည်း ဆက်နွယ်နေတတ်သည်။ ဤကိစ္စမျိုးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ဖော်ပြချက်သည် တည်ရှိပြီးသားနိုင်ငံမှ ခွဲထွက်ရေး ပုံစံမျိုးဖြစ်သွားတတ်လေ့ရှိသည်။ ခွဲထွက်ရေးဟူသည် တည်ရှိပြီးနိုင်ငံအတွင်းမှ တစိတ်တပိုင်းခွဲထွက်ရန် လိုအပ်သလို၊ ထိုသို့ခွဲထွက်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နိုင်ငံအတွင်းလူများစုဝင်များဖက်မှ ပြင်းပြင်းထန်ထန်ဆန့်ကျင်လေ့ရှိသည်။ နိုင်ငံတနိုင်ငံအနေဖြင့် ထိုတောင်းဆိုမှုများကို လက်မခံပဲ ပေါင်းစည်းရေးအတွက်သာလိုလားပါက၊ ဗဟိုအာဏာခွဲဝေခြင်းပုံစံ၊ ဖယ်ဒရယ်ပြည်ထောင်စုပုံစံ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရေးပုံစံ အစရှိသဖြင့် ကျင့်သုံးနိုင်မည့် စီမံဆောင်ရွက်မှုကို ပြင်ဆင်အသုံးချရန် လိုအပ်လာသည်။ ဥပမာအားဖြင့် စပိန်နှင့် ကနေဒါတွင် Basque နှင့် Quebecois ဒေသများအတွက် အချိုးမဲ့ဖယ်ဒရယ်ပုံစံ asymmetric federalism အစီအမံများသုံး၍ ခွဲထွက်ရေး တောင်းဆိုမှုများကို လျှော့ပါးစေခဲ့သည်။ အိန္ဒိယ၊ မလေးရှား၊ ဂျာမဏီ၊ နိုင်ဂျီးရီးယား၊ တောင်အာဖရိက နှင့် ဆွိဇာလန်နိုင်ငံများအတွင် ကွဲပြားချက်များအလိုက် ဖယ်ဒရယ်ပြည်ထောင်စုစနစ်ကိုတိုးတက်စေခြင်းဖြင့် ပဋိပက္ခဖြေရှင်းဆောင်ရွက်မှုဖြေရှင်းခဲ့သည်။

## ၂၊ ၄။ အမြစ်ခိုင်နေသည့်ပဋိပက္ခများ၏ ပြည်တွင်းပြည်ပအကြောင်းတရားများ

ကမ္ဘာပေါ်ရှိ ခါးသီးနာကျင်ဖွယ် အမြစ်ခိုင်နေသည့် ပြည်တွင်းပဋိပက္ခအများစုတွင် နိုင်ငံတကာအကြောင်းရင်းများ ရှိသည်။ နိုင်ငံတနိုင်ငံ – အထူးသဖြင့် ကိုလိုနီလက်အောက်မှ လွတ်မြောက်စနိုင်ငံများ – ၏ နယ်နမိတ်စည်းမျဉ်းများ သည် လူမျိုးတမျိုး၊ ကိုယ်ပိုင်လက္ခဏာရှိသည့်အုပ်စုတစု၏ နယ်နမိတ်စည်းမျဉ်းများနှင့် များသောအားဖြင့် တထပ်တည်းမရှိချေ။ (ဥပမာ နာဂလူမျိုးတို့၏ လူမျိုးနယ်နမိတ်သည် အိန္ဒိယနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံစလုံးအတွင်းတွင် ကျရောက်နေသည်) သို့ဖြစ်၍ ပြည်တွင်း ပဋိပက္ခများသည် ပြည်တွင်းနယ်နမိတ်ပြင်ပ သို့ အလွယ်တကူ ကူးစက်သက်ရောက်မှုများ ရှိသကဲ့သို့ ပြည်ပပယောဂများလည်း ရှိတတ်သည်။ သီရိလင်္ကာပဋိပက္ခတွင် အိန္ဒိယနိုင်ငံနှင့် ပထဝီနီးစပ်မှုသည် အဓိကပြဿနာ ဖြစ်သည်။ ဗြိတိသျှနှင့် အိုင်းရစ်သမ္မတနိုင်ငံတို့၏ အပြိုင်အဆိုင်တောင်းဆိုမှုများနှင့် အိုင်းရစ်အနွယ်အမေရိကန်များ၏ ပါဝင်ပတ်သက်မှုကြောင့် မြောက်ပိုင်းအိုင်ယာလန် ပဋိပက္ခဖြစ်ပေါ်လာရသည်။ ဆိုက်ပရက်စ် ပဋိပက္ခသည် တူရကီနှင့် ဂရိအကြားငြင်းခုန်မှုများနှင့် ရောယှက်နေသည်။ ထိုသို့သော နိုင်ငံတကာအကြောင်းရင်းများကို သဘောပေါက်နားလည်ခြင်းသည် ပဋိပက္ခအပေါ် သုံးသပ်မှုများ မှန်ကန်ရန်အတွက် အရေးပါသည်။

နိုင်ငံတနိုင်ငံ ၏ နယ်နမိတ်စည်းမျဉ်းများ သည် လူမျိုးတမျိုး၊ ကိုယ်ပိုင်လက္ခဏာရှိသည့်အုပ်စုတစု၏ နယ်နမိတ်စည်းမျဉ်းများနှင့် များသောအားဖြင့် တထပ်တည်းမရှိသောကြောင့်ပြည်တွင်း ပဋိပက္ခများသည် ပြည်တွင်းနယ်နမိတ်ပြင်ပ သို့ အလွယ်တကူ ကူးစက် သက်ရောက်မှုများ ရှိနိုင်သည်။

တရပ်တကျေးမှ ပြောင်းရွှေ့နေထိုင်လာသူများနှင့် ဌာနေတိုင်းရင်းသားများအကြား တင်းမာမှုသည် နိုင်ငံအားလုံးနီးပါးတွင် တွေ့နေရသည်။ ဖီဂျီရှိ အိန္ဒိယနွယ်ဖွား ပြောင်းရွှေ့နေထိုင်သူများ၊ မလေးရှားရှိ တရုတ်နှင့် အိန္ဒိယနွယ်ဖွားများ၊ ဘောလ်တစ်နိုင်ငံများနှင့် အရှအလယ်ပိုင်းသမ္မတနိုင်ငံများရှိ ရုရှားလူမျိုးများ စသည့် အုပ်စုများမှာ သူတို့နေထိုင်ရာဌာနေလူမျိုးများနှင့် နှိုင်းယှဉ်ပါက မျိုးနွယ်စုံနိုင်ငံတခု၏ နိုင်ငံသားအခွင့်အရေးကို အပြည့်အဝမရသေးသည့် အုပ်စုဝင်များအဖြစ် တွေ့ရသည်။ ထို့ကြောင့် လတ်တလောဖြစ်ပွားနေသည့် ကိုယ်ပိုင်လက္ခဏာဆိုင်ရာ ပဋိပက္ခအများအပြားတွင် ကိုလိုနီဝါဒကထားရစ်ခဲ့သည့် အမွေဆိုးကလည်း အခန်းတကဏ္ဍ

ရှိနေသည်။

### ၂။ ၄၊ ၁။ ကိုလိုနီနိုင်ငံများလွတ်မြောက်ခြင်း

ဒုတိယကမ္ဘာစစ်အပြီး ကိုလိုနီနိုင်ငံအမြောက်အများလွတ်မြောက်လာသည်နှင့်အတူ တတိယကမ္ဘာနိုင်ငံများတွင် ပိုင်နက်နယ်မြေဆိုင်ရာအငြင်းပွားမှုများ အကြီးအမား ဖြစ်ပေါ်လာသည်။ ကိုလိုနီကာလအတွင်းရှိခဲ့သည့် နိုင်ငံများ၏ တရားဝင်မှုနှင့် နယ်နမိတ်သတ်မှတ်မှုများအပေါ် အငြင်းပွားမှုများမှာ မလွဲမရှောင်သာဖြစ်လာရသည်။ ကိုလိုနီဘဝမှ လွတ်မြောက်ပြီး နိုင်ငံများအနေဖြင့်လည်း ၎င်းတို့၏ အဓိကနိုင်ငံရေးမှာ အချုပ်အချာအာဏာတည်ရှိမှုဖြစ်လာသည်။ သို့သော်ငြားလည်း ကိုယ်ပိုင်လက္ခဏာ တန်ဘိုးများကို မျှဝေပြီး အညီအမျှဖြစ်စေမည့်နိုင်ငံတရပ်တည်ဆောက်နိုင်ရန် အလွယ်တကူ မဖြစ်ကြချေ။ အဘယ်ကြောင့်ဆိုသော် မျိုးနွယ်ပေါင်းစုံကို ရောယှက်မှုဖြင့် အလွန်တရာထွေပြားနေလေ့ရှိသည့်အတွက် ဖြစ်သည်။ မကြာခဏဆိုသလို သူတို့၏ လူဦးရေမှာ လူမျိုးနိုင်ငံ (Nation) တခုမက အများအပြား၏ အစိတ်အပိုင်းများ ပေါင်းစပ်ထား လေ့ရှိသည်။ ကိုလိုနီလက်အောက်မှ လွတ်မြောက်စဖြစ်စဉ်၏ အားကြီးသည့်ရိုက်ခတ်မှုအဖြစ် လူမျိုးရေးမုန်းတီးမှုများလည်း ရှိလာတတ်သည်။ ၁၉၆၀ခုနှစ်အစောပိုင်းကာလ ပြောင်းလဲမှု များကတည်းကစ၍ အာဖရိက၊ အာရှပစိဖိတ် အတွင်းရှိ ယခင်ကိုလိုနီနိုင်ငံများ တဖြေးဖြေးချင်း လွတ်လပ်ရေးရလာသည်နှင့် အမျ လူမျိုးရေးနှင့်ဆက်နွယ်သည့် နိုင်ငံရေး (ethno-political) ပဋိပက္ခများသည် တနေ့တခြား များပြားလာသည်။

ထိုဖြစ်ရပ်များမှ ဥပမာတရပ်မှာ အနောက်ဆာဟာရဒေသတွင် ၁၉၇၅ခုနှစ် စပိန်တို့ ထွက်ခွာသွားခြင်းမှ ကျန်ရစ်ခဲ့သည့်အမွေဖြစ်သော မိုရိုကိုနှင့် စပိန်ဆာဟာရ အကြား ဖန်တီးထားသည့် နယ်စပ်တလျှောက်သည် မိုရိုကိုနိုင်ငံနှင့် Saharawi လူမျိုး စစ်တပ်ဖြစ်သည့် Polisario တပ်ဦး တို့အကြား ရှည်ကြာသည့် အငြင်းပွားစရာ ပဋိပက္ခ ဖြစ်လာခဲ့သည်။ ရှင်းရှင်းဆိုရလျှင် ကိုယ်ပိုင်လူမျိုးလက္ခဏာရှိသည့် လူ့အသိုင်း အဝိုင်းတခု အနေဖြင့် သူတို့ကိုယ်သူတို့ ခံယူစိတ်သည် ကိုလိုနီပြုသူများ မှန်းသန်း ရေးဆွဲခဲ့သည့် မြေပုံလိုင်းနှင့် ကိုက်ညီမှုမရှိပေ။ ထို့ကြောင့် လွတ်လပ်လာသည့်နှင့် တပြိုင်တည်း မြေပုံပြင်ဆင်ရေးဆွဲလိုသည့် ဆန္ဒများ ရှိခဲ့သည်။ နယ်မြေအငြင်းပွားမှု နှင့်အတူ ကိုယ်ပိုင်လက္ခဏာကွဲလွဲချက်ကြောင့် အကြမ်းဖက်ပဋိပက္ခများပေါ်လာခဲ့ပြီး၊ ယနေ့တိုင်ဖြေရှင်းနိုင်ခြင်းမရှိ။ အလားတူစွာပင် ၁၉၄၇ခုနှစ်တွင် အိန္ဒိယတိုက်မှ ဗြိတိသျှများထွက်ခွာသွားသည့်နောက် သာသာရေးအရစုစည်းမိထားသော ကိုယ်ပိုင် လက္ခဏာဆောင်သည့် အုပ်စုများအကြား ခါးသီးဖွယ် တိုက်ခိုက်မှုများပေါ်လာခဲ့သည်။ ရလဒ်အားဖြင့် အိန္ဒိယနှင့်ပါကစ္စတန်တို့အဖြစ် နယ်ပယ်ကွဲသွားခြင်းဖြစ်၏။ သို့သော် ပဋိပက္ခအတွင်း ငုတ်လျှိုးနေသော အရင်းခံအကြောင်းတရားများရှိနေသေးသည့်အတွက် ထိုသို့နယ်ပယ်ကွဲသွားခဲ့သော်လည်း မကြာခဏဆိုသလို ပဋိပက္ခများ၊ အထူးသဖြင့် ကတ်ရှ်မီးယားနှင့် အခြားနေရာများတွင် တိုက်ခိုက်မှုများရှိနေဆဲပင်ဖြစ်သည်။ လူထုအကြား၌လည်း ၎င်းတို့ကိုယ်ပိုင်လက္ခဏာများအပေါ် အပြိုင်အဆိုင် လွန်ဆွဲကြသလို၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် အချုပ်အခြာနယ်မြေတည်တံ့ရေးအပေါ်တွင် သဘောကွဲလွဲမှုများရှိနေသေးသည်။

### ၂။ ၄၊ ၂။ စစ်အေးတိုက်ပွဲပြီးဆုံးခြင်း

စစ်အေးတိုက်ပွဲပြီးဆုံးခြင်းသည် နယ်နမိတ်စည်းမျဉ်းအပေါ် ဖြစ်ပွားနေသည့် ထိုပဋိပက္ခများကို ပို၍ ပြင်းထန်လာစေပြန်သည်။ ဆိုဗီယက်ပြည်ထောင်စုသည် နိုင်ငံသစ်ပေါင်းများစွာ အဖြစ် ပြိုကွဲသွားခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုသည် သူ၏အုပ်ချုပ်မှုအောက်အတွင်း ချို့ယွင်းမှုများရှိနေသည့် အမျိုးသားနိုင်ငံများကို

## ၂၊ ၄။ အမြစ်ခိုင်နေသည့်ပဋိပက္ခများ၏ ပြည်တွင်းပြည်ပ အကြောင်းတရားများ

အတူတကွပေါင်းစည်းခြင်းဖြင့် အရှိန်သြဇာထူထောင်ခဲ့သည်။ ယခုအခါ ထိုအရှိန်သြဇာများ ကျဆင်းပျောက်ကွယ်သွားသည်နှင့်အတူ မျိုးနွယ်စုဆိုင်ရာ မချင့်မရဲအားမရမှုများ တင်းမာမှုများပေါ်လာရန် ခွင့်ပေးခဲ့ရသည်။ ယူဂိုဆလားဗီးယား၊ ဂျော်ဂျီယာ၊ ချေချင်းညာနှင့် အခြားနေရာများရှိ ခါးသီးဖွယ်ပဋိပက္ခများမှာ ထင်ရှားသော ဥပမာများဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စု ပျောက်ကွယ်သွားသည်နှင့်အတူ ဘောလ်တစ်ဒေသ၊ အရှေ့ဥရောပဒေသနှင့် အာရှအလယ်ပိုင်းဒေသတွင်းပေါ်လာသည့် နိုင်ငံသစ်များရှိ ရုရှားစကားပြော လူဦးရေမှာ များစွာကျန်ရစ်ခဲ့သည်။ ထိုသူအများစုမှာ ဌာနတိုင်းရင်းသားများနှစ်ရှည်ကြာစွာခံစားခဲ့ရသည့် နာကြည်းမှုများအတွက် ထွက်ပေါက်ပြုစရာ သားကောင်များဖြစ်လာရသည်။ ရုရှားများနှင့် ဌာနေလူထုအကြား ခွဲခြားမှုများ ပဋိပက္ခများသည် ထိုနိုင်ငံများ၏ အဓိကပြဿနာများဖြစ်လာသည်။ ထိုသူများအတွက် ဘာသာစကားနှင့် နိုင်ငံသားအခွင့်အရေးများမှာ အထူးအရေးပါလာသည်။

### ၂၊ ၄၊ ၃။ အကြပ်အတည်းများကြားမှ နိုင်ငံတော်

နိုင်ငံများကိုယ်၌ကလည်း တချိန်ချိန်တွင် အကြပ်အတည်း ကြီးမားစွာနှင့် ရင်ဆိုင်လာရသည်။ အမျိုးသားနိုင်ငံများ၏ ခေတ်နောက်ပြန်ဆွဲသည့်အယူအဆ သို့မဟုတ် နက်ရှိုင်းသည့် ဝိရောဓိတရားများကြောင့် တချိန်ချိန်တွင် တရားဝင်မှုနှင့်ပတ်သက်သည့် အကြပ်အတည်းများ နှင့် ရင်ဆိုင်လာရသည်။ သြဇာအာဏာ တရားဝင် ပြန်ရရန်အတွက် နိုင်ငံတနိုင်ငံအနေဖြင့် ကွဲပြားခြားနားသည့် လူထုပရိသတ်အားလုံးအတွင်း ကိုယ်ပိုင်လက္ခဏာများအပေါ် အပြန်အလှန်အပေးအယူရှိရှိသိရှိနားလည်လာရန် လုပ်ရ၏။ နိုင်ငံ၏အရင်းအမြစ်များခွဲဝေရေးတွင် တန်းတူညီမျှစေရန်နှင့် နိုင်ငံအရေးကိစ္စများ တွင် အစုအားလုံးပါဝင်ခွင့်ရစေရန် ဆောင်ရွက်ပေးရသည်။ နိုင်ငံအနေဖြင့် သူတို့၏ရည်မှန်းချက်များကို မဖြည့်ဆည်းပေးနိုင်လျှင်ကိုယ်ပိုင်လက္ခဏာဆောင်သည့် အုပ်စုများအနေဖြင့် ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် တောင်းဆိုလိုကြသည် သို့မဟုတ် အခြားနိုင်ငံသားများနည်းတူ သူတို့၏အခွင့်အရေးအတွက် ညီတူညီမျှရရှိရန် အရေးဆိုလိုကြသည်။ ဒီမိုကရေစီနိုင်ငံများအနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ ဤပြဿနာရပ်များကို ကြုံတွေ့ရသည်။ ဒီမိုကရေစီစနစ်သည် ပဋိပက္ခဖြစ်မှုများ ကင်းစင်သည့် စနစ်တခုအဖြစ် အာမခံချက် မပေးနိုင်ချေ။ သို့သော်လည်း ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းသည် အသင်းအပင်းဆိုင်ရာ ဖွဲ့စည်းဆောင်ရွက်မှုများအတွက် လိုလားအားပေးမှုရှိသည့်အပြင်၊ အကြမ်းမဖက်သည့်နည်းဖြင့် ထိုပဋိပက္ခများကို ကိုင်တွယ်စီမံနိုင်မည့် လိုအပ်သည့် ပျော့ပြောင်းညင်သာမှုများကိုလည်း အားပေးသည်။

ထိုကဲ့သို့ မျိုးနွယ်စုအခြေခံ မကျေနပ်များမှ အကြမ်းဖက်ပဋိပက္ခရပ်အသွင်သို့ မည်သို့ ပြောင်းလဲလိုက်သနည်း။ မသမာ မရိုးသားသည့် ခေါင်းဆောင်များအနေဖြင့် လူမျိုးရေး၊ ဘာသာရေး၊ စာပေ အစရှိသဖြင့် အမှားအယွင်းရှိနိုင်သည့် အင်အားရပ်များအပေါ် မကျေမနပ်ဖြစ်မှု အက်ကြောင်းများကို ကောင်းမွန်စွာ သဘောပေါက်သည်။ ယင်းကိုလည်း လိုသလို အသုံးချ အခွင့်အရေးယူကြသည်။ လူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာ အယူအဆများ၊ ကိုယ်ပိုင်ဖော်ပြခွင့်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုင်ရာသဘောတရားများသည် လူအများ၏နှလုံးအိမ်ကို ဆုပ်ကိုင် ထားနိုင်ပြီး လူ့အဖွဲ့အစည်းအတွင်း စိမ့်ဝင်လွယ်သည်။ ထို့အပြင် ဖိနှိပ်မှုများကို ပိုမိုခက်ခဲစေလေ့ရှိပြီး၊ ဖိနှိပ်မှုအပေါ် တွန်းလှန်မှုများအတွက်လည်း အားဖြစ်စေသည်။ တကယ်တမ်းအားဖြင့် အတိုက်အခံများအနေဖြင့် မျိုးနွယ်စုကွဲပြားသည့်အပေါ် ဖော်ပြရန်နှင့် အရင်းအမြစ်ဆိုင်ရာ လှုပ်ရှားတောင်းဆိုမှုများအတွက် ကိုယ်ပိုင်ပြဌာန်းခွင့်ကို ကိုင်စွဲတိုက်ပွဲ ဝင်နိုင်လေသည်။ နိုင်ငံတကာမီဒီယာ၏ အာရုံစိုက်မှုရရှိခြင်းသည်လည်း အငြင်းပွားမှုများကို ပိုမိုအရှိန်တက်စေသည်။ ယင်းသည် ပဋိပက္ခတရပ်အတွင်း

တင်းမာသည့်အနေအထားကို အထောက်အပံ့ဖြစ်စေပြန်သည်။

ပြည်တွင်းပဋိပက္ခများတွင် နိုင်ငံတော်အနေဖြင့် အငြင်းပွား ဘက်တဖက် ဖြစ်လေ့ရှိသလို အဓိကအကြမ်းဖက်သူလည်းဖြစ်နေတတ်သည်။ ဤအခြေအနေသည် ပဋိပက္ခထိန်းညှိရန် အတွင်းဖြစ်စဉ်ကို ခက်ခဲစေသည်။ ပဋိပက္ခအတွင်း နိုင်ငံတော် အစိတ်အပိုင်းများကိုယ်တိုင်ဝင်နေခြင်းကြောင့်လည်း ထိုအစိတ်အပိုင်းများမှာ တရားဝင်မှုမရှိနိုင်ပေ။ ပြဿနာရပ်များတွင် အစိုးရတရပ်အနေဖြင့် သူပုန်အင်အားစု ထက် ပိုမိုအားကောင်းနေလေ့ရှိတတ်သည်။ ထိုသို့ အာဏာမညီမျှမှုသည် အစုများကို အတူစုဝေးနိုင်ရန်အခွင့်အလမ်းလျော့ပါးစေသလို၊ နှစ်ဖက်စလုံးအတွက် ညှိနှိုင်းမှုထက် စာလျှင် အကြမ်းဖက်တုန်ပြန်မှုများဖြစ်လာစေရန် အားပေးတတ်သည်။ နှစ်ဖက်စလုံးမှ လေးစားလက်ခံသည့် နိုင်ငံအတွင်းသမ္မာသမတ်ကျသည့် ကြားဆုံးဖြတ်သူကို ရှာဖွေရခက်ခဲစေသည်။

## ၂၊ ၅။ ကိုယ်ပိုင်လက္ခဏာနှင့်ဆက်နွယ်သည့်ပဋိပက္ခများကို ကိုင်တွယ်စီမံ ရာတွင် တွေ့ကြုံရသည့် ခက်ခဲမှုများ

### ၂၊ ၅၊ ၁။ ခွဲခြမ်းမရခြင်း (Indivisibility)

ကိုယ်ပိုင်လက္ခဏာနှင့်ဆက်စပ်သည့် ငြင်းခုံမှုများကို ကိုင်တွယ်စီမံရန်ကြိုးစားခြင်း သို့မဟုတ် အသွင်ပြောင်းပစ်ဖို့ကြိုးစားရာတွင် အဓိကရင်ဆိုင်ရသည့်ပြဿနာမှာ ထိုပဋိပက္ခများကို ခွဲခြမ်း၍မရခြင်းပင်ဖြစ်၏။ အချို့အခြေအနေအပေါ်တွင် အဖြေတစုံတခု ရရန်အတွက် အပေးအယူညှိနှိုင်းမှုအပေါ်အခြေခံပြီး ပဋိပက္ခကို ခွဲခြမ်းပစ်ရန် ဆောင်ရွက် မရခြင်းဖြစ်သည်။ သမိုင်းဆိုင်ရာကိုယ်ပိုင်လက္ခဏာရပ်များ၊ ဘာသာရေးယုံကြည်မှုများ၊ ဘာသာစကား သို့မဟုတ် ပိုင်နက်နယ်မြေများအပေါ်တွင် အခြေခံသည့် ပဋိပက္ခများကို ဖြေရှင်းရလွယ်ကူမည့်အစိတ်အပိုင်းများအဖြစ် ခွဲခြားပစ်ရန် အထူးသဖြင့် ပိုမိုခက်ခဲသည်။ ဥပမာအားဖြင့် ထာဝရဘုရားသခင်အပေါ် အခြေခံထားသည့် ပြဿနာရပ်၊ အလေးအမြတ်ထားသည့်နေရာအပေါ် ပိုင်ဆိုင်မှုအငြင်းပွားခြင်းများတွင် အပေးအယူလုပ်ညှိနှိုင်းရန် ခက်ခဲလှသည်။ (အိန္ဒိယနိုင်ငံ မွတ်ဆလင်များနှင့် ဟိန္ဒူများအကြား Ayodhya ဘုရားရှိခိုးကျောင်းအပေါ် အငြင်းပွားမှုမျိုးဖြစ်သည်)။ ထို့အပြင် ကိုယ်ပိုင်လက္ခဏာနှင့်သက်ဆိုင်သည့်သဘာဝမှာ၊ ပညာရှင်တဦး၏ အဆိုအရ၊ လူမျိုးရေးစိတ်ဓာတ်စစ်ဆင်ရေးလက်နက် (ethnic propaganda) ကို အလျှံအပယ် အသုံးပြုခြင်း ဖြစ်ပြီး၊ ယင်းကြောင့် နိုင်ငံရေးဆွေးနွေးပွဲများ လည်းပျက်ပြားရလေသည်။

မျိုးနွယ်စုလက္ခဏာ ဖော်ပြချက် ကို အခြေခံ၍ ဖြစ်လာသော ပဋိပက္ခများတွင် ကိုင်တွယ်ရ အခက်ဆုံး ပြန်ပြန်ဖြစ်သည့် ပြဿနာနှစ်ရပ်မှာ ခွဲခြမ်းမရခြင်းနှင့် အရှိန်မြင့်တတ်ခြင်း ပင်ဖြစ်သည်။

### ၂၊ ၅၊ ၂။ အရှိန်မြင့်တတ်ခြင်း (Escalation)

ဒုတိယပြဿနာမှာ အမြစ်ခိုင်နေသည့်ပဋိပက္ခများစွာ၏ သံသရာလည်ပတ်နေတတ် သည့် သဘာဝဖြစ်သည်။ ပဋိပက္ခအတွင်းရှိ အစုတဖွဲ့အနေဖြင့် မိမိထောက်ခံသူ လူထုပရိသတ်များဖြင့် လူစုလူဝေး လှုပ်ရှားမှုများပြုလုပ်ပါက သဘောဝအားဖြင့် ဆန့်ကျင်ဖက် အစုအဖက်ကလည်း တန်ပြန်လှုပ်ရှားမှုမျိုးပြုလုပ်လာလေ့ရှိသည်။ ဘက်တဖက်တွင် ပဋိပက္ခအရှိန်မြင့်တတ်လာခြင်းကြောင့် အခြားတဖက်တွင်လည်း တဖက်စောင်းနင်းမဖြစ်အောင် အလေးတင်းသည့် တန်ပြန်မှုမျိုး ဖြစ်စေသည်။ အစုတဖွဲ့၏ လှုပ်ရှားမှုကို ၎င်း၏ဆန့်ကျင်ဖက်အစုများမှ တုန့်ပြန်ရသည်။ အကြမ်းဖက်မှု သည် အကြမ်းဖက်မှုပြန်ဖြစ်စေသည်။ Burundi တွင် ဖြစ်ခဲ့သလို ပဋိပက္ခသည် အပြန် အလှန် ပါးကိုက်နားကိုက် လက်စားချေမှုများအဖြစ် တဖြေးဖြေး အရှိန်မြင့်သွား တတ်သည်။ ဖြစ်စဉ်အရှိန်မြင့်တတ်လာသည်နှင့်အတူ ပိုမိုတင်းမာသည့် အကြောင်း အရာသစ်များ ပေါ်လာတတ်သလို၊ မူလကရှိပြီးသား သဘောကွဲလွဲသည့် အကြောင်းရပ်များလည်း တိုးပွားလာတတ်သည်။ လူမျိုးရေး သို့မဟုတ် အခြား

## ၂၊ ၅။ ကိုယ်ပိုင်လက္ခဏာနှင့် ဆက်နွယ်သည့်ပဋိပက္ခများကို ကိုင်တွယ်စီမံ ရာတွင် တွေ့ကြုံရသည့် ခက်ခဲမှုများ

မှားယွင်းသည့်လမ်းစဉ်အယူအဆတခုကို လူထုအကြား စည်းရုံးဆော်သြခြင်း လုပ်တတ်သည့် ခေါင်းဆောင်များ နိုင်ငံရေးသမားများအနေဖြင့် ထိုကဲ့သို့ တင်းမာလာသည့် အကြောင်းရပ်များကို လွှမ်းမိုးခြယ်လှယ်နိုင်ရန် ပြန်လည်ပြင်ဆင်မှုများ လုပ်နိုင်သည်။ ထိုသို့ အလွန်အကျွံဖြစ်ပြီးကာမှ၊ မူလပုံမှန်အနေအထားသို့ ပြန်လည် အရှိန်လျှော့ချပြီး သံသရာ လည်ပတ်နေသည့်ဖြစ်စဉ်ကို ဖျက်ဆီးရန်မှာ အလွန်တရာ ခက်ခဲလှသည်။

### ၂၊ ၅၊ ၃။ ခေါင်းဆောင်မှု

အမြစ်ခိုင်နေသည့် ပဋိပက္ခများကို စီမံကိုင်တွယ်ရန်အတွက် အမြင်ကျယ်သည့် ခေါင်းဆောင်မှုလိုအပ်သည်။ အုပ်စုမုန်းတီးမှုများကို မီးလောင်ရာလေပင့်လုပ်တတ်သည့် လူမျိုးရေးအမြတ်ထုတ်သူများကြောင့် ပဋိပက္ခများ ပိုမိုဆိုးဝါးလာတတ်သည်။ ထို့ကြောင့် ပဋိပက္ခများကို တာရှည်ခိုင်မြဲမည့် အဖြေထုတ်နိုင်ရန်အတွက် အမျှော်အမြင်ကြီးကြီးနှင့် ဦးဆောင်မည့် ခေါင်းဆောင်များလိုအပ်သည်။ သို့အတွက် ငြိမ်းချမ်းရေးအတွက် အကြံဉာဏ်ထုတ် အဖြေရှာရာတွင် ခေါင်းဆောင်များအနေဖြင့် မိမိနောက်လိုက် အင်အားအများစု၏ အကြိုက်လိုက်ခြင်းထက် မှန်ကန်သော လမ်းကြောင်းတခုအတွက် ဦးဆောင်မှုကို ပေးနိုင်သူ၊ တာဝန်ခံသူ ဖြစ်ရမည်။ ပဋိပက္ခများ ဖြစ်လာစေရန် စတင်လှုံ့ဆော်ခဲ့သူ သို့မဟုတ် ပဋိပက္ခများကိုအရှိန်တင်ထားသူများသည် ပထမအဆင့် ဆွေးနွေးရေးစားပွဲတွင် ခေါင်းဆောင်များဖြစ်လာပါက ခက်ခဲမှုကြုံရသည်။ ခေါင်းဆောင်များအနေဖြင့် ပဋိပက္ခတခုကို အချိန်ဆွဲထားခြင်းဖြင့် ရေတိုအောင်မြင်မှုများ ရနိုင်သည် ကို ဘေးချိတ်ပြီး၊ မိမိနိုင်ငံ၏ ရေရှည်အကျိုးစီးပွားအတွက် တာရှည်ခိုင်မြဲမည့် အဖြေထုတ်ရန် လိုအပ်ပေသည်။ ဤလက်စွဲစာအုပ်သည် ထိုကဲ့သို့ ဖြစ်ရပ်ဥပမာများကို တင်ပြထားပါသည်။ ညှိနှိုင်းဆွေးနွေးနေစဉ်အတွင်း မိမိအုပ်စု၏ အဓိကအကျိုးစီးပွား နှင့်ပတ်သက်၍ ခေါင်းဆောင်များအနေဖြင့် ချင့်ချိန်ဆုံးဖြတ်ရန်မှလွဲ၍ အခြားလုပ်ရန် အကြံပေးခြင်းမဟုတ်ပါ။ အခန်း (၃) ပါ ညှိနှိုင်းဆွေးနွေးပွဲအတွက် နည်းနာပိုင်း အကြံပေးမှုများမှာ ထိုခံယူမှုအပေါ် အခြေခံထားသလို၊ အခန်း(၄)ပါ ဒီမိုကရေစီဝန်းကျင် ပြင်ဆင်မှု တွင်လည်း ထိုအချက်ကို အခြေခံပါသည်။

> ပဋိပက္ခလေ့လာခြင်းသည် အသစ်ထွင် လေ့လာသည့် ပညာမဟုတ်။ သိပြီးသား အကြောင်းအရာတခုကို အခြားနည်းဖြင့်၊ နက်နက်ရှိုင်းရှိုင်း နားလည်ရန် ကြိုးပမ်းခြင်းတရပ်သာ ဖြစ်သည်။

ကျွန်ုပ်တို့အာရုံထားမှုမှာ ယခုအခါ ခြုံငုံသည့်အကြီးစားကိစ္စရပ်များ (macro-level)များမှ အသေးစိတ်ကိစ္စရပ်များ (micro-level)ဆီ ပြောင်းသွားသည်။ ပဋိပက္ခများ၏ ယေဘူယျဖော်ပြချက်များကို လေ့လာရာမှနေ၍၊ ပဋိပက္ခတခုချင်းကို နားလည်ရန် ဆန်းစစ်လာသည်။ ထိုသို့ပဋိပက္ခတခုချင်းကို နားလည်ရန်အတွက်လည်း ထိုပဋိပက္ခ၏အစိတ်အပိုင်းများကို ဆန်းစစ်ရသည်။ ယေဘူယျဆန်သည့်ပုံသဏ္ဍာန်အရ ပဋိပက္ခတရပ်ချင်းကို အောင်မြင်စွာ လေ့လာဆန်းစစ်မှုသည် ရေရှည်ခိုင်မြဲမည့် အောင်မြင်သည့်ညှိနှိုင်းဖြေရှင်းရေးအတွက် သင့်တော်သည့် နည်းလမ်းများကိုဖော်ထုတ် နိုင်မည် ဖြစ်သည်။

## ၂၊ ၆။ ပဋိပက္ခကို ပိုင်းခြားခွဲဖြာ ဆန်းစစ်ခြင်း

ပဋိပက္ခဖြေရှင်းမှုအတွက် ရလဒ်တခုကို မစဉ်းစားခင် – ရလဒ်ဖြစ်စေမည့် ဖြစ်စဉ်ကိုမပြင်ဆင်ခင်မှာပင် ကျွန်ုပ်တို့အနေဖြင့် ပဋိပက္ခအပေါ် ရှင်းရှင်းလင်းလင်း မြင်ထားရန်လိုအပ်သည်။ ပဋိပက္ခကို အထင်အရှားဖော်ပြနိုင်ရန်အတွက် ဆိုလိုပါသည်။ ပဋိပက္ခအတွင်း ရှိဇာတ်ကောင်များသည် သူတို့နှင့်သက်ဆိုင်သည့်ပဋိပက္ခများအတွင်း ဘဝတလျှောက်လိုလိုပါဝင်ရင်း ထိုပဋိပက္ခနှင့် အကျွမ်းတဝင်ရင်းနှီးနေသည်။ ရှည်ကြာသည့်အချိန်ကာလတလျှောက် ပဋိပက္ခများနှင့် ရုန်းကန်နေရပြီး၊ ထိုပဋိပက္ခများ အဆုံးသတ်ရန်လည်း ကြိုးစားနေသည်။

ပဋိပက္ခနှင့်ပတ်သက်သည့် အကြောင်းရပ်များကို ထဲထဲနက်နက်သိရှိထားရန် အရေးကြီးသည်။ ကြာရှည်ဖြစ်ပွားနေသည့် အမြစ်ခိုင်နေသည့် ပဋိပက္ခများအတွင်း ပါဝင်ရင်ဆိုင်နေရသူများ အနေဖြင့်လည်း ပဋိပက္ခ၏အကြောင်းတရား၊ စွမ်းပကားနှင့် အကျိုးသက်ရောက်မှုများ အပေါ် သီးခြားအမြင်ရှိနေတတ်သည်။ သူတို့ကိုသူတို့ အကာအကွယ်ဖြစ်စေမည့် ဆင်ခြင်မျိုးဖြင့် သူတို့တွင် မိမိတို့ပတ်သက်နေသော ပဋိပက္ခများအပေါ် တဖက်သတ်အမြင်များရှိကြသည်။ သူတို့၏အလုပ်တာဝန်မှာလည်း မိမိအသိုင်းအဝိုင်းနှင့် မိမိလုပ်ရှားရန်ကန်မှုများ အရှည်တည်တံ့ပြီး အထောက်အပံ့ ဖြစ်စေရန် ကိုယ်စားပြုရပ်တည်နေသူများဖြစ်သည့်အတွက်လည်း ယင်းဆင်ခြေများမှာ ယင်းတို့အတွက် အဓိပ္ပါယ်ရှိသော သဘောထားများ ဟုဆိုရမည်။

သို့သော် ဤစာအုပ်တွင် ပဋိပက္ခအဆင့်သည့် ကြားကာလတခုသာဖြစ်ကြောင်း ဖော်ပြသည်။ ဤအဆင့်တွင် ညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်တခု အမှန်တကယ်မရှိသေးသော်လည်း အနည်းဆုံး အားဖြင့် ညှိနှိုင်းဆွေးနွေးရန်အကြောင်းတရားများ လမ်းစပျိုးနေသည့် အနေအထားမျိုးဖြစ်သည်။ ဤအခြေအနေမျိုးတွင် နဂိုလ်မူလရှိနေသည့် ရည်မှန်းချက် သဘောထားများဖြင့် တွေ့ဆုံဆွေးနွေးမှုများလုပ်မည်ဆိုပါက အောင်မြင်မှု လုံးဝရှိမည် မဟုတ်။ လုံးဝတဖက်သတ်ဆန်သည့်အမြင်သဘောထားများရှိနေခြင်းဖြင့် ဆွေးနွေးပွဲမှာ သူပြိုင်ကိုယ်ပြိုင် လွန်ဆွဲမှုသာဖြစ်ချေမည်။ စစ်ပွဲများတွင် အနိုင်ရအောင်လုပ်သည့် နည်းပမာ ငြိမ်းချမ်းရေးလုပ်ဆောင်မှုတွင်လည်း နှစ်ဖက်လုံးအနေဖြင့် အနိုင်ရရေးကိုသာ ဦးတည်ဆောင်ရွက်နေတတ်သည်။ ထိုညှိနှိုင်းမှုမျိုးမှာ စစ်ပွဲတပွဲ ကို အခြားနည်းတမျိုးဖြင့် တိုက်ယူခြင်းသာဖြစ်ချေမည်။ သို့သော် စစ်ပွဲနှင့်မတူသည့် ငြိမ်းချမ်းရေး၏အဓိပ္ပါယ်မှာ အနိုင်ယူမှုမဟုတ်ခြင်း ဖြစ်သည်။ ညှိနှိုင်းဆွေးနွေးရေးအလုပ်တွင် ပြိုင်ဆိုင်မှုအစား ပူးပေါင်းဆောင်ရွက်မှုကို ဖြည့်စွက်ရသည်။ သဘာဝအရလည်း ညှိနှိုင်းဆွေးနွေးခြင်းကြောင့် လူထု၏သဘောထား ရပ်တည်မှုများ ပြောင်းလဲရွေ့လျားသွားရန် လှုပ်ရှားမှုဖြစ်စဉ်တရပ် ဖြစ်စေသည်။ ညှိနှိုင်းဆွေးနွေးမှုသည် သင့်၏ရပ်တည်မှုမှန်ကန်ကြောင်း အခြားဆန့်ကျင်ဖက်ကို သဘောပေါက်လက်ခံရန် လုပ်ရသည့် ကိစ္စတရပ် သက်သက်သာ မဟုတ်ပေ။ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေရသည့်အခြေအနေမှ အခြေအနေသစ်သို့ ဖန်တီးနိုင်ရန်အတွက် မိမိအတိုက်အခံနှင့် တစုံတရာအတိုင်းအတာအထိ ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုခြင်းဖြစ်သည်။

မိမိဖက်၌ဖြစ်စေ အခြားတဖက်၌ဖြစ်စေ ပူးပေါင်းဆောင်ရွက်မှုဖြစ်လာရန်မှာ လွယ်ကူသည့်ကိစ္စမဟုတ်သလို အလိုအလျောက်လည်းဖြစ်မည်မဟုတ်ပေ။ ပထမအဆင့်အားဖြင့် စစ်ပွဲများအတွင်းကရှိခဲ့သည့် တင်းကြပ်သည့်တဖက်သတ်အမြင်ထက် ပဋိပက္ခအပေါ် ကျယ်ပြန့်သည့်အမြင်ထားရန် လိုအပ်သည်။ အခြားသူများ၏ ခံစားချက်နှင့်လှုံ့ဆော်မှုများအပေါ် ပိုမိုနားလည်ပေးရေးသည် ပဋိပက္ခကိုယ်တွယ်စီမံမှုဆိုင်ရာ အခြေခံလိုအပ်ချက်တရပ်ဖြစ်သည်။ တဖက်နှင့်တဖက် အမြင်များအပေါ် အပြန်အလှန်သဘောတူညီရန်မဟုတ်၊ ပဋိပက္ခအတွင်းရှိ အကြောင်းတရားများ အပြစ်တင်မှုများနှင့်ပတ်သက်သည့် နှစ်လိုဖွယ်ရာခံယူချက်များကို စွန့်ပစ်ရန်မဟုတ်ပါ။ သို့သော် အခြားဆန့်ကျင်ဖက်အမြင်များကို နားလည်မှုရှိရှိ ချည်းကပ်နိုင်ရမည်ဖြစ်သည်။ သို့သော် တဖက်၏အမြင်အပေါ် ထောက်ခံမှုပေးရန်လည်းလိုအပ်မည်မဟုတ်ပါ။

ဤအချက်မှာ ပဋိပက္ခအတွင်းဇာတ်ကောင်များ စဉ်းစားဆင်ခြင်ရမည့် နည်းနာပုံစံသစ်များ ကျင့်သုံးရေးအတွက် လိုအပ်မှုဖြစ်သည်။ ရှုဒေါင့်အသစ် မှ သူတို့၏အကြောင်းရပ်များကို ဆန်းစစ်ကြည့်ပါ။ ပဋိပက္ခဆန်းစစ်ချက်သည် အကြောင်းအရာ အသစ်တခုအပေါ် လေ့လာခြင်းမဟုတ်ပါ (အသစ်ဖြစ်နိုင်သော်လည်း)။ ကွဲပြားပြီး ပိုမိုနက်ရှိုင်းသည့်နည်းများဖြင့် အကြောင်းအရာတခုတည်းကို နားလည်ရန

## ၂။ ၆။ ပဋိပက္ခကိုပိုင်းခြားခွဲဖြာဆန်းစစ်ခြင်း

စာပုံး ၂

### ပဋိပက္ခတရပ်ကို ဆန်းစစ်ခြင်း နည်းလမ်းသုံးသွယ်

ပဋိပက္ခကို ပိုင်းခြားဆန်းစစ်ရန် နည်းလမ်း ၃ သွယ်ရှိပါသည်။ ညှိနှိုင်းဆွေးနွေးမှုများရေချိန် အတက်အကျနှင့် အညီ၎င်း ချည်းကပ်မှု သုံးမျိုး အနက် တမျိုးသို့မဟုတ်တမျိုး တချိန်ချိန်တွင် ပါရှိမြဲ ဖြစ်သည်။

၁၊ ပဋိပက္ခဆန်ဆန်ဖြေရှင်းသည့်နည်း - အရာရာကိစ္စတိုင်းတွင် အခြားတဖက် အပေါ် အပြစ်တင်ခြင်း၊

၂၊ မိမိကိုယ်ကိုမိမိဆန်းစစ်သည့်နည်းလမ်း - ပဋိပက္ခအတွင်း မိမိဖက်၏ရပ်တည်မှု ကို ပြန်လည်ဆန်းစစ်ကြည့်ခြင်း၊

၃၊ နှစ်ဖက်အမြင်များ စုစည်းမှုနည်းလမ်း - မိမိဖက်အမြင် သာမက ဆန့်ကျင်ဖက်၏အမြင် နှစ်ရပ်စလုံးကို ဆန်းစစ်ခြင်း၊

ဖြစ်သည်။ ရှုမြင်ချက်တခုသည် စိတ်ဖြာခွဲခြမ်းထားသည့်ဖြစ်စဉ်ကို မည်သို့ ဆောင်ရွက်မည်ဆိုသည်နှင့်သက်ဆိုင်သည်။ ၎င်းပုံစံသည် ပဋိပက္ခ၏ခေါင်းစဉ်နှင့် နောက်ဆက်တွဲ ဆန်းစစ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း လုံးလုံးမရှိ။ အဖြေအပေါ် အထင်အရှား သက်ရောက်မှုရှိမည့် ကိုယ်တိုင်ဆန်းစစ်ချက်ဖြစ်လာမည့် သဘောထား ချည်းကပ်မှုများ အတွက် တွန်းအားပေးပါသည်။ အတိုအားဖြင့် ဇာတ်ကောင်များအနေဖြင့် သူတို့၏ပဋိပက္ခကို ပိုင်းခြားဆန်းစစ်ရန် နည်းလမ်း ၃ သွယ်ရှိပါသည်။ ယင်းမှာ –

၁၊ ပဋိပက္ခဆန်ဆန်ဖြေရှင်းသည့်နည်း (the adversarial way)
အရာရာကိစ္စတိုင်းတွင် အခြားတဖက်အပေါ် အပြစ်တင်ခြင်း၊

၂၊ မိမိကိုယ်ကိုမိမိဆန်းစစ်သည့်နည်းလမ်း (the reflexive way)
ပဋိပက္ခအတွင်း မိမိဖက်၏ရပ်တည်မှုကို ပြန်လည်ဆန်းစစ်ကြည့်ခြင်း၊

၃၊ နှစ်ဖက်အမြင်များ စုစည်းမှုနည်းလမ်း (integrative way)
မိမိဖက်အမြင်သာမကဆန့်ကျင်ဖက်၏အမြင် နှစ်ရပ်စလုံးကို ဆန်းစစ်ခြင်း၊

နောက်ဆုံးလမ်းသွယ်သည်သာလျှင်၊ အစုအဖွဲ့များ၏ခိုင်ခိုင်မြဲမြဲအမြစ်တွယ်နေသည့် သဘောထားရပ်တည်မှုများမှနေ၍ အမှန်တကယ် အကျိုးစီးပွားနှင့် လိုအပ်ချက်များ အပေါ် အာရုံစိုက်လာစေမည့် စုစည်းမှုနည်းလမ်းကို ဖန်တီးပေးမည် ဖြစ်သည်။ ယင်းသည် ရပ်တည်မှုအခြေခံ ညှိနှိုင်းပွဲမှ အကျိုးစီးပွားအခြေခံ ညှိနှိုင်းမှုအဖြစ် ("positional-based" negotiation to "interest-based" negotiation) ပြောင်းလဲ ဆောင်ရွက်သင့်ကြောင်းကို အစုအဖွဲ့များမှ လက်ခံလာရန် လိုအပ်ပါသည်။ တကယ်တမ်းတွင်မူ ညှိနှိုင်းဆွေးနွေးမှုများရေချိန် အတက်အကျရှိခြင်းကြောင့် အချိန် ကာလအလိုက် အစုအဖွဲ့များ၏ ရပ်တည်မှု၊ သဘောထားနှင့် နည်းဗျူဟာများမှာလည်း အမြဲပြောင်းလဲနေမည် ဖြစ်သည်။ ထိုသို့ညှိနှိုင်းမှုများ အတက်အကျတွင် ယေဘူယျအားဖြင့် ညှိနှိုင်းဆွေးနွေးမှု မဟာဗျူဟာအတွင်း ချည်းကပ်မှုသုံးမျိုးအနက် တမျိုးသို့မဟုတ် တမျိုး တချိန်ချိန်တွင် ပါရှိမြဲ ဖြစ်တတ်သည်။ ၎င်းသည်မှာလည်း အစုအဖွဲ့များ၏ သဘာဝနှင့်ရင့်ကျက်မှုအပေါ်တည်ပါသည်။

အခန်း (၃)တွင်ဖော်ပြပေးတင်ပြထားသည့်အတိုင်း၊ ညှိနှိုင်းမှုများစတင်ခြင်းသည် တချိန်က ရန်သူဖြစ်ခဲ့သူနှင့်ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်သောကြောင့် ဆေးခါးမြို ရသကဲ့သို့ရှိချေမည်။ ၎င်းအတွက်ကြိုတင်ပြုလုပ်ချက်အနေဖြင့် ပဋိပက္ခအပေါ်

ကျယ်ကျယ်ပြန့်ပြန့်ခွဲခြမ်းစိတ်ဖြာကြည့်ခြင်းသည် အရေးကြီးသည့် ပထမအဆင့်ဖြစ်ပါသည်။ ပြဿနာဖြေရှင်းရန်နည်းလမ်းတရပ်အနေဖြင့် ညှိနှိုင်းမှုပြုလုပ်ပြီဆိုပါက ပဋိပက္ခဆန်ဆန်ဖြေရှင်းသည့် ချည်းကပ်မှုနည်းလမ်းကို ရှောင်ခြင်းသည် သင့်တော်သည့် စတင်ချက်တခုဖြစ်သည်။ ပဋိပက္ခခွဲခြမ်းဆန်းစစ်ရာတွင် စုစည်းချည်းကပ်သည့် နည်းလမ်းနှင့်နီးစပ်လေလေ ညှိနှိုင်းမှုများအတွက် ရှေ့အလားအလာ ကောင်းလေလေ ဖြစ်သည်။

စုစည်းချည်းကပ်သည့်နည်းလမ်း၏ အဖြေတခုမှာ ညှိနှိုင်းမှုများပြုလုပ်ရန် စေ့ဆော်အားပေးခြင်းဖြစ်သည်။ အစုအဖွဲ့များအနေနှင့်လည်း မိမိ၏ကြိုတင်စီမံထားသည့်အရာ ထက် နှစ်ဖက်စလုံး၏တင်ပြချက်အပေါ် ဆောင်ရွက်ရန် ပိုမိုလိုလားလာသည်။ ပဋိပက္ခအပေါ် အပြည့်အဝဆန်းစစ်ခြင်းဖြင့်ရလာသည့် နားလည်မှုမှာ ညှိနှိုင်းမှုဖြစ်စဉ်လုပ်ရန်မဖြစ်မနေလိုအပ်နေခြင်းနှင့် ညှိနှိုင်းမှုအတွင်း တန်ဘိုး ရှိသည့် အကြောင်းရပ်များခေါင်းထဲတွင် ထည့်ထားရန် နှစ်ခုစလုံးဖြစ်သည်။ ပထမ ဦးဆုံးအားဖြင့် ပဋိပက္ခတခုလုံးနှင့် ဆက်စပ်နေသည့် အချက်အလက်အားလုံးကို မိမိရရ ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန်မှာ အရေးကြီးသည်။

## ၂၊ ၇။ ခွဲခြမ်းစိတ်ဖြာရန်အတွက် အချက်အလက်များ

ဤအပိုင်းသည် ပဋိပက္ခဖြေရှင်းရေးအတွက်မရည်ရွယ်ပါ။ နောက်ဆက်တွဲအားဖြင့် အဖြေထုတ်မှုအတွက် တစိတ်တပိုင်းအရေးပါသည့် အကြောင်းအရာအားလုံးကို ထုတ်နုတ်တင်ပြခြင်းသာဖြစ်ပါသည်။ အောက်ပါဖော်ပြထားချက်များမှာ မေးခွန်းထုတ်ရန်နှင့် ဖြေဆိုရန်လိုအပ်သည့် အမေးတချို့ဖြစ်ပါသည်။ ထို အမျိုးမျိုး အစုံစုံ အချက်များကို စဉ်းစားခြင်းဖြင့် ပဋိပက္ခကိုင်တွယ်စီမံရန် သင့်တော်သည့် နည်းနာဗျူဟာများချမှတ်ရေးအတွက် ညှိနှိုင်းရေးသမားများကို ပိုမိုအထောက်အပံ့ ဖြစ်စေသည်။ ပဋိပက္ခနှင့်ဆက်စပ်သည့်အရာတိုင်းကိုသိပါက ဖြေရှင်းရေးနည်းလမ်းများကို စုံစုံလင်လင် စဉ်းစားနိုင်မည် ဖြစ်သည်။

**ဇာတ်ကောင်များ**

*ပဋိပက္ခတရပ်အတွင်းရှိ ပြည်တွင်း ပြည်ပ အမျိုးမျိုးသောဇာတ်ကောင်များကား မည်သူနည်း*

- ပဋိပက္ခတွင် ပါဝင်သည့် ကိုယ်ပိုင်လက္ခဏာဆိုင်ရာအုပ်စုများကို ရှာပါ။ သူတို့ကိုယ်သူတို့ မည်သို့ အဓိပ္ပါယ်သတ်မှတ်သနည်း။ သူတို့၏ ကိုယ်ပိုင်လက္ခဏာ အတွက် မည်သည့်အကြောင်းရပ်များက အဓိကကျသနည်း။
- ထိုအုပ်စုများ၏ အမှန်တကယ်ခေါင်းဆောင်များမှာ မည်သူနည်း။ ထိုသူများသည် နိုင်ငံရေးသမားများလော စစ်သားလော ဘာသာရေး ခေါင်းဆောင်များလော ပညာတတ်များလော။ ထိုသူများအပေါ် သူတို့၏နောက်လိုက်များနှင့် ဆန့်ကျင်သူများထံမှ မည်သို့သောဖိအားသက်ရောက်မှုမျိုးရှိသနည်း။
- ထိုကိုယ်ပိုင်လက္ခဏာဆိုင်ရာအစုများအနေဖြင့် မည်ကဲ့သို့ စည်းရုံး လှုံ့ဆော်သနည်း။ လူမှုအသိုင်းအဝိုင်း၏လိုအပ်ချက်များကို ထိုသူများအနေဖြင့် မည်သို့ဖြည့်ဆည်းဆောင်ရွက်ပါသနည်း(ဥပမာ–နိုင်ငံရေးပါတီများ၊ ပြည်သူစစ်တပ်ဖွဲ့များ၊ စစ်တပ်များ ဖွဲ့စည်း၍ ဆောင်ရွက်သနည်း)။ မည်သည့်အဖွဲ့များနှင့် မဟာမိတ်ပြုထားသနည်း။မည်သည့်အကျိုးစီးပွားများအပေါ်အာရုံစူးစိုက်ထား

## ၂၊ ၇။ ခွဲခြမ်းစိတ်ဖြာရန်အတွက် အချက်အလက်များ

သနည်း (ပြင်ပ၊ ဒေသတွင်း၊ တကမ္ဘာလုံး)။ မည့်သည့်ဖိအားများ ရင်ဆိုင်နေရသနည်း။
- အစုအဖွဲ့များအတွင်း မည်သည့်အစိတ်အပိုင်းများရှိနေသနည်း။
- နောက်ယုက်အဖျက်ဆီးလိုသူများ ရှိပါသလား (ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆန့်ကျင်သည့်အုပ်စု)။ သူတို့ထံမှ မည်သို့ ခြိမ်းခြောက်မှုမျိုးရှိသနည်း။
- အကြောင်းရပ်တမျိုးတည်းရှိသည့်အုပ်စုရှိပါသလား (ပဋိပက္ခ၏ သီးခြားအခြေအနေ တခုခုအပေါ် ပြင်းထန်သည့်အမြင်ရှိနေသည့် အုပ်စုကိုဆိုလိုသည်)။ ပဋိပက္ခမှဖယ်ကျဉ်ခံထားရသော သို့မဟုတ် ပဋိပက္ခကိုဆန့်ကျင်သော ပြည်တွင်းရှိ ဇာတ်ကောင်များရှိနေပါသလား (ဥပမာအားဖြင့် ငြိမ်းချမ်းရေးအုပ်စု၊ စီးပွားရေးအုပ်စုစသဖြင့်)။
- ပြင်ပဇာတ်ကောင်များမှာ မည်သူနည်း(အစိုးရ၊ နိုင်ငံ၊ ဘာသာရေးအုပ်စုစသဖြင့်)။ ထိုပြင်ပအုပ်စုများမှာ ပဋိပက္ခအပေါ် မည်သို့ အကျိုး သက်ရောက်မှုရှိသနည်း။

### အကြောင်းရပ်များ

*ပဋိပက္ခအတွင်း မည်သည့်အကြောင်းရပ်များ တည်ရှိနေသနည်း။*
- စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးအရင်းအမြစ် ခွဲဝေမှုများအတွက် မည်သည့် အကြောင်းရပ်များဖြစ်ပေါ်လာသနည်း။
- နိုင်ငံရေးဖွင့်ဆိုချက်အရ မည်သို့သောပဋိပက္ခဖြစ်သနည်း။
- ခွဲဝေမှုဖြစ်စဉ် အတွင်း ခွဲခြားဆက်ဆံမှု ရှိပါသလား။

### ပဓါနအကြောင်းရင်းများ

*အစုအဖွဲ့များအတွက် မည်သည့်လိုအပ်ချက်များရှိနေသနည်း။ မည်သည့်စိုးရိမ်မှုများ ရှိသနည်း။*
- အစုအဖွဲ့တရပ်ချင်းတွင် မည့်သည့်အချက်က အဓိကလိုလားချက်ဖြစ်သနည်း။ ဘာကြောင့် ဖြစ်နေသနည်း။ (ဥပမာအားဖြင့် ခွဲထွက်ရေးအတွက် သူတို့အမှန်တကယ်လိုလားသလား သို့မဟုတ် ထိုအချက်သည် ထိုအသိုင်းအဝိုင်း၏ လုံခြုံရေးအတွက် အလွန်တရာလိုအပ်နေခြင်းကို ဖော်ပြသည့် တောင်းဆိုချက်တရပ် ဖြစ်ပါသလား။)
- အစုအဖွဲ့တခုချင်းအနေဖြင့် လက်ရှိအခြေအနေအောက်တွင် မည်သည့်အရာကို စိုးရိမ်ကြောက်ရွံ့နေသနည်း။ အစုအဖွဲ့တခုမှ အခြားတခုအပေါ်တွင်ရှိနေသည့် စိုးရိမ်ကြောက်ရွံ့သည့်အချက်ကား မည်သည့်အရာနည်း။

### နယ်ပယ်အတိုင်းအတာ

*ပဋိပက္ခ၏အတွင်းအပြင် နယ်ပယ်နှစ်ခုလုံး၌ ပဋိပက္ခ၏ သက်ရောက်မှုသည် မည့်သည့်ပမာဏ အတိုင်းအတာရှိသနည်း။*
- လူထုအပေါ် ပဋိပက္ခ၏သက်ရောက်မှုသည် မည့်သည့်အတိုင်းအတာ နယ်ပယ်ရှိသနည်း။ လူထု၏မည့်သည့်အပိုင်းသည် သက်ရောက်မှုအများဆုံးခံရသနည်း။ အဘယ့်ကြောင့်နည်း။ လုံးဝသက်ရောက်မှု မခံရသည့် တိုင်းပြည်၏ အချို့အစိတ်အပိုင်းများရှိနေပါသလား။ အဘယ့်ကြောင့် ကင်းလွတ်နေသနည်း။
- ပဋိပက္ခတွင် အခြားနိုင်ငံများသို့ သက်ရောက်သည့် မည်သည့် ဂယက်ရိုက်မှုမျိုး

ရှိသနည်း။ ထိုဂယက်ရိုက်မှုမှာ ဒေသဆိုင်ရာ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ မဟာမိတ်များအတွက်ရောဖြစ်နေပါသလား။
- ပဋိပက္ခဆက်ဖြစ်နေခြင်းဖြင့် မည်သူကိုအကျိုးထိခိုက်မည်နည်း။ ပဋိပက္ခ ဖြေရှင်းခြင်းဖြင့် မည်သူကို အကျိုး ရှိမည်နည်း။

ပဋိပက္ခကို ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း၏ ပထမအဆင့်မှာ ပြဿနာနှင့် စပ်လျဉ်းသည့် အချက်အလက် ကုန်ကြမ်းမှန်သမျှကို တတ်နိုင်သမျှ စုစည်းပြီး၊ ပဋိပက္ခတခုလုံး၏ အသွင်နှင့်နက်ရှိုင်းမှုကို ခြုံငုံ ဆန်းစစ်ခြင်းဖြစ်သည်။

## ပြဿနာဖြေရှင်းရေး၏ ပြီးခဲ့သည့်ကြိုးစားမှုများ

*ထိုသို့ပြဿနာရပ်များဖြေရှင်းရေးအတွက် ကြိုးစားခဲ့ခြင်းနှင့်ပတ်သက်၍ ပဋိပက္ခ၏ နောက်ခံသမိုင်းကိုဖော်ထုတ်ပါ။*

- ပြီးခဲ့သည့်ကာလက ကြိုးစားခဲ့ရာ မည်သည့်ပုံစံဖြင့် ကြိုးစားခဲ့သနည်း။ အဘယ်ကြောင့် မအောင်မမြင် ဖြစ်ခဲ့ရသနည်း။ ပြဿနာအဖြေရှာမှုပုံစံ ရေးသားသူ သို့မဟုတ် အကောင်အထည်ဖော်သည့်အပိုင်း သို့မဟုတ် ပါဝင်သည့်အကြောင်းအချက်များတွင် အပြစ်အနာတစုံတရာရှိခဲ့ပါသလား။
- ပြဿနာဖြေရှင်းရေးအတွက် ပြီးခဲ့သည့်ကြိုးစားမှုအတွင်း ပုံစံနမူနာတရပ် သတ်မှတ်နိုင်ပါသလား။

## အဆင့်နှင့်ပြင်းအား

*ပဋိပက္ခ၏အဆင့်များကို သတ်မှတ်ရန်ဖြစ်နိုင်ပါသလား။*

- ပဋိပက္ခတွင် ထင်ရှားသည့်အဆင့်များရှိပါသလား။ ဥပမာ အစိုးရတရပ်ပုံစံ၊ အကြမ်းဖက်မှုပုံစံ သို့မဟုတ် ပြင်ပလွှမ်းမိုးမှုပုံစံတရပ်ရှိ စမ်းသက်မှုများနှင့် ဆက်နွယ်နေသည့်အဆင့်များဖြစ်သည်။
- အကြမ်းဖက်မှုများ ပြင်းထန်လာခြင်းသည် အချိန်ကာလအလိုက် ပြောင်းလဲ သွားပါသလား။

## အာဏာချိန်ခွင်မျှခြင်း

*အစုအဖွဲ့များအကြား အာဏာချိန်ခွင့်မျှရန် မည်သည့်သဘာဝနှင့် အတိုင်းအတာ ရှိသနည်း။*

- မည်သူက ပြင်းထန်သူနည်း။ မည်သူက ပိုမိုထောက်ခံမှုပေးသနည်း။ (အစုအဖွဲ့များအနေဖြင့် သူတို့၏သြဇာအာဏာအပေါ် ခံယူသည့်အမြင်နှင့် သူတို့အကြား အာဏာချိန်ခွင့်မျှမျှ ကိုယ်ပိုင်ခန့်မှန်းချက်သည် အလွန်တရာ အရေးကြီးသည်။ )
- ထိုသို့ ချိန်ခွင့်မျှခြင်းကြောင့် အချိန်ပြောင်းသွားနိုင်ပါသလား။ သို့မဟုတ် မူလအတိုင်းဆက်ရှိနေပါသလား။
- အစုအဖွဲ့တခုမှ လွှမ်းမိုးသည့်အနေအထားသည် ခိုင်မြဲနေပါသလား။
- မဝေးတော့သည့်အနာဂတ်တွင် အစုတစုမှ အတိအလင်းအနိုင်ရသွားမည့် အလားအလာရှိပါသလား။

## စွမ်းအားနှင့်အရင်းအမြစ်

အစုအဖွဲ့များ၏ လက်ရှိ စွမ်းပကားကားအဘယ်နည်း။

- အချိန်ကာလတခုတွင် အရင်းအမြစ်များသည် အခြားတဖက်သို့ ပြောင်းရွှေ့သွားပါသလား။ မဝေးတော့သည့်အနာဂတ်တွင် အရင်းအမြစ်ဆိုင်ရာ ပြောင်းလဲမှုများဖြစ်နိုင်ပါသလား။ ပြည်တွင်းအရင်းအမြစ်များလား

သို့မဟုတ် ပြည်ပအရင်းအမြစ်များလား။
– မတူညီသည့်အစုအဖွဲ့များတွင် မည်သို့ ငွေကြေးအခြေအနေ ရှိသနည်း။
– ထိရောက်သည့်ညှိနှိုင်းမှုဖြစ်လာရန် မည်သို့သောအရင်းအမြစ်များ လိုအပ်သနည်း။

**ဆက်ဆံမှုအခြေအနေ**

**ပဋိပက္ခဖြစ်ဖက်များအကြား၌ မည်သို့သောဆက်ဆံရေးသဘောရှိသနည်း။**
– ခေါင်းဆောင်များအကြား၌ မည်သို့ဆက်ဆံရေးသဘာဝရှိသနည်း။
– အစုအဖွဲ့တခုမှ အခြားတစုအပေါ်ရှိသည့် အပြန်အလှန်အမြင်များမှာ မည်သို့နည်း။
– အစုအခုမှ အခြားတဖက်၏ သတင်းအချက်အလက်များကို မည်သို့ရသနည်း။ ထိုသတင်းအချက်အလက်များမှာ မည်မျှအထိ မှန်ကန်မှုရှိသနည်း။
– ယုံကြည်မှုအတိုင်းအတာရှိခဲ့ပါက မည့်သည့်အချက်များဖြစ်သနည်း။

## ၂။ ၈။ ခွဲခြမ်းစိတ်ဖြာနိုင်သော ရှုမြင်ချက်များ

ဆက်လုပ်ရမည့်အပိုင်းသည် ပြီးခဲ့သည့်မေးခွန်းများမှ ရလာသည့် အချက်အလက်ကုန်ကြမ်းများအပေါ် အခြေခံပြီး ပုံသဏ္ဍာန်နှင့်ဖွဲ့စည်းမှုဆိုင်ရာအတွက် အထောက်အပံ့ဖြစ်စေရန်ဆောင်ရွက်ခြင်းဖြစ်သည်။ ယခုတင်ပြမည့် အယူအဆအများစုမှာ ပညာရှင်တို့၏စာတမ်း၊ တွေ့ရှိချက်များမှ အခြေခံထားပါသည်။ ရည်ရွယ်ချက်မှာ ပဋိပက္ခခွဲခြမ်းစိတ်ဖြာခြင်းမှ ရလာသည့် ပညာရပ်ဆိုင်ရာ စဉ်းစားတွေးခေါ်ချက်အချို့ကိုထုတ်နုတ်ယူပြီး၊ အသုံးဝင်မည့် လက်တွေ့အပြုအမူတွင် ကျင့်သုံးရန်ဖြစ်၏။

မည်သည့်အကြောင်းအရာကို မဆို ခွဲခြားစိတ်ဖြာကြည့်သည်နှင့် ထိုအကြောင်းအရာသည် ပိုမိုရှင်းလင်း လွယ်ကူသွားတတ်သည်မှာ ဓမ္မတာဖြစ်သည်။ ဤသည်မှာ လုပ်ငန်းသဘာဝအရရှိသည့် အန္တရာယ်တရပ် (occupational hazard) ဖြစ်သလို ခွဲခြမ်းစိတ်ဖြာမှုဖြစ်စဉ်၏ လိုအပ်သည့်အချက်လည်းဖြစ်သည်။ ဤအချက်၏ အကန့်အသတ်ကို သဘောပေါက်နားလည်သည်နှင့်တပြိုင်တည်း ပဋိပက္ခအပေါ် အကျိုးအကြောင်းရှိရှိနားလည်မှုရှိလာရန် – သတင်းအချက်အလက်များစုဆောင်ရန် – ခံယူချက်အမြင်များရရှိရန်အတွက် ပိုင်းခြားစိတ်ဖြာမှုသည် အကောင်းဆုံး အသုံးဝင်သည့် ကိရိယာဖြစ်လာနိုင်သည်။ ရှင်းရှင်းလင်းလင်းရှိခြင်းသည် အလွန်တရာ ရှုပ်ထွေးသည့်အကြောင်းအရာ၌ပင် တခါတရံတွင် အင်အားတရပ်ဖြစ်နေတတ်သည်။

ယခုတင်ပြထားချက်များသည် ရိုးရှင်းသည့် စိတ်ဖြာပိုင်းခြားမှုနည်းနာအချို့ဖြစ်သည်။ တခါတရံတွင် ထိုနည်းနာများကို ဖန်တီးသူများက စံပုံစံ (model) သို့မဟုတ် သီအိုရီဟု ခေါ်ဝေါ်လေ့ရှိသည်။ သို့သော် ထိုအရာများမှာ ကုထုံးနည်းများတော့မဟုတ်ပေ။ ပုံစံတရပ်သည် အကြောင်းအရာနှင့်ဆီလျော်မှုမရှိဟုထင်ရပါက အခြားပုံစံတခုကိုဦးစားပေး၍ ထိုပုံစံကို ပယ်ထုတ်နိုင်ရမည်။ မည်သည့်ပုံစံ (model) မဆို အရာရာကို ရှင်းပြနိုင်သည်တော့မဟုတ်ပေ။ လိုအပ်သည့်အချိန်တွင်သာ ထိုပုံစံကိုရွေးခြယ်ထားပြီး၊ မလိုအပ်သည်နှင့်အခြားတခုနှင့်အစားထိုးရမည်။

ထို့အပြင် ပဋိပက္ခတွင် အစဉ်မပြတ်ရွေ့ပြောင်းနေသည့် အားအင်တရပ်ရှိသည်။ ပြီးခဲ့သည့်အပိုင်း၌ မေးခွန်းများဖြင့် အကြမ်းဖျဉ်းဆွဲချထားသည့် အချက်အလက်များစွာသည် သူတို့ကိုယ်သူတို့ ပြောင်းလဲစေနိုင်သလို၊ ဆက်စပ်နေသည့် အခြားအရေးကြီးသည့်အချက်များကို အချိန်နှင့်အမျှပြောင်းလဲစေသည်။ လုံးဝ

အသစ်ဖြစ်သည့်အချက်အလက်များပေါ်လာတတ်သလို၊ ပြီးခဲ့သည့် အရေးကြီးသည့် အချက်များမှာ လုံးဝပျောက်သွားတတ်သည်။ ထို့ကြောင့် ပိုင်းခြားစိတ်ဖြာမှုဖြစ်စဉ်မှာ လုံးဝပြီးဆုံးသွားသည်ဟု မှတ်ယူ၍မရပေ။ ပိုင်းခြားစိတ်ဖြာမှုထပ်မံ ပြန်လုပ်ရန် လိုအပ်သလို၊ ပုံမှန်အားဖြင့် ပြန်လည်အကဲဖြတ်နေရမည်။ ထိုနည်းတူစွာ ပိုင်းခြားစိတ်ဖြာမှုဖြင့် မည့်သည့်အကြောင်းရပ်များသည် ဆက်လက်ကျန်ရစ်ဦးမည် မည့်သည့် အချက်များသည် အချိန်နှင့်အမျှ ပြောင်းရွှေ့သွားမည်ဆိုသည့် အနာဂတ်အတွက် ကြိုတင်ခန့်မှန်းမှုများလည်း ပြုလုပ်ရမည်။

## ၂၊ ၈၊ ၁။ တြိဂံပုံ ပဋိပက္ခ

ပဋိပက္ခကို ရှုမြင်ရာတွင် အလွယ်ကူဆုံးနည်းလမ်းတရပ်မှာ အချက် ၃ ချက်ဖြင့် တြိဂံပုံစံ ဖော်ကြည့်ခြင်းဖြစ်သည်။




ထိုပုံစံတွင် အကြောင်းရပ်သုံးခုရှိပြီး၊ မည်သည့်တခုမဆိုပင် ပဋိပက္ခဖြစ်လာစေရန် ဖန်တီးနိုင်သည်။

**အခြေအနေ**။ ။အခြေအနေဆိုသည်မှာ ပဋိပက္ခတရပ်ကိုဖြစ်စေသည့် အမှန်တကယ် အနေအထားတရပ် (ဓမ္မဓိဋ္ဌာန်ကျသည့် အခြေအနေများ)ကို ဆိုလိုပါသည်။ ဥပမာ အားဖြင့် – နိုင်ငံရေးအာဏာသည် အခြားအုပ်စုများကို ထည့်မတွက်ပဲ လူအုပ်စုတစု၏ လက်တွင်း၌ရောက်နေခြင်း သို့မဟုတ် ဒေသအတွင်းရှိ သဘာဝအရင်းအမြစ်အားလုံး အပေါ် ရပိုင်ခွင့်ရှိသည့် အုပ်စုတခုတည်းအတွက် သီးသန့်ဖြစ်နေခြင်း သို့မဟုတ် အခွင့်ထူးခံလူတစုရှိနေသည့်အခြေအနေကြောင့် တိုင်းပြည်အတွင်း ကွဲပြားခြားနား နေခြင်း စသည့် အနေအထားများဖြစ်သည်။ တဖြေးဖြေးနှင့်ပင် ထိုအခြေအနေများမှ ပဋိပက္ခဖြစ်လာပြီး၊ အနိမ်ခံအုပ်စုများ အနေဖြင့်လည်း ပဋိပက္ခအတွင်းသို့ ပါဝင်လာရသည်ကို တွေ့ရှိရမည်။

**အပြုအမူ**။ ။အပြုအမူသည် လူတို့၏ လှုပ်ရှားဆောင်ရွက်မှုနှင့်ဆက်စပ်သည်။ အုပ်စုတစုသည် အခြားတစုအပေါ် ရန်လိုသည့်အမူအရာရှိနေခြင်းမျိုးဖြစ်သည်။ အခြား အုပ်စုဝင်များကို သတ်ဖြတ်ခြင်း သို့မဟုတ် ဖိနှိပ်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း တို့ဖြစ်သည်။ ထိုအခြေအနေတွင် ဒုတိယအုပ်စုကလည်း လက်တုံ့ပြန်ကောင်း တုံ့ပြန် နိုင်သည်။ တဖြေးဖြေးနှင့်ပင် နှစ်ဖက်စလုံး၏ အပြုအမူ သည် စစ်ပွဲဆီ ဦးတည် အရှိန်မြင့်လာသည်။ ထို့ကြောင့် လှုပ်ရှားဆောင်ရွက်မှုနှင့် တုန့်ပြန့်မှုအပါအဝင် အပြုအမူများသည်လည်း ပဋိပက္ခဖြစ်စေသည့် အကြောင်းတရပ်ဖြစ်သည်။

**အမြင်သဘောထား**။ ။ဤနေရာတွင် အစုအဖွဲ့များမှ အခြားတဖက်အပေါ် ထားသည့် အမြင်သဘောထား ခံယူမှုများ အထူးသဖြင့် အစွဲပုံရိပ်များကို ဆိုလိုသည်။ မိမိတို့အုပ်စုသည် အခြားအုပ်စုများထက် ပိုမိုတန်ဘိုးရှိသည်ဟုခံယူချက် သို့မဟုတ် မိမိတို့ အုပ်စုပျက်စီးရာပျက်စီးကြောင်း တဖက်မှ ကြံစည် ဆောင်ရွက်သည်ဟု သံသယ အမြင် သို့မဟုတ် အခြားအုပ်စု၏အမြင်ခံယူမှုသည် မိမိတို့၏ စာရိတ္တပိုင်းဆိုင်ရာ

## ၂။ ၈။ ခွဲခြမ်းစိတ်ဖြာနိုင်သော ရှုမြင်ချက်များ

အမှန်သညာကို ထိခိုက်စေသည်ဟု ယူဆခြင်း သို့မဟုတ် အခြားအုပ်စုသည် မိမိတို့ အုပ်စုအတွက် အန္တရာယ်ရှိလာသည်ဟု ထင်မြင်မှု စသည်တို့မှာလည်း နှစ်ဖက်အကြား ပဋိပက္ခဖြစ်လာရန်ဖန်တီးသည်။

ထိုအကြောင်းသုံးရပ်စလုံးကြောင့်သော်လည်းကောင်း၊ တချက်ခြင်းကြောင့်သော် လည်းကောင်း၊ ပဋိပက္ခ၏ အရင်းအမြစ်များ ဖြစ်ကြသည်။ မိမိတို့အခြေအနေကို သိရှိမှု၊ ပြုမူသည့်အပြုအမူ သို့မဟုတ် အခြားတစုအပေါ်ထားသည့်ခံယူမှုအမြင်တို့ ကို အခြေခံပြီး ပဋိပက္ခများ စတင်လာရသည်။ ထိုတြိဂံပုံစံ၏ မည်သည့်အခြေအနေ တရပ်ရပ်မှ မဆို ပဋိပက္ခ စဖြစ်လာနိုင်သည်။ တြိဂံပုံစံပါ အကြောင်းတချက်မှစ၍ ပဋိပက္ခဖြစ်လာသည်နှင့် အခြားအချက်များကိုလည်း လျှင်လျှင်မြန်မြန် ကူးစက်သွား သည်။ တကယ်တမ်းတွင် ထိုအချက်သုံးချက်မှာ ပဋိပက္ခဖြစ်ပေါ်ရေးတွင် တခုနှင့်တခု အပြန်အလှန်အားဖြစ်စေသည်။ ထိုအချက်များသည် အပြန်အလှန်ဆက်နွယ်မှုရှိပြီး အချင်းချင်းအားပြုနေသည်ကို အတိအကျပုံဖော်ရလျှင်၊




တြိဂံပုံစံအတွင်းမည်သည့်နေရာမှမဆို ပဋိပက္ခစတင်လာပါက အခြားနေရာများ ကိုလည်း ပျံ့နှံ့သွားမည်ဆိုသည်ကို ဖော်ပြထားချက်ဖြစ်သည်။ ရန်လိုသည့် အပြုအမူသည် မကောင်းသည့် အမြင်သဘောထားဖြစ်စေသည်။ အမြင်သဘောထား မကောင်းမှု သည် အခြေအနေကို ပိုမိုဆိုးဝါးစေသည်။ ဆိုးဝါးသည့်အခြေအနေသည် ရန်လိုသည့်အပြုအမူများ ပိုမိုဖြစ်လာရန် လှုံ့ဆော်သည်။ ထိုနည်းတူစွာပင် ရန်လိုသည့် အပြုအမူသည်အခြေအနေကို ပိုမိုဆိုးဝါးစေပြီး၊ အခြေအနေဆိုးများကြောင့် မကောင်း သည့် အမြင်သဘောထားဖြစ်လာစေသည်။ ထိုသို့တဖက်အပေါ် အမြင်သဘောထား မကောင်းခြင်းကြောင့် ပိုမိုသည့် ရန်လိုမုန်းတီးသည့် အပြုအမူများဖြစ်လာစေသည်။ (ဤတြိဂံပုံစံ၏ ဖော်ညွှန်းချက်အရ အကြောင်းရင်းတခုမှ အခြားအကြောင်းရင်းတခုသို့ လျင်မြန်စွာကူးစက်ပြီး ပဋိပက္ခအန္တရာယ်များ လျင်လျင်မြန်မြန် တိုးပွားလာနိုင်သည် ဟုဆိုသော်ငြားလည်း ယင်း၏ နောက်ပြန်ဖြစ်စဉ်အရ အလွန်ကြီးမားသော ပဋိပက္ခ တရပ်ကို တြိဂံတဆင့်ချင်း လျှော့ချသွားနိုင်သည် ဟူသောကောင်းမွန်သည့် အမြင် လည်းရှိနေပြန်သည်။ ရန်လိုသည့်အပြုအမူများကိုလျှော့ချခြင်းဖြင့် မကောင်းသည့် အမြင်သဘောထားများကို ပြေလျှော့လာစေပြီး ပဋိပက္ခ တင်းမာမှုဖြစ်စေ သည့်အခြေ အနေရပ်များကိုလျှော့ကျကာ တိုးတက်မှုရလာစေနိုင်သည်။)

ဤသည်မှာ အလွန်ရိုးရှင်းသည့်နည်းနာတရပ်ဖြစ်ပါသည်။ ရည်ရွယ်ရင်းမှာလည်း ရှည်ကြာနေသည့် ပဋိပက္ခအတွင်း မူလအကြောင်းရင်းကို ခြေရာခံမှုများ ကောင်းလာ စေရန် သက်သက်မဟုတ်။ တြိဂံပုံအတွင်း တခုနှင့်တခု စက်ဝိုင်း သဏ္ဍာန်ဆက်စပ်မှုများ ကြောင့် အကြောင်းရင်းတခုတည်းကို ဆုပ်ကိုင်ထားပြီး ပဋိပက္ခတရပ်ကို ဖြေရှင်း၍ မရနိုင်ချေ။ ပိုမိုဆက်စပ်ပြီး ရိုးရှင်းသည့် အချက်မှာ ထိုအကြောင်းသုံးချက်စလုံး ပေါင်းစည်းပြီး ပဋိပက္ခဖြစ်လာသည်ဆိုခြင်း နှင့် သူတို့၏အပြန်အလှန်ဆက်စပ်မှု အပြန်အလှန်အားဖြင့် မှီတည်နေရမှုများသည် ပဋိပက္ခတရပ် ပြင်းထန်အားကောင်း လာအောင် လောင်မြိုက်ပေးနိုင်သည် ဆိုခြင်းပင် ဖြစ်သည်။ ဤတြိဂံပုံကို အခြေခံဘောင်

ပဋိပက္ခတရပ်ကို အလွယ်ကူဆုံးလေ့လာနိုင်မည့် နည်းတခုမှာ ယင်းကို အနားသုံးဖက်ရှိသော တြိဂံ တခု--အခြေအနေ၊ အမြင်သဘောထား၊ အပြုအမူ-- ယင်းတို့အနက် တခုခုမှ ပဋိပက္ခအခြေခံ လာနိုင်ခြင်း ပင်ဖြစ်သည်။

ပဋိပက္ခ၏ အလုံးစုံသော အချက်အလက်နှင့် သဘာဝများ -- ဇာတ်ကောင်များ၊ ပြဿနာရပ်များ၊ ဆက်ဆံရေးများ စသည့်-- တို့ကို သိရှိလာပြီး သကာလ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အမှုပြီးဆုံးပြီ ဟု ဆိုနိုင်ပါသည်။ ယင်းမှာ ပဋိပက္ခတရပ်ကို ငြိမ်းချမ်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်မည့် ဖြစ်စဉ်တခု ကို ဖော်ထုတ်ရန် အဓိကလိုအပ်သော ကနဦး အားထုတ်မှု ဖြစ်ပါသည်။

အနေဖြင့်အသုံးချပါက ပဋိပက္ခ၏ရှုတ်ထွေးနေသည့်အကြောင်းရပ်များကို ခွဲခြားနိုင်မည် ဖြစ်သလို၊ အစိတ်အပိုင်းများမည်သို့ဖြစ်တည်နေသည်ကိုလည်း ပိုမိုရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ပေမည်။

### ၂၊ ၈၊ ၂။ အရှိန်မြင့်တက်ခြင်းအဆင့်များ

ပဋိပက္ခများသည် အချိန်ကာလအလျောက် အရှိန်မြင့်တတ်ခြင်း၊အရှိန်ကျခြင်းဖြစ်လေ့ ရှိသည်။ အကြမ်းဖက်မှုများအဖြစ် ပေါက်ကွဲထွက်လာခြင်း၊ မီးခဲပြာဖုံး အချိန်ကာလ များသို့ ပြန်လည်ရောက်ရှိခြင်း စသည့် အတက်အကျများ ရှိသည်။ ပဋိပက္ခအပေါ် ပိုင်းခြားစိတ်ဖြာကြည့်ရာတွင် လက်ရှိပဋိပက္ခအဆင့်သို့ အရှိန်တိုးမြင့်စေသည့် အချက်နှင့် အခြားမည်သည့်နေရာသို့ ဦးတည်သွားနေသည့်ဆိုသည့်အချက် များကို သိထားရန် အလွန်တရာအရေးကြီးသည်။ ထိုသို့ဆောင်ရွက်ရန် ပဋိပက္ခအရှိန်တိုးတက်မှု ကို အဆင့်(၄)ဆင့် ခွဲပြီးလေ့လာနိုင်ပါသည်။

**ဆွေးနွေးမှုအဆင့်** (Dicussion stage)

အစုအဖွဲ့များအနေဖြင့် သဘောကွဲလွဲမှုများရှိသော်လည်း အတူတကွ ပူးတွဲ ဆောင်ရွက်နိုင်သေးသည့် နီးကပ်မှုရှိနေတုန်း အဆင့် ဖြစ်သည်။ အစုအဖွဲ့များအကြား ဆက်သွယ်ရေးမှာ တိုက်ရိုက် ငြင်းခုံမှု ဆွေးနွေးမှုများအဖြစ် ရှိနေသည်။ အပြန်အလှန် အမြင်မှာလည်း တိကျမှုရှိပြီး စိုးရိမ်စရာမရှိသည့် အသင့်အတင့်နားလည်မှုမျိုးဖြစ်သည်။ အပြန်အလှန်ဆက်ဆံမှုမှာလည်း ယုံကြည်မှုနှင့်လေးစားမှုအနည်းငယ်ရှိသေးသည့် အခြေအနေဖြစ်သည်။ အငြင်းပွားမှု ဖြစ်နေသောအကြောင်းရပ်များသည် အခြေ အမြစ်ရှိပြီး ဓမ္မဓိဌာန်ကျသည်။ ဖြစ်လာနိုင်သည့် ရလဒ်သည်လည်း အခြားတဖက်ကို ကျေနပ်နှစ်သိမ့်မှုပေးနိုင်အောင် ဆောင်ရွက်သည်။ နှစ်ဖက်စလုံးအနိုင်ရသည့် (win-win situation) အခြေအနေမျိုးဖြစ်သည်။ ဥပမာအားဖြင့် ဘာသာစကား နှင့်ယဉ်ကျေးမှု ဆိုင်ရာအခွင့်အရေးများနှင့်ပတ်သက်၍ Canadian-Quebecois တင်းမာမှုများမှာ ဖျောက်ဖျက် မရအောင် နက်ရှိုင်းခိုင်မာပြီး ရှုတ်ထွေးလှသည်။ သို့သော် ငြင်းခုံမှုသည် အရှိန်ပမာဏအားနည်းသော ဆွေးနွေးပွဲများအတွင်း၌သာ ဖြစ်ပေါ်ခဲ့သည်။

**အစွန်းရောက်သွားသည့်အဆင့်** (Polarization stage)

အစုအဖွဲ့များအနေဖြင့် တစုနှင့်တစု အလှမ်းဝေးအောင် ဆုတ်ခွာနိုင်သည့် အကွာအဝေးတခုကို နှစ်ဖက်အကြား စတင်ထားရှိလာခြင်းဖြင့် အစွန်းရောက်သွားသည့် အဆင့်ဖြစ်သည်။ ထိုအကွာအဝေးကြောင့်ပင် နှစ်ဖက်ဆက်သွယ်ရေးမှာ တိုက်ရိုက် မဟုတ်တော့ပဲ၊ ကြားစကားပြန်အပေါ်တွင် အားထားနေရသည်။ ထို့ကြောင့် အဓိပ္ပယ် ကောက်ယူမှုမှားယွင်းမှုများဖြင့် ကြုံရနိုင်သည်။ တဖက်နှင့်တဖက် အပြန်အလှန်အမြင် သဘောထားမှာလည်း တရားသေအစွဲအမြင်များဖြစ်ပြီး၊ အပြန်အလှန်တိုက်ရိုက် တုန့်ပြန်မှုများ မရှိခြင်းကြောင့် နှစ်ဖက်တင်းမာမှုများ ပိုမိုပြင်းထန်လာသည်။ နှစ်ဖက် ဆက်ဆံရေး၌လည်း မိမိရန်ဖက်ကို အရေးကြီးသည်ဟုလက်ခံထားသော်လည်း တဖက် နှင့်တဖက်ယုံကြည်မှုနည်းလာသည့်အတွက်ကြောင့် လေးစားသည့်ဆက်ဆံရေးမှု လျော့ကျလာသည်။ အာရုံစိုက်သည့်အကြောင်းအရာမှာလည်း ဓမ္မဓိဌာန်ကျကျ ပကတိ ဖြစ်သည့်အရာများမှနေ၍ ဆက်ဆံရေးနှင့်ပတ်သက်ပြီး စိတ်ဓါတ်ရေးရာနှင့်ဆိုင်သည့် အကြောင်းရပ်များဖြစ်လာသည်။ ဖြစ်လာနိုင်သည့်ရလဒ်မှာလည်း နှစ်ဖက်စလုံးက အနိုင်ရမည့်အခြေအနေမဟုတ်တော့ပဲ တဖက်ဖက်သည် (တောင်းဆိုမှုများ အများ အပြားအနက်မှ) တစုံတခုကိုသာအနိုင်ရပြီး အခြားတခုက အလျှော့ပေးရမည့် အပေးအယူမျိုးသာ ဖြစ်နိုင်သည်။ ပဋိပက္ခအပေါ် ကိုင်တွယ်စီမံရာတွင် ဦးစားပေးပုံစံ မှာလည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်ပြီး ဆုံးဖြတ်ချက်ယူသည့်ပုံစံမှနေ၍

ပြိုင်ဆိုင်မှုရှိသည့် ညှိနှိုင်းရေးပုံစံပြောင်းသွားသည်။ စစ်အေးကာလအတွင်း ဆိုဗီယက်နှင့် အမေရိကန် ထိန်းထားသော ပိုနေမြဲကျားနေမြဲဆက်ဆံရေး သည် ဤအဆင့်နှင့် ဆိုင်သည့် ထင်ရှားသော ဥပမာ တခုဖြစ်သည်။

**သီးသန့်ခွဲခြားမှုအဆင့်** (Segregation stage)

အစုအဖွဲ့များသည် တစုနှင့်တစု ဆက်စပ်မှုမရှိအောင် ကွဲထွက်သွားကြသည်။ အချင်းချင်းဆက်သွယ်ရေးသည် ခြိမ်းခြောက်သည့်အကြောင်းရပ်များအဖြစ် အကန့်အသတ်ဖြစ်သွားသည်။ အပြန်အလှန်သဘောထားအမြင်မှာလည်း တင်းမာလာပြီး၊ မိမိဖက်မှ အမှန်ဖြစ်ပြီး တဖက်ကို အမှားလုပ်သူအဖြစ် ရှုမြင်လာသည်။ ဆက်စပ်မှုတွင်လည်း အပြန်အလှန် မယုံကြည်မှုများ မလေးစားမှုများဖြစ်လာသည်။ ငြင်းခုံမှုအတွင်း အာရုံထားသည့်အကြောင်းရပ်များမှာလည်း တဖက်ချင်းစီ၏ အဓိကလိုအပ်ချက်နှင့် တန်ဘိုးများဖြစ်လာသည်။ ထို့ကြောင့် ဤအဆင့်တွင် နှစ်ဖက်စလုံးတွင် လောင်းကြေးထပ်စွန့်စားရသည့် အခြေအနေသို့ အလျှင်အမြန် ဖြစ်လာသည်။ ရလဒ်မှာလည်း နှစ်ဖက်အကျိုးမရှိသည့် ရလဒ်အဖြစ် ရှုမြင်လာတတ်သည်။ အနိုင် – အရှုံးရှိသည့် **(win-or -lose situation)** အခြေအနေမျိုးဖြစ်သည်။ အခြေအနေကို ကိုင်တွယ်စီမံသည့် ဦးစားပေးနည်းမှာလည်း အပြိုင်အဆိုင် မိမိကိုယ်ကို ကာကွယ်သည့်နည်းလမ်းဖြစ်လာသည်။ အုပ်စုတိုင်းအနေဖြင့် မိမိတို့အကျိုးစီးပွားကာကွယ်ရေးကို ရှေ့တန်းတင်လာပြီး၊ တစုနှင့်တစု အပြန်အလှန်တပတ်ရိုက်လှည့်ဖျားရန် ကြိုးစားကြသည်။ ၁၉၉၈ခုနှစ်အစောပိုင်းက ကုလသမဂ္ဂ၏ လက်နက်စစ်ဆေးရေးအဖွဲ့ ကိစ္စရပ်အပေါ် အီရတ်နှင့်အမေရိကန်ပြည်ထောင်စုတို့အကြား တင်းမာမှုသည် ဤအဆင့်မျိုးကို ရောက်လာခဲ့သည့် ဥပမာရှိသည်။ သို့သော်လည်း အကြမ်းဖက်ပျက်စီးမှုများဖြစ်မလာပဲ တင်းမာမှုအရှိန်ကျသွားခဲ့သည်။

**ပျက်စီးဆုံးရှုံးမှုအဆင့်** (Destruction stage)

ဤအဆင့်သည့် ရန်လိုမုန်းတီးမှုများ ပြင်ပသို့ ပွင့်ထွက်လာသည့်အဆင့်ဖြစ်သည်။ ဆက်သွယ်ရေးမှာ တိုက်ရိုက်အကြမ်းဖက်မှုများဖြစ်နေသော သို့မဟုတ် လုံးဝငြိမ်သက်နေသော (မုန်တိုင်းမကျမီငြိမ်သက်ခြင်းမျိုး) အခြေအနေမျိုးလောက်သာဖြစ်သည်။ မိမိတို့ဖက်မှ ကျူးလွန်သောအကြမ်းဖက်မှုများသည် တရားမျှတကြောင်း ဆင်ခြေပေးသည့်အနေဖြင့် အုပ်စုတိုင်းသည် တခြားဆန့်ကျင်ဖက်အုပ်စုအပေါ် လူမဆန်သူများ၊ လူရမ်းကားများဟုကြမ်းတမ်းသည့်အသုံးအနှုန်းများ သုံးလာကြသည်။ နှစ်ဖက်ဆက်ဆံရေး မှာလည်း မျှော်လင့်စရာ လုံးဝမရှိသည့် အခြေအနေဖြစ်သည်။ ဤအချိန်တွင် အလေးထားစဉ်းစားကြသည့် အကြောင်းရပ်မှာလည်း အခြားတဖက်၏ ကျူးကျော်တိုက်ခိုက်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် မိမိဖက်ကို မည်သို့အင်အားစုမည်နည်းဟူသည့် ရှင်သန်ရပ်တည်မှုကို အခြေခံသည့် စဉ်းစားချက်များသာ ဖြစ်လာသည်။ ဖြစ်လာနိုင်သည့် ရလဒ်အပေါ် အမြင်မှာလည်း နှစ်ဖက်စလုံးအရှုံး **(lose-lose)** ဖြစ်လာသည်။ နှစ်ဖက်စလုံးတွင်လည်း ပေးဆပ်မှုအရင်းအနှီး အလွန်များသည့်အတွက် အခြေအနေမှာဆိုးဝါးလာသည်။ ဤအဆင့်တွင် ပဋိပက္ခကို ကိုင်တွယ်စီမံရန် ရွေးခြယ်သည့် နည်းလမ်းမှာလည်း အခြားဆန့်ကျင်ဖက်အစုကို ဖျက်ဆီးပစ်ရန် ကြိုးစားချက်မျှသာဖြစ်သည်။ စစ်ဖြစ်နေသည့်အခြေအနေသို့ရောက်ရှိသွားခြင်းဖြစ်သည်။ ယနေ့ကမ္ဘာတွင် ပျက်စီးဆုံးရှုံးမှုအဆင့်တွင် ရောက်နေသော ပဋိပက္ခများ ပတ်ဝန်းကျင်တွင် အများအပြားတွေ့မြင်နိုင်ပေသည်။

## ၂။ ၉။ နိဂုံး

ပဋိပက္ခကို ပိုင်းခြားစိတ်ဖြာကြည့်ရန်မှာ လွယ်ကူသည့်ကိစ္စတော့မဟုတ်ပေ။ ပိုင်းခြား

စိတ်ဖြာခြင်း၏အစပိုင်းတွင် နှစ်ဖက်စလုံးအပေါ် မျှမျှတတမြင်တတ်ရန် ကြိုးစားသည့် အဆင့် **(integrative analytic approach)** ဦးပင် စိန်ခေါ်မှုအခက်အခဲများရှိသည်။ ခက်ခဲသည့်ဖြစ်စဉ် ဖြစ်သည့်အလျောက် ပဋိပက္ခ၏ ပေါင်းစုံမှုနှင့် ရှုတ်ထွေးမှုများကို ရှင်းရှင်းလင်းလင်းဖွင့်ထုတ်နိုင်ရန် ကြိုးစားရမည်၊ အချိန်ယူရမည်ဖြစ်သည်။ တကယ်တမ်းတွင်မူ ဤကြိုးစားမှုမှာ အလွန်အမင်း ခက်ခဲလှသည့် အရာဖြစ်ပါသည်။ မကြာမကြာဆိုသလို သတိရနေရမည့်အချက်မှာ ကျွန်ုပ်တို့သည် မဖြစ်နိုင်သည်များကို ရှာနေသည်မဟုတ်ပဲ၊ ရှုတ်ထွေးမှုများကိုသာ အမှန်တကယ် ဖော်ထုတ်နေခြင်းဖြစ်သည် ဆိုခြင်းပင်။

ဇာတ်ကောင်များ၊ အကြောင်းရပ်များ၊ ဆက်နွယ်မှုများ စသဖြင့် ပဋိပက္ခ၏ အချက်အလက်များကို သတိမူမိပြီဆိုပါက ပိုင်းခြားစိတ်ဖြာခြင်း ပြီးဆုံးသွားပါပြီ။ ပဋိပက္ခ တရပ်ကို ငြိမ်းချမ်းစွာကိုင်တွယ်စီမံနိုင်ရေး လုပ်ငန်းစဉ်တွင် ထိုအချက်အလက်များ လိုအပ်ပါသည်။ ထိုသို့ ပိုင်းခြားစိတ်ဖြာခြင်းဖြင့် ပါဝင်သည့်အစိတ်အပိုင်းများအပေါ် စဉ်းစားဆင်ခြင်နိုင်ရန်ဖြစ်လာစေပါသည်။ ထိုအဆင့်သည် (၁) ပါဝင်သူများအကြား သဘောတူညီမှုတခုရလာရန် လုပ်ဆောင်သည့်ဖြစ်စဉ် အစိတ်အပိုင်းတရပ်ဖြစ်ပါသည်။ (၂) အချက်အလက်များ၊ လိုအပ်ချက်များနှင့် အကျိုးစီးပွားများကို ဖော်ပြပေးသည့် အလားအလာရှိသည့် ရလဒ်တရပ်၏ အစိတ်အပိုင်းတရပ်ဖြစ်လာနိုင်ပါသည်။ ထိုမှတဆင့် လာမည့်အခန်းတွင်တင်ပြထားသည့် ဖြစ်စဉ်ရေးဆွဲခြင်းအဆင့်ကို ဆောင်ရွက်ရပါမည်။

## REFERENCES AND FURTHER READING


Azar, Edward E. 1991. "The Analysis and Management of Protracted Conflict". In V. Volkan, J. Montville and D. Julius. eds. *The Psychodynamics of International Relationships*. Volume 2: Unofficial Diplomacy at Work. Lexington, MA: Lexington.

Bloomfield, David. 1996. *Peacemaking Strategies in Northern Ireland: Building Complementarity in Conflict Management.* London: Macmillan.

Deutsch, Morton. 1991. "Subjective Features of Conflict Resolution: Psychological, Social and Cultural Features". In Raimo Vayrynen. ed. *New Directions in Conflict Theory – Conflict Resolution and Conflict Transformation.* London: Sage/ISSC.

Mitchell, Christopher. 1981. *The Structure of International Conflict.* London: Macmillan.

Rothman, Jay. 1991. "Conflict Research and Resolution: Cyprus", *Annals of the American Academy of Political and Social Science*, vol. 518. pp. 95–108.


ANGOLA
ZAMBIA
Lusaka
MOZAMBIQUE
Livingstone
ZIMBABWE
Mutare
Bulawayo
Maun
Otjiwarongo
Omaruru
Francistown
Orapa
Gobabis
Windhoek
Serowe
Palapye
Messina
BOTSWANA
Northern Province
Pietersburg
Desierto de Kalahari
Molepolole
Mariental
Gaborone
Lobatse
NAMIBIA
Pretoria
Mpumalanga
Gauteng
Mafikeng
Johannesburg
SWAZILAND
Sharpeville
Mbabane
North West
Keetmanshoop
Karasburg
Welkom
Vryheid
Upington
Alexander Bay
Free State
Kwazulu-Natal
Kimberley
Port Nolloth
Bloemfontein
Maseru
LESOTHO
Pietermaritzburg
Durban
Northern Cape
Carnarvon
Calvinia
Victoria West
Eastern Cape
Umtata
Queenstown
Bisho
East London
Pearl
Western Cape
Oudtshoorn
Kirkwood
Ciudad de El Cabo
Hermanus
Port Alfred
Port Elizabeth

# တောင်အာဖရိက

*နိဒါန်း*

တောင်အာဖရိက၏ သမိုင်းမှတ်တမ်းအရ ရှေးဦးမဆွကပင် လူမျိုးစုအုပ်စုလိုက် သို့မဟုတ် လူမျိုးစု အချင်းချင်းကြား ပဋိပက္ခများဖြစ်ပေါ်ခဲ့ကြောင်း သက်သေအထောက်အထားများရှိခဲ့သည်။ ဇူးလူး နှင့် ဗြိတိသျှ ကျူးကျော်မှုခေတ်များ တွင် လူမဲနှင့် လူဖြူအုပ်စုများ အများအပြား ရွှေ့ပြောင်းမှုများ ဖြစ်ခဲ့သည်။ ၁၈၀၀ခုနှစ် ကာလများတလျှောက်လုံးတွင် လူမဲလူမျိုးစုနွယ်များသည် ဘိုးဝါး ခေါ် အာဖရိကန်နာများ (အစောပိုင်းတွင် အခြေစိုက်လာသော ဒတ်ချ်လူမျိုးများမှ ဆင်းသက်သည့် လူဖြူနွယ်ဝင်လူမျိုးများ) နှင့် လည်းကောင်း၊ ဗြိတိသျှ လူမျိုး အခြေချနေထိုင်လာသူများနှင့်လည်းကောင်း၊ တိုက်ပွဲငယ်များ၊ စစ်ပွဲများဖြင့် အဆက်မပြတ် ယှဉ်ပြိုင် တိုက်ခိုက်ခဲ့သည်။ ၁၈၉၉မှ ၁၉၀၂နှစ်ထိ ဖြစ်ပွားခဲ့သော ဘိုးဝါးစစ်ပွဲ တွင် ဗြိတိသျှလူမျိုးများနှင့် ဘိုးဝါးလူမျိုးများ အကြား တင်းမာမှုသည် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ၁၈၆၇တွင် တွေ့ရှိခဲ့သော စိန်တွင်းများနှင့် ၁၈၈၆တွင်တွေ့ရှိခဲ့သော ရွှေတွင်းများသည် စီးပွားရေးတိုးတက်မှုအားလမ်းပွင့်စေခဲ့ပြီး၊ ဤအရင်းအမြစ်များနှင့် အာဏာတို့အတွက် အုပ်စုအချင်းချင်းအကြား ယှဉ်ပြိုင်မှုတိုက်ပွဲများ ထပ်မံပေါ်ပေါက်လာခဲ့သည်။

၁၉၁၀ခုနှစ်တွင် ဘိုးဝါးရီပါဘလစ် **(Transvaal and Orange Free State)** နှင့် ဗြိတိသျှကိုလိုနီ **(Natal and the Cape)** တို့ ပါဝင်သော လူဖြူလူနည်းစု အသိုင်းအဝိုင်းပေါင်းစည်းခဲ့မှုသည် လူမဲလူမျိုးစုဝင်များ၏ မဲပေးပိုင်ခွင့်အား ဆုံးရှုံးနစ်နာစေခဲ့သည်။ လူဖြူများ ညီညွတ်မှုသည် လူမဲများဆုံးရှုံးမှုကို ဦးတည်စေခဲ့သည်။ ထိုကဲ့သို့လူမဲလူမျိုးစုများအားချုပ်လုပ်ထားခြင်းဖြင့် ၁၉၁၂ခုနှစ်၌ အာဖရိကန်အမျိုးသားကွန်ဂရက် **(African National Congress)** ပေါ်ပေါက်လာစေရန် အစပျိုးစေခဲ့ပြီး၊ နှစ်ပေါင်းများစွာကြာမြင့်သည့် လူမဲများ၏ နိုင်ငံရေးပါဝင်ခွင့် ရုန်းကန်မှု တိုက်ပွဲများ၏ အစပထမဖြစ်လာခဲ့သည်။

၁၉၃၀ခုနှစ်ကာလများ၌ လူမျိုးရေးခွဲခြားမှုစနစ်ကိုအခြေခံထားသည့် စီးပွားရေးတိုးတက်မှုမှာ တည်တံ့ နိုင်ချေ ရှိမရှိ စုံစမ်းရေးကော်မရှင်အများအပြားမှ မေးခွန်းထုတ်ခဲ့ကြသည်။ ပြုပြင်ပြောင်းလဲမှုများ တစုံတရာ ဖြစ်ပေါ်လာခဲ့ပြီး၊ တည်ဆဲဥပဒေများ ပျော့ပြောင်း လာခြင်း၊ အသားရောင်ခွဲခြားမှု လျော့ကျလာခြင်း၊ အသားအရောင်အရလုပ်ခကွဲပြားမှု နည်းပါးလာခြင်း၊ အလုပ်သမားအခွင့်အရေးများတိုးမြှင့်ပေးလာခြင်း စသည့် အကျိုးကျေးဇူးများ ရခဲ့သည်။ သို့သော် ထိုပြောင်းလဲမှုများမှာ ၁၉၄၅ခုနှစ်များနောက်ပိုင်း၌ ရပ်တန့်ခဲ့သည်။ အာဖရိကန်နာခေါ် လူဖြူများ၏ အမျိုးသားရေးဝါဒ မြင့်မားလာသည့်အခြေအနေတွင် ၁၉၄၈ရွေးကောက်ပွဲ၌ အနိုင်ရသော အမျိုးသားရေးပါတီ **(National Party)**သည် လူမျိုးရေးနှင့် အသားအရောင်အရ ခွဲခြားသည့် စနစ် **(apartheid)** အား တရားဝင်ပြဌာန်းခဲ့သည်။ ထို့ကြောင့် အာဖရိကန် လူမဲများ၊ အာရှကပြားများ၏ ခုခံတော်လှန်မှုသည် ပို၍ပြင်းထန်လာခဲ့သည်။ ၁၉၅၇၌ အာဖရိကန် အမျိုးသားကွန်ဂရက် ၏ အသားရောင်ခွဲခြားမှုဆန့်ကျင်ရေးအယူအဆနှင့်ပတ်သက်ပြီး သဘောထား ကွဲလွဲသော အစွန်းရောက်အာဖရိကန်လူမျိုးများက လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို ဆောင်ရွက်မည့် အာဖရိကန်လူမျိုးအားလုံးနှင့်ဆိုင်သော ကွန်ဂရက် **(Pan African Congress)** ကိုဖွဲ့စည်းခဲ့ကြသည်။ တချိန် တည်းမှာပင် **Sharpeville** တွင်ဖြစ်ပွားခဲ့သည့် ဥပဒေပြောင်းလဲရေးဆန္ဒပြမှုများအား အစိုးရရဲမှ လက်နက် ဖြင့်အကြမ်းဖက်ဖြိုခွဲခဲ့မှုကြောင့် ပြည်တွင်း ပြည်ပ ဆူပူအုံကြွမှုများ ပိုမိုဖြစ်ပေါ်လာသည်။ လူဖြူအစိုးရအနေဖြင့် လည်း ၎င်း၏ရပ်တည်ချက်အား ပို၍တင်းတင်းမာမာဆုပ်ကိုင်လာပြီး **ANC** နှင့် **PAC** တို့အား မတရားသင်း ကြေငြာခဲ့သည်။ ထို့နောက်ပိုင်း ၎င်းအဖွဲ့များသည် မြေအောက်လှုပ်ရှားမှုအဖွဲ့အစည်းများ အဖြစ်သို့ ရောက်ရှိခဲ့ပြီး အကြမ်းမဖက်သည့်လမ်းစဉ်မှ လက်နက်ဖြင့် အကြမ်းဖက်တော်လှန်သည့် လမ်းစဉ်သို့ ကူးပြောင်း ခဲ့ကြသည်။

သို့သော်လည်း လက်တွေ့ဖြစ်ပျက်နေသည့် လူမှုရေးနှင့် စီးပွားရေးအခြေနေမှန်များက လူဖြူအစိုးရ၏ အိပ်မက်ကို ပျက်ပြားစေခဲ့သည်။ ၁၉၆၀နှစ်များအတွင်း စီးပွားရေးအရ တိုးတက်လာမှုသည် အလုပ်သမားဦးရေ မလုံလောက်မှုကို ဖြစ်ပေါ်စေသည့်အတွက် လက်ရှိလုပ်ကိုင်နေသော ဆင်ခြေဖုံးရပ်ကွက်များရှိ လူနည်းစ

လူမဲအလုပ်သမားဦးရေထက် အလုပ်သမားများပိုမိုလိုအပ်လာခဲ့သည်။ ကုန်ထုတ်လုပ်မှုအပိုင်း၌ စာတတ်မြောက်ပြီး နည်းပညာအရကျွမ်းကျင်မှု ရှိသည့် လုပ်သားများ လိုအပ်လာခဲ့သည်။ စီးပွားရေးအရ တိုးတက်လာမှု အတွက် လိုအပ်ချက်များသည် လက်ရှိကျင့်သုံးနေသော လူဦးရေ၊ အလုပ်သမားနှင့် ပညာရေးပေါ်လစီများ နှင့် ဆန့်ကျင်ဖက် ဖြစ်လာခဲ့သည်။ ၁၉၇၀နှစ်များတဝိုက် နိုင်ငံတွင်းအုံကြွမှုများကို နှိမ်နင်းရမှု၊ နယ်စပ်ကာကွယ်ရေးစရိတ်များ တိုးမြင့်လာမှုနှင့် အင်ဂိုလာပဋိပက္ခတွင် ပါဝင်ပတ်သက်မှုတို့ကြောင့် တိုးမြင့်လာသော လုံခြုံရေးနှင့် စစ်အသုံးစရိတ်များသည် စီးပွားရေးတိုးတက်လာမှုကို ရပ်တန့်သွားစေခဲ့သည်။

၁၉၇၀နှစ်များနောက်ပိုင်းတွင် ဆန္ဒပြသူများအပေါ် အကြမ်းဖက်ဖိနှိပ်မှုများကြောင့် လူထုအုံကြွမှုများမှာ ကြီးမားလာပြီး ခုခံတော်လှန်မှုများမှာလည်း အရှိန်အဟုန်မြင့်မားလာခဲ့သည်။ ၁၉၇၇ခုနှစ် စက်တင်ဘာလ ၁၂ရက်နေ့၌ လူမဲတို့၏စိတ်ဓါတ်ရေးရာခေါင်းဆောင် Steve Biko မှာ ရဲဌာနစစ်ဆေးရေးစခန်းအတွင်း အကြမ်းဖက်ညှင်းပမ်းသတ်ဖြတ်ခံခဲ့ရသည်။ ၁၉၈၀ဝန်းကျင် ကာလအလယ်ပိုင်း၌ ကျောင်းသားများနှင့် အလုပ်သမားတတ်ကြွလှုပ်ရှားသူများဦးဆောင်ပြီး အရှိန်အဟုန်လျှင်မြန်စွာကြီးမားသည့် တော်လှန်လှုပ်ရှားမှုများ ဖြစ်ခဲ့သည်။ တောင်ဖရိကနိုင်ငံအပေါ် အထီးကျန်ပိတ်ဆို့မှုသည် နိုင်ငံတကာနယ်ပယ်၌ အားကစား၊ စီးပွားရေးနှင့် ယဉ်ကျေးမှုရေး လှုပ်ရှားမှုနယ်ပယ်များ၌ပါ တိုးများလာသည်။ နိုင်ငံပေါင်းစုံကုမ္ပဏီများအနေဖြင့် အမြတ်ဝင်ငွေများကို ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းထက် ထုတ်ယူနုတ်သိမ်းသွားခြင်းများ စတင်လာသလို၊ အရင်းအနှီးများလည်း အထင်အရှား ပြောင်းရွှေ့ကုန်ကြသည်။

ပြည်တွင်း ပြည်ပဖိအားများရင်ဆိုင်လာရသည်နှင့် အစိုးရအနေဖြင့် ဖိနှိပ်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း၊ အတင်းအကြပ်ပြုခြင်းနှင့် လွတ်လပ်မှုပေးခြင်း ဒွန့်တွဲနေသည့် ရှုတ်ထွေးဖွယ် ရှေ့နောက်မညီညွတ်သည့် နည်းလမ်းများ အသုံးပြုလာရသည်။ အလျှင်အမြန်ကြီးထွား တိုးများလာသည့် စစ်သွေးကြွ အလုပ်သမားလှုပ်ရှားမှုဖြင့် ဆန္ဒပြပွဲများဖြစ်ပေါ်လာစေသည်။ ပြောက်ကျားတိုက်ခိုက်မှုများနှင့် ကျောင်းဆန္ဒပြမှုများ ပိုမိုများပြားတိုးပွားလာသည်။ လူမဲများကို ပယ်ထုတ်၍၊ အာရှအနွယ်များနှင့် အခြားအရောင်အသွေးရှိ လူမျိုးများ သိမ်းသွင်းထားသည့် လွှတ်တော်သုံးရပ်စနစ်ကို အစိုးရမှ အစပြုခဲ့ပြန်သည်။ ထိုစနစ်ကို ကြီးမားသည့်ဆန္ဒပြပွဲများဖြင့် ကန့်ကွက်ခဲ့ကြသော်လည်း အစိုးရမှ အတင်းအကြပ်အသုံးပြုခဲ့သည်။

*ပဋိပက္ခ ကိုင်တွယ်စီမံမှု ဖြစ်စဉ်*

စစ်သွေးကြွမှုများ မြင့်မားလာခြင်းသည် နိုင်ငံရေးအသွင်ကူးပြောင်းမှုအတွက် တိုးတက်မှုများ ဖြစ်လာရန် တွန်းအားပေးသကဲ့သို့ အန္တရာယ်များလည်းဖြစ်ပေါ်စေပြန်သည်။ အသွင်ကူးပြောင်းရေး နိုင်ငံများအနေဖြင့် စစ်ရေး နိုင်ငံရေး နှင့် လူမှုစီးပွားအခြေအနေအားလုံးအတွက် ကာလတို သဘောတူညီမှုများကို ယာယီအားဖြင့် အသုံးပြုကြသည်။ သို့မှသာလျှင် နောက်ဆုံးအဖြေရလဒ်တခုအတွက် ရန်းကန်တိုက်ပွဲဝင်နေစဉ်မှာပင် ပြောင်းလဲမှုဖြစ်စဉ်များကိုလည်း တည်ငြိမ်အောင်ထိန်းထားနိုင်မည်ဖြစ်သည်။ ရေတိုအစီအမံများကြောင့် အာဏာထိန်းချုပ်ထားသူအချို့အပေါ် အပြန်အလှန် သဘောတူညီမှုများ ယူထားနိုင်သည်။ ထိုသို့ဖြင့် တဖက်နှင့်တဖက်အကျိုးစီးပွားများ ထိခိုက်စေမည့်အရာများကို ယာယီအားဖြင့် ကန့်သတ်ထိန်းချုပ် ထားနိုင်သလို အသွင်ကူးပြောင်းရေးတိုးတက်မှုများလည်း ဖြစ်ထွန်းစေသည်။ ထိုအဆင့်ကာလများသည် အန္တရာယ်ရှိကြောင်းလည်း ပဋိပက္ခတွင်အဓိကပါဝင်ပတ်သက်သူ အများစုမှာ သဘောပေါက် နားလည်ကြသည်။ ယခင်စနစ်ပုံစံဟောင်းကို ပြန်သွားရန်မဖြစ်သလို၊ အနာဂတ်လုံခြုံရေးအတွက် အာဏာကို သတိထား ကိုင်တွယ်ရမည်လည်းဖြစ်သည်။ ဤအချိန်တွင် ပြန်လည်ဆုတ်ခွာခြင်း သို့တည်းမဟုတ် ထိပ်တိုက်ရင်ဆိုင်ခြင်း များသည် နှစ်ဖက်စလုံး အတွက် မဖြစ်နိုင်ပေ။

သဘောတူညီမှုရရန်ဆောင်ရွက်ခြင်းဖြစ်စဉ် (pact-building process) ကို တောင်အာဖရိက ဥပမာတွင် တွေ့ရသည်။ ပထမအားဖြင့် ညှိနှိုင်းဆွေးနွေးရေးတံခါးများဖွင့်ထားခြင်းဖြစ်ပြီး၊ နောက်ပိုင်း၌ ညှိနှိုင်းမှုဖြစ်စဉ်ကို စီမံဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့ဖြင့် ညှိနှိုင်းပွဲများဖြစ်လာနိုင်ပြီး ပဋိပက္ခများကို ကိုယ်တွယ်နိုင်မည့် တည်ငြိမ်သည့် အဖွဲ့အစည်း (institutions) ဖြစ်ပေါ်စေသည်။ ထိုအစီအမံများသည် အထိအရှမခံပေ။

## ဖြစ်စဉ်လေ့လာချက် – တောင်အာဖရိက

သစ္စာဖောက်မည်ဆိုသည့် သံသယများ၊ အကြမ်းဖက်မှုများနှင့် ညှိနှိုင်းမှုဖြစ်စဉ်ကိုယ်၌ ပျက်ပြားသွားခြင်းတို့ကြောင့် တိုးတက်မှုများ တုံ့နှေးရပြန်သည်။ နောက်ဆက်တွဲဖြစ်လာသည့် အကြမ်းဖက်မှုများနှင့် ဇရမ်းဗတာဖြစ်မှုများ၏ ခြိမ်းခြောက်မှုကြောင့် အစုအဖွဲ့များအနေဖြင့် စားပွဲဝိုင်းသို့ ပြန်လှည့်ရန် တာဝန်ဖြစ်လာပြန်သည်။

၁၉၉၀ခုနှစ် ဖေဖော်ဝါရီလ သမ္မတ ဒီကလပ်၏ ပါလီမန်မိန့်ခွန်း၌ အနာဂတ် ပူးတွဲညှိနှိုင်း ဆောင်ရွက်မှုများအတွက် အစုအဖွဲ့အားလုံးအနေဖြင့် တာဝန်သိသိ ပါဝင်ဆောင်ရွက်ရမည့် ခက်ခဲနက်နဲသည့် အသွင်ကူးပြောင်းရေး ဖြစ်စဉ်ကို ဖွင့်ဟပြောဆိုခဲ့သည်။ ဒီကလပ်အနေဖြင့် နိုင်ငံရေးပါတီများ တရားဝင်တားမြစ်ထားမှုကို ပယ်ဖျက်ခဲ့ပြီး၊ နိုင်ငံရေးလှုပ်ရှားမှုအတွက် လွတ်လပ်ခွင့်များ စတင်ပေးခဲ့သည်။ အေအန်စီခေါင်းဆောင် နယ်လ်ဆင်မန်ဒဲလားကို ထောင်မှ ပြန်လည်လွှတ်ပေးခဲ့သလို၊ ယင်းကလည်း သူ၏ နောက်လိုက်များကို ချက်ချင်းနှစ်သိမ့်ခဲ့သလို အာမခံချက်များပေးခဲ့သည်။

အေအန်စီ၏ အဓိကခေါင်းဆောင်များကို အာမခံချက်ပေး၍ အစိုးရကိုယ်စားလှယ်များနှင့် ပူးတွဲကော်မတီတရပ်တွင် လုပ်ကိုင်ဆောင်ရွက်ရန် တိုင်းပြည်တွင်း ပြန်လည်ခေါ်ယူခဲ့သည်။ သို့သော်လည်း ဆက်ဆံမှုများကို ပိတ်ဆို့အဟန့်အတား ဖြစ်စေမည့် သံသယများကမူ နက်ရှိုင်းစွာရှိနေခဲ့သည်။ အေအန်စီအုပ်စုအနေဖြင့် ထိုအစီအမံများကို ဟန်ဆောင်မှုအတုများအဖြစ် လှည့်ဖျားမည်ကို စိုးရိမ်ခဲ့ကြသလို၊ အဖမ်းခံရဖွယ်ရှိသည်ကိုလည်း သံသယထားကြသည်။ အစိုးရဖက်ကလည်း အေအန်စီမှ လွတ်ငြိမ်းချမ်းသာခွင့်အစီအမံများကို အသုံးပြု၍ ထိုးဖောက်ဝင်ရောက်ကာတော်လှန်ရေးအဟုန်ကို မြှင့်တင်သွားမည်ကိုလည်း စိုးရိမ်ခဲ့ကြသည်။ နှစ်ဖက်စလုံးအနေဖြင့် အခြေအနေတခုခုပြောင်းသွားပါက ချက်ချင်းဆောင်ရွက်နိုင်မည့် အရေးပေါ်အစီအစဉ်များ၊ ဂယ်ပေါက်များကို လည်း ပြင်ဆင်ထားကြသည်။

သို့သော်လည်း ညှိနှိုင်းမှုဖြစ်စဉ်မှာ ခိုင်မာခဲ့ပြီး Groote Schuur ဆွေးနွေးပွဲကို ၃ရက်ကြာကျင်းပခဲ့ကာ သဘောတူညီချက်တရပ် ကို ထုတ်ပြန်နိုင်ခဲ့သည်။ ထိုဆွေးနွေးပွဲတွင် နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွှတ်ပေးရေး၊ ပြည်ပရောက်အတိုက်အခံများ တိုင်းပြည်ပြန်လာရေးနှင့် လုံခြုံရေးဆိုင်ရာ ဥပဒေသများ ပြင်ဆင်ရေးအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထိုဖြစ်စဉ်မှ Pretoria ဆွေးနွေးပွဲ တခုနောက်ပိုင်း ဖြစ်ပေါ်လာသည်။ ယင်း Pretoria ဆွေးနွေးပွဲ၌ လက်နက်ကိုင်လှုပ်ရှားမှုကို ယာယီရပ်ဆိုင်းကြောင်း မန်ဒဲလားမှ ကြေညာပေးခဲ့သည်။ နှစ်ဖက်စလုံးမှ အပြောင်းအလဲမလုပ်လိုကြသူများသည် မိမိတို့ဖက်မှ လိုက်လျှော့မှု အများအပြားလုပ်လိုက်မည်ကို စိုးရိမ်ခဲ့ကြသည်။ ယခင်က တရားဝင်ရပ်တည်မှုပိတ်ပင်ခံထားရသည့် လွတ်မြောက်ရေးအဖွဲ့အစည်းများအနေဖြင့် အမျိုးသားရေးပါတီအစိုးရ ထိန်းချုပ်မှုအောက်၌ မိမိတို့ကိုယ်မိမိတို့ တရားဝင်ပုံစံအဖြစ် အသွင်ပြောင်းပစ်ရန်မှာ မလိုလားဘွယ်ရာဖြစ်လာသည်။ အစိုးရအနေဖြင့်လည်း အေအန်စီကို ကွန်မြူနစ်အကြမ်းဖက်သမားများဟု သားပုတ်လေလွင့်ပြောဆိုတိုက်ခိုက်ချည်းကပ်ခဲ့ရာမှ တရားဝင်အသိအမှတ်ပြုပြီး အခြားနိုင်ငံရေးအစုအဖွဲ့များကိုလည်း တရားဝင်နိုင်ငံရေးအဖွဲ့များအဖြစ် သတ်မှတ်ရန်မှာ ပြဿနာရှိပြန်သည်။ ထိုသို့သော ပြဿနာရပ်များရှိသည့်ကြားကပင် အေအန်စီနှင့် အမျိုးသားရေးပါတီ့ တို့အနေဖြင့် ၁၉၉၁ခုနှစ် ဖေဖော်ဝါရီလ၌ DF Malan သဘောတူညီမှု ရရှိခဲ့ကြသည်။ ထိုသဘောတူညီချက်တွင် အေအန်စီ၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည့် Umkhonto We Sizwe ကို ဒီမိုကရေစီအစိုးရတရပ်အဖြစ် အသွင်ကူပြောင်းခြင်းမတိုင်ခင်အထိ ဖျက်သိမ်းပေးမည်မဟုတ်ဆိုသည်ကို အစိုးရမှ လက်ခံရခြင်းပါဝင်သည်။

အစိုးရအနေဖြင့် နိုင်ငံရေးအုပ်စုအားလုံးပါဝင်သည့် ညီလာခံတရပ်မှတဆင့် ညှိနှိုင်းပြီး နိုင်ငံတော် ဖွဲ့စည်းပုံသစ်တရပ်ရေးဆွဲရန် လိုလားခဲ့သည်။ အေအန်စီအနေဖြင့် ပြည်သူအားလုံး၏ တရားဝင်ကိုယ်စားပြုမှုရထားသည့် ကိုယ်စားလှယ်များဖြင့်သာ (legitimate representatives of all the people) ကျင်းပသင့်သည်ဟု ဆိုခဲ့သည်။ အေအန်စီ၏ စိတ်မှန်းချေ၌ ထိုအစီအစဉ်ကြောင့် အုပ်စုအငယ်လေး များ၏ ပါဝင်စွတ်ဖက်မှုအပိုင်းကို လျှော့ကျသွားစေမည်ဟု မြင်သည်ကို NPဖက်မှ သဘောပေါက်ခဲ့သည်။ ထိုနည်းတူစွာ NP ၏ စိတ်မှန်းချေ၌ အုပ်စုများအနေဖြင့် မိမိမဲဆန္ဒမြေ သေးငယ်သည့် အုပ်စုများသို့တည်းမဟုတ် လုံးဝ

မရှိသေးသည့်အုပ်စုများကို (အသားရောင်ခွဲခြားမှုစနစ်အောက်တွင် **NP** ဖန်တီးထားပေးသော အုပ်စုငယ်လေးများ) ပါဝင်နိုင်ခွင့်ပြုခြင်းဖြင့် လူများစုထောက်ခံမှု ရထားသည့်အေအန်စီ ၏ ကိုယ်ပိုင်သြဇာများ ကျဆင်းသွားမည်ဟု ယူဆနေမည်ကို အေအန်စီမှ သဘောပေါက်ခဲ့သည်။ ထိုအကြပ်အတည်းကို နှစ်ဖက်စေ့စပ်အပေးအယူလုပ်၍ ကျော်ဖြတ်ခဲ့ကြသည်။ ထိုအပေးအယူသည် တခုမဟုတ်တခု **(either or)** ဆိုသည့် အနာဂတ်မှန်းချေများအစား ဖြစ်နိုင်သည့် ဖြစ်စဉ်အားလုံးကို အစဉ်အတိုင်းချစီပြခြင်း **(order of events )** ပုံစံသို့ ပြောင်းလဲခဲ့ခြင်းဖြင့် ရယူခဲ့ကြသည်။ အစုအဖွဲ့အားလုံးပါဝင်သည့်ညီလာခံမှ ဖွဲ့စည်းပုံဆိုင်ရာ ညီလာခံတရပ်မည်သို့ဆောင်ရွက်မည်ဆိုသည်ကို ညှိနှိုင်းခဲ့ကြသည်။ ယင်းနောက် ကြားဖြတ်ဖွဲ့စည်းပုံတရပ် ဖြစ်ပေါ်လာရေး ညှိနှိုင်းခဲ့ကြသည်။ နိုင်ငံတကာကလက်ခံထားသည့် မဲပေးပုံ စနစ်များဖြင့် လူတိုင်းမဲပေးရွေးချယ်မည့် ဥပဒေပြု (တိုင်းပြုပြည်ပြု) လွှတ်တော်တရပ် ပေါ်ပေါက်ရေးနှင့် ထိုလွှတ်တော်မှနေ၍ နောက်ဆုံးဖွဲ့စည်းပုံကို ညှိနှိုင်းရေးဆွဲရေး အစီအစဉ်များကို ချမှတ်သဘောတူခဲ့သည်။ သို့သော် နောက်ဆုံး အတည်ဖြစ်မည့် အခြေခံဥပဒေဆုံးဖြတ်ချက် များ ချရာ၌ အများစုလက်ခံနိုင်ရေးအတွက် ကြားဖြတ် ဖွဲ့စည်းပုံတွင် အခြေတည်ထားသည့် အခြေခံမူများမှ သွေလွဲမသွားရဟု အာမခံချက်ပေးရပြန်သည်။ ဆွေးနွေးပွဲများစတင်ရန်အတွက် ၁၉၉၁ခုနှစ်အလွန်ပိုင်း၌ ဒီမိုကရက်တစ်တောင်အာဖရိကညီလာခံ **(Convention for a Democratic South Africa - CODESA)** တရပ်ကို ခေါ်ယူခဲ့သည်။

ဖြစ်နိုင်ချေရှိသည့်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်အတွက် ကြွေမွနေသည့်လူ့အဖွဲ့အစည်းတရပ်အတွင်း အဆင့်အားလုံး၌ တစိတ်တဝမ်းတည်းတူညီမှုရရန် အဆောက်အအုံများနှင့် အဖွဲ့အစည်းများ လိုအပ်သည်ကို အလျင်အမြန် အသိအမှတ်ပြုခဲ့ကြသည်။ အသွင်ကူးပြောင်းရေးပုံစံကို အတိအကျသတ်မှတ်ရန် အဓိက တာဝန်နှင့် နိုင်ငံရေးဖြစ်စဉ်ကိုအထောက်အပံ့ပြုသယ်ဆောင်နိုင်မည့် အားပြိုင်မှု ပုံစံစီမံထားရန် ကိစ္စရပ်များ ကို ဦးစားပေး စဉ်းစားခဲ့သည်။ ဖြစ်စဉ်ကိုင်တွယ်စီမံမှုများသည် အုပ်ချုပ်သူလက်တွင်းမှာသာ မရှိခဲ့ပေ။ ငြိမ်းချမ်းရေးသဘောတူညီမှုများ၊ စီးပွားရေးဆိုင်ရာကတိကဝတ်များ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် အများစုပါဝင်သည့်အုပ်ချုပ်ရေးအတွက် အခြေခံချထားသည့် အသွင်ကူးပြောင်းရေး အုပ်ချုပ်မှုကောင်စီများ မှတဆင့် ပူးတွဲကိုယ်တွယ်ထိန်းချုပ်မှုကို ပုံမှန်ပြောင်းရွှေ့သွားခဲ့သည်။

၁၉၉၂ခုနှစ်ရှည်လျားလှသည့် လျှို့ဝှက်ဆွေးနွေးမှုများအပြီး၌ နိုင်ငံရေးအရတိုးတက်မှုဖြစ်စဉ်နှင့် အပြိုင် အစိုးရ၏စီးပွားရေးဆိုင်ရာ နေ့စဉ်ဆောင်ရွက်မှုများအတွင်းသို့ အလုပ်သမားသမဂ္ဂလှုပ်ရှားမှုများက အမျိုးသားစီးပွားရေးအဖွဲ့ **(National Economic Forum - NEF)** အသွင် ဝင်ရောက်လာသည်။ ရည်ရွယ် ချက်မှာ အထူးသဖြင့် အသွင်ကူးပြောင်းမှုကာလအတွင်း စီးပွားရေးပေါ်လစီအပေါ် အပြန်အလှန် နားလည် သဘောတူညီမှုများ ရှာဖွေရန်ဖြစ်သည်။ နိုင်ငံရေးအတိုက်အခံအုပ်စုများထက် အလုပ်သမားအဖွဲ့ များမှာ ထိုအဖွဲ့အတွင်း သြဇာပိုမိုရှိလာပြီး၊ စီးပွားရေးနှင့်လူမှုရေးပေါ်လစီဆုံးဖြတ်ချက်များချမှတ်ရာတွင် ၎င်းတို့၏ ပါဝင်လွှမ်းမိုးမှုရှိရန် ကြိုးစားနိုင်ခဲ့သည်။ ထိုလှုပ်ရှားမှုများကြောင့် အလုပ်သမားသမဂ္ဂများသည် အစိုးရအဖွဲ့ နှင့်သီးခြားလွတ်ကင်းသည့် လက္ခဏာတရပ်အနေဖြင့် ဆုံးဖြတ်ချက်များလုပ်လာနိုင်သလို ပြောင်းလဲမှု ဖြစ်စဉ်များတွင် ပါဝင်လာနိုင်သည်။ ဤနည်းလမ်းဗျူဟာဖြင့် ရွေးကောက်ပွဲနောက်ပိုင်း လူမှုရေးနယ်ပယ် ပူးပေါင်းဆောင်ရွက်မှုများအတွက် အခြေခံများ ချပေးခဲ့သည်။

သဘောတူညီမှုများသည် အစိုးရနယ်ပယ်၌လည်း တိုးချဲ့လာခဲ့ပြန်သည်။ အလားအလာကောင်းမွန်သည့် အနာဂတ်ဒီမိုကရေစီအစိုးရစနစ်ဖြစ်ပေါ်လာရန်အတွက် ဗဟိုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသအစိုးရ ကိုယ်စားလှယ်များများပါဝင်သော ဒေသဆိုင်ရာအစိုးရညှိနှိုင်းမှုနီးနှောဖလှယ်ပွဲ **(Local Government Negotiating Forum)** တရပ်ကို ၁၉၉၂ခုနှစ်၌ တည်ထောင်ဖွဲ့စည်းခဲ့သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်အရ ပညာရေးစနစ်ပြန်လည်တည်ဆောက်ရန်အတွက် "အမျိုးသားပညာရေးနှင့် လေ့ကျင့်ရေး သင်တန်းနီးနှောဖလှယ်ပွဲ" ကိုလည်း ကျင်းပပေးခဲ့သည်။ ထိုပွဲများအားလုံးတွင် ဒီမိုကရေစီ တန်ဘိုး သဘောတရားများနှင့် ကျယ်ပြန့်သည့်လူ့အဖွဲ့အစည်းအတွင်း စေ့စပ်ညှိနှိုင်းမှု ဖြစ်စဉ် သဘောများ သက်ဝင်နေသလို၊ နိုင်ငံရေးဖြစ်စဉ်များအတွက်လည်း ကောင်းစွာ အထောက်အပံ့ဖြစ်ခဲ့သည်။

## ဖြစ်စဉ်လေ့လာချက် – တောင်အာဖရိက

ရဲတပ်ဖွဲ့နှင့်လုံခြုံရေးတပ်များ၏ အခန်းကဏ္ဍနှင့် ၎င်းတို့၏တရားဝင်မှုဆိုင်ရာကိစ္စရပ်များသည် အဓိကကျသည့် အလေးထားမှုများဖြစ်ခဲ့သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းကာလအခြေအနေတည်ငြိမ်အောင် ထိန်းသိမ်းစောင့်ရှောက်သူများအနေဖြင့် ထိုသူများကို မည်သို့တာဝန်အပ်နှင်းမည်ဆိုသည်မှာ မေးခွန်းဖြစ်လာသကဲ့သို့၊ အခြားနည်းလမ်းများသည်လည်း စဉ်းစားဖွယ်ရာဖြစ်လာသည်။ ထိုအကြပ်အတည်းကို ဖြေရှင်းရန်အတွက် အရေးကြီးသည့်အဆင့်အတော်များများကို ဆောင်ရွက်ခဲ့ရသည်။ နိုင်ငံရေးပါတီများ၊ လူထုအခြေခံအဖွဲ့များ၊ အစိုးရနှင့် ရဲတပ်ဖွဲ့ဖက်မှ ကိုယ်စားလှယ်များပါဝင်သည့် ရဲတပ်ဖွဲ့ဆိုင်ရာ ဘုတ်အဖွဲ့ကို ၁၉၉၁ခုနှစ်တွင် ဖွဲ့စည်းခဲ့ကြသည်။ ထိုရည်ရွယ်ချက်မှာ ရဲတပ်ဖွဲ့၏ပေါ်လစီနှင့်ဖွဲ့စည်းမှုဆိုင်ရာများကို ပြန်လည်ဆန်းစစ်ရန်နှင့် အနာဂတ်ဆိုင်ရာ ရဲတပ်ဖွဲ့၏လုပ်ငန်းတာဝန်များကို ရေးဆွဲထောက်ခံပေးရန်ဖြစ်၏။ အသေးစိတ်ဆိုင်ရာသဘောတူညီမှုတရပ်ကို အမျိုးသားငြိမ်းချမ်းရေးအစီအစဉ် National Peace Accord အဖြစ်၊ ဘုရားရှိခိုးကျောင်းများ၊ တောင်အာဖရိက အလုပ်သမားသမဂ္ဂများ ကွန်ဂရက် နှင့် စီးပွားရေးလုပ်ငန်းကြီးများမှ ကြားဝင်ဆောင်ရွက်ပေးချက် ဖြင့် ချမှတ်နိုင်ခဲ့ကြသည်။ ထိုသဘောတူညီမှုအရ ရှေးဦးစွာ တိုင်းပြည် အဝှမ်း နိုင်ငံရေးအကြမ်းဖက်မှုများကို ရပ်ဆိုင်းပစ်ရန်ဖြစ်သည်။ ထို့ပြင် နိုင်ငံရေးပါတီများ နှင့်အဖွဲ့အစည်းများ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်း၊ ရဲနှင့်လုံခြုံရေးတပ်များ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်း၊ လူအသိုင်းအဝိုင်း အစုအဖွဲ့များအကြား ပြန်လည်တည်ထောင်ခြင်းနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ လမ်းညွှန်မှုများနှင့် ထိုအချက်များကို အကောင်အထည်ဖော်ရန် ပြင်ဆင်ဆောင်ရွက်မှုများလည်း ပါဝင်သည်။ သဘောတူညီချက်အရ ပါတီအစုအဖွဲ့များအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရန်နှင့် ဒီမိုကရေစီစနစ်အရ အခြေခံလူ့အခွင့်အရေးနှင့်လွတ်လပ်ခွင့်များကို လေးစားရန်အတွက် ခံဝန်ရသည်။ ထို့အပြင် သဘောတူညီချက်လိုက်နာမှုများကို စောင့်ကြပ်ရန်နှင့် အငြင်းပွားမှုများကို ကြားဝင်စေ့စပ်ခြင်းဖြင့် ဖြေရှင်းနိုင်ရန်အတွက် အဆင့်တိုင်းတွင် ငြိမ်းချမ်းရေးကော်မတီများဖွဲ့စည်းထားရန်လည်းပါဝင်သည်။ ကွပ်ကဲထိန်းသိမ်းရန်ကိစ္စများတွင် အရပ်ဖက်ထိန်းချုပ်မှုပုံစံကျင့်သုံးရန် ရဲတပ်ဖွဲ့ဆိုင်ရာဘုတ်အဖွဲ့သို့ အာဏာအပ်နှင်းထားသည်။

ထိုသဘောတူညီမှုမှာ မည်မျှထိရောက်အောင်မြင်မှုရှိသည်ဆိုခြင်းအပေါ် မေးခွန်းထုတ်စရာများလည်းရှိသည်။ အထူးအားဖြင့် Kwazulu-Natal နှင့် Rand အရှေ့ဖက်ဒေသများတွင် ကြီးမားသည့် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ သဘောတူညီချက်သည် အကြမ်းဖက်မှုများတားမြစ်နိုင်ရန် မစွမ်းသာသော်လည်း ဒေသများအတွင်းရှိ ပဋိပက္ခဖြေရှင်းရေးဆိုင်ရာအစီအမံများမှတဆင့် အကြမ်းဖက်မှုများကို အနိမ့်ဆုံးဖြစ်အောင် လျှော့ချပစ်နိုင်သည့်အတွက် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်။ သဘောတူညီချက်သည် အခြေခံလူထုအတွင်း ငြိမ်းချမ်းရေးဆောင်ရွက်မှုများကို ချပြပေးခဲ့သည်။ ကြီးမားသည့် နိုင်ငံရေးပြောင်းလဲမှုများတွင် လူထုနှင့် ကင်းကွာမှုမရှိစေရန် အသွင်ကူးပြောင်းရေးဖြစ်စဉ်၌လူထု၏မျှော်လင့်မှု ပါဝင်မှုများကိုခွင့်ပြုခဲ့သည်။ မတည်မငြိမ် ဆိုးဆိုးဝါးဝါးဖြစ်စေလောက်သည့် နိုင်ငံရေး ထိပ်တိုက်ရင်ဆိုင်မှုများကိုလည်း နိုင်နင်းအောင် ထိန်းသိမ်းကိုင်တွယ်နိုင်ခဲ့သည်။ အရေးအကြီးဆုံးအချက်မှာ ပါဝင်ပတ်သက်သူအားလုံး အနေဖြင့် ထိုသဘောတူညီမှုမှ ရှောင်ထွက်ရန် သို့မဟုတ် လုံးဝငြင်းဆိုရန် ခက်ခဲစေကာ၊ သဘောတူညီမှု လက်တွေ့အကောင်အထည်ဖော်ရေးအတွက် ပူးတွဲဆောင်ရွက်မှုများ ဖြစ်လာစေပါသည်။

### *နိုင်ငံရေးညှိနှိုင်းမှုဖြစ်စဉ်*

ဒီမိုကရက်တစ်တောင်အာဖရိကညီလာခံအစပိုင်းသည် ကသောင်းကနင်းဖြစ်သည်။ Inkatha လွတ်မြောက်ရေးပါတီ (IFP)၏ ခေါင်းဆောင် Buthelezi မှ ညီလာခံဖြစ်စဉ်ကို တဦးချင်းအရ သပိတ်မှောက်ခဲ့သည်။ ဒီကလပ်နှင့် မန်ဒဲလားတို့ကလည်း တဖက်နှင့်တဖက် ရိုးသားမှုအားနည်းသည်ဟု ဆိုကာ အပြန်အလှန်အပြစ်တင်ခဲ့ကြသည်။ ရွေးကောက်ပွဲများနှင့် ဒီမိုကရေစီအစိုးရဖြစ်လာရေးအတွက် အေအန်စီဖက်မှ တိုတောင်းသည့် ကာလတစ် (Phase One) ကို လိုလားသည်။ ညှိနှိုင်းပွဲအဆုံးသတ်ကာလများထက် အစပိုင်းကာလများအတွင်းသာ သူတို့အနေဖြင့် အဓိကသြဇာပြောင်းနိုင်မည်ကို အန်ပီ – အမျိုးသားရေးပါတီ – ဖက်မှ သိထားကြသည်။ ထို့ကြောင့်လည်း အန်ပီဖက်မှ အသေးစိတ်ကျပြီး

ရှည်လျားသည့် ဆွေးနွေးမှုဖြစ်စဉ်ကို ပိုမိုလိုလားကြသည်။ တမင်သတ်သတ် ဆိုင်းငံ့ထားသည့်နည်းလမ်းများကြောင့် မသက်မသာဖြစ်မှုများများလာပြီး၊ အတိုက်အခံအုပ်စုများဖက်မှ အန်ပီအပေါ် သံသယထားခဲ့ကြသည်။ ၁၉၉၂ခုနှစ်မတ်လအတွင်း လူဖြူအသိုင်းအဝိုင်းများကြား ဆန္ဒခံယူပွဲပြုလုပ်ရန် ဒီကလပ်မှ တောင်းဆိုခဲ့သည်။ ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ရန် သုံးပုံ နှစ်ပုံ အများစုဆန္ဒအရ ဆန္ဒခံယူပွဲ အောင်မြင်ခဲ့သည်။ သို့သော် ဆွေးနွေးဝိုင်းသို့ သူပြန်လည်ရောက်ရှိလာသည့်အခါ၊ (ဆန္ဒခံယူပွဲများ အရှိန်ကြောင့်) သူ၏ ဆွေးနွေးမှုသည် ပျော့ပြောင်းခြင်း မရှိပဲ တင်းမာသည့် သဘောထားများကို ကိုင်စွဲလာခဲ့သည်။

နောက်ဆုံးဖွဲ့စည်းပုံအတွင်း ကန့်သတ်ချက်များထားမည့် အခြေခံသဘောထားများ (basic principles) ဆိုင်ရာကိစ္စများအပေါ်တွင် ဆွေးနွေးပွဲသည် ရှေ့မတိုးနောက်မဆုတ်နိုင် ဖြစ်ခဲ့ရပြန်သည်။ ရလဒ်အားဖြင့် အန်ပီဖက်မှ ဖြစ်နိုင်သမျှ ကြိုတင်ပြီး တရားဝင် သဘောတူညီချက်များ အချုပ်အဖြစ် ရယူလိုသည်။ အေအန်စီဖက်မှလည်း ဆွေးနွေးမှုဖြစ်စဉ် နောက်ပိုင်း၌ ရနိုင်သမျှ လွတ်လပ်မှုများ ရလိုကြသည်။ ရွေးကောက်ပွဲနောက်ပိုင်း ယင်းတို့စိတ်ကြိုက် (အများဆန္ဒနှင့်အညီ) လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့် ရလိုသည်။ နှစ်ဖက်စလုံးမှရှေ့ဆက်မရအောင်ဖြစ်လာသည့် အဓိကအကြပ်အတည်းမှာ ဖွဲ့စည်းပုံပြောင်းလဲရေးအတွက် အများစုရာခိုင်နှုန်းရရှိရန် လိုအပ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အေအန်စီအနေဖြင့် နိုင်ငံတကာစံအရ သုံးပုံနှစ်ပုံရှိလျှင် ပြောင်းနိုင်သည်ဟု တောင်းဆိုသလို၊ အန်ပီ ဖက်မှလည်း ၇၅ ရာခိုင်နှုန်းရမှ ဟု တင်ပြခဲ့သည်။ ၁၉၉၂ခုနှစ် ဇွန်လ Boipatong မြို့၌ IFP လက်နက်ကိုင်များမှ လူပေါင်း ၃၈ဦးကို သူတို့နေအိမ်မှာပင် အစုလိုက်သတ်ဖြတ်ခဲ့သည်။ ထိုဖြစ်ရပ်တွင် လုံခြုံရေးတပ်များက ဝင်ရောက်အကူအညီပေးခဲ့သည်၊ နောက်ကွယ်၌ ရဲများ ပါဝင်ပတ်သက်နေသည်ဟူ၍ အပြင်းအထန်စွတ်စွဲပြောဆိုမှုများဖြစ်လာသည်။ အကြမ်းဖက်မှုများ ဖြစ်လာနိုင်သည့် ဒေသခံများဆီ ဒီကလပ်ကိုယ်တိုင်သွားရောက်၍ ဖျောင်းဖျချော့မော့ရန် ကြိုးစားသော ဆောင်ရွက်ချက်သည်လည်း အဓိကရုဏ်းအဖြစ် သွေးမြေထပ်ကျရပြန်သည်။ ဒေါသထွက်လာကြသည့် လူထု၏ တွန်းပို့မှုကြောင့် အေအန်စီ၏ရပ်တည်မှုသည်လည်း ပိုမိုစစ်သွေးကြွဖွယ်ရာအခြေအနေသို့ တွန်းပို့စေပြန်သည်။ ဆွေးနွေးပွဲဖြစ်စဉ်မှ အေအန်စီပြန်လည်နုတ်ထွက်သွားခြင်းကြောင့် CODESA လည်း ပြိုပျက်သွားခဲ့သည်။

CODESA ပြိုပျက်ပြီးနောက်ပိုင်း အောက်ခြေလူထု၏စစ်သွေးကြွမှုအရှိန်မြင့်တတ်လာမှုကြောင့် အေအန်စီအနေဖြင့် လူထုလှုပ်ရှားမှုကြီးများကို ဦးဆောင်လာခဲ့သည်။ Kwazalu-Natal နှင့် Rand အနောက်ခြမ်း ဒေသများတွင် IFP နှင့် အေအန်စီအကြား ပြင်းထန်ကြီးမားသည့် အကြမ်းဖက်မှုများပေါ်လာခဲ့သည်။ IFP ဖက်မှနေ၍ ရဲများနှင့်လုံခြုံရေးတပ်များက ကူညီရပ်တည်ခဲ့ကြသည်ဟု စွတ်စွဲမှုများလည်းရှိခဲ့သည်။ "တတိယအင်အားစု" ဆိုသည့်အပေါ် အေအန်စီ ဖက်မှ မယုံသင်္ကာဖြစ်မှုများကို ထုတ်ဖော်ပြောဆိုလာသည်။ ထိုပြောဆိုမှုသည် ဆွေးနွေးပွဲဖြစ်စဉ်နှင့် အေအန်စီ၏ လူထုလှုပ်ရှားမှုများကို ဖျက်လိုဖျက်စီးပြုရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှုများရှိနေသည့် အမြင်အခြေခံအပေါ် တုန့်ပြန်ထားခြင်းဖြစ်သည်။

ပုံမှန်ပြုနေကြဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်း၊ မပူးပေါင်းပဲ သီးခြားနေခြင်း စသည့် "လှိုင်းလုံးလူထုလှုပ်ရှားမှုများ" ဖြင့် အေအန်စီဖက်မှ တုန့်ပြန်ခဲ့သည်။ (IFP အဓိကတောင်းဆိုထားသည့်) ကိုယ်ပိုင်အမိမြေ (homelands) ဆိုသည့်ဖက်ကို ပြန်လည်အာရုံစိုက်လှုပ်ရှားလာကြပြီး၊ မတ်လ ၇ရက်နေ့တွင် Ciskei မြို့တော် Bisho သို့ချီတက်ပွဲပြုလုပ်ခဲ့သည်။ Ciskei လုံခြုံရေးတပ်ဖွဲ့များမှ ပစ်ခတ်သတ်ဖြတ်သဖြင့် ၂၈ဦး သေဆုံးသွားခဲ့သည်။

ကြေကွဲဖွယ်ရာ နိုင်ငံရေးအရသေဆုံးမှုများ များပြားလာပြီး၊ Bisho သတ်ဖြတ်မှုသည် အထွဋ်အထိပ် ဖြစ်လာသည်။ ထိုအဖြစ်အပျက်သည် ဆက်ဆံရေးပြန်စတင်စရာဖြစ်လာသလို သဘောထားပျော့ပြောင်းသည့် ခေါင်းဆောင်များ အခန်းကဏ္ဍမှာလည်း ပိုမိုထင်ရှားလာကာ၊ ဆွေးနွေးပွဲများပြန်လည်ခေါ်ယူရန် ဖြစ်လာခဲ့သည်။ ဘက်အသီးသီးမှခေါင်းဆောင်များအနေဖြင့် နိုင်ငံရေးသဘောတူညီချက်ရရန် ကြိုးပမ်းမှု မအောင်မြင်ခြင်း၏ အခြေအနေမှန်များကို ရင်ဆိုင်လာကြရသည်။ မန်ဒဲလားနှင့်ဒီကလပ်တို့သည် ညှိနှိုင်းမှုများပြန်လည်စတင်နိုင်ရန် ကြိုတင်သတ်မှတ်ချက်များကို လျှော့ပေးလာရပြီး၊ ဆွေးနေးမှုများ ပြန်လည်

စတင်လာသည်။

ရွေးကောက်ပွဲကာလစတင်သည့်တိုင် နိုင်ငံရေးအကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ ညှိနှိုင်းမှုကာလပြီးဆုံးတော့မည်ဟု ခံစားမိကြသည့်အလျောက် လူဖြူများဖက်က သူတို့၏အဆင့်နေရာ တိုးလာအောင် ကြိုးစားလာသည်။ ညှိနှိုင်းမှုဖြစ်စဉ်အတွင်း လက်ယာလှုပ်ရှားမှုများသည် အမြဲတမ်းလိုလို ခြိမ်းခြောက်နေခဲ့သည်။ အစိုးရရှိနေသော်လည်း ရွေးကောက်ပွဲများကြပ်မတ်ရာတွင် ထိထိရောက်ရောက် ကိုင်တွယ်နိုင်မည့် အသွင်းကူးပြောင်းရေးကောင်စီကိုလည်း ဖွဲ့စည်းထားပြန်သည်။ ထို့ကြောင့်လည်း ထိုကာလအတွင်း မည်သူက တိုင်းပြည်ကို အမှန်တကယ်အုပ်ချုပ်နေသနည်း ဆိုသည့် မရေရာသည့်အခြေ ဆိုက်ခဲ့သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်ကို အဆင့်နှစ်ပိုင်းခွဲ၍ ကြည့်နိုင်သည်။ ပထမအပိုင်းမှာ ရွေးကောက်ပွဲများ ပေါ်လာရေး အတွက် ကြားဖြတ်ဖွဲ့စည်းပုံတရပ် အတည်ပြုခြင်းဖြစ်သည်။ ရွေးကောက်ပွဲနောက်ပိုင်း၌ နောက်ဆုံးဖွဲ့စည်းပုံကို ညှိနှိုင်းအတည်ပြုခြင်းဖြစ်သည်။ ကြားဖြတ်ဖွဲ့စည်းပုံတွင် ဖွဲ့စည်းပုံအရဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်များ၊ နိုင်ငံတကာမဲပေးမှုစနစ်နှင့် ဖွဲ့စည်းပုံဆိုင်ရာတရားရုံးမှ အကာအကွယ်ပေးထားသည့် အခြေခံဒီမိုကရေစီ အခွင့်အရေးများကို ထည့်သွင်းခဲ့သည်။ နောက်ဆုံးဖွဲ့စည်းပုံကိုမူ ဖွဲ့စည်းပုံရေးဆွဲရေးလွှတ်တော်မှ အတည်ပြုခဲ့ပြီး၊ ထိုသို့အတည်မပြုခင်တွင် ဖွဲ့စည်းပုံဆိုင်ရာအခြေခံစည်းမျဉ်းများနှင့်ကိုက်ညီမှုရှိမရှိ ဖွဲ့စည်းပုံဆိုင်ရာ တရားရုံးမှ စစ်ဆေးပေးခဲ့သည်။

ကြားဖြတ်ဖွဲ့စည်းပုံသည် လူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် အကာအကွယ်ပေးထားသည်။ ကြားဖြတ်ဖွဲ့စည်းပုံအရ အချိုးကျကိုယ်စားပြုမှုစနစ်ဖြင့်ရွေးခြယ်ခဲ့သည့် ကိုယ်စားလှယ် ၄၀၀ ပါဝင်သည့် အမျိုးသားလွှတ်တော်ရှိသည်။ ပြည်နယ်တခုလျှင် ၁၀ဦးကျစီ အချိုးကျ ကိုယ်စားပြုမှုစနစ်ဖြင့် ရွေးခြယ်ခဲ့သည့် ပြည်နယ် ၉ခုမှ ဆီးနိတ်အမတ်များနှင့် အမျိုးသားလွှတ်တော်၏ အများစုမှ ရွေးခြယ်ပေးသည့် သမ္မတဦးဆောင်သည့် အမျိုးသားအုပ်ချုပ်ရေးအဖွဲ့တဖွဲ့ ဖွဲ့စည်းခဲ့သည်။ ဆီးနိတ်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်း၍ ပါလီမန်တရပ် ရှိပြန်သည်။ သမ္မတအနေဖြင့် လက်ထောက်နှစ်ဦးနှင့် ဝန်ကြီးအဖွဲ့ကို ခန့်ထားနိုင်သည်။ မဲဆန္ဒ ၅ရာခိုင်နှုန်းအထက်ရခဲ့သည့် ပါတီများ အနေဖြင့် အစိုးရအဖွဲ့တွင် ပါဝင်နိုင်ခွင့်ရှိသလို၊ အမျိုးသားလွှတ်တော်အမတ်နေရာ အချိုးအစားအလိုက် အစိုးရဝန်ကြီးများကို ထားရှိခဲ့သည်။

ပြည်နယ်အစိုးရများတွင် အချိုးကျကိုယ်စားပြုမှုစနစ်အရ ရွေးခြယ်ထားသည့် ဥပဒေပြုအမတ်များ သီးခြားစီရှိသည်။ အများစုဆန္ဒဖြင့် ဆုံးဖြတ်ကြသည်။ ထို့ကြောင့် ပြည်နယ်များအတွက် သီးခြားဥပဒေများ ချထားနိုင်သည်။ သို့သော် ဖွဲ့စည်းပုံကခွင့်ပြုထားသည့် အာဏာထက်မကျော်လွန်စေရ။ ပြည်နယ်ဥပဒေနှင့် အမျိုးသားဥပဒေများ ထိပ်တိုက်တွေ့မှုများရှိလာသည့်အခါ ပြည်နယ်ဥပဒေကအနိုင်ရသည်။ ဒေသအစိုးရများ အပေါ် အာဏာအပ်နှင်းထားသည့်အတွက်ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ရေးရှိသည်ဟု ဆိုရမည်။ အစဉ်အလာနှင့် ဓလေ့ထုံးတမ်းဥပဒေများအတွက် နိုင်ငံအဆင့် အစဉ်အလာခေါင်းဆောင်များ၏ကောင်စီ (Council of Traditional Leaders) နှင့် ပြည်နယ်အဆင့် အစဉ်အလာခေါင်းဆောင်များလွှတ်တော် (Houses of Traditional Leaders) တို့သည် ပါလီမန်ကို အကြံပြုနိုင်သည်။ သဘောတူညီချက်အရ နိုင်ငံအဆင့်နှင့် ပြည်နယ်ပါလီမန်များရွေးကောက်ပွဲများ ကျင်းပသည့်ရက်တွင် ကြားဖြတ်ဖွဲ့စည်းပုံ၏ အာဏာသက်ရောက်မှု စတင် ဖြစ်လာသည်။

*အခြေပြုရွေးကောက်ပွဲများ* (Founding Elections)

အသွင်ကူးပြောင်းရေးကာလအတွင်း ယခင်ရှိရင်းစွဲအစိုးရအဖွဲ့သည် ဆက်လက်တည်ရှိနေသော်လည်း ညှိနှိုင်းပွဲသဘောတူညီမှုများအရဖြစ်လာသည့် အသွင်ကူးပြောင်းရေးအုပ်ချုပ်ရေးကောင်စီ (Transitional Executive Council - TEC)နှင့် ဆွေးနွေးညှိနှိုင်း ပြီးမှ အုပ်ချုပ်ဆောင်ရွက်ရသည်။ ၁၉၉၄ခုနှစ် ဧပြီလတွင် ကျင်းပသည့် နိုင်ငံ၏ပထမဦးဆုံးအကြိမ် ဒီမိုကရေစီနည်းကျရွေးကောက်ပွဲများကို ကြီးကြပ်ရန်အတွက်

လွတ်လပ်သည့် ရွေးကောက်ပွဲကော်မရှင်ကို ခန့်အပ်ဖွဲ့စည်းထားသည်။ ၁၉၉၃ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် ပထမဦးဆုံးအစည်းအဝေးကျင်းပခဲ့ပြီး၊ အောက်ခြေအအဆင့် အမှန်တကယ်ဆောင်ရွက်မှုများကို ရွေးကောက်ပွဲမတိုင်ခင် ၂လအကြာတွင်မှ စ၍ အကောင်အထည်ဖော်ခဲ့သည်။ အချိန်ကာလတိုတောင်းခြင်းနှင့် မဲပေးမည့်စာရင်းပြုစုခြင်းမရှိသည်သာမက တိုင်းပြည်နေရာအများအပြားတွင် အခြေခံအဆောက်အအုံများ ကင်းမဲ့ခြင်း၊ တတ်ကျွမ်းသူမရှိခြင်း၊ စီမံအုပ်ချုပ်မှုဖွဲ့စည်းပုံအားနည်းခြင်းနှင့် လူဦးရည်ဖွားသေစာရင်း မလုံလောက်ခြင်းတို့သည် အကန့်အသတ်များဖြစ်ခဲ့သည်။ ၁၉၉၄ခုနှစ် ဧပြီ ရွေးကောက်ပွဲကာလ ၄ရက်တာတွင် ရွှေ့ပြောင်းနိုင်သည့် မဲရုံ ၉၅၀ခု၊ အထူးမဲရုံ ၁၀၄၇ခု၊ နိုင်ငံရပ်ခြားမဲရုံ ၁၈၇ခုနှင့် ပုံမှန်မဲရုံ ၈၄၉၃ခုတို့ကို တောင်အာဖရိကနိုင်ငံနှင့်အခြား ၇၈နိုင်ငံတို့တွင် ထားရှိခဲ့သည်။ မဲရုံ သုံးပုံတပုံတွင် လျှပ်စစ်မီးနှင့် ပုံမှန်တယ်လီဖုန်းလိုင်းများမရှိပေ။ ပစ္စည်းကရိယာများနှင့် ထောက်ပံ့သယ်ပို့ရေးအားနည်းခြင်း၊ မဲရေတွက်စဉ်အဖျက်အမှောက်များရှိခြင်းနှင့် အခြားစနစ်ပိုင်းအားနည်းချက်များကြောင့် အခက်အခဲများ ရှိခဲ့သည်။ **Independent Electoral Council** အနေဖြင့် သူတာဝန်ယူရမည့်ခဏတာအတွင်းပြုလုပ်သည့် လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲသည် တောင်အာဖရိကဒီမိုကရေစီစနစ်ကို ထိခိုက်စေနိုင်ကြောင်း ကောင်းကောင်းသတိပြုမိခဲ့သည်။ ထိုအတောအတွင်း ကမ္ဘာ့ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ စသဖြင့် ယုံကြည်–စိတ်ချရပြီး စွမ်းဆောင်မှုအားရှိသည့် ပြည်တွင်းပြည်ပ စောင့်ကြပ်မှုများသည် အရေးပါခဲ့သည်။ ထိုပြည်တွင်းပြည်ပစောင့်ကြပ်မှုအဖွဲ့များကြောင့်သာမက နောက်ဆုံးအချိန်တွင်ကြုံလာရသည့် စီမံအုပ်ချုပ်မှုနှင့် မဲရေတွက်မှုဆိုင်ရာ ပြဿနာများကို အစွမ်းအစရှိရှိ ကိုင်တွယ်ဖြေရှင်းပေးနိုင်ခဲ့သည့် **IEC** ကြောင့်လည်း ရွေးကောက်ပွဲသည် အောင်အောင်မြင်မြင်ပြီးဆုံးခဲ့သည်။

*ခိုင်မာတောင့်တင်းသည့် ဒီမိုကရေစီစနစ်*

နိုင်ငံရေးနှင့်နိုင်ငံသားဘဝ၌ ဒီမိုကရေစီစူးနစ်ခိုင်မာစေရန် တောင်အာဖရိကအနေဖြင့် အရေးကြီးသည့် ခြေလှမ်းများကို လှမ်းနေရသည်။ ကြားဖြတ်ဖွဲ့စည်းပုံ၏အနှစ်သာရကို ပြန်လန်ဖော်ညွှန်းသည့် နောက်ဆုံးဖွဲ့စည်းပုံကို ညှိနှိုင်းနေရသည်။ လူထုအကာအကွယ်ပေးရေးအဖွဲ့၊ လူ့အခွင့်အရေးကော်မရှင်၊ ယဉ်ကျေး မှု၊ ဘာသာရေးနှင့် ဘာသာစကားအုပ်စုများအခွင့်အရေးဆိုင်ရာ ကော်မရှင်၊ လိင်ခွဲခြားမှုတိုက်ဖျက်ရေးကော်မရှင်၊ စာရင်းစစ်ချုပ်နှင့် ရွေးကောက်ပွဲကော်မရှင်နာ စသည့်တို့တည်ရှိနေသည့် ဒီမိုကရေစီစနစ်သစ်ကို ကာကွယ်အားဖြည့်ရန် နိုင်ငံတွင်း စနစ်အဆောက်အအုံများ အမြောက်အများဖြစ်လာသည်။ လူထုဝန်ဆောင်မှု လုပ်ငန်းများသည် တိုင်းပြည်တွင်း ပြည်သူလူထုအတွက် အကျိုးဖြစ်အောင် အပြည့်အဝပြောင်းလဲလာသည်။ နိုင်ငံတကာစံချိန်ကိုလိုက်နာသည့် အလုပ်သမားဥပဒေသစ်တရပ်ကို ပြဋ္ဌာန်းခဲ့သည်။ လူမှုရေးနှင့်စီးပွားရေးပေါ်လစီများအပေါ် အပြည့်အဝသဘောတူညီမှုရလာစေရန် အမျိုးသားစီးပွားရေး၊ ဖွံ့ဖြိုးရေးနှင့်အလုပ်သမားကောင်စီကိုလည်း ဖွဲ့စည်းခဲ့သည်။

အရေးကြီးသည့်အားထုတ်မှုတခုမှာ အမှန်တရားနှင့်ပြန်လည်သင့်မြတ်ရေးကော်မရှင် **(Truth and Reconciliation Commission - TRC)** ကို ဖွဲ့စည်းခြင်းဖြစ်၏။ **TRC** အနေဖြင့် အသားအရောင်ခွဲခြားမှုစနစ်၏ နာကျင်ကြေကွဲဖွယ်ရာဖြစ်ရပ်များကို ပြန်လည်တုန့်ပြန်ရန်ပြုခြင်း လက်စားချေခြင်းထက် ကွဲပြားမှုများရှိနေသည့်တိုင်းပြည်အတွင်း သင့်မြတ်ရေးဖြစ်စေရန် နည်းလမ်းများကိုချပြခဲ့သည်။ အဆင့်အသီးသီးနှင့် ဘက်အသီးသီးမှ လူထုအနေဖြင့် ထိုပဋိပက္ခအတွင်း မိမိတို့၏အပိုင်းကို ကြေညာရန် အခွင့်သာခဲ့သလို၊ ပျောက်ဆုံးမှုများ အသတ်ခံရမှုများ ညှင်းပမ်းနှိပ်စက်ခံရမှုများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို ပြန်လည်ဖော်ထုတ်ခွင့်ရကြသည်။ အရေးကြီးသည့်မှာ ထိုအဖြစ်အပျက်များကို ဝမ်းနည်းဖွယ်ရာအဖြစ် ထုတ်ဖော်ခွင့်ရသလို၊ ထိုအဖြစ်အပျက်များအပေါ် လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ခွင့်လွှတ်ခြင်းဖြစ်သည်။

## ဖြစ်စဉ်လေ့လာချက် – တောင်အာဖရိက

*ဒီမိုကရေစီအသွင်ကူးပြောင်းမှုစီမံမှုအတွက် သင်ခန်းစာများ*

အကြမ်းဖက်မှုများ အတိုင်းအတာတခုအထိဖြစ်ပွားနေသည့် အမြစ်တွယ်နေသည့်ပဋိပက္ခအပေါ်တွင် တောင့်တင်းခိုင်မာမှုရှိသည့်ဒီမိုကရေစီစနစ်တည်ဆောက်ရန်မှာ ခက်ခဲသည့်တာဝန်တရပ်ဖြစ်သည်။ တောင်အာဖရိကနိုင်ငံအတွေ့အကြုံမှနေ၍ အောက်ပါအရေးကြီးသည့်သင်ခန်းစာများ ရရှိပါသည်။

– အာဏာရှင်ဆန်သည့် အုပ်ချုပ်ရေးစနစ်များတွင် ရုတ်တရက်ပေါ်လာတတ်သည့် အကြပ်အတည်းမျိုး (ပြည်တွင်းပြည်ပ ဖိအားများ)

– ခေါင်းဆောင်မှုအရဖြစ်လာသည့် အာဏာကို အသိအမှတ်ပြုခြင်း (နှစ်ဖက်အသိအမှတ်ပြုထားသည့် ညှိနှိုင်းပြောင်းလဲမှုများဖြင့် အစုအဖွဲ့ပါတီအားလုံးအတွက် အကောင်းဆုံးအဖြေပေးခြင်း

– အချိန်ယူရှည်လျားသည့် ကြိုတင်ညှိနှိုင်းမှုကာလတရပ်ရှိခြင်း

– ကြိုတင်သတ်မှတ်ချက်ဆိုင်ရာ အကြပ်အတည်းများကို ကျော်လွှားနိုင်သည့် အစိုးရဖက်၏ ထင်ရှားသည့် လိုက်လျောဆောင်ရွက်မှုများ ရှိခဲ့ခြင်း (အဓိပ္ပါယ်ရှိသည့် နိုင်ငံရေးလွတ်လပ်ခွင့်များ ချဲ့ထွင်ပေးခြင်း၊ လက်နက်ကိုင်လှုပ်ရှားမှုများ ရပ်နားထားခြင်း)

– အကြမ်းဖက်မှုအစား ငြိမ်းချမ်းသည့်ပြောင်းလဲမှုအတွက် စွန့်စားရန်လိုလားမှုနှင့် ခေါင်းဆောင်မှု၏ ဂုဏ်သိက္ခာတည်ကြည်မှု၊

– အကြပ်အတည်းဖြစ်မှုများကို နှစ်ဖက်စလုံးနှင့်ဆိုင်သည့် ဘုံပြဿနာများအဖြစ် ဘောင်ခတ်သတ်မှတ်ကြည့်နိုင်ခြင်း (ဥပမာ – တခုမဟုတ်တခု either-or ဖြစ်ရမည့် အကြပ်အတည်းမျိုးကြုံရစဉ် အဖြေအားလုံးကို အစဉ်အတိုင်းနေရာထားကြည့်ခြင်း)

– ပြောင်းလဲမှုဖြစ်စဉ်ကို တည်ငြိမ်စေရန်နှင့် ပဋိပက္ခကိုင်တွယ်စီမံရန် ဘက်ပေါင်းစုံ၌ သဘောတူညီချက်များယူခြင်း၊

– ဒီမိုကရေစီနည်းအရ ပါဝင်ပတ်သက်ခွင့်များပေးခြင်း (လူနည်းစုနိုင်ငံရေးမဟုတ်ပဲ လူထုအခြေပြုအဖွဲ့အစည်းများပါဝင်ခွင့်ပေးခြင်း)

– ရွေးကောက်ပွဲဖြင့် အာဏာလွှဲပြောင်းနိုင်ရန် အစိုးရစနစ် လုံခြုံမှုပေးနိုင်မည့်အချက်ကို ဖွဲ့စည်းပုံတွင်ပါဝင်ရန် ညှိနှိုင်းခြင်း၊

– သင့်လျော်သည့် ရွေးကောက်ပွဲဆိုင်ရာဖြစ်စဉ်အတွက် သင့်လျော်သည့်အရာများထားရှိခြင်း၊

– ပြီးခဲ့သည့် အကြမ်းဖက်မှုအတွေ့အကြုံများကင်းဝေး၍ ဒီမိုကရေစီနိုင်ငံသစ်ခိုင်ခံတည်မြဲရန်နှင့် အကျိုးစီးပွားများစေ့စပ်နိုင်ရန် ထိရောက်သည့် အင်စတီကျူးရှင်းများထားရှိခြင်း၊

ထိုသင်ခန်းစာများမှာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလစီမံရာ၌ ဖွဲ့စည်းပုံဆိုင်ရာများကို အသေးစိတ်ခွဲခြားလေ့လာနိုင်ရန်နှင့် ဖွဲ့စည်းမှုသဏ္ဍာန်များ အပြန်အလှန်အပေးအယူလုပ်နိုင်ရန် ရည်ရွယ်ရင်းဖြစ်သည်။ သို့သော်လည်း တကယ်တမ်းအရေးကြီးသည့် သင်ခန်းစာမှာ ညှိနှိုင်းမှုတွင်ပါဝင်မည့် အဓိကနိုင်ငံရေးဇာတ်ကောင်များ၏ သဘောထားခံယူမှု၊ ခေါင်းဆောင်မှုအရည်အသွေး၊ လူထုအတွင်း ရန်ဖက်အဖွဲ့များနှင့်အတူ ညှိနှိုင်းဆွေးနွေးခြင်းနှင့် ပြဿနာဖြေရှင်းရေးဆိုင်ရာကိုင်တွယ်စီမံမှုများတွင် မိမိတို့၏ အရည်အသွေးကို ထုတ်ဖော်ပြသခြင်းတို့ဖြစ်သည်။ ထိုအခြေအနေများကို တောင်အာဖရိကပြဿနာဖြေရှင်းရေးတွင် တွေ့ရသည့်အတွက် အလွန်တရာကံကောင်းသည်ဟုဆိုရမည်။ နိုင်ငံရေးပြောင်းလဲမှုမဖြစ်ခင်အတွင်း အလုပ်သမားသမဂ္ဂများဖွံ့ဖြိုးလာခြင်း၊ ညှိနှိုင်းဆောင်ရွက်မှုများရှိခြင်းနှင့် ညှိနှိုင်းမှုအရည်အသွေး ရှိသည့် ခေါင်းဆောင်များ ပေါ်လာခြင်းသည် ရှုန်းကန်နေရသည့် အစပထမပိုင်း ပြုပြင်ပြောင်းလဲရေးကာလအတွက် ထင်ရှားသည့်အကျိုးသက်ရောက်မှုမရှိသော်လည်း၊ အရှည်တည်တံ့မည့် ဒီမိုကရေစီနိုင်ငံတော်အတွက်မှု အကျိုးဖြစ်ခဲ့သည်။

# အခန်း ၃

## အခြေအနေနှင့် မကိုက်ညီသော ဖြစ်စဉ် တခုသည် ပွဲမဝင်ခင်ကပင် အချည်းနှီး ဖြစ်တတ်သည်။

အခြေအနေနှင့် မကိုက်ညီသော ဖြစ်စဉ် တခုသည် ပွဲမဝင်ခင်ကပင် အချည်းနှီး ဖြစ်တတ်သည်။

ဤအခန်း၏ အဓိကတင်ပြချက်မှာ ဖြစ်စဉ်ဆိုင်ရာ အင–ကာင်းများ ဖြစ်ပြီး၊ စေ့စပ်ညှိနှိုင်းပြေလည်မပြတ်ရရေး အတွက် လိုအပ်ချက်များကို မည်သို့ပြင်ဆင် ရေးဆွဲ နိုင်သည်ကို တင်ပြသွားမည်ဖြစ်သည်။ ဤအခန်းတွင် စေ့စပ်ဆွေးနွေးရေး နည်းနိသယများနှင့် လုပ်ငန်းစဉ်များ ကို အားပြိုင် အင်အားစုများက ယင်းတို့ပါဝင်ပတ်သက် နေသော ပဋိပက္ခများအား စီမံခန့်ခွဲသည့်အခါ လိုအပ်သလို ရွေးချယ် ငြင်းပယ် ပြုပြင် အသုံးချနိုင်ရန် တင်ပြအပ်ပါသည်။

၃၊၁–၃၊၂။ ဖြစ်စဉ်ပြင်ဆင်ရေးဆွဲမှုအတွင်း အရေးကြီးသည့် ကိစ္စများ

၃၊၃–၃၊၄။ အကြိုညှိနှိုင်းမှုဖြစ်စဉ် – စေ့စပ်ဆွေးနွေးပွဲ ဖြစ်စဉ် ရေးဆွဲသတ်မှတ်ခြင်း

၃၊၅–၃၊၆။ အခြေခံစေ့စပ်ညှိနှိုင်းရေးနည်းနာများ ဂလိုပ်ခဲတည်းလည်းဖြစ်မအြား ဖောက်ထုပ်ကျော်ဖြတ်ခြင်း။

၃၊၇။ တတိယ–ကားဖြန်ဖြေရေး အခန်းကဏ္ဍ

၃၊၈။ နိဂုံး


| | |
|---|---|
| စာပုံး ၃ | စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်အရေးဆွဲရာတွင် အရေးကြီးသည့် ကိစ္စများ (စာ–၆၆) |
| စာပုံး ၄ | အကြိုစေ့စပ်ဆွေးနွေးမှု၏ အဓိကအချက်များ (စာ–၆၉) |
| စာပုံး ၅ | စေ့စပ်ဆွေးနွေးမှုနည်းနိသယများ – အခြေခံမှုအချို့ (စာ–၉၈) |
| စာပုံး ၆ | လိပ်ခဲတည်းလည်းဖြစ်မှုအား ဖောက်ထွက်ကျော်ဖြတ်ခြင်း (စာ – ၁၀၃) |
| စာပုံး ၇ | တတိယကြားဖြန်ဖြေမှု ပုံစံများ (စာ – ၁၁၂) |

ဒေးဗစ်ဘလွန်းဖီးလ်ဒ်
ချားလ်စ် နူပန် နှင့်
ပီတာ ဟဲရစ်



## ၃၊၁။ နိဒါန်း

ပဋိပက္ခများသည် သမိုင်းနှင့် ဆက်စပ်မှုအကြောင်းအရာပိုင်း (history and context)၊ အကြောင်းကိစ္စနှင့် လက္ခဏာ (issue and character) လေးနက်ပြင်းပြမှုနှင့်ရလဒ် (intensity and outcome)တို့တွင် ထင်ရှားသိသာစွာ ကွဲပြားကြသည်။သို့ဖြစ်၍ ပဋိပက္ခများကို ချုပ်ကိုင်ဆောင်ရွက်သည့်ဖြစ်စဉ်များသည် ယင်းအခြေအနေတခုချင်းစီအတွက် ဆီလျော်မှုရှိရပေမည်။ အကယ်၍သာ ဖြစ်စဉ်တခုကို ပဋိပက္ခတခု၏ အကြောင်းအရာပိုင်းနှင့်မဆီလျော်ပဲ ရေးဆွဲပြင်ဆင်နေပြီဆိုပါက၊ ထိုဖြစ်စဉ်မှာ အစကတည်းက အောင်မြင်မှုရမည်မဟုတ်ပေ။ ဤသို့အခိုင်အမာပြောရခြင်းသည် နိုင်ငံတကာအဖြစ်အပျက်အတော်များများကညွှန်ပြခဲ့သည့်အတိုင်း အခြေအနေတရပ်ချင်းစီတွင် ထူးခြားသောသီးသန့်အခြေအနေများရှိခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် ပဋိပက္ခတိုင်းအတွက် ပုံသေဖြစ်စဉ် အဖြေတခုဖန်တီးကာ တသမတ်တည်း ဖြေရှင်းပေး၍ မရပေ။ သို့သော် ဖြစ်စဉ်များအပေါ် နှိုင်းယှဉ်ချက်မှာ တန်ဘိုးရှိနေဆဲပင်ဖြစ်သည်။ ဥပမာ – Eritrea အရေး ချုပ်ကိုင်သည့် ဆောင်ရွက်မှုပုံစံသည် ပါလက်စတိုင်းနှင့် ဖီဂျီအရေးကိစ္စများအပေါ်တွင်လည်း ထိရောက်မှုရှိမည်ဟု အာမခံချက်မထားနိုင်။ သို့သော် ဖြစ်ရပ်များ၏ ပို၍အသေးစိတ်ကျသောအဆင့်များကိုလေ့လာပြီး အခြားဖြစ်ရပ်အလားတူအဆင့်များအတွက် ဖြစ်နိုင်မဖြစ်နိုင် မေးခွန်းထုတ်နိုင်သည်။ ချက်ချင်းညှာအရေးကိစ္စ အပစ်အခတ်ရပ်စဲရေး၏ အကြောင်းတရားများကို ဂရုတစိုက်လေ့လာခြင်းဖြင့် ဖိလစ်ပိုင်အရေးကိစ္စ အပစ်အခတ်ရပ်စဲရေး အောင်မြင်ရန် သဲလွန်စကိုရှာကြည့်နိုင်သည်။ ဖြစ်စဉ်ဥပမာများ အမျိုးမျိုးကွဲပြားမှုရှိနေသလို၊ အခြေခံတူညီမှု သို့မဟုတ် နှိုင်းယှဉ်နိုင်သည့် အကြောင်းတရားများရှိနေတတ်သည်။ ဥပမာရပ်များမှာ – ဗဟိုအစိုးရကိုဆန့်ကျင်တိုက်ခိုက်သည့် ဒေသတွင်းလက်နက်ကိုင်ပုန်ကန်မှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တောင်းဆိုမှု၊ လူမှုရေးနှင့်စီးပွားရေးခွဲခြားဆက်ဆံခံရမှုဆိုင်ရာသဘောထားအမြင်များနှင့်သက်ဆိုင်သည့် အမြစ်ခိုင်နေသည့် မျိုးနွယ်စုလက္ခဏာဖော်ပြချက်ဆိုင်ရာ အကြောင်းများ၊ အစိုးရအာဏာရှင် စနစ်ကို အဆုံးသတ်စေခဲ့သည့်မကြာခင်ကဖြစ်ရပ် စသဖြင့် တို့ဖြစ်သည်။ ထို့ကြောင့် ဖြစ်ရပ်တခုချင်းစီ၏ ထူးခြားပေါ်လွင်မှုအပေါ် အလေးထားခြင်းခြင့် ထိုအခြေ–အနေများမှ အရေးကြီးသည့်သင်ခန်းစာများကို လေ့လာနိုင်သည်။ “အဘယ်ကြောင့် ဤဖြေရှင်းမှုမျိုး ဤပဋိပက္ခမျိုးတွင် အလုပ်မဖြစ်သနည်း” ဆိုသည့် မေးခွန်းမျိုးပေါ်လာသည့်အခါ ထိုအဖြေကို ရှာသော ခွဲခြမ်းဆန်းစစ်မှုသည်ပင်လျှင် အောင်မြင်မည့် နည်းလမ်းကောင်း တခုကို ပေးနိုင်ပေသည်။

## ၃၊ ၂ ။ ဖြစ်စဉ်ပြင်ဆင်ရေးဆွဲမှုအတွင်း အရေးကြီးသည့် ကိစ္စများ

### ၃၊ ၂၊ ၁ ။ အကြပ်အတည်းအခြေအနေကို အများက သဘောပေါက်နားလည်ပုံ (Commonly perceived deadlock)

ပဋိပက္ခအတွင်းအစုအဖွဲ့များအနေဖြင့် စေ့စပ်ဆွေးနွေးပွဲများတွင် ယင်းတို့၏အကျိုး

စီးပွားကိစ္စများကို စိတ်ပါလက်ပါဖြစ်စေ၊ စိတ်မတွေ့ပဲဖြစ်စေ ဆွေးနွေးခွင့်ရမည်ဟု သဘောပေါက်လက်ခံလာမှသာလျှင် စကားဝိုင်းသို့ ရောက်လာမည် ဖြစ်ပေသည်။ အကြောင်းအချက်အားလုံး တိုက်ဆိုင်စုစည်းမှုသည် ထိုသို့ဖြစ်လာစေရန်အတွက် ဖြစ်လာသည်။ အထူးသဖြင့် ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသည့်အကြပ်အတည်း ဖြစ်နေသည်ကို အပြန်အလှန်သတိပြုမိသည့်အခါမှသာ စေ့စပ်ညှိနှိုင်းမှုဖြစ်လာနိုင်သည်။ ဤအခြေအနေကို "အထိနာစရာအကြပ်အတည်း"(hurting stalemate) ဟု ရည်ညွှန်းလေ့ရှိကြသည်။ အဖြစ်အပျက်အများအပြားတွင် အောင်မြင်မှုမရှိသည့် အကြမ်းဖက်မှုများဆက်ဖြစ်နေခြင်းကြောင့် အပျက်အစီးများပြီး၊ မည်သည့်ဖက်ကမှ နိုင်ချေမရှိဟု နှစ်ဖက်စလုံးက လက်ခံသဘောပေါက်လာချိန်တွင် စေ့စပ်ညှိနှိုင်းမှု လမ်းကြောင်းမှာ ဆွဲဆောင်ဖွယ် ဖြစ်လာသည်။ ထိုသို့ ဖြစ်ရန်အတွက် နှစ်ဖက်စလုံး၌ တူညီသော စစ်ရေးအင်အားနှင့် အခြားအရင်းအမြစ်များ ညီမျှနေသည့် အခြေတွင် ရှိနေရန် မလိုပေ။ ယင်းသို့ အင်အားချိန်ခွင်မျှနေသည် ဆိုခြင်းမှာ ပြည်တွင်းပဋိပက္ခများ အတွက် ကြုံတောင့်ကြုံခဲ ဖြစ်ရပ်ပင်ဖြစ်သည်။ ထိုသို့ညှိနှိုင်းဆွေးနွေးမှုကြောင့် အားနည်းသူက မိမိကို အားကြီးသူမှ အပြတ်အသတ်အနိုင်ယူသွားနိုင်သည်ကို အနည်းဆုံးအဆင့် ကာကွယ်နိုင်ပေသည်။ ဤသည်မှာပြည်တွင်းပဋိပက္ခအများစုအတွင်း မှန်လေ့ရှိသည့် ဥပဒေသဖြစ်သည်။

တောင်အာဖရိကဥပမာတွင် မြောက်များစွာသော ပြည်တွင်းပြည်ပအကြောင်းတရားများကြောင့် ရှေ့မတိုးနောက်မဆုတ်အခြေအနေများဖြစ်လာခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ယခင်ဆိုဗီယက်ယူနီယံတို့အကြား ပြန်လည်သင်မြတ်ရေးလမ်းစဉ်သည်လည်း အရေးကြီးသော တွန်းအားတရပ်ပေးခဲ့သည်။ စစ်အေးတိုက်ပွဲပြီးဆုံး၍ အရှေ့–အနောက် ကွဲပြားမှုများ တစတစနှင့် ပြိုလဲချိန်မှစ၍ နှစ်ဖက်လုံး၏ ယခင်ရှိပြီးသား အခြေခံ ဒေါက်တိုင်များကို ဖယ်ရှားခဲ့သည်။ (တောင်အာဖရိကကို အရှေ့အနောက် အားပြိုင်ရမည့်နေရာ ဟု မသတ်မှတ်တော့ပေ။) ထိုအခါ နိုင်ငံတကာ၏ ပိတ်ဆို့ဒဏ်ခတ်မှုနှင့် အထီးကျန်ဖြတ်တောက်မှုများသည် တောင်အာဖရိကနိုင်ငံ၏ စီးပွားရေး အလားအလာကောင်းများကို ထိခိုက်လာပြီး၊ နိုင်ငံတကာအသိအမှတ်ပြု တရားဝင်မှုလည်း တဖြေးဖြေးကျဆင်းလျော့နည်းလာခဲ့သည်။ ပြည်တွင်းတွင်လည်း အသားအရောင်ခွဲခြားမှုနှင့် ဖွံ့ဖြိုးမှုကွဲပြားနေမှုကြောင့် ဖြစ်လာသည့် ဆုံးရှုံးနစ်နာမှုများမှာ တလိပ်လိပ် ထိုးတက်ခဲ့သည်။ လူမည်းများအတွက် သီးခြားနေရာ၊ ခွဲခြားမှုရှိသော အမျိုးမျိုးသောသီးခြားကောင်စီနှင့် လွှတ်တော်အရပ်ရပ်ရှိလာခြင်းကြောင့် အလွန်အရှုပ်အသွားညှံ့သည့် ဗျူရိုကရေစီစနစ်ဖြစ်လာသည်။ထိုကာလတွင် မြို့ပြဒေသများသို့ ပြောင်းရွှေ့လာသည့် လူမဲအုပ်ကြီးများကြောင့် လုပ်ငန်းဆောင်ရွက်မှုနှင့် ထိန်းချုပ်ရေး အပိုင်းတွင် ယခင်ကထက် ခဲရာခဲဆစ်ဖြစ်လာသည်။ ပြည်တွင်းပြည်ပတွန်းလှန်မှုများသည် ၁၉၈၀ခုနှစ်များ တလျှောက်တွင် ကြီးမားသောအရှိန်အဟုန် မြင့်တတ်လာသည်။

> ထိရောက်သော ဖြစ်စဉ်တခုဟူသည်မှာ နှောင့်နှေးမှုများ၊ အတားအဆီးများ၊ ပွဲပျက်သွားမှုများ၊ မျှော်လင့်ချက်ပြင်းထန်မှုများ၊ လွဲမှားသောဦးတည်ချက်များ၊ ဒေါသစကားများ စသည်တို့ကြားမှ ကြံကြံခံလျက် ရေရှည်တည်တံ့သွားရမည့် ဖြစ်စဉ်တခုဖြစ်ပါသည်။

ထိုနည်းတူစွာပင် မြောက်အိန္ဒိယာလန်အတွင်းအကြမ်းဖက်မှုများ ၂၅နှစ်ကြာဆက်တိုက်ဖြစ်ပြီးနောက် ၁၉၉၀ခုနှစ်ပိုင်းတွင် အိုင်းယာလန်သမ္မတနိုင်ငံတပ်မတော် (IRA) နှင့် ဗြိတိသျှတပ်မတော် ဗိုလ်ချုပ်ကြီးများအနေဖြင့် နှစ်ဖက်စလုံးတွင် စစ်ရေးအရလုံးဝအနိုင်ရအောင် လုပ်နိုင်မည်မဟုတ်ဟု နားလည်လာခဲ့ကြသည်။ တဖက်ချင်းစီအနေဖြင့် အကောင်းဆုံးလုပ်နိုင်သည့်အရာမှာ တဖက်မှ လုံးဝအနိုင်ရခြင်းကို ဟန့်တားနိုင်ခြင်းသာဖြစ်ခဲ့သည်။ ထို့ကြောင့်ပင် အောင်မြင်ရန်မျှော်လင့်မှုမရှိသော စစ်ပွဲများနှင့် လူအင်အား ငွေအင်အား အဆမတန် ဆက်တိုက်ဆုံးရှုံးခြင်းမှတပါး၊ အခြားနည်းလမ်းတခုကို ရွေးခြယ်ရန်ဖြစ်လာသည်။ စစ်ရေးမပါသည့် အခြားလမ်းတခုကို မျှော်မှန်းလာရသည်။

## ပဋိပက္ခ၏ ပြောင်းလဲနေသော သဘော နှင့် ပဋိပက္ခ စီမံဖြေရှင်းမှု

တောင်အာဖရိကနှင့် မြောက်အိုင်ယာလန်ဥပမာနှစ်ရပ်လုံးတွင် အကြောင်းအချက်အလက်အစီအရီ(range of factors)ကား အကြပ်အတည်းသည် နှစ်ဖက်စလုံးကို အထိနာစေကြောင်း နှင့် စေ့စပ်ညှိနှိုင်းမှသာ ဖြစ်တော့မည် ဖြစ်ကြောင်း အမြင်များ ဖြစ်လာစေသည်။ ထိုသို့စေ့စပ်ရန်လိုလားသည့်အချက်မှာ နှစ်ဖက်အကြပ်အတည်းကြောင့် အလိုအလျောက်ဖြစ်လာသည်တော့ မဟုတ်ပေ။ ဆူဒန်နိုင်ငံတွင် လူအသက်များနှင့် နာကျင်ခံစားမှုများ၊ သဘာဝပတ်ဝန်းကျင် အခြေအနေဆိုးဝါးနိမ့်ကျလာခြင်းများ၊ ပြည်တွင်းပြည်ပ စီးပွားရေးဝန်ပိလာခြင်းများ စသဖြင့် ဖြစ်ပေါ်နေသည့် မတိုးသာမဆုတ်သာအခြေအနေအတွင်း ဆုံးရှုံးနစ်နာမှုများမှာ အလွန်အမင်းဖြစ်သည်။ သို့သော်လည်း ပညာရှင်တဦး၏ စကားအရ ဆူဒန်နိုင်ငံအနေဖြင့် လုံးဝပျက်စီးပြိုကွဲရေးကမ်းနဖူးပေါ်ရောက်နေသော်လည်း ခေါင်းဆောင်များကိုယ်၌က အကြီးအကျယ် ကျဆုံးပျက်စီးမှုဖြစ်အံ့ဆဲဆဲအပေါ် ပုဂ္ဂိုလ်ရေးအရ စိုးရွံ့ကြောက်စိတ်ခံစားရသည့်ပုံ မရှိပေ။ (သူတို့အတွက် အခြေအနေအကြပ်အတည်းမှ စေ့စပ်ဆွေးနွေးရေး လမ်းကြောင်းသို့ တွန်းမပို့ပေးခဲ့ချေ)

### ၃၊ ၂ ၊ ၂ ။ အခွင့်အလမ်းများ ဆုပ်ကိုင်ခြင်း (Seizing opportunities)

စေ့စပ်ညှိနှိုင်းမှုများဖြစ်လာရန် မတိုးနိုင်မဆုတ်နိုင်အခြေအနေရှိရုံမျှနှင့်ပင် လုံလောက်ခြင်းတော့မရှိပေ။ ထိုအခြေအနေသည် အခွင့်အလမ်းများပေါ်လာစေပြီး၊ အဖြေထုတ်ရန်အတွက် အခါကျရင့်မှည့်မှု(ripe moments) ဖြစ်ခြင်းကိုပြခြင်းသာဖြစ်သည်။ သို့သော် ထိုသို့ အချိန်အခါကျရောက်နေပြီဆိုသည်ကိုလည်း သတိပြုမိပြီး ဆုပ်ကိုင်အသုံးချရန်လည်းလိုသည်။ စေ့စပ်ညှိနှိုင်းမှုသည် ပဋိပက္ခပြာပုံထဲမှ လွယ်လွယ်ကူကူ ထွက်လာသည်တော့မဟုတ်ပေ။ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသည့် အကြပ်အတည်းကို အများက လက်ခံသဘောပေါက်လာခြင်းကြောင့် ရင်ဆိုင်ယှဉ်ပြိုင်နေရသည့် အစုအဖွဲ့များအနေဖြင့် စစ်ပွဲတွင်အနိုင်မရနိုင်သည်ကို လက်ခံလာနိုင်သော်လည်း၊ ယင်းအမြင်သည် ငြိမ်းချမ်းမှုရှာဖွေရန် ဆွဲဆောင်မှုများ အလိုအလျောက်ဖြစ်စေသည် မဟုတ်ပေ။ ထို့ကြောင့် မတိုးနိုင်မဆုတ်နိုင်အခြေအနေကို လက်ခံသဘောပေါက်လာခြင်းသည် အကြောင်းအရာတခုဖြစ်ပေသည်။ သို့သော် အစုအဖွဲ့များအကြား စေ့စပ်ညှိနှိုင်းလာစေရန်မှာ အခြားအကြောင်းအရာများကလည်း သက်ရောက်မှု ရှိမှသာ ဖြစ်နိုင်သည်။ မတိုးနိုင်မဆုတ်နိုင်အခြေအနေသည် ငုပ်လျှိုးမြှုပ်နေသည့်အခြေနေတရပ်အနေဖြင့် ရှိနေတတ်သည်။ မြှုပ်နေသည့်အခြေအနေ၏ သဘောသဘာဝမှာလည်း တိုးတက်မှု သို့မဟုတ် ပြောင်းလဲမှု အခွင့်အလမ်းမှန်သမျှကို ပိတ်ဆို့ထားသည့် အခြေအနေ ဖြစ်သည်။ ထိုသို့ ဝိရောဓိဖြစ်နေသော်ငြားလည်း ရှေ့မတိုးနောက်မဆုတ်နိုင်သည့်အခြေအနေသည် (စေ့စပ်ဆွေးနွေးရေး) အခွင့်အလမ်း၏ အစဦးပိုင်းအဖြစ်အတိအကျဆိုနိုင်သည်။ ဤသည်မှတဆင့် ညှိနှိုင်းမှုဖြစ်နိုင်ချေအလားအလာများ ဖန်တီးနိုင်သော အကြောင်းအချက်ပေါင်းစုံခြင်းအပေါ် မူတည်၍သာ ဆွေးနွေးပွဲလမ်းကြောင်းကို စနိုင်မည် ဖြစ်သည်။ ထိုအကြောင်းအချက်များမှာလည်း ပြည်တွင်း ပြည်ပဖြစ်စဉ်၏ မည်သည့်အသွင်အပြင်မှမဆို ဖြစ်ပေါ်လာနိုင်ပေသည်။

Mozambique ဥပမာတွင် ရိုမန်ကတ်သလစ်ဘုရားကျောင်းများ၏ ကြားဝင်ဖြန်ဖြေမှုသည် Sant' Egidio အဖွဲ့အစည်းများနှင့်လောကနီတိစာများအသုံးပြု၍တမျိုးကိုယ်ပိုင်အဆက်အသွယ်များမှတဆင့်တဖုံ၊ တတ်ကြွသည့်အားပေးမှုနှင့် အဓိကဇာတ်ကောင်များအပေါ် တွန်းအားပေးနိုင်မှုများကြောင့်လည်းကောင်း၊ အောင်မြင်သည့် စေ့စပ်ရေးစကားဝိုင်းများဖြစ်စေခဲ့သည်။ ၁၉၉၀ခုနှစ်နှင့် ၁၉၉၂ခုနှစ်အတွင်း၊ ရောမမြို့တွင် ကျင်းပဖြစ်ခဲ့သည့် ထိုစေ့စပ်ရေးဝိုင်းများတွင် FRELIMO နှင့် RENAMO တို့ပါဝင်ကြသည်။ အန်ဂိုလာကိစ္စတွင်မူ ၁၉၉၁ခုနှစ် Bicesse သဘောတူညီချက်သည်

တိုက်ရိုက်အားဖြင့် အင်အားကြီးနိုင်ငံများ၏အမြင်ရှုဒေါင့်အဓိကပြောင်းလဲမှုများက အရင်းခံလေသည်။ ဆွေးနွေးရေးစားပွဲပေါ်ရောက်လာကြရေးအတွက် ဆိုဗီယက်ပြည်ထောင်စု အနေဖြင့် MPLA ကို ဖိအားပေးခဲ့သလို၊ အမေရိကန်ပြည်ထောင်စုနှင့် တောင်အာဖရိကတို့ကလည်း UNITA ကို ဖိအားပေးခဲ့ကြသည်။ တောင်အာဖရိကနိုင်ငံတွင်မူ နိုင်ငံရေးအကျဉ်းသားများလွှတ်ရန်နှင့် အေအန်စီအပါအဝင် အခြားမြေအောက်ပါတီများ ကို တရားဝင်ရပ်တည်ခွင့်ပြုကြောင်း သမ္မတ ဒီကလပ်မှ ၁၉၉၀ခုနှစ်တွင် ရုတ်ချည်းဆိုသလို ကြေညာခဲ့သည်။ ထိုနည်းတူစွာ ၁၉၇၇ခုနှစ်က (အီဂျစ်သမတ)အန်ဝါဆဒတ်၏ "ဂျေရုဆလင်သို့ လေယဉ်ခရီးစဉ်"မှာလည်း အစ္စရေးအသိအမှတ်ပြုရေး အပေါ် အာရပ်နိုင်ငံများ၏ ဝိုင်းကြဉ်ထားချက်ကို ချိုးဖောက်လိုက်ခြင်းကြောင့် တကမ္ဘာလုံး ကြက်သေသေသွားခဲ့သည်။ ထို့နောက် ဆဒတ်သည် ဂျေရုဆလင်သို့ သွားရောက်ခဲ့ပြီး၊ အစ္စရေးပါလီမန်၌ပင် မိန့်ခွန်းပြောခဲ့သည်။ အစ္စရေးတို့၏ တည်ရှိခွင့်ကို ပယ်ချထားသည့် အာရပ်နိုင်ငံများအကြား ကြီးမားစွာအက်ကွဲကြောင်းဖြစ်စေသလို၊ အစ္စရေးတို့အပေါ်ကိုလည်း အပြန်အလှန် ညီမျှသည့် တုန့်ပြန်မှု(reciprocation) ပေးရမည့် ဝန်ထုပ်ဝန်ပိုး တခုကိုပါချပေးခဲ့သည်။ ဒီကလပ်၏ ဆောင်ရွက်ချက်နည်းတူ ဆဒတ်၏ လုပ်ဆောင်ချက်မှာလည်း ရေရှည်ဖြစ်နေသည့် ရှေ့မတိုးနောက်မဆုတ် အခြေအနေမှ လှုပ်ရှားမှုအတွက် ဖြစ်နိုင်ချေအသစ်များနှင့် လမ်းသစ်များ ဖောက်နိုင်ခဲ့သည်။

ပြောင်းလဲမှုမရှိသည့်အတွက် မတိုးမဆုတ်နိုင်အခြေအနေမျိုးဖြစ်ပေါ်လာလေ့ရှိသလို၊ ခေါင်းစီးပြောင်းလဲခြင်းကြောင့်လည်း စေ့စပ်ညှိနှိုင်းခြင်းမှာ ဆွဲဆောင်စရာ အဆိုပြုချက်ဖြစ်လာရသည်။ ခေါင်းစီးပြောင်းလဲခြင်းဆိုရာတွင် အစိုးရသစ်၊ ခေါင်းဆောင်သစ်၊ ဘက်တဖက်ဖက်အတွက် အထောက်အပံ့များပြောင်းသွားခြင်း၊ တဖက်သတ်ဆက်သွယ်မှု (unilateral circuit-breaking) ကိုစတင်ခြင်း စသည့် အခြေအနေများပါဝင်ပါသည်။ မတိုးနိုင်မဆုတ်နိုင်အခြေအနေမှ အခြားအခြေအနေ တခုခုသို့ ပြောင်းလဲပစ်ရန်အတွက် ထိုကဲ့သို့ သိမြင်နားလည်မှုဆိုင်ရာ အပြောင်းအလဲ တရပ်မှာလည်း လိုအပ်သည်။ ဤအချိန်တွင်၊ မူလကတည်းက စိတ်ကူးရ၍ဖြစ်စေ၊ တိုက်တွန်းပြောဆိုမှုကြောင့်ဖြစ်စေ၊ ညှိနှိုင်းမှုအဖြေတရပ်အတွက် သိသာထင်ရှားသည့်ဖြစ်နိုင်ချေကို သိမြင်သဘောပေါက်မှု လည်းရှိရပေမည်။

ထို့ကြောင့် ဖြစ်ပေါ်နေသည့် ပဋိပက္ခကို အမြဲမပြတ်ဆိုသလို အကဲဖြတ် ဆန်းစစ်ခြင်းဖြင့် အခွင့်အလမ်းထွက်ပေါက်များ(windows of opportunity) မဆုံးရှုံးသွားရစေရန် ကာကွယ်နိုင်မည် ဖြစ်သည်။ ပုံမှန်အားဖြင့် ထိုသို့ အခွင့်အလမ်းများမှာ ကြုံတောင့်ကြုံခဲဖြစ်သလို အပိုင်အနိုင်ဆုပ်ကိုင်မိရန်လည်း လိုသည်။ ပဋိပက္ခအတွင်း ပါဝင်သည့် အစုအဖွဲ့များ အနေဖြင့် ပဋိပက္ခနှင့်နီးကပ်စွာတည်ရှိနေသည့်အတွက် ထိုအခွင့်အလမ်းများကို မြင်နိုင်မှ မြင်နိုင်ပေမည်။ သို့အတွက် တတိယကြားအင်အားစုတရပ်မှ ကမကထပြုရန်မှာ အဓိကလိုအပ်ချက်ပင်ဖြစ်သည်။

### ၃၊ ၂၊ ၃ ။ ယုံကြည်မှု၏ အရေးပါချက် (The importance of trust)

စေ့စပ်ညှိနှိုင်းမှုများသည် ကိစ္စရပ်များအပေါ် အာရုံထားလေ့ရှိသော်လည်း အောင်မြင်မှုအပိုင်း မှာမူ လူအပေါ် တည်ပါသည်။ ကောင်းမွန်မှန်ကန်သော ဖြစ်စဉ်ကြောင့် ပဋိပက္ခအတွင်းရှိ အစုအဖွဲ့များအကြား ဆက်နွယ်မှုကို တိုးတက်လာစေသည်။ ယင်းမှာ ရန်သူများကို ချက်ချင်း မိတ်ဆွေဖြစ်လာစေရမည် ဟု ဆိုခြင်းမဟုတ်ပေ။ သို့သော် (အနိမ့်ဆုံး) ကောင်းမွန်သောစိတ်ဓါတ်အခြေခံဖြင့် စေ့စပ်ညှိနှိုင်းနိုင်ရန်အတွက် အစုအဖွဲ့များအကြား လက်တွေ့ကျသည့်အလုပ်များ ဆက်စပ်နိုင်ရမည်ဖြစ်သည်။ ထိုသို့ လေးစားမှုရှိသည့် အနိမ့်ဆုံးလုပ်ငန်းအဆင့်ဆက်ဆံလာခြင်းသည် ရန်ဖက်ဟောင်းများ အကြား တိုးတက်လာသည့် ဖြစ်စဉ်တရပ်ပင်ဖြစ်သည်။ အကြမ်းဖက်လှုပ်ရှားမှုအတွင်း

## ၃.၂။ ဖြစ်စဉ်ပြင်ဆင်ရေးဆွဲမှု အတွင်းအရေးကြီးကိစ္စများ

တဖက်ရန်သူအား ဘီလူးသူရဲ ဆန်ဆန် အကြမ်းအရမ်း ဆက်ဆံခြင်းသည် လုပ်နေကျ နည်းနာဖြစ်သည်။ အခြားတဖက်အပေါ် အကြမ်းဖက်မှုပြုခြင်းအား တရားဝင်ဖြစ်စေရန် အလို့ငှာ အခြားတဖက်အပေါ် "ရန်လိုရိုင်းစိုင်းသော စိတ်ဝေဒနာသည်၊ အကြမ်းဖက်သမား၊ မကောင်းဆိုးဝါး နယ်ချဲ့" စသည်ဖြင့် အမည်ဆိုးများ ပေးထားတတ်သည်။ သို့သော် တွေ့ဆုံဆွေးနွေးမှုများဖြစ်လာရန်အတွက်မူ ထိုအမြင်ဆိုးများကို ပထမဖယ်ရှားနိုင်ရမည် ဖြစ်သည်။ သဘောထားအမြင်ပြောင်းပစ်ရသည်။ မူလတင်ထားသည့်တန်ဖိုးများအနည်းငယ်လျှော့ချပေးခြင်းဖြင့် ညှိနှိုင်းမှုအတွက် တဖက်ချင်းစီ၏ တာဝန်ခံမှုနှင့် ကတိကဝတ်ရှိမှုကို ပြသနိုင်မည်ဖြစ်သည်။ ထိုသို့ နှစ်ဖက်အပြန်အလှန်လိုက်နာကျင့်ကြံမည်ဆိုက နှစ်ဖက်လုံးအနေဖြင့် မိမိတို့၏ အခြေအနေကို ကောင်းမွန်စွာအပြန်အလှန်မြင်နိုင်ကြမည်။ အစုအဖွဲ့များ၏ တိကျခိုင်မာသည့်သတင်းများ၊ တင်ပြမှုအမူအကျင့်များသည် မှားယွင်းသည့် သဘောထားအမြင်များ ကို ချေဖျက်စေရန် လွန်စွာအထောက်အကူပေးသည်။

တနည်းအားဖြင့်ဆိုသော်၊ ကောင်းမွန်သည့်ဖြစ်စဉ်ဆိုသည်မှာ အစုဖွဲ့များအနေဖြင့် အပေးအယူလုပ်ရေးတွင် အပြန်အလှန်ပြိုင်ဆိုင်နေသည့် (ကိုယ်ပိုရမည်၊ သူပိုရမည်) အပေါ် အာရုံထားနေခြင်းမှ ပူးတွဲဆောင်ရွက်မှုအဆင့်တဆင့်ဖြစ်လာရန်အတွက် တွန်းအားဖြစ်စေမည့် အစီအစဉ်မျိုးပင်ဖြစ်သည်။ ပူးတွဲဆောင်ရွက်မှုမရှိလျှင်လည်း ကျေနပ်စရာကောင်းသည့် ရလဒ်ဖြစ်လာမည်တော့မဟုတ်။ စေ့စပ်ညှိနှိုင်းခြင်းကိုယ်၌ကပင် လှုပ်ရှားမှုတခုဖြစ်ပြီး၊ ပြဿနာအဖြေထုတ်ရေးအဆင့်ဖြစ်နိုင်သည်။ ပါဝင်သူများအနေဖြင့် သူတို့ပြဿနာရပ်အပေါ် အဖြေတရပ်ထုတ်နိုင်ရန်အတွက် အတိုင်းအတာတခု အရ ပူးပေါင်းဆောင်ရွက်နိုင်ရမည် ဖြစ်သည်။

ထိုသို့ လုပ်ငန်းဆက်စပ်မှု၏ အကောင်းဆုံးသောသာဓကအဖြစ် တောင်အာဖရိက စေ့စပ်ညှိနှိုင်းရေးသမားများဖြစ်သည့် အမျိုးသားပါတီမှ Roelf Meyer နှင့် အေအန်စီမှ Cyril Ramaphosa တို့အကြား ဆက်ဆံရေးတိုးတက်မှုကို လေ့လာနိုင်သည်။ ယင်းတို့၏ ဆက်ဆံရေးကောင်းမွန်မှုကြောင့်ပင် အမှောင်ကျနေသည့်ရက်များအတွင်းက ငြိမ်းချမ်းရေးဖြစ်စဉ် ပျက်လုနီးပါးဖြစ်ပြီးကာမှ ပြန်လည်အောင်မြင်ခဲ့ခြင်း ဖြစ်သည်။ စေ့စပ်ညှိနှိုင်းမှုအလယ် ၁၉၉၂ခုနှစ် ဇွန်လအတွင်း ၌ ပြင်းထန်သည့်အကြမ်းဖက်မှုတရပ်ဖြစ်လာပြီး၊ အေအန်စီမှ အစိုးရနှင့်အဆက်အသွယ်အားလုံး ဖြတ်တောက်ပစ်ခဲ့သည်။ ထိုမှ ၁၈လတာ နီးပါးအတွင်း နှစ်ဖက်ဆက်သွယ်ရေး တခုတည်းသောလမ်းကြောင်း အဖြစ် "Roelf and Cyril show" သာ ကျန်ခဲ့သည်။ ထိုအချက် အပေါ် Meyer ကိုယ်တိုင်မှ ဤသို့ကောက်ချက်ပေးခဲ့သည်။

**စေ့စပ်ညှိနှိုင်းမှုမှာ နှစ်ဖက်စလုံး၏အနေအထားကို အပြန်အလှန် သိနားလည်မှုရှိရန် လိုအပ်သည်။ Cyril နှင့် ကျွန်ုပ်၏ကိစ္စတွင် တူညီသော နားလည်မှုအမြင်များ ရှိခြင်းသည် မိတ်ဆွေများအဖြစ် ဦးတည်သွားစေသည်။ သို့သော် တဦးနှင့်တဦး အပြန်အလှန် နားလည်မှုဖြစ်လာစေရန် အရေးကြီးသည့်အချက်မှာ အခြားတဖက် စဉ်းစားသည့်အတိုင်း မိမိအနေဖြင့် ဝင်ရောက်စဉ်းစား (သူစီးသည့် ဖိနပ်ကို သွားစီးပြီး ခံစားကြည့် ပါမှ)ကိုယ်ချင်းစာရန်လိုသည်။ ညှိနှိုင်းသူများအကြား ပုဂ္ဂိုလ်ရေးဓါတ်သဘောမှာ အောင်မြင်သော စေ့စပ်ရေးအတွက် အလွန်အရေးကြီးသည့်အချက်ဖြစ်ပေသည်။**

အမြစ်တွယ်နေသည့်ပဋိပက္ခများအတွင်း စေ့စပ်ညှိနှိုင်းမှုစားပွဲဆီသို့ အစုအဖွဲ့များအနေဖြင့် ဖျောက်ဖျက်မရနိုင်သည့်ပဋိပက္ခ၊ လုပ်ရှားရုန်းကန်မှုနှင့် စစ်ပွဲအတွေ့အကြုံများကိုလည်း တပါတည်း ဆောင်ယူလာတတ်သည်။ အင်အားသုံးသည့် အလေ့အကျင့်များအရ စေ့စပ်ရာတွင် အဖြစ်နိုင်ဆုံး လွှမ်းမိုးလိုသည့်အမူအကျင့်ဖြစ်တတ်သည်။ ဖြစ်စဉ်ရေးဆွဲရာတွင် အဓိကစိန်ခေါ်မှုမှာ ထိုအတွေ့အကြုံ/အလေ့အကျင့်ကို ပြောင်းပြန်လှန်ပစ်ရန်ဖြစ်သည်။ သို့မှသာ ပြိုင်ဖက်များအတွင်း ကြောက်ရွံ့မှု၊ စိုးရိမ်မှု နှင့် အကျိုးစီးပွားများအပြင်၊ ညှိနှိုင်းခြင်း၏အရေးပါမှု အကြောင်းအရာများနှင့် အဖြေထုတ်ရန် အရေးကြီးခြင်းတို့ကို အာရုံပြုလာနိုင်မည်။ နှောင့်နှေးမှုများ၊ အကြပ်အတည်းများ၊ ဆွေးနွေးပွဲမှ နောက်ဆုတ်ထွက်ခွာမှုများ၊ အကြမ်းဖက်မှုများဆက်ဖြစ်နေခြင်း၊ မျှော်လင့်မှုတိုးများလာခြင်း၊ မျှော်လင့်ချက်အမှားများနှင့် ဒေါသဖြစ်ဖွယ်စကားလုံးများ ရင်ဆိုင်လာရသည့်အခါ ဒုသားပေသား ခံနိုင်ရည်ရှိခြင်းနှင့် တာရှည်ထိန်းထားနိုင်ခြင်းတို့သည် ထိရောက်သည့်ဖြစ်စဉ်တရပ်၏ လက္ခဏာများဖြစ်သည်။

### ၃၊ ၂၊ ၄။ ပျော့ပြောင်းညင်သာမှု (Flexibility)

စေ့စပ်ညှိနှိုင်းမှုဆိုသည်မှာ ထိုးထွင်းဖန်တီးနိုင်စွမ်းရှိသည့် ဖြစ်စဉ်တရပ်ဖြစ်သလို၊ စူးစမ်းရှာဖွေမှုအတွက် မရေမရာခရီးတရပ်လည်းဖြစ်၏။ ဆိုလိုသည်မှာ ဖြစ်စဉ်အစပိုင်းတွင် နောက်ဆုံးရလဒ် မည်သို့ထွက်မည်ကို ကြိုတင်တွက်ဆထား၍ မရချေ။ အစုအဖွဲ့များအနေဖြင့် မိမိတို့လိုချင်သည့်အောင်မြင်မှု၊ မိမိလိုလားသည့် ပြေလည်မှုများအတွက် ကိုယ်ပိုင်စံထားချက်များ၊ ကိုယ်ပိုင်အမြင်များရှိကြပေလိမ့်မည်။ သို့သော် အထူးအခွင့်အရေးရပြီးသား အင်အားကြီးသည့် ဘက်သာလျှင် မိမိတို့ ရည်မှန်းချက် မည်သို့ဖြစ်သည်ကို သတ်မှတ်နိုင်ပြီး၊ မိမိတို့လိုလားချက်၏ ရာနှုန်းပြည့်ကိုလည်း ရယူနိုင်မည်ဖြစ်သည်။ ဤသည်မှာ စေ့စပ်ညှိနှိုင်းသူတဦး သို့မဟုတ် ဖြစ်စဉ်ရေးဆွဲသူတဦးအတွက် မဖြစ်နိုင်သည့် အလားအလာဖြစ်သည်။ ဖြစ်စဉ်တခုအတွက် အကန့်အသတ်ဘောင်များ ရှိရန်လိုပြီး၊ ယင်းကိုကြိုတင် သဘောတူညီမှုယူထားရန် လိုသော်လည်း၊ ကြိုမမြင်နိုင်သော အရာများကို ဖြေရှင်းရန် လုံလောက်သော ပျော့ပြောင်းညင်သာမှုလည်း ရှိရမည်။ ဤသည်မှာလည်း ဖြစ်စဉ်အတွက် လိုအပ်ချက်တရပ်ဖြစ်သည်။

စေ့စပ်ဆွေးနွေးအစပိုင်း၌ဖြစ်တတ်သည့် သဘာဝတခုမှာ ကာကွယ်ထိန်းသိမ်းလိုသော တွေးခေါ်မှုအလေ့အထ (naturally protective mind-set) ရှိတတ်ခြင်းဖြစ်သည်။ ယင်းမှာ စေ့စပ်ညှိနှိုင်းသူများအနေဖြင့် တွေ့ဆုံဆွေးနွေးခြင်းအတွက် ကြိုတင်သတ်မှတ်ချက်များ ရှာဖွေ သတ်မှတ်လေ့ရှိခြင်းကို ဆိုလိုသည်။ သို့သော် ကြိုတင်သတ်မှတ်ချက်များ အလွန်တရာများပြားခြင်းသည် ဖြစ်စဉ်ကို အလွယ်တကူပျက်ပြားလွယ်စေပြီး၊ အစပိုင်းကနဦးကပင် အဟန့်အတားများ ပိတ်ဆို့မှုများ ဖြစ်လာစေနိုင်သည်။ ကြိုတင်သတ်မှတ်ချက်များသည် (ယင်းကို)ဆော်ဩတောင်းဆိုသူများကိုပင် တန်ပြန်ထိခိုက်စေသည့်သဘောရှိသည်။ အချို့ဖြစ်ရပ်များတွင် စေ့စပ်ညှိနှိုင်းသူများအနေဖြင့် သူတို့၏ လူထုပရိတ်သတ်များဆီပြန်သွားရမည်။ ယခင်က အာဘောင်အာရင်းသန်သန် အခိုင်အမာပြောဆိုခဲ့သည့် အခြေအနေများသည် အားလုံးပြီးသည့်နောက် အလွန်အရေးပါတော့မည်မဟုတ်ကြောင်း လူထုပရိသတ်ကို နားလည်အောင် ရှင်းပြရတတ်သည်။ အကယ်၍ စေ့စပ်ညှိနှိုင်းရေးသမားများအနေဖြင့် (ဆွေးနွေးမှု)နယ်ပယ်အသစ်ကိုရွှေ့ပြောင်းဆွေးနွေးသွားရမည်ဆိုလျှင် အစပိုင်းတွင် အဓိပ္ပါယ်ရှိခဲ့သော ကြိုတင်သတ်မှတ်ချက်များသည် မဆီမဆိုင်ဖြစ်လာနိုင်သည်၊ သို့မဟုတ် ပို၍ (ဆွေးနွေးပွဲကို) နှောင့်နှေးသွားစေနိုင်သည်။

ဆွေးနွေးမှုဖြစ်နေစဉ်အတွင်း ကနဦးထားရှိခဲ့သည့်ရည်မှန်းချက်နှင့် ပစ်မှတ်များ ပြောင်းလဲသွားနိုင်သည်။ ထိုအခါဖြစ်စဉ်အတွက် (ယခင်ကချမှတ်ထားသော)

## ၃၊၂။ ဖြစ်စဉ်ပြင်ဆင်ရေးဆွဲမှု အတွင်းအရေးကြီးကိစ္စများ

**စာပုံး ၃ စေ့စပ်ညိုနှိုင်းရေးဖြစ်စဉ်ရေးဆွဲရာတွင် အဓိကကျသည့်အရာများ**

- ၁။ မတိုးမဆုတ်နိုင်အခြေအနေကို အများစုက သဘောပေါက်နားလည်ခြင်း။ ။ မတိုးမဆုတ်နိုင် အကြပ်အတည်းဖြစ်နေသည်ကို အားပြိုင်အင်အားစုများအကြား အပြန်အလှန် သတိပြု နားလည်ချိန်တွင် စေ့စပ်ညှိနှိုင်းမှုများဖြစ်လာလေ့ရှိသည်။ ထိုအခြေနေကို "ထိခိုက်လာသော လိပ်ခဲတည်းလည်းဖြစ်မှု" ဟု ရည်ညွှန်းလေ့ရှိသည်။
- ၂။ အခွင့်အလမ်းများ ဆုပ်ကိုင်ခြင်း။ ။ သို့သော်လည်း ထိခိုက်လာသော လိပ်ခဲတည်းလည်းဖြစ်မှု အခြေအနေရှိခြင်းနှင့်ပင် စေ့စပ်ဆွေးနွေးပွဲ တခု ဖြစ်လာသည် မဟုတ်ပေ။ ထိုအခြေအနေ သည် ပဋိပက္ခအဖြေအတွက် ရင့်မှည့်သည့်အချိန်ခဏတာဖြစ်နိုင်သည်။ ထိုရည်မှည့်သည့် ခဏတာကို သတိပြုမိရန်၊ ဆုပ်ကိုင်မိရန်နှင့် အသုံးချနိုင်ရန်လိုအပ်သည်။ ထိုအချိန်မျိုးတွင် အခွင့်အလမ်းကောင်းများ လက်မလွတ်သွားစေရန် ဆက်လက်ဖြစ်ပေါ်နေသည့် ပဋိပက္ခတရပ်ကို အမြဲတစေအကဲဖြတ် ဆန်းစစ်နေရမည်ဖြစ်သည်။
- ၃။ အပြန်အလှန်ယုံကြည်မှု၏အရေးပါချက်။ ။ ပဋိပက္ခတခုတွင် ရန်သူများမှ မိတ်ဆွေများအဖြစ် ပြောင်းလဲလာမှသာ ဖြေရှင်းနိုင်မည်မဟုတ်။ သို့သော် စေ့စပ်ညှိနှိုင်းမှု တခု ဖြစ်ရန် ပူးတွဲ လုပ်ကိုင်ဆောင်ရွက်မှု အနိမ့်ဆုံးအဆင့်တခုဖြစ်စေ ရှိရန် လိုအပ်သည်။
- ၄။ ပျော့ပြောင်းညင်သာမှု။ ။ စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်တွင် ပျော့ပြောင်းညင်သာမှုရှိနေရန်လိုအပ်သည်။ ကြိုတင်သတ်မှတ်ချက်များ အလွန်များပြားခြင်းသည် တွေ့ဆုံဆွေးနွေးမှု၏ အဟန့်အတားဖြစ်လာနိုင်သည်။

အခြေခံကန့်သတ်ချက်ဘောင်များ နှင့်အခြေခံစည်းမျဉ်းများကို လိုက်လျော်ညီထွေ ဖြစ်အောင် ပြင်ဆန်ရန်လိုသည်။ ဥပမာအားဖြင့် နှစ်ပေါင်းများစွာကြာမြင့်သည့်အခါ သီရိလင်္ကာရှိ ဆွေးနွေးမှုများပြောင်းလဲလာသည်ကို ကြည့်ပါ။ ဖြစ်နိုင်ချေရှိခြင်း၊ လက်ခံနိုင်ခြင်း သို့မဟုတ် လိုက်လျော်ညီထွေရှိခြင်းတို့အပေါ် မူတည်ပြီး ဆွေးနွေးမှုသည် တတိယပါတီ (ကြားဝင်ဖြန်ဖြေသူ)မှတဆင့်၊ အစုအဖွဲ့ပေါင်းစုံညီလာခံမှတဆင့်၊ နှစ်ဦးနှစ်ဖက်စေ့စပ်ခြင်းမှနေ၍ တရားမဝင် တဖွဲ့တဦးချင်း ပုဂ္ဂိုလ်ရေးစေ့စပ်မှုအဖြစ် ပြောင်းလဲလာသည်။ နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံမှ ဝင်ရောက်အကျိုးဆောင်ပေးခြင်းဖြင့် တရားဝင် စကားပြောဆိုမှုဖြစ်လာသည်။ (အားပြိုင်အင်အားစုများ၏) လိုအပ်ချက် များသည် အမြဲတစေပြောင်းလဲနေပြီး၊ ယင်းနှင့် အညီ ဖြစ်စဉ်ကိုလည်း ပြောင်းလဲပေး ရမည် ဖြစ်သည်။ ဖြစ်စဉ်ပြင်ဆင်ရေးဆွဲရာ၌ ပျော့ပြောင်ညင်သာမှု ရှိခြင်းသည် ဒုသားပေသားခံနိုင်ရည်မရှိခြင်း (အားနည်းခြင်း) သို့မဟုတ် မူကင်းမဲ့ခြင်း ဆိုသည့် အဓိပ္ပါယ်မသက်ရောက်ပါ။ သို့သော် အစုအဖွဲ့များအနေဖြင့် တွေ့ဆုံဆွေးနွေးမှုကို တမင်သက်သက် ဖျက်ဆီးရန်အတွက် မိမိကိုယ်ကို ချောင်ထဲမှ မထွက်ခြင်း (ကန့်သတ် ချက်များကို တရားသေ ကိုင်စွဲထားခြင်း) သို့မဟုတ် အခြားနည်းလမ်းအရှင်မထားပဲ မိမိ ကိုယ်ကိုတုတ်နှောင်ထားခြင်းမျိုးမပြုမိစေရန် သတိကြီးကြီးထားရမည်။ ငြိမ်းချမ်းရေး ဆွေးနွေးမှုဖြစ်စဉ်တခုလုံးအပေါ် ကျယ်ပြန့်သောအမြင်ထားခြင်းဖြင့် နှစ်ဖက် စကားပြောဆိုဖြင့် ပဋိပက္ခ တရပ်ကို အဆုံးသတ်နိုင်ပြီဟုထင်ရခြင်းသည် ဆွေးနွေး ညှိနှိုင်းမှု လမ်းကြောင်းပြန်လည်ပေါ်လာစေရန်အတွက် အထောက်အကူ ပြုနိုင်သည်။ ဤအချက်ကို Step-break-gesture-step ပုံစံဟု သတ်မှတ်နိုင်သည်။ ဥပမာမှာ ပဋိပက္ခအတွင်းရှိအစုအဖွဲ့များအနေဖြင့် စေ့စပ်ညှိနှိုင်းမှုအတွင်း ဝင်ရောက်လာ

သည့်နောက် တိုးတက်မှုများအတွက် ခြေလှမ်းတရပ်လှမ်းရသည်။ အချို့သော သဘောကွဲလွဲမှုများဖြစ်လာပြီး စေ့စပ်ညှိနှိုင်းမှုရပ်နားရသည်။ သည့်နောက်ပိုင်း ဆွေးနွေးမှုပြင်ပတွင် ဆွေးနွေးပွဲပြန်ဖြစ်လာရန်နှင့် နောက်ထပ်ရပ်နားမှုမျိုးမကြုံစေရန် ဆွေးနွေးပွဲ၏နောက်ထပ်ခြေလှမ်းသစ်တရပ်အတွက် ညှိနှိုင်းဆောင်ရွက်ရသည်။ ဆွေးနွေးမှု တခု၏ အောင်မြင်မှုသည် လွယ်လွယ်ကူကူ မဖြစ်လာနိုင်သည်နှင့်အမျှ ဖြစ်စဉ်ရေးဆွဲရာတွင် ပိုမို ပျော့ပြောင်းညင်သာလေလေ တိုးတတ်မှုအတွက် အခွင့်အလမ်း များလေလေ ဖြစ်သည်။

## ၃၊ ၃ ။ ကြိုတင်ညှိနှိုင်းမှု

အကြိုဆွေးနွေးပွဲ ဟူသည်မှာ ဆွေးနွေးပွဲဘောင်သတ်မှတ်ခြင်း – သက်ဆိုင်ရာစည်းမျည်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဖွဲ့ စည်းပုံ၊ နှင့် တာဝန်ယူမှုများ – ကို ဆွေးနွေးရနိုင်သမျှ ဆွေးနွေးထားခြင်းဖြစ်သည်။ အကြို ဆွေးနွေးပွဲများ သည် အလွန် အရေးကြီးသော အခန်းမှ ပါဝင်သည်။

အိုင်ရစ်စကားအသုံးအနှုန်းတွင် စေ့စပ်ညှိနှိုင်းမှုအကြိုကို "စကားပြောရန် စကားပြောခြင်း" ဟု ဆိုပေသည်။ ထိုအဆင့်သည် နောက်ပိုင်းဆွေးနွေးနိုင်မည့် အကြောင်းရပ်များ အတွင်း သတ်မှတ်ချက်ဘောင်များ ကြိုတင် ထားရှိခြင်းနှင့် ပတ်သက်သည်။ သို့သော် ဤအဆင့်တွင် အကြောင်းရပ်များကို ချဆွေးနွေးခြင်းမရှိသေးချေ။ ယခု စာအုပ်ပါဖော်ပြချက်များအရ စေ့စပ်ညှိနှိုင်းမှုအကြိုသည် အနာဂတ်ဆွေးနွေးပွဲရလဒ်ကို ပြင်ဆင်ရေးဆွဲခြင်းမဟုတ်ချေ။ (ရလဒ်ရေးဆွဲခြင်းသည် ပေါ်လာမည့် စကားပြောဆိုမှုများ အမှန်တကယ် မစမချင်း၊ စောင့်ဆိုင်းရဦးမည် ဖြစ်သည်)။ စေ့စပ်မှုအကြိုသည် ဖြစ်စဉ်အပေါ် အလေးထားဂရုစိုက်သည်။ ဤသည်မှာ ဖြစ်စဉ်အတွက် ညှိနှိုင်းခြင်း ပင်ဖြစ်၏။ စေ့စပ်ညှိနှိုင်းမှုအကြို၌ ဆွေးနွေးရန် အကြောင်းရပ်များမှာ လုပ်ထုံးလုပ်နည်း၊ ဖွဲ့စည်းမှု၊ အခန်းကဏ္ဍများနှင့် ဆွေးနွေးရန်ခေါင်းစဉ်များ ဖြစ်သည်။အကြိုညှိနှိုင်းမှု၏ အဓိကရည်ရွယ်ချက်တရပ်မှာ ပြဿနာရပ်များနှင့် ဆွေးနွေးစရာ အကြောင်းရပ်များ အကြား နှစ်ဖက်ဆက်စပ်မှုရှိနိုင်သည့် (နှစ်ဖက်စလုံးလက်ခံနိုင်မည့် အဓိပ္ပယ်ဖွင့်ဆိုချက်) ဖော်ပြချက်တရပ်ရလာစေရန်ဖြစ်သည်။ သို့သော် နောင်တွင်ပြန်လည်ကိုးကားရန် အတွက် ထိုအကြောင်းရပ်များကို အဓိပ္ပယ်ဖွင့်ဆိုသည်မှအပ၊ ယင်းတို့ကို ချက်ချင်းလက်ငင်း ကိုင်တွယ်ဖြေရှင်းရန် မရည်ရွယ်ချေ။ ထိုသို့အကြိုအဆင့်အတွက် ကိုယ်စားလှယ်အနည်းငယ်ဖြင့် သို့မဟုတ် တဦးချင်းလွတ်လပ်သည့် ကိုယ်စားလှယ်မှ တဆင့်၊ မျက်နှာချင်းဆိုင်စကားပြောဆိုခြင်း သို့မဟုတ် တတိယကြားခံမှတဆင့် စကားပြောခြင်းဖြင့်လည်း စတင်နိုင်သည်။

ကြိုတင်ညှိနှိုင်းမှု အရေးပါခြင်းကို လျော့လျော့ပေါ့ပေါ့ မတွေးသင့်ပါ။ ဖြစ်စဉ်ညံ့ဖျင်းခြင်းသည် ပျက်ပြားမှုကို ကျိန်းသေနီးပါး ဖြစ်စေလိမ့်မည်။ စကားပြောဆိုမှုမစခင် ကတည်းကပင် လုပ်ငန်းပိုင်းနှင့် ဆိုင်သော (အသေးစိတ်) လုပ်ထုံးလုပ်နည်းဆိုင်ရာ မေးခွန်းများကို ကြိုတင်ရှင်းလင်းထားရန်လိုအပ်သည်။ သို့တည်းမဟုတ်ပါက ညှိနှိုင်းမှုဖြစ်စဉ်တိမ်းချော်နိုင်သည့် ဆိုးကျိုးများ နောင်တွင် ဖြစ်ပေါ်လာဖွယ်ရှိသည်။ ဤစာအုပ်တွင် ကောင်းမွန်သောဖြစ်စဉ်ကြောင့် ရလဒ်ကောင်းများဖြစ်စေကြောင်း ဖော်ပြထားသည်။ အကြိုစေ့စပ်ညှိနှိုင်းမှုဆိုင်ရာ ကောင်းမွန်သောလုပ်နည်းကိုင်နည်း များက လက်တွေ့နယ်တွင်ကောင်းမွန်ထိရောက်သော စေ့စပ်ညှိနှိုင်းမှုများဖြစ်စေရန် တွန်းပို့ပေးနိုင်သည်။ ထို့အပြင် ထိရောက်သော အကြိုစေ့စပ်ညှိနှိုင်းမှုအဆင့်သည် အစောပိုင်းကဆွေးနွေးခဲ့သလို အရေးပါသည့် လုပ်ငန်းဆက်စပ်မှုများ တိုးတက်လာစေရန် အထောက်အကူပေးသည်။ အထူးသဖြင့် လူထုနှင့်သတင်းသမားများသို့ အသိမပေးသေးပဲ ညှိနှိုင်းမှုအခြေအနေကို လျှို့ဝှက်ထိန်းထားနိုင်မည်ဆိုပါက တိတ်ဆိတ်သည့်အကြိုညှိနှိုင်းမှုသည် အရေးကြီးသည့် အခွင့်အလမ်းများကိုဖန်တီးပေးနိုင်သည်။ အခြေအမြစ်ရှိသည့်အကြောင်းရပ်များပေါ်ထွက်လာမှုမရှိခင် ဆန့်ကျင်ဖက်များအကြား တွေ့ဆုံဆွေးနွေးမှုအလေ့အထကို တိုးများလာစေလိမ့်မည်။

## ၃၊၂။ ဖြစ်စဉ်ပြင်ဆင်ရေးဆွဲမှု အတွင်းအရေးကြီးကိစ္စများ

အကြိုညှိနှိုင်းမှုတခုသည် ယခုပိုင်းခြားစိတ်ဖြာတင်ပြထားသကဲ့သို့ လက်တွေ့ အခြေအနေတွင် ဖြစ်မလာပဲ၊ ပြတ်သားရှင်းလင်းမှုလည်း (အကြိုဆွေးနွေးမှုနှင့် ပတ်သက်၍) ရှိချင်မှ ရှိလိမ့်မည်။ အကြိုညှိနှိုင်းမှုသည် အလွန်တရာကောင်းမွန်နေမည်ဆိုက စေ့စပ်ညှိနှိုင်းမှုတခုလုံးကို ချောချောမွေ့မွေ့ဖြစ်သွားစေနိုင်သည်။ သို့တည်းမဟုတ် အခြေအမြစ်ရှိသည့်ညှိနှိုင်းမှုတခု ရှေ့မတိုးနိုင်ဖြစ်လာသည့်အခါ အကြိုညှိနှိုင်းမှုကို ပြန်ကောက်၍ ဆွေးနွေးရန် လိုအပ်သည့် အခါမျိုးလည်း ရှိတတ်သည်။ ပဋိပက္ခအတွင်း အစုအဖွဲ့များ၏ မိမိကိုယ်ပိုင်သဘောထားအရအကြိုညှိနှိုင်းမှုဖြစ်စဉ် ပေါ်လာနိုင်သလို၊ စေ့စပ်ပေးရန်အတွက် ပဋိပက္ခအတွင်းဝင်ရောက်လာသည့် အင်အားကြီးသည့် တတိယကြားအင်အားစု၏ ပြင်ပဖိအားကြောင့်လည်း အကြိုညှိနှိုင်းမှုဖြစ်စဉ် ပေါ်လာနိုင်သည်။

အလုံးစုံစေ့စပ်ညှိနှိုင်းရေးအတွက် ရည်ရွယ်ရင်းမရှိပဲနှင့်လည်း အကြိုညှိနှိုင်းမှု ဖြစ်လာနိုင်သည်။ ဘက်အသီးသီးအနေဖြင့်လည်း အပ်စပ်လျော်ကန်သည့် စေ့စပ်ညှိနှိုင်းမှုအတွက် အလှမ်းဝေးနေဆဲလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့ငြားလည်း ပြဿနာအရပ်ရပ်ကိုပူးတွဲအဓိပ္ပါယ်ဖွင့်ဆိုရင်း ကွဲပြားလာသည့် ကိစ္စရပ်များအပေါ် အပြန်အလှန်နားလည်မှု တိုးတက်လာစေရန်အတွက် ရိုးရိုးသားသားရည်ရွယ်သည့် ပဏာမအဆင့် စတင်ဆက်စပ်မှုသည် အရေးကြီးသည့် ခြေလှမ်းဖြစ်သည်။ ထိုတိုးတက်မှုမှ တချိန်တခါသော အနာဂတ်အဆင့်တွင် စေ့စပ်ညှိနှိုင်းမှုကို ပိုမိုလွယ်ကူချောမွေ့စေရန် လုပ်ဆောင်ပေးသလို၊ တိုက်ရိုက်စကားပြောဆိုမှု၏ အလားအလာများကို လက်တွေ့ဖြစ်နိုင်ချေနှင့်ပိုမိုနီးစပ်စေရန် ဆောင်ကျဉ်းပေးသည်။ ၁၉၉၃ခုနှစ် အရှေ့အလယ်ပိုင်းသဘောတူညီချက်ရရန် ညှိနှိုင်းပေးသည့် နော်ဝေးနိုင်ငံနောက်ခံလမ်းကြောင်း back-channel ဖြစ်စဉ်မှာ ဥပမာတရပ်ဖြစ်သည်။ နော်ဝေးသံတမန်တဦး၏ ကနဦးကြိုးပမ်းချက်ဖြင့် ပါလက်စတိုင်းအဆင့်မြင့် အဖွဲ့ဝင်တဦးနှင့် အစ္စရေးအကြံပေးတို့အကြား နော်ဝေးနိုင်ငံအတွင်း ယင်းသံတမန်၏နေအိမ်၌ အရေးကြီးသည့် လျှို့ဝှက်အစည်းအဝေးကျင်းပခဲ့သည်။ ခေါင်းဆောင်နှစ်ဦးသည် မိမိတို့၏ လုပ်နိုင်စွမ်းအပြည့်ဖြင့် တရားဝင်မဟုတ်သည့်ဆွေးနွေးမှုများကို စတင်ခဲ့သည်။ သူတို့၏ စကားပြောဆိုမှု သည် သူတို့ကြုံတွေ့နေရသည့်ပြဿနာ၏ အဓိပ္ပါယ်ကို အပြန်အလှန်အဓိပ္ပါယ်ဖွင့်ဆိုကြသည်။ ထို့နောက် ပြဿနာရပ်များဖြေရှင်းဆောင်ရွက်ရေးအတွက် အတားအဆီးများကို ဆန်းစစ်ပြီး၊ ထိုအတားအဆီးများကို ကျော်လွှားနိုင်မည့် ဖြစ်နိုင်ချေများကို ဆွေးနွေးကြသည်။ ထိုကိစ္စရပ်များသည် ဆွေးနွေးပွဲခေါင်းစဉ်တပ်သည့် အကြိုညှိနှိုင်းမှုဖြစ်စဉ်အတွင်းဆွေးနွေးပြောဆိုစရာအဖြစ် အမှန်တကယ်ဖြစ်လာသည်။ စကားပြောဆိုမှုများသည် တရားဝင်မဟုတ်ပဲ စူးစမ်းလေ့လာခြင်းဖြစ်သည်။ ထိုစကားပြောဆိုမှုများကိုတဖက်ဖက်မှ ငြင်းပယ်၍လည်းရနိုင်သလို ပုံမှန်အားဖြင့် အထက်ခွင့်ပြုသဘောတူချက်ရရန်လည်းမလိုပေ။ နောက်ပိုင်းတွင် ဆက်လက်သဘောတူ ဆောင်ရွက်ရန် မျှော်လင့်ချက် သို့မဟုတ် ဂတိကဝတ်များလည်းမရှိ။ သို့သော်လည်း ထိုသို့အကြိုညှိနှိုင်းမှုသည် သူ့အချိန်အဟုန်နှင့်သူဖြစ်နေပါက – အထူးသဖြင့် ပါဝင်ဆွေးနွေးသူနှစ်ဖက်အကြား ယုံကြည်မှုမြင့်မားလာခြင်းကြောင့် – ယင်းတို့နှင့်သက်ဆိုင်ရာပုံမှန်ဖွဲ့စည်းမှုဖြစ်သည့် PLO နှင့် အစ္စရေးအစိုးရ တို့အကြား တရားဝင်ဆွေးနွေးလာနိုင်ရန် အထောက်အကူဖြစ်လာသည်။ အဆုံးသတ်တွင် တွေ့ဆုံဆွေးနွေးခြင်းကြောင့် တရားဝင်ဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းများနှင့် စေ့စပ်ညှိနှိုင်းရေးအလုံးစုံကို ဖြစ်ထွန်းစေခဲ့သည်။ ထိုအချက်အရ တဦးချင်းသိုသိုသိပ်သိပ်ဖြင့် စူးစမ်းလေ့လာသည့် အကြိုညှိနှိုင်းမှုကို ခပ်ကျဉ်းကျဉ်း စတင်ပြုလုပ်ချိန်တွင် ငြိမ်းချမ်းရေးသဘောတူညီမှု အန္တိမရည်ရွယ်ချက်ကို အလေးထားရန် မလိုသေးပေ။

အထက်ပါ သာဓကထက်ပိုမိုတရားဝင်သာ အကြိုညှိနှိုင်းမှုအကြို ဥပမာတရပ်မှာ တောင်အာဖရိကဖြစ်စဉ်ဖြစ်သည်။ တောင်အာဖရိက ဆွေးနွေးပွဲ၏ အကြိုညှိနှိုင်းမှုတွင်မူ နောင်ပြုလုပ်မည့် ဆွေးနွေးပွဲဆိုင်ရာအစီအစဉ်များကို အရေးပါသည်မှုသုံးရပ် ဖြင့် ထိထိရောက်ရောက်အခြေခံ သတ်မှတ်နိုင်ခဲ့သည်။ ယင်းမှုတို့အနက် တခုမှာ ဆွေးနွေးပွဲကို ကြီးမားကျယ်ပြန့်သည့်အတိုင်းအတာဖြစ်လာအောင်ပြင်ဆင်ခြင်းနှင့် နောက်တခုမှာ ဆွေးနွေးပွဲအကြောင်းအရာများကို အခြေခံသတ်မှတ်ခြင်းဖြစ်သည်။ နောက်ဆုံးတခုမှာ ဆွေးနွေးပွဲဖြစ်စဉ်များဖြစ်သည်။ ထိုဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သူတဦး၏မှတ်ချက်မှာ –

တိုးမရဆုတ်မရအကြပ်အတည်းရှိနေကြောင်း အများက (နှစ်ဖက်စလုံးက) နားလည် သဘောပေါက် လက်ခံခြင်းသည် အရေးပါသည်ဟုထင်ရသလို၊ စေ့စပ်ညှိနှိုင်းမှု၏ ပထမအဆင့် (အကြိုညှိနှိုင်းမှု)မှာ ထို အကြပ်အတည်းကို ဖော်ထုတ်တင်ပြခြင်းနှင့် ဆွေးနွေးဖက်များ၏ အတွင်းစိတ်ကို မြေပုံဖော်ခြင်း mental map သည်လည်း အရေးကြီးပေသည်။ တောင်အာဖရိကဖြစ်ရပ်တွင် ပဋိပက္ခအတွင်းရှိအဓိကအစုအဖွဲ့များ အနေဖြင့် အကြပ်အတည်းရှိခြင်းကို ဘုံနားလည်မှု နှင့် ထိုအခြေအနေမှ ရှောင်လွှဲရန်ရှေ့ဆက်ရမည်အပေါ် ရှင်းရှင်းလင်းလင်း ဖြစ်စေမည့် Groote Schuur မှတ်တမ်း၊ Pretoria မှတ်တမ်းနှင့် အပြန်အလှန်နားလည်မှုမှတ်တမ်းများကို သဘောတူညီစွာ ချမှတ်နိုင်ပြီး၊ ယင်းမှတ်တမ်းများသည် နောင်ဖြစ်စဉ်အတွက် အရေးပါသည့် မှတ်တိုင်များ ဖြစ်လာပါသည်။

### ၃၊ ၃၊ ၁ ။ အကြိုညှိနှိုင်းမှု အစီအစဉ် (The pre-negotiation agenda)

ဆွေးနွေးဖက်များ၏အတွင်းစိတ်ကို မြေပုံဖော်ခြင်း (common mental map) ထိုမှတဖန် ထိုမြေပုံအရ ဖြတ်သန်းသွားလာမည့် လမ်းသစ်များ ဖန်တီးဖောက်ထွက်ခြင်းသည် အကြိုညှိနှိုင်းခြင်း၏ အရေးကိစ္စများဖြစ်သည်။ အတူတကွ စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်အတွက် ပြင်ဆင်ရေးဆွဲထားရာတွင် သတိရှိရှိ စဉ်းစားဆင်ခြင်မှုနှင့် စနစ်တကျ အစီအမံရေးဆွဲခြင်းတို့ လိုအပ်သည်။ ထိုမှ ရလာသည့် ဖြစ်စဉ်ကို အစုအဖွဲ့အားလုံးမှ တရားဝင်လက်ခံရန်လည်းလိုအပ်သည်။

စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်တရပ် တိုးတက်လာစေရန်အတွက် လုပ်နိုင်ချေများကို တင်ပြ၍ ထိုဆွေးနွေးမည့်ကိစ္စများ တခုချင်းစီကို ပြန်လည် ဆန်းစစ်ရပေမည်။ လုံးဝဆန်းသစ်သည့်အမြင်များ ဖြစ်ပေါ်လာရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များနှင့် ထိုအခြေအနေများ၏ စွမ်းပကားကို အချိန်ပြည့်ခေါင်းထဲတွင် ထည့်သွင်းထားပါ။ ထိုသို့လုပ်ခြင်းဖြင့် ထုသားပေသားကျအောင် ခံနိုင်ရည်ရှိပြီး တာရှည်ခံမည့် ဖြစ်စဉ်ရေးဆွဲရန် အစုအဖွဲ့များအတွက် အထောက်အကူပြုနိုင်ပါသည်။ သူတို့၏ကိုယ်ပိုင် ယဉ်ကျေးမှုပုံစံအရ ဒေသခံများအကြားအငြင်းပွားမှုဆိုင်ရာ ဖြေရှင်းရေးနည်းနာပုံစံများရှိနိုင်သည်ကိုလည်း သတိပြုမိရန်လိုသည်။ ဖြစ်စဉ်ရေးဆွဲမှုတခုလုံးအတွက် အားကောင်းစေရန် ထိုအချက်

များကို သဘောတူလက်ခံခြင်း သို့မဟုတ် လိုက်ဖက်ညီအောင် ပြင်ဆင်ကျင့်သုံးခြင်း ရှိအပ်သည်။

## ၃၊ ၄ ။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှုဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

(Developing a Specific Negotiation Process)

### ၃၊ ၄၊ ၁ ။ ပါဝင်သူများ

မြောက်အန်ယာလန်နိုင်ငံရေးသမားများသို့ပေးခဲ့သည့် နယ်လ်ဆင် မန်ဒဲလား၏ ကျော်ကြားလှသည့် အကြံပြုချက်တခုမှာ "သင့်၏မိတ်ဆွေများနှင့်ဆွေးနွေး စကားပြောဆိုခြင်းဖြင့် ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်၊ သင့်၏ရန်ဖက်များနှင့် ဆွေးနွေးခြင်းဖြင့်သာ ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မည်"ဟု ဆိုထားသည်။ ဆွေးနွေးစကားဝိုင်းများအတွက် အနှောက်အယှက်ဖြစ်မည် အဟန့်အတားဖြစ်မည်ကို စိုးရိမ်သဖြင့် ဆွေးနွေးမှုဖြစ်စဉ်အတွင်းမှ စိုးရိမ်ရသည့် ထိုအစုအဖွဲ့များကို ဖယ်ရှားရန် ကြိုးစားခြင်းကြောင့် ဆွေးနွေးပွဲပျက်စီးရေး အန္တရာယ်များများလာတတ်သည်။ အပယ်ခံအုပ်စုများကလည်း သဘောတူညီချက်မရနိုင်ရန် နည်းမျိုးစုံဖြင့် ပြင်ပမှ နှောင့်ယှက်လာသဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ခက်ခဲအားနည်းစေသည်။ အလယ်အလတ်သမားများအချင်းချင်း ညှိနှိုင်းဆွေးနွေးရန် ပိုမိုလွယ်ကူသော်လည်း၊ ပြဿနာများဖြစ်စေသည့်သူများကို ဖယ်ရှားခြင်း ဘေးထုတ်ထားခြင်းမျိုးထက်စာလျှင် တိုက်ရိုက်ဆက်စပ်ရန်လိုအပ်သည်ဟူသော မန်ဒဲလား၏အဆိုမှာ အကြွင်းမဲ့ မှန်ကန်သည်။ ၁၉၉၁ခုနှစ်နှင့် ၁၉၉၂ကာလ မြောက်အန်ယာလန်စေ့စပ်ညှိနှိုင်းမှုများ ပျက်ပြားရသည့်အကြောင်းရပ်များတွင် ဤတချက်လည်းအပါဖြစ်သည်။ အလယ်အလတ်သမားများအနေဖြင့် ညှိနှိုင်းဆွေးနွေးပြီး သဘောတူညီချက်ရရန် ကြိုးစားနေချိန်တွင် နှစ်ဖက်စလုံးရှိ လက်နက်ကိုင်အစွန်ရောက်အင်အားစုများသည် ဖယ်ထုတ်ထားခြင်းခံထားရသည်။ လက်နက်ကိုင်အင်အားစုများအကြမ်းဖက်မှုဖြင့် သွေးကြွနေသော ပတ်ဝန်းကျင်အခြေအနေသည် ဆွေးနွေးပွဲ၏အရေးပါမှုနှင့် ထိရောက်မှုကို ထိခိုက်စေခဲ့သည်။

၁၉၇၀နှစ်များ အလယ်ကာလကတည်းမှစခဲ့သည့် လစ်ဘာနွမ်လူမျိုးပဋိပက္ခများအတွင်း အစုအဖွဲ့များအကြား အပြန်အလှန်ပတ်လည် အမျိုးမျိုးဆွေးနွေးမှုဖြစ်စဉ်များကို ပြန်လည်ဆန်းစစ်ကြည့်၍ ပညာရှင်ခေါင်းဆောင်နှစ်ဦးက အောက်ပါအတိုင်း အခိုင်အမာမှတ်ချက်ပြုခဲ့သည်။

> လစ်ဘာနွမ်ပဋိပက္ခအတွင်း ဖွဲ့စည်းမှုသဏ္ဍာန်အရ အရေးအကြီးဆုံးဆက်စပ်မှုသည် ညှိနှိုင်းမှုအတွင်းပါဝင်သူများနှင့် ပါဝင်ခွင့်မရသူများ ဖယ်ထုတ်ထားသူများ အခြင်းခြင်း ဆက်စပ်မှုကို မဏ္ဍိုင်ပြုနေပေသည်။ ပဋိပက္ခအတွင်းရှိ အစုအဖွဲ့အားလုံးအနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်ခြင်းမရှိက ပဋိပက္ခအဖြေထုတ်မှုအောင်မြင်မည်မဟုတ်ချေ။ အပယ်ခံများကို အစားထိုး ကိုယ်စားပြုဆွေးနွေးပေးမည့် သူများရှိနိုင်သော်လည်း၊ ထိုသူများသည် စင်စစ် ထိုအစုအဖွဲ့များကို ကိုယ်စားပြု ဆုံးဖြတ်ပေးနိုင်ခြင်းမရှိ၍ နောက်ဆုံးတွင် အောင်မြင်မှုရနိုင်မည်မဟုတ်။

ဆွေးနွေးမှုတခုတွင် အားလုံးပါဝင်စေရေး ဟူသောမှုသည် အုပ်စုအဖွဲ့များကို သာဆိုလိုခြင်း မဟုတ်၊ ပဋိပက္ခဖြစ်နေသည့် အကြောင်းအရာများကိုပါ အထူးတလည်ဆွေးနွေးရမည် ကိုလည်း ဆိုလိုသည်။ အထူးသဖြင့် ပဋိပက္ခပြင်ပရှိသူများအနေဖြင့် ပဋိပက္ခတရပ်၏အခြားဘက်များကို အင်အားကြီးမားသည့် တမျိုးနွယ်တည်းအစု **(monolithic bloc)** အဖြစ် ရှုမြင်လေ့ရှိသည်။ ပဋိပက္ခများတွင် တစုတည်း (အတွင်း

### ၃၄။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှု ဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

စာပုံး ၄ **အကြိုညှိနှိုင်းမှုအတွက် အဓိကအချက်များ**

အောက်ပါအချက်အလက်များသည် အကြိုညှိနှိုင်းမှုအတွက် အဓိကကျသည့် အချက်များ ဖြစ်ပေသည်။ အလွန်တရာ ရှုတ်ထွေးမှုများမှ ရိုးရိုးရှင်းရှင်ထင်ရသည့်အချက်များအထိ ပါဝင်သည်။

- အခြေခံ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများအပေါ် သဘောတူညီခြင်း၊
- ကိုယ်စားပြုချက်အရ ဖြစ်စဉ်အတွင်း ပါဝင်ခြင်း၊
- စေ့စပ်ညှိနှိုင်းမှုအတွက် ကြိုတင်သတ်မှတ်ချက်များ ချမှတ်ခြင်း၊ တွေ့ဆုံဆွေးနွေးရေး အတွက် ဆုးဗြောင့်ခလုတ်များကို ရင်ဆိုင်ခြင်းများတွင် ဆက်စပ်မှုရှိခြင်း၊
- အစုအဖွဲ့များအတွက် ယှဉ်ပြိုင်စရာနယ်ပယ်အဆင့်တရပ်ကို ဖန်တီးခြင်း၊
- စေ့စပ်ညှိနှိုင်းရန် အရင်းအမြစ်များစုဆောင်ခြင်း၊
- စေ့စပ်ညှိနှိုင်းခြင်းပုံစံ၊
- နေရာနှင့် အခင်းအကျင်း၊
- ဆက်သွယ်ရေးနှင့် အပြန်အလှန်သတင်းဖလှယ်မှု၊
- ရလဒ်နှင့်ပတ်သက်၍ ကျယ်ပြန့်သည့် မူပိုင်းဆိုင်ရာအချို့အပေါ် ဆွေးနွေးခြင်းနှင့် သဘောတူညီခြင်း၊
- ဖြစ်စဉ်တလျှောက် စီမံခန့်ခွဲမှု၊
- အချိန်အကန့်အသတ်၊
- ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ထုံးလုပ်နည်း၊
- အကြပ်အတည်းအခြေအနေကို ဖောက်ထွက်ခြင်း၊ စေ့စပ်ညှိနှိုင်းမှုများ လွယ်ကူချောမောစေရန်အတွက် လုပ်ဆောင်နည်းများ၊
- တတိယကြားအင်အားစု၏ဖြစ်နိုင်သည့် အထောက်အကူပြုမှု၊

အုပ်စုများမကွဲပဲ) ညီညွတ်နေသည် ဆိုသည်မှာ ရှားရှားပါးပါးဖြစ်ရပ်ဖြစ်သည်။ နိုင်ငံရေး အဖွဲ့များ၊ မျိုးဆက်ဟောင်းနှင့်မျိုးဆက်သစ်၊ သီးခြားလိင်ဆိုင်ရာအဖွဲ့များ၊ တော်လှန်ရေး ဝါဒီများ၊ အစွန်းရောက်အင်အားစုများ၊ ငြိမ်းချမ်းရေးလှုပ်ရှားသူများ၊ စီးပွားရေး စိတ်ဝင်စားသူများ၊ စစ်ရေးစိတ်ဝင်စားသူများ စသဖြင့် အငြင်းပွားဖွယ် အုပ်စုကွဲများကို အစုအဖွဲ့တခုအတွင်းမှာပင် တွေ့ရတတ်သည်။ ဖျက်လိုဖျက်ဆီးပြုသူများမှာ ဆွေးနွေးမှုထဲတွင်ပါနေသည့်အဖွဲ့အတွင်းမှပင် ပေါ်လာနိုင်သည်။ ထိုသူများမှာ အခြားအုပ်စုကွဲတစုထက် ပိုမိုအစွန်းရောက်သော သို့မဟုတ် ပိုမိုပျော့ပြောင်းသော အဖွဲ့ဝင်များလည်း ဖြစ်နေတတ်သည်။ ယင်းတို့သည် ပယ်ထုတ်ခံထားရသည့် ပဋိပက္ခ အစုအဖွဲ့အတွင်းမှပေါ်လာသည့် အဖျက်လုပ်လိုသူများ ကဲ့သို့ပင် ဆိုးကျိုးဖြစ်စေသည်။

ထို့အပြင် စေ့စပ်ညှိနှိုင်းမှုလုပ်ဆောင်သည့်သူများအနေဖြင့် ၎င်းတို့ရပ်တည်သည့် ဘက်မှ သူတို့အပေါ်နှင်းအပ်ထားသည့် ပြည့်စုံလုံလောက်သည့် သြဇာအာဏာနှင့် အာဏာပိုင်မှုရှိရမည်ဖြစ်သည်။ ဆန့်ကျင်ဖက်အင်အားစုကလည်း ထိုသို့သော အမြင် ရှိထားရန် လိုအပ်သည်။ သူတို့အတွက် အာဏာပိုင်မှုအရ စကားပြောဆိုနိုင်ရန်၊ စွမ်းဆောင်နိုင်ရည်များ ဆက်စပ်ပေးနိုင်ရန် လိုအပ်သည်။ အတိုချုပ်အားဖြင့်ဆိုသော် တရားဝင်မှုဖြစ်ရန် စကားဝိုင်းတွင် အမှန်တကယ် ကိုယ်စားပြုသော ကိုယ်စားလှယ်များ ရှိရမည်။ ဤသို့သောအခန်းကဏ္ဍအတွက် အထင်ရှားဆုံး သြဇာအကောင်းဆုံး

## ၃၊၄။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှုဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

ပုဂ္ဂိုလ်တဦးချင်းမှာ ပါတီ/အစုအဖွဲ့၏ ခေါင်းဆောင်များကိုယ်တိုင် ဖြစ်လေ့ရှိသည်။ သို့ရာတွင် ထိုသူများ၏ ကိုယ်ပိုင် အပြင်ပန်းသရုပ်နှင့် ရပ်တည်မှုအရ ပျော့ပြောင်း ညင်သာသည့် ဆွေးနွေးမှုဖြစ်ရန် သူတို့လုပ်နိုင်ချင်မှလုပ်နိုင်လိမ့်မည်။ ယင်းမှာ ဆွေးနွေးပွဲပြင်ပတွင် သူတို့၏ ရည်တည်ချက်ဂုဏ်သိက္ခာ ကို ထိန်းသိမ်းရန်၊ သူတို့အား "အားနည်းသည်" ကို ထောက်ခံသူများက ထင်မသွားမိစေရန် အတွက် ယင်းသို့ ပျော့ပြောင်းစွာညှိနှိုင်းမှု ကို မဆောင်ရွက်နိုင်ပဲ ဖြစ်တတ်သည်။ မိမိ၏ ညှိနှိုင်းမှုစွမ်းရည်ကို ပျော့ပြောင်းညင်သာစေပြီး ဆွေးနွေးစားပွဲသို့ မိမိကိုယ်စားပြုရာ ခေါင်းဆောင်များ၏ အခွင့်အာဏာကို ဆောင်ယူလာနိုင်သော စေ့စပ်ညှိနှိုင်းရေးသမားများကို အမျှော်အမြင်ရှိရှိ ရွေးခြယ်နိုင်မှုသည် အလွန်အရေးပါသော အရာဖြစ်သည်။

> **လစ်ဘာနွမ်ပဋိပက္ခအတွင်း ဖွဲ့စည်းမှုသရုပ်သကန်အရ အရေးအကြီးဆုံး ဆက်စပ်မှုသည် ညှိနှိုင်းမှုအတွင်းပါဝင်သူများနှင့် ပါဝင်ခွင့်မရသူများ ဖယ်ထုတ် ထားသူများ အခြင်းခြင်း ဆက်စပ်မှုကို ဗဟိုပြုနေပေသည်။ ပဋိပက္ခအတွင်းရှိ အစုအဖွဲ့အားလုံးအနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်ခြင်းမရှိက ပဋိပက္ခ အဖြေထုတ်မှုအောင်မြင်မည်မဟုတ်ချေ။ အပယ်ခံများကို အစားထိုး ကိုယ်စားပြု ဆွေးနွေးပေးမည့် သူများရှိနိုင်သော်လည်း၊ ထိုသူများသည် စင်စစ် ထိုအစုအဖွဲ့များကို ကိုယ်စားပြု ဆုံးဖြတ်ပေးနိုင်ခြင်းမရှိ၍ နောက်ဆုံးတွင် အောင်မြင်မှုရနိုင်မည်မဟုတ်။**

ဆွေးနွေးပွဲဖြစ်စဉ်တွင် လွှမ်းမိုးနိုင်သည့်သူများ အားလုံးပါဝင်လာရန်လုပ်သည်မှာ ခက်ခဲသော်လည်း ဤသို့လုပ်နိုင်ခြင်းဖြင့် အောင်မြင်သည့်ရလဒ်တရပ် ထုတ်နိုင်ရန် အခွင့်အလမ်းပိုတိုးလာတတ်သည်။ အမှန်တကယ်အားဖြင့်မူ အနိမ်ဆုံးလိုအပ်ချက် အဖြစ် ဘက်အားလုံး၏ နိုင်ငံရေးအတွေးအမြင်များကိုလည်း ထည့်သွင်းစဉ်းစားနိုင် ရမည်ဖြစ်သည်။ ဆွေးနွေးပွဲပါဝင်သူများသည် ဆွေးနွေးပွဲအရှိန်ရလာသည်နှင့် ဖြစ်စဉ်မှပယ်ထုတ်ထားသူများ အသိမဲ့ပြင်ပရောက်နေသူများကို ဖြစ်စဉ်အတွင်း ပါဝင်လာရန် ကြိုးပမ်းနိုင်သည်။ သို့တည်းမဟုတ် နောက်ဆုံးရလဒ်ပေါ်လာရေးအတွက် ထိုသူများ လက်ခံနိုင်လောက်သည့်အချက်များဖြင့် မိမိတို့ အဖွဲ့တွင်းမှ အစွန်းရောက်သူ များကို ဖြားယောင်းချော့မော့စည်းရုံးခြင်းဖြင့်လည်းကောင်း၊ အတင်းအကြပ်ပြုခြင်း များဖြင့်လည်းကောင်း သိမ်းသွင်းသွားနိုင်သည်။

အားလုံးပါဝင်ရေးမှု ကို ဖြစ်စေမည့် နည်းနာတခုမှာ ဆွေးနွေးပွဲကို ထောက်ခံသော အစုအဖွဲ့များအကြား ပါတီပေါင်းစုံ မဟာမိတ် ဖွဲ့စည်းခြင်း (cross-party coalitions) ဖြစ်သည်။ ပဋိပက္ခအတွင်းရှိ မည့်သည့်အုပ်စုတစုအတွင်း၌ဖြစ်စေ စေ့စပ်ညှိနှိုင်းမှု တန်ဘိုးစံများနှင့်ပတ်သက်၍ ကွဲပြားသောအမြင်များရှိနေနိုင်သည်။ ညှိနှိုင်းမှုဖြစ်စဉ် အတွက် ရလဒ်ပေါ်ပေါက်ရေး ထောက်ခံသူအားလုံးနှင့် လက်တွဲ ဆောင်ရွက်ရန် အရေး ကြီးသည်။ သို့သော် ရလဒ်ပေါ်လာလျှင်လည်း ထိုသူများအနေဖြင့် များစွာ သဘော ကွဲလွဲနိုင်သေးသည်။ ထိုသို့လက်တွဲရန် အစုအဖွဲ့တခုအတွင်း သို့မဟုတ် မဟာမိတ်

အင်အားစု တခုအတွင်းမှာသာမက ဆန့်ကျင်ဖက်အင်အားစုများ အကြားတွင်လည်း ဆောင်ရွက်ရန် အရေးကြီးသည်။ ကွဲပြားချက်များကို ညှိနှိုင်းရေးကို ဦးစားပေး ဆောင်ရွက်ခြင်းဖြင့် ထိရောက်သည့်ရလဒ်များဖြစ်နိုင်ချေတိုးများစေသလို၊ ဆန့်ကျင်ဖက်များ အကြားဆက်ဆံရေးကောင်းမွန်တိုးတက်ရန်နှင့် ယုံကြည်မှုတည်ဆောက်ရေး ဖြစ်စဉ်ကိုပါ အထောက်အကူပြုသည်။

ပဋိပက္ခ အဆုံးအဖြတ်ကို အမှန်တကယ်ခံစားရမည့်မည်သည့် အစုအဖွဲ့အားလုံးမဆို ယင်းတို့ ပါဝင်ခွင့်ရရန် တောင်းဆိုခွင့်ရှိသည်။ ဆွေးနွေးပွဲရလဒ်များအမှန်တကယ်ဖြစ်ပေါ်လာရန် လိုအပ်သည့် ပူပေါင်းဆောင်ရွက်မှုနှင့် ထောက်ခံအားပေးမှု ရှိမည့်သူများလည်း အစုအဖွဲ့အားလုံးအတွင်း ရှိနေရသည်။ ထိုသို့မဟုတ်ပဲ အဆုံးအဖြတ်ဖြစ်ပြီးကာမှ၊ ဆွေးနွေးပွဲပြင်ပတွင် ကျန်ရှိနေသူများ (ယခင်ကဘေးရောက်နေသူများ) ၏ နှောင့်ယှက်မှုကြောင့် ဆွေးနွေးပွဲရလဒ်များ ပျက်ပြားရသည်မျိုးလည်း ဖြစ်တတ်သည်။ သို့အတွက် ဖြစ်စဉ်အတွင်းပါဝင်သူများမှာ နိုင်ငံရေးပါတီများ၊ အုပ်စုခေါင်းဆောင်များ၊ ပြင်ပဇာတ်ကောင်များ စသဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှိရပေမည်။ ပါဝင်သည့် အရည်အတွက်များခြင်းကြောင့် ဖြစ်စဉ်နှေးကွေးသည့် သဘာဝလည်း ကြုံရတတ်သည်။ သို့သော် ဖြစ်စဉ်တခုလုံး၏ အရည်အသွေးကို မထိခိုက်စေပဲ ယင်းကျယ်ပြန့်မှုကို မည်သို့ တည်ဆောက်နိုင်ကြောင်းကို နောက်အခန်းများတွင် တင်ပြသွားမည် ဖြစ်သည်။

> သင်၏ မိတ်ဆွေများကို စကားပြောနေယုံဖြင့် ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်၊ ရန်သူများဖြင့်သာ ငြိမ်းချမ်းရေးကို တည်ဆောက်ယူရမည် ဖြစ်သည်။
>
> နဲလ်ဆင် မင်ဒဲလား

ပါဝင်မှု **(participation)** ကိစ္စသည့် အဓိကအရေးပါသည့်အကြောင်းရပ်ဖြစ်သလို ပြဿနာဖြေရှင်းရန် အတွက်လည်း အခက်ခဲဆုံး ဖြစ်တတ်သည်။ အမြစ်တွယ်နေသည့် ပဋိပက္ခအတွင်း အစုအဖွဲ့များစွာနှင့် အမြင်သဘောထားများစွာရှိသလို၊ နောက်ဆက်တွဲအားဖြင့် အစုအဖွဲ့များ၏သဘာဝနှင့်ဆန္ဒများသည် အချိန်ကာလအလိုက် ပြောင်းလဲနေတတ်သည်။ ပါဝင်မှု နှင့် ပတ်သက်၍ အဆုံးဆိုးဥပမာတရပ်အဖြစ် စပိန်နိုင်ငံ **Basque** ပဋိပက္ခအတွင်း ပါဝင်သူများအရည်အတွက်ကို လေ့လာကြည့်နိုင်သည်။ အသိအမှတ်ပြုခံ အုပ်စု နှစ်ဒါဇင်မျှမှာ ညှိနှိုင်းမှု၏အထွဋ်အထိပ်အဆင့်တွင်ပါဝင်ခဲ့သည်။ ပါဝင်သူများကို အုပ်စု ၄စုခွဲကြည့်နိုင်သည်။ ပထမအမျိုးအစားမှာ **ETA** ကိုယ်တိုင်နှင့် သူ၏ အုပ်စုနွယ်ကွဲများ၊ ထောင်ထဲနှင့်ပြည်ပရောက်နေသူများ၊ သူတို့၏မိသားစုဝင်များ ဖြစ်ကြသည်။ ဒုတိယအမျိုးအစားမှာ **Basque** ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အစိုးရနှင့် နိုင်ငံရေးပါတီများအပါအဝင် **Baque** အုပ်စုများ၊ ၎င်းနှင့်ဆက်နွယ်နေသည့် သတင်းဌာနများဖြစ်ကြသည်။ တတိယအမျိုးအစားမှာ စပိန်အစိုးရနှင့် ဆက်နွယ်လျှက်ရှိသည့် နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများဖြစ်ကြသည်။ နောက်ဆုံးအမျိုးအစားမှာ **Basque** နှင့် အယ်လ်ဂျီးရီးယားလူမျိုးနွယ်များရှိနေသည့် အိမ်နီးချင်းပြင်သစ်နိုင်ငံကဲ့သို့ အခြားတိုင်းတပါးအစိုးရများ၊ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ နိုင်ငံတကာရဲတပ်ဖွဲ့ စသည့် အဖွဲ့အစည်းပါဝင်သည့် နိုင်ငံတကာအုပ်စုများဖြစ်ကြသည်။

ထိုကဲ့သို့ အတွေးရခက် ရှုတ်ထွေးသော ပါတီအစုအဖွဲ့အမြောက်အများ **Universe of parties** သည် ရှည်ကြာအမြစ်တွယ်နေသည့် ပဋိပက္ခများတွင် ကြုံတတ်သည့် ရှုတ်ထွေးမှုတရပ်ဖြစ်သည်။ ဤသည်မှာ ဖြစ်စဉ်အတွင်းပါဝင်သူများကို တဆင့်ခံ အုပ်စုများ ခွဲထုတ်ရန် လိုအပ်ချက်ရှိကြောင်း ထောက်ပြခြင်းလည်းဖြစ်သည်။ ဥပမာအားဖြင့် ဖြစ်စဉ်အတွင်းရှိသူများကို ပြင်ပနှင့်အတွင်း အစုအဖွဲ့ဟူ၍ ခွဲထုတ်ခြင်းမျိုးဖြစ်သည်။ သို့မဟုတ် ဆွေးနွေးညှိနှိုင်းမှုလုပ်နိုင်သည့် အကြောင်းအရာများကို ခွဲထုတ်ပစ်ရန် လိုအပ်ပေသည်။ ဤသို့ခွဲထုတ်နိုင်ရန် နည်းနာများကိုမူ နောက်ပိုင်းအခန်းများတွင် တင်ပြထားပါသည်။ အီသီယိုပီးယားဥပမာကို ကြည့်မည်ဆိုပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် တိုက်ခိုက်နေကြသည့် အုပ်စုများအကြား နက်နက်ရှိုင်းရှိုင်း ကွဲလွဲမှုများသည် ၁၉၈၉ခုနှစ်တွင် အခြေအနေတခုသို့ ရောက်ရှိလာစေသည်။ ထိုအခြေအနေတွင် ရှင်းလင်းတိကျပြီး သီးခြားစီဖြစ်သည့် တွေ့ဆုံဆွေးနွေးမှု

## ၃၊၄။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှုဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

ဖြစ်စဉ်နှစ်ခုကို အစိုးရနှင့်ပြုလုပ်ခဲ့ကြသည်။ တခုမှာ အစိုးရနှင့် EPLF နှင့်ဖြစ်ပြီး ကျန်ဖြစ်စဉ်တခုမှာ အစိုးရနှင့် TPLF တို့အကြားဖြစ်ကြသည်။ ထိုသို့ သီးခြားစီခွဲ၍ ဆွေးနွေးမှုလုပ်ခြင်းသည် ထိရောက်မှုရှိလှသည်။ အဆုံးသတ်တွင် အားလုံးပါဝင်သည့် ဆွေးနွေးပွဲဖြစ်ရန်အတွက် အစပိုင်းတွင် အဖွဲ့များခွဲ၍ ဆွေးနွေးခြင်းသည် ပြဿနာမဖြစ်နိုင်ပါ။ သို့သော် အဓိကအရေးကြီးသည့်အချက်မှာ ဖြစ်စဉ်ရေးဆွဲရေး အတွက် အကြိုညှိနှိုင်းသည့်အဆင့်ကို အထောက်ပံ့ဖြစ်စေရန်ဖြစ်သည်။ ဤအဆင့်တွင် ပယ်ထုတ်ခံရပြီး ဖြစ်စဉ်အတွင်းမပါဝင်သည့် သို့မဟုတ် ဖြစ်စဉ်အတွင်းမှ နုတ်ထွက်သွား သည့် အစုအဖွဲ့များ ကို ပြန်ပါဝင်လာစေရန် ဆွဲဆောင်ဆွေးနွေးသင့်သည်။

ဆွေးနွေးပွဲအတွင်း အစုအဖွဲ့များအလိုက် ကိုယ်စားပြုသူများမည်မျှရှိမည် ဆိုသည့် ပါဝင်သူ အချိုးအစားသတ်မှတ်မှုမှာ တဆက်တစပ်တည်း ဂရုထား ဆောင်ရွက်ရမည့် ကိစ္စတရပ်ဖြစ်သည်။ အစုအဖွဲ့တိုင်းအနေဖြင့် ဆွေးနွေးမှုအတွင်း ကိုယ်စားလှယ် အရည်အတွက် တန်းတူရနိုင်မည်လား။ သို့တည်းမဟုတ် ပိုမိုအားကြီးသော အစုအဖွဲ့က ကိုယ်စားလှယ်အချိုးအစားပိုမိုပါဝင်မည်လား။ အစုအဖွဲ့အချို့ သို့မဟုတ် ညှိနှိုင်းရေးသမားအချို့ကို ပြောရေးဆိုခွင့်ရှိသည့်အဆင့်အဖြစ်သတ်မှတ်ပြီး အခြားသူများကို လေ့လာသူများအဖြစ်ထားရန် ကောင်းမွန်သည့် ကျိုးကြောင်းဆီလျော်မှုရှိပါသလား။ စကားဝိုင်းအတွင်း ပါဝင်ခွင့်ရှိသည့် အခြေခံပြဌာန်းချက်များကား မည်သို့နည်း။

### ပါဝင်ခွင့်ဆိုင်ရာမေးခွန်းများအတွက် ဖြစ်နိုင်ချေနည်းနာများ

- ဆက်သွယ်ရေးလမ်းကြောင်းများဖွင့်ထားရန်၊ ထိုလမ်းကြောင်းများသည် သေးသည့် တရားမဝင် ဖြစ်နိုင်စေကာမူ ထိစပ်မှုနှင့်အဆက်အသွယ် စတင်ရန် ကြိုးပမ်းချက် တရပ် အဖြစ်ရှိထားသင့်သည်။
- ပါဝင်ခွင့်ရရန် အကြီးအကျယ်တောင်းဆိုနေသည့်အစုအဖွဲ့အားလုံး ပါလာနိုင်ရန် အချိန်ယူရမည်။
- အဓိကအင်အားစုများအခြေခံ၍ အကြိုညှိနှိုင်းမှုညွန့်ပေါင်းအဖွဲ့ ဖွဲ့ရန်၊ သို့မှသာ ရလဒ်တရပ်အောင်မြင်ရန်အတွက် အခိုင်အမာ မျှော်လင့်ချက် အချို့ဖြင့် ဆွေးနွေးပွဲလုပ်နိုင်မည်ဖြစ်သည်။ ရှောင်ဖယ်သူများနှင့်လည်း ပူးတွဲလုပ်နိုင်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။ သို့မဟုတ် ပယ်ကျဉ်း ခံရသည့်အစုအဖွဲ့များ၏အမှု အကျင့်ကို ဆွေးနွေးပွဲတွင် ပါဝင်နိုင်မည့် စည်းမျဉ်းများနှင့်ကိုက်ညီအောင် ဆွဲဆောင်နိုင်မည်ဖြစ်သည်။
- အရေအတွက်နည်းသောအစုအဖွဲ့များနှင့်စ၍ စေ့စပ်ညှိနှိုင်းမှုလုပ်ရန်။ ရည်ရွယ်ချက် အားဖြင့် ပယ်ကျဉ်ခံရသည့် အစုအဖွဲ့များ လက်ခံနိုင်မည့် ဖြေရှင်းမှုတရပ်ရှိလာရန်။
- အခိုင်အမာလူထုထောက်ခံမှုရထားသည့်အစုအဖွဲ့များနှင့်သာ ပါဝင်ခွင့်ကို ကန့်သတ်ထားရန်။ ရွေးကောက်ပွဲရလာဒ်အရဖြစ်စေ၊ အခြားနည်းလမ်းတခုအရ ဖြစ်စေ လူထုထောက်ခံ ပြီးသားအဖွဲ့များနှင့်စရန်၊

- အစုအဖွဲ့တခုချင်းစီမှ ကိုယ်စားလှယ်အရည်အတွက်အညီအမျှသတ်မှတ်ရန်၊
- (ရွေးကောက်ပွဲကျင်းပထားပြီးသား ကိစ္စများတွင်မူ) ရွေးကောက်ပွဲ ရလဒ် အပေါ် အခြေခံပြီး ကိုယ်စားလှယ်အချိုးအစားကို ခွင့်ပြုရန် (များများနိုင်သည့် ပါတီမှ များများကိုယ်စားလှယ်အရေအတွက် ရမည်)၊
- ပါဝင်ခွင့်ကို ကန့်သတ်ရန်အတွက် ရွေးကောက်ပွဲတရပ် သို့ အခြားဝင်ရောက်ခွင့် စံ တရပ်ရပ်ကို ထားရှိရန်၊
- အမျိုးမျိုးသောအစုအဖွဲ့များအတွက် ပါဝင်သူ၊ လေ့လာသူစသဖြင့် အဆင့်အတန်း ဒီဂရီအမျိုးမျိုး ခွင့်ပြုရန်။
- ညှိနှိုင်းမှုဖြစ်စဉ်အတွင်းရှိ အုပ်စုများကို ခွဲခြားထားရန် – ဖြစ်စဉ်အတွင်း အချို့အချက်များ သို့မဟုတ် အဓိကအချက် ကို ဆန့်ကျင်ပြီး အခြားအကြောင်းရပ်များအပေါ်တွင်တူညီမှုရနိုင်သည့် အုပ်စုများကိုဆိုလိုသည်။

### ၃၊ ၄၊ ၂ ။ ကြိုတင်သတ်မှတ်ချက်နှင့် ညှိနှိုင်းပွဲအတွက် အတားအဆီးများ (Preconditions and barriers to negotiations)

အဓိကဆွေးနွေးရမည့် အကြောင်းရပ်အပေါ် ညှိနှိုင်းမှုမစတင်မီ အလေးထားဆောင်ရွက်ရမည့် နယ်ပယ်မှာ ဆွေးနွေးပွဲအတွက် ကြိုတင်စည်းမျဉ်းသတ်မှတ်ချက်များ **(Preconditions)** ဖြစ်သည်။ အချို့သော ကြိုတင်သတ်မှတ်မှု အစောပိုင်းပြင်ဆင်ချက်သည် ဆွေးနွေးညှိနှိုင်းမှုဖြစ်စေရန် လိုအပ်သောအစိတ်အပိုင်းတရပ်ဖြစ်လေ့ရှိသည်။ အထူးသဖြင့် အကြမ်းဖက်မှုများနှင့်ပတ်သက်သည်။ အစိုးရတရပ်နှင့် အတိုက်အခံဖြစ်နေသည့် မြောက်များစွာသော သူပုန်အဖွဲ့များအနေဖြင့် အပစ်အခတ်ရပ်စဲခြင်း သို့မဟုတ် လက်နက်ဖျက်သိမ်းခြင်းဆိုင်ရာ ကြိုတင်သတ်မှတ်ချက်သည် အလွန်တရာခြိမ်းခြောက်မှုတရပ်ဖြစ်စေသည်။ သို့သော်ငြားလည်း ထိုအချက်သည် အစိုးရအတွက် မဖြစ်မနေလို–အပ်ချက်တရပ်ဖြစ်နိုင်သည်။ အစိုးရအနေဖြင့် အတိုက်အခံကို အသိအမှတ်ပြုရန်အတွက် ထိုအချက်ကို ကနဦးဟု မြင်နိုင်သည်။ သူပုန်များအတွက်မူ ပုန်ကန်ထကြွမှုအတွင်းပါဝင်ခြင်းသည် သူတို့၏ လက္ခဏာဖော်ပြချက်ကို သတ်မှတ်ရန်ဆောင်ရွက်ချက်တခုဖြစ်လာသည်။ ထိုအချက်ကို အလျှော့ပေးလိုက်ခြင်းဖြင့် သူတို့၏ကိုယ်ပိုင်ဖြစ်မှုအသိ၊ အုပ်စုဖွဲ့တည်ရှိမှု၊ သူတို့ရပ်တည်နေမှု၏ အဓိကသွေးကြောနှင့် သူတို့၏ဩဇာလွှမ်းမိုးမှုအရင်းအမြစ်ကို ခြိမ်းခြောက်ခံရသည်။ သို့သော်ငြားလည်း ထိုကိစ္စရပ်အတွက် အဖြေများကို ပုံစံအမျိုးမျိုးဖြင့် ရှာဖွေကြံဆခဲ့ကြသည်။

တောင်အာဖရိကဥပမာတွင် လက်နက်ကိုင်လှုပ်ရှားမှုကို ရပ်ဆိုင်းသည့် အေအန်စီ၏ သဘောတူညီမှုသည် တွေ့ဆုံဆွေးနွေးရေးအတွက် ဆောင်ရွက်မှုတရပ်ဖြစ်လာသည်။ အပြီးတိုင်လက်နက်ဖျက်သိမ်းရေးအတွက် အစိုးရ၏ရည်မှန်းချက်သည် ထိုအဆင့်၌ မဖြစ်နိုင်သည်ကို လက်ခံလာရသည်။ အင်ဂိုလီးယားအရေးတွင် ElSavadorနှင့် အခြားတခုဖြစ်သည့် ကုလသမဂ္ဂတို့သည် လက်နက်ဖြုတ်သိမ်းရေးအတွက် တတိယကြားအင်အားစုတရပ်အနေဖြင့် ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မြောက်ပိုင်းအန်ယာလန်တွင် လက်နက်ကိုင်တပ်များ လက်နက်ဖျက်သိမ်းရေးနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးပွဲများ နှစ်နှစ်ကြာရပ်တန့်ခဲ့သည်။ နောက်ဆုံး၌ ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်ဖြစ်လာရန် အစုအဖွဲ့တိုင်းကလိုက်နာကျင့်သုံးရမည့် အကြမ်းမဖက်ရေး အခြေခံစည်းမျဉ်း ၆ရပ်ကို လွတ်လပ်သောကော်မရှင်တရပ်မှ

## ၃.၄။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှုဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

ရှာဖွေကြံဆခဲ့သည်။ နိုင်ငံရေးအကြောင်းရပ်များဖြေရှင်းရာတွင် ငြိမ်းချမ်းသော နည်းနာရပ်များ သုံးရန် တာဝန်ယူခံချက်လည်းပါဝင်သည်။ အထင်အရှားအားဖြင့် ဆိုသော် ဆွေးနွေးပွဲများအပေါ် သြဇာသက်ရောက်စေရန် သို့မဟုတ် ရလဒ်ကိုပြန်လည် ပြောင်းလဲရန် အင်အားအသုံးပြုခြင်းအပေါ် ငြင်းပယ်ခြင်းဖြစ်သည်။ အစုအဖွဲ့အားလုံးမှ အခြေခံစည်းမျဉ်းများကိုလက်မှတ်ထိုးခြင်းဖြင့် လက်နက် ဖျက်သိမ်းရေးဆိုင်ရာ ကြိုတင်သတ်မှတ်ချက်အတွက် အကန့်အသတ်အတားအဆီးများကို ကျော်လွှား နိုင်ခဲ့သည်။ ထိုအချက်ဖြင့် ကိုင်တွယ်ရလွယ်ကူသည့်အဆင့်သို့ လုပ်နိုင်ခဲ့သည်။ စကားပြောဆိုမှုများ စတင်ခဲ့သည်။

အနည်းငယ်ကွာခြားမှုရှိသော်လည်း တူညီသည့်ပြဿနာတရပ်မှာ ဆွေးနွေးပွဲ အတွက် အကန့်အသတ်အတားအဆီးများဖြစ်စေသည်။ ဤအချက်မှာ အစုအဖွဲ့တရပ် အနေဖြင့် အောက်ပါအကြောင်းနှစ်ရပ်ထဲမှ တရပ်ရပ်ဖြင့် ဆွေးနွေးပွဲအတွင်း ဝင်ရောက်ရန် ငြင်းပယ်ခြင်းဖြစ်သည်။ ပထမတချက်မှာ လူပုဂ္ဂိုလ်တဦးဦး သို့မဟုတ် အုပ်စုတစုစုနှင့် စကားပြောရန် ငြင်းဆန်ခြင်းဖြစ်သည်။ နောက်တချက်မှာ အကြောင်းအရာတရပ်ရပ်ကို ညှိနှိုင်းစရာအဖြစ် လက်ခံရန် ငြင်းပယ်ခြင်းဖြစ်သည်။ ပထမပြဿနာဖြစ်သည့် လူပုဂ္ဂိုလ်တဦးဦး သို့ အစုတခုခုကိုငြင်းပယ်ခြင်းဆိုရာတွင် ပဋိပက္ခ၏နောက်ခံသမိုင်းတွင် ထိုသူတို့၏ပြုမှုဆောင်ရွက်ချက်အပေါ် တည်လေ့ရှိသည်။ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့တွင်ပါဝင်သောတဦးဦးအနေဖြင့် အတိုက်အခံများအပေါ် ရုပ်ပိုင် အရ သို့မဟုတ် အခြားတနည်းနည်းအရ နာကျင်အောင်ပြုလုပ်ထားချက်အပေါ် တာဝန်ရှိသည်ဟု အထင်ခံရတတ်သည်။ အတိုက်အခံများအနေဖြင့် ထိုသူနှင့် ဆက်ဆံရန် သို့မဟုတ် တွေ့ဆုံရန် လိုလားမည်မဟုတ်။ အကြမ်းဖက်တိုက်ခိုက်မှုများ အတွင်း အတိတ်ကာလခေါင်းဆောင်တဦး သို့မဟုတ် အပြင်းအထန် ဖိနှိပ်မှုလုပ်ရပ်များ အပေါ်တွင် တာဝန်ရှိသည့် အစိုးရဝန်ကြီးတဦးဦးကို သူတို့အနေဖြင့် ဆန့်ကျင်ကောင်း ဆန့်ကျင်ပေလိမ့်မည်။ မည်သို့ပင်အကြောင်းပြသည်ဖြစ်စေ အတိတ်ကာလက ထိုသူ၏ လုပ်ဆောင်မှုတခုခုသည် သူ့အပေါ် လက်မခံနိုင်စရာဖြစ်တတ်သည်။ ထိုအချက်သည် ဖြောင်းဖျယူခြင်း၊ ပုဂ္ဂိုလ်ချင်းအရ သဘောထားထုတ်ပြန်ခြင်းဖြင့် ကန့်ကွက်ချက်ကို ပယ်ချနိုင်အောင် လုံလောက်နေတတ်သည်။ လက်ရှိပြုမှုဆောင်ရွက်ချက်အချို့က သူတို့၏သဘောထားခံယူချက်ကို ပျော့ပြောင်းသွားကောင်း သွားနိုင်သည်။ ထိုသို့ မဟုတ်ပဲလည်းဖြစ်နိုင်သည်။

သာဓကအားဖြင့် မန်ဒဲလား၏အဆိုအမိန့်တခုက စဉ်းစားစရာ ပြန်ပေါ်လာသည်။ မိမိရန်သူဖြစ်သူများနှင့်သာ ငြိမ်းချမ်းရေးလုပ်ရမည်ဆိုသည့် စကားဖြစ်သည်။ အဓိပ္ပါယ်အားဖြင့် ရန်သူဆိုသည်မှာ ၎င်းလက်ပေါ်တွင် သွေးစွန်းနေသည်ကိုသာ လိုလားသူဖြစ်ပြီး၊ ငြိမ်းချမ်းရေးမှာလည်း သူ့အပေါ်တွင်တည်နေသည်ဟု ဆိုနိုင်သည်။ ထိုအတားအဆီးကိုကျော်လွှန်ရန်မှာ ပုဂ္ဂိုလ်ရေးကို ဘေးချိတ်ထားရန်ဖြစ်သည်။ စကားပြောဆိုမှုလုပ်ရန် ယေဘူယျအခြေအနေအပေါ် လက်ခံသည်ဆိုပါက ပုဂ္ဂိုလ်ရေးဘေးချိတ်ထားရပေမည်။ ဗြိတိသျှအနေဖြင့် အိုင်အာအိုင်နှင့် တရားဝင်ဆွေးနွေးညှိနှိုင်းရန် ငြင်းပယ်ခဲ့သည်။ အိုင်အာအိုင်၏ သမိုင်းနောက်ခံတွင် ဗြိတိသျှစစ်သည်များကို သတ်ဖြတ်ခဲ့ခြင်းနှင့် ဗြိတိသျှတို့၏အစဉ်အလာဖြစ်သည့် (in the thacherite mantra) အကြမ်းဖက်သမားများနှင့် စကားမပြောနိုင် ဆိုသည့် ကြီးမားသည့်အစိတ်အပိုင်းကြောင့်ဖြစ်သည်။ မှတ်ချက်အားဖြင့် ဤအချက်သည် တိုးတက်မှုအတွက် မကျော်လွှန်နိုင်သည့် အတားအဆီးတရပ်ဖြစ်ခဲ့သည်။ ဤသည်မှာ အိုင်အာအိုင် နိုင်ငံရေးပါတီ Sinn Fein အပါအဝင် အစုအဖွဲ့အားလုံး သဘောတူညီနိုင်သည့် ယေဘူယျအခြေအနေ အဆင့်တရပ်အထိ ကျယ်ပြန့်သွားသည်

အထိဖြစ်သည်။

အစုအဖွဲ့တရပ်မှာ ဆွေးနွေးပွဲအောင်မြင်မှုအတွက် အရေးပါနေပြီး၊ ထိုအစုအစိတ်အပိုင်းတခုမှ ဆွေးနွေးရန်ငြင်းဆန်မှုရှိလာပြီဆိုပါက နည်းလမ်းကြံဆရန် လိုအပ်လာသည်။ အရှေ့တီမော လွတ်လပ်ရေးနှင့်ပတ်သက်ပြီး အင်ဒိုနီးရှားဆူဟာတိုအစိုးရမှ အရှေ့တီမောနှင့်စကားပြောဆိုရန်ငြင်းပယ်သည့်အခါ အင်ဒိုနီးရှားအစိုးရနှင့် ပေါ်တူဂီအကြားဆွေးနွေးရန် အခြေအနေဖြစ်လာခဲ့သည်။ အရှေ့တီမောနှင့်ဆွေးနွေးရန် ငြင်းပယ်ခြင်းသည် ထိရောက်သည့်ညှိနှိုင်းမှုများပြုလုပ်ရန်အတွက် အဓိကအတားအဆီး ဖြစ်လာသလို၊ အစစ်အမှန်တိုးတက်မှုများဖြစ်မလာခင်အတွင်း ပြင်ဆင်ဆောင်ရွက်ရမည့် လိုအပ်ချက်ဖြစ်လာသည်။

အုပ်စုတစုအနေဖြင့် အကြောင်းရပ်တခုအပေါ် ညှိနှိုင်းစရာမလိုဟုရှုမြင်လာပါက အခက်အခဲပြဿနာတရပ်ဖြစ်လာနိုင်သည်။ ထိုအုပ်စုအနေဖြင့် အတိုက်အခံနှင့် အခြားအကြောင်းအရာအမျိုးမျိုးအပေါ် ဆွေးနွေးမည်ဖြစ်သော်လည်း၊ ထိုအကြောင်းရပ်မှာမူ သူတို့အတွက် တန်ဘိုးကြီးလွန်းပြီး စေ့စပ်ဆွေးနွေးနိုင်မည် မဟုတ်ပေ။ အစိုးရများအနေဖြင့် အချုပ်အချာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဤနည်းအတိုင်း ခံစားရလေ့ရှိသည်။ သူပုန်များ၏ လုံးဝခွဲထွက်ရေးဆိုင်ရာတောင်းဆိုမှုသည် အစိုးရအတွက် မဖြစ်နိုင်ဟုတွက်ထားသည်။ အပြန်အလှန်အားဖြင့် ပြဿနာဖြေရှင်းရေးအတွက် အစပိုင်းအနေဖြင့် လက်နက်များလွှဲပြောင်းပေးရေး အပါအဝင် လက်နက်ချခြင်းအဓိပ္ပါယ်သက်ရောက်မှုတိုင်းကိုလည်း သူပုန်များက လက်ခံစဉ်းစားလိမ့်မည်မဟုတ်ပေ။ ဤအခြေအနေတိုးတက်ရန် လွယ်ကူချေမွေသည့် နည်းနာများလည်း ကုစားနိုင်မည်မဟုတ်ချေ။ ဤအတွက် နှစ်ဖက်စလုံးအနေဖြင့် အကြောင်းရပ်အပေါ် အညီအမျှ ခုခံခြင်း သို့ လျှော့ပေးခြင်းပြုလုပ်ရသည်။ သို့တည်းမဟုတ် တည်ရှိနေသည့်ထိုအကြောင်းရပ်အပေါ် ကျယ်ပြန့်သည့် ဆွေးနွေးငြင်းခုန်မှုဖြင့် ပိုမိုစုံလင်သည့် ရှုဒေါင့်နှင့် ဆွေးနွေးပွဲအတွင်းလက်ခံရန် အခြေအနေများကို ပြန်လည်သတ်မှတ်ရချေမည်။ ဤနည်းဖြင့်သာ ပြန်လည်ဆောင်ရွက် ရချေမည်။ သို့ရာတွင် အခြေခံအားဖြင့်မူ မိမိရန်သူနှင့် ဆွေးနွေးရန်အတွက် တနည်းနည်းဖြင့် လိုလိုလားလားရှိနေပါက ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အမှန်တကကယ်စိတ်ပါလိုက်ပါဖြစ်လာခြင်းပင် သို့မဟုတ် စစ်ပွဲများဆက်လက်တိုက်ခိုက်ရန် စိတ်ပျက်လာခြင်းပင်။ တကယ်တမ်းအားဖြင့်မူ အတားအဆီးများ ရှိနေခြင်းသဘောသည်ပင် အစုအဖွဲ့များအနေဖြင့် အလုံးစုံပြည့်ဝသည့် ဆွေးနွေးပွဲ အတွက် အဆင့်သင့်ဖြစ်မနေကြောင်း ဖော်ပြချက်ဖြစ်သည်။

ထိုကဲ့သို့ စိတ်တွင်း အသိရှိရှိ ရန်လိုမုန်းတီးမှုများ အားကောင်းကျန်ရှိနေစဉ်အတွင်း တတိယကြားအင်အားစုအနေဖြင့်ပြေလည်ရာကြိုးစားသည်ကမှ တော်သေးသည်။ ယင်းကြားဝင်ဖြန်ဖြေသူအနေဖြင့် တရားဝင်မဟုတ်သည့် ဆက်သွယ်ရေး လမ်းကြောင်းများမှတဆင့် လမ်းဖွင့်နိုင်အောင် ကြိုးစားသင့်သည်။ ထိုမှတဆင့် ဆွေးနွေးပွဲ၏ ကောင်းမွန်သည့်အကျိုးရလဒ်နှင့် ထိုအကျိုးရလဒ်မရခင် လုပ်ဆောင်ရမည့်ကိစ္စများအပေါ် အုပ်စုတွင်ဆွေးနွေးမှုဖြစ်လာစေရန် ကြိုးပမ်းနိုင်သည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များအပေါ်၌သာ စူးစိုက်အာရုံ ထားသည့် အကြိုညှိနှိုင်းမှုနှင့်အပြိုင်ဖြစ်စဉ်သည် အလုပ်တူပူးပေါင်းလုပ်ရေး အခြေခံကောင်းများ ချမှတ်ရန်အတွက်အထောက်အကူ ပေးသလို၊ အတိတ်ကအကြမ်းဖက်မှုများနှင့် လက်ရှိပြေလည်နိုင်သည့်အရာများအကြား နည်းနည်းခြားထားရန်အတွက်လည်း ဖြစ်ပေသည်။

အခြားတဖက်တွင် အစုအဖွဲ့များအတွက်အရေးပါသည့် အကြောင်းရပ်များ ရှိနိုင်သည်။ ထိုအချက်မှာ နောက်ထပ်ဖြစ်လာနိုင်မည့် ဆွေးနွေးပွဲများအတွက် အခြေက–

## ၃၊၄။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှုဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

၂သည့် လမ်းညွှန်အခြေခံစည်းမျဉ်းများအနေဖြင့် အစုအဖွဲ့များအကြား ကြိုတင်သဘောတူညီမှုယူနိုင်ပေသည်။ ဆူဒန်ပဋိပက္ခတွင် ဆူဒန်နိုင်ငံတော်မပြိုကွဲရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာအခွင့်အရေးများ စသဖြင့် အကြောင်းရပ်များပါဝင်သည့် ၁၉၉၄ စက်တင်ဘာ ၏အခြေခံစည်းမျဉ်း ထုတ်ပြန် ကြေညာချက်၏အပေါ် ပြိုင်ဖက်အစုအဖွဲ့များအနေဖြင့် သဘောတူညီမှု ရခဲ့သော်ငြားလည်း ယနေ့တိုင်ပဋိပက္ခများဆက်လက်ရှိနေတုန်းပင်။

### ကြိုတင်စည်းမျဉ်းသတ်မှတ်ချက်နှင့်ပတ်သက်၍ ရွေးခြယ်စရာများ

- ကြိုတင်စည်းမျဉ်းသတ်မှတ်မှုမထားသည့် ညှိနှိုင်းဆွေးနွေးမှုကိုလက်ခံရန်နှင့် လာရောက်သူများ၊ အကြောင်းရပ်များအားလုံးကို လက်ခံရန်၊
- ကြိုတင်စည်းမျဉ်းသတ်မှတ်ချက်ရှိပြီး၊ တရားဝင်မှုနှင့် ပြောရေးဆိုခွင့် ပုဂ္ဂိုလ်များ အသိအမှတ်ပြုခြင်းများဆောင်ရွက်ရန် အကြိုဆွေးနွေးပွဲများမှ တဆင့်ပြုလုပ်ခြင်း၊
- အများကလက်ခံနိုင်မည့်၊ လက်ခံရမည့် အခြေခံကျသည့်သဘောတရပ်အပေါ် အစုအဖွဲ့တခုချင်းပါဝင်လာစေရန် ကနဦးရည်မှန်း၍ ကြိုတင်စည်းမျဉ်း သတ်မှတ်မှုကို ကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်ရန်၊
- ပုံမှန်ဆွေးနွေးညှိနှိုင်းမှုမတိုင်ခင် တရားဝင်မဟုတ်သည့် ဆွေးနွေးမှုဖြစ်စဉ် အတွင်း ကြိုတင်စည်းမျဉ်းသတ်မှတ်ချက်များချမှတ်ခြင်းနှင့် ဆွေးနွေးပွဲအတွက် အာမခံချက်များရှိလာစေရန်

### ၃၊ ၄၊ ၃။ ကစားကွင်းကို ညီမျှစေခြင်း (သို့) နှစ်ဖက်အခြေအနေကို ထိန်းညှိခြင်း (Levelling the paying-field)

များသောအားဖြင့် ပဋိပက္ခဖြစ်ဖက်အစုအဖွဲ့များသည် မတိုးသာမဆုတ်သာ တန့်နေသည့်အခြေအနေကို ဖျက်ပစ်ပြီး အချိုးမကျစွာဖြင့် ပဋိပက္ခ၏အဆုံးသတ် အဖြေဆီကို ချည်းကပ်လေ့ရှိကြသည်။ အချိုးအစားမကျဟု ဆိုရာတွင် ထိုအစုအဖွဲ့များ ၏ အာဏာအနေအထားကို ရည်ညွှန်းပါသည်။ ဤနေရာတွင် အခြားအစုတခုက အာဏာဆုပ်ကိုင်ထားချိန်တွင် အခြားတခုအနေဖြင့် အကျိုးဆုတ်ယုတ်နေသည်။ ထိုအစုအဖွဲ့များသည် ပုံမှန်အညီအမျှယှဉ်ပြိုင်နေသည်မဟုတ်၊ အချိုးအစားကျ နေသည်မဟုတ်ပေ။ သူပုန်တို့အနေဖြင့် အစိုးရနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် အချိုးအစားမကျသည့် အင်အားပမာဏဆိုင်ရာ အမြဲလိုလို ဖြစ်နေသည်။ ထိုမြင်ကွင်းကို **William Zartman** မှ ဤသို့ပြောဖူးသည်။ “အစိုးရဖက်တွင် အချုပ်အချာအာဏာ၊ မိတ်ဆွေမဟာမိတ်၊ လက်နက်နှင့် အခြားအရင်းအမြစ်များ ရှိနေသည်။ သူပုန်တို့အနေဖြင့် ထိုအရာအားလုံးကို တိုက်ခိုက်ရပေမည်။ ထို့အပြင် သူပုန်များ၏လှုပ်ရှားမှုအတွက် အကန့်အသတ်စွမ်းဆောင်မှုကိုလည်း အစိုးရဖက်ကသာ ပြဋ္ဌာန်းပေးသည်။ ထို့ကြောင့် အစိုးရသည် ပါဝင်သူရော၊ အဆုံးအဖြတ်ပေးသည့် ဒိုင် အဖြစ်ပါ တချိန်တည်းတွင် ဖြစ်နေသည်။

ထို့ကြောင့် အစိုးရအနေဖြင့် အာဏာသက်ရောက်မှု၊ နိုင်ငံ၏ဘဏ္ဍာငွေကြေးနှင့် စစ်ရေးအရင်းအမြစ်များကို ချုပ်ကိုင်ထားမှုရှိနေချိန်တွင် ၎င်း၏အတိုက်အခံများအတွက်

အရင်းအမြစ်ရရှိမှုမှာ ခက်ခဲမှုတရပ်ဖြစ်လာကာ လျို့ဝှက်အရင်းအမြစ်များ ကို မှီခိုအားထားရလေ့ရှိသည်။ တချိန်တည်း၌ပင် အင်အားမညီမျှမှုမှာ ပုံစံအသစ် ဖြစ်လာသည်။ ပထမပုံစံမှာ – သူပုန်များကယင်းတို့ရပ်တည်မှု အပေါ် မဆုပ်တန်း စွဲကိုင်ထားခြင်းဖြစ်သည်။ အလွန်သေးငယ်သည့်အစုဖြစ်ပါစေ လုံလောက်သည့် လက်နက်နှင့်သင်တန်းများရှိထားပါက အစိုးရတရပ်အပေါ် အချိုးအစားကြီးကြီးဖြင့် ကောင်းကောင်းဒုက္ခပေးနိုင်ပါသည်။ ဤအချိုးအစားမှာ သေးငယ်သော်လည်း အစိုးရ၏ သြဇာအာဏာကြီးမှုကိုပင် အနှောက်အယှက်ဖြစ်စေပါသည်။ အစိုးရ၏အတော်အတန်ကြီးမားသည့် အင်အား အသုံးချနိုင်စွမ်းကိုပင် လက်တွေ့အခြေအနေအရ အကန့်အသတ်များဖြစ်ပေါ်လာစေသည်။ ဒုတိယအချက်မှာ အစိုးရအဖွဲ့အများစုတွင် သူပုန်များအဆုံးသတ်ပစ်ရန် သို့မဟုတ် ကန့်သတ်ထားရန် ရည်ရွယ်ချက်များသာမက အခြားရည်ရွယ်ချက်များပါဝင်သည့် လုပ်စရာကိုင်စရာ အများအပြားရှိနေသည့် အချိန်တွင် ယင်းတို့၏ အလုပ်နှင့် အရင်းအမြစ်များမှာ အခြားကိစ္စများ၌ များစွာ အသုံးပြုနေရပေသေးသည်။ တတိယအချက်အားဖြင့် ပြင်ပအကြောင်းရပ်များသည် နိုင်ငံရေးအာဏာနှင့်ပတ်သက်နေသည့်အပိုင်းတွင် အင်အားမညီမျှမှုများကို လျော့ပါးစေရန် သွယ်ဝိုက်၍ ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ သူပုန်တို့ဖက်မှ မှန်ကန်တရားသည်ဟု နိုင်ငံတကာအမြင်ခံယူထားမှုများကလည်း အစိုးရအာဏာအပေါ် ကန့်သတ်မှုဖြစ်လာစေသည်။ တောင်အာဖရိကနှင့် **Rhodesia (Zimbabwea)** အုပ်ချုပ်သူများအပေါ် စီးပွားရေးပြစ်ဒဏ်ခတ်မှု နှင့် အခြားအရေးယူမှုများပြုလုပ်ခြင်းသည် အရှင်းလင်းဆုံးဥပမာများဖြစ်သည်။ စတုတ္ထအချက်မှာ အားနည်းသည့် အစုအဖွဲ့များအနေဖြင့် သြဇာအင်အားကောင်းသည့် အခြားမဟာမိတ်များရှာဖွေခြင်းဖြင့်လည်း အငြင်းပွားမှုပြဿနာများ ဖြေရှင်းလေ့ရှိသည်။ ထိုမဟာမိတ်မှာ တခါတရံအားဖြင့် ပြည်တွင်းကဖြစ်နိုင်သလို၊ အများအားဖြင့် ပဋိပက္ခပြင်ပက အဖြစ်များလေ့ရှိသည်။ **The Liberation Tigers of Tamil Eelam(LTTE)** အနေဖြင့် အဆင့်တဆင့်တွင် အိန္ဒိယအစိုးရ ပါလီမန်အတွင်းရှိသူများအပါအဝင် အိန္ဒိယရှိ သြဇာအာဏာရှိသူများထံမှ တမီးလ်လူပ်ရှားမှုအတွက် ထောက်ခံမှုရရန် ဆွဲဆောင်ခဲ့သည်။ ထိုနည်းတူစွာပင် အင်ဂိုလာရှိ **UNITA** နှင့် မိုဇန်ဗတ်ရှိ**RENAMO** အရေးကိစ္စများတွင် ဆက်လက်လှုပ်ရှားနိုင်ချေမှာ တောင်အာဖရိကအစိုးရ၏ အထောက်အပံ့အပေါ်တွင် အချို့အခြေအနေအရ မှီနေခဲ့ရသည်။ ထိုဥပမာရပ်များ၏ဆန့်ကျင်ဖက်များလည်း ရှိနေသေးသည်။ ပုံမှန်အားဖြင့် **PLO** သည် အာရပ်နိုင်ငံများထံမှ ထောက်ခံမှုရခဲ့သည်။ သို့ရာတွင် ပင်လယ်ကွေ့စစ်ပွဲကာလအတွင်း အီရတ်ကို လိုလားမှုပြသကြေညာလိုက်ခြင်းအားဖြင့် ၁၉၉၁ခုနှစ်၌ အာရပ်နိုင်ငံများထံမှ အရေးပါသည့် အထောက်အပံ့များဆုံးရှုံးသွားခဲ့ရပြီး၊ **PLO** အနေဖြင့် အခက်အခဲအတားအဆီးကို ကြုံတွေ့ခဲ့ရသည်။

ကျွန်ုပ်တို့ မညီမျှမှုများကို အင်အားညီသောကစားကွင်းအဆင့်**(level-playing field)** သို့ မည်သို့ပြောင်းလဲစေမည်နည်း။ အစုအဖွဲ့အားလုံးအနေဖြင့် ထိုသို့ပြုပြင်ယူခြင်းကို တရားဝင်အသိအမှတ်ပြုလာရန် မည်သို့ဆောင်ရွက်မည်နည်း။ ဤနေရာ၌ အဓိကအလေးထားသည့်ကိစ္စမှာ ကြီးမားသည်အစီအစဉ်တရပ်အတွင်း အာဏာချိန်ခွင်မျှရေးမဟုတ်၊ ညှိနှိုင်းဆွေးနွေးဝိုင်း၌ (ညီမျှသော) အခြေအနေတရပ် ဖြစ်လာရန်သာဖြစ်သည်။ အစုအဖွဲ့များအနေဖြင့် အခြားတဖက်ကို ဆွေးနွေးပွဲအတွင်းပါဝင်သင့်သည်ဟူသော အပြန်အလှန်လက်ခံမှုရှိမှသာ ချိန်ခွင်မျှမှု၏ထိရောက်မှုဖြစ်လာသည်။ နှစ်ဖက်ဆွေးနွေးရန်အတွက် ရိုးရှင်းစွာသဘောတူလိုက်ခြင်းသည် ပြောရေးဆိုခွင့်ရှိသူများအပေါ် အသိအမှတ်ပြုပေးခြင်းနှင့်တရားဝင်လက်ခံခြင်းဖြစ်သည်။ ဤသို့အပြန်အလှန်လက်ခံလိုက်ခြင်းဖြင့် တန်းတူရေးအချက်အပေါ် တစုံတရာ ခွင်ပြုခြင်းဖြစ်သည်။ ထိုသို့

## ၃၊၄။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှုဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

တန်းတူမှုရှိရုံမျှနှင့်ပင် ညှိနှိုင်းမှုအခြေအနေအတွင်းရောက်နေသည့် အစုအဖွဲ့များအနေဖြင့်ဆက်လက်စကားပြောဆိုမှုဖြစ်မြောက်ရန်လိုလောက်ပေသည်။ (စကားဝိုင်းပြင်ပ သာမန်အခြေအနေများတွင် ထိုသို့တရားဝင်မှုကို အသိအမှတ်ပြုရန် အားကြီးသည့် အုပ်စုအနေဖြင့် စဉ်းစားခြင်းရှိမည် မဟုတ်ပေ။)

သို့ရာတွင် ဆွေးနွေးမှုကာလအတွင်းမှာပင် အင်အားပိုင်ဆိုင်ခွင့်အချိုးမကျမှုမှာ **(resource asymmetry)** ဖြစ်နေဦးမည် ဖြစ်သည်။ ကောင်းမွန်သည့်ဖြစ်စဉ်ရေးဆွဲမှုဖြင့် ထိုအင်အားပိုင်ဆိုင်မှုများ အစုအဖွဲ့အားလုံးသို့ အညီအမျှ ဖြစ်စေရန် ခွဲဝေပေးနိုင်သည်။ ဆိုလိုသည်မှာ ကြိုတင်ပြင်ဆင်ခြင်း၊ ပညာပေးခြင်း၊ ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်နှင့်ရင်းနှီးကျွမ်းဝင်စေခြင်းတို့အတွက် အချိန်ပေးရမည်ဖြစ်သည်။ အုပ်ချုပ်မှုစွမ်းရည်များ၊ အကြံပေးသူများနှင့် အင်အားပိုင်ဆိုင်မှုများအပြည့်ရှိသောအစိုးရတရပ်အနေဖြင့်၊ နိုင်ငံရေးထက် စစ်ရေးနည်းနာများနှင့်ပိုမိုအကျွမ်းဝင်သော တပ်ဖိုလ်လက်တဆုပ်စာရှိသည့် ပုန်ကန်ထကြွသူများနှင့်ဆွေးနွေးရာတွင် အသာစီးရနေမည်မှာ အထင်အရှားဖြစ်သည်။ ရုတ်တရက်အားဖြင့် ထိုသူများအနေဖြင့် အတောင်အလက်စုံလင်သည့် နိုင်ငံရေးပါတီတရပ်ပုံစံဆောင်ရွက်လာရသော်ငြားလည်း လက်တွေ့၌မူ ထိုသို့ အရည်အသွေး ဖွံ့ဖြိုးလာရန် ကြိုးစားနိုင်ခွင့်အခွင့်အလမ်းများ နည်းပါးနေဦးမည် ဖြစ်သည်။

**ဆွေးနွေးပွဲအတွင်း အစုအဖွဲ့များအခြေအနေ ထိန်းညှိရန်နှင့် တန်းတူမဖြစ်စေရန် နည်းနာရွေးခြယ်မများ**

- အနိမ့်ဆုံးအားဖြင့် ညှိနှိုင်းဆွေးနွေးမှုအတွင်း အစုအဖွဲ့အားလုံး၏ အခွင့်အရေးများရှိလာစေရန် လက်ခံခြင်း
- ယခင်က ထုတ်ပယ်ထားသည့် သို့မဟုတ် ကန့်သတ်ခံရသူများကို ပါဝင်လာစေရန် လုပ်ထုံးလုပ်နည်းအရခွင့်ပြုသဘောတူခြင်း
- အစုအဖွဲ့အားလုံးအနေဖြင့် ဆွေးနွေးပွဲအတွက် ပြင်ဆင်နိုင်ရန် အချိန်နှင့် အရင်းအမြစ်များ အစီအစဉ်ဆွဲခြင်း၊
- အခြားအကြောင်းရပ်များကို ထိတွေ့ခြင်း၊ လေ့လာယူခြင်း၊ အပြန်အလှန် ဆက်စပ်ခြင်း
- အစုအဖွဲ့အားလုံးအပေါ် ယာယီတရားဝင်မှုသက်ရောက်ရန် နှစ်ဖက်လုံးမှ အပ်နှင်းထားသည့် အကြီးအကဲတဦး သို့မဟုတ် ဩဇာတိက္ကမကြီးသည့် ပြင်ပစေ့စပ်ပေးသူ ထားရှိရန်။ ထိုသူသည် စကားပြောဆိုနေမှု ကာလအတွင်း တရားဝင်မှုရှိမည်ဖြစ်သလို၊ ဆွေးနွေးပွဲ၌ အစုအဖွဲ့အားလုံး၏ညီမျှမှုအတွက် အာမခံပေးရမည်။

ထို့ကြောင့် ဆွေးနွေးပွဲမတိုင်ခင် ကြိုတင်ပြင်ဆင်ရန် အချိန်လိုအပ်သည် ဟု ဆိုခြင်းဖြစ်သည်။ ဆက်နွယ်နေသည့်ဆိုးကျိုးသက်ရောက်မှုများနည်းပါးရန်အတွက် နိုင်ငံရေးနှင့် နည်းပညာရပ်ဆိုင်ရာ ပညာပေးမှုများမှာလည်း အရေးကြီးသည်။ ဤသည်မှာ အနိမ့်ခံများဖက်မှ စာနာသည့် တဖက်သတ်ဖော်ပြချက်မဟုတ်ပါ။ အားလုံး၏အကျိုးစီးပွားနှင့် ဆိုင်သည့်ကိစ္စဖြစ်ပါသည်။ ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်အတွင်း ဘက်တဖက်အနေဖြင့် အတတ်ပညာနှင့်အတွေ့အကြုံကြောင့် ပြင်းထန်သည့်ဆိုးကျိုးများဖြစ်လာပါက

ဆွေးနွေးပွဲမှ ထွက်ခွာပြီးနောက် နှစ်ဖက်စလုံးအတွက် ကျေနပ်အားရစရာ အလား အလာများ တုန်လှုပ်ဖွယ်ကျဆင်းသွားတတ်သည်။ မည်သည့်ကိစ္စရပ်တွင်မဆို ထိုကဲ့သို့ အထောက်အကူလိုအပ်မှုများ၊ အထူးသဖြင့် ပဋိပက္ခတခုလုံးနှင့် သက်ဆိုင်သော နိုင်ငံရေးနှင့်ညှိနှိုင်းဖြစ်စဉ်များနှင့်ရင်းနှီး ကျွမ်းဝင်မှုများ ရှိရန်လိုအပ်ခြင်းသည် ပါတီငယ်များအတွက်သာမက၊ အုပ်စုကြီးများ အစိုးရများအတွက်ပါ လိုအပ်သော လေ့လာမှုတရပ်ဖြစ်သည်။

နှစ်ဖက်အခြေအနေကို ထိန်းညှိပေးခြင်းသည် အစုအဖွဲ့များအကြား ညှိနှိုင်းမှုဖြစ်စဉ် အတွက် တရားမျှတမှုဖြစ်စေရန် ပြုလုပ်ခြင်းဖြစ်သည်။ ညှိနှိုင်းဆွေးနွေးပွဲ၌ အညီအမျှ ပါဝင်မှုရစေရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ သို့မှသာ ပါတီအစုအဖွဲ့တရပ်အနေဖြင့် တရားဝင်မှုနှင့်အာဏာပိုင်မှုကို လက်ဝါးကြီးအုပ်ခြင်း သို့မဟုတ် အများစု လွှမ်းမိုး ထားခြင်း မလုပ်နိုင်မည်ဖြစ်သည်။ ကြိုတင်သဘောတူညီထားသည့် လုပ်ထုံးလုပ်နည်း ဥပဒေသသည်လည်း ထိုဆောင်ရွက်ချက်နှင့်ပတ်သက်ဆက်နွှယ်ရပေမည်။

### ၃၊ ၄၊ ၄။ ညှိနှိုင်းဆွေးနွေးမှုများ အထောက်အကူပေးခြင်း (Resourcing the negotiations)

ညှိနှိုင်းဆွေးနွေးခြင်းတွင် အကျိုးရှိရှိပါဝင်ကာ ဖြစ်စဉ်တရပ်လုံးကိုလည်း စွမ်းအား အပြည့်ဦးဆောင်သွားနိုင်ရန်အတွက် ပြည့်စုံလုံလောက်သည့် အထောက်အကူများ ပေးရမည်။ ဆိုလိုသည်မှာ သာမန်ရေးရာကိစ္စများသာမကပဲ အရေးကြီးသည့်အထောက် အကူများဖြစ်သည့် လုပ်ငန်းအကူထောက်ပံ့မှု၊ ငွေကြေးထောက်ပံ့မှု၊ ဆက်သွယ်ရေးနှင့် သတင်းစုဆောင်းရေးဌာနများ၊ နေထိုင်မှုဆိုင်ရာအထောက်အပံ့များ စသဖြင့်ဖြစ်သည်။ သို့သော်ထိုအထောက်အပံ့များကို အစုအဖွဲ့အားလုံးသို့ အညီအမျှပေးရမည်။

**ဆွေးနွေးပွဲများအတွက် အထောက်အကူပြုခြင်းဆိုင်ရာအချက်များ**

- အစုအဖွဲ့များမှ ဆွေးနွေးပွဲအတွက် ကိုယ်ပိုင်ရံပုံငွေထောက်ပံ့ခြင်း၊
- အစုအဖွဲ့တရပ်အနေဖြင့် ဆွေးနွေးပွဲ၏အများပိုင်း သို့ အားလုံးအတွက် အထောက်အကူပေးခြင်း
- ပြည်တွင်းဇာတ်ကောင်များမှ ဆွေးနွေးညှိနှိုင်းမှုဖြစ်လာရန် အထောက်အပံ့ ပြုခြင်း၊
- ဆွေးနွေးပွဲအတွက် နိုင်ငံတကာအဖွဲ့များမှ ငွေကြေးထောက်ပံ့ခြင်း၊

အစုအဖွဲ့အမျိုးအစား ကျယ်ပြန့်လာခြင်းနှင့် တဖွဲ့ချင်း၏ပမာဏများပြားသည့် ကိုယ်စားလှယ်များကြောင့် ဆွေးနွေးညှိနှိုင်းမှုများ ကျယ်ပြန့်လာလေလေ၊ လက်တွေ့ အသုံးဝင်သော ရုပ်ဝတ္ထုထောက်ပံ့မှုများ အညီအမျှတန်းတူဖြစ်စေရန် လိုအပ်လေလေ ဖြစ်သည်။ ရှည်လျားသောညှိနှိုင်းမှုဖြစ်စဉ်မှာ အကုန်အကျသက်သာလိမ့်မည် တော့မဟုတ်။ အချို့အစုများအနေဖြင့် အခြားသူများထက် အထောက်အပံ့ ပိုရအောင် ရှာဖွေမည်ဆိုမှာလည်း သေချာပေါက်ကိစ္စဖြစ်သည်။ စိတ်ဝင်စားမှုရှိသည့် အစိုးရအဖွဲ့ သို့ နိုင်ငံတကာအေဂျင်စီ သို့ သက်ဆိုင်ရာ NGO သို့ ဖောင်ဒေးရှင်း စသည့် ပြင်ပ

## ၃၊၄။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှုဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

ငွေကြေးထောက်ပံ့သူများမှာ ထိုစရိတ်များ အကုန်အကျ ခံလိမ့်မည်။

များစွာသောအတွေ့အကြုံများအရ ဆွေးနွေးညှိနှိုင်းမှုများသည် အလျှင်အမြန်ဖြစ်ရန် သို့မဟုတ် အကုန်အကျသက်သာရန်ဖြစ်မည် မဟုတ်။ တရားဝင်ဆွေးနွေးစဉ် အချိန်ကာလသက်သာရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရမည်ဖြစ်သည်။ အစုအဖွဲ့များအနေနှင့် အခြားတာဝန်များရှိနေလိမ့်မည်။ နိုင်ငံလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ခြင်း၊ မိမိတို့ထောက်ခံသူပရိသတ်နှင့် ဆက်စပ်ခြင်း၊ သတင်းဌာန သတင်းသမားများနှင့် ပုံမှန်ဆက်ဆံရေး စသဖြင့်တို့ ဖြစ်ကြသည်။ ထိုကိစ္စများမှာ ဆွေးနွေးပွဲဖြစ်ရုံမျှနှင့် ရပ်နားထားရလိမ်မည်မဟုတ်။

### ၃၊ ၄၊ ၅ ။ ဆွေးနွေးညှိနှိုင်းမှုပုံစံ (The form of negotiations)

ဆွေးနွေးညှိနှိုင်းမှုပုံစံကို တတ်ရောက်ပါဝင်သူများမှ ဖြေရှင်းရမည့်ကိစ္စရပ်များအလိုက် သတ်မှတ်ပြဋ္ဌာန်းရပေမည်။ ပြီးခဲ့သည့်ရာစု၏ နောက်ဆုံးနှစ်၂၀ကာလဆီမှ ဆွေးနွေးညှိနှိုင်းမှုများအပေါ် အကြမ်းဖျဉ်းစစ်တမ်းကောက်ကြည့်ပါက လုပ်ကိုင်ဆောင်ရွက်နည်းနာအစီအရီကို တွေ့ရသည်။ ပြည်တွင်းအလွတ်သဘောဆွေးနွေးမှုများ၊ မျက်နှာချင်းဆိုင်မဟုတ်သည့် သွယ်ဝိုက်စကားပြောဆိုမှုများ၊ အနီးစပ် ဆွေးနွေးမှု (တဖက်တည်းတွင်ရှိပြီး၊ ကြားအင်အားစုတခုမှ စေ့စပ်ညှိနှိုင်းပေးခြင်းဖြင့် အပြန်အလှန်ဆက်သွယ်မှုပြုခြင်း)၊ ပတ်လည်ဆွေးနွေးမှု၊ အင်အားစုအားလုံး၏ စုစည်းညီလာခံ၊ အစည်းအဝေးများနှင့် ထိပ်သီးဆွေးနွေးပွဲ တို့မှတဆင့် ပြီးပြည့်စုံသည့် တရားဝင်ဆွေးနွေးညှိနှိုင်းမှုများဖြစ်လာသည်။ ထိုဖြစ်စဉ်များမှာ တတိယကြားအင်အားစု၏ ထောက်ခံကူညီမှုရသည်ဖြစ်စေ မရသည်ဖြစ်စေ ဖြစ်ပေါ်ခဲ့သည့် ပုံစံများဖြစ်သည်။

ဤပုံစံများထဲတွင် အခြားအရာများထက် ဖြစ်နိုင်ချေပုံစံများကို တွေ့ရမည်ဖြစ်သည်။ အကောင်းဆုံးပုံသေနည်းမှာ အမြင်သဘောထားအမျိုးမျိုးရောယှက်၍ ရှိနိုင်သည်။ ယင်းမှာ ကွဲပြားသောအဆင့်တိုင်းတွင်ဖြစ်သည်။

*ကျယ်ပြန့်သည့်ညီလာခံခေါ်ယူခြင်း*(Large-scale conferences)

ကျယ်ပြန့်သည့်ညီလာခံများမှာ ညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်၏အဖွင့်ပိုင်း အချက်ပြမှုတရပ်အနေဖြင့် အလွန်အသုံးဝင်သည်။ နောက်ဆုံးပြဿနာရပ်ကိုင်တွယ်ဖြေရှင်းရန် တင်ပြချက်အတွက် သင့်လျော်နိုင်သည်။ အရေးပါသည့်ဆွေးနွေးမှုများနှင့် အပေးအယူလုပ်ရသည့် ဆက်စပ်ခြင်း များအတွက်မူ ယင်းတို့သည် အသုံးကျမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ အရွယ်အစားနှင့် တရားဝင်ဖြစ်နေခြင်းကြောင့်ပင်။

*ထိပ်သီးဆွေးနွေးပွဲ* (summits)

ထိပ်သီးဆွေးနွေးပွဲများသည် ကိုယ်စားလှယ်အရေအတွက်အနည်းအကျဉ်းဖြင့် အရေးကြီးအဆင့်မြင့်သည့် ရေတိုကိစ္စရပ်များအတွက်ဖြစ်သည်။ အဓိကကျသည့်ပြောရေးဆိုခွင့်ရှိသူများပါဝင်သည်။ အဓိကအကြောင်းရပ်များဆွေးနွေး ပြောဆိုရန်အသုံးဝင်နိုင်သည်။ ထိုဆွေးနွေးမှုတွင်ပါဝင်သည့် အဆင့်မြင့်တာဝန်ရှိသူများအနေဖြင့် မည့်သည့်သဘောတူညီမှုကိုမဆို ချက်ခြင်းတရားဝင်ထောက်ခံမှုပေးနိုင်သည်။ သို့ရာတွင် ထိပ်သီးဆွေးနွေးပွဲများသည် လူမြင်သူမြင် တရားဝင်လုပ်ရသည် ဖြစ်ရာ၊ ဖြစ်စဉ်ဆောင်ရွက်ချက်အဆုံးတွင် ရလဒ်တခုခုပြနိုင်ရန် ပါဝင်ဆောင်ရွက်သူများအပေါ် ပြင်းထန်သည့် လူထုဖိအားများပေးခြင်းများ ဖြစ်တတ်သည်။

*ပတ်လည်ဆွေးနွေးမှုများ* (Round talbel discussions)

အစုအဖွဲ့အားလုံးပါဝင်သည့် ပတ်လည်ဆွေးနွေးပွဲများသည် မည့်သည့် ညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်တွင်မဆို အဓိကကျသည့် အကြောင်းရပ်ဖြစ်သည်။ သို့သော် တတ်ရောက်သူများ၏ သဘောထားကြီးမှုနှင့် ဖြစ်စဉ်ပုံစံတကျဖြစ်ခြင်းကြောင့်

ဆွေးနွေးမှုမှာ ဟက်ဟက်ပက်ပက်မရှိပဲ လေလုံးထွားစရာသာဖြစ်လာနိုင်သည်။ အထူးသဖြင့် အပေးအယူပြုလုပ်နိုင်မည့် အခြေအနေ ရောက်လာ စေမည်မဟုတ်။ သို့ရာတွင် အကြွင်းမဲ့အာဏာကုန်ရှိသည့်မျက်နှာစုံညီအစည်းအဝေးမှာ စံထားစရာ နေရာဖြစ်လာနိုင်သည်။ အစည်း အဝေးအစီအစဉ်ခေါင်းစဉ်များအပေါ်၊ ပုံမှန်သဘော အားဖြင့် အတည်ပြုထားသည့်ဆုံးဖြတ်ချက်များအပေါ် အတည်ပြုချက်များ ဤအစည်း အဝေးမျိုးမှ ချမှတ်ပေးနိုင်သည်။

*တဆင့်ခံ သို့ ဆပ်ကော်မတီဆွေးနွေးပွဲများ* (Subgroup or subcommittee discussions)

အစုအဖွဲ့တိုင်းမှ ကိုယ်စားလှယ်များပါဝင်သော်လည်း မျက်နှာစုံညီအစည်းအဝေး ထက်စာလျှင် အရေအတွက်နည်းသည့် ကိုယ်စားလှယ်များဖြင့် ဆွေးနွေးခြင်းဖြစ်သည်။ အသေးစိတ်အကြောင်းရပ် အစီအစဉ်များအတွက် ထိရောက်သည့်ညှိနှိုင်းမှုများ ဆောင်ကျဉ်းပေးသည်။ တဖက်တွင် သတင်းအပြန်အလှန်ဖလှယ်မှုနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းဖြစ်စဉ်များကို ပိုမိုမြန်ဆန် သွက်လက်စေရန် အားပေးသည်။ ပုံစံတကျ အစည်းအဝေးများထက်စာလျှင် ပိုမိုပွင့်ပွင့်လင်းလင်းပြောဆိုဆွေးနွေးနိုင်သည့် နေရာ ဖြစ်နိုင်သည်။ သို့သော်လည်း အလွန်သေးငယ်သည့်ဆွေးနွေးပွဲအရွယ်အစားဖြစ်ခြင်းနှင့် ဆွေးနွေးမှုခေါင်းစဉ်ကျဉ်းမြောင်းသည့်အတွက် မျက်နှာစုံညီအစည်းအဝေးများမှတဆင့် အတည်ပြုထောက်ခံပေး ထားရန် လိုအပ်သည်။

*အပြန်အလှန် လွန်းပြန်ညှိနှိုင်းပေးခြင်း* (Shuttle mediation)

ကြားဝင်ဖြန်ဖြေပေးသူနှင့် အစုအဖွဲ့တခုအကြား အကြိမ်အကြိမ်အခါခါပြုလုပ်သည့် အစည်းအဝေးများဖြစ်သည်။ ဤနည်းလမ်းသည့် တတိယကြားအင်အားစုတခုကို သုံးခြင်းဖြင့် အခြားပဋိပက္ခဖြစ်ဖက်အစုနှင့် သွယ်ဝိုက်သည့်နည်းဖြင့် သတင်း ဆက်သွယ်ရေး လမ်းဖွင့်ထားခြင်းဖြစ်သည်။ ဤနည်းဖြင့် အခြားဆန့်ကျင်ဖက် အင်အားစုနှင့် အငြင်းပွားနေစရာမလိုပဲ မိမိ၏ အမြင်သဘောထားကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်နိုင်ပြီး၊ တတိယကြားဖြန်ဖြေသူမှတဆင့် အခြားဆန့်ကျင်ဖက်အင်အားစုကို သိရှိစေရန် ဤလုပ်နည်းလုပ်ဟန်မှ ဖန်တီးပေးပေသည်။ နှစ်ဖက်မျက်နှာစုံညီ တွေ့ဆုံသည့်အခါ ပထမဦးဆုံးအကြိမ်ဖြစ်ခြင်းကြောင့် ပြဿနာရပ်ကြုံလာသည်ဖြစ်စေ၊ တိုက်ရိုက်စကားပြောဆိုမှုအတွက် တစုံတခုအကြပ်အတည်းဖြစ်လာသည်ဖြစ်စေ ကြားအင်အားစုမှအပြန်အလှန်ညှိနှိုင်းပေးထားခြင်းသည် နှစ်ဖက်ရပ်တည်မှုကို ရှင်းလင်းစေရန်နှင့် ဆက်သွယ်မှုမပြတ်သွားစေရန် အသုံးကျသည့် အလေ့အကျင့်ဖြစ်စေ သည်။ အကြောင်းရပ်များရှင်းရှင်းလင်းလင်းဖြစ်ရန်နှင့် အချက်တချက်အပေါ် အချေအတင်ဆွေးနွေးနိုင်ရန်အတွက် မည့်သည့်အဆင့်၌ မည်သည့် အစုပါဝင်သင့်သည် ကိုလည်း တင်းကြပ်သည့်စည်းမျဉ်းများမထားပဲ ကြားဝင်ဖြန်ဖြေသူက ဆုံးဖြတ်ပေး နိုင်သည်။ တဖက်နှင့်တဖက်အတူတကွ နီးနီးစပ်စပ်ပြုလုပ်သည့်ဆွေးနွေးမှုများ (Proximity talks)တွင်လည်း ထပ်တူမဟုတ်သော်ငြား အထက်ပါဖြစ်စဉ် ဆောင်ရွက်မှုများ နှင့် အလားတူပင်ဖြစ်သည် – အစုအဖွဲ့များမှာ အဆောက်အဦးတခုထဲတွင် အခန်းများကွဲလျက် သို့မဟုတ် အဆောက်အဦးချင်းကပ်လျက် နီးနီးကပ်ကပ် ရှိနေကြသည်။ သဘာပတိအနေဖြင့် တကြိမ်လျှင် နှစ်ဖက်အကြားအပြန်အလှန် သွားရောက်ညှိနှိုင်းပေးခြင်း သို့မဟုတ် ဆွေးနွေးပွဲအတွက် နှစ်ဖက်စလုံးကို သီးခြားစီခေါ်ယူဆွေးနွေးပေးခြင်းမျိုး ဤနည်းဖြင့် ပြုလုပ်နိုင်မည်။

*နှစ်ဖက်မျက်နှာချင်းဆိုင်ဆွေးနွေးပွဲ* (Bilateral discussions)

အစုနှစ်ခုအကြား တိုက်ရိုက်မျက်နှာချင်းဆိုင်ဆွေးနွေးခြင်းကို တရားဝင်ဖြစ်စေ တရားမဝင် လျှို့ဝှက်ဖြစ်စေပြုလုပ်နိုင်သည်။ လျှို့ဝှက်သည့် တတိယကြားအုပ်စုမှ ဦးဆောင်၍ဖြစ်စေ တရားမဝင်ဆက်သွယ်ရေးလမ်းကြောင်းမှဖြစ်စေ သို့မဟုတ် မျက်နှာချင်းဆိုင်လျှို့ဝှက်တွေ့ဆုံချင်းမျိုးဖြစ်စေ တရားမဝင်ပြုလုပ်ရသည့်အခါ

**ပဋိပက္ခ၏ ပြောင်းလဲနေသော သဘော နှင့် ပဋိပက္ခ စီမံဖြေရှင်းမှု**

အခြားတဖက်၏သဘောထားခံယူမှုကို ရှင်းရှင်းလင်းလင်းသိနိုင်သည်မှာ ကြီးမားသည့် တန်ဖိုးဖြစ်သည်။ နှစ်ဖက်အကြားကွာခြားချက်နှင့် တဖက်ချင်းစီ၏ အလေးထား ဦးစားပေးမှုကိုလည်း သိနိုင်သည်။ ထိုပုံစံဖြင့် တရားမဝင်ဆွေးနွေးမှုမှာ အောင်မြင်သော်လည်း တရားဝင်တည်တံ့မည့်သဘောတူညီမှုထွက်လာရန်လိုအပ်ချက်ဖြစ်သည့် တရားဝင်မှုမရှိချေ။ သို့သော်လည်း ရည်မှန်းချက်သွားရာလမ်းကို အထောက်အကူပြုခြင်းကြောင့် ဤနည်းမှာလည်း အရေးတကြီးလိုအပ်သည်။

*ဖြန့်ထုတ်ခြင်း* (Disaggregation)

မျက်နှာစုံညီအစည်းအဝေးများနှင့် ဆွေးနွေးမှုအုပ်စုအခွဲများအားလုံး ရောနှောထားခြင်းဖြစ်သည်။ မျက်နှာစုံညီအစည်းအဝေးတရပ်အတွင်း ဆွေးနွေးမည့် အကြောင်းရပ်အစိတ်အပိုင်းများအလိုက် အသေးစိတ်တင်ပြရန်တာဝန်ရှိသည့် အုပ်စုခွဲများ အကြား အလုပ်တာဝန်ခွဲဝေမှု ရှိနေသည်။ အစုအားလုံးအနေဖြင့် ညှိနှိုင်းမှု ဖြစ်စဉ်၏ အဆင့်အားလုံးတွင် ပါဝင်ရန်မှာ အရေးပါနေဆဲပင်ဖြစ်သည်။ ထိုသို့ ခေါင်းစဉ်များ ဖြန့်ထုတ်သည့် အဆင့်တွင် ကွဲပြားမှုတိုင်းကိုတတ်နိုင်သမျှ ဖြေရှင်းထားသင့်သည်။ အဘယ့်ကြောင့်ဆိုသော် ကျယ်ပြန့်ပြီး တရားဝင်ဖြစ်သည့် အစည်းဝေးများတွင် ဆုံးဖြတ်မှုမှာ ပိုမိုခက်ခဲခြင်းကြောင့်ဖြစ်သည်။ သို့သော်လည်း မျက်နှာစုံညီအစည်းအဝေးသည် ပို၍တရားဝင်ဆန်သောပုံစံနှင့် တရားဝင်ခွင့်ပြု သဘောတူညီချက်များကို ဆက်လက်ဆောင်ရွက်သည့်အပြင် အုပ်စုခွဲဆွေးနွေးပွဲများ၏ အဆိုပြုချက်များကို အတည်ပြုရန်အတွက်လည်း နောက်ဆုံးအာဏာအဖြစ် ဆက်လက်တည်ရှိသင့်သည်။ ကော်မတီခွဲများအနေဖြင့် တိကျသောအချက်လက်များနှင့် ပတ်သက်ရန်အတွက် သေးငယ်သောပမာဏအတိုင်းအတာအနေဖြင့် ဆောင်ရွက်နိုင် ကြသည်။ ထို့အပြင် ဆွေးနွေးပွဲခုံပေါ်သို့လည်း အပြည့်အဝပြန်၍တင်ပြနိုင်သည်။ ထိုသို့ပြုလုပ်ခြင်းသည် အချိန်ကိုချွေတာနိုင်ခြင်းနှင့် လေလုံးထွားခြင်းကိုရှောင်နိုင်ရုံသာ မဟုတ်ချေ။

၁၉၉၇–၉၈ခုနှစ် မြောက်အိုင်ယာလန်ဆွေးနွေးပွဲဖြစ်စဉ်သည် ဖြန့်ထုတ်ခြင်းပုံစံ ဆွေးနွေးမှုအစီအစဉ်၏ ဥပမာတရပ်ဖြစ်သည်။ ဆွေးနွေးမှုအစီအစဉ်ကို တင်ပြမှု အစဉ်သုံးရပ်အဖြစ် ခွဲထုတ်ခဲ့သည်။ ပထမအဆင့်သည် မြောက်ပိုင်းအိုင်ရစ်နိုင်ငံရေး ပါတီများနှင့် ဗြိတိသျှအစိုးရအပါအဝင် မြောက်ပိုင်းအိုင်ယာလန်အတွင်း အာဏာ ခွဲဝေရေး ပုံစံနှင့်ဆက်နွယ်သည်။ ဒုတိယအဆင့်သည် အိုင်ယာလန်၏ အစိတ်အပိုင်းနှစ်ခု အကြားဆက်စပ်မှုနှင့်ပတ်သက်သည်။

**ညှိနှိုင်းဆွေးနွေးမဖြစ်နိုင်သည့် ပုံစံအတွက် အမျိုးမျိုးအစုံအလင် ရွေးချယ်စရာများ**

- ကျယ်ပြန့်သည့်ညီလာခံများ
- အမိကပြောရေးဆိုခွင့်ရှိသူများ၏ ထိပ်သီးဆွေးနွေးပွဲ
- ပတ်လည်ဆွေးနွေးမှု
- အပြန်အလှန် ညှိနှိုင်းပေးခြင်း
- နှစ်ဖက်မျက်နှာချင်းဆိုင်ဆွေးနွေးခြင်း
- မျက်နှာစုံညီဆွေးနွေးပွဲများ၊ အုပ်စုခွဲများ ပါဝင်ရောနှောနေသည့် ပုံစံ
- အနည်းစုကိုယ်စားပြုသည့်အစီရင်ခံချက်ဖြင့် သဘောကွဲလွဲမှုများကို အသိအမှတ်ပြုခြင်း
- ညှိနှိုင်းသူများနှင့်လေ့လာသူများအတွက် ကွဲပြားသည့်အဆင့်ကဏ္ဍနှင့် လုပ်နိုင်စွမ်းကို သတ်မှတ်ခြင်း

တတိယအဆင့်တွင် ဗြိတိသျှ–အိုင်းရစ် နှစ်ဖက်သဘောတူညီမှုအသစ်ကို

အာရုံထားသည်။ အိုင်ရစ်နှင့် ဗြိတိသျှတို့သာ အဓိကပါဝင်ပြီး အခြားအစုအဖွဲ့များ အနေဖြင့် လေ့လာသူများအဖြစ်သာ ရှိတော့သည်။ တင်ပြမှုအစဉ်သုံးဆင့်ကို တပြိုင်တည်းပြုလုပ်နိုင်ရန် ရေးဆွဲရာတွင် တခုချင်းစီအတွက် လွတ်လပ်သည့် သဘာပတိထားရန်နှင့် အကဲဖြတ်ဝေဖန်မှုအတွက် မျက်နှာစုံညီအဆင့်သို့ ပုံမှန်အစီရင်ခံချက်များ ပေးပို့ရန်ဖြစ်သည်။

တောင်အာဖရိက၏ ဒီမိုကရက်တစ်တောင်အာဖရိကညီလာခံ(CODESA)အတွင်း အဓိက အကြောင်းရပ် ၃ ချက်နှင့်အတူ ပြည့်စုံကျယ်ပြန့်သော ဖြန့်ထုတ်မှုဖြစ်စဉ်တခုကို လုပ်ဆောင်ခဲ့သည်။ ညှိနှိုင်းမှုအစည်းအဝေးကြီးမှ ဖြစ်စဉ်အတွင်းရှိ အလုံးစုံခြုံငုံပါဝင်သည့် မျက်နှာစုံညီအစည်းအဝေးအာဏာပိုင်မှုကို ဖွဲ့စည်းပေးခဲ့သည်။ ထို့နောက် ဆွေးနွေးမည့်အစီအစဉ်၏ အသေးစိတ်အကြောင်းရပ်များအလိုက်တာဝန်ယူပြီး မျက်နှာစုံညီအစည်းအဝေးသို့ ပြန်လည်တင်ပြရန်အတွက် အလုပ်အဖွဲ့ ၅ဖွဲ့ကို ဖွဲ့ခဲ့သည်။ တတိယအဆင့်ရှိ နည်းနာဆိုင်ရာကော်မတီသည် အခြားအကြောင်းရပ်များနှင့်မတူပေ။ ပွင့်ပွင့်လင်းလင်းပြောရလျှင် ညှိနှိုင်းဆွေးနွေးမှုဆိုင်ရာ အစည်းအဝေးမဟုတ်ပေ။ ထိုသူများမှာ အစုအဖွဲ့မှ ညှိနှိုင်းစေ့စပ်သူများမဟုတ်ပေ။ မျက်နှာစုံညီအစည်းအဝေးမှနေ၍ အကြံဉာဏ်တင်ပြမှုတောင်းခံခြင်းခံရသည့် ဆိုင်ရာခေါင်းစဉ်အလိုက် ကျွမ်းကျင်သူများဖြစ်ကြသည်။ စိတ်ဝင်စားဖွယ်မှာ အစည်းအဝေးကြီး၌ အကြွင်းမဲ့အာဏာရှိနေစဉ်မှာပင် အခြားအဆင့်များမှာလည်း ဖြစ်စဉ်အပေါ် အကြီးအကျယ်လွှမ်းမိုးမှုရှိတတ်သည်။ ယင်းတို့မှာ ဖြစ်စဉ်အပေါ် အချိန်ကာလသတ်မှတ်နိုင်သည့် "အချိန်ကာလသတ်မှတ်ခြင်းဆိုင်ရာအလုပ်အဖွဲ့ timeframes working group" နှင့် ဖွဲ့စည်းပုံသစ်မူကြမ်းရေးဆွဲရေးအတွက် အရေးပါမှုအားလုံးအတွက် ဆောင်ရွက်ရသည့် "ဖွဲ့ဆိုင်ပုံဆိုင်ရာ နည်းနာကူညီမှုကော်မတီ - constitutional technical committee"တို့ဖြစ်ကြသည်။

ဤနေရာတွင် အုပ်စုခွဲများအတွင်း မတူညီခြားနားသည့်အမြင်များ ပေါ်ထွက်လာသည်။ ထိုအမြင်များကို အခြားအကြံပေးတင်ပြမှုတွင် ဖော်ပြခြင်းဖြင့် မျက်နှာစုံညီအစည်းအဝေးတွင် အပြန်အလှန်ဆွေးနွေး ဆုံးဖြတ်နိုင်သည်။ အခြား မဟာဗျူဟာတရပ်မှာ အများစုနှင့် အနည်းစုအကြံပေးတင်ပြမှုများ သို့မဟုတ် အစီရင်ခံချက်များ ပြုလုပ်ခြင်းဖြစ်သည်။ ဤတင်ပြမှုများတွင် ကြီးမားသောအုပ်စုအမြင်များနှင့် ကွဲပြားသည့်အသံများပါဝင်သည်။

### ၃၊ ၄၊ ၆။ ကျင်းပမည့်နေရာအခင်းအကျင်း (Venue and location)

စကားပြောဆိုမှုကျင်းပရန်နေရာကို အလွယ်တကူ ရှင်းရှင်းလင်းလင်းစဉ်းစားရမည်ဟု ဆိုသော်လည်း ထိုကိစ္စသည် အလွန်သဘောကွဲလွဲစေမည့်အရေးဖြစ်လာနိုင်သည်။ ကျင်းပရာနေရာသည် အရေးကြီးသည့် အမှတ်သညာဖြစ်လာနိုင်သည်။ စကားပြောဆိုမှုကို ဘက်တဖက်၏ ပိုင်နက်နယ်မြေ (home territory) အတွင်းဖြစ်နေလျှင် အခြားတဖက်အနေဖြင့် မျှတမှုမရှိဟု သဘောပေါက်သွားနိုင်သည်။ သိမ်မွေ့သည့်စေ့စပ်ညှိနှိုင်းမှုအတွင်း အကြောင်းရပ်များစွာရှိနေသည့်အတွက် ထိုသို့ နေရာအခင်းအကျင်း ရွေးခြယ်မှုအရ အိမ်ရှင်ပြုရသည့် ဘက်အနေဖြင့် အမှန်တကယ်အခြေအနေတွင် အကျိုးခံစားမှုအနည်းငယ် သို့မဟုတ် လုံးဝမဖြစ်သော်လည်း၊ အခြားတဖက်မှ မမျှတဟု သဘောပေါက်ထားခြင်းကြောင့် ဖြစ်စဉ်တိုးတက်မှုအတွက် လုံလောက်သည့် အဟန့်အတားဖြစ်လာနိုင်သည်။

နှစ်ဖက်လုံးကလက်ခံမည့် ကြားနေရာ(neutral venue)သာလျှင် ထိုပြဿနာမျိုးကို ရှောင်ရှားနိုင်မည်။ သို့သော် ထိုကြားနေရာ သတ်မှတ်ခြင်းအတွက်လည်း သတိထားရန်လိုအပ်သည်။ အကယ်၍သာ စကားပြောဆိုမှုများအတွက် ပဋိပက္ခဖြစ်ပွားသည်

### ၃.၄။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှုဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

့အရပ်နှင့်အတန်ငယ်ကင်းဝေးသည့် တတိယနိုင်ငံတခုတွင် ကျင်းပမည်ဆိုလျှင်လည်း ထိုလက်ခံကျင်းပမည့်နိုင်ငံအနေဖြင့် ဘက်တဖက်ကို ပိုမို အားသာမှုပေးနေသည့်ဟု အထင်အမြင်မျိုးလည်း ပေါ်လာနိုင်သည်။ ထိုသို့ ဖြစ်လာခဲ့လျှင် ဘက်လိုက်မှုမရှိသည့် ကြားနေရာဆိုသည့် အဓိပ္ပါယ်လည်း ပျောက်သွား ပေမည်။ ဘက်မလိုက်ပဲ ကြားနေ

**ထိုတမ်းစဉ်လာအတိုင်းကျင်းပလေ့ရှိသည့် သံခင်းတမန်ခင်းစည်းဝေးမှုများကို ကျော်လွန်ပြီး လုပ်ခဲ့သည့် Oslo တွေ့ဆုံမှုမျိုးသည် တရားဝင်မဟုတ်ပဲ အနှောက်အယှက်ကင်းသည့် နေရာ အခင်းအကျင်းစီမံမှုဖြစ်သည်။ နော်ဝေးနိုင်ငံ၏မီးပူလှုံရာနေရာများရှေ့နှင့် ငြိမ်းချမ်းသော နေရာများ တွင် ဆွေးနွေးပွဲတတ်ရောက်သူများအနေဖြင့် နာရီပေါင်းများစွာကြာအောင် ဆွေးနွေးငြင်းခုံပြီး အတူတကွစားသောက်ကာ တဦးနှင့်တဦးခိုင်မာသည့်ယုံကြည်မှု နားလည်ရင်းနှီးမှုများ တည်ဆောက်နိုင်ခဲ့ကြသည်။**

**ယန်အောဂ်လန်**

မည်ဟု အများက လက်ခံထားသည်ပင် အိမ်ရှင်ထိုနိုင်ငံ အနေဖြင့် မျှတမှုရှိအောင် ဆောင်ရွက်နိုင်မည်လားဟု မေးခွန်းရှိလာသည်။ အစိုးရပိုင်း နှင့်သူပုန်များ အကြား ဖြစ်ပွားနေသည့် ပဋိပက္ခအခြေအနေမျိုးတွင် အစိုးရတာဝန်ရှိသူ များ၏ အခြေအနေ နှင့်နှိုင်းယှဉ်ပြီး သူပုန်များဖက်မှ လွတ်လွတ်လပ်လပ်နယ်စပ်ဖြတ် ကူးခွင့်ရှိ မရှိဆိုသည် လည်း မေးမြန်းစရာဖြစ်လာသည်။ လေယဉ်ခရီးစဉ်၊ ခရီးသွား လက်မှတ်၊ ငွေရေး ကြေးရေး အစရှိသဖြင့် လိုအပ်ချက်များအပေါ် အစိုးရပိုင်းအနေဖြင့် ရရှိလေ့ရှိသော်လည်း သူပုန်များအနေဖြင့် နိုင်ငံခြားခရီးသွားလာရေးအတွက် ခရီးသွားလက်မှတ်အငြင်းပယ် ခံရခြင်း၊ လိုအပ်ချက်များမပြည့်စုံခြင်းများ ဖြစ်တတ်သည်။ ဤအခြေအနေမျိုးကို အ နောက်ဖက်ဂါဇာဒေသ ပါလစတိုင်းလူမျိုးများတွင် နှစ်ပေါင်းများစွာကြုံခဲ့ရသည်။ ပါလစ္စတိုင်းများအနေဖြင့် အစ္စရေးနိုင်ငံသား ခရီးသွား လက်မှတ် ကိုင်ဆောင်ခွင့် မရသည့်အပြင် အခြားနိုင်ငံသားလက်မှတ်များလည်း မရှိထား သည့်အတွက် သူတို့အနေဖြင့် နိုင်ငံပြင်ပထွက်ခရီးသွားလာရန် အခက်အခဲများ ဖြစ်ခဲ့သည်။

နေရာအခင်းအကျင်းစီမံမှုအတွက် စဉ်းစားမှုအချို့လိုအပ်သည်။ ယေဘူယျစည်းမျဉ်း အနေဖြင့် လက်ထောက်အကူအညီလိုအပ်ချက်များမှအစ ဆက်သွယ်ရေး အခွင့်အလမ်း များ၊ ပုဂ္ဂိုလ်ရေးနေရာ စသဖြင့် လိုအပ်ချက်အားလုံးကို အညီအမျှခံစားခွင့်ရစေရန် စီမံဆောင်ရွက်ပေးမှုဖြစ်သည်။ ပုံမှန်အသုံးအဆောင် လိုအပ်ချက်များအပြင် အခြားအခြေအနေလိုအပ်ချက်များကို စဉ်းစားထားရပေမည်။ အစ္စရေး၊ အီဂျစ်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြားပြုလုပ်သည့် ၁၉၇၈ခုနှစ် Camp David ဆွေးနွေးပွဲတွင် အပြန်အလှန်တန်းတူညီမျှရေးအတွက် "တောတွင်း လမ်းလျှောက် ထွက်ခြင်း - walk in the woods" ဆိုသည့်အခြေအနေမျိုးလည်း စဉ်းစားရန်လိုအပ် သည်။ တရားဝင်ဆွေးနွေးခန်းအပြင်ဖက် တိတ်တဆိတ် လျှို့ဝှက်ပြီးပြုလုပ်သည့် တရားမဝင် တသီးပုဂ္ဂလဆွေးနွေးမှုများအတွက် အသစ်တီထွင်ထားသည့် အသုံးအနှုန်း ဖြစ်သည်။

**နေရာအခင်းအကျင်းအတွက် စဉ်းစားရာတွင် ရွေးချယ်စရာများ**

- ဘက်တဖက်ကို ပို၍ထောက်ခံသည့်အမှုအရာပုံစံမျိုးမရှိသည့် နေရာ
- အစုအားလုံး၏လက်ခံနိုင်သည့် ပြည်တွင်းနေရာတခုကို သဘော တူခြင်း
- ဆွေးနွေးပွဲကျင်းသည့်နေရာသည် အစုအားလုံးအတွက် တန်းတူ အခွင့်အလမ်း များ ရှိကြောင်းသေချာအောင်ပြုလုပ်ခြင်း
- တရားမဝင်သော မှတ်တမ်းမထားသော ဆွေးနွေးမှုများဖြင့် တရားဝင် ပုံမှန် ဆွေးနွေးပွဲများ အထောက်အကူဖြစ်စေခြင်း၊

ဖင်လန်နိုင်ငံ သမတဟောင်း Kekkonen အနေဖြင့် သူ၏ ကိုယ်ပိုင်အပန်းဖြေ နားနေသည့် ရေနွေးငွေ့လှုံသည့်နေရာတွင် ဆိုဗီယက်ခေါင်းဆောင်များနှင့် သိမ့်မွေ့ခက်ခဲ သော နိုင်ငံခြားရေးရာ ပေါ်လစီများအတွက်ဆွေးနွေးပွဲများ ကျင်းပလေ့ရှိကြောင်း နာမည်ကြီးခဲ့သည်။ ထိုကဲ့သို့သော တရားမဝင် တွေ့ဆုံ ဆွေးနွေးမှုများ သည် တရားဝင် ညှိနှိုင်းဆွေးနွေးပွဲများကို ပို၍လွယ်ကူချောမွေ့စွာ လည်ပတ်နိုင်အောင်အထောက်အကူ ပြုသည်။ ထို့ကြောင့် နော်ဝေလူမျိုး သံတမန်ဟောင်း Jan Egeland မှ အော်စလိုမြို့၌ ကျင်းပခဲ့သည့် တွေ့ဆုံ စကားပြောပွဲများတွင် တဖက်စာမျက်နှာပါ အတိုင်း ပြောကြား ခဲ့သည်။

ယေဘုယျအားဖြင့် နေရာအခင်းအကျင်းဆိုရာတွင် အောက်ဖော်ပြပါအခြေအနေ များနှင့် ဆီလျော်ပါသည်။

– အရွယ်ပမာဏနှင့် သင့်တင့်မှန်ကန်မှု။ တရားဝင် နှင့် တရားမဝင်ပြုလုပ်သော ဆွေးနွေးပွဲငယ်များ၊ တတ်ရောက်သူများ အားလုံးအတွက် လုံလောက်သောနေရာ အကျယ်အဝန်းရှိမှု နှင့် လိုအပ်သော စားသောက်ဖွယ်ရာများထောက်ပံ့နိုင်မှု၊

– လုံခြုံရေး။ ဆွေးနွေးပွဲတတ်ရောက်သူများ၏ လုံခြုံရေးအပါအဝင် အစည်းအဝေး မှတ်တမ်းများ အပြင်သို့မပေါက်ကြားရန်အတွက်ထိန်းသိမ်းရန်။

– ညီတူညီမျှအခွင့်အလမ်းရရှိမှု။ မိမိနေရပ်မှ ဆွေးနွေးပွဲကျင်းပရာနေရာသို့ ခရီး သွားလာနိုင်မှု၊

ကွဲပြားခြားနားသော နေရာအခင်းအကျင်း ပုံစံများကို ဥပမာအနေဖြင့် ထုတ်ပြရလျှင် ၁၉၇၈ခုနှစ်တွင် CAMP DAVID ၌ပြုလုပ်ခဲ့သော တွေ့ဆုံစကားပြောပွဲများ၌ အစ္စရေး နှင့် အီဂျစ် နိုင်ငံတို့ကို ကိုယ်စားပြုသောအဖွဲ့များသည် စခန်းအတွင်းသီးခြား အဆောက်အအုံများ၌ ထားရှိခြင်းခံရပြီး သမ္မတ Carter ၏ အဆောက်အအုံ၌သာ တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ခဲ့သည်။ ဤဆွေးနွေးပွဲများသည် သီးခြားဆန်ပြီး၊ အမေရိကန်နိုင်ငံသမ္မတ၏ ကာကွယ်စောင့်ရှောက်မှုအောက်၌ရှိခဲ့သည်။ ၁၉၉၁ခုနှစ် အီးသီးယိုးပီးယားနိုင်ငံ ပဋိပက္ခဖြန်ဖြေရေး လန်ဒန်အစည်းအဝေးပွဲကို ဗြိတိန်နိုင်ငံမှ လက်ခံကျင်းပခဲ့သော်လည်း ကြားဝင်စေ့စပ်သူမှာ အမေရိကန်နိုင်ငံဖြစ်နေခဲ့သည်။

## ၃.၄။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှုဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

၁၉၈၃ခုနှစ်က လက်ဘနွမ်နိုင်ငံအရေးပြုလုပ်သည့်အစည်းအဝေးပွဲကို ဘက်လိုက်မှုမရှိဟု ကျော်ကြားသည့် ဂျီနီဗာမြို့တွင် ကျင်းပပြီး၊ ဆွေးနွေးပွဲကြားဝင်စေ့စပ်သူအဖြစ် ဆော်ဒီအာရေဗျနိုင်ငံမှ ဆောင်ရွက်ခဲ့သည်။

၁၉၉၁ မတ်ဒရစ်အစည်းအဝေးပွဲသည် အာရပ်–အစ္စရေးငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲ များအား အစပျိုးစေခဲ့သည်။ ၁၉၉၂တွင်ကျင်းပခဲ့သည့် မြောက်အိုင်ယာလန်ညှိနှိုင်းဆွေးနွေးပွဲများတွင် နှစ်ဖက်အပြိုင်အဆိုင်ဆန္ဒများအား ကျေနပ်မှုရှိစေရန်အတွက် ဘဲလ်ဖတ်စ်၊ ဒါဗလင် နှင့်လန်ဒန်မြို့တို့တွင် တနေရာမှ တနေရာသို့ ပြောင်းရွှေ့ပြုလုပ်ခဲ့ရသည်။ ၁၉၉၀ ခုနှစ် မိုဇမ်ဘစ်ပဋိပက္ခညှိနှိုင်းဆွေးနွေးကိုမူ ရောမရှိ ခရစ်ယန်ဘုရားကျောင်းတွင်ပြုလုပ်ခဲ့သည်။

### ၃–၄–၇ အဆက်အသွယ်ပြုလုပ်ခြင်းနှင့် သတင်းအချက်လက်များဖလှယ်ခြင်း (Communication and information exchange)

ပွင့်လင်းရိုးသားမှုနှင့် လျှို့ဝှက်မှုတို့ကြောင့် တွေ့ဆုံဆွေးနွေးပွဲဖြစ်စဉ်တွင် နှစ်ဦးနှစ်ဘက်ဆက်ဆံရေးတင်းမာမှု ဖြစ်ခဲလှသည်။ လူထုကိုအသိအပေးခြင်းဖြင့် ရလာသည့်အကျိုးအမြတ်အပေါ် အစုအဖွဲ့များအနေဖြင့် မည်သို့ထိန်းညှိမည်ဆိုသည်မှာ ညှိနှိုင်းမှုဖြစ်စဉ်တခုအတွက်အရေးပါသည်။ ဤနေရာတွင် ဖြစ်စဉ်မှာ ပြောင်ဖြစ်စေ၊ လျှို့ဝှက်ဖြစ်စေ သို့မဟုတ် တခုလုံးဖြစ်စေ ဖြစ်စဉ်အစိတ်အပိုင်းတရပ်ဖြစ်စေ အကြုံးဝင်သည်။ ထိုသို့လူထုကိုအသိပေးခြင်းဖြင့် အစုအဖွဲ့များ၏လုံခြုံရေးနှင့် လျှို့ဝှက်ထားသည့်အခြေအနေအတွင်းမှာပင် သူတို့တင်ပြလိုသည့်သဘောထားများပေးနိုင်သည့် ဝန်းကျင်တခုကို ဖန်တီးထားနိုင်သည်။

လူထုထောက်ခံမှုသည် တွေ့ဆုံစကားပြောပွဲအားအရှိန်မြှင့်တင်နိုင်ရန် လိုအပ်သောတွန်းအားဖြစ်နိုင်သကဲ့သို့၊ အရေးကြီးသည်ညှိနှိုင်းမှုအတွက် အစုအဖွဲ့များ၏ လွတ်လပ်မှုကို နည်းပါးစေသည့် အတားအဆီးလည်းဖြစ်နိုင်သည်။ ပွင့်လင်းမှုရှိခြင်းကြောင့် ဖြစ်စဉ်လျှို့ဝှက်ထားခြင်းမှ ဖြစ်လာတတ်သည့် ပြင်ပသံသယများကိုလည်း လျှော့ကျသွားစေသည်။ ထို့အပြင် ပေါ်ထွက်လာသည့်ရလဒ်ကို လူထုပရိသတ်ထံသို့ အစွံထုတ်ရန် အရေးကြီးသည့်ပြင်ဆင်ချက်တရပ်လည်းဖြစ်သည်။

သတင်းပြန်ကြားမှုမရှိသည့် ဆွေးနွေးပွဲများမှာ အပြင်သို့မပေါက်ကြားနိုင်ရန်အတွက် လုံးဝထိန်းချုပ်ခြင်းခံရပြီး၊ ပါဝင်ဆွေးနွေးသူများအနေဖြင့်လည်း လွတ်လွတ်လပ်လပ်ပြောဆိုဆွေးနွေးနိုင်ကြသည်။ ထို့အပြင် အသေအချာအခိုင်မာပြောဆိုဖို့မလိုသေးပဲ အခြေအနေနှင့် ရလာဒ်များကို ပိုမိုဖွင့်ချနိုင်ခွင့်ရသည်။ ညှိနှိုင်းမှုနောက်ဆုံးအဖြေကို အားလုံးသဘောတူနေသမျှပတ်လုံး ဆွေးနွေးပွဲနှင့်ပတ်သက်၍လျှို့ဝှက်ထားမှုသည် အစုအဖွဲ့များအတွက် တစုံတရာအကျိုးဖြစ်စေသည်။ ဥပမာ – အစုအဖွဲ့တရပ်အနေဖြင့် မနက်ဖြန် ဆွေးနွေးပွဲတွင် ပြန်လည်အနိုင်ရနိုင်သည့်အခြေအနေအပေါ် ယနေ့ဆွေးနွေးပွဲတွင် ဆွေးနွေးမှုမှ အခြေအနေတစုံတရာလိုက်လျောပေးခြင်းမျိုးအတွက် အခွင့်သာသည်။ ဤနေရာတွင် အလျှော့ပေးလိုက်ခြင်း၏အားနည်းမှုအပေါ် ပြင်ပမှ စွတ်စွဲဝေဖန်မှုများ လည်းရှိမည်မဟုတ်။ ဆွေးနွေးပွဲပြင်ပရှိ လူထုပရိသတ်များအနေနှင့် ဆွေးနွေးပွဲ အတွင်း အစု၏လုပ်ကိုင်ဆောင်ရွက်မှုအပေါ် ကန့်သတ်ချုပ်ချယ် နိုင်မည်မဟုတ်။ အစ္စရေးနှင့် PLO တို့အကြား အော်စလို ညှိနှိုင်းပွဲ ကာလအတွင်း အကြိုညှိနှိုင်းမှု ဖြစ်စဉ်တွင် ဤအချက်မှာ အဓိကအကျိုးဖြစ်ထွန်းမှုတရပ်ဖြစ်ခဲ့သည်။ သို့ရာတွင် မကျေနပ်မှုများဖြစ်လာနိုင်သည့် လက်ခံရတောမည့် ပြီးပြီးသားကိစ္စရပ်များ တင်ပြ လာသည့်အခါတွင် ထိုနောက်ဆုံးရလဒ်မှာ လူထုပရိသတ်များအတွက် အံ့သြစရာတခုထက် ပိုလာနိုင်သည်။

### ၃၁၄။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှု ဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

**အသေးစိတ်အခြေအနေအပေါ် မူတည်၍ ဆက်သွယ်ရေးနှင့် သတင်းအပြန်အလှန် ဖလှယ်ရေးအတွက် ဖြစ်စဉ်ရေးဆွဲသူများအနေဖြင့် အောက်ပါအချက်များ ကို ရွေးခြယ်နိုင်သည်။**

- လုံးဝလျှို့ဝှက်ထားသည့် ဆွေးနွေးညှိနှိုင်းမှုပုံစံ
- အစုအဖွဲ့အားလုံးသဘောတူညီချက်ဖြင့် ပုံမှန်တိုးတက်မှုများ သို့ အခါအားလျော်စွာ ပြင်ပသို့ သတင်းထုတ်ပြန်ပေးခြင်းခြင့် ညှိနှိုင်းမှုများ ရပ်နားခြင်း၊
- ပါဝင်သူအားလုံးအကြားသဘောတူညီမှုဖြင့် သတင်းပိတ်ဆို့ခြင်း
- အစုအဖွဲ့တခုချင်းစီ၏ လိမ္မာသိုသပ်မှုဖြင့် မီဒီယာများကို ဆက်ဆံခြင်း
- သဘောတူညီချက်အရ ဥက္ကဌ သို့မဟုတ် ကြားဝင်ညှိနှိုင်းသူကို လူထုဆက်ဆံရေးတာဝန် ပေးအပ်ခြင်း
- အားလုံး၏ကိုယ်စား မီဒီယာဆက်ဆံရေးစီမံရန် သတင်းထုတ်ပြန်မှုဆိုင်ရာ အမြဲတမ်းအတွင်းဝင်တဦးထားရှိခြင်း
- အစုအဖွဲ့များအကြား ဆက်သွယ်ရေးလမ်းကြောင်းအဖြစ် အဓိကထားသည့် အတွင်းရေးမှူးတဦးထားရှိခြင်း
- အစုအဖွဲ့များအကြား ဆက်သွယ်ရေးအတွက် တာဝန်ရှိသည့် ဆပ်ကော်မတီတရပ်ဖွဲ့စည်းခြင်း

လျှို့ဝှက်ဆွေးနွေးများ၏ အလားအလာ ကောင်းသည့် အရှိန်အဟုန်ရှိနေချိန်မှာပင် အစုအဖွဲ့တရပ်အနေဖြင့် မိမိပရိသတ်ကို အပြန်အလှန်အပေးအယူများပါဝင်နိုင်သည့် သဘောတူညီချက်တရပ်ကို ရှင်းလင်းရန်အတွက် အချိန်ကာလတခု ဆွဲယူရသည်။ ပြီးခဲ့သည့် ညှိနှိုင်းဆွေးနွေးမှုများ၏ကို ထိုသို့ ပြန်လည်ရှင်းလင်းရသည့်အခါတွင် အစုအဖွဲ့တရပ်အနေဖြင့် ပြဿနာရပ်အတွင်း ပြန်လည်ရောက်သွားသည်ကို ကြုံရသည်။ ထိုအခြေအနေမျိုးကို လူထုပရိသတ်နှင့်ထိစပ်ချိန် (ခသညျအငအေကနညခပ ါ) ဟု ခေါ်နိုင်သည်။ ထိုအခြေအနေသည် ဆွေးနွေးပွဲများ၏ပုံသဏ္ဍာန်အတွက် ပါဝင်ပတ်သက်နေသည်။ လူထုပရိသတ်များနှင့် တိုင်ပင်နိုင်ရန်အတွက် မကြာခဏဆိုသလို ယခုအတိုင်းဆွေးနွေးပွဲယာယီရပ်နားရန်လည်း လိုအပ်သည်။

အခြားတဖက်၌မူ သတင်းပြန်ကြားမှု၏ ထိရောက်သည့်အသုံးဝင်မှုများ ရှိနေသေးသည်။ သတင်းပြန်ကြားမှုကို ထိရောက်စွာအသုံးချခြင်းဖြင့် အဆင့်တဆင့်တွင် တရားဝင်မှုညှိနှိုင်းမှုအနေအထားဖြစ်လာနိုင်သည်။ သတင်းပြန်ကြားမှုကြောင့် လူထုပရိသတ်အနေဖြင့် သတင်းအချက်အလက်များသိရှိပြီး ဖြစ်စဉ်တိုးတက်မှုတွင် တပြိုင်တည်း သိရှိလိုက်ပါနိုင်သည်။ ပုံမှန်သတင်းပြန်ကြားခြင်းဖြင့် တံခါးပိတ်ဖြစ်စဉ်နောက်ကွက်မှဖြစ်ရပ်များအပေါ် ပရိသတ်၏ သံသယထားမှုများ လျော့ပါးစေသည်။ အထူးသဖြင့် ဆွေးနွေးမှုအပြင်တွင် အခြားဖယ်ထုတ်ခံထားရသည့် အဖျားအနားများရှိပါက လျှို့ဝှက်ဆွေးနွေးပွဲ၏အသွင်အပြင်ကြောင့် ထိုသူတို့အနေဖြင့် ရန်ငြိုး အမုန်းထားမှုများ တိုးပွားလာနိုင်သည်။ ထို့သို့ သတင်းပြန်ကြားမှုခြင်းကြောင့် အခြေအနေကို ပွင့်ပွင့်လင်းလင်းသိရှိစေခြင်းဖြင့် ထိုရန်လိုအမုန်းထားမှုများကို အားကောင်းကောင်းခုခံနိုင်မည်ဖြစ်ပြီး၊ ဆွေးနွေးပွဲပျက်စီးစေမည့်အလားအလာအခြေအနေများကိုလည်း လျော့ပါးစေမည်ဖြစ်သည်။

## ၃.၄။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှုဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

လူထုထံသို့ သတင်းပေးနိုင်သည့် အထင်ရှားဆုံးနည်းလမ်းမှာ မီဒီယာများဖြစ်သည်။ ထို့ကြောင့် မီဒီယာများနှင့် မည်သူဆက်ဆံမည်၊ ထိုသို့ဆက်စပ်ရာတွင် မည်သည့်လမ်းကြောင်းနှင့်ဖြစ်စဉ်ကို အသုံးချမည် ဆိုသည်များကို ဆွေးနွေးပွဲအစပိုင်း၌ ကြိုတင်သဘောတူညီချက်ယူထားရန် လိုအပ်သည်။ ထိုအချက်၏အရေးပါမှုသည် စိတ်ဖိစီးမှုဖြစ်လာစရာမရှိချေ။ ၁၉၉၁ခုနှစ် Belfast ဆွေးနွေးပွဲတွင် ထိုအချက်အပေါ် အမျော်အမြင်အားနည်းခဲ့သည်။ သတင်းပိတ်ဆို့ထားရန်အလျှင်စလို သဘောတူညီခဲ့ပြီးနောက် အစုအဖွဲ့များအနေဖြင့် သူတို့၏ကိုယ်ပိုင်ဆန္ဒအတွက် သတင်းတော်မွတ်နေသည့် မီဒီယာများကို အသုံးချခြယ်လှယ်ခဲ့သည်။ အခြားတဖက်အတိုက်အခံ၏ လျှို့ဝှက်စာတမ်းများကို မီဒီယာများသို့ ခိုးထုတ်ခဲ့သည် (အချို့ဖြစ်ရပ်တွင် ငွေကြေးဖြင့် ရောင်းစားခဲ့သည်)။

ဒုတိယအချက်အားဖြင့် ပဋိပက္ခဖြစ်ဖက်အစုအဖွဲ့များအကြား အပြန်အလှန်ဆက်သွယ်ရေး အတွက် မည်သည့်အထောက်အကူပစ္စည်းများလိုအပ်သနည်းဆိုသည့် မေးခွန်းဖြစ်သည်။ ပုံမှန်စားပွဲဝိုင်း၏အဝေးအပြင်ဖက်ရောက်နေချိန်တွင် အကြောင်းရပ်အမျိုးမျိုးအတွက် မိမိတို့၏ထင်မြင်ယူဆချက်များ အပြန်အလှန်ပေးပို့ဆက်သွယ်နိုင်ရန် လိုအပ်လာသည်။ တွေးတောစဉ်းစားစရာ ရပ်တည်ချက်စာတမ်းများအပြန်အလှန်ဝေငှခြင်း ဖြင့် ဤအချက်ကို အရေးယူဆောင်ရွက်လေ့ရှိသည်။ ထိုကိစ္စရပ်များကို အဓိကထားသည့်အတွင်းရေးမှူးတဦးက ပြီးပြည့်စုံအောင်ဆောင်ရွက်နိုင်မည်လား။ သို့မဟုတ် အစုအဖွဲ့များမှ အဖွဲ့ဝင်များပါဝင်သည့် ဆပ်ကော်မတီမှ ဆောင်ရွက်မည်လား။

### ၃၊ ၄၊ ၈။ ဆွေးနွေးပွဲအစီအစဉ်ချမှတ်ခြင်း (Setting the agenda)

ဆွေးနွေးပွဲတတ်ရောက်သူများသည် ညှိနှိုင်းဆွေးနွေးပွဲတွင်ပါဝင်သော ကျယ်ပြန့်သည့်အကြောင်းအရာများအား ကြိုတင်သိထားရန်နှင့် သဘောတူညီမှုရှိထားရန်လိုသည်။ ညှိနှိုင်းဆွေးနွေးမှုတဝက်တပျက်အတွင်း ကြိုတင်ခန့်မှန်းမရသည့်–အခြေအမြစ်ရှိသည့်အကြောင်းရပ်သစ်များပေါ်လာလျှင် ဆွေးနွေးမှုမတည်မငြိမ် ဖြစ်လာနိုင်သည်။ ထို့ကြောင့် ထင်ရှားသည့်အကြိုဆွေးနွေးမှုဖြစ်စဉ်၌ဖြစ်စေ သို့မဟုတ် တရားဝင်ဆွေးနွေးပွဲ၏အစပိုင်း၌ဖြစ်စေ ဆွေးနွေးပွဲအစီအစဉ်ဇယားကို အတိအကျ သတ်မှတ်ထားရန် အရေးကြီးသည်။ အမှန်တကယ်အားဖြင့် ဤကဲ့သို့သတ်မှတ်ထားခြင်းဖြင့် အခြေအမြစ်ရှိသည့်အကြောင်းရပ်များကို ဖြေရှင်းရန်မဟုတ်။ ထိုအကြောင်းရပ်များကို အစီအစဉ်တကျ စာရင်းပြုစုထားခြင်းဖြင့် အားလုံး၏ကျေနပ်မှုကို သင့်တင့်စွာရရှိရန်ဖြစ်၏။

ဆွေးနွေးပွဲများအစီအစဉ်သည် အသေးစိတ်ပဋိပက္ခအပေါ်တွင် အဓိကမူတည်နေသည်။ သို့သော်လည်း ပြဿနာရပ်များနှင့် ထိုပြဿနာရပ်များအဖြေရှာရန်အတွက် လိုအပ်ချက်များကို အနိမ့်ဆုံးအားဖြင့် ကြိုတင်ပြင်ဆင်ရေးအဆင့်တွင် သဘောတူညီထားရန် အရေးကြီးသည်။ အခြေခံတည်ဆောက်ရန်အတွက် လိုအပ်သောအချက်လက်များကို ယေဘုယျဥပမာများဖြင့် အောက်ပါအတိုင်းဖော်ပြထားပါသည်။

ဆွေးနွေးပွဲအစီအစဉ်တွင်ပါဝင်သောအကြောင်းအရာများနောက်တွင် မည်သို့ဖြေရှင်းဆောင်ရွက်မည်ဆိုသည့်သဘောတူညီချကရှိရန်လိုအပ်သည်။ လွယ်ကူစေသည့် သို့မဟုတ် ပိုမိုခက်ခဲစေသည့် အကြောင်းရပ်များ ဖော်ထုတ်နိုင်ပါသလား။ ဖော်ထုတ်နိုင်ခဲ့လျှင် ဆွေးနွေးမှုသည် ပို၍လွယ်ကူသည့် အကြောင်းရပ်များ ကို ကနဦးကိုင်တွယ်ဖြေရှင်းရန်အထောက်အပံ့ ပေးသလို၊ ပူးပေါင်းဆောင်ရွက်မှုပိုမိုတည်ဆောက်ရန်နှင့်အရှိန်တက်လာရန် အတွက်လည်း အားပေးသည်။ သို့တည်းမဟုတ် သဘောတူညီချက်အနည်းငယ်ရ ထားသည့်အတွင်း အဓိကအချက–ကိုယ်၌ ခက်ခဲနေပါက ထိုအချက်ကို ပထမဆုံး ကိုင်တွယ်ရမည်။

၁။ နိုင်ငံသည်ငြိမ်းချမ်းရေးတည်ဆောက်မှု တိုင်းတာသည့်အချက်များ

- အမျိုးသားပြန်လည်သင့်မြတ်ရေး (Reconciliation)
- ပြန်လည်ကုစားခြင်း (Reparation)
- နဂိုအခြေအနေပြန်လည်ရောက်ရှိစေခြင်း (Restoration)
- လုံခြုံရေး (Security)
- လိုအပ်သလို နယ်နမိတ်ရေးဆွဲခြင်း

၂။ ဒီမိုကရေစီစနစ်တည်ဆောက်နိုင်ရန်နှင့် လူ့အခွင့်အရေးမြှင့်တင်ရေး အတွက် တိုင်းတာသည့်အချက်များ

- ဖွဲ့စည်းအုပ်ချုပ်ပုံ
- အခွင့်အရေးဆိုင်ရာ ကြေညာချက်များ
- အသင်းအပင်းများနှင့်အစိုးရပိုင်းအဆင့်ဆင့်

၃။ စီးပွားရေးပြန်လည်တည်ဆောက်မှုများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ မြှင့်တင်ရေးအတွက် တိုင်းတာသည့်အချက်များ

- အကူအညီ
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
- အရင်းအမြစ်များထိရောက်စွာအသုံးချနိုင်ရန် မဟာဗျူဟာ ထားရှိခြင်း (Strategic deployment of resources)
- ပြင်ပဆက်ဆံရေး

အဘယ်ကြောင့်ဆိုသော် အဓိကအကြောင်းရပ်များအပေါ် သဘောတူညီမှုအရ အခြားအကြောင်းရပ်များအပေါ် ရှင်းရှင်းလင်းလင်းဖြစ်မလာနိုင်ပါ။ နောက်ထပ်ရှုထောင့် တခုမှာ အကယ်၍သာ အဓိကဆွေးနွေးရမည့်အချက်တွင် အကြပ်အတည်းဖြစ်နေလျှင် မည်သို့ဖြစ်သင့်သနည်း ဆိုသည့်အချက်ဖြစ်သည်။ ထိုအချက်ကို သီးခြားအခန်းကဏ္ဍ အဖြစ် ဆွေးနွေးရန် ခွဲထုတ်သင့်ပါသလား။ ဒါမှမဟုတ် ထိုအခြေအနေ၌ပင် ဖြေရှင်း သင့်ပါသလား။

မှန်ကန်သည့်ချည်းကပ်မှုဆိုသည် အဘယ်နည်း။ အစုအဖွဲ့များအနေဖြင့် ဆွေးနွေးပွဲ၏ ဆောင်ရွက်နိုင်မှုအပေါ် ယုံကြည်ရန် ကိုင်တွယ်ရလွယ်ကူသည့်အကြောင်းရပ်များဖြင့် စတင်ရန် လိုလားပါသလား။ သို့မဟုတ် မဖြစ်နိုင်ဟုယူဆပါသလား။

**ဆွေးနွေးပွဲအစီအစဉ်ချမှတ်ခြင်းဆိုင်ရာ နည်းနာရွေးခြယ်မှု ၂**

- ကြိုတင်ညှိနှိုင်းမှုများကို လူထုရှေ့မှောက် သို့ နောက်ကွယ်၍ ပြုလုပ်ခြင်း၊ တရားဝင်ဆွေးနွေးပွဲအတွက် ဆွေးနွေးမည့်ဦးစားပေး အစီအစဉ်များ သတ်မှတ်ရန် ကိုယ်စားလှယ်ဦးရည်ကို ဖြစ်နိုင်သမျှ လျှော့ချခြင်း၊
- လုပ်နည်းအစဉ်အလာများနှင့် ဆွေးနွေးပွဲအစီအစဉ်များကို တရားဝင် ဆွေးနွေးပွဲများ တွင် အသုံးပြုခြင်း
- အရေးတကြီး အငြင်းပွားဖွယ်ရာအချက်များအလိုက် ဆွေးနွေးပွဲ အစီအစဉ်အကြောင်းရပ်များကို စနစ်တကျပြုလုပ်ထားခြင်း၊
- ဆွေးနွေးပွဲစဉ်များမှ ရည်လျှာသည့် မူပိုင်းဆိုင်ရာများနှင့် နောက်ဆုံး ရလဒ်အောင်မြင်မှုများအပေါ် ပြင်ဆင်ထားချက်တိုင်းကို သဘောတူလက်ခံစေခြင်း၊

### ၃–၄–၉ အစီအစဉ်များ ကိုင်တွယ်စီမံခြင်း (Managing the proceedings)

အစည်းအဝေးအစီအစဉ်များတွင် မည်သူက သဘာပတိနှင့် ဆုံးဖြတ်ပေးသူအဖြစ် ကြီးကြပ်မည်နည်း။ မည်သည့်သတ်မှတ်မှုအောက်တွင် စီစဉ်မည်နည်း။ ဆွေးနွေးသူများကို မည်သို့အချိန်ကန့်သတ်မှတ်ပေးမည်နည်း။ ဆွေးနွေးပွဲအဆုံးသတ်ရန် တိကျသည့် အချိန်သတ်မှတ်ချက်ရှိပါသလား။ မည်သည့်အခြေခံစည်းမျဉ်းများ သဘောတူညီရန်လိုအပ်သနည်း။ ဆွေးနွေးမှုကို မည်သို့ မှတ်တမ်းတင်ပြုစုမည်နည်း။ ဤအတွက် မည်သူ့မှာ တာဝန်ရှိသနည်း။

အဓိကမေးခွန်းဖြစ်သည့် အစည်းအဝေးအစီအစဉ်ကို မည်သူက သဘာပတိ–လုပ်မည်နည်းဆိုသည့်အချက်အပေါ် ဦးစွာပထမ သဘောတူညီထားရန်လိုအပ်သည်။ အစုအဖွဲ့များအနေဖြင့် ၎င်းတို့ထဲမှ အလှည့်ကျစနစ်ဖြင့် ထိုတာဝန်ကို လွှဲယူနိုင်သည်။ အများ လက်ခံနိုင်လောက်သည့် ပုဂ္ဂိုလ်တဦးချင်းမှလည်း တာဝန်ယူနိုင်သည်။ နိုင်ငံတကာ အေဂျင်စီများ၊ မိတ်ဆွေနိုင်ငံများ၊ ဆွေးနွေးပွဲတွင် ပါဝင်ပတ်သက်ခြင်း မရှိသည့်နိုင်ငံများ ဆွေးနွေးပွဲ၏အိမ်ရှင်နိုင်ငံများမှ ကိုယ်စားလှယ်တဦးဦးကလည်း တာဝန်ယူနိုင်သည်။

အချက်အလက်များကို စဉ်းစားသည့်ရာတွင် တတ်ရောက်သူအားလုံး လက်ခံလောက်သည့် တဦးချင်း အစုအဖွဲ့ နိုင်ငံတခုခုကိုသာမကပဲ တဦးတယောက်ချင်းစီ၏ သီးခြားလိုအပ်မှု ကျွမ်းကျင်မှုများကိုလည်း ထည့်တွက်ရန်လိုသည်။

တခါတရံတွင် သဘာပတိရွေးချယ်မှုသည် ပဋိပက္ခဖြစ်ဖက်အစုအဖွဲ့များအးတွက် ရွေးခြယ်ဖို့ဖြစ်မလာပဲ၊ ပြင်ပရှိကူညီသူများ ကြားဝင်ညှိနှိုင်းသူများမှ အတင်းအကြပ် သတ်မှတ်ခြင်းမျိုးလည်းဖြစ်လာတတ်သည်။

တောင်အာဖရိက ဉပမာတွင် တတ်ရောက်သည့်အဖွဲ့အစည်းများကြား ညီတူညီမျှ ဖြစ်စေရန် အလှည့်ကျသဘာပတိလုပ်သည့် ပုံစံမျိုးဖန်တီးထားသည်။ မြောက်အိုင်ယာလန် တွင်မူ ဆွေးနွေးပွဲတခုလုံး၏ သဘာပတိအဖြစ် အမေရိကန်လူမျိုးဉပဒေပြု အထက်လွှတ်တော်အမတ်ဟောင်း တဦးတည်းကိုသာ တလျှောက်လုံးဆောင်ရွက်စေခဲ့ပြီး၊ ဒုတိယသဘာပတိများအဖြစ် ကနေဒီယန်လူမျိုးတဦးနှင့် ဖင်လန်လူမျိုးတဦးတို့ကို ဆောင်ရွက်စေခဲ့သည်။ ဘော့စနီးယားအရေးတွင် ဆွေးနွေးပွဲကိုပြုလုပ်ရာ၌ သဘာပတိနှင့် ကြားဝင်စေ့စပ်သူအဖြစ် အမေရိကန်နိုင်ငံကဆောင်ရွက်ခဲ့ပြီး ဒေတွန်၌ပြုလုပ်ခဲ့သည်။ မိုဇမ်ဘစ်တွင်မူ သဘာပတိအဖြစ် အစိုးရအဖွဲ့မဟုတ်သော ဘာသာရေးအဖွဲ့အစည်းကတာဝန်ယူခဲ့ပြီး ဆန့်အီဂျီဒို (Sant'Égidio)၌ပြုလုပ်ခဲ့သည်။

### ၃–၄–၁၀ အချိန်သတ်မှတ်ခြင်း (Timeframes)

အချိန်သတ်မှတ်မှုမှာ အချက်ချာကျသည်။ ကြိုတင်သတ်မှတ်သည့် အချိန်ကာလတခုဖြင့် ဆွေးနွေးပွဲများကို အကန့်အသတ်ထားသင့်ပါသလား။ သို့မဟုတ် ရလဒ်တခုထွက်လာသည်အထိ ဆွေးနွေးပွဲအား ကန့်သတ်မထားပဲ အချိန်ကြာမြင့်စွာ ပြုလုပ်သင့်ပါသလား။ ထိုအချက်သည် ဆွေးနွေးမည့်အကြောင်းရပ်ပေါ်တွင်မူတည်၍ ကွဲပြားသည်။ သို့သော်လည်း ကာလတိုအတွင်းပြီးစီးရန် ညှိနှိုင်းမှု၏အချိန်တန်မှု (ripe moments)အပေါ်တွင်လည်းတည်း၏။ ထိုအခြေအနေကြောင့် ကိုယ်တိုင်အချိန်သတ်မှတ်မှုမျိုး လည်းဖြစ်လာတတ်သည်။

အချိန်ကာလအတိအကျသတ်မှတ်မှုသည် အောင်မြင်မှုအတွက် တွန်းအားပေးသည်ဟု အငြင်းအခုန်၏ဘက်တဖက်မှ အခိုင်အမာဆိုနိုင်သည်။ အခြားတဖက်တွင်လည်း အချိန်ကာလသတ်မှတ်မှု မရှိခြင်းကြောင့် သဘောတူညီချက်နှင့် လိုက်လျောမှုများ

အတွက် ပါဝင်သူများကို ဖိအားပေးရန် အရေးတကြီး လိုအပ်ခြင်း မရှိတော့ဟု ငြင်းချက်ထုတ်နိုင်သည်။ ထိုအပြင် ဖိအားပေးရန် အချိန်အနည်းငယ်သာ ရှိခြင်း သို့မဟုတ် အချိန်မရှိခြင်းကြောင့် ပါဝင်သူများအနေဖြင့် ရွှေ့ဆိုင်းထားသည့် နည်းနာများ သုံးစွဲရန် ကြိုးပမ်းလာနိုင်သည်။ ရလဒ်တခုထက်စာလျှင် အခြေအနေ တုံ့ဆိုင်းနေသည့်ကမဆိုးဟု တွက်ဆထားသည့် ဆွေးနွေးပွဲအတွင်း တက်ကြွခြင်းမရှိသော ပါဝင်သူများလည်းရှိနေတတ်သည်။ အခြေအနေတိုးတက်လာရန် သို့မဟုတ် မအောင်မြင်မှုအတွက်အပြစ်တင်ရန် ဖိအားပေးခြင်းမရှိက ထိုသူများအနေဖြင့် ဆွေးနွေးပွဲကို အချိန်ဆိုင်းရန်နှင့် တိုးတက်မှုနှောင့်နှေးစေရန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်သည်။ ထိုဖြစ်ရပ်မျိုးကို ၁၉၉၁ခုနှစ်က မြောက်ပိုင်းအိုင်ယာလန် အရေးကိစ္စတွင် ပူးပေါင်းရေးသမားများက ပြုလုပ်ခဲ့သည်။ သူတို့အနေဖြင့် တရားဝင် အချိန်သတ်မှတ်ခြင်း၏ အရေးတကြီးဖြစ်မှုကို ယုံကြည်ခြင်းမရှိခဲ့ကြပေ။ ပါလစ္စတိုင်းတို့နှင့် ဆွေးနွေးပွဲများတွင်လည်း အစ္စရေးဝန်ကြီးချုပ် Netanyahu ကလည်း ထိုသို့ ကျင့်သုံးခဲ့ဖူးသည်။

အခြားတဖက်တွင်လည်း အချိန်ကာလသတ်မှတ်ခြင်းကြောင့် ပါဝင်သူများအနေဖြင့် ဆွေးနွေးပွဲအတွင်းသက်တောင့်သက်သာရှိခြင်းထက် ပိုမိုလျှင်လျှင်မြန်မြန်ဆောင်ရွက်စေရန် တွန်းအားပေးခြင်းဖြစ်လာနိုင်သည်။ ဤအတွက် အလျှင်စလို မပြည်စုံသည့်ရလဒ်များဖြစ်လာတတ်သည်။ အံ့သြစရာကောင်းလေ့ရှိသည်အချက်မှာ နှစ်ချီကြာနေသည့် သို့မဟုတ် ရာစုနှစ်နှင့်ချီနေသည့် ခါးသီးဖွယ် ပဋိပက္ခများအဆုံးသတ်ရန် ညှိနှိုင်းဆွေးနွေးပွဲများကို ရက်ပိုင်း လပိုင်းမျှသာ အချိန်ပေးကြသည်။ အပေးအယူလုပ်ရန်ငြင်းဆိုခြင်းကြောင့် အောင်မြင်သည့်ရလဒ်များ ဖြစ်လာရန် အဟန့်အတားဖြစ်နေသည့် အစုအဖွဲ့များပေါ်လာတတ်သည်။ ထိုသို့ ပေါ်ထွက်လာမည်ကို စိုးရိမ်ကြောင့်ကျခြင်းသည်လည်း ဆွေးနွေးပွဲဖြစ်စဉ်တောင့်တင်း ခိုင်မာစေရန် လှုံ့ဆော်ချက်တရပ်ဖြစ်နိုင်သည်။ သို့သော်လည်း မလိုလားဖွယ်ရလဒ်များ ထွက်လာစေရန်လည်း တွန်းအားပေးနိုင်သည်။ ထိုရလဒ်မှာ နောက်ပိုင်းကာလတွင် တဖြေးဖြေးအားနည်းပြီးစွန့်ပစ်ရနိုင်သည်။

အမှန်တကယ်အားဖြင့် ရရှိသည့်အချိန်အကန့်အသတ်ရှိနေပါက ညှိနှိုင်းမှုအတွက် အကန့်အသတ်ရည်မှန်းချက်များထားရှိရမည်။ ဥပမာအားဖြင့် အပြန်အလှန်တိုက်ခိုက်မှု ရပ်စဲခြင်းနှင့် ထိုသို့အကောင်အထည်ဖော်ရန် အတည်ပြုလုပ်ဆောင်ချက်မျိုးဖြစ်သည်။ သို့မဟုတ် ပါဝင်သူများအကြားသဘောတူညီချက်ယူခြင်း၊ လုပ်ငန်းဆိုင်ရာ စည်းမျဉ်းများသဘောတူညီချက်ယူခြင်း၊ တရားဝင်မှုသတ်မှတ်ခြင်း စသဖြင့် နောက်ပိုင်းမှ လုပ်ငန်းများဆက်လုပ်ရမည့် ကိုယ်ထည်တည်ဆောက်မှုမျိုးဖြစ်သည်။ ထိုသို့ အကန့်အသတ်ရှိပြီး အထင်ကရဖြစ်စေသည့် အောင်မြင်မှုမျိုးရခြင်းဖြင့် ထိုမှတဆင့် နောက်ထပ်ညှိနှိုင်းမှုများအတွက် အရှိန်အဟုန်သစ်ဖြစ်စေသလို၊ အခွင့်အလမ်းသစ်များ လည်း ပေါ်ထွက်လာနိုင်သည်။ ထိုဖြစ်စဉ်သည် ညှိနှိုင်းမှုအဆင့်အမြောက်အမြား ပါဝင်သည့် ထိရောက်မှုဖြစ်လာသည်။

အိမ်ရှင် အမေရိကန်ပြည်ထောင်စုမှ တင်းတင်းကြပ်ကြပ် အချိန်ပြည့် ချုပ်ကိုင်ထားသည့် Dayton ညီလာခံသည် စံပြုစရာအကောင်းဆုံး ဥပမာဖြစ်သည်။ ဘော့စတီးနီးယားခေါင်းဆောင်များ၏ ဆွေးနွေးပွဲအပေါ် တတိယ ကြားနိုင်ငံ အမေရိကန် ပြည်ထောင်စုအနေဖြင့် အချိန်ကာလသတ်မှတ်မှုအတွက် အပြင်းအထန် ဖိအားပေး ခဲ့သည်။ အချိန်ကာလသတ်မှတ်မှုကြောင့် သဘောတူညီချက်တရပ် ပေါ်ထွက် လာချိန်တွင် သဘောတူညီချက်၏ အရည်အသွေး အတိမ်အနက် အသုံးကျမှုနှင့် အကောင်အထည်ဖော်ရေးအပိုင်းအပေါ် ပါဝင်သူများ၏ လိမ်မာကျွမ်းကျင်မှုသည် အဖြေတရပ်ဖြစ်လာသည် (ဘော့စတီးနီးယားဥပမာကို ဆက်လက်လေ့လာပါ)။

## ၃၊၄။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှုဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

### အချိန်သတ်မှတ်မအတွက် ရွေးခြယ်နိုင်ချေများ

– အချိန်ကာလသတ်မှတ်မှုမထားခြင်း (လုပ်ငန်းဆောင်ရွက်မှုပြီးသည့်အထိ ပါဝင်သူများဆက်လက်ရှိနေခြင်း)
– အချိန်သတ်မှတ်မှုအတွက် ကြိုတင်သဘောတူညီထားခြင်း
– ရထားသည့်အချိန်ကာလအတွင်း အောင်မြင်မှုရရန် ရည်မှန်းချက်များအပေါ် ဖြစ်နိုင်သည့် အချိန်သတ်မှတ်ခြင်း၊
– အငြင်းပွားမှု၏အခြေအနေအားလုံးကို အပြန်အလှန် သဘောပေါက် နားလည်ရန် အတွက် ရည်စူးခြင်း၊
– စတင်သည့်ကာလအတွင်း အောင်မြင်မှုရှိသည့်နောက်ထပ်ညှိနှိုင်းမှုကာလ ရွေးခြယ်ထားခြင်း၊

အလားတူစွာ ၁၉၇၈ခုနှစ် Camp David သဘောတူညီမှုတွင် အစီအစဉ်မပြီးခင် သို့မဟုတ် ရှုံးနိမ့်မှုအတွက် အပြစ်မတင်ခင် သဘောတူညီချက်ဖြစ်လာစေရန်၊ ဗီဒေ နှင့် ဘဂါငြ နှစ်ဦးစလုံးအပေါ် သမ္မတ ဃမေအနမ မှ ပြင်းပြင်းထန်ထန်ဖိအားပေးခဲ့ရသည်။ ထိုဖိအားမျိုးသည် လက်ရှိတာဝန်ကို မမေ့မလျော့ အာရုံစိုက်ခြင်းဖြင့် အပြုသဘောဖက်သို့ ဖြစ်လာစေသည်။ ရှုံးနိမ့်မည်ဆိုသောအမြင်ကိုရှောင်ပြီး အပြန်အလှန်လိုက်လျောနိုင်မည့် အခွင့်အလမ်းများလည်း တိုးများစေသည်။ သို့သော် Camp David ဥပမာအရထပ်ပြောရလျှင် သဘောတူညီချက်သည် အစွဲကင်းကင်းနှင့် ရေရှည်ဆောင်သည့်အဖြေကို ရလာစေသည်။

#### ၃၊ ၄၊ ၁၁။ ဆုံးဖြတ်ချက်ချမှတ်ခြင်း (Decision-making)

ညှိနှိုင်းပွဲများတခုနှင့်တခု ပုံမှန်ကြားကာလအတွင်း ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ရမည်။ မိမိတို့အနေဖြင့် ဆွေးနွေးမည့်အကြောင်းရပ်ကို သဘောတူ–မတူ၊ နှင့် ရှေ့ဆက်နိုင်သွားဖို့ ထိုသဘောတူညီမှုချမှတ်နိုင်–မနိုင် ကို မေးခွန်းထုတ်ရမည်။ အစု အားလုံး သို့ အစုအဖွဲ့အားလုံးနီးပါးအနေဖြင့် သဘောတူညီမှုကို တရားဝင် အသိအမှတ်ပြုပြီး ကတိကဝတ်များထားရှိလာပြီဆိုပါက ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပြီဖြစ်သည်။ သို့သော် ထိုအဆင့်ကို ကြိုတင်ပြုလုပ်ထားရန် အရေးကြီးသည်။ အစုအဖွဲ့တခုအနေဖြင့် နောက်ပိုင်းအဆင့်ရောက်မှ ပြီးခဲ့သည့်သဘောတူညီမှုကို ဖောက်ဖျက်ခဲ့လျှင် ဖြစ်စဉ်တခုလုံးအတွက် အန္တရာယ်ရှိပေသည်။ ပြီးဆုံးမှုမရောက်ခင် ပျက်စီးပြိုကွဲသွားတတ်သည်။ ညှိနှိုင်းမှုဖြစ်စဉ်အတွင်း သဘောတူညီမှုကတိကဝတ်များ (binding agreement)အတွက် လုပ်ငန်းဆောင်ရွက်မှုစနစ်တခုထားရှိရမည်။

ထို့အပြင် သဘောတူညီမှုများရလာပါက မည်သို့အတည်ပြုမည်နည်း။ အစုအဖွဲ့များအနေဖြင့် ဆွေးနွေးပွဲတွင်မရှိသည့် အခြားသူများထံမှ (သူတို့၏နိုင်ငံရေးခေါင်းဆောင်များလည်းဖြစ်နိုင်သည်) သဘောတူညီမှုကို လက်ခံ အတည်ပြုရန် နေ့ချင်းညချင်းဆောင်ရွက်မည်လား။ နောက်ထပ်အဆင့်မသွားခင် အချက်တချက်ခြင်းအတွက် ပြန်ဖျက်မရပဲ အမြဲတမ်းသဘောဆောင်သည့် သဘောတူညီမှုမျိုး ယူထားသင့်ပါသလား။ ထိုအတိုင်းဆောင်ရွက်မည်ဆိုပါက (နောက်ပိုင်းတွင်) စကားပြောဆိုမှုပျက်ယွင်းသွားသည့်တိုင် မပျက်စီးခင်အရင်ကပြုခဲ့သည့် ထိုသဘောတူညီမှုများမှာ ဆက်လက်ရှိနေဦးမည်။ သို့တည်းမဟုတ်

မြောက်အိုင်ယာလန်ဥပမာရပ်ကဲ့သို့ ဆွေးနွေးပွဲကအချက်များကို မဆုံးဖြတ်သေးပဲ စုပုံထားသည့်မူ (banking principle)ကို ကျင့်သုံးမည်လား။ ထိုစနစ်အရ အရာရာ သဘောတူညီမှုရသည့်တိုင် နောက်ဆုံးမတူနိုင်သည့်အချက်ရှိသေးသည်ဆိုသည့် (Nothing is fanally agreed until everything is agreed) သဘောဖြစ်သည်။ အစုအဖွဲ့များအနေဖြင့် နောက်ထပ်ရည်ညွှန်းချက်အတွက် သဘောတူညီပြီးအချက်များကို စုပုံထားခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်ချမှတ်ရာတွင် အခြားရွေးခြယ်စဉ်းစားနိုင်သည့်ပုံစံများ**

ဆုံးဖြတ်ချက်ချမှတ်ရာတွင် အသင့်တော်ဆုံးပုံစံမှာ ဆွေးနွေးဖက်အစုအဖွဲ့များအကြား သဘောတူညီခြင်းဖြစ်သည်။ သို့သော် အခြားရွေးခြယ်စဉ်းစားနိုင်သည့်ပုံစံများမှာ အောက်ပါအတိုင်းဖြစ်သည်။

- အပြည့်အဝသဘောတူညီမှုရခြင်း (အားလုံးသဘောတူညီမှု)
- အများစုမှလက်ခံခြင်း (အစုသို့ ကိုယ်စားလှယ် တဝက်ကျော်၏ သဘောတူညီမှု)
- တစိတ်တဝမ်းတည်းသဘောတူညီခြင်း (အစုအဖွဲ့အားလုံးက သဘောတူညီလာအောင်ပြုလုပ်ခြင်း)
- သင့်တော်သည့်အားလုံးသဘောတူညီမှု ၊ အစုအဖွဲ့များ ကိုယ်စားလှယ်များ၏ အသေးစိတ်အတိအကျရှိသော အချိုးအစားဖြင့် သဘောတူညီချက်ရယူခြင်း ( ကြိုတင်သဘောတူညီမှုအတွက် အချိုးအစားပမာဏ အတိအကျရှိခြင်း၊ အစုအဖွဲ့အရည်အတွက် အစုအဖွဲ့များ၏ အင်အားပမာဏ နှင့် ထိုအဖွဲ့များအနေဖြင့် သူတို့၏ကျယ်ပြန့်သည့် ထောက်ခံသူများမှ သဘောတူညီချက်ရနိုင်သည့်အပေါ် မူတည်ပေသည်။)
- တစိတ်တဝမ်းသဘောတူညီမှုအဆင့်တရပ်ရှာဖွေသည့်အနေဖြင့် လျို့ဝှက်မဲ ကျင့်သုံးခြင်း၊
- ဆန္ဒမဲပေးခြင်းဦးစားပေးမှုဖြစ်လာရန် ပြောင်ဖွင့်လှစ်ဆွေးနွေးခြင်း
- အစုအဖွဲ့များမှ နောက်ဆုံးအတည်ပြုပေးခြင်း သို့မဟုတ် နောက်ဆုံးရလဒ်အတွက် လူထုဆန္ဒခံယူခြင်းဖြင့် အတည်ပြုခြင်း၊

(မှတ်ချက်၊ သဘောတူညီမှု agreement နှင့် တစိတ်တဝမ်းတည်းသဘောတူညီမှု consensus တို့သည် အဓိပ္ပါယ်အားဖြင့် အနည်းငယ်ကွဲလွဲမှုရှိသည်။ အားလုံးလက်ခံနိုင် မည့် အကောင်းဆုံးသော အပြန်အလှန်အပေးအယူနားလည်မှု အဆင့်မရမချင်း ဆွေးနွေးပွဲ များ လုပ်နေသည်မှာ တစိတ်တဝမ်းသဘောတူညီမှုအတွက်ဖြစ်သည်။ သဘောတူညီမှု ဆိုသည်မှာ အတိအကျသဘောရှိသည်၊ သို့သော် အခြားသူများကို လွှမ်းမိုးနိုင်သည့် အစုတခုကို အရေးပေးခြင်းလည်းဖြစ်နိုင်သည်၊စစ်မှန်သည့် အပေးအယူ ညှိနှိုင်းမှုနှင့် ဆန့်ကျင့်သည့် သဘောဆောင်သည်)

## ၃.၄။ အသေးစိတ်ဆိုင်ရာ ညှိနှိုင်းမှုဖြစ်စဉ်တရပ် ဖန်တီးဖော်ထုတ်ခြင်း

ထိုသို့ဆောင်ရွက်ချက်ကြောင့် ကောင်းမွန်သည်ဘက်မှာ သဘောတူညီသည့်အချက်ပေါ်တွင် လိုက်လျောလိုက်ခြင်းကြောင့် အခြားတဖက်၏ လိုက်လျောမှုကိုလည်း ရရှိနိုင်သည်ဆိုသည့် တန်ဘိုးကို သိမြင်နိုင်ခြင်းဖြစ်သည်။ သဘောတူညီချက်တခုလုံးကို နောက်ဆုံးအားဖြင့် အတည်မပြုခင်ကာလ မိမိဖက်ကလိုက်လျောလိုက်ခြင်းနှင့်တဖက်ကရရှိသည့်အချက်ကို ဟန်ချက်ညီစွာတွက်ချက်နိုင်ရန်လည်း သဘောပေါက်နိုင်သည်။ ဆန့်ကျင်သည့်ဖက်၌မူ ဆွေးနွေးပွဲအတွက် ယုတ်လျော့စေသည့် အကြောင်းရပ်များ လည်းရှိသည်။ ပြီးပြည့်စုံသည့်အဆင့်မရောက်ခင် ညှိနှိုင်းမှု ပျက်ပြားခဲ့ပါက သဘောတူညီပြီးသားအချက်အားလုံးနီးပါး သို့ အားလုံးကို စွန့်ပစ်လိုက်ကြပြီး၊ နောက်ထပ်ဖြစ်စဉ်အတွက် လုံး၀ ပြန်လည်စတင်ရခြင်းမျိုးဖြစ်တတ်သည်။

Cyril Ramaphosa မှ တောင်အာဖရိကအတွေ့အကြုံ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံကို ယခုလိုရှင်းပြခဲ့သည်။

“အစုအဖွဲ့အားလုံးကြားမှာ ယေဘူယျအားဖြင့် တစိတ်တ၀မ်းတည်းဆုံးဖြတ်ချက် (general consensus) နဲ့ သဘောတူညီမှုတွေ ဆုံးဖြတ်ချက်တွေ ဖြစ်လာပါတယ်။ ယေဘူယျအားဖြင့် တစိတ်တ၀မ်းတည်းဆုံးဖြတ်မရဘူးဆိုရင် အသင့်အတင့်လုံလောက်တဲ့ အားလုံးသဘောတူညီမှု (sufficient consensus) ကိုအခြေခံပြီး ဆုံးဖြတ်ချက်တွေယူပါတယ်။ ကျွန်ုပ်တို့အတွက် နောက်ထပ်အဆင့်တခုရောက်စေဖို့ သဘောတူညီမှုဖြစ်လာဖို့ ဆောင်ရွက်တာကို သင့်တင့်လုံလောက်တဲ့အားလုံး သဘောတူညီချက်ဖြစ်တယ်လို့ သတ်မှတ်ပါတယ်။ အထူးအားဖြင့် အဖွဲ့နှစ်ခုကြား ဒါမှမဟုတ် အဖွဲ့နှစ်ခုအတွင်း သင့်တင့်မျှတတဲ့ သဘောတူညီမှုဖြစ်လာဖို့ကို ဆိုလိုပါတယ်။ အဖွဲ့နှစ်ခုဆိုတာကတော့ အမျိုးသားပါတီ နဲ့ အာဖရိကအမျိုးသားကွန်ဂရက်တို့ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်အပေါ် သဘောမတူတဲ့ အစုအဖွဲ့များအနေနဲ့ သူတို့ရဲ့ကန့်ကွက်ချက်တွေကို တရား၀င်မှတ်တမ်း တင်ထားနိုင်ပါတယ်။ ဒါပေမယ့်လည်း ပူးပေါင်းဆောင်ရွက်လိုတဲ့စိတ်ဓါတ်အရ ဖြစ်စဉ်ကိုနောက်ဆုတ် သွားဖို့မနှောက်ယှက်သင့်ဘူး ဆိုတာကို သူတို့အနေနဲ့ နားလည်သဘောပေါက်ပါတယ်။”

Ramaphosa အနေနှင့် လိုရင်းကို ရှင်းရှင်းပြတ်ပြတ် ယခုလို ၀န်ခံခဲ့သည်။

“သင့်တင့်လုံလောက်တဲ့သဘောတူညီမှုဆိုတာ ANC နဲ့ NP တို့ သဘောတူညီရင် ကျန်တဲ့အစုတွေရဲ့ သဘောထားမလိုတော့ဘူးဆိုတဲ့သဘောပဲ”

သင့်တင့်လုံလောက်သည့်သဘောတူညီမှုအတွက် အခြေအနေတရပ်ချင်းအပေါ် အသေးစိတ် အတိအကျသဘောပေါက်နားလည်ဖို့လိုပေသည်။ ဆွေးနွေးပွဲအတွင်း ရှိနေသည့်အစုအဖွဲ့အရည်အတွက်၊ ထိုအဖွဲ့များ၏အင်အား၊ ဖြစ်စဉ်အပေါ် လိမ်မာကျွမ်းကျင်မှုနှင့် နှောက်ယှက်ဖျက်စီးနိုင်သည့် စွမ်းပကားများကို သိရှိနားလည်ထားရမည်။ တောင်အာရိကဖြစ်ရပ်အတွင်း ထိရောက်မှုမှာ အဓိကအင်အားစုနှစ်ခုအနေဖြင့် တညီတည်းသဘောတူညီခဲ့လျှင် အားနည်းသည့် အခြားအစုများအတွက် ထိထိရောက်ရောက် စိန်ခေါ်ကန့်ကွက်နိုင်ရန်ခက်ခဲခြင်းဖြစ်သည်။

၁၉၉၇ခုနှစ် မြောက်အိုင်ယာလန်အရေးတွင်မူ အဓိကနှစ်ဖက်အင်အားစုကြားစေ့စပ်နိုင်ရန် အထက်ပါအလားတူဆောင်ရွက်ချက်သည် ပိုမိုရှုတ်ထွေးသော အဓိပ္ပါယ်ဖွင့်ဆိုမှုပုံစံဖြစ်ခဲ့သည်။ သင့်တင့်သည့်သဘောတူညီချက်သတ်မှတ်ရာတွင် ကြိုတင်ဆွေးနွေးပွဲများ၏ မဲခွဲဆောင်ရွက်မှုကို အကဲဖြတ်၍ ညှိနှိုင်းမှုတွင် ပါ၀င်သည့်အစုများ၏ မဲပေးမှုအင်အားအချိုးအစားကို တွက်ချက်ခဲ့သည်။ ထိုမှတဆင့် သတ္တုချပြီးနောက် ဘက်တဖက်စီမှ အများစု၏ထောက်ခံချက်ဖြင့် ဆုံးဖြတ်ချက်များ ဖြစ်လာသည်။ ဥပမာအားဖြင့် ပြည်ထောင်စုနှင့်ပူးပေါင်းလိုသူများ (ညသသညပျအ)မဲမှ ၅၀ရာခိုင်နှုန်းကျော်နှင့် အလားတူလိုပင် ခွဲထွက်လိုသူ အမျိုးသားရေး၀ါဒီများ

(Nationalist)မဲမှ ၅၀ရာခိုင်နှုန်းကျော်၏ ထောက်ခံမှုဖြင့် အဆုံးအဖြတ်များဆုံးဖြတ်သည်။

နောက်ဆုံးသဘောတူညီချက် (အပြီးသတ်ဆုံးဖြတ်ချက်ရလဒ်)ကို တရားဝင် မည်သို့အတည်ပြုလက်မှတ်ထိုးမည်နည်း။ ရလဒ်အပေါ် အတည်ပြုပေးသည့် အစုအဖွဲ့အားလုံး၏ ပူးတွဲကြေညာချက်ဖြင့်လုံလောက်ပြီလား။ ရလဒ်ကို အများပြည်သူထံအပ်နှံပြီး တရားဝင်အတည်ပြုရန်အတွက် သက်ဆိုင်ရာပြည်သူလူထုအကြား မဲဆန္ဒခံယူရန်လိုအပ်ပါသလား။ ပြည်သူအများ၏ သဘောတူညီမှုယူခြင်းအပါအဝင် အန္တရာယ်ကြားအရဲစွန့်မှုအပေါ် တွက်ချက်ထားရန်လည်းလိုအပ–သည်။ အများပြည်သူများအနေဖြင့် ဆွေးနွေးပွဲသဘောတူညီချက်ကို ပယ်ချကောင်းပယ်ချနိုင်သည်(သို့သော် ဤသို့ဖြစ်ရပ်မှာ မည်သည့်ဥပမာတွင်မဆို သင့်တော်မှန်ကန်မှုမရှိခြင်းကို ထောက်ပြသည်)။ သို့တည်းမဟုတ် ထိုသို့မဲဆန္ဒခံယူခြင်းရန်ငြင်းခုန်ဆွေးနွေးခြင်းကြောင့် ဆွေးနွေးပွဲမှ ပယ်ကျဉ်ခံရသည့် သို့မဟုတ် အဖျက်အနှောင့်စိတ်ရှိသည့်အစုများအနေဖြင့် သူတို့၏ငြင်းဆိုချက်အပေါ် အများပြည်သူထောက်ခံမှုတိုးများလာရန် အခွင့်အလမ်းများပေးလိုက်သလိုဖြစ်နိုင်သည်။ သို့သော် သေချာသည့်ကိစ္စမှာ အများပြည်သူမှ အတည်ပြုချက်ပေးလိုက်ခြင်းဖြင့် ဆွေးနွေးပွဲရလဒ်မှာ မေးခွန်းထုတ်စရာမလိုလောက်အောင် တရားဝင်မှုဖြစ်လာသည်။ မြောက်အိုင်ယာလန်ပြဿနာဖြေရှင်းရေးအတွက် ၁၉၉၈ခုနှစ်လူထုဆန္ဒခံယူပွဲတွင် အပြည့်အဝထောက်ခံမှုပြသလိုက်သည့်ပုံစံမျိုးဖြစ်သည်။

## ၃၊ ၅။ ညှိနှိုင်းဆွေးနွေးပွဲအတွက် အခြေခံနည်းနာများ (Basic Techniques for Negotiation)

ညှိနှိုင်းဆွေးနွေးပွဲအတွက် နည်းဗျူဟာနှင့်မဟာဗျူဟာတို့မှာ ဆွေးနွေးသည့်အကြောင်းရပ်ပေါ်တွင် အဓိကတည်မှီသည်။ ဆွေးနွေးမည့်အကြောင်းအရာနှင့် ပါဝင်သူများ၏စွမ်းဆောင်နိုင်ရည်သည် အသေးစိတ်အခြေအနေအပေါ် ချက်ခြင်းတုန့်ပြန်နိုင်မည့် နည်းနာရွေးခြယ်မှုကို ဖန်တီးပေးသည်။ သို့သော်လည်း အချို့ယေဘူယျအခြေအနေတွင် ညှိနှိုင်းဆွေးနွေးမှုအတွက် အသုံးတည့်ကြောင့်သက်သေပြမည့် ရိုးရှင်းသည့်အကြံဉာဏ်များပေးနိုင်သည်။ အချို့မှာ အလွန်ပုဂ္ဂိုလ်ရေးဆန်သည့်အချက်များ ဖြစ်သလို၊ အခြားအရာများမှာ စကားပြောဆိုမှုအတွင်း အပြုအမူတိုးတက်လာစေရန်အတွက် ရိုးရှင်းသည့်နည်းနာများဖြစ်သည်။ အခြေအနေအပေါ်မူတည်၍ အချို့အကြံပေးမှုများမှာ အလွယ်တကူရှိလှသော်လည်း အခြားအကြံများမှာ ခက်ခဲပေမည်။ သို့သော် ထိုအားလုံးမှာ ဖြစ်စဉ်တလျှောက် စဉ်းစားရမည့် တန်ဘိုးရှိသည့်အရာများ ဖြစ်သည်။

ထိုအကြံဉာဏ်သည် ဆန့်ကျင်ဖက်အုပ်စုကိုထိခိုက်စေရန် ပဋိပက္ခအတွင်းရှိအစုအဖွဲ့တခုကို အနိုင်ရစေမည့် ရည်ရွယ်ချက်မဟုတ်ပေ။ အားလုံးအတွက်အကျိုးဖြစ်စေမည့် မှန်ကန်ကောင်းမွန်သည့်ဖြစ်စဉ်ဆောင်ရွက်ရေးဖြစ်ပေသည်။ ယခုအခန်းတွင်းဖော်ပြပါအချက်များအခြေခံချပေးခြင်းသည် ရိုးရှင်းသည့်သဘောသာဖြစ်ပါသည်။ ကောင်းမွန်သည်ဖြစ်စဉ်ကြောင့် ကောင်းမွန်သည့် ရလဒ်ထွက်ပေါ်ရန်အခွင့်အလမ်းများတိုးများလာခြင်းကြောင့် ပါဝင်သူမည်သူကိုမဆို အထောက်အပံ့ဖြစ်စေသည်။ ကောင်းမွန်မှန်ကန်သည့်ဖြစ်စဉ်သည် ပူးပေါင်းဆောင်ရွက်မှုတိုးများလာခြင်းဖြင့် ညှိနှိုင်းပွဲအတွင်းသဘာဝကျကျပြိုင်ဆိုင်မှုကိုဖြစ်ထွန်းစေသည်။ ထိုအခြေအနေများသည် ညှိနှိုင်းမ ႔ဖြစ်စဉ်၏ ခက်ခဲမှုကို ခံနိုင်ရည်ရှိရှိရင်ဆိုင်ရန်အထောက်အကူပြုပါလိမ့်မည်။

## ၃၊ ၅။ ညှိနှိုင်းဆွေးနွေးပွဲအတွက် အခြေခံနည်းနာများ

### ၃၊ ၅၊ ၁။ အစုဖွဲ့များအကြား ယုံကြည်မှုတည်ဆောက်သည့်အဆင့် တိုးတက်စေခြင်း၊

ဖြစ်စဉ်အတွင်း တဖက်နှင့်တဖက် ယုံကြည်မှုအချို့ရှိလာစေရန် ညှိနှိုင်းစေ့စပ်သူအနေဖြင့် လိုအပ်သည်။ ဤသည်မှာ နှစ်ဖက်စလုံးအပေါ် သံသယထားခြင်းကို ပယ်ထုတ်နိုင်မည်တော့မဟုတ်ပေ။ သို့သော်လည်း အခြေခံအားဖြင့် အလုပ်ပူပေါင်းဆောင်ရွက်မှု ဖြစ်စေမည့် အပြန်အလှန်ယုံကြည်မှု အတိုင်းအတာတခုရှိရပေမည်။ ညှိနှိုင်းမှုဖြစ်စဉ်မှတဆင့် အရည်အသွေးပြည့်သည့် အဖြေတရပ်ထွက်ပေါ်လာရန် အနိမ့်ဆုံးမျှော်မှန်းချက်တခုထားရမည်။ အောက်ပါအချက်များမှာ ညှိနှိုင်းဆွေးနွေးမှုဖြစ်လာရန်အတွက် အခြေခံကျသည့် စည်းမျဉ်းအချို့ဖြစ်သည်။

*လျှို့ဝှက်ထားခြင်း။* (Ensure confidentiality)

ညှိနှိုင်းမှုအတွက်အခြေခံကျသည့်စည်းမျဉ်းတရပ်မှာ ပြောဆိုခဲ့သည်များကို ခွင့်ပြုချက်မရှိပဲ ဆွေးနွေးခန်းအပြင်ဖက်တွင် ထပ်မပြောမိရန်ဖြစ်သည်။ ဘက်တဖက်စီတွင် အရေးကြီးပြီးသိမ်မွေ့သည့်ကိစ္စရပ်များဆွေးနွေးမှုများ လျှို့ဝှက်ရေးတွင် စိတ်ချအာမခံချက် ရှိစေရန် လိုအပ်သည်။ ဤအချက်အပေါ် ကြိုတင်သဘောတူညီထားသင့်သလို၊ ထိုအကြောင်းရပ်အပေါ် စိတ်ချအာမခံချက်ကို အစုအဖွဲ့အားလုံးအကြား အကြိမ်ကြိမ်ထားရှိရမည်။ နောက်ပိုင်းအပြုအမူအားဖြင့်လည်း သက်သေပြရမည်။ လျှို့ဝှက်ရေးသည် ညှိနှိုင်းဆွေးနွေးမှုအတွက် အချက်အချာကျသည်။

*ကျွမ်းကျင်လိမ်မာမှုနှင့် အလုပ်ကျေပြွန်မှုပြသခြင်း* (Demonstrate competence and commitment)

ပြိုင်ဖက်အနေဖြင့် ညှိနှိုင်းမှုလုပ်ကိုင်ရန်နှင့် ပြီးဆုံးချိန်အထိ ဖြစ်စဉ်အပေါ် စွဲမြဲစိတ်ထားတတ်သည်ကို သတိပြုမိခြင်းမှ အပြန်အလှန်လေးစားမှုဖြစ်လာတတ်သည်။ ညှိနှိုင်းမှုဖြစ်စဉ်အတွင်း ကျွမ်းကျင်လိမ်မာမှုနှင့် အလုပ်ကျေပြွန်မှုသည် ရလဒ်အတွက် ယုံကြည်မှုရစေသည်။ အစုအဖွဲ့တရပ်အနေဖြင့် မိမိအပြုအမူတွင် စောလျှင်စွာနှင့် အကြိမ်ကြိမ်အခါခါ ထိုအရည်အချင်းများပြသရန်လိုအပ်သည်။

*ထပ်တူမျှဝေခံစားခြင်း* (Empathize)

ရန်သူဟောင်းနှင့်ဆက်ဆံရခြင်းသည် လူသားဆန်သည့်အပိုင်းတွင် အလွန်တရာခက်ခဲပေသည်။ ပြီးခဲ့သည့်စစ်မက်ဖြစ်ပွားမှုများနှင့် ဖြစ်ခဲ့သည့်ပြုမှုချက်များကို ဖယ်ထု–တ်ပစ်ရန်မှာ လွယ်ကူသည့်ကိစ္စတော့မဟုတ်ပေ။ သို့သော်လည်း ထိုသို့သေဆိုးဝါးသည့်ကိစ္စများကိုသာ ကြည့်မြင်နေမည်ဆိုပါက သဘောတူညီမှု မည်သည့်အခါမှ ဖြစ်လာမည်မဟုတ်။ ဆန်ကျင့်ဖက်အစုကို လူသားအဖြစ်ရှုမြင်၍ သူတို့အနေဖြင့်လည်း အတိတ်ကာလတွင် နာကျင်မှုများနှင့်ဒေါသများရှိနေနိုင်သည်ဆိုသည်ကို နားလည်ပေးရန် ကြိုးစားရပေမည်။ သူတို့အနေဖြင့်လည်း အခြားအစုအဖွဲ့များ၏တူညီသည့် ကြိုတင်မှန်းဆချက်များကို ချိုးနှိမ်ရန် ကြိုးပမ်းအားထုတ်ရမည်ဆိုသည်ကို သဘောပေါက်ထားသင့်သည်။ ထိုသို့ သဘောပေါက်နားလည်ပေးရန် ကြိုးပမ်းအားထုတ်မှုလိုအပ်ချက်မှာ အလွန့်အလွန် ကြီးမားသော်လည်း အရေးကြီးလှသည်။

*အဖြေတရပ်အတွက် ယုံကြည်မှုထားရှိခြင်း* (Retain belief in a solution)

ဖြစ်စဉ်အပေါ် စိတ်ပျက်လက်ပျက်ဖြစ်မှုကြီးထွားလာလျှင် ညှိနှိုင်းမှုအတွက် အခြားနည်းလမ်းများကို စဉ်းစားရမည်။ အစုအဖွဲ့တခုကို စကားဝိုင်းသို့ ရောက်လာစေသည့် အကြောင်းရပ်ကို အမှတ်ရပါ။ အလျှင်စလို ထွက်ခွာသွားခြင်းကြောင့် ဖြစ်လာသည့် ကျေနပ်ဖွယ်မရှိသည့်အကျိုးဆက်များကို အမှတ်ရပါ။ မတော်မဆထိခိုက်မှုများ ရှိနိုင်သည်ကို မျှော်လင့်ထားပါ။ သို့သော် ခရီးဆက်နိုင်ရန်အတွက် ယုံကြည်စိတ်ချမှုထားပါ။

### ၃၊ ၅၊ ၂။ ကြည်လင်ပြတ်သားမှုရှိအောင် အားပေးခြင်း (Promote clarity)

သဘောကျနှစ်လိုဖွယ်မရှိသော်လည်း တိကျသည့်သတင်းအချက်အလက်ဖြစ်လျှင် အလွန်တရာအရေးပါသည်။ မည်သည့်အခိုက်အတန့်တွင်မဆို သတင်းအချက်အလက် အပြည့်အစုံမရှိပဲ နားလည်လွယ်ပြီး တာရှည်ခံသည့် ဆုံးဖြတ်ချက်များ ဖြစ်လာမည် မဟုတ်။ တာရှည်ခံမည့်ဆုံးဖြတ်ချက်များမရှိပဲ အောင်မြင်သည့်အဖြေထုတ်မှုဖြစ်လာမည် မဟုတ်။

*အခြားအစုများကို မေးခွန်းထုတ်ခြင်း* (Question the other parties)

စစ်ကြောမေးမြန်းမှုအသွင်ဖြစ်မှုကို ရှောင်ရှားသည့်အနေဖြင့် သဘောထား တောင်းခံသည့် မေးခွန်းများ (Open questions)ကို ဖြစ်နိုင်သမျှသုံးပါ။ အတိအကျ မေးမြန်းချက် (Close questions) များသည် ဟုတ်မဟုတ်အဖြေအတွက် ရိုးရှင်းသည်။ ဥပမာအားဖြင့် ဓဖွဲ့စည်းပုံအသစ် လိုချင်ပါသလားဓဆိုသည့် မေးခွန်းမျိုးဖြစ်သည်။ ထိုမေးခွန်းမျိုးသည် ဆွေးနွေးပွဲအတွက် အသုံးကျသည့်သတင်းနှိုက်ထုတ်မှုမျိုးမဟုတ်။ နှိုင်းယှဉ်ချက်အားဖြင့် သဘောထားတောင်းခံချက်(ဉစနည ဆကနျအသေည္ဟ)မျိုးဖြင့် မြောက်များစွာသောအဖြေများများနှင့် သတင်းအချက်အလက် အများအပြား ရရှိနိုင်သည်။ ဥပမာအားဖြင့်–မည့်သို့သော ဖွဲ့စည်းပုံမျိုး မျှော်မှန်းထားပါသလဲ–ဆိုသည် မေးခွန်းဖြစ်သည်။ သဘောထားတောင်းခံသည့်မေးခွန်းများတွင် မည်သည့်အတွက် ကြောင့် (why)၊ မည်သို့ (how) ဖြစ်ခဲ့လျှင်ဘာကြောင့် (what if) စသဖြင့် စကားလုံးများပါဝင်လေ့ရှိသည်။

*စကားပြေပြန်ခြင်း၊ ရှင်းလင်းစေခြင်းနှင့် အနှစ်ချုပ်ခြင်း* (Paraphrase, clarify and summarize)

သဘောထားတောင်းခံချက်အတွက် အဖြေရလျှင် ဖြေဆိုချက်အပေါ် ပြန်လည် အနှစ်ချုပ်ခြင်း သို့မဟုတ် စကားချောပြန်ခြင်းပြုလုပ်၍ ဖြေဆိုသူကို ပြန်လည် မေးမြန်းခြင်းဖြင့် တိကျမှန်ကန်မှုကို စစ်ဆေးရမည်။ ဥပမာ – ဖြေဆိုထားသည့်စကားကို မိမိအနှစ်ချုပ်ချပ် သို့ စကားပြေပြန်ချက်ကို ပြန်လည်ပြောဆို၍ ဟုတ်မဟုတ် စစ်ဆေး ရမည်။ ဖြေဆိုသူမှ ကျေနပ်သည့်အဆင့်ရောက်သည့်အထိ အကြိမ်ကြိမ် ကြိုးစားလုပ် ဆောင်ရမည်။ ဤသည်မှာ တိကျသည့်သတင်းရရန် နှိုက်ထုတ်အစ်ယူခြင်း မဟုတ်ပေ။ ဤသို့ပြုလုပ်ခြင်းဖြင့် ဖြေဆိုသူအနေဖြင့်သူတို့၏ပြင်းဆိုချက်များကို ပြန် လည် သိရှိကြားစေနိုင်မည်။

*အကြောင်းရပ်များအပေါ် အာရုံးစူးစိုက်ခြင်း* (Maintain focus on the issues)

အငြင်းပွားနေသည့်အစုအဖွဲ့များအတွက် အခြေခံကျသည့်အကြောင်းရပ်မှာ သူတို့၏ဦးတည်ချက်အကြောင်းများနောက်တွင် အသေအချာအထင်အရှားရှိနေသည်။ အစုအဖွဲ့တခုချင်း၌ ထိုအကြောင်းရပ်နှင့်ဆက်နွယ်ပြီး နှစ်ပေါင်းများစွာ အနာတရများ၊ ဒေါသများ ရှိနေလိမ့်မည်။ ထိုခံစားချက်များကို ဖော်ပြရန်နှင့်နားလည်မှုရှိရန်လိုအပ–သည်။ သို့သော်လည်း ရှင်းလင်းပြတ်သားမှုဖြစ်စေရန်ရည်သန်ပြီး အကြောင်းရပ်များ အပေါ် အာရုံစူးစိုက်ထား၍ သွေးအေးအေးမေးမြန်းဖြေဆိုခြင်းသည် စိတ်ခံစားမှု အလွန်အမင်းမဖြစ်စေပဲ အရေးကြီးသည့်သတင်းအချက်အလက်များ ထုတ်နုတ်ခြင်း အတွက် အထောက်အကူပေးသည်။

*ဒေါသလျှော့ပါးစေခြင်း* (Defuse anger)

ညှိနှိုင်းမှုဖြစ်စဉ်အတွင်း ဒေါသဖြစ်ပွားမှုပေါ်လာနိုင်သည်။ ဤသည်မှာ ဖြစ်သင့်သည့် သဘာဝတရားမျှ သာဖြစ်ပြီး၊ အရှုံးအနိုင်ပေါ်နိုင်သည့် အရေးကြီးသည့် အကြောင်းရပ်များ ဖြစ်စေသည်။ လှည့်ဖျားကစားကွက်များ ရိုးရိုးရှင်းရှင်းဖြစ်အောင်

## ၃၊ ၅။ ညှိနှိုင်းဆွေးနွေးပွဲအတွက် အခြေခံနည်းနာများ

လျှော့ချခြင်းဖြင့် ထင်ရှားသည့်အကြောင်းရပ်များဆုတ်ယုတ်သွားခြင်းမရှိပဲ ဒေါသကို လျှော့ပါးသွားစေသည်။ ဥပမာအားဖြင့် စိတ်ဒေါသပြေအေးလာအောင် အချိန်တို အနားပေးခြင်း၊ နှစ်ဖက်စလုံး၏ ခံစားခြင်းကို အပြန်အလှန်သဘောပေါက်ခြင်း၊ ဆွေးနွေးပွဲ အတွက် အပြန်အလှန်ရှိနေသည့်ပြဿနာရပ်အနေဖြင့် အစုအဖွဲ့အားလုံး အကြား နက်ရှိုင်းစွာရှိနေသည့် ကြောက်ရွံ့မှု အနာတရနှင့် ဒေါသများကို အသိအမှတ်ပြုခြင်း၊ စသဖြင့်ဖြစ်သည်။

### ၃၊ ၅၊ ၃။ အပြန်အလှန်နားလည်မှုဖြစ်စေခြင်း (Promote understanding)

အပြန်အလှန်အပြည့်အဝနားလည်မှုမရှိလျှင် ဖြစ်စဉ်မှာ ရှုံးနိမ့်ပျက်စီးကိန်းသာရှိသည်။ အဖြေတရပ်ထွက်လာရန်အတွက် ပြဿနာရပ်များဖြေရှင်းရေးအဆင့်စ–တင်ရာတွင် အစုအဖွဲ့အားလုံးအနေဖြင့် အကြောင်းရပ်အားလုံးကို ပြည့်ပြည့်စုံစုံ နားလည်ထားရမည်။ ထိုကိစ္စအများစုမှာ အစုအဖွဲ့များအတွင်းကိုယ်၌မှ ဖြစ်လာနိုင်သည်။ နောက်ထပ်အချက်အလက်များကို ပြင်ပမှ စုဆောင်းနိုင်သည်။ အောက်ပါအချက်များမှာ နည်းနာအရ အကြံပေးမှုအချို့ဖြစ်သည်။

*အကြောင်းရပ်များအပေါ် အမြင်ခံယူမှုများ ခွဲထုတ်ခြင်း* **(Differentiate perceptions from issues)**

သဘာဝအားဖြင့်ဆိုရသော် ပဋိပက္ခအတွင်းရှိအနိုင်အရှုံးမရေရာသေးသည့် အကြောင်းရပ်များစွာမှာ ပဋိပက္ခအတွင်း ပါဝင်သည့်အစုအဖွဲ့များအတွက် အလွန်အမင်းစိတ်လှုပ်ရှားဖွယ် သို့မဟုတ် စိတ်ဓါတ်ရေးရာအရ တုန်လှုပ်ဖွယ်ဖြစ်သည်။ ထိုအကြောင်းရပ်များကို ပယ်ထုတ်ခြင်း သို့မဟုတ် ဂရုမပြုခြင်း မလုပ်အပ်။ ပထမဦးဆုံးအားဖြင့် အရေးကြီးသည့်အချက်မှာ ပဋိပက္ခအတွင်းရှိကိစ္စရပ်များ၏ ဓမ္မဓိဌာန်ကျသည့်အကြောင်းရပ်များကို အများမြင်သာနားလည်အောင် ခင်းကျင်းထားရမည်။ ဒုတိယအချက်အားဖြင့် သဘောထားအမြင်များ (ခံစားချက်များ၊ နာကျင်မှုနှင့်စွန်လွှန်မှုတို့အပေါ် အမှတ်ရဖြစ်စရာများ၊ တဖက်နှင့်တဖက်အပြန်အလှန် ရှုမြင်မှု)ကိုလည်း ဖော်ပြရမည်–ကြားသိစေရမည်။ တတိယအချက်အားဖြင့် နှစ်ဖက်အကြားကွဲပြားချက်ကို ပြတ်ပြတ်ထင်ထင်ရှင်းရှင်းလင်းလင်းဖြစ်စေရမည်။ ဤအချက်သည် ပင်မအကြောင်းရပ် **(objective issues)**နှင့် ဆက်နွှယ်နေသည့်–အကြောင်းရပ် **(relationship issues)** တို့အကြား ကွဲကွဲပြားပြားခွဲခြားရန်အတွက် အသုံးဝင်နိုင်သည်။ ပင်မအကြောင်းရပ်ဟူသည်မှာ အရင်းအမြစ်ရရှိမှုကိုခွဲခြားထားခြင်း **(resource discrimination)** ပိုင်နက်ဆိုင်ရာအငြင်းပွားမှုဖြစ်ခြင်း **(territorial disputes)** စသဖြင့် ဖြစ်သည်။ ဆက်နွှယ်နေသည့်အကြောင်းရပ်ဟူသည်မှာ သဘောထားအမြင် ယုံကြည်မှုနှင့် ဘက်တဖက်မှ အခြားတဖက်၏အမည်နာမကို ထိန်းချုပ်ထားမှုတို့ဖြစ်ကြသည်။ ညှိနှိုင်းမှုဖြစ်စဉ်အတွင်း ပြဿနာရပ်များအဖြေရှာရေးတွင် ပင်မအကြောင်းရပ် အပေါ် အာရုံထားရသည်။ ဖြစ်စဉ်၏အချို့အဆင့်နှင့် အချို့သောနည်းလမ်းများတွင် ဆက်နွှယ်နေသည့်အကြောင်းရပ်များကို အာရုံထားရပြီး၊ အစုအဖွဲ့များ အနေဖြင့်လည်း ထိုအကြောင်းရပ်များအပေါ် နားလည်မှုရှိရန်လိုအပ်သည်။ ကောင်းမွန်မှန်ကန်သည့်ဖြစ်စဉ်တွင် လုပ်ကိုင်ဆောင်ရွက်မှု အပြန်အလှန် ဆက်စပ်ခြင်း တိုးတက်လာသည်နှင့် ထိုအကြောင်းရပ်များမှာ သွယ်ဝိုက်သောနည်းအရ အတိုင်းအတာ တစုံတရာ တင်းမာမှုလျော့ပါးလာသည်။

တခါတရံဖြစ်လေ့ရှိသလို ဘက်တဖက် သို့ နှစ်ဖက်စလုံးအနေဖြင့် စိတ်လွှတ်လက်လွှတ်ပေါက်ကွဲမှု **(blow off steam)**ဖြစ်ရန် သို့ သွေးနည်းနည်း ဆူလာရန် လိုအပ်ချက် သို့မဟုတ် လိုအားအပ်သည့်အကြောင်းဖြစ်လာနိုင်သည်။ ထိုအချိန်တွင် ကြားဝင်ညှိနှိုင်းရေးသမားကောင်းတဦးအနေဖြင့် သင့်တော်ကိုက်ညီသည့် အခိုက်

စာပုံး ၅

## ညှိနှိုင်းဆွေးနွေးမနည်းလမ်းများ၏ အခြေခံစည်းမျဉ်းအချို့

၁။ အစုအဖွဲ့အကြား အပြန်အလှန်ယုံကြည်မှုမြှင့်တင်ပါ။ အခြေခံကျသည့်လုပ်ငန်း ဆက်စပ်မှု ဖြစ်စေမည့် အပြန်အလှန်ယုံကြည်မှုအတွက် အတိုင်းအတာတခု ရပေမည်။

- လျှို့ဝှက်မှုကို ထိမ်းထားပါ။
- လုပ်ရည်ကိုင်ရည်နှင့်လိမ်မာကျွမ်းကျင်မှုကိုပြသပါ။
- တဖက်၏အခြေအနေကို ထပ်တူခံစားကြည့်ပါ။
- အဖြေထွက်မည်ကို ယုံကြည်မှုထားပါ။

၂။ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်ထင်ထင်ဖြစ်ပါစေ။ ပြည့်စုံပြီးတိကျသည့် သတင်းအချက်အလက်မရှိလျှင် နားလည်မှုရှိပြီး တာရှည်ခံမည့်ဆုံးဖြတ်ချက်မရောက်နိုင်။ အသုံးဝင်ပြီး ရှင်လင်းပြတ်သားမှုရှိသည့်ဆွေးနွေးမှုများမှတဆင့် အောက်ပါအချက်အလက်ရယူပါ။

- အတိအကျမေးမြန်းသည့်မေးခွန်းပုံစံ သို့ စုံစမ်းမေးမြန်းသည့်ပုံစံထက် သဘောထားတောင်းခံသည့်မေးခွန်းပုံစံ မေးပါ။ ဥပမာ –ဖွဲ့စည်းပုံအသစ်လိုချင်ပါသလား ဆိုသည့် မေးခွန်းမျိုးထက် ဘယ်လို ဖွဲ့စည်းပုံမျိုး မျှော်မှန်းပါသလဲ ဆိုသည့် မေးခွန်းဖြစ်သည်။
- တုန်ပြန်သူ၏ဖြေဆိုချက်ကို တိကျသေချာအောင် စကားချောပြန်ပေးခြင်း သို့မဟုတ် အနှစ်ချုပ်ခြင်းလုပ်ပါ။ ထို့နောက်ရှင်းလင်းအောင် မေးခွန်းထပ်မေးပါ။
- ဆွေးနွေးသည့်အကြောင်းရပ်ကိစ္စအပေါ် အာရုံမပြတ်ပါစေနှင့်၊
- ခေတ္တခဏ အနားပေးခြင်းနှင့် နှစ်ဖက်စလုံး၏ ခံစားမှုများအပေါ် အပြန်အလှန် အသိအမှတ်ပြုခြင်းဖြင့် ဒေါသများလျှော့ပါးအောင်လုပ်ပါ။

၃။ နားလည်သိမြင်မှု မြှင့်တင်ပါ။ အဖြေထုတ်ရေးအဆင့်စတင်နိုင်ရန် အကြောင်းရပ် အားလုံးအပေါ် အပြည့်အဝနားလည်သိမြင်နေရမည်။

- အကြောင်းရပ်များမှ သဘောထားအမြင်များကို ခွဲထုတ်ပါ။ ပထမအဆင့်အားဖြင့် အကြောင်းရပ်များ မှ ဓမ္မဓိဌာန်ကျသည့်အကြောင်းအရာအားလုံးကို အများနားလည်အောင် ရှင်းလင်းပါ။ ဒုတိယအဆင့်တွင် သဘောထားအမြင်များ၊ စိုးရိမ်မှုများ တဖက်နှင့်တဖက် အပြန်အလှန်အမြင်များကို ဖော်ထုတ်ပါ–ကြားသိစေပါ။
- လိုအပ်ချက်နှင့်အကျိုးစီးပွားကိုခွဲထုတ်ပါ။ အစုအားလုံး၌ ဖြစ်ပေါ်နေသည့်လိုအပ်ချက်ကို အာရုံထား သတိပြုမိပါစေ။
- ကျွမ်းကျင်သူများ၏အကြံဉာဏ်ယူပါ။ ဆွေးနွေးပွဲကိုအားဖြစ်စေမည့် ပြင်ပသတင်းအချက် စုဆောင်းမှု အတွက် အချက်အလက်စုဆောင်းရေးအဖွဲ့များ သို့ ကျွမ်းကျင်သူများ အလုပ်အဖွဲ့ စသဖြင့် အလုပ်အဖွဲ့များထားရှိပါ။

၄။ လှုပ်ရှားမှုမြှင့်တင်ပါ။ အချက်အလက်များစုဆောင်းပြီးသည်နောက် အခြေခံအင်္ဂါရပ်များ တိုးတက်ဖြစ်ထွန်းလာသည့်နောက် ပြဿနာဖြေရှင်းရေး အဆင့် စတင်နိုင်ပါပြီ။

- အကြောင်းအရာများကို ပိုမိုကိုင်တွယ်နိုင်မည့်သေးငယ်သည့်အဆင့်များသို့ စိတ်ပိုင်းခွဲထုတ်ပစ်ပါ။
- အရေးကြီးသည့်အကြောင်းအရာများအလိုက် သို့မဟုတ် လွယ်ကူစွာဖြေရှင်းနိုင်သည့် အဆင့်အလိုက် ဦးစားပေးအကြောင်းရပ်များထားပါ။
- အခြားအစုများ၏ တင်ပြမှုကို အကောင်အထည်ပြုပါ။
- တူညီမှုမှာ အလွန်သေးကျုံ့သည့်အစိတ်အပိုင်းဖြစ်ပါစေ၊ အခြေခံတူညီမှုကို ရှာဖွေဖော်ထုတ်ပါ။ ဤအချက်သည် ပါဝင်သူအားလုံးအတွက် အားတတ်စေပြီး၊ ဆွေးနွေးမှုအရှိန်ကိုလည်း အားဖြစ်စေသည်။
- အကျိုးဆောင်သူအပေါ် တည်ပါ။ အကြောင်းရပ်တခုအပေါ် အစီအစဉ်ချရာ၌ ဘက်ပေါင်းစုံ စဉ်းစားရာတွင် အခက်အခဲရှိနေပြီဆိုပါက အကျိုးဆောင်၏အခန်းကဏ္ဍ အရေးပါပါသည်။

## ပဋိပက္ခ၏ ပြောင်းလဲနေသော သဘော နှင့် ပဋိပက္ခ စီမံဖြေရှင်းမှု

အတန့်အချိန်ကာလကို အကဲဖြတ်ခန့်မှန်းနိုင်ရမည်။

လိုအပ်ချက်နှင့် အကျိုးစီးပွားကို ခွဲခြားဖော်ထုတ်ခြင်း (Identify needs and interests)

လက္ခဏာဖော်ပြချက်နှင့်ဆိုင်သောပဋိပက္ခအတွင်း ဖော်ပြသည့်အကြောင်းရပ်နှင့် တောင်းဆိုမှုများကို အတွင်းကျကျလိုအပ်ချက်များက ကျားကန်ပေးထားသည်။ အခြားအစုအဖွဲ့များ၏ပြောဆိုချက်များကို ဂရုတစိုက်နားထောင်ပါ၊ သည့်နောက် နောက်ကွယ်အကြောင်းများကို ကြိုးစားဖော်ထုတ်ပြီး သူတို့၏လိုအပ်ချက်များကို ရှာဖွေပါ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တောင်းဆိုမှုတခုတွင် ထိုအသိုင်းအဝိုင်း၏အနာဂတ်နှင့် ပတ်သက်ပြီး လုံခြုံမှုမရှိသည်ကို နက်နက်ရှိုင်းရှိုင်းခံစားနေကြောင်း ဖော်ပြနေသည်။ နိုင်ငံရေးအာဏာအတွက် တောင်းဆိုမှုတရပ်တွင် နိုင်ငံရေးတွင်ပါဝင်ခွင့်အတွက် အသိအမှတ်ပြုမှုရရန်လိုအပ်နေသည်နှင့် ဆက်စပ်နေနိုင်သည်။ နိုင်ငံရေးအကျိုးစီးပွားနှင့် အကြောင်းရပ်များသည် နိုင်ငံရေးအရညှိနှိုင်းဆွေးနွေးမှုနှင့် ပဋိပက္ခအဖြေထုတ်ရေး ဆိုင်ရာ ကိစ္စများဖြစ်သည်။ သို့သော် ဖြစ်ပေါ်နေသည့်လိုအပ်ချက်များကို ဂရုတစိုက် အသိအမှတ်ပြုခြင်းဖြင့် အစုအဖွဲ့များအနေဖြင့် သူတို့၏အဆင့်အတန်းနှင့် ပဋိပက္ခသဘောကို အခြေခံအားဖြင့် နက်နက်နဲနဲနားလည်းသိရှိစေနိုင်သည်။ ထို့အပြင် ပဋိပက္ခအတွင်း ဘက်အားလုံး၌ ဖြစ်ပေါ်နေသည့်လိုအပ်ချက်များ (ယခင်က လုံခြုံရေးနှင့် လက္ခဏာဖော်ပြချက်အရ ပြန်လည်ကန့်သတ်ခဲ့ဖူးသည်)သည် အတူတူနီးပါးဖြစ် နေတတ်သည်။ ထိုသို့ရှုဒေါင့်အသစ်သည် အစုအဖွဲ့များအတွက် အရေးကြီးသည့် အချက်အလက်သစ်များပေးနိုင်သည်၊ အခြေခံကျသည့်အချက်များရှာဖွေရန်နှင့် အစုအဖွဲ့များအနေဖြင့် ပူးတွဲလုပ်ဆောင်လာနိုင်ရန်အတွက် အထောက်အကူပေးသည်။ သာဓကဖြစ်ရပ်များအရ လက္ခဏာဖော်ပြချက်အခြေခံ ပဋိပက္ခတရပ်အနေဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နယ်မြေသတ်မှတ်ရေးပုံစံမျိုး အဖြေတရပ်ထုတ်ရမည့် အဆုံးအဖြတ်ကာလသို့ ရုတ်တရက်ရောက်လာသည့်အခါတွင် ပြင်ပဇာတ်ကောင်များ၏အစိတ်အပိုင်းအပေါ် အထူးသဖြင့် နိုင်ငံတကာမိသားစုအပေါ် တိမ်းညွတ်မှု ရှိပေသည်။

*ကျွမ်းကျင်သူများ၏ အကြံဉာဏ်ရယူခြင်း* (Take expert advice)

လိုအပ်မည်ဆိုလျှင် သတင်းအချက်အလက်များအတွက် ညှိနှိုင်းမှုဖြစ်စဉ်ပြင်ပကို ကြည့်ပါ။ ထိုအချက်အလက်များသည် ဆွေးနွေးပွဲအတွင်းအငြင်းအခုန်ဖြစ်နိုင်သည့် အနာဂတ်ဖြစ်နိုင်ချေအလားအလာ သို့ ဖွဲ့စည်းမှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် အထူးတလည် ဆက်နွယ်နေလိမ့်မည်။ ဤသည်မှာ အတိုက်အခံများကို တိုက်ခိုက်ရန်လက်နက်သဖွယ် သတင်းအချက်အလက်များဖြစ်သည်ကို မရည်ညွှန်းပါ။ မျှဝေနိုင်ပြီး ဆွေးနွေးပွဲအတွက် အသိပညာရစေမည့် သတင်းအချက်အလက်များကိုဆိုလိုသည်။ ညှိနှိုင်းမှုဖြစ်စဉ်အတွက် အခြားအစုများနှင့် သဘောတူညီမှုယူ၍ ပြင်မှနေ၍ လေ့လာ အစီရင်ခံမှုများလုပ်ဆောင်ရမည်။ ထိုသို့အချက်အလက်ရှာဖွေရေးလုပ်ငန်းများ (Fact-finding projects)သည် စကားပြောပွဲအတွင်း အငြင်းပွားနေရသည့်အကြောင်းရပ်များအပေါ် ရှင်းရှင်းလင်းဖြစ်စေမည့် အချို့တဝက်သောအစီရင်ခံမှုများ လုပ်ပေးနိုင်သည်။ ကျွမ်းကျင်သူမှုဆိုင်ရာ အလုပ်အဖွဲ့ (Expert working groups) အနေဖြင့် ဆွေးနွေးမှုအစီအစဉ်မှ အငြင်းပွားဖွယ်အကြောင်းရပ်များကို ဆွဲယူပြီး၊ ထိုအကြောင်းရပ်အပေါ် အဖြေအတွက် ရှင်းလင်းသည့်တင်ပြမှုနှင့်ဖြစ်နိုင်ချေများ လုပ်ပေးနိုင်သည်။

### ၃၊ ၅၊ ၄။ လှုပ်ရှားမှုမြှင့်တင်ခြင်း (Promote movement)

တဖြေးဖြေးချင်းနှင့် သတင်းအချက်အလက်များစုဆောင်းပြီးသည့်အခါ–

အခြေခံကျသည့် အင်္ဂါရပ်များတိုးတက်လာသည့်အခါ– အခြေအနေများ အလွန်ရှင်းလင်းလာသည့် အခါတွင် ပြဿနာအဖြေရှာသည့်အဆင့်စတင်ပြီဖြစ်သည်။ ထိုခက်ခဲသည့် အဆင့်တွင် ကြောက်စရာလန့်စရာတာဝန်များကို အချို့သောနည်းနာအငယ်များဖြင့် အလွယ်တကူရှင်းလင်းနိုင်သည်။

*အကြောင်းအရာများ စိတ်ပိုင်းခြင်း* (Fractionate)

လှုပ်ရှားမှုအတွင်း ဖြစ်လေ့ရှိသည့် အဓိကကျသည့်အတားအဆီးမှာ ဆွေးနွေးမည့်–အကြောင်းအရာ အလွန်တရာခက်ခဲရှုတ်ထွေးနေသည်ကို သတိမူထားခြင်းဖြစ်သည်။ အပိုင်းပိုင်းပြုလုပ်ခြင်းဆိုသည်မှာ ဆွေးနွေးမည့်အကြောင်းအရာပါကိစ္စများကို ဆွေးနွေးရလွယ်သည့် အကြောင်းအရာများအဖြစ် ကျဉ်းမြောင်းသွားအောင် အပိုင်းပိုင်းခွဲထုတ်ခြင်းဖြစ်သည်။ ထိုမှတဆင့် ညှိနှိုင်းမှုတလျှောက်အစီအစဉ်များကို ထိန်းသိမ်းကိုင်တွယ်နိုင်သည် သို့မဟုတ် အခြားဆွေးနွေးမှုများ တင်ပြမှုများအတွက် အကြောင်းအရာအလိုက် ဆပ်ကော်မတီများဖွဲ့ပေးနိုင်သည် သို့မဟုတ် ဂရုထားစရာ အစီရင်ခံမှုများအတွက် ပြင်ပအလုပ်အဖွဲ့ကို ကိုယ်စားပြုထားရှိနိုင်သည်။

*အကြောင်းအရာအလိုက်ဦးစားပေးမှုထားခြင်း* (Prioritize issuess)

ခက်ခဲရှုတ်ထွေးသည့်ဆွေးနွေးမည့်အကြောင်းအရာကို ရှင်းရှင်းလင်းလင်းဖြစ်စေမည့် နောက်ထပ်နည်းမှာ ဦးစားပေးမှုအလိုက် ခေါင်းစဉ်များ စီတန်းခြင်းဖြစ်သည်။ သည့်နောက် အစုအဖွဲ့များ၏သဘောတူညီမှုအတိုင်း အရေးကြီးသည့်အစဉ်အလိုက် သို့မဟုတ် ခက်ခဲမှုအစဉ်ပြောင်းပြန်အတိုင်း ခေါင်းစဉ်များကို ကိုင်တွယ်ဖြေရှင်းနိုင်သည်။

လိဝ်ခဲတည်းလည်း ဖြစ်နေမှုကို ဖောက်ထုဝ်ကျော်ဖြတ် ရန် နည်းလမ်းများစွာ ရှိဝါသည်။ တဝ်ဝေါင်းစု စုစည်းခြင်း၊ တရားမဝင်သည့် လျှို့ဝှက်လမ်းကြောင်းဖွင့်ခြင်း၊ နှင့် လွှန်းဖျံသံဆက်သွယ်ခြင်း စသည်တို့ ဖြစ်ဝါသည်။

## စာရေးသူ၏သီးခြားအကြံပေးတင်ပြမှု

ပဋိပက္ခအဖြေထုတ်မှုအတွက် ဘက်တဖက်၏တင်ပြမှုအပေါ် အခြားတဖက်မှ လက်ခံနိုင်ဖွယ်မရှိသည်မှာ အငြင်းပွားမှုညှိနှိုင်းရေး၏ လက္ခဏာတရပ်ပင်ဖြစ်သည်။ ဤသည်မှာ ဘက်တဖက်အနေဖြင့် အခြားတဖက်မှာ မိမိရန်ဖက်ဆိုသည်ကို ရှင်းရှင်းလင်းလင်းဖြစ်နေခြင်းကြောင့်ဖြစ်သည်။ ထိုသို့တင်ပြမှုမှာ ဆွေးနွေးမည့် အကြောင်းရပ်တွင် စဉ်းစားရမည်ဟု ထင်ရှားနေလင့်ကစား၊ အခြားတဖက်မှ လက်ခံရန် မလွယ်ကူနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုသို့လက်ခံခြင်းဖြင့် မိမိဖက်မှ အလျှော့ပေးရသည် သို့မဟုတ် အချက်တချက်ဆုံးရှုံးရသည်ဟု ခံစားမိ၍ဖြစ်သည်။ ထို့ကြောင့် ဆန့်ကျင်ဖက်အုပ်စုမှ တင်ပြမှုအပေါ် အကဲဖြတ်ရာတွင် ထိုတင်ပြမှု၏ ကောင်းမွန်မှုကိုသာ အကဲဖြတ်ပါ။ မိမိ၏ရန်သူဖက်မှဟု အကဲမဖြတ်ပါနှင့်။

နောက်ထပ်စဉ်းစားရမည့် လုပ်နည်းကိုင်နည်းမှာ ကြားဝင်ညှိနှိုင်းသူ သို့မဟုတ် တတိယကြားအင်အားစုအတွက်ဖြစ်ပြီး၊ ဆွေးနွေးဖက် အစုအဖွဲ့များ၏ပြောဆိုမှုကို နားထောင်ရန် ထိုမှတဆင့် ဆွေးနွေးမှုအကြမ်းအစီအစဉ်ကိုပြင်ဆင်ထားရန်ဖြစ်သည်။ ထိုသို့လုပ်ခြင်းဖြင့် အခြားအစုအဖွဲ့တခုမှ လာသည့်တင်ပြမှုဟု စွဲယူမှုကင်းကြမည်ဖြစ–သည်။

*အခြားအစုအဖွဲ့၏တင်ပြမှုများ အကောင်အထည်ဖော်ခြင်း* (Build on other parties'proposals)

ဆန့်ကျင်ဖက်အုပ်စုမှ တင်ပြမှုတွင် အနိမ့်ဆုံးအားဖြင့် ကောင်းမွန်သည့်အချက် အချို့ရှိနေသည်ဆိုပါက နှစ်ဖက်စလုံးက နောက်ထပ်တင်ပြမှုများကိုလည်း အလွယ်တကူ သဘောတူညီဖွယ်ရှိသည်။

*အခြေခံတူညီမှုကို ရှာဖွေဖော်ထုတ်ခြင်း* (Identify common ground)

ညှိနှိုင်းမှုဖြစ်စဉ်သည် ဆန့်ကျင်ဖက်အုပ်စုများအကြား ကွဲလွဲချက်ကို ထင်ရှားအောင်

မီးမောင်းထိုးရုံသက်သက်ဟု ရုံဖန်ရံခါအားဖြင့် ခံစားရနိုင်သည်။ သို့သော် ဤအခြေအနေ သည်ပင် အခြေခံတူညီမှု၏ အစိတ်အပိုင်းလေးကို ရှာဖွေရန်နှင့် ဖြန့်ကြက်ထားနိုင်ရန် တန်ဖိုးရှိနေတတ်သည်။ ကြိုတင်သဘောတူထား သည့်ဆွေးနွေးပွဲအစီအစဉ် သို့မဟုတ် ပြဿနာရပ်အပေါ် အတူတကွအဓိပ္ပါယ်ဖွင့်ဆိုခြင်း သည် အခြေခံတူညီမှုဆိုင်ရာ ဥပမာများဖြစ်သည်။ ထိုအချက်သည် ရန်သူဟောင်းများ အကြား တူညီမှုကို တည်ဆောက်နိုင်ကြောင်းသက်သေပြချက်ဖြစ်သည်။ ညှိနှိုင်းမှုအတွင်း အခြေခံတူညီသည့် အစိတ်အပိုင်းငယ်တရပ်မျှကို ဖော်ထုတ်ခြင်းသည် ပါဝင်သူအားလုံးကို အံ့အားတကြီးဖြစ်စေသည်– အားတတ်စေသည်။ ပူးပေါင်း ဆောင်ရွက်မှုနှင့် နောက်ထပ်တူညီမှုများဖြစ်လာရန်အတွက် အရှိန်အဟုန်ကောင်းမွန် လာစေသည်။

*အကျိုးဆောင်အပေါ်တည်ခြင်း* (Broker consessions)

အကြောင်းကိစ္စတခုအပေါ် အစီအစဉ်သတ်မှတ်ရာတွင် ဘက်ပေါင်းစုံမှ စဉ်းစားရာတွင် ခက်ခဲနေပြီဆိုပါက တရားမဝင်ဆွေးနွေးမှုပုံစံများသည် အခါအခွင့်သင့်လာသည်။ ဤနေရာတွင် အကျိုးဆောင်၏အခန်းကဏ္ဍကို နေရာပေးရသည်။ အပြန်အလှန်အပေးအယူလုပ်နိုင်မည့်လမ်းများရှာထားပါ။ ဆက်စပ်ခြင်းနှင့် အပြန်အလှန်အပေးအယူလုပ်ခြင်းသည် ညှိနှိုင်းပွဲ၏ အဓိကသွေးကြောဖြစ်သည်။

## ၃၊ ဖ။ အကြပ်အတည်းကျော်လွှားရန်နည်းနာများ (Toold to Break Deadlock)

တတိယကြားနေအင်အားစုများရှိသည်ဖြစ်စေ–မှိသည်ဖြစ်စေ သို့မဟုတ်စေ့စော်ချက်

> ခင်ဗျားအနေနဲ့ သဘာပတိအပါ လူသုံး လေးဦးနဲ့ ရှိနေမယ်ဆိုရင် အဲသည့်ကိစ္စအပေါ် စွဲမြဲငြိတွယ်သွားနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ "ဟော့ –– – သည်မှာရပ်လိုက်ပါ။ လက်ရှိ (အ) ဖြစ်နေတဲ့ ပြဿနာကဘာလဲ" ဆိုပြီး ပြောခွင့်ရတာကြောင့်ဖြစ်ပါတယ်။ အခြားတဖက်ကလည်း "ကောင်းပြီ၊ (က) (ခ) (ဂ) တို့နဲ့ပတ်သက်ပြီး တို့ကို တကယ်စိတ်ရှုတ်စေတာက ဘာလဲ" ဆိုပြီး မေးခွန်းထုတ်လာဖွယ်ရှိပါတယ်။ ပြီးရင် သည်အကြောင်းရပ်တွေကို စတင်ဖြေရှင်းနိုင်ပါတယ်။ အကယ်၍သာ လူ ၄၀လောက်နဲ့ ထိုင်စကားပြော နေရမယ်ဆိုရင်တော့ သည်လိုပြောဆိုဖို့ ခက်ခဲပါတယ်။

အရှိန်မြင့်သည်ဖြစ်စေ–နိမ့်သည်ဖြစ်စေ ညှိနှိုင်းဆွေးနွေးပွဲအနေဖြင့် အကျပ်အတည်းအခိုက်အတန့်ကာလကိုကျော်လွှားနိုင်သည်။ ယေဘုယျအားဖြင့် ဆွေးနွေးမှုဖြစ်စဉ်ရေးဆွဲရာတွင် လိုအပ်သည့်အပြောင်းအလဲအတွက် ပူပေါင်းဆောင်ရွက်မှုရှိခဲ့လျှင် အကြပ်အတည်းကို အလွယ်တကူဖြေရှင်းနိုင်သည်။ ထို့အပြင် ဤကဲ့သို့သော အခြေနေမျိုး ကိုကျော်လွှားနိုင်မည့် အသုံးဝင်ပြီး စစ်ဆေးစမ်းသပ်နိုင်သော နည်းနာများလည်း ရှိသည်။

### ၃–၆–၁ မဟာမိတ်ပြုလုပ်ခြင်း (Coalition building)

ညှိနှိုင်းဆွေးနွေးမှုကိုတန်ဖိုးထားသူအားလုံးအကြား ကတိကဝတ်နှင့်ပတ်သက်ပြီး မဟာမိတ်တည်ဆောက်ရန် အကြံဉာဏ်ကို

အခန်း ၃၊ ၄၊ ၁ မတိုင်မီကတည်းက ဖော်ပြထားခဲ့ပါသည်။ ဤကဲ့သို့ မဟာမိတ်ဖွဲ့မှုသည် အစုအဖွဲ့အတွင်းနှင့် အစုအဖွဲ့အချင်းချင်း ကြားရှိအကန့်အသတ်များကို ကျော်ဖြတ်နိုင်သည်။ ထိုဆောင်ရွက်မှုတွင် ညှိနှိုင်းဆွေးနွေးသူများ၏ ကျယ်ပြန့်သည့် လူထုပရိသတ်များ အပိုင်းကိုပါထည့်သွင်းထား လျှင် အကျိုးရှိပါသည်။ ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းကို လိုလားသည့် လူထုအမြင်သည် ဖိအားရနိုင်သည့် ဩဇာကြီးသည့်ဖိအားတခုဖြစ်ပါသည်။ အထူးသဖြင့် အများပြည်သူကို စည်းရုံးသိမ်းသွင်းရန်လိုအပ်သည့် နိုင်ငံရေးသမားများအပေါ်တွင် ဖိအားပေးနိုင်ပါသည်။ အဆက်မပြတ်ပြုလုပ်နေသောတွေ့ဆုံညှိနှိုင်းပွဲ၏ တန်ဘိုးကို ယုံကြည်သူများသည် အခြားသူများထက်စာလျှင် အပေးအယူလုပ်လိုက်လျော့ရန်အတွက် ပိုမိုလွယ်ကူသည်။

ဆွေးနွေးပွဲ ရပ်ဆိုင်းခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်ပါက အပြစ်ဖြစ်မည်ဟူသော သွယ်ဝိုက်သည့်ခြိမ်းခြောက်မှုကြောင့်လည်း အကြပ်အတည်းဖြစ်လာနိုင်သည်။ ညှိနှိုင်းမှုကိုလိုလားသည့်သူများအကြား ခိုင်မာသည့်ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုသူများအပေါ် ဖိအားတိုးမြှင့်ပေးနိုင်သည်။ ပို၍အပြုသဘောဆောင်သည်အချက်မှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းများစုစည်းထားသော မဟာမိတ်အဖွဲ့ဝင်များ **(members of a cross-party coalition)** အနေဖြင့် ပြဿနာအဖြေရှာရေးအတွက် အထောက်ပံ့ဖြစ်မည့် လိုအပ်ချက်များလုပ်ဆောင်စေရန်အတွက် သူတို့နောက်အင်အားစုများ အပေါ် ဖိအားပေးခြင်းဖြင့်လည်း ပူးပေါင်းဆောင်ရွက်မှုလုပ်ခြင်းဖြစ်သည်။

### ၃–၆–၂ တရားမဝင်သောလမ်းကြောင်းများ

အဖွဲ့စည်းအချင်းချင်းဆက်သွယ်ရေးအတွက် တရားမဝင်လမ်းကြောင်းများ လိုအပ်ချက်ကို အခန်း(၃–၄–၆) အစောပိုင်းတွင်ဖော်ပြခဲ့သည်။ ထိုကဲ့သို့လမ်းကြောင်းများ ပြင်ဆင်ထားခြင်းဖြင့် ဆွေးနွေးပွဲဝိုင်း သို့မဟုတ် ဆွေးနွေးပွဲအထောက်အကူပြုအဖွဲ့မှ တဆင့်ပြုလုပ်သည့် တရားဝင်လမ်းကြောင်းများကို တခါတရံတွင်ရှောင်တိမ်းနိုင်သည်။ ထိုသို့သောလမ်းကြောင်းများကို သင့်လျော်သော မည်သည့်ပုံစံနှင့် မဆိုဆောင်ရွက်နိုင်သည်။ ထိုကဲ့သို့လမ်းကြောင်းများပို၍ရှိလေလေ တရားဝင်အစီစဉ်များထဲမှ ပွင့်ပွင့်လင်းလင်းညှိနှိုင်း၍မရနိုင်သောပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးမှုများကို ဆက်လက်ဖြစ် မြောက်ရန် ပို၍လမ်းပွင့်လေလေ ဖြစ်သည်။ Camp David တွင် လုပ်ခဲ့သော "တောတွင်းလမ်းလျှောက်ခြင်း" (walk in the woods) သည် ဆွေးနွေးပွဲပါဝင်သူများ၏ အစီအစဉ်အမြောက်အများအတွက် တန်ဘိုးရှိသည့် ရည်မှန်းချက် ဖြစ်လာခဲ့သည်။ (ထိုအခေါ်ဝေါ်မှာ အတန်ငယ် စာပေဆန်ပါသည်။ တောတောင်များဝိုင်းရံထားသည့် ထိုအရပ်သည် ခေတ္တအနားယူရန်အတွက် အကောင်းဆုံးနေရာဖြစ်ပါသည်။ )

မြောက်အာယာလန်တွင် အလားတူတံခါးပိတ်ဆောင်ရွက်မှု **(indoor version)** မျိုးကို "နောက်ကွယ်မှအကျိုးသက်ရောက်စေသည့်အသံများ" (Voices in the corridors) ဟုအမည်တပ်ခေါ်ဝေါ်ခဲ့သည်။ တောင်အာဖရိကတွင် တရားမဝင်လမ်းကြောင်းများသည် "Roelf and Cyril show" များတွင်အကျိုးသက်ရောက်ခဲ့ပြီး အနည်းငယ်စိတ်ပျက်ဖွယ်ကောင်းသောနည်းလမ်းကို တိုးတက်မှု ရအောင်ပြုလုပ်နိုင်ခဲ့သည်။ ထိုနည်းလမ်းမှာ တရားဝင်လုပ်ငန်းစဉ်အား အထောက်ကူပြုနိုင်မည့် စင်ပြိုင်သဘော ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည်။ ဖင်လန်နိုင်ငံတွင်မှု ရေနွေးငွေ့လှုံခန်းနှင့် နော်ဝေနိုင်ငံတွင် မီးပုံဘေးစကားပြောပွဲများသည် တရားမဝင်

## ၃၊ ၆။ အကြပ်အတည်းကျော်လွှားရန်နည်းနာများ

ဆွေးနွေးပွဲအတွက် လမ်းကြောင်းများဖြစ်လာခဲ့သည်။

ထိုကဲ့သို့သောလမ်းကြောင်းများသည် အကြိုညှိနှိုင်းမှုနှင့် ညှိနှိုင်းဆွေးနွေးပွဲကာလများ၏ အစိတ်အပိုင်းတခုအနေဖြင့် ဆွေးနွေးပွဲကို အဆင့်ဆင့်တိုးတက်စေခဲ့သည်။ ထို့အပြင် ထိုလမ်းကြောင်းများအပေါ် တကယ်တမ်းအားဖြင့် ကြိုတင်ခန့်မှန်း၍ သို့မဟုတ်

စာပုံး ၆

### အကျပ်အတည်းများကိုကျော်လွှားခြင်း

- ၁။ မဟာမိတ်ပြုလုပ်ခြင်း– ညှိနှိုင်းဆွေးနွေးမှုကိုတန်ဖိုးထားသူအားလုံးအကြား ကတိကဝတ်နှင့်ပတ်သက်ပြီး ခိုင်မာသောမဟာမိတ်တည်ဆောက်နိုင်သည်။
- ၂။ တရားမဝင်လမ်းကြောင်းများ– Camp David တွင်လုပ်ခဲ့သော တောတွင်းလမ်းလျှောက်ခြင်း (walk in the woods) ကဲ့သို့သောလမ်းကြောင်းများ ပြင်ဆင်ထားခြင်းဖြင့် ဆွေးနွေးပွဲပိုင်း သို့မဟုတ် ဆွေးနွေးပွဲအထောက်အကူပြု အဖွဲ့မှ တဆင့်ပြုလုပ်သည့် တရားဝင်လမ်းကြောင်းများကို တခါတရံတွင်ရှောင်တိမ်းနိုင်သည်။ ထိုကဲ့သို့လမ်းကြောင်းများပို၍ရှိလေလေ တရားဝင်အစီစဉ်များထဲမှ ပွင့်ပွင့်လင်းလင်း ညှိနှိုင်း၍မရနိုင်သောပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးမှုများကို ဆက်လက်ဖြစ် မြောက်ရန် ပို၍လမ်းပွင့်လေလေ ဖြစ်သည်။
- ၃။ အုပ်စုခွဲများ– ဆွေးနွေးမှုအကြောင်းအရာတရပ်အပေါ်တွင် အတားအဆီး အနှောက် အယှက်တစုံတရာပေါ်လာပါက ထိုအကြပ်အတည်းကိုဖြေရှင်းရန်အတွက် တရားဝင်ဆွေးနွေးပွဲ၏အပြင်ဖက်တွင် ထိုအုပ်စုငယ်အနေဖြင့် ပြဿနာရပ်ကို ပိုမိုပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်သည်။
- ၄။ ခေါက်တုန့်ခေါက်ပြန်စေ့စပ်ညှိနှိုင်းခြင်း– သဘာပတိ သို့မဟုတ် စေ့စပ်ဖြန်ဖြေသူနှင့် ဆွေးနွေးဘက်တဖက်တို့ အကြား ဆွေးနွေးမှုပြုလုပ်ခြင်းသည် ဆွေးနွေးဖက်များ၏ ရပ် တည်မှုကို ရှင်းရှင်းလင်းလင်းဖြစ်စေရန် အခွင့်ပေးသည်။ ကြားတဦးမှ အပြန်အလှန် ဆွေးနွေးပေးနေခြင်းဖြင့် နှစ်ဖက်စလုံး၏ ရပ်တည်မှုများကို တိတိကျကျ ဖော်ပြခြင်း လုပ်နိုင်သည်။ ထို့အပြင် ဘက်တဖက်ချင်းစီ၏ လိုအပ်ချက်၊ မျှော်မှန်းချက်နှင့် အကြပ် အတည်း ဖြစ်စေသည့် အကြောင်းရပ် အပေါ် ဖြစ်နိုင်ချေများလည်း ရှိနိုင်သည်။
- ၅။ အနီးကပ်ဆုံးဆွေးနွေးခြင်း– အစုအဖွဲ့ကိုယ်စားလှယ်များသည် အဆောက်အဦး တခုတည်းရှိ သီးခြားအခန်းများတွင် ရှိနေကြသော်လည်း တဦးနှင့်တဦးနီးနီးကပ်ကပ် ရှိနေသည်ဟု ဆိုရမည်။ သို့သော် သဘာပတိပါဝင်သည့် သဘောတူဆွေးနွေးပွဲမှသာ နှစ်ဖက်အဆက်သွယ် ပြုလုပ်ကြသည်။
- ၆။ ဆန္ဒခံယူမှုများ၊ တိုင်းပင်နှီးနှောမှုများနှင့် လုပ်ပိုင်ခွင့်အာဏာ– အစုအဖွဲ့များအနေဖြင့် သူတို့၏လှုပ်ရှားဆောင်ရွက်လိုမှုအတွက် ကျယ်ပြန့်သည့်ထောက်ခံမှုမျိုးကို လိုချင်ကြသည်။ ဥပမာအားဖြင့် ဆန္ဒခံယူပွဲပြုလုပ်ခြင်း။
- ၇။ ညှိနှိုင်းဆွေးနွေးပွဲအတွက် အထောက်အပံ့ဖြစ်စေသည့် တရားမဝင်နည်းလမ်းများ– ဘာသာရေးအသင်းအပင်းများ ခေါင်းဆောင်များ၊ စီးပွားရေးအဖွဲ့များ၊ ပညာရပ်ဆိုင်ရာအသင်းများ၊ အလုပ်သမားအဖွဲ့များ၊ ငြိမ်းချမ်းရေးအုပ်စုများ အစရှိသော နိုင်ငံတွင်း ကျယ်ပြန့်သည့် လူမှုအဖွဲ့စည်းများမှ အထောက်အကူပြုခြင်း သို့မဟုတ် ဆွေးနွေးပွဲဖြစ်စဉ် အတွက် အခြားနည်းလမ်းတခုခုဆောင်ရွက်ပေးနိုင်သည်။

ပြဋ္ဌာန်း၍မရနိုင်ပါ။ သို့သော်လည်း ပါဝင်ဆွေးနွေးသူများအနေဖြင့် ထိုဆောင်ရွက်မှုများဖြင့် တရားဝင်တွေ့ဆုံမှုအား ချောမွေ့စေကြောင်း သတိပြုမိရန် အရေးကြီးပါသည်။ အခွင့်အလမ်းများ ပေါ်လာသလို ဖြစ်နိုင်ချေလမ်းကြောင်းများကို သတိပြုထားရန်လည်း အရေးကြီးပါသည်။ ထိုကဲ့သို့သောနည်းလမ်းများကို လိုအပ်ပါကလည်း ငြင်းပယ်ရလိမ့်မည်။ ထို့ကြောင့်လည်းသီးခြားပုဂ္ဂိုလ်ရေးအရဆောင်ရွက်ရန် ခွင့်ပြုချက်မရပါက တာဝန်ကြီးကြီးယူထားရသည့်အဖွဲ့ခေါင်းဆောင်များအနေဖြင့် ဤပုံစံလမ်းကြောင်းမျိုးတွင် မပါဝင်သင့်ပေ။ မကြာခဏအားဖြင့်လည်း ရပ်တည်မှုများ၊ ပြဿနာများ၊ ကန့်သတ်ချက်များ၊ ပြိုင်ဖက်နှစ်ဖက်အကြားရှိနေသည့် အတားအဆီးများနှင့် ပတ်သက်ပြီး၊ ဆွေးနွေးပွဲနောက်ကွယ်တွင် ဒုတိယအဆင့်ရှိသော ကိုယ်စားလှယ်အချင်းချင်း တိတ်တဆိတ်စကားပြောဆိုမှုများပြုလုပ်ကြရသည်။

### ၃–၆–၃ အုပ်စုခွဲငယ်များ (Subgroups)

အုပ်စုခွဲများ သို့မဟုတ် အုပ်စုခွဲကော်မတီများနှင့်ပတ်သက်၍ အကြိမ်များစွာ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဆွေးနွေးပွဲအစီအစဉ်ကို ပိုမို၍စီမံနိုင်ရန် အုပ်စုငယ်များအဖြစ် အစိတ်အပိုင်း သို့မဟုတ် ထပ်ဆင့်ပိုင်းခြား၍ အုပ်စုအဖွဲ့ငယ်များဖွဲ့စည်းခြင်းဖြစ်ပါသည်။

အထူးအားဖြင့် ဆွေးနွေးမှုအကြောင်းအရာတရပ်အပေါ်တွင် အတားအဆီး အနှောက်အယှက် တစုံတရာပေါ်လာပါက ထိုအကြပ်အတည်းကိုဖြေရှင်းရန်အတွက် အထူးဖွဲ့စည်းထားသည့်အုပ်စုငယ်ကို ခေါ်ယူအသုံးချနိုင်သည်။

တရားဝင်ဆွေးနွေးပွဲ၏အပြင်ဖက်တွင် ထိုအုပ်စုငယ်အနေဖြင့် ပြဿနာရပ်ကို ပိုမိုပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ပြီး၊ ထိုအခြေအနေကိုကျော်လွှန်ရန်အတွက် နည်းလမ်းကို လွတ်လွတ်လပ်လပ်ကြံဆနိုင်သည်။

ပါဝင်ဆွေးနွေးသူများကလည်း သက်ဆိုင်ရာကိုယ်စားလှယ်များထံသို့ ပြန်လည်တင်ပြမည်မှာလည်း အသေအချာပင်ဖြစ်သည်။

တရားဝင်သတ်မှတ်ချိန်မရှိခြင်း၊ အပြန်အလှန်ပြောဆိုလေလုံးထွားခြင်းကို လျှော့ချနိုင်ခြင်း၊ အများပြည်သူရပ်တည်ကိုအကာအကွယ်ပေးစရာမလိုခြင်းနှင့် ဆွေးနွေးမည့်အကြောင်းအရာအတိအကျရှိနေခြင်းတို့ကြောင့် အုပ်စုငယ်များအနေဖြင့် ပိုမိုမြန်ဆန်၍ ရိုးသားသည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ရန် အခွင့်သာသည်။

### ၃–၆–၄ ခေါက်တုန့်ခေါက်ပြန် စေ့စပ်ညှိနှိုင်းခြင်း (Shuttle mediation)

တရားဝင်မျက်နှာစုံညီအစည်းအဝေးတရပ်၌ သဘောထားကွဲလွဲစေသည့် သီးခြားပြဿနာများဆွေးနွေးနေချိန် – အထူးသဖြင့် သဘောထားကွဲလွဲစေသည့်အချက်များ ပေါ်ပေါက်လာချိန် – တွင် တရားဝင်ကျင်းပနေသည့်ပုံစံကို ထားရစ်ပြီး၊ အပြန်အလှန် ခေါက်တုံခေါက်ပြန့်သွားရောက်စေ့စပ်ညှိနှိုင်းသည့်ပုံစံကို သုံးသင့်သည်။ ဆိုလိုသည်မှာ သဘာပတိ သို့မဟုတ် စေ့စပ်ဖြန့်ဖြေသူ နှင့် ဆွေးနွေးဘက်တဖက်တို့ အကြား ဆွေးနွေးမှုပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့ပြုခြင်းဖြင့် ဆွေးနွေးပွဲကိစ္စတရပ်အပေါ် ဆွေးနွေးဖက်များ၏ ရပ်တည်မှုကို ရှင်းရှင်းလင်းလင်းဖြစ်စေရန် အခွင့်ပေးသည်။ ကြားတဦးမှ အပြန်အလှန်ဆွေးနွေးပေးနေခြင်းဖြင့် နှစ်ဖက်စလုံး၏ ရပ်တည်မှုများကို တိတိကျကျဖော်ပြခြင်းလုပ်နိုင်သည်။ ထို့အပြင် ဘက်တဖက်ချင်းစီ၏ လိုအပ်ချက်၊ မျှော်မှန်းချက်နှင့် အကြပ်အတည်းဖြစ်စေသည့်အကြောင်းရပ်အပေါ် ဖြစ်နိုင်ချေများကိုလည်း ထုတ်ဖော်ပေးနိုင်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် သဘာပတိ သို့မဟုတ် စေ့စပ်ဖြန့်ဖြေသူအနေဖြင့် အခြေအနေကို ရှင်းရှင်းလင်းလင်းချပြပေးနိုင်သည်။ ဤသည်မှာ မျက်နှာစုံညီအစည်းအဝေးတွင် လုပ်နိုင်သည်ထက် အခွင့်သာပါသည်။ ထို့နောက် ဖြစ်နိုင်ချေရှိသည့်နည်းများဖြင့် နှစ်ဖက်ဆွေးနွေးမှုများနောက်ထပ်ဖြစ်လာရန် အတွက်

## ၃၊ ၆။ အကြပ်အတည်းကျော်လွှားရန်နည်းနာများ

ထိုအခြေအနေကို ဆက်စပ်ပေးနိုင်ပါသည်။

### ၃–၆–၅ အနီးကပ်ဆုံးဆွေးနွေးခြင်း (Proximity talks)

အနီးကပ်ဆွေးနွေးခြင်းသည် ခေါက်တုံ့ခေါက်ပြန် အပြန်အလှန်စေ့စပ်ပေးခြင်းမျိုးနှင့်အလားတူသည်။ ကွဲလွဲချက်မှာ အစုအဖွဲ့များအနေဖြင့် ဆွေးနွေးပွဲရည်ရွယ်ချက်ဖြင့် သတ်မှတ်ထားသည့်နေရာတခုသို့ လာရောက်ဆွေးနွေးရခြင်းဖြစ်သည်။ ရှေ့ကတင်ပြခဲ့သလို စေ့စပ်ပေးသူက အစုအဖွဲ့များ၏ နေရာများသို့ ခေါက်တုံ့ခေါက်ပြန်သွားရောက်၍ ညှိနှိုင်းပေးခြင်းမျိုးမဟုတ်တော့။ အစုအဖွဲ့ကိုယ်စားလှယ်များသည် အဆောက်အဦးတခုတည်းရှိ သီးခြားအခန်းများတွင် ရှိနေကြသော်လည်း တဦးနှင့်တဦးနီးနီးကပ်ကပ် ရှိနေသည်ဟု ဆိုရမည်။ သို့သော် သဘာပတိပါဝင်သည့် သဘောတူဆွေးနွေးပွဲမှသာ နှစ်ဖက်အဆက်သွယ်ပြုလုပ်ကြသည်။ ထိုဆွေးနွေးမှုမျိုးသည် မျက်နှာစုံညီဆွေးနွေးပွဲ သို့မဟုတ် အကြိုဆွေးနွေးပွဲများအတွက် ရှေ့ပြေးအသုံးဝင်သည့် ပုံစံဖြစ်သည်။ ဆွေးနွေးပွဲကြီးလုပ်စရာမလိုပဲ အစုအဖွဲ့များအကြားနီးစပ်မှုနှင့် ချည်းကပ် ဆက်စပ်မှုလွယ်ကူစေခြင်းဖြင့် ပိုမိုလွယ်ကူမှုဖြစ်စေသည်။ သို့သော် ထိုဆောင်ရွက်မှုကို တရားဝင်ထုတ်ပြန်ရန် လက်ခံနိုင်မည်မဟုတ်ချေ။ မျက်နှာစုံညီအစည်းအဝေးတွင် အကြပ်အတည်းကြုံနေရသည့်အချိန်တွင် ဤဆွေးနွေးမှုမျိုးဆောင်ရွက်ခြင်းဖြင့် တင်းမာမှုများကို ပြေလျော့သွားစေသည်။ နီးကပ်မှုသည် ဆွေးနွေးသည့်အကြောင်းရပ်အပေါ် အာရုံစိုက်စေသည်။ အစုအဖွဲ့များအနေဖြင့် ညှိနှိုင်းဆွေးနွေးပွဲမှ ထွက်ခွာသွားသည်နှင့်ထိုအကြောင်းရပ်မှာ ပျောက်ကွယ်သွားနိုင်သောကြောင့်ဖြစ်၏။

### ၃၊ ၆၊ ၆။ ဆန္ဒခံယူမှုများ၊ တိုင်းပင်နှီးနှောမှုများနှင့် လုပ်ပိုင်ခွင့်အာဏာ (Referendums, consultations and mandtes)

အစုအဖွဲ့များအနေဖြင့် ကြီးမားသည့်အခြေအနေတရပ်အောက်တွင် သူတို့၏လုပ်ရှားဆောင်ရွက်လိုမှုအတွက် ကျယ်ပြန့်သည့်ထောက်ခံမှုမျိုးကို လိုချင်ကြသည်။ အထူးသဖြင့် ညှိနှိုင်းပွဲ၏တိုးတက်မှုသည် ထိုအခြေအနေသို့ ခိုင်ခိုင်မာမာရောက်နေလျှင် သဘောတူညီချက်တစုံတရာ သို့မဟုတ် လိုက်လျောမှုကို လက်ခံရန်စိုးရိမ်ခြင်းကြောင့် အကြပ်အတည်းဖြစ်လာနိုင်သည်။ ဤနေရာတွင် ထိုသဘောတူညီချက် သို့မဟုတ် လိုက်လျောမှု ကို ညှိနှိုင်းသူဖက်မှ လူထုပရိသတ်များကလက်ခံကောင်း လက်ခံနိုင်ပါသည်။ လူထုပရိသတ်၏ ထောက်ခံမှုကိုမရခဲ့လျှင် ထိုစိုးရိမ်မှုမှာ ပိုမိုဆိုးဝါးလာနိုင်ပြီး၊ ကိုယ်စားလှယ်အနေဖြင့် သူ၏အစုအဖွဲ့ဝင်များ သို့မဟုတ် ထောက်ခံအားပေးသူများ သို့မဟုတ် လူထုပရိသတ်ထံမှ အတည်ပြုချက်ကို ယူရန်လိုအပ်လာပါသည်။ ယင်းနှင့်ပတ်သက်၍ အချိန်ကုန်ခြင်းနှင့် ရှုတ်ထွေးမှုများရှိနိုင်သော်လည်း၊ ပြောင်းလဲတိုးတက်မှုအတွက် အားဖြစ်စေမည့် ထောက်ခံမှုများဖြစ်လာစေရန်မှု အချိန်–ကုန် လူပင်ပန်း ခံထိုက်ပါသည်။ ထိုနည်းဖြင့် တိုးတက်ပြောင်းလဲခြင်းသည် ညှိနှိုင်းမှုများအတွက် လျှင်မြန်သည့်လမ်းကြောင်းများဖြစ်ပေါ်စေပါသည်။ ဥပမာအားဖြင့် ၁၉၉၂တွင် တောင်အာဖရိက လူဖြူသမ္မတ F.W. de Klerk အနေဖြင့် အသားအရောင်ခွဲခြားမှုကိုဆန့်ကျင်သည့် အဖွဲ့များနှင့် ဆွေးနွေးရန်အတွက် သူ၏လုပ်ပိုင်ခွင့်အာဏာကို အသစ်ပြင်ဆင်ရန်လိုအပ်သည့်အခါ လူဖြူများအား မဲဆန္ဒခံယူခဲ့သည်။ ပြုပြင်ပြောင်းလဲရေးအတွက် လူအများစုထောက်ခံကြောင်း ဆန္ဒခံယူမှုမှ ဆုံးဖြတ်ပေးခဲ့သည်။ ထိုသို့ဆန္ဒခေါ်ယူပွဲ၏ အကျိုးရလာဒ်အဖြစ် ပြုပြင်ပြောင်းလဲရေးလုပ်ရှားမှုများအပေါ် ယုံကြည်မှုအသစ်တဖန်ရရှိအောင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ de Klerk အား အရေးကြီးသည့်တွန်းအားပေးမှုဖြစ်စေခဲ့သည်။

ထိုမဲဆန္ဒခံယူမှုများကို သတိကြီးစွာဖြင့်ချဉ်းကပ်ရပေမည်။ အကောင်းဆုံး အစီအစဉ်များဖြစ်သော်လည်း ဆန္ဒခံယူပွဲသည် စွန့်စားမှုတရပ်လည်းဖြစ်သည်။ ဆန္ဒခံယူပွဲမှတဆင့်

အနုတ်လက္ခဏာဆောင်သည့် တုန့်ပြန်မှုသည် ကြီးမားသည့် အနှောင့်အတားဖြစ်စေသည် သို့မဟုတ် အခြေအနေအားလုံးကို ပျက်စီးဆုံးရှုံးစေလိမ့်မည်။ ထို့ကြောင့် မဲဆန္ဒခံယူခြင်းနှင့်ပတ်သက်ပြီး တွက်ချက်မှုကို သတိကြီးစွာထားသင့်သည်။

**၃၊ ၆၊ ၇။ ညှိနှိုင်းဆွေးနွေးပွဲအတွက် အထောက်အပံ့ဖြစ်စေသည့် တရားမဝင်နည်းလမ်းများ** ( Unofficial supplements to negotiation)

တရားမဝင် သို့မဟုတ် သီးခြားပြုလုပ်သည့်အစီအစဉ်များအပါအဝင် ဆွေးနွေးမှုဖြစ်စဉ်များနောက်ကွယ်၌ ကြီးမားကျယ်ပြန့်သည့် လူထုပရိသတ်များ ရှိနေတတ်သည်။ ထိုပရိသတ်တွင် ပဋိပက္ခဖြစ်နေသည့်နိုင်ငံတွင်းရှိ လူမှုအစုအဖွဲ့ (civil society) များလည်း အကျုံးဝင်နေသည်။ ပုံမှန်အားဖြင့် ထိုပြည်သူများမှာ ညှိနှိုင်းမှုဖြစ်စဉ်၏ အစိတ်အပိုင်းတရပ်မဟုတ်ပါ။ သို့သော်လည်း ထိုသူများမှာ ပဋိပက္ခ၏အစိတ်အပိုင်းဖြစ်ပြီး ပဋိပက္ခအဖြေထုတ်မှုအတွက် အားဖြစ်စေသည့်အစိတ်အပိုင်းလည်းဖြစ်သည်။ ထိုလူထုပရိသတ်များတွင် အဖွဲ့အစည်းများ၊ အုပ်စုများ တသီးပုဂ္ဂလများပါဝင်သည်။ တသီးပုဂ္ဂလများတွင် ကိုယ်ပိုင်လုပ်ငန်းစဉ်များ ကိုယ်ပိုင်ဆက်သွယ်ရေးလမ်းကြောင်းများ ကိုယ်ပိုင်ကျွမ်းကျင်မှုများရှိနေကြသည်။ ထိုအချက်များသည် ဆွေးနွေးညှိနှိုင်းသူများကို အထောက်အပံ့ရစေသည်။ ထိုအထောက်အပံ့ရစေသည့်အင်အားစုများတွင် ဘာသာရေးအသင်းအပင်းများ ခေါင်းဆောင်များ၊ စီးပွားရေးအဖွဲ့များ၊ ပညာရပ်ဆိုင်ရာအသင်းများ၊ အလုပ်သမားအဖွဲ့များ၊ ငြိမ်းချမ်းရေးအုပ်စုများ၊ အသိုင်းအဝိုင်းတခုနှင့်တခုအကြား ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များ စသဖြင့် ပါဝင်သည်။ ဆွေးနွေးပွဲတွင် အကြပ်အတည်းများကြုံကြိုက်လာပါက ထိုအင်အားစုများကို ဆက်လက်အသုံးပြုနိုင်သည်။ ၎င်းတို့သည် ဆွေးနွေးပွဲဖြစ်စဉ်အား တနည်းနည်းဖြင့် အထောက်အကူပေးရန် ဆောင်ရွက်နိုင်ကြသည်။

ထိုသို့အကြပ်အတည်းအခြေအနေတွင် ပြဿနာရပ်များဖြေရှင်းသည့် ဆွေးနွေးမှုများကို ပံ့ပိုးရန် ပညာရပ်ဆိုင်ရာအသင်းအပင်းများ၏ အကြံပြုမှုများကို အသုံးချနိုင်သည်။ ထိုဆွေးနွေးပွဲကို ဘက်လိုက်မှုကင်းသည့်ကြားနေအခြေအနေတရပ်တွင် ကျင်းပ၍ ကိုယ်စားပြုအဖွဲ့ငယ်များအကြား အဓိကအကြောင်းရပ်များကို ဆွေးနွေးနိုင်ကြသည်။ ထို့နောက် အကြပ်အတည်းကိုဖြေရှင်းနိုင်မည့် နည်းလမ်းအသစ်တရပ်ပေါ်ပေါက်လာရန် ပဋိပက္ခကို ပိုင်းခြားစိတ်ဖြာခြင်းဖြင့် အတူတကွ ပူးပေါင်းကြိုးစားနိုင်သည်။ တရားဝင်ညှိနှိုင်းသူများမှ နှစ်ဖက်ဆက်သွယ်ရေးလမ်းကြောင်းကို ဆက်လက်ထိမ်းမထားနိုင်သည့်အခါ ဘာသာရေးခေါင်းဆောင်များ ဘာသာရေး အုပ်စုများမှ နှစ်ဖက်အကန့်အသတ်များကို ဖြတ်ကျော်၍ လုပ်ဆောင်ပေးနိုင်သည်။ စီးပွားရေးအုပ်စုများအနေဖြင့်လည်း နှစ်ဖက်ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအပေါ် ခိုင်ခိုင်မြဲမြဲအခြေခံပြီး လက်တွေ့ကျကျဆောင်ရွက်ပေးနိုင်သည်။ ထိုမှတဆင့် အကြပ်အတည်းကို ကျော်လွှားရန်အတွက်အထောက်အကူပေးနိုင်သည်။

ထိုသို့တရားမဝင်လုပ်ဆောင်ခွင့်ကိုအသုံးချရန်ဖြစ်နိုင်ချေများသည် ပေးထားသည့်အခြေအနေအပေါ်တွင် မူတည်ပါသည်။ ထိုဖြစ်နိုင်ချေများကို သတိပြုမိရန်နှင့် အသုံးချနိုင်သည့်အခွင့်အလမ်းများမပျောက်ပျက်သွားရန်တို့ကို အစုအဖွဲ့များအနေဖြင့် သတိထားမိရန်လိုပေသည်။

## ၃၊ ၇။ တတိယကြားအင်အားစု၏ အထောက်အပံ့

### ၃၊ ၇၊ ၁။ နိဒါန်း

တတိယကြားအင်အားစု၏ ကြားဝင်စွတ်ဖက်မှုသည် ညှိနှိုင်းမှုများအတွင်း ရေပန်းစားလာခဲ့သည်။ ဆွေးနွေးပွဲဖြစ်စဉ်ကြီး၏ အဓိကကျသည့် အကြောင်းရပ်အနေဖြင့် သို့မဟုတ် သီးသန့်ပေါ်လာသည့်အကြပ်အတည်းများကို ဖြေရှင်းရန်နည်းနာတခုအနေ

## ၃၊ ၇။ တတိယကြားအင်အားစု၏ အထောက်အပံ့

ဖြင့် ထိုသို့ကြားဝင်စွတ်ဖက်မှုကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျယ်ပြန့်ပြီး အားအင်ရှိသည့် ကိုက်ညီမှုဖြစ်လာသည့်အတွက် လုပ်ငန်းဆောင်ရွက်မှုပုံသဏ္ဍာန် တရပ်အနေဖြင့် အာရုံစိုက်လာကြသည်။

တတိယကြားအင်အားစုဆိုရာ၌ လူပုဂ္ဂိုလ်၊ အုပ်စု၊ အသင်းအပင်း သို့မဟုတ် နိုင်ငံများအနေဖြင့်ရှိသည်။ ထိုအရာများကို ပဋိပက္ခအတွင်းရှိအစုအဖွဲ့များ သို့မဟုတ် အကျိုးစီးပွားနှင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ သတ်မှတ်၍မရပါ။ တတိယကြားအင်အားစုသည် ဆွေးနွေးပွဲဖြစ်စဉ်ကို သဘာပတိလုပ်ရန် သို့မဟုတ် အကျိုးဆောင်ပေးရန်အတွက် ထိထိရောက်ရောက်စွမ်းဆောင်နိုင်ပေသည်။ နှစ်ရှည်ကြာနေသည့် ပဋိပက္ခ –အထူးသဖြင့် ရှေ့တိုးနောက်ဆုတ်မရအောင် ရပ်တန့်နေသည့်အခြေအနေ သို့မဟုတ် အမြင်သဘောထားဟောင်း များရှိနေသည့် အချိန် – တွင် ဆန်းသစ်သည့်ရှုဒေါင့်များ ထွက်ပေါ်လာခြင်းဖြင့် အကျိုးရလဒ် ဖြစ်ထွန်းလာနိုင်သည်။ ပထမဦးဆုံး အရေးကြီးသည့် မေးခွန်းနှစ်ခုမှာ –

“တတိယကြားအင်အားစုလိုအပ်နေပြီလား” ဆိုသည်နှင့် “အကယ်၍လိုအပ်နေပြီဆိုက မည်သူကိုလိုလားသနည်း” ဆိုခြင်းပင်။

ပထမဦးဆုံးနှင့် အဓိက အကျဆုံးလိုအပ်ချက်မှာ တတိယကြားအုပ်စု သည် ပဋိပက္ခအတွင်း အုပ်စုတိုင်းမှ လက်ခံနိုင်သည့် တတိယ ပါတီဖြစ်မှ ဖြစ်မည်။

တောင်အာဖရိက ငြိမ်ချမ်းရေးအတွက် အဖြေထုတ်ရာတွင် ညှိနှိုင်းမှုအတွင်း တတိယကြားအင်အားစု၏ တရားဝင်စွတ်ဖက်မှုမရှိပေ။ သို့သော် ၁၉၉၄ခုနှစ် ရွေးကောက်ပွဲအတွင်း INkatha အဖွဲ့၏ ပါဝင်မှုနှင့်ဆက်စပ်ပြီး တတိယကြားအင်အားစု၏ ဝင်ရောက်စွက်ဖက်မှုရှိခဲ့သည်။ နာမည်ကြီး ယခင်နိုင်ငံခြားရေးရာပေါ်လစီ စီမံသူများဖြစ်သည့် အင်္ဂလန်မှ Lord Peter Carrington နှင့် အမေရိကန်ပြည်ထောင်စုမှ Henry Kissinger တို့သည် ရလဒ်အနည်းငယ်သာ ထုတ်နိုင်ခဲ့သော်လည်း၊ ကင်ညာနိုင်ငံမှ အဆင့်နိမ့်အရာရှိဖြစ်သည့် Mr. Okumu ၏ ကြားဝင်ဆောင်ရွက်ချက်သည် အလွန်အောင်မြင်သွားခဲ့သည်။ ဆန္ဒအလျှောက်ဖြစ်စေ အခြားအခြေအနေကြောင့်ဖြစ်စေ ပဋိပက္ခပြင်ပရှိ ကြားဝင်ဆောင်ရွက်ပေးသူ သို့မဟုတ် ဖြန်ဖြေ ပေးသူကို ထားရှိခြင်းရန်မှာ ရေပမ်းစားလာသည် ။ ထိုသို့ရေပန်းစားမှု၏ အစိတ်အပိုင်းတရပ်အနေဖြင့် ထိုကြားဝင်ဆောင်ရွက်ရသည့်နေရာကိုယူရန် နိုင်ငံတကာအသိုင်းအဝိုင်းတွင်လည်း ဆန္ဒပြင်းပြလာသည်။ ထိုသို့ ခေါင်းစဉ်သစ်ဖြင့် ခေတ်စားလာခြင်းကို စစ်အေးအလွန်လာကကတည်းမှစ၍ တွေ့လာရသည်။ ထို့အပြင် ဝင်ရောက်စွက်ဖက်ခြင်းတွင် မဟာမိတ်ဖွဲ့ဆောင်ရွက်မှုမျိုးလည်း တွေ့လာရသည်။ ဥပမာအားဖြင့် ဘော့စတီးနီးယားအရေးတွင် ဃသညအခေအ္ဂမသကစ သ်၂အအေနျ ဥရောပရှိ လုံခြုံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ကုလသမဂ္ဂအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် အခြားအစိုးရမဟုတ်သည့် အသင်းအဖွဲ့များစုစည်း၍ ပူးပေါင်းလုပ်ဆောင်မှုမျိုးဖြစ်သည်။

ညှိနှိုင်းမှုအတွင်း တတိယကြားအင်အားစုကို အသုံးမပြုခဲ့သော်လည်း ပြဿနာတရပ် သို့မဟုတ် တစုံတရာကြောင့် ရပ်တန့်နေရသည့်အခြေအနေအတွက် အဆင့်နိမ့်ဆွေးနွေးမှုများပြုလုပ်ရာတွင် အကန့်အသတ်နှင့် ထိရောက်အောင် ပုဂ္ဂိုလ်တဦးအဖွဲ့တခုကို ထားရသည်။ လွတ်လပ်သည့် ကြားဝင်ဖြန်ဖြေသူသည် ဤနေရာတွင် အကောင်းဆုံးစံထား သတ်မှတ်စရာဖြစ်လာသည်။ ကြားဝင်ဖြန်ဖြေသူအနေဖြင့် အကြပ်အတည်းအခြေအနေကိုဆွေးနွေးရန် အာရုံထား အကျိုးဆောင်ပေးရသည်။ ထိုမှတဆင့် သဘောတူညီမှုအတွက် ဖြစ်နိုင်ချေပေါ်လာရန် အပြန်အလှန်ဆက်သွယ်မှုနှင့် နည်းလည်မှုကို တိုးမြှင့်ပေးရသည်။ ဤနေရာတွင် အရည်အတွက်နည်းသည့် ကိုယ်စားလှယ်အဖွဲ့ဖြင့် အထောက်အပံ့ဖြစ်နိုင်သည်။ တတိယကြားဝင်ဖြန်ဖြေသူအနေဖြင့် ပုံမှန်ဆွေးနွေးပွဲများအတွက် အကျိုးဆောင်နေရသည့် အခြေအနေမှာပင်၊ အုပ်စုခွဲဆွေးနွေးပွဲအငယ်များအတွက် ကွဲပြားသည့် ကြားဝင်ဆောင်ရွက်ပေးသူများ

**၃၊ ၇။ တတိယကြားအင်အားစု၏ အထောက်အပံ့**

(သို့မဟုတ် တရားဝင်ညှိနှိုင်းမှုအဖွဲ့၏ ဒုတိယတန်းအဖွဲ့ဝင်များ) ထားခြင်းမှာလည်း အသုံးဝင်သည်။

ကြားဝင်ဆောင်ရွက်မှု၏နောက်ထပ်နည်းလမ်းတခုမှာ တစုံတရာကြောင့် ရပ်တန့်နေသည့်အခြေအနေ (sticking point)အတွက် ဝင်ရောက်ဆုံးဖြတ်ပေးမည့် ခုံသမာဓိရှာဖွေခြင်းဖြစ်သည်။ ထိုသို့ရှာဖွေရာတွင် ရှိပြီးသားကြားဝင်ဖြန်ဖြေသူ သို့မဟုတ် ဖြေရှင်းရမည့်အချက်နှင့်ဆက်နွယ်နေသည့် ပြင်ပပုဂ္ဂိုလ်တဦး အုပ်စုတစု ဖြစ်နိုင်သည်။ အပြန်အလှန်စိတ်ပျက်လက်ပျက်ဖြစ်မှုများကြောင့် အကြပ်အတည်း ပေါ်လာသည့်အချိန်နှင့် အဖြေထုတ်ရာတွင်သဘာဝမကျသည့် ဆောင်ရွက်ချက်များကြောင့် ခုံသမာဓိလုပ်သူမှာလည်း ဝေဖန်ခံရချိန်တွင် ဖြစ်စဉ်တခုလုံးကို ယာယီရပ်နားထားရန်မှာ အစုအဖွဲ့များ၏ လိုအပ်ချက်နှင့်လက်ခံနိုင်သည့်အခြေအနေဖြစ်သည်။

ယေဘူယျအားဖြင့်မူ ဆွေးနွေးပွဲအတွင်းအခြားအရာများကဲ့သို့ပင် ကြားဝင်ညှိနှိုင်းမှုဆိုင်ရာနည်းလမ်းအမြောက်အများရှိပါသည်။ ထိုသို့ကြားဝင်ဖြန်ဖြေမှုသည် ဖြစ်စဉ်တခုလုံး အတွက် မကိုက်ညီလျှင် သီးခြားပြဿနာတရပ်ချင်းအတွက် အထူးထားရှိသည့် ကြားဝင်ဖြန်ဖြေပေးသူများကို ပုံစံအမျိုးမျိုးနှင့်ထားနိုင်ပါသည်။ အသင့်လျော်ဆုံး ကြားဝင်ဖြန်ဖြေသူ သို့မဟုတ် ခုံသမာဓိလုပ်သူ၏ လက္ခဏာများကို ပြဿနာရပ်ကိုယ်၌ကပင် ပြဌာန်းပေးပါသည်။

ပထမဦးဆုံးအနေဖြင့် အစုအဖွဲ့အားလုံးမှ တတိယကြားအင်အားစုများကို ယေဘူယျအားဖြင့် သဘောတူညီလက်ခံရမည်ဖြစ်သည်။ သဘာဝအားဖြင့် တတိယကြားအင်အားသည် ကြားနေရန်နှင့် မျက်နှာမလိုက်ရန်ဆိုသည့် သတ်မှတ်ချက် များရှိပါသည်။ သို့သော် မျက်နှာမလိုက်ပဲ ကြားနေသည်ဆိုသည့် ကြားအင်အားစု ဆိုသည်မှာ အမှန်အားဖြင့် မရှိပါ။ ကြားအင်အားစုသည် မိမိတို့၏ သီးခြားအစီအစဉ် တရပ်ကို တပါတည်းယူလာတတ်သည်။ ဤနေရာတွင် ကြားအင်အားစုမှာ ပဋိပက္ခ အပေါ် တွင် ဒေသဆိုင်ရာအကျိုးစီးပွားအမြင်ရှိသည့် ပြင်ပနိုင်ငံတခုခုဖြစ်သလို အောင်မြင်သည့်ရလဒ်အတွက် အမည်ကောင်းရချင်သည့် ပုဂ္ဂိုလ်တဦးဦး လည်းဖြစ်နိုင် သည်။

ထိုပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အနေဖြင့် ကြားနေရန်နှင့် မျက်နှာမလိုက်သင့်ကြောင့် လက်ခံမှုမှာ အရေးကြီးသည်။ တတိယကြားအင်အားစုသည် ပဋိပက္ခအတွင်းမှပင် ဖြစ်လာနိုင်သလို၊ ပဋိပက္ခ၏ဘက်တဖက်မှလည်းဖြစ်နိုင်သည်။ ဥပမာအားဖြင့် – ဘာသာရေးခေါင်းဆောင်များ သို့မဟုတ် စီးပွားရေး–လူထု ခေါင်းဆောင်များ ဖြစ်နိုင်သည်။ အစုအဖွဲ့များအားလုံးမှထိုသူများအပေါ် အတော်အသင့်လေးစားနေသရွေ့– သူတို့စွမ်းဆောင်မှုများမှာ ကြားကျနေသရွေ့–တတိယအင်အားစုများအဖြစ် ဆောင်ရွက်နိုင်သည်။ ထိုသို့လက်ခံနိုင်မှုအရည်ချင်းပေါ် သတ်မှတ်ရာတွင် အလွယ်ဆုံးနည်းလမ်းမှာ ယုံကြည်မှုတည်ဆောက်ခြင်းနှင့်ပတ်သက်နေသည်။ ရှေ့ကတင်ပြခဲ့သလို ထိုယုံကြည်မှုသည် အစုဖွဲ့များအကြားကျေနပ်လောက်သည့် လုပ်ကိုင်ဆောင်ရွက်ခြင်း ဖြစ်ပေါ်လာရန် အထောက်အပံ့ပေးသည်။ ကြားဝင်ဆောင်ွက်သူအနေဖြင့် မိမိလုပ်ငန်းများဆောင်ွက်နိုင်ရန် အစုဖွဲ့အားလုံး၏ လုပ်ငန်းယုံကြည်ချက်ရရန်လိုအပ်သည်။

### ၃၊ ၇၊ ၂။ ကြားဝင်ဆောင်ရွက်မှုအမျိုးအစားများ

တတိယအင်အားစု၏ ကြားဝင်ဆောင်ွက်ချက်သည် ကျယ်ပြန့်သောအမြင်သဘော–ထားတခုဖြစ်သည်။ ဖြစ်ပေါ်နေသည့်အခြေနေကို ပိုမိုအခုံစိုက်နိုင်ရန်အတွက် ဦးဆောင်မှုပေးနေသည့် ပညာရှင်များ၏ ရေးသားပြောဆိုမှုများကို ဆွဲယူရပေမည်။ ပညာရှင်များ၏ ကျွမ်းကျင်သော ပိုင်းခြားသုံးသပ်မှုများသည် တကယ့်အဖြစ်မှန်အပေါ် ရှင်းရှင်းလင်းလင်းဖြစ်စေကြောင်းအမြဲသတိပြုရမည်။

## ၃၊ ၇။ တတိယကြားအင်အားစု၏ အထောက်အပံ့

အထူးအားဖြင့် ကြားဝင်စေ့စပ်မှု အခန်းကဏ္ဍတွင် အမျိုးစားငါးခုသတ်မှတ်နိုင်သည်။ တခုချင်းမှာ ညှိနှိုင်းမှုဖြစ်စဉ်၏ ကွဲပြားသောအဆင့်များ (သို့) ကွဲပြားသည့် အကြောင်းအရာများအလိုက် သင့်လျော်ကိုက်ညီသည်။ သီးခြားအစုအဖွဲ့များအလိုက် ထိုအမျိုးစားတခုခုကိုအသုံးပြုနိုင်သည်။ ကြားဝင်ညှိနှိုင်းသူတဦးအနေဖြင့် ထိုအမျိုးစား များမှ တခုခု–ကိုရွေးချယ်၍ သို့မဟုတ် ထိုအမျိုးစားများကို ပေါင်းစပ်၍ ဆောင်ရွက် ပေးနိုင်သည်။

*ဖြန်ဖြေခြင်း* (Conciltion)

ဖြန်ဖြေခြင်းသည် အစုအဖွဲ့များအကြား ဆက်သွယ်ရေးလမ်းကြောင်းဖြစ်စေသည်။ ဖြန်ဖြေခြင်း၏ အဓိကရည်ရွယ်ချက်များမှာ ယှဉ်ပြိုင်ခြင်း၏ အဓိကအကြောင်းရပ်များကို ဖေါ်ထုတ်ရန်၊ အစုအဖွဲ့များအကြား တင်းမာမှုလျော့ပါးရန်နှင့် ထုတ်ဖေါ်နိုင်သည့် အကြောင်းရပ် များအပေါ် အစုအဖွဲ့များအနေဖြင့် တိုက်ရိုက်တုန့်ပြန်လာနိုင်ရန် (ဥပမာ–ညှိနှိုင်းဆွေးနွေးခြင်း) တို့ဖြစ်သည်။ သတ်မှတ်ချက်အရဆိုလျှင် ဖြန်ဖြေခြင်းသည် အကြိုညှိနှိုင်းမှုအဆင့်၌ အထူးတလည်အကျိုးသက်ရောက်မှုရှိသည်။ အကြိုညှိနှိုင်းမှုအဆင့်၌ နောက်ဆက်တွယ်ဆွေးနွေးပွဲများအတွက် အစီအစဉ်ရှင်းလင်းအောင် ဆောင်ရွက်နိုင်သည်။ အကြိုညှိနှိုင်းမှုအဆင့်သည် နှစ်ဘက်စလုံး၏ စိတ်ပိုင်းဆိုင်ရာအခြေအနေတရပ်(**common mental map**) ကို တည်ဆောက်ရန်အားပေးသည်။ စိတ်ပိုင်းဆိုင်ရာအခြေအနေတရပ်ဆိုရာတွင် နှစ်ဖက်တင်းမာမှုများကို လျော့ကျစေရန်နှင့် တဖက်နှင့်တဖက် ရည်မှန်းချက် ရည်ရွယ်ချက်များကို အပြန်အလှန်နားလည်မှုရလာရန် အကျိုးဆောင်ခြင်းမျိုးဖြစ်သည်။ ပူးပေါင်းဆောင်ရွက်မှုအဆင့် ပိုမိုဖြစ်လာစေရန် နှစ်ဖက်အကြား ပေါင်းကူးစေသည့် ကနဦးအဆင့်ကို တည်ဆောက်ခြင်းလည်းဖြစ်သည်။ ဖြန်ဖြေရေးအဆင့်တွင် ဦးဆောင်သူခေါင်းဆောင်များအကြား တွေ့ဆုံရန် မလိုအပ်ပေ။

၁၉၆၇–၁၉၇၀ ကာလ နိုင်ဂျီးရီးယားပဋိပက္ခအတွင်း Quaker Adam Curle ၏ ဆောင်ရွက်ချက်သည် ဖြန်ဖြေရေးအတွက် ဥပမာတရပ်ဖြစ်သည်။ Curle နှင့် သူ့အဖွဲ့သည် နိုင်ဂျီးရီးယားအစိုးရ သို့မဟုတ် Biafran သူပုန်အဖွဲ့တို့ကို အတူတကွ တွေ့ဆုံမပေးပဲ နှစ်ဘက်အကြား အပြန်အလှန်ကူးလူး၍ သတင်းစကားများ သယ်ပေးခဲ့သည်။ တဖက်နှင့်တဖက် အပြန်အလှန်ဆွေးနွေးပွဲများဖြစ်အောင် ဆက်စပ်ပေးခဲ့သည်။ ထိုသို့ဖြင့် တဖက်ချင်းစီ၏ ရပ်တည်မှု၊ အကြောင်းရပ်များအပေါ် အမြင်သဘောထားနှင့် အဖြေထုတ်နိုင်ရန် စဉ်းစားချက်များ၊ တိုးတက်မှုအတွက်ဖြစ်နိုင်ချေအလားအလာများ ပေးခဲ့သည်။

*လွယ်ကူချောမောစေရန် အထောက်အပံ့ပြုခြင်း* ( Facilitation)

ပံ့ပိုးဆောင်ရွက်သူ (**faciliatior**) သည် ပဋိပက္ခဖြစ်ဖက်များအကြား ဆက်စပ်မှုနှင့် အကြောင်းရပ်များကို ဆောင်ရွက်ပေးသည်။ ပံ့ပိုးဆောင်ရွက်သူသည် ကြားကျသည့် အခြေအနေတရပ်၌ အစုအဖွဲ့ကိုယ်စားလှယ်များကို ဆုံတွေ့ပေးသည်။ ပံ့ပိုးဆောင်ရွက်သူသည် နှစ်ဖက်အစည်းအဝေး သို့မဟုတ် သီးခြားအစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ပေးသည်။ ဤသို့ဖြင့် နှစ်ဖက်အပြန်အလှန်သဘောထားများကို ဆန်းစစ်စေသည်။ လုံခြုံစိတ်ချရသည့် ဆက်သွယ်ရေးနည်းလမ်းနှင့် ပြဿနာရပ်အပေါ် အတူတကွ ပိုင်းခြားသုံးသပ်မှုများအတွက် အထောက်အပံ့ဖြစ်စေသည်။ အစုအဖွဲ့တရပ်ချင်းအနေဖြင့် မိမိ၏သဘောထားအမြင်ကို အခြားသူများသို့ ဖေါ်ပြရန် အားပေးသလို အခြားသူများ၏ သဘောထားကို သတိပြုမိစေရန်လည်း အားပေးပေးသည်။ ကြားဝင် ဆောင်ရွက်သူသည် ဆွေးနွေးပွဲဖြစ်စဉ်၏ အခြေခံစည်းမျဉ်းများချပေးရန်နှင့် စီမံခန့်ခွဲရန် အထောက်အကူပေးသည်။ အစုအဖွဲ့များအနေဖြင့် သို့မဟုတ် ဖြစ်စဉ်အတွက် သဘာပတိထားရှိရန် သဘောတူညီချက်မရသည့်အခါတွင် ပံ့ပိုးဆောင်ရွက်သူမှ ထိုသို့ဆောင်ရွက်ပေးရသည်။ နှစ်ဖက်အပြန်အလှန် နားလည်မှုတိုးလာသည်နှင့်အတူ

အစုအဖွဲ့များအနေဖြင့် သူတို့၏အခြေနေ သူတို့၏ပြဿနာများအပေါ် အတူတကွဆွေးနွေးလာသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပိုင်းခြားစိတ်ဖြာမှုများအတွက် တဖြည်းဖြည်းနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်လာကြသည်။ နှစ်ဖက်စလုံး၏ အသိပညာတိုးတက်လာခြင်း၊ အပြန်အလှန် နားလည်မှုနှင့် ယုံကြည်မှု တိုးတက်လာခြင်း အပြန်အလှန် ဆက်သွယ်မှုကောင်းမွန်လာခြင်းတို့သည် အစုအဖွဲ့များအကြား ကွဲပြားနေသည့် အကြောင်းရပ်အပေါ် ခိုင်မာသည့် ဆွေးနွေးမှုဖြစ်လာရန် နည်းလမ်းများ အထောက်အပံ့ပေးသည်။

မည်သို့ဆိုစေ နော်ဝေနိုင်ငံ နောက်ခံထားသည့် လမ်းကြောင်းများသည် ဖြန်ဖြေမှု အဖြစ် ဆောင်ရွက်ပေးကြသည်။ ထိုဖြန်ဖြေမှုမှာ လျှို့ဝှက်ထားပြီး တရားမဝင်သော ဆွေးနွေးပွဲများဖြစ်သလို ကြားနေရာတခုတွင် ဆက်ဆံရေးတည်ဆောက်ခြင်းလည်းဖြစ် သည်။ ဤနေရာတွင် သဘောတူညီချက်ရမည်ဆိုသည့် မျှော်လင့်ချက်မရှိပေ။ အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား၌ အမေရိကန်ပညာရှင်တဦးဖြစ်သည့် Herb Kelman ၏ကြားဝင်ဆောင်ရွက်မှုအဖြစ် ပြဿနာဖြေရှင်းရေး ဆွေးနွေးပွဲအချို့ ပြုလုပ်ခဲ့သည်။ ဤဆွေးနွေးပွဲများမှာ အလွန်ကောင်းသည့် ဥပမာရပ်များဖြစ်သည်။ လူထုအသိုင်းအဝိုင်းအပေါ် ဩဇာညောင်းသည့် တသီးပုဂ္ဂလများကို Kelman မှ ရွေးထုတ်ခဲ့သည်။ ထိုသူများတွင် မူဝါဒအကြံပေးသူများ၊ ဒုတိယတန်းနိုင်ငံရေးသမားများ၊ ပညာရှင်များ၊ သဘောထားအမြင်ရှိသူများ စသည်တို့ပါဝင်သည်။ ၂၈၂ညေ သည် ကြားရပ်တည်ချက်အနေဖြင့် သုံးရက်မှ ငါးရက်ကြာမြင့်သည့် အစည်းအဝေးများ ဦးဆောင်ပြုလုပ်သည်။ အရေးကြီးသည့်အချက်မှာ ထိုသူများအနေဖြင့် မိမိတိုင်းပြည်တွင် အရာရှိအရာခံအဆင့်များဖြစ်နေသော်လည်း တသီးပုဂ္ဂလအဖြစ် လာရောက်ခြင်းဖြစ် သည်။ ကြားဝင်ဖြန်ဖြေရေးအသင်း၏ ဦးဆောင်မှုဖြင့် ပဋိပက္ခအပေါ် နားလည်မှုများ တဖက်နှင့်တဖက် ဖလှယ်ခြင်း၊ တိုးတက်မှုအတွက်အဟန့်အတားများကို သတ်မှတ် ဆွေးနွေးခြင်း၊ ထိုအတားအဆီးများအတွက် ဖြစ်နိုင်သည့်အဖြေကို အတူတကွ ပူးပေါင်း ဆွေးနွေးကြခြင်းများ ပြုလုပ်ခဲ့ကြသည်။ အစည်းအဝေးကို လျှို့ဝှက်ထားခြင်းနှင့် ကြားဝင်ဆောင်ရွက်သူမှ ဖြစ်စဉ်အပေါ် ထိန်းချုပ်ထားခြင်းတို့ကြောင့် အစည်းအဝေး နှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုမရှိခဲ့။ တတ်ရောက်သူများအနေဖြင့် အကြောင်းရပ် ရှင်းလင်းမှုဖြစ်အောင် ဆောင်ရွက်ကြသလို အပြန်အလှန်ဆက်ဆံရေးလည်း တည်ဆောက်ခဲ့ကြသည်။ ဆွေးနွေးပွဲ၏ ရလာဒ်အဖြစ် တတ်ရောက်သူများအကြား အပြန်အလှန်နားလည်းမှု၊ လေးစားမှု တိုးများစေသလို အကြောင်းရပ်များ တိုးတက်မှုအတွက် ရှေ့ဖြစ်စဉ်အလားအလာကိုလည်း ရှင်းလင်းပြတ်သားစေသည်။ ထိုမှတဆင့် ရလာဒ်များကို သူတို့၏ တရားဝင်အဖွဲ့အစည်းများသို့ ယူသွားနိုင်ကြသည်။

*ခုံသမာဓိအဖြစ် အဆုံးအဖြတ်ပေးခြင်း* (Arbitration)

ခုံသမာဓိအဖြစ်ဆောင်ရွက်သည့် တတိယအင်အားစုသည် ပဋိပက္ခဖြစ်ဖက် အစုများ အပေါ် မျှမျှတတအဖြေတခုထုတ်ပေးနိုင်သည့် ဩဇာအာဏာနှင့် တရားဝင်မှုရှိသည်။ ခုံသမာဓိသည် နှစ်ဖက်စလုံး၏ ငြင်းခုန်မှုများကို နားထောင်ပြီး သက်ဆိုင်ရာဖြစ်ရပ်များ၏ အဆိုးအကောင်းကို စဉ်းစားတွေးတောရသည်။ ထိုမှတဆင့် တရားမျှတသည့် နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ချက်တခုချမှတ်ရသည်။ ခုံသမာဓိပြုလုပ်မှု၏ အဓိက ထင်ရှားသည့်အချက်များမှာ–

၁။ အဖြေသည် ပဋိပက္ခဖြစ်ဖက် အစုအဖွဲ့များထံမှမဟုတ်ပဲ တတိယကြားအုပ်စုမ လာသည်။ အစုအဖွဲ့များသည် အဖြေထုတ်ရန် ဆွေးနွေးစရာမလိုပဲ သူတို့၏အမြင် သဘောထားများကို ခုံသမာဓိသို့တင်ပြကြရသည်။

၂။ ခုံသမာဓိ၏ အာဏာပိုင်မှုအရ ပဋိပက္ခဖြစ်ဖက်အစုများအနေဖြင့် ဆုံးဖြတ်ချက်–

**ပဋိပက္ခ၏ ပြောင်းလဲနေသော သဘော နှင့် ပဋိပက္ခ စီမံဖြေရှင်းမှု**

အပေါ် လိုက်နာဆောင်ရွက်ရမည်။ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာခြင်းဖြင့် ချီးကျူးထောပနာပြုမှု ခံရမည်ဖြစ်သလို မလိုက်နာခြင်းကြောင့် အပြစ်ပေးခံရဖွယ်ရှိသည်။

ခုံသမာဓိပြုလုပ်ခြင်းသည် တခါတရံတွင် အမြစ်ခိုင်နေသည့် ပဋိပက္ခများကို ကိုင်တွယ်စီမံရန်အတွက် တခုတည်းသော ချဉ်းကပ်မှုဖြစ်သည်။ ထိုပဋိပက္ခအတွင်းရှိနေသည့် နက်ရှိုင်းသည့် ခံစားမှုကြောင့် အငြင်းပွားသူများ မပိုင်ဆိုင်သည့် အဖြေထုတ်ခြင်းသည် ပုံမှန်အားဖြင့် မသင့်လျော်ပေ။ သို့ရာတွင် ခုံသမာဓိလုပ်ခြင်း၏ ဥပဒေသဘာဝအရ (legal nature) ဖြေရှင်းမှုတခုပြုရန် အသုံးတည့်သည်။ ကမ္ဘာ့ကုလသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုများအသင်း အစရှိသည့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ အစိုးရဆိုင်ရာ အဖွဲ့အစည်းများ၊ ဥရောပတရားရုံး၊ နိုင်ငံတကာတရားရုံး အစရှိသည့် ဒေသဆိုင်ရာ နှင့် နိုင်ငံတကာတရားရုံးများသည် ပဋိပက္ခ၏ရှိရိုးစင်းစင်းအခြေအနေများအပေါ် တခါတရံတွင် ခုံသမာဓိအဖြစ် ဆောင်ရွက်ပေးနိုင်သည်။

အမြစ်ခိုင်နေသည့် ပဋိပက္ခအခြေအနေအတွင်း ခုံသမာဓိအသုံးပြုခြင်း၏ ဥပမာတရပ်အနေဖြင့် Arbitral Tribunal for Brcko ကိုမကြာခင်က ထားရှိခဲ့ခြင်းဖြစ်သည်။ ဘောစနီးယားအရှေ့မြောက်ဒေသအတွင်း စစ်ပွဲသည် လူမျိုးနွယ်ပေါင်းစုံ ရှိနေသည့် ဒေသအရပ်ကို ဖျက်ဆီးခဲ့သည်။ Dayton ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ထိုးသည့်အခါ Brcko အခြေနေအကြောင်းရပ်သည် ဖြေရှင်းမှုပြုရန် လက်မခံနိုင်လောက်အောင် စဉ်းစာစရာဖြစ်လာသည်။ သည့်နောက်တွင် ခုံသမာဓိထားခြင်းဖြင့် ဖြေရှင်းခဲ့သည်။ Brcko Arbitral Tribunal သည် ပြဿနာရပ်များတွင် မပါဝင်သော်လည်း ယင်းကိုဖွဲ့စည်းလိုက်ခြင်းဖြင့် အကြောင်းအရာအပေါ်တင်းမာမှုလျော့ပါးစေသည်။ မူလ Dayton သဘောတူညီချက်မှ အားကြီးသည့် ခလုတ်တံသင်းကို ဖယ်ရှားပစ်သည်။

*စစ်မှန်သည့် ကြားဝင်စေ့စပ်ခြင်း*( Pure mediation)

စစ်မှန်သည့်ကြားဝင်စေ့စပ်သူ၏ အခန်းကဏ္ဍသည် အခြေအမြစ်ရှိသည့် အကြောင်းရပ်များအပေါ် တိုက်ရိုက်တွေ့ဆုံမှု ဖြစ်ရန်ဆောင်ရွက်ပေးသည်။ ဤနေရာတွင် တာရှည်ခိုင်မြဲသည့် အဖြေတရပ်ပေါ်ထွက်လာရန်ရည်ရွယ်သည်။ စစ်မှန်သော (pure) ဆိုသည့် စကားသုံးနှုန်းမှုသည် အရည်အသွေးနှင့် အကျင့်သိက္ခာအပေါ် အဆုံးအဖြတ်ပေးခြင်း မဟုတ်။ ရှင်းလင်းစွာတင်ပြရလျှင် စစ်မှန်သည့် ကြားဝင်စေ့စပ်သူသည် ဆွေးနွေးပွဲပြင်ပတွင် သြဇာအာဏာမရှိပါ။ ပဋိပက္ခဖြစ်ဖက်အစုအဖွဲ့များ၏ ဆက်လက်ခွင့်ပြုချက်အပေါ်တွင် ညှိနှိုင်းဆွေးနွေးပွဲအတွင်း၌မူ အချိန်မရွေးအခွင့်အာဏာများရှိနေသည်။ စစ်မှန်သည့် ကြားဝင်စေ့စပ်သူသည် အစုအဖွဲ့များအပေါ်တွန်းအားပေးရန် သို့မဟုတ် သူတို့၏ ဆောင်ရွက်ချက်လွယ်ကူစေရန်အတွက် ဆွေးနွေးမှုဆိုင်ရာ အတတ်ပညာ၊ နည်းပညာ၊ အတွေ့အကြုံများကို အသုံးချရမည်။ သို့မှသာ အစုအဖွဲ့များအနေဖြင့် သူတို့ကိုယ်တိုင် ရေးဆွဲမွမ်းမံပြီး လိုက်နာဆောင်ရွက်နိုင်မည့် အဖြေတရပ်ထွက်လာမည်။ ပဋိပက္ခဖြစ်ဖက်အစုအဖွဲ့များအနေဖြင့် အချိန်မရွေး ကိုယ်စွမ်းကိုယ်စ ရှိနေရမည်။ ကြားဝင်စေ့စပ်သူအနေဖြင့် သဘောတူညီမှုဖြစ်လာရန် အထောက်အပံ့အနေဖြင့် ချင့်ချိန်စဉ်းစားမှု၊ ဆွဲဆောင်မှု၊ အချက်အလက်ထိန်းထားမှုနှင့် အခြားနည်းနာများ ပေါ်လာစေရုံလောက်သာ သုံးကြသည်။

ထို့အပြင် အကြံပေးတင်ပြမှုနောက်ဆက်တွဲနှင့် အမြင်များအပေါ် ပုံကြမ်းချရာတွင် ကြားဝင်စေ့စပ်သူ၏ အခန်းကဏ္ဍသည် အလွန်တရာအရေးကြီးသည်။ အခြားတဘက်၏ နေရာတွင် သူ့ကိုယ်သူ သို့မဟုတ် သူမကို ထားရှိခြင်းဖြင့် ကြားဝင်စေ့စပ်သူတဦးသည် အစုအဖွဲ့တခု၏ တင်ပြမှုကို ကြိုတင်၍ ထိထိရောက်ရောက်စမ်းသပ်နိုင်သည်။ ဖြစ်စဉ်တလျောက် တွင် စစ်မှန်သည့် ကြားဝင်စေ့စပ်သူ၏ အခန်းကဏ္ဍသည်အရေးကြီးသည်။ သို့ရာတွင် ပဋိပက္ခဖြစ်ဖက်အစုများနှင့် နှိုင်းယှဉ်လျှင် သူ၏အဆင့်အတန်းမှာ

အရေးမပါတော့ပေ။ စစ်မှန်သည့် ကြားဝင်စေ့စပ်သူသည် အမြင်များ၊ ရှေ့အလား အလာများ၊ အကြံပေးတင်ပြခြင်းဖြင့် ဖြစ်စဉ်ကို ထိန်းချုပ်ထားသည်။ သို့သော် ရလာဒ်-အကောင်အထည်အပေါ်တွင် ထိရောက်မှုအနည်းငယ် သို့မဟုတ် တိုက်ရိုက်ထိရောက်မှု လုံးဝမရှိပေ။ **Eritrean** ပဋိပက္ခတွင် ဂျင်မီကာတာ၏ ဝင်ရောက်စွက်ဖတ်မှု၊ အင်ဂိုလာ အရေးအခင်းတွင် ဆွေးနွေးပွဲဖြစ်စေရန် ကက်သလစ်ဘုရားကျောင်း၏ အကျိုးဆောင် မှုနှင့် အခြားသော တွေ့ဆုံဆွေးနွေးမှုနောက်ကွယ်ဖြစ်ရပ်များသည် စစ်မှန်သော ကြားဝင်စေ့စပ်မှု၏ ဥပမာရပ်များဖြစ်သည်။

*သြဇာရှိသော ကြားဝင်စေ့စပ်မှု* (Power mediation)

စစ်မှန်သည့် ကြားဝင်စေ့စပ်မှုအပေါ်တွင် ထပ်မံတည်ဆောက်ထားခြင်းဖြစ်သည်။ သို့သော်လည်း အကြီးအကျယ်ကွဲလွဲမှုရှိသည်။ ကြားဝင်စေ့စပ်သူသည် ဆွေးနွေးပွဲပြင်ပ ၎င်း၏ရပ်တည်မှုကို ဆွဲယူပြီး သြဇာထူထောင်ခြင်းဖြင့် အစုအဖွဲ့များလိုက်နာမှုရှိလာရန် ဆွဲဆောင်သည်။ သြဇာရှိသည့် ကြားဝင်စေ့စပ်သူသည် စစ်မှန်သည့် ကြာဝင်စေ့စပ်သူ၏ ရည်ရွယ်ရင်းများနှင့် အားလုံးအတူတူပင်ဖြစ်၏။ သို့သော် နည်းလမ်းမှာ ကွဲပြား၏။ သြဇာရှိသည့် ကြားဝင်စေ့စပ်သူသည် ပဋိပက္ခဖြစ်ဖက်အစုအဖွဲ့များအပေါ် သြဇာ အရှိန်အဝါရှိသည်။ မက်လုံးနှင့် ပြစ်ဒဏ်များအသုံးပြု၍ – ဆုပေးဒဏ်ပေးပုံစံသုံး၍– အစု အဖွဲ့များ အနေဖြင့် တင်းမာသည့်ရပ်တည်မှုကို အလျှော့ပေးလာရန်နှင့် အပေးအယူ ညှိနိုင်းမှုအပေါ် ယုံကြည်လက်ခံလာစေရန်အတွက် ဆွဲဆောင်ကြိုးပမ်းသည်။ သို့သော် ထိုသို့ဆောင်ရွက်ချက်သည် အစုအဖွဲ့အချင်းချင်းကြားဆက်ဆံရေးထက် အစုအဖွဲ့နှင့် ကြားဝင် စေ့စပ်သူအကြား သြဇာသက်ရောက်စေသည့် ဆက်ဆံမှုမျိုးကို အခြေခံ ထားသည်။ သြဇာရှိသည့် ကြားဝင်စေ့စပ်သူအနေဖြင့် ပဋိပက္ခဖြစ်ဖက်အစုများအကြား ပဋိပက္ခကို ထားရှိသည်ထက်၊ ထိုပဋိပက္ခကို ဦးဆောင်မှုယူတတ်သည်။ ပဋိပက္ခဖြစ်ဖက် အစုများအနေဖြင့် ကြားဝင်စေ့စပ်သူနှင့်သူတို့အကြားဆက်ဆံရေးကို အလေးထားရန် လိုအပ်သလို၊ ထိုဆက်ဆံရေးကို အန္တရာယ်ဖြစ်စေမည့် အကြောင်းများကိုလည်း ဂရုတစိုက် စဉ်းစားရန်လိုအပ်သည်။ သြဇာရှိသည့် ကြားဝင်စေ့စပ်သူအနေဖြင့် သူ၏ ကိုယ်ပိုင်အစီအစဉ်ရှိသည်။ သူလိုလားသည့် ရလဒ်လည်းရှိတတ်သည်။ ထိုရလဒ် ပေါ်ထွက်လာရန်အတွက် အစုအဖွဲ့များကို လွှမ်းမိုးမှုအတိုင်းအတာတရပ်ရှိနေသည်။ ထို့အပြင် ခုံသမာဓိဆောင်ရွက်သူ (arbitrator) မှလွဲ၍ အခြားဝင်ရောက် စွက်ဖက်သည့်အခန်းများနှင့်မတူပဲ သြဇာရှိသည့် ကြားဝင်စေ့စပ်သူအနေဖြင့် ဆုပေး ဒဏ်ပေးပြုလုပ်ခြင်းဖြင့်၊ ရလဒ်အပေါ် သဘောတူညီလာကြစေရန်နှင့် လိုက်နာလေးစား မှုရှိစေရန် အတွက် သြဇာအရှိန်အဝါရှိပေသည်။

ဤသို့ ကြားဝင်စေ့စပ်မှုနှင့်ပတ်သက်၍ ဥပမာရပ်မြောက်များစွာရှိပါသည်။ တကယ်တမ်းအားဖြင့် နိုင်ငံတကာနယ်ပယ်ရှိ ညှိနိုင်းဆွေးနွေးမှု ဦးဆောင်ပေးသူတိုင်း သည် သြဇာရှိသည့် ကြားဝင်စေ့စပ်သူအဖြစ် ပါဝင်နိုင်ရန် လိုလားကြပါသည်။ **Camp David** တွင် သမ္မတ ကာတာ၏အခန်း၊ **Dayton** တွင် **Richard Holbrooke** ကဲ့သို့ အမေရိကန်သံတမန်များ၏အခန်း၊ **Bicess** တွင် အမေရိကန်–ဆိုဗီယက်ပူးတွဲအဖွဲ့၏ လွှမ်းမိုးမှု၊ အီရန်–အီရတ်စစ်ပွဲအတွင်း ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏အခန်း စသဖြင့် တို့ကို ကြည့်ပါ။ စစ်မှန်သည့်ကြားဝင်စေ့စပ်မှု နှင့် သြဇာရှိသည့်ကြားဝင်စေ့စပ် မှုတို့သည် အမှန်အားဖြင့် ယခုအဓိပ္ပါယ်ဖွဲ့ အကြံပြုထားသလို၊ အထင်အရှား ဖြစ်လေ့ရှိသည်တော့မဟုတ်ပေ။

## ၃၊ ၇။ တတိယကြားအင်အားစု၏ အထောက်အပံ့

### *၃၊ ၇၊ ၃။ တရားဝင်နှင့် တရားမဝင် ကြားဝင်ဆောင်ရွက်ချက်များ*
### (Official and unofficial intervention)

ကြားဝင်စေ့စပ်မှုသဏ္ဌာန် ၅ မျိုးရှိသည်ဆိုသော်လည်း တကယ်တမ်းတွင် အမျိုးအစား နှစ်မျိုးသာရှိပါသည်။ ရှေ့ကဆိုခဲ့သည့် ငါးမျိုးမှာ သတ်မှတ်ချက်မျိုးဖြစ်ပြီး၊ တတိယကြားအင်အားစု၏ ဝင်ရောက်စွက်ဖက်ခြင်း ချည်းကပ်မှုအမျိုးမျိုးကို ထင်ရှားစေလို၍ ထင်ပြခြင်းဖြစ်သည်။ တတိယကြားအင်အားစု၏အခန်းကို အထင်အရှားကွဲပြားစေသည့် နောက်ထပ် ရိုးရှင်းသည့်နည်းလမ်းမှာ အုပ်စုများကို တရားဝင်နှင့်တရားမဝင်ဟူ၍ ခေါင်းစဉ်များပေးလိုက်ခြင်းဖြစ်သည်။ တရားဝင် ကြားဝင်ဆောင်ရွက်ချက်သည် သံတမန်ရေးဆောင်ရွက်ချက် ပထမလမ်းကြောင်းဖြစ်သည်။ တရားဝင် နိုင်ငံတကာ သံတမန်ရေးဆောင်ရွက်ချက် အစိတ်အပိုင်းဖြစ်သည်။ နှိုင်းယှဉ်မှုအားဖြင့် သံတမန်ရေးဆောင်ရွက်ချက် ဒုတိယလမ်းကြောင်းသည် ပုံမှန်သံတမန်ရေးဆောင်ရွက်ချက်များအတွက် ပုံမှန်မဟုတ်သည့် တရားမဝင်လုပ်ကိုင်မှုများဖြစ်သည်။ ထို့ကြောင့် အငြင်းပွားသူများအကြား တရားဝင်ညှိနှိုင်းမှု ပြုလုပ်ရာတွင် အစိုးရခေါင်းဆောင်များကသာ တရားဝင်ကြားဝင်ဆောင်ရွက်သူအဖြစ် ဥပမာရပ်အရ လုပ်ဆောင်လေ့ရှိသည်။ ထိုသူများအကြား တရားဝင်တွေ့ဆုံမှုကို ဥပမာအားဖြင့် တရားမဝင်ကြားဝင်ဆောင်ရွက်မှုအနေဖြင့် စစ်နှင့်အကြမ်းဖက်မှုကို ဆန့်ကျင်သည့် ဘာသာရေးဂိုဏ်း **(Quaker group)** တခုက ဆောင်ရွက်ပေးနိုင်သည်။ ထိုအဖွဲ့သည်ပင် ဆွေးနွေးမှုကို တရားဝင်တွေ့ဆုံပွဲဖြစ်အောင် ဖြည့်စွက်ချက် သို့မဟုတ် ဦးဆောင်မှုပေးနိုင်သည်။

ကြားဝင်ဖြန်ဖြေပေးခြင်း အထူးသဖြင့် စစ်မှန်သည့်ကြားဝင်စေ့စပ်ပေးမှုတွင် အဓိက ကျသည့် အကြောင်းရပ်တခုရှိသည်။ ကြားဝင်ဆောင်ရွက်သူတွင် ဖြစ်စဉ်ဆောင်ရွက်ရန် အမှန်တကယ်အာဏာ သို့မဟုတ် လွှမ်းမိုးနိုင်မှု မရှိပေ။ ပဋိပက္ခဖြစ်ဖက်အစုများအနေဖြင့် ထိုသူများကို ဆန္ဒအလျောက်သာ လိုက်လျောပေးနိုင်သည်။ ထိုအခြေအနေမျိုးတွင် စေ့စပ်ပေးသူ၌ ဆွေးနွေးပွဲအပြင်ဖက်တွင် တရားဝင်အနေအထား သို့မဟုတ် သြဇာ အာဏာ မရှိပေ။

နှိုင်းယှဉ်ချက်အားဖြင့် ခုံသမာဓိလုပ်ခြင်းနှင့် သြဇာဖြင့် ကြားဝင်စေ့စပ်မှုသည် တရားဝင်အနေအထားနှင့် သြဇာအာဏာအဆင့်အပေါ်တွင် သူတို့၏အာဏာပိုင်မှုကို အခြေခံထားသည်။ ဤအခြေအနေမျိုးတွင် ကြားဝင်ဆောင်ရွက်သူသည် ဆွေးနွေးပွဲ ပြင်ပ၌လည်း အာဏာကိုင်စွဲထားသူဖြစ်သည်။ ဥပမာအားဖြင့် တရားသူကြီး၊ ဒေသ ဆိုင်ရာ ခေါင်းဆောင် သို့မဟုတ် သြဇာလွှမ်းမိုးမှုရှိသည့်နိုင်ငံ့ အကြီးအကဲ စသဖြင့် ဖြစ်နိုင်သည်။ (ဤနေရာတွင် ပေါ့ပေါ့ပါးပါးပြောဆိုရလျှင်) တရားမဝင်ကြားဝင်ဆောင်ရွက်သူ ရောက်လာပြီး ပြောမည်ဆိုလျှင် “ကျနော် ဘီလ်ပါ၊ ကူညီဖို့အတွက် သည်ကိုရောက်လာပါတယ်” ဟု ဆိုပေမည်။ တရားဝင်ကြားဝင်ဆောင်ရွက်သူ တဦးသည် “ကျနော် သမ္မတ ဘီလ်ကလင်တန်ပါ၊ ကူညီဖို့အတွက် သည်ကိုရောက်လာပါတယ်” ဟု ဆိုချေမည်။ ဤစကားရပ်တွင် ဒုတိယပြောဆိုမှုသည် ပဋိပက္ခဖြစ်ဖက်များ အပေါ် လွှမ်းမိုးသည့် အရှိန်အဝါရှိသည့် အပြုအမူကိုတွေ့ရမည်ဖြစ်သလို၊ ပထမ စကားရပ်တွင်မူ တွေ့ရမည်မဟုတ်။ ထို့ကြောင့် တရားမဝင်ကြားဝင်ဆောင်ရွက်သူသည် ဆွေးနွေးပွဲအပေါ် သြဇာသက်ရောက်မှုမရှိပေ။

တရားဝင်နှင့် တရားမဝင် ကြားဝင်ဆောင်ရွက်ချက်နှစ်ခုစလုံးမှာ – သြဇာရှိသည့် ကြားဝင်စေ့စပ်မှုနှင့် စစ်မှန်သည့်ကြားဝင်စေ့စပ်မှု – တန်ဘိုးရှိပေသည်။ အစုအဖွဲ့အားလုံးအနေဖြင့် သဘောတူညီချက်ရရန် အနှောက်အယှက်ရှိနေပြီဆိုပါက စစ်မှန်သည့်ကြားဝင်စေ့စပ်သူ၏ တရားမဝင်ကြားဝင်ဆောင်ရွက်ချက်မှာ

သင့်လျော်ကိုက်ညီသည်။ ဆွေးနွေးပွဲလုပ်ရန် တွန့်ဆုတ်နေခြင်း သို့မဟုတ် ရလဒ်အတွက် ခိုင်ခိုင်မာမာရှိသည့် အပေးအယူညှိနှိုင်းမှုလုပ်ရန် တွန့်ဆုတ်နေပြီဆိုပါက ဩဇာရှိသည့် ကြားဝင်စေ့စပ်သူ၏ တရားဝင် ကြားဝင်ဆောင်ရွက်ချက်ဖြင့် ထိုအတားအဆီးများကို ကျော်ဖြတ်ရန် ခွန်အား ပေးနိုင်သည်။ ညှိနှိုင်းမှုဖြစ်စဉ်အတွင်း ကြားဝင်ဆောင်ရွက်သူ၏အခန်းကို အသိအမှတ်ပြုခြင်းနှင့် ယင်းနှင့်ပတ်သက်သည့် နီးနွယ်ပတ်သက်မှုကို လက်ခံ သဘောတူညီခြင်းသည် ပထမအဆင့်တွင် အရေးကြီးလှသည်။ ကွဲပြားသည့်အဆင့်အတန်းနှင့် ကွဲပြားသည့်သတ်မှတ်မှုဖြင့် ကွဲပြားသည့်အဆင့်များတွင် လိုအပ်နိုင်သည်ကိုလည်း လက်ခံရန်လိုပေသည်။ ပုံမှန်အားဖြင့်မူ ကြားဝင်ဆောင်ရွက်သူနှင့် နီးနွယ်သည့် သတ်မှတ်မှုများကို အစုအဖွဲ့များမှ ဆောင်ရွက်ရသည်။

ကြားဝင်ဆောင်ရွက်ပေးသူများ (mediators)၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့်ပတ်သက်သည့်နည်းလမ်းများအတွက် သံတမန်ရေးအရ လုပ်ထုံးလုပ်နည်းစာချုပ်စာတမ်းများမရှိပေ။ သို့သော် ယေဘူယျသတ်မှတ်ချက်အားဖြင့် ကြားဝင်ဆောင်ရွက်သူအနေဖြင့်

- အစုအဖွဲ့များအကြား ကွဲပြားနေသည့် အကြောင်းအရာများကို ရှင်းလင်းပေးရန်
- အကြောင်းရပ်အပေါ်တွင်ရှိသည့် အစုအဖွဲ့များ၏ သဘောထားပျော့ပြောင်းမှုနှင့် အစုအဖွဲ့များတွင်ခံယူထားသည့် အရေးကြီးမှုများကို သတ်မှတ်ရန်၊
- အစုအဖွဲ့များတည်ရှိမှုအနေအထားနောက်ကွယ်ရှိ အကျိုးစီးပွားများကို ဖော်ထုတ်ရန်၊
- နည်းလမ်းများတိုးများလာစေပြီး အစုများအနေဖြင့် အကြံပေးမှုများ ရေးဆွဲနိုင်ရန်အတွက် အထောက်အကူပေးရန်၊
- အကောင်းဆုံးအခြေအနေအတွက် အပေးအယူလုပ်နိုင်ရန်အတွက် အကြံဉာဏ်ပေးရန်၊
- အပြန်အလှန်စကားများ ဆက်သွယ်ပေးရန်၊
- တင်းမာမှုလျှော့ချရန်၊
- ရှေ့လာမည့်အစီအစဉ်များအတွက် ကျိုးကြောင်းဆီလျော်သည့် တင်ပြမှုများ ပေးနိုင်ရန်အတွက် အထောက်အကူပြုရန်

တို့ကို လုပ်ဆောင်ရသည်။ အစုအဖွဲ့များအကြား အပြုသဘောဆန်သည့် ဆက်ဆံမှုများနှင့် အကြောင်းရပ်အပေါ် အာရုံထားစူးစိုက်လာစေရန် ကြားဝင်ဆောင်ရွက်သူ အနေဖြင့် အထောက်အပံ့ပေးနိုင်သည်။ အစုအဖွဲ့များအနေဖြင့် စဉ်းစားနိုင်မည့် သူတို့ကိုယ်ပိုင် တင်ပြမှုများကိုလည်း ဖြစ်ပေါ်စေသည်။ ထိုတင်ပြမှုများကို အစုအဖွဲ့များအနေဖြင့် ပိုင်ဆိုင်မှုမရှိသလို၊ ခုခံကာကွယ်ရန် အတွက်လည်း လိုအပ်မည်မဟုတ်ပေ။ ထိုအရာများသည် အမှန်တကယ် စမ်းသပ်နိုင်သည့် အစုအဖွဲ့များ၏ ခံယူမှုသဘောထား၊ ရပ်တည်ချက်နှင့် တင်ပြမှုများ လည်းဖြစ်သည်။ ထိုမှတဆင့် ယုတ္တိကျသည့် အမှန်တကယ်ကျေးဇူးပြုခြင်းကို ဖြစ်စေသည်။ ကျွမ်းကျင်သည့် ကြားဝင်ဆောင်ရွက်သူသည် ပြဿနာဖြေရှင်းရေးအတတ်ပညာများကို လိမ်မာပါးနပ်စွာဆောင်ရွက်နိုင်သည်။ သို့အတွက် အဓိကပြဿနာများကို သတ်မှတ်ရန်၊ ထိုပြဿနာများကိုဖော်ပြရန်၊ ပြဿနာများကိုဖြေရှင်းနိုင်မည့် ချည်းကပ်မှုအဆင့်များ ဖြစ်ပေါ်လာရန်၊ ထိုမှတဆင့် ရှေ့အတွက် ရှင်းလင်းဆောင်ရွက်ရန်တို့ကို အစုအဖွဲ့များအနေဖြင့် ဆောင်ရွက်နိုင်ပါသည်။

## ၃၊ ၇။ တတိယကြားအင်အားစု၏ အထောက်အပံ့

ပြဿနာဖြေရှင်းရေးသည် ကြားဝင်ဆောင်ရွက်သူ၏ အဓိကကျွမ်းကျင်မှုပိုင်းဖြစ်သည်။ နောက်ဆုံးအားဖြင့် ထွက်ပေါ်လာသည့်ရလဒ်ကို ဘာသာစကားဖြင့် မှတ်တမ်းတင်ရာတွင် အဓိပ္ပါယ်ထွေပြားမှုမရှိရန်နှင့် မှားယွင်းသည့်အဓိပ္ပါယ်ကောက်မှုများ နောင်တွင် မပေါ်လာစေရန်တို့အတွက် အစုအဖွဲ့များကို အထောက်အကူ ပြုကူညီပါသည်။

ညှိနှိုင်းဆွေးနွေးမှုနှင့်ဆက်နွယ်သည့်ကိစ္စများတွင် ကြားဝင်ဖြန်ဖြေမှုကို တန်ဘိုး တရပ်အနေဖြင့် ထည့်သွင်းထားပါသည်။ အစုအဖွဲ့အကြား စေ့စပ်သည့်အပြုအမူကို ကိုင်တွယ်စီမံခြင်းဖြင့် စေ့စပ်မှုအရည်အသွေးကိုလည်း အထင်အရှား တိုးမြှင့်ပေးပါသည်။ ကြားဝင်ဆောင်ရွက်သူသည် ပူးတွဲဆွေးနွေးပွဲ သို့မဟုတ် သီးခြားဆွေးနွေးပွဲများတွင် အစုအဖွဲ့များနှင့် ပူးတွဲလုပ်ကိုင်ပြီး၊ အဓိက ညှိနှိုင်းဆောင်ရွက်သူကို အစည်းအဝေးတခုပြီးတခုသို့ ခေါ်ဆောင်ပေးသွားနိုင်သည်။ ဖြစ်စဉ်ရေးဆွဲခြင်းသည် တိုးတက်မှုအလားအလာကောင်းများဖြစ်လာရန် အကောင်းဆုံးဖြစ်ကြောင်း အကောင်းဆုံးသက်သေပြချက်လည်းဖြစ်ပါသည်။

**ပဋိပက္ခတရပ်ကို အကောင်းဆုံးနည်းဖြင့် ဖြေရှင်းရာတွင် အသေးစိတ် လိုအပ်ချက်များကို တိကျစွာ ဖော်ထုပ်ပေးရန် လိုအပ်သည်။ သို့သော် အားထုပ်မှုသည် ပိုမို အဓိကကျပါသည်။**

## ၃၊ ၈။ နိဂုံး

ဖြစ်စဉ်ရေးဆွဲမှုအတွင်း လုပ်ငန်းလိုအပ်ချက်ပမာဏကို ယခုလို တင်ပြမှု အခန်းတရပ်တည်းနှင့် အထင်နှင့်အမြင် ကွာခြားသွားနိုင်ပါသည်။ အခြေအနေများကို အသင့်တော်ဆုံးပြင်ဆင်မှုလုပ်နိုင်ရန်အတွက် အသေးစိတ်ဆိုင်ရာအမြောက်အများလို– အပ်ပါသည်။ သို့ရာတွင် ကြိုးပမ်းအားထုတ်မှုက အရေးကြီးပါသည်။ သင့်တော်သည့် ပြင်ဆင်မှုနှင့် ဖြစ်စဉ်အပေါ် ထိမ်းထားနိုင်ခြင်းမရှိပါက ညှိနှိုင်းဆွေးနွေးမှုသည် ခိုင်မြဲသည့်ရလဒ်များဖြစ်လာရန်အတွက် လုံလောက်သည့် ခရီးဖြစ်မည်မဟုတ်ပေ။ သို့သော်လည်း ပဋိပက္ခအပေါ် ပိုင်းခြားဆန်းစစ်ရာတွင် ပြည့်စုံလုံလောက်စွာ ဆောင်ရွက်နိုင်ပြီး ဖြစ်စဉ်ကို ရေးဆွဲထားနိုင်ပါက နောက်ဆုံးအနေဖြင့် ရလဒ်ရေးဆွဲမှု အတွက် မေးခွန်းထုတ်စဉ်းစားရသည့်အနေသို့ ရောက်လာနိုင်သည်။ ရလဒ်ပါ အချက်အလက်များဖြစ်သည့် အသင်းအပင်းနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ (institutions and mechanisms) များကို လာမည့်အခန်းတွင် ဆန်းစစ်လေ့လာမည်ဖြစ် သည်။

REFERENCES AND FURTHER READING

Anstey, Mark. 1991. *Negotiating Conflict: Insights and Skills for Negotiators and Peacemakers.* Kenwyn, SA: Juta and Co Ltd.

Anstey, Mark. 1993. *Practical Peacemaking: A Mediator's Handbook.* Kenwyn, SA: Juta and Co Ltd.

Bloomfield, David. 1997. *Political Dialogue in Northern Ireland: the Brooke Initiative 1989–92.* London: Macmillan.

Clark, Robert P. 1995. "Negotiations for Basque Self-Determination in Spain". In William Zartman, ed. *Elusive Peace: Negotiating an End to Civil Wars.* Washington, DC: Brookings Institute.

Deeb, Mary-Jane and Marius Deeb. 1995. "Internal Negotiations in a Centralist Conflict: Lebanon". In William Zartman, ed. *Elusive Peace: Negotiating an End to Civil Wars.* Washington, DC: Brookings Institute.

Deng, Francis Mading. 1995. "Negotiating a Hidden Agenda: Sudan's Conflict of Identities". In William Zartman, ed. *Elusive Peace: Negotiating an End to Civil Wars.* Washington, DC: Brookings Institute.

Fisher, Ronald J. and Loraleigh Keashly. 1991. "The Potential Complementarity of Mediation and Consultation within a Contingency Model of Third Party Intervention", *Journal of Peace Research,* vol. 28, no. 1. pp. 29–42.

Kelman, Herbert C. and Stephen Cohen. 1976. "The Problem-Solving Workshop: a Social-Psychological Contribution to the Resolution of International Conflicts", *Journal of Peace Research*, vol. XIII, no. 2, pp. 79–90.

Lederach, John Paul. 1995. *Preparing for Peace: Conflict Transformation Across Cultures.* Syracuse, NY: Syracuse University Press.

O'Malley, Padraig. 1996. *Ramaphosa and Meyer in Belfast: the South African Experience: How the New South Africa was Negotiated.* Boston, MA: University of Massachusetts.

Ottaway, Marina. 1995. "Eritrea and Ethiopia: Negotiations in a Transitional Conflict". In William Zartman, ed. *Elusive Peace: Negotiating an End to Civil Wars.* Washington, DC: Brookings Institute.

Princen, Tom. 1991. "Camp David: Problem-solving or Power Politics as Usual?", *Journal of Peace Research*, vol. 28, no. 1. pp. 57–69.

Rothman, Jay. 1990. "A Pre-Negotiation Model: Theory and Training", *Policy Studies*, No. 40. Jerusalem: Leonard David Institute.

Slabbert, Frederick van Zyl. October 1997. "Some Reflections on Successful Negotiation in South Africa". Paper presented in Liverpool, Dublin and Belfast.

Spencer, Dayle E., William Spencer and Honggang Yang. 1992. "Closing the Mediation Gap: The Ethiopia/Eritrea Experience", *Security Dialogue,* vol. 23, no. 3. pp. 89–99.

Wriggins, Howard. "Sri Lanka: Negotiations in a Secessionist Conflict". In William Zartman, ed. *Elusive Peace: Negotiating an End to Civil Wars.* Washington, DC: Brookings Institute.

Zartman, William. ed. 1995. *Elusive Peace: Negotiating an End to Civil Wars.* Washington, DC: Brookings Institute.

Zartman, William, and Saadia Touval. 1985. *International Mediation in Theory and Practice.* Boulder, CO: Westview Press.

# ၦၢ်ၔေလလံခၪ်ဓၡ၍

ၷ်လကေၣ္ဒ်ၩးၣ္ဂ်ၦကြ္ဓ



ဒေးဗစ်ဘလွမ်းဖီးလ်ဒ်

# မြောက်ပိုင်းအိုင်ယာလန်

*စိုက်ပျိုးအခြေချနေထိုင်ခြင်း*

၁၁၇၀–၁၁၉၀ ဝန်းကျင်ခန့် အင်္ဂလန်သားများ အိုင်ယာလန်ကျွန်းသို့ စတင်ဆိုက်ရောက်သည်ဟု ဆိုသည့်အချိန်မှစ၍ အင်္ဂလိပ်–အိုင်ယာလန် ရှုတ်ထွေးမှုရာစုဖြစ်စဉ်များသည် ဥရောပတိုက်၏ အရှည်ကြာဆုံးသော မျိုးနွယ်လက္ခဏာအခြေခံပဋိပက္ခကို ပေါ်ပေါက်စေခဲ့သည်။ မြောက်ပိုင်းအိုင်ယာလန်ဖြစ်စဉ်မှာ ပုံပြင်များစွာထဲမှ ကြေကွဲဖွယ်ရာဖြစ်စဉ်တခုဖြစ်သည်။

အင်္ဂလိပ်ကျူးကျော်ချိန်ကရှိခဲ့သည့် ဒေသခံအိုင်းရစ်လူမျိုးများသည် ခရစ်နှစ်မတိုင်မီက ဥရောပတလျှောက် အနောက်ဖက် သို့ဦးတည်ရွှေ့လျားသွားသည့် Celts အနွယ် သားစဉ်မြေးဆက်များဖြစ်ကြသည်။ ၅ရာစုနှင့် ၆ရာစုများအတွင်း ထိုသူများသည် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့ကြသည်။ ထိုသူများသည် ကျေးလက်စိုက်ပျိုးရေးအခြေခံ ဗဟိုဦးစီးမှုမဲ့သည့် လူ့အဖွဲ့အစည်းတရပ်ဖြစ်ခဲ့သည်။ အင်္ဂလန်တွင် အခြေတည်ခဲ့သည့် ပရိုတက်စတင့်ပြုပြင်ရေးသည် အိုင်ယာလန်ကိုပါဖြတ်လာသော်လည်း ထိုသူများသည် တော်ဝင်ကတ်သလစ်များ အဖြစ် ကျန်ရှိနေခဲ့သည်။

နောက်ပိုင်းတွင် လွှမ်းမိုးမှုပုံစံဖြင့် အင်္ဂလိပ်တို့မှ စိုက်ပျိုးအခြေချမှုအတတ်ပညာကို မိတ်ဆက်ခဲ့သည်။ ၁၆၀၀ခုနှစ် အစောပိုင်းမှစ၍ အိုင်ယာလန်တွင် အမြဲတမ်းအခြေခံစိုက်ပျိုးမည်ဟူသော သဘောတူညီချက်လက်ခံသူ အင်္ဂလန်သားများနှင့် မြေနိမ့်ပိုင်းစကော့သားများထောင်နှင့်ချီ၍ ရွှေ့ပြောင်းလာပြီး၊ မြေဆီကောင်းသည့်စိုက်ပျိုးရေးကွက်များရရှိခဲ့သည်။ ထိုဖြစ်စဉ်ကာလအတွင်း ဌာနေအိုင်ယာလန်သား အများစုမှာ သူတို့နေထိုင်ရာအရပ်မှ ကျတ်တီးမြေ တောင်ပေါ်ဒေသများသို့ ရွှေ့ပြောင်းခဲ့ရသည်။

ထိုသို့အခြေချစိုက်ပျိုးနေထိုင်ခြင်းကြောင့် အဓိကအကြောင်းနှစ်ရပ်ဖြစ်လာသည်။ ပထမအချက်မှာ ထိုသို့မြေယာပြောင်းရွှေ့မှုကြောင့် အိုင်ယာလန်သားများစိတ်၌ အင်္ဂလိပ်တို့လုပ်ဆောင်မှုအပေါ် တရားမျှတမှုမရှိဟု ခိုင်ခိုင်မာမာ စွဲမြဲသွားကြသည်။ ဒုတိယအားဖြင့် ရွှေ့ပြောင်းလာသူများမှာ ထူးထူးကဲကဲ ပရိုတက်စတင့်များဖြစ်နေချိန်တွင် ဌာနေတိုင်းရင်းသားများမှာ လုံး၀ ကတ်သလစ်ဘာသာဝင်များဖြစ်နေကြခြင်းဖြစ်သည်။ ထိုအချိန်ကာလ၏သဘောအရ ဘာသာရေးသည် ယဉ်ကျေးမှုနှင့်နိုင်ငံရေး၏ အဓိကကျသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်ခဲ့သည်။ ထို့ကြောင့် ရွှေ့ပြောင်းလာသူများနှင့်ဌာနေများမှာ တဖက်နှင့်တဖက် အမြဲတမ်းလိုလိုဗီလာဆန့်ကျင်ဖက်ဖြစ်နေကြသည်။ ပြောင်းရွှေ့စိုက်ပျိုးသူများ၏ ပရိုတက်စတင့်စိတ်ဓါတ်အားသည် ဒေါသဖြစ်နေသည့် အာဏာမဲ့အိုင်ယာလန်များကို နှိပ်ကွပ်ခဲ့ကြသည်။ အနောက်တိုင်းဒီမိုကရေစီဖွံ့ဖြိုးရေးတွင် သူရဲကောင်းတော်လှန်ရေးသမားဟု ဗြိတိသျှတို့ကဆိုရသည့် Oliver Cromwell သည် လူမျိုးစုရှင်းလင်းရေး၏ ရက်စက်ကြမ်းကြုတ်သည့် ထောင်နှင့်ချီတိုက်ပွဲများဖြင့် ကတ်သလစ်ဘာသာဝင် အိုင်ယာလန်များကို သတ်ဖြတ်ခဲ့သည်။

အရှေ့မြောက်အိုင်ယာလန်သည် စိုက်ပျိုးရေးအရ မြေဆီအဖြစ်ထွန်းအကြွယ်ဝဆုံးဖြစ်ခဲ့သည်။ နှစ် ၂၅၀ ကြာသည့်အခါ အဓိကအကြောင်းရပ်နှစ်ရပ်အကြား အိုင်ယာလန်သမိုင်းဖြစ်ပေါ်ခဲ့သည်။ ပထမတရပ်မှာ လက်လွှတ်ဆုံးရှုံးရသည့် ကတ်သလစ်ဘာသာဝင် အိုင်ရစ်တို့၏ သူပုန်ထမှုဖြစ်သည်။ သူပုန်ထမှုမှာ အမြဲလိုလိုရှိခဲ့သော်လည်း အောင်မြင်သည်ဟူ၍ မရှိခဲ့။ ထိုအတော်အတွင်း အိုင်ရစ်အမျိုးသားရေးစိတ်ဓါတ်မှာ တစတစ တိုးများလာခဲ့သည်။ အခြားတရပ်မှာ အိုင်ယာလန် အရှေ့မြောက်ဒေသတွင် ဗြိတိသျှတို့မှ စက်မှုတိုးတက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို အလျှင်အမြန်ဆောင်ရွက်လာခဲ့ခြင်းဖြစ်သည်။ ထိုဒေသ၏ ဗဟိုမြို့ဖြစ်သည့် Belfast သည် ဗိတိုရိယလက်ထက်တွင် အကြောင်းရပ်နှစ်ခုဖြစ်လာခဲ့သည်။ ပထမတခုမှာ Liverpool သို့ Southampton (သင်္ဘော၊ အထည်အလိပ်၊ အမြှောက်လက်နက်၊ ခဲယမ်းမီးကျောက်နှင့် နောက်ပိုင်းတွင် လေယဉ်ပျံများထုတ်လုပ်လာခြင်း) တို့ကဲ့သို့ ဗြိတိသျှအင်ပါယာ၏ အဓိကကျသည့် အစိတ်အပိုင်းအဖြစ် စက်မှုထွန်းကားရာဆိပ်ကမ်းမြို့ကြီး ဖြစ်လာသည်။ နောက်တခုမှာ ပရိုတက်စတင့်တို့၏ အင်္ဂလန်ယဉ်ကျေးမှုများအခိုင်အမာတည်ရှိသည့်နေရာဖြစ်လာသည်။ ဗြိတိသျှ မျိုးနွယ်လက္ခဏာ၏

ထိုစွဲဖျောက်မရသည့်စိတ်သည် နိုင်ငံရေးအရ ပြည်ထောင်စုစနစ်အဖြစ် ပြောင်းလဲပစ်ခဲ့သည်။ အမှန်တကယ်တွင် ဗြိတိသျှပြည်ထောင်စုအဖြစ် ဆက်ရှိနေရန်ဖြစ်သည်။

ကျန်နေသည့်အိုင်ယာလန်မြေတဝှမ်း အိုင်ရစ်အမျိုးသားရေးဝါဒများပျံ့နှံ့လာချိန်တွင် စက်မှုထွန်းကားရာ အရှေ့မြောက်ပိုင်းဒေသရှိ ပြည်ထောင်စုဝါဒီများအနေဖြင့် ဗြိတိသျှအင်ပါယာအတွင်း၌သာ ကျန်နေလိုစိတ်ရှိခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဗြိတိသျှအင်ပါယာသည် ပြည်တွင်းပြည်ပ ဈေးကွက်နှင့် ထင်ရှားပေါ်လွင်သော ကြွယ်ဝချမ်းသာသည့်အရင်းအမြစ် ဖြစ်သလို၊ ပြည်ပကမ္ဘာသို့ ဆက်စပ်နိုင်စရာ လမ်းကြောင်းလည်း ဖြစ်သည်။ အိုင်ယာလန်လွတ်လပ်ရေးအတွက် ကတ်သလစ်ဘာသာဝင် အိုင်ယာလန်များက တိုးမြှင့်ကြိုးစား လှုပ်ရှားလာချိန်တွင် မြောက်ပိုင်း ပရိုတက်စတင့်ဘာသာဝင်များအနေဖြင့် ဗြိတိသျှအင်ပါယာ၏ အကျိုးစီးပွားအတွက်သာ ရပ်တည်စုရုံးခဲ့ကြသည်။ ထိုသို့ အခြေခံယဉ်ကျေးမှုအရ အတိုက်အခံဖြစ်နေသည့် အင်အားစု နှစ်စုအကြား ပဋိပက္ခဖြစ်မှုကို ဘာသာရေးအရ ယာယီရပ်စဲခဲ့သော်လည်း နှစ်ဖက်စလုံး၏ ကိုယ်ပိုင်လက္ခဏာရပ်များကား အထင်အရှားတည်ရှိဆဲပင်ဖြစ်၏။

၁၉၀၀ခုနှစ်မှစ၍ လူအစုအဖွဲ့နှစ်ရပ်မှာ သီးခြားသတ်သတ်စီ အိုင်ယာလန်မြေပေါ်၌ တည်ရှိလာခဲ့သည်။ နှစ်စုစလုံးသည် ရှေးကျသည့်သမိုင်းဆိုင်ရာများကို စွဲကိုင်၍ နယ်မြေဒေသကို သူပိုင်ဆိုင်သည် ငါပိုင်ဆိုင်သည်ဟု ငြင်းခုံခဲ့ကြသည်။ ဘာသာရေးခေါင်းစဉ်၌သာမက နိုင်ငံရေး၊ သမိုင်းနောက်ခံ၊ မျိုးနွယ်ဆက်ခံမှု၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာကိစ္စများ၌ပါ ကွဲပြားခြားနားခဲ့ကြသည်။ သို့အတွက်ကြောင့်လည်း နောက်ခံအရင်းအမြစ်အပေါ်တွင် အမြင်သဘောထားကွဲကြသည်။ ဥရောပနှင့်ဆက်ဆံရေးအပေါ် အမြင်ကွဲကြသည်။ အထူးသဖြင့် ထိုအချိန်ကာလ အင်အားကြီးနိုင်ငံဖြစ်သည့် ဗြိတိသျှနှင့်ဆက်ဆံရေးတွင် လုံးဝဆန့်ကျင်ဖက်ဖြစ်နေကြသည်။

### *နယ်မြေပိုင်းခြားခြင်း*

၂၀ရာစုအတွင်း၌ အိုင်းရစ်တို့၏ ကိုယ်ပိုင်လွတ်လပ်ရေးတောင်းဆိုမှုကို ငြင်းရခက်လာသည်။ နှစ်ဖက်စလုံးက လက်နက်ကိုင်စွဲလာခဲ့ကြသလို၊ ဗြိတိသျှဆန့်ကျင်ရေးအတွက် တဖက်ချင်းမှ ပြင်ဆင်လာခဲ့သည်။ ၁၉၁၆ ခုနှစ် အိုင်ယာလန်မြို့တော် ဒါဗလင်မြို့၌ အိုင်းရစ်သမ္မတနိုင်ငံ တပ်မတော် **(Irish Republican Army - IRA)** ၏ မအောင်မြင်သည့် တော်လှန်ပုန်ကန်မှုအပေါ် ဗြိတိသျှတို့မှ နိုင်ထက်စီးနင်း ကြမ်းကြမ်းတမ်းတမ်း ဖိနှိပ်ခဲ့ခြင်းသည် လူထုလှုပ်ရှားမှုကြီးတရပ်အတွက် သွေးကြွဖွယ်ရာ အာဇာနည်များကို ပေါ်ထွက်စေခဲ့သည်။ ၁၉၂၀ခုနှစ်တွင် အိုင်ယာလန် ၃၂ပြည်စလုံးကို အကန့်အသတ်ဆောင်သည့် လွတ်လပ်ရေးပေးခဲ့သော်လည်း အရှေ့မြောက်ပိုင်း ၉ပြည်ကိုမူ ထိုအစီအစဉ်နှင့်မဆိုင်သည့် ရွေးခြယ်မှုကို ပေးခဲ့သည်။ ထိုပြည်နယ် ၉ခုအနက် ပရိုတက်စတင့်အများစုရှိရာ ပြည်နယ် တခု အပါအဝင် ခြောက်ခုသည် အင်္ဂလန်နှင့်ဆက်လက်ပေါင်းစည်းနေရန် ရွေးခြယ်ခဲ့သည်။ ဤသို့ဖြင့် တောင်ပိုင်းရှိ လွတ်လပ်သည့် အိုင်းရစ်ပြည် ၂၆ခုနှင့် မြောက်အိုင်ယာလန်၏ ပြည်နယ် ၆ခုတို့အကြား နယ်မြေပိုင်းခြားမှုဖြစ်လာခဲ့သည်။ လွတ်လပ်သည့်အိုင်ယာလန်နိုင်ငံအနေဖြင့် လုံးဝလွတ်လပ်ရေးကို လက်ခံရခြင်းမရှိခင် တနှစ်အတွင်း သွေးစွန်းသည့် ပြည်တွင်းစစ်ပွဲကို ဆင်နွှဲခဲ့ရသည်။ လုံးဝလွတ်လပ်သည့် အိုင်းရင်းသမ္မတနိုင်ငံတော်ကို ၁၉၃၇ခုနှစ်တွင် ကြေညာခဲ့သည်။

မြောက်ပိုင်းအိုင်ယာလန်၏ ဒေသဆိုင်ရာ ကိုယ်ပိုင်ပါလီမန်က **Belfast** တွင်ထားရှိသည်။ **Westminster** အနေဖြင့် အချုပ်အချာအာဏာတခုလုံးကို ထိန်းချုပ်ထားချိန်တွင် မြောက်ပိုင်းအိုင်ယာလန်ကိစ္စအပေါ် နောက်ထပ် နှစ်၄၀အတွင်း အစိုးရဝင်ရောက်စွက်ဖက်ခြင်းမပြုပဲ လုံးဝ လစ်လျူပြုပစ်ထားရန် သဘောထားချခဲ့သည်။ ထိုဒေသ၏ လူဦးရေသည် ၁.၅ သန်းရှိသည့်အနက် ပရိုတက်စတင့်ဘာသာဝင်များမှာ နှစ်ချိုး တချိုးအများစုဖြစ်သည်။ ထို့ကြောင့် ပါလီမန်မှာလည်း ပြည်ထောင်စုဝါဒီများ၏ ထိရောက်သည့် ထိန်းချုပ်မှုအောက် အများစုလွှမ်းမိုးထားသည့် ပါလီမန်ဖြစ်ခဲ့သည်။ ထို့ကြောင့် ပါလီမန်အနေဖြင့် မကျေချမ်းဖြစ်နေသည့် မြောက်ပိုင်း ကတ်သလစ်ဘာသာဝင်များကို တောင်ပိုင်းရှိ အသစ်ဖြစ်လာသည့် ရန်ဖက်နိုင်ငံခြားတိုင်းပြည်၏ အဖျက်အမှောင့်လုပ်ရန် ကိုယ်စားလှယ်များဟု ရှုမြင်ခဲ့ကြသည်။ ထို့ကြောင့် ထိုသူများနှင့်အလုပ်တွဲလုပ်ရန် မယုံကြည်ခြင်း၊ ကြောက်ရွံ့ခြင်းဖြစ်လာကာ ထိုသူများကို ထိန်းချုပ်ခြင်း၊ သီးခြားခွဲခြားခြင်းများလည်း ဖြစ်

ပေါ်လာသည်။

ထိုသို့ဖြင့်လုံခြုံရေးပြဿနာရပ်များထူပြောနေရသည့် လူများစုအမြဲတမ်းလွှမ်းမိုးထားရာ မြောက်ပိုင်း အိုင်ယာလန်ပြည်၌ ကတ်သလစ်ဘာသာဝင်များအပေါ် အလုပ်အကိုင်၊ မဲပေးခြင်း၊ ပညာရေး၊ အိုးအိမ် အစရှိသဖြင့် ခွဲခြားဆက်ဆံမှုများမှာ ဆယ်စုနှစ်များစွာကျင့်သုံးခဲ့သည်။ ပြည်ထောင်စုဝါဒီများ အမြဲတမ်းစိုးမိုးနေရာ အစိုးရအဖွဲ့သည် အဆင့်မြင့်လက်နက်ကိုင်တပ်နှင့် ပရိုတက်စတင့်ဘာသာဝင် ဇဝရာခိုင်နှုန်း ပါဝင်သည့် ရဲတပ်ဖွဲ့များကို ထိန်းချုပ်ထားခြင်းဖြင့် လူမျိုးဘာသာအရ ခွဲခြားခံရမှုများရှိနေသည့် လူ့အဖွဲ့အစည်းတရပ်ဖြစ်ပေါ်လာတော့သည်။ ခွဲခြားကန့်သတ်မှုများရှိသည့် ထိုဒေသငယ်အတွင်း လုပ်ငန်းအစုစု၌ လုံးဝကွဲပြားသည့်လူ့အစုအဖွဲ့နှစ်စုအနေဖြင့် နှစ် ၄၀ကြာကာလလုံး ယှဉ်ပြိုင်နေထိုင်ခဲ့ကြရသည်။ တဖက်စီအနေဖြင့် ကိုယ်ကိုင် အိုးအိမ်၊ ကျောင်း၊ ဈေး၊ ဘုရားရှိခိုးကျောင်း၊ စက်ရုံ၊ ကလပ်၊ အားကစား စသဖြင့် သီးခြားစီရှိနေကြသည်။ ထိုသို့ဖြင့် ထိုလူ့အဖွဲ့အစည်းမှာ တိုးတက်မှုမရှိပဲ ရပ်တန့်နေခဲ့သည်။

*ပြဿနာရပ်များ*

ထိုသို့ တိုးတက်မှုမရှိပဲ ရပ်တန့်နေရသည့် အခြေအနေသည် ၁၉၆၀ခုနှစ်များတွင် အဆုံးသတ်သွားသည်။ အမေရိကန်ပြည်ထောင်စု၏ နိုင်ငံသားအခွင့်အရေးဆိုင်ရာလှုပ်ရှားမှု၏ လွှမ်းမိုးမှုအနေဖြင့် ကတ်သလစ် တက္ကသိုလ်ကျောင်းသားများ လမ်းများပေါ်ထွက်လာပြီး မြောက်ပိုင်းအိုင်ယာလန်တွင်ကျင့်သုံးနေသည့် လူမျိုးခွဲခြားမှုများကို အဆုံးသတ်ရန်စေရေးအတွက် တောင်းဆိုခဲ့ကြသည်။ ထိုသို့ဖြင့် ရှိပြီးသား ပြဿနာရပ်သည် ကတ်သလစ်ဘာသာဝင်များနှင့် နိုင်ငံအကြား နိုင်ငံသား အခွင့်အရေးနှင့်ပတ်သက်၍ ပဋိပက္ခအဖြစ် စတင်ခဲ့သည်။ အစိုးရနှင့်ရဲတပ်ဖွဲ့မှ ကြီးမားသည့် ငြိမ်းချမ်းသောဆန္ဒပြလှုပ်ရှားမှုများကို ရက်ရက်စက်စက်တုန့်ပြန်ခြင်းဖြင့် ပဋိပက္ခမှာ အရှိန်ပိုမြင့်လာခဲ့သည်။ ၁၉၆၉ခုနှစ်တွင် ပြည်ထောင်စုဝါဒီများချုပ်ကိုင်ထားသည့် အစိုးရသည် အခြေအနေကို ကိုင်တွယ်နိုင်ရန်မလွယ်တော့မှန်း သဘောပေါက်လာသည့် အလျောက် ဗြိတိသျှစစ်တပ်ကို ဝင်ရောက်စွက်ဖက်ကိုင်တွယ်ပေးရန် မေတ္တာရပ်ခံခဲ့ရသည်။ သဘောထားတင်းမာသည့် ပြည်ထောင်စုရေးဝါဒီများ ကြီးထွားလာသည့်အလျောက် မငြိမ်သက်မှုများကို ဖြေရှင်းနိုင်မည့် ပြုပြင်ပြောင်းလဲရေးများကြိုးပမ်းဆောင်ရွက်ရာတွင် နောက်ဆုံးအချိန်အထိ စိတ်ပျက်စရာအခြေအနေများ ကြုံခဲ့ရသည်။ ၁၉၇၂ခုနှစ်တွင် အစိုးရအနေဖြင့် ဖရိုဖရဲဖြစ်လာသော်လည်း လွတ်လပ်ရေးတောင်းဆိုမှုကိုမူ ဆက်လက်ငြင်းဆိုထားဆဲဖြစ်သည်။ ထိုအချိန်တွင် Belfast ပါလီမန်ကို ရပ်စဲပြီး Westminster အနေဖြင့် မြောက်ပိုင်းအိုင်ယာလန်ကို တိုက်ရိုက်အုပ်ချုပ်ရန် စတင်လာခဲ့သည်။

ဗြိတိသျှတို့အနေဖြင့် အလွန်အရုပ်ဆိုးသည့် နိုင်ငံသားအခွင့်အရေးဆိုင်ရာနစ်နာချက်များကို ပြန်လည်ဖြေရှင်းနိုင်ရန် အလျှင်အမြန် ကြိုးစားခဲ့သည်။ သို့ရာတွင် ကတ်သလစ်အသိုင်းအဝိုင်းအပေါ် ဗြိတိသျှတို့၏ ဆက်ဆံမှုမှာ အလွန်တရာနိုင်ထက်စီးနင်းပုံစံဆောင်ခဲ့သည်။ ကတ်သလစ်ဘာသာဝင်များအနေဖြင့် ဗြိတိသျှတပ်များနှင့် ပရိုတက်စတင့်တို့၏ ခြိမ်းခြောက်မှုများမှ မိမိကိုယ်မိမိ ကာကွယ်ရန်အတွက် ၁၉၆၀ခုနှစ် ဝန်းကျင်ခန့်က ပျောက်ကွယ်သွားခဲ့သည့် အိုင်အာအေ – အိုင်းရစ်တော်လှန်ရေးတပ်မတော် – ကို ပြန်လည် မွေးဖွားခဲ့ကြသည်။ ထို့အချိန်မှစ၍ ဗြိတိသျှတပ်များ တည်ရှိခဲ့သည်။

၁၉၇၂ခုနှစ်မှစခဲ့သည့် ကတ်သလစ်အသိုင်းအဝိုင်း၏ နိုင်ငံသားအခွင့်အရေးဆိုင်ရာ လှုပ်ရှားတောင်းဆိုမှုသည် ဗြိတိသျှအစိုးရနှင့် ဒေသခံရဲတပ်ဖွဲ့များကို ဆန့်ကျင်သည့် အိုင်အာအေ၏ လွတ်မြောက်ရေးစစ်ပွဲအဖြစ် ပုံပြောင်းသွားတော့သည်။

နောက်ထပ် နှစ် ၂၀ကြာအောင် နိုင်ငံရေးအရ ဦးဆောင်ကြိုးပမ်းမှု မအောင်မြင်ခြင်း၊ ယာယီကာလတို အပစ်အခတ်ရပ်စဲခြင်း၊ အကြမ်းဖက်မှုရေချိန် တက်လိုက်ကျလိုက်ဖြစ်ခြင်း၊ စီးပွားရေးနှင့်လူမှုရေး အကြပ်အတည်းဆိုက်ရောက်ခြင်း၊ အကြမ်းဖက်မှုများယဉ်ပါးလာခြင်း စသဖြင့် မြောက်ပိုင်းအိုင်းရစ်တို့၏ အသိုင်းအဝိုင်းသမိုင်းတွင်ကြုံတွေ့ခဲ့ရသည်။ နောက်ဆုံးစစ်ရေးအခြေအနေမှာလည်း နှစ်ဖက်စလုံးက လုံးလုံးလျားလျား အနိုင်မရပဲ ဖြစ်ထွန်းမှုများ ရပ်တန့်နေသည့်သဘောတွင်ရှိခဲ့သည်။ ထိုဖြစ်စဉ်ကာလအတွင်း

အသိုင်းအဝိုင်းနှစ်ဖက်စလုံးတွင် ပိုမိုအစွန်းရောက်ကွာဟမှုကြီးလာသလို၊ တိုးတက်မှုဖြစ်စဉ် ရပ်တန့်နေသည့်သဘောများလည်း ပျံ့နှံ့လွှမ်းမိုးခဲ့သည်။ လူပေါင်း သုံးထောင်ကျော်မှာ အကြမ်းဖက်မှုများကြောင့် သေဆုံးခဲ့ရပြီး၊ တဖက်ချင်းအနေဖြင့် ခေတ်ပြိုင်အာဇာနည်သူရဲကောင်းများ၏ ဒဏ္ဍာရီများကိုလည်း ဖန်တီးခဲ့ကြသည်။

စစ်သွေးကြွမှုများ ရှင်းရှင်းလင်းလင်း ပေါ်ထွက်လာသည်။ ကတ်သလစ်ဘာသာဝင်များအနေဖြင့် ညီညွတ်ပြီး လွတ်လပ်သည့်အိုင်ယာလန်နိုင်ငံတော်အတွက် အိုင်းရစ်အမျိုးသားရေးကို သောင်းသောင်းဖျဖျ ထောက်ခံခဲ့ကြသည်။ အဓိကအမျိုးသားရေးပါတီဖြစ်သည့် ဆိုရှယ်ဒီမိုကရက်လေဘာပါတီသည် မြောက်အိုင်ယာလန်ဒေသအတွင်း ပိုမိုမျှတသည့် နိုင်ငံရေးစနစ်ဖြစ်လာရန် ငြိမ်းချမ်းသည့်လှုပ်ရှားမှုကို ထောက်ခံပြီး၊ ထိုမှတဆင့် အိုင်းရစ်ညီညွတ်ရေးကို အဆုံးသတ်ရမည်ဟုဆိုသည်။ အမျိုးသားရေးဝါဒအတွင်းမှာပင် အိုင်အာအေ ပြည်သူ့စစ်များနှင့် ဆင်ဖန်း (အိုင်းရစ်ဘာသာစကားအရ – "ငါတို့ချည်းသီးသန့်" )အဖွဲ့များပါဝင်သည့် သမ္မတနိုင်ငံတော်ဖြစ်မြောက်ရေးလှုပ်ရှားမှုများသည် အရွယ်အားဖြင့် သေးငယ်သော်လည်း အိုင်ယာလန်မြေပေါ်မှ ဗြိတိသျှများတည်ရှိမှုကို မောင်းထုတ်ရန် အကြမ်းဖက်သည့်နည်းကို ထောက်ခံလှုပ်ရှားကြသည်။ ပရိုတက်စတင့်များဖက်ကလည်း အင်္ဂလန်နိုင်ငံအတွင်း မြောက်ပိုင်းအိုင်ယာလန်ကို ဗြိတိသျှတို့နှင့် ပြည်ထောင်စုစနစ်ဆက်လက်တည်ရှိလိုမှုကို ပြင်းပြစွာ ထောက်ခံခဲ့ကြသည်။ Ulster ပြည်ထောင်စုဝါဒီပါတီ (UUP) သည် ပါလီမန်ကို ၁၉၇၂ခုနှစ်အထိ ထိန်းချုပ်ခဲ့ပြီး ပရိုတက်စတင့်တို့၏ အဓိက နိုင်ငံရေးအာဘော်ဖြစ်ခဲ့သည်။ UUPအတွင်း အားနည်းချက်များရှိသည်ဟု ခံယူပြီး ၁၉၆၀ခုနှစ်များမှစ၍ ဖွဲ့စည်းလာခဲ့သည့် ဒီမိုကရက်တစ်ပြည်ထောင်စုဝါဒီပါတီသည် အရွယ်အာဖြင့် ပိုမိုသေးငယ်သော်လည်း သဘောထားပိုမိုတင်းမာသည့်အစုဖြစ်လာသည်။ ထိုအဖွဲ့တွင် လက်ရှိအစိုးရကို သစ္စာခံသူ ပြည်ထောင်စုရေးဝါဒီများ၊ ပြည်သူ့စစ်များ၊ သီးခြားသမ္မတစနစ်ကိုလိုလားသူများ၏ နိုင်ငံရေးအတိုက်အခံများပါဝင်ပြီး၊ သူတို့၏သဘောထားမှာ ပြည်ထောင်စုစနစ်ကိုကာကွယ်ရန်အတွက် အမျိုးသားရေးလှုပ်ရှားမှုများကို တန်ပြန်အကြမ်းဖက်ရန်ဖြစ်သည်။

*ငြိမ်းချမ်းရေးကြိုးပမ်းမှုများ*

၁၉၇၂ခုနှစ် တိုက်ရိုက်အုပ်ချုပ်ရေးသတ်မှတ်ချိန်တွင် ဗြိတိသျှအစိုးရအနေဖြင့် ၁၉၇၃ခုနှစ်နောက်ပိုင်း၌ ပြည်ထောင်စုရေးဝါဒီနှင့်အမျိုးသားရေးဝါဒီတို့၏ အဓိကကျသည့် နိုင်ငံရေးကိုယ်စားပြုသူများနှင့် တောင်ပိုင်းအိုင်ယာလန်သမ္မတနိုင်ငံ၏ အစိုးရအဖွဲ့တို့ကို ခေါ်ယူ၍ မြောက်ပိုင်းဒေသအတွင်း အာဏာခွဲဝေရေးအစိုးရသစ်တရပ်အပါအဝင် ခိုင်မာမှုမရှိသည့် နိုင်ငံရေးသဘောတူညီမှုတခုအတွက် စီမံခဲ့သည်။ မြောက်ပိုင်းအရေးတွင် တောင်ပိုင်းမှ ကြားဝင်စေ့စပ်နိုင်မည့် အိုင်ယာလန်ဒေသ နှစ်ဖက်နယ်စပ်ကောင်စီအသစ်ကိုလည်း စီမံခဲ့သည်။ UUP နှင့် SDLP နှစ်ဖွဲ့စလုံးပါဝင်သည့် အစိုးရအသစ်သည် ပရိုတက်စတင့်ဘာသာဝင်များ၏ စစ်ရေးလိုလားသည့် ကြီးမားသည့် ဆန္ဒပြမှုများမတိုင်မီ ၁၉၇၄ခုနှစ် ပထမ ငါးလအထိကြာမြင့်ခဲ့သည်။ အကြံပြုတင်ပြသည့် အိုင်ယာလန်ကောင်စီထားရှိရေးအပေါ် ဒေါသအမျက်ထွက်လာကြရာမှ ပရိုတက်စတင့်များက ထိုသို့ ဆန္ဒပြပွဲများ ပေါ်လာခြင်း ဖြစ်သည်။ ထို့နောက် ထိုအစီအမံမှာပျက်ပြယ်သွားပြီး ဒေသအုပ်ချုပ်မှုအာဏာသည် Westminster ထံပြန်လည်ရောက်ရှိသွားသည်။ တိုက်ရိုက်အုပ်ချုပ်ရေးကို ပြောင်းလဲနိုင်ခြင်းမရှိပဲ ၁၉၉၈အထိ ကျင့်သုံးသွားခဲ့သည်။

၁၉၇၀ နှင့် ၁၉၈၀ ခုနှစ်များတလျှောက်၌ ဗြိတိသျှတို့အနေဖြင့် နိုင်ငံရေးအရပြေလည်မှုရရန် အကြိမ်ပေါင်းများစွာ ထပ်မံကြိုးစားခဲ့သည်။ မကြာခဏဆိုသလိုပင် ပါလီမန်ညီလာခံသစ်အတွက် ရွေးကောက်ပွဲများကို ကျင်းပခဲ့သော်လည်း တဖက်မဟုတ် အခြားတဖက်က ထိုရွေးကောက်ပွဲများကို သပိတ်မှောက်ခဲ့ကြသည်။ ရည်ရွယ်ရင်းတခုမှာ မြောက်အိုင်ယာလန်အစိုးရအဖွဲ့အတွင်း အမျိုးသားရေးဝါဒီများပူးတွဲပါဝင်စေမည့် အာဏာခွဲဝေ၍ အစိုးရဖွဲ့နိုင်ရေးဖြစ်သည်။ နောက်ထပ်ရည်ရွယ်ချက်တခုကို "အိုင်းရစ် တည်ရှိမှု – Irish dimension" ဟူ၍ ခေါ်ဝေါ်ကြသည်။ မြောက်အိုင်ယာလန်အရေးကိစ္စများတွင် အိုင်းရစ်သမ္မတစနစ်၏ လွှမ်းမိုးမှုအတိုင်းအတာတခုကို ခွင့်ပြုထားခြင်းဖြင့် အမျိုးသားရေးဝါဒီများကို ချော့မော့ထားရန်ဖြစ်၏။

ပြည်ထောင်စုဝါဒီများမှာ ပထမရည်ရွယ်ချက်ကို လက်ခံကောင်းလက်ခံနိုင်မည်ဖြစ်သော်လည်း ဒုတိယရည်ရွယ်ချက်ကိုမူ လုံးဝငြင်းဆိုခဲ့ကြသည်။ အမျိုးသားရေးဝါဒီများဖက်ကမူ ဒုတိယရည်ရွယ်ရင်းမပါသည့် ပထမရည်ရွယ်ချက်အပေါ် သံသယထားခဲ့ကြသည်။

ကာလတလျှောက်လုံးတွင် နိုင်ငံရေးစဉ်းစားချက်များ၌ လက်နက်ကိုင်တပ်ဖွဲ့များ အထူးသဖြင့် သမ္မတစနစ်လိုလားသူများကို ပစ်ပယ်ထားခဲ့ကြသည်။ ယေဘူယျသဘောအားဖြင့် ထိုသူများ၏အကြမ်းဖက်မှုလုပ်ရပ်များကြောင့် ဒီမိုကရေစီဖြစ်စဉ်များတွင် ထိုသူများကို ပိတ်ဆို့ထားကြသည်။ အပြန်အလှန်အားဖြင့် သမ္မတစနစ်လိုလားသူများဖက်ကလည်း အဖြေထုတ်ရေး အကြံပြုတင်ပြချက်တိုင်းကို လုံးဝပယ်ချခဲ့ကြသည်။

နိုင်ငံတကာ၏ အာရုံစိုက်မှုများကြားမှာပင် ၁၉၈၁ခုနှစ်၌ အိုင်အာအေ အကျဉ်းသား ၁၀ဦးသည် နိုင်ငံရေးအကျဉ်းသားများ အဖြစ်သတ်မှတ်ခံရေးအပေါ် ဗြိတိသျှဝန်ကြီးချုပ်သက်ချာနှင့် လိပ်ခဲတည်းလည်းဖြစ်နေချိန်၌ သူတို့ကိုယ်သူတို့ အစာငတ်ခံ အသေခံခဲ့ကြသည်။ ထိုအရှိန်ကြောင့် အိုင်ရစ်တို့၏ သမ္မတနိုင်ငံဖြစ်မြောက်ရေးအယူအဆအတွက် စာနာမှုရလာခဲ့ပြီး ဆင်ဖန်ပါတီ၏ကံကြမ္မာအပေါ် ထောက်ခံမှုများလာခဲ့သည်။ တချိန်တည်းမှာပင် ဆယ်စုနှစ်များ ကြာအောင်ရှိနေသည့် ကြားနေရေးအယူအဆကို အဆုံးသတ်စေပြီး၊ မြောက်ပိုင်းရော တောင်ပိုင်း၌ ရွေးကောက်ပွဲ ပြိုင်ဆိုင်မှုများ စတင်လာတော့သည်။

သမ္မတစနစ်လှုပ်ရှားမှု၏ နိုင်ငံရေးခြိမ်းခြောက်မှုများကို တုန့်ပြန်သောအားဖြင့် အိုင်းရစ်သမ္မတနိုင်ငံ၏ နိုင်ငံရေး ပါတီများနှင့် နှင့် SDLP တို့သည် ဖွဲ့စည်းပုံအရ အိုင်းရစ်အမျိုးသားရေးဝါဒ အဓိပ္ပါယ်သစ်တရပ်ပေါ်ထွက်လာရန် အိုင်ယာလန်ဖော်ရမ်သစ်ကို ၁၉၈၃ခုနှစ်၌ ခေါ်ယူ၍ တွေ့ဆုံခဲ့ကြသည်။ ထိုဖော်ရမ်မှနေ၍ အိုင်းရစ်အမျိုးသားရေးဝါဒကို ထိရောက်အောင်မြင်စွာ ပြန်လည်ရေးဆွဲခဲ့သည်။ ထိုသို့ရေးဆွဲရာ၌ စကားသုံးစွဲမှုနှင့် ခေါင်းစဉ်အပေါ် ဆင်ဖန်ပါတီခေါင်းဆောင် သည့် ကာန ၏ လွှမ်းမိုးမှု အများအပြားရှိခဲ့သည်။ ယခင်ကရှိခဲ့သည့် ဗြိတိသျှဆန့်ကျင်ရေးအယူအဆအပေါ်တွင် ငြိမ်းချမ်းသည့် နိုင်ငံရေးလှုပ်ရှားမှုအခြေခံသစ်များနှင့် ပြည်ထောင်စုဝါဒီများအပေါ် အလေးထားသည့်အယူအဆများဖြင့် အစားထိုးခဲ့သည်။ အိုင်းရစ်အစိုးရအနေဖြင့် ထိုအစီရင်ခံချက်ပါ စဉ်းစားချက်ကို ၁၉၈၅ခုနှစ် အင်္ဂလိပ်–အိုင်းရစ် သဘောတူညီချက်အရ ဗြိတိသျှတို့နှင့်စေ့စပ်ဆွေးနွေးမှုများစတင်ရန် အခြေခံလမ်းစအဖြစ် ယူခဲ့ကြသည်၊ ၁၉၈၅ သဘောတူညီချက်မှာ မြောက်အိုင်ယာလန်ပြဿနာများဖြေရှင်းရန် ငြိမ်းချမ်းစွာအဖြေထုတ်နိုင်ရန်အတွက် နှစ်ဖက်အစိုးရ ၏လိုလားချက်ဆန္ဒများကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ သဘောတူညီချက်သည် အရေးပါသည့် အချက်အတော်များများကို တရားဝင်ရယူထားခြင်းဖြစ်သည်။ ယင်းတို့မှာ ငြိမ်းချမ်းရေး အတွက် အစိုးရများအနေဖြင့် ပူးတွဲဆောင်ရွက်ရန်သဘောတူညီထားခြင်း၊ မြောက်ပိုင်းအပေါ် ဗြိတိသျှတို့၏ ပေါ်လစီများအပေး အိုင်းရစ်ဝန်ကြီးများအနေဖြင့် မေးမြန်းအကြံပေးနိုင်သည့် အစိုးရအချင်းချင်းကြား ညီလာခံတရပ်ထားရှိခြင်းနှင့် Belfast ဆင်ခြေဖုံးဒေသတွင် အိုင်းရစ်အာဏာပိုင်တို့၏ အတွင်းရေးမှူးရုံးထားရှိခြင်းတို့ဖြစ်သည်။

အချုပ်အချာအာဏာပိုင်နိုင်ငံနှစ်ခုအကြား နိုင်ငံတကာသဘောတူညီချက်သည် ကြီးမားသည့်ဩဇာသက်ရောက်မှုရှိခဲ့သည်။ ပထမအချက်အားဖြင့် သမိုင်းကြောင်းအရ မြောက်အိုင်ယာလန်ကိစ္စရပ်အပေါ် ရန်ဖက်ဖြစ်ပွားနေသည့် အိုင်ယာလန်သမ္မတနိုင်ငံနှင့် ဗြိတိသျှတို့အကြား ထိုကိစ္စရပ်အပေါ် အပြန်အလှန်ပူးပေါင်းဆောင်ရွက်သူများဖြစ်လာကြသည်။ နိုင်ငံရေးအရကြိုးပမ်းဆောင်ရွက်မှုများ၌ ဗြိတိသျှတို့ချည်းသာဆောင်ရွက်လုပ်ကိုင်ရသည်မဟုတ်တော့ပဲ နှစ်ဖက်အစိုးရအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရသည်။ အိုင်းရစ်တည်ရှိမှု – Irish dimension သည် တကယ်ဖြစ်ရန်အလားအလာပိုမိုနီးစပ်လာသည်။ သို့သော် ဒုတိယပိုင်းအနေဖြင့် Hume ၏ချည်းကပ်မှုနှင့်နှိုင်းယှဉ်ပါက သဘောတူညီချက်မူကြမ်းများချမှတ်ရာတွင် ပြည်ထောင်စုဝါဒီများအနေဖြင့် အစိုးရချင်းကြားညှိနှိုင်းမှုတွင် တိုင်ပင်နီးနှောခွင့်မရခြင်းဖြစ်သည်။ ထိုသဘောတူညီချက်များချမှတ်ရာတွင်လည်း သူတို့၏အမြင်သဘောထားများရယူခြင်းမရှိပေ။ ထို့ကြောင့် ပြည်ထောင်စုဝါဒီများအနေဖြင့် ထိုသဘောတူညီချက်အပေါ် ဒေါသတကြီးတုန့်ပြန်ခဲ့ကြသည်။ သူတို့၏အမြင်အရ ဗြိတိသျှအစိုးရအနေဖြင့် သူတို့၏အရေးကိစ္စအပေါ် အခြားနိုင်ငံခြားတိုင်းပြည်တရပ်၏

စွတ်ဖက်ပါဝင်ခွင့်ကိုပေးထားသည်ဟုဆိုသည်။ သို့ဖြစ်၍ ဗြိတိသျှအစိုးရနှင့်ဆက်ဆံမှုအားလုံးကို ပြန်လည်ရုတ်သိမ်းလိုက်ကြသည်။

သို့သော်လည်း ၁၉၈၉ခုနှစ်တွင် ပြည်ထောင်စုဝါဒီများအနေဖြင့် ထိုသဘောတူညီချက် အတည်ပြုလာမည်ကို ကာကွယ်ရာတွင် ရှုံးနိမ့်ခဲ့ကြသည်။ ထိုသဘောတူညီချက်အရ အိုင်းရစ်အစိုးရသည် နိုင်ငံရေးဖြစ်စဉ်များ၌ ဗြိတိသျှတို့နှင့်ပူးတွဲ၍ ပါဝင်လာခဲ့သည်။ မူလက “Ulster က လက်မခံဘူး” ဆိုသည့် ကြွေးကြော်သံများဖြင့် လှုပ်ရှားလာခဲ့ကြသည့် ဒေါသဖြစ်နေသည့် ပြည်ထောင်စုဝါဒီများအနေဖြင့် စိတ်ပျက်လက်ပျက်ဖြစ်လာရတော့သည်။ ပူးပေါင်းဆောင်ရွက်မှုများရပ်တန့်ထားခြင်းဖြင့် အခြေအနေပို၍ဆိုးလာဖွယ်သာရှိသည်ကို သဘောပေါက်လာကြခြင်းဖြင့် ဖြစ်နိုင်သည့် နိုင်ငံရေးဖွဲ့စည်းမှုအတွက် ဗြိတိသျှတို့နှင့် ဆွေးနွေးမှုစတင်ရန် နောက်ဆုံးသဘောတူညီခဲ့ရသည်။ ထိုသို့ဖြင့် ၁၉၉၁ခုနှစ်၌ UUP နှင့် DUP တို့သည် ဗြိတိသျှဦးဆောင်သည့် စေ့စပ်မှုဖြင့် SDLP နှင့်ဆွေးနွေး၍ အတိုက်အခံပြုနေသည့် အသိုင်းအဝိုင်းနှစ်ခုအကြား ဆက်စပ်ပေးမည့် မဟာမိတ်ပါတီတွင် ပါဝင်ခဲ့သည်။ ထိုဆွေးနွေးပွဲများသည် တိုးတက်မှုများစွာ ဖြစ်မလာခဲ့ပဲ လုပ်ကိုင်ဆောင်ရွက်ပုံနည်းလမ်းများအပေါ် ယခင်ငြင်းခုံမှုများတွင်ပင် ရပ်တန့်နစ်မွန်းနေခဲ့ရသည်။ သို့သော် နောင်ဆွေးနွေးပွဲများအတွက် ပြတ်သားရှင်းလင်းသည့် အကြောင်းအရာခေါင်းစဉ်များကို အပိုင်း ၃ ပိုင်းအဖြစ် ချမှတ်ထားနိုင်ခဲ့သည်။ ပထမပိုင်းမှာ မြောက်ပိုင်းလူထုအများစုအနေဖြင့် ပြည်ထောင်စုအဖြစ်ရပ်တည်လိုသည့်မဲအရေအတွက်ရှိနေသမျှကာလပတ်လုံး ဗြိတိသျှအုပ်ချုပ်ရေးအောက် မြောက်အိုင်ယာလန်ပြည်တွင်း အစိုးရအတွက် အာဏာခွဲဝေရေးအစီအမံများဖြစ်သည်။ ဒုတိယပိုင်းမှာ “အိုင်းရစ်တည်ရှိရေး” ကို အထောက်အပံ့ဖြစ်စေမည့် တောင်မြောက် အသိုင်းအဝိုင်းခိုင်ခံ့တည်ရှိမှုအတွက် လက်တွေ့ပုံသဏ္ဌာန်ထားရေးဖြစ်သည်။ နောက်ဆုံးအချက်မှာ လက်ရှိသဘောတူညီချက်ကို အစားထိုး၍ အိုင်းရစ်–ဗြိတိသျှ သဘောတူညီမှုကို ပိုမိုတိုးတက်လာစေရေးဖြစ်သည်။

သို့သော် ထိုအချိန်ကာလအထိ လက်နက်ကိုင်တပ်ဖွဲ့များမှာ အကြမ်းဖက်ရေးလမ်းစဉ်ကို ကြေညာထားဆဲဖြစ်၍ ပါဝင်သူအားလုံး၏ဆန္ဒအရ လက်နက်ကိုင်တပ်ဖွဲ့များရှိသည့်နိုင်ငံရေးပါတီများကိုမူ နှစ်ဖက်စလုံးမှ ထုတ်ပယ်ထား၏။

နောက်ပိုင်းနှစ်များတွင် နောက်ထပ် ၄လအတွက် ဆွေးနွေးပွဲများကို ပြန်လည်ပြုလုပ်ခဲ့ပြီး ထိုခေါင်းစဉ် ၃ရပ်အပေါ် တိုးတက်သည့်ဆောင်ရွက်ချက်အချို့ပြုလုပ်ခဲ့သည်။ သို့သော် နောက်ဆုံး၌ အချိန်တိုကာလအတွင်း၌ပင် သဘောတူညီချက် ပြိုလဲသွားပြန်သည်။ ထိုအတော်အတွင်း အကြမ်းဖက်မှုများကိုရှောင်ရှားပြီး နိုင်ငံရေးအရဖြေရှင်းရန် အခြေခံဦးတည်းချက်ဖြင့် Hume အနေဖြင့် ဆင်ဖိန်းပါတီနှင့် တွေ့ဆုံဆွေးနွေးရန် အစပြုကြိုးပမ်းခဲ့သည်။ ထိုဆွေးနွေးပွဲကာလများအတွင်း ဗြိတိသျှ–ဆင်ဖန် လျှို့ဝှက်၍ ဆက်ဆံဆွေးနွေးနေစဉ်ကာလအတွင်း၌ပင် အိုင်အာအေမှာ ဗြိတိသျှတပ်များနှင့်မြောက်အိုင်ယာလန်ရဲတပ်ဖွဲ့များအပေါ် ပုံးခွဲလုပ်ကြံ အကြမ်းဖက်မှုများရှိနေပြီး၊ ထိုပုံးခွဲဖျက်ဆီးမှုများမှာ အင်္ဂလန်နိုင်ငံထိတိုင် ပျံ့နှံ့လာခဲ့သည်။ တချိန်တည်း၌ပင် ပြည်ထောင်စုဝါဒီတို့၏ အဓိကလက်နက်ကိုင်နှစ်ဖွဲ့စလုံးသည် စစ်ရေးနိုင်ငံရေးအရ တိုးတက်ဆောင်ရွက်မှုအသစ်တရပ်ကို ပြုလုပ်လာသည်။ စစ်ရေးအရ သမ္မတစနစ်လိုလားသူများကို ပိုမို၍ ဆန့်ကျင်လာကြသလို နိုင်ငံရေးတွင်လည်း မဲပေးသူများကို အဓိကကျသည့်ပြည်ထောင်စုဝါဒီပါတီများမှ ကင်းကွာစေ၍ သူတို့၏အမြင်သဘောထားများကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများကို ဖြစ်လာစေခဲ့သည်။ Ulster ကာကွယ်ရေးအဖွဲ့ (UDA) သည် Ulster ဒီမိုကရက်တစ်ပါတီ (UDP) ကို ဖွဲ့စည်းသလို Ulster အပျော်ထမ်းတပ်ဖွဲ့ (UVF)ကလည်း တိုးတက်သည့် ပြည်ထောင်စုဝါဒီပါတီ (PUP) ကို မွေးဖွားခဲ့သည်။

ဆင်ဖင်/ UDP နှင့် PUP တို့သည် နိုင်ငံရေးပေါ်လွင်မှုရအောင် လုပ်ဆောင်ခဲ့ကြသော်လည်း စေ့စပ်ညှိနှိုင်းရေးများတွင် ပါဝင်ခွင့်ကို တင်းတင်းကြပ်ကြပ် ပိတ်ဆို့ထားခြင်းခံခဲ့ရသည်။ ၁၉၉၄ခုနှစ်တွင် ဆင်ဖိန်းနှင့် Hume တွေ့ဆုံဆွေးနွေးရာ၌ မြောက်ပိုင်းပါတီနှစ်ရပ်၊ အိုင်းရစ်အစိုးရနှင့် အိုင်းရစ်အမေရိကန်များ ပါဝင်သည့် အမျိုးသားရေးဝါဒီများ၏ ကျယ်ပြန့်သည့်သဘောတူညီမှုတရပ်ကို ယူနိုင်ခဲ့သည်။ ထိုဖိအားဖြင့် စစ်ရေးရပ်တန့်ထားရန်နှင့် နိုင်ငံရေးဖြစ်စဉ်အတွင်း ဒီမိုကရေစီနည်းပြုကျင့်ရန် လိုအပ်ချက်ကို

မြောက်အိုင်ယာလန်

ဆင်ဖိန်းခေါင်းဆောင် Gerry Adams ကို လက်ခံစေခဲ့သည်။ ရလဒ်အားဖြင့် ပြည်ထောင်စုဝါဒီများဖက်က အပစ်အခတ်ရပ်စဲရေးယူပြီး တလကြာအပြီး ၁၉၉၄ခုနှစ်ဩဂုတ်လတွင် အိုင်အာအေမှလည်း အကြမ်းဖက်မှုများကို ရပ်စဲခဲ့သည်။

သို့သော် သမ္မတစနစ်လိုလားသူများကို ကျေနပ်နှစ်သိမ့်စေမည့် နိုင်ငံရေးတိုးတက်မှုများကား နှေးကွေးနေခဲ့သည်။ ဗြိတိသျှတို့အနေဖြင့် အိုင်အာအေအနေဖြင့် ကြေညာချက်တရပ်ထုတ်ပြန်ပေးရန် ကနဦးအားဖြင့် တောင်းဆိုလိုက်သည့်အပေါ် ပြည်ထောင်စုဝါဒီများဖက်မှ ထောက်ခံခဲ့သည်။ ထိုကြေညာချက်တွင် အပစ်အခတ်ရပ်စဲရေး ကို အမြဲတမ်းလိုက်လျှောရမည်ဟု ပါရှိသည်။ အိုင်အာအေ အမြင်အရ ထိုကြေညာချက်သည် လက်နက်ချရမည့်သဘောသက်ရောက်နေပြီး၊ ထိုအချက်သည် ၎င်းတို့ အခိုင်အမာငြင်းဆိုထားသည့်အချက်ဖြစ်သည်။ ထို့ပြင် ထိုကြေညာချက်အရ ဆင်ဖိန်းပါတီအနေဖြင့် စေ့စပ်ညှိနှိုင်းမှုအတွင်း မဝင်ရောက်နိုင်ခင် အိုင်အာအေအနေဖြင့် လက်နက်များအပ်ရမည့်သဘောဖြစ်နေသည်။ ဗြိတိသျှအနေဖြင့် လက်နက်ဖျက်သိမ်းကို အခိုင်အမာတောင်းဆိုပြီး၊ သို့မှသာ ဆွေးနွေးနိုင်မည်ဟုဆိုသည်။ နှစ်ဖက်စလုံးရှိ လက်နက်ကိုင်တပ်များကမူ ဆွေးနွေးမှုကို ကနဦး စတင်ရန်နှင့် နောက်ပိုင်းမှ လက်နက်ဖျက်သိမ်းမှုကို တဆင့်ချင်းလုပ်မည်ဟု အခိုင်အမာဆိုခဲ့ကြသည်။ လက်နက်ဖျက်သိမ်းရေးအတွက် သောင်တင်ရေမကျအခြေအနေတွင် ဖြစ်စဉ်တိုးတက်မှုအတွက် အခြားသောဆွေးနွေးမှုများမှာလည်း ပျက်ပြားကုန်တော့၏။ ထိုအကြောင်းရပ်ကို မဖြေရှင်းနိုင်မချင်း ဗြိတိသျှနှင့် ပြည်ထောင်စုဝါဒီများဖက်မှ လက်နက်ကိုင်တပ်ဖွဲ့များကို စေ့စပ်ရေးစကားပွဲတွင် ပါဝင်ခွင့်ကို ငြင်းဆိုထားခဲ့ကြသည်။ ကျယ်ပြန့်သည့် ငြိမ်းချမ်းရေး ဆောင်ရွက်မှုအစိတ်အပိုင်းတရပ်အနေဖြင့် အမေရိကန် ဆီနိတ်အမတ်ဟောင်း George Mitchell အနေဖြင့် လက်နက်ကိုင်တပ်များ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် ဝင်ရောက်ပါဝင်လာခဲ့သည်။ ကော်မရှင်အနေဖြင့် ဆွေးနွေးပွဲများမတိုင်ခင် လက်နက်ဖျက်သိမ်းစရာမလိုဆိုသည့်အချက်ကို လက်ခံခဲ့သည်။ သို့သော် ညှိနှိုင်းအဆိုပြုချက်နှစ်ရပ်တင်ပြခဲ့သည်။ ပထမအချက်မှာ နိုင်ငံရေးတိုးတက်မှုနှင့် ယုံကြည်မှုတည်ဆောက်ခြင်းအစိတ်အပိုင်းအနေဖြင့် ဆွေးနွေးပွဲကာလအတွင်း လက်နက်များ ဖြုတ်သိမ်းရန်ဖြစ်သည်။ ဒုတိယအချက်မှာ အကြမ်းမဖက်ရေးအခြေခံမှု ဖိချက်ပါဝင်သည့် သဘောတူညီချက်ကို အစုအဖွဲ့တိုင်းအနေဖြင့် စေ့စပ်စကားဝိုင်းတွင်း မဝင်ရောက်ခင် အတည်ပြုလက်မှတ်ထိုးပေးရန်ဖြစ်သည်။ နိုင်ငံရေးအရ အဆုံးသတ်ရန်နှင့် မလိုလားအပ်သည့် နိုင်ငံရေးအဖြေများပေါ်မလာစေရန် နည်းလမ်းတရပ်အနေဖြင့် လုံးဝငြိမ်းချမ်းသည့်နည်းလမ်းအသုံးပြုခြင်းနှင့် အကြမ်းဖက်မှုစွန့်လွှတ်ရေးများ ပါဝင်သည်။

သို့သော်လည်း ဘက်အားလုံးအနေဖြင့် နိုင်ငံရေးအပေါ် တခြားနည်းလမ်းများဖြင့် စစ်ဆင်ရန်သာ ကြိုးစားခြင်းဖြင့် ထိုကာလအတွင်း သဘောထားများမှာ မာကျောခက်ထန်ခဲ့ကြသည်။ အိုင်အာအေ၏ အပစ်အခတ်ရပ်စဲရေး ၁၈လအကြာတွင် ဆင်ဖိန်းပါတီအနေဖြင့် ထိရောက်သည့်ဆွေးနွေးပွဲဖြစ်စဉ်များ၌ ပါဝင်ရန် မနီးစပ်တော့၍ အိုင်အာအေအနေဖြင့် အပစ်အခတ်ရပ်စဲရေးကို ဖျက်ပြီး ၁၉၉၆ခုနှစ် ဖေဖဝါရီလတွင် ဗြိတိသျှတပ်နှင့် စီးပွားရေးပစ်မှတ်များကိုဦးတည်၍ အကန့်အသတ်ဆောင်သည့် စစ်ဆင်မှုများ ပြုလုပ်လာတော့သည်။ ပြည်ထောင်စုဝါဒီ လက်နက်ကိုင်တပ်များမှာ ၎င်းတို့၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ထိတ်လန့်စွာပင် ဆုပ်ကိုင်ထားခဲ့သည်။ ရွေးကောက်ပွဲများသည် ၁၉၉၆ ဇွန်လတွင် စတင်ခဲ့သည့် ဆွေးနွေးပွဲဖြစ်စဉ်တွင်ပါဝင်သူများကို သတ်မှတ်ခဲ့သည်။ ဆင်ဖိန်းပါတီမှာမူ အိုင်အာအေ၏ နောက်ထပ်အပစ်အခတ်ရပ်စဲရေးမတိုင်မီအထိ ဖယ်ရှားခံခဲ့ရပြန်သည်။ ဆွေးနွေးပွဲများမှာ ဆိုရုံမျှဖြစ်ပြီး၊ ပိတ်ပင်ခြင်းနှင့် ဆင်ဖိန်းပါဝင်ခွင့်ကိစ္စများအပေါ် ငြင်းခုန်မှုများဆက်လက်ရှိနေခဲ့သည်။ ဝန်ကြီးချုပ် မေဂျာအနေဖြင့် အမတ် ၁၀ဦးဖြင့် ထိထိရောက်ရောက်အာဏာချိန်ခွင်မျှနိုင်သည့် David Trimble ဦးဆောင်သည့် အစဉ်အလာ ကွန်ဆာဗေးတစ် UUP ပါလီမန်အုပ်စုအပေါ် လွှမ်းမိုးမှုအနည်းငယ်ရရန် ကြိုးစားခဲ့သည်။

*သဘောတူညီချက်*

၁၉၉၇ခုနှစ် ဇွန်လတွင် လေဘာပါတီအနေဖြင့် ခိုင်မာသည့်ပါလီမန်အများစုရရှိပြီး အစိုးရဖွဲ့နိုင်ခြင်းအားဖြင့်

မြောက်အိုင်ယာလန်

ခြေလှမ်းသွက်သွက် ပြန်စခဲ့သည်။ လများမကြာခင် အိုင်အာအေ အပစ်အခတ်ရပ်စဲရေးကို ခေါ်ယူခဲ့ပြီး၊ George Mitchell ဦးဆောင်မှုဖြင့် စက်တင်ဘာလတွင် အားလုံးပါဝင်သည့် ဆွေးနွေးမှုများစတင်ခဲ့သည်။ လက်နက်များဖြုတ်သိမ်းရန်မလိုသေးသော်လည်း Mitchell တင်ပြသည့် အကြမ်းမဖက်ရေးအခြေခံမှုများကို အစုအဖွဲ့ပါတီအားလုံးမှ လက်မှတ်ထိုးကြရသည်။ ပထမဦးဆုံးအနေဖြင့် ဆင်ဖိန်း၊ UDP နှင့် PUP တို့အားလုံး ဆွေးနွေးပွဲတွင် ပါဝင်ခွင့်ရခဲ့သည်။ တဖက်တွင်မူ DUP နှင့် အင်အားမများလှသည့် ပြည်ထောင်စုဝါဒီတို့၏ ပါတီအသစ် UK ပြည်ထောင်စုပါတီ တို့ကမူ ဆွေးနွေးပွဲမှ ထွက်ခွာသွားသည်။ ဆွေးနွေးပွဲတလျှောက်၌ နှစ်ပေါင်းကြာမြင့်နေသည့် သံသယများ ရန်လိုမုန်းတီးမှုများမှာ မွစာကြဲ အုတ်အော်သောင်းနင်းဖြစ်ခဲ့သည်။ သမိုင်းဆိုင်ရာရန်ဖက်များမှာ တဖက်နှင့်တဖက် စိတ်လှုပ်ရှားမှုများဖြင့် အနိုင်လုပြောကြခြင်းဖြင့် ဆွေးနွေးပွဲဖြစ်စဉ်အတွင်း နှစ်ဖက်စလုံး မသက်မသာဖြစ်ကြရပြီး၊ တိုးတက်မှုမှာလည်း ရှုပ်ရှုပ်ထွေးထွေးပင် နှေးကွေးခဲ့ရသည်။ ယခင်က ကြိုးစားခဲ့သည့် ဆွေးနွေးပွဲနှစ်ခုတွင် အကြမ်းမဖက်လမ်းစဉ်သုံးသည့် အဓိကနိုင်ငံရေးပါတီ ၄ခုနှင့်အစိုးရနှစ်ဖွဲ့သာရှိခဲ့သည်။ ယခုတကြိမ်တွင်မူ လက်နက်ကိုင်တပ်ဖွဲ့များ ပါဝင်ခွင့်ရလိုက်ခြင်းဖြင့် အကြမ်းဖက်မှုကိစ္စရပ်များကို ထိထိရောက်ရောက် ပိုမိုကိုင်တွယ်နိုင်မည့် နိုင်ငံရေးဖြေရှင်းမှု အခွင့်အလမ်းများရလာသလို၊ နောက်ဆုံးအားဖြင့် အိုင်းရစ်နိုင်ငံရေးများ လက်နက်များဖြုတ်သိမ်းရေးအထိ အခွင့်အလမ်းများလည်းရခဲ့သည်။ သို့သော်လည်း တချိန်တည်းမှာပင် အစုအဖွဲ့ ပါတီအားလုံး ပါဝင်သည့်အတွက် ဆွေးနွေးပွဲတလျှောက် အမြင်သဘောထားများစုစည်းရန်နှင့် အပေးအယူ သဘောတူညီချက် ရရန် ပိုမို ခက်ခဲနေပြန်သည်။

ဆွေးနွေးပွဲကာလ ၃လ၌ အစုအဖွဲ့များအကြား အချက်တိုင်းငြင်းခုံတိုက်ခိုက်နေကြခြင်းဖြင့် အကောင်အထည်ဖော်ရေး အပိုင်းတွင် နစ်မွန်းရပ်တန့်နေရပြန်သည်။ နှောင့်နှေးမှုများ ကဖျက်ကရက်လုပ်မှုများ ကြုံလာရပြန်သည်။ ဆွေးနွေးပွဲတလျှောက် နှစ်ရှည်ဖြစ်နေသည့်ရန်ဖက်များ မျက်နှာချင်းဆိုင်ရသည်မှာ အစုအဖွဲ့များအတွက် အလွန်အမင်း အခက်အခဲဖြစ်စေခဲ့သည်။ လုံးဝအောင်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြသည့် ဆယ်စုနှစ်များနောက်ပိုင်း နောက်ဆုံးအားဖြင့် ပြည်စုံမှုနည်းသည့် စေ့စပ်သဘောတူညီမှုကို လက်ခံကြရသည်။ ယုံကြည်မှုတည်ဆောက်ခြင်းကို ဆွေးနွေးပွဲကာလအတွင်း တပြိုင်နက်တည်းလုပ်ဆောင်ရသည်။ ယင်းတို့မှာ လက်နက်ကိုင်တပ်ဖွဲ့ဝင်အကျဉ်းသားများကို နှစ်ဖက်အစိုးရမှ ကျယ်ကျယ်ပြန့်ပြန့်လိုက်လျှော့ပေးရခြင်း၊ ဗြိတိသျှတပ်များတည်ရှိမှုကို လျှော့ချခြင်းများပြုလုပ်ရသည်။

ဆွေးနွေးပွဲမှာ ၁၉၉၈တွင် အနည်းငယ်သာတိုးတက်လာသည်နှင့်အမျှ နှစ်ဖက်စလုံးတွင် အစွန်းရောက်မှုများဖြင့် စိတ်ပျက်စရာကြုံလာရတော့သည်။ သမ္မတစနစ်လိုလားသူများဖက်နှင့် ပြည်ထောင်–စုဝါဒီများ နှစ်ဖက်စလုံးမှ အပစ်အခတ်ရပ်စဲမှုကိုဆန့်ကျင်သည့် လက်နက်ကိုင်အုပ်စုသစ်များ ပေါ်လာတော့သည်။ ဖုံးခဲ့လုပ်ကြံသတ်ဖြတ်မှုများ ပြန်လည်စတင်လာသည်။ UDA ၏ သတ်ဖြတ် လုပ်ကြံမှုများကြောင့် UDP ၏ နိုင်ငံရေးပါတီမှာ ဆွေးနွေးပွဲအတွင်းပါဝင်ခွင့်ကို တိုက်ခိုက်မှုများ ရပ်စဲသည်အထိ သတ်မှတ်ချက်ဖြင့် ရက်သတ္တပတ်များစွာ ရပ်ဆိုင်းထားခံရသည်။ အချိန်တိုအတွင်းမှာပင် အိုင်အာအေ၏ အလားတူအကြမ်းဖက်ပြုမှုချက်ကြောင့် ဆင်ဖိန်းပါတီမှာလည်း နှစ်ပတ်ကြာ ဆွေးနွေးပွဲအတွင်းဝင်ရောက်ခွင့် ရပ်ဆိုင်းခံရပြန်သည်။ နိုင်ငံရေးအရကိုယ်စားပြုသည့်လက်နက်ကိုင်တပ်များ၏ အကြမ်းဖက်မှုများ ကျဆင်းသွားသော်လည်း ထိန်းချုပ်မရသည့် အစွန်းရောက်မှုများမှာ ရံဖန်ရံခါ ကြုံနေရတုန်းပင်။

မတ်လအကုန်တွင် ဆွေးနွေးမှုဖြစ်စဉ်အတွက် ရက်သတ်မှတ်ချက်ကို Mitchell နှစ်ပတ်ဟု အဆုံးတွင် ကြေညာသတ်မှတ်လိုက်ရသည်။ ထိုအဆင့်၌ သင့်တော်ရာကိစ္စရပ်များကို ဆွေးနွေးကြရန် သူက တိုက်တွန်းခဲ့သည်။ နောက်ထပ်ဆွေးနွေးမှုများ သို့မဟုတ် အသေးစိတ်ဆိုင်ရာများ မလိုအပ်တော့ချေ။ လိုအပ်သည့်အချက်မှာ သဘောတူညီချက်ရရန် နိုင်ငံရေးအရ ဆန္ဒပြုမှုဖြစ်သည်။ သဘောတူညီချက်အတွက် ဧပြီလ ၉ရက်နေ့ ညသန်းခေါင်ယံကို နောက်ဆုံးထားသတ်မှတ်ခဲ့သည်။

တင်းမာမှုရှိနေသည့်ကြားကပင် Mitchell၏ ရာဇသံကြောင့် သဘောတူလက်မှတ်ထိုးကြရသည်။ အဖြေတစုံတရာထွက်ပေါ်လာရန်အတွက် လန်ဒန်၊ ဒါဗလင်၊ ဝါရှင်တန်တို့မှ ဖိအားပေး၍ ထိုရာဇသံကို

ထောက်ခံခဲ့ကြသည်။ အိုင်ယာလန်နှင့်ဗြိတိသျှဝန်ကြီးချုပ်နှစ်ဦးစလုံး ဆွေးနွေးပွဲသို့ရောက်လာပြီး၊ အိမ်ဖြူတော်နှင့် တိုက်ရိုက်ဖုန်းလိုင်းဆက်သွယ်ခဲ့ကြသည်။ ညသန်းခေါင်ယံ နောက်ဆုံးသတ်မှတ်ချက်လွန်ပြီးနောက် ဆွေးနွေးပွဲကို ထိုတညနှင့်နောက်တနေ့ ကျင်းပခဲ့ကြသည်။ ၃၂ နာရီကြာတလျှောက်လုံး ဆွေးနွေးခဲ့ကြပြီး နောက်ဆုံး၌ သဘောတူညီချက်တရပ်ကို ဧပြီလ ၁၀ရက်နေ့တွင် ကြေညာလိုက်၍ တကမ္ဘာလုံးက အံ့အားသင့်ခဲ့ရသည်။

သဘောတူညီချက်ကို စကားလုံး တသောင်းကျော်ဖြင့် ရေးသားထားသည်။ ယခင်ညှိနှိုင်းခဲ့ကြသည့် ခေါင်းစဉ် ၃ ရပ်နှင့် အနီးစပ်ဆုံးဖြစ်သည့် သဘောတူညီချက်ဖြစ်၏။ ထိုသဘောတူညီမှု၏ အရေးကြီးဆုံးအပိုင်းမှာ ခိုင်မာသည့်နိုင်ငံရေးဖွဲ့စည်းမှုအသစ်နှင့် ဖွဲ့စည်းပုံပြင်ဆင်ရေးအတွက် အခိုင်အမာလမ်းကြောင်းချ ပြင်ဆင်ရေးဆွဲခြင်းဖြစ်သည်။ ထိုသဘောတူညီမှုအပေါ် ၁၉၉၈ခုနှစ်မေလ၌ လူထုဆန္ဒခံယူပွဲတရပ်ကို တောင်ပိုင်းရောမြောက်ပိုင်း၌ တပြိုင်နက်တည်းပြုလုပ်ခဲ့သည်။

အဓိကပြောင်းလဲမှုမှာ အိုင်းရစ်ဖွဲ့စည်းပုံထဲမှ မြောက်ပိုင်းနယ်မြေ ပိုင်နယ်သတ်မှတ်ထားခြင်းကို ပယ်ထုတ်ပေးရခြင်းဖြစ်သည်။ အပြန်အလှန်အားဖြင့် အိုင်ယာလန်မြေတခုလုံးကို ပိုင်ဆိုင်သည်ဟုဆိုထားသည့် ဗြိတိသျှ ဥပဒေသွင်းထားချက်ကို ပြန်လည်ဖျက်သိမ်းပေးရသည်။

ပထမခေါင်းစဉ်အရ ၁၉၉၈ခုနှစ်ဇွန်လတွင် မြောက်အိုင်ယာလန်ပါလီမန်၏ အမတ် ၁၀၈နေရာအတွက် လူဦးရည်အချိုးအစားအရကိုယ်စားပြုသည့် single transferable မဲစနစ်ဖြင့် ရွေးခြယ်ခဲ့ကြသည်။ ထို့ကြောင့် ပါတီငယ်များအနေဖြင့် ရွေးကောက်ပွဲဝင်ပြိုင်ခဲ့ကြသည်။ ပါလီမန်၏သဘောတူညီမှုမဲစနစ်အရ ပြည်ထောင်စုဝါဒီများနှင့် အမျိုးသားရေးဝါဒီများဖက် တဖက်ချင်းစီမှ အနိမ့်ဆုံး ၄၀ရာခိုင်နှုန်းထောက်ခံမှုရရန်လိုသည်။ သို့မှသာ မဲအားလုံး၏ ၆၀ ရာခိုင်နှုန်းကို အနည်းဆုံးရရှိမည်ဖြစ်သည်။ ဝန်ကြီးချုပ်၊ လက်ထောက်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ ဝန်ကြီး ၁၀နေရာကို ပါတီအင်အားအလိုက် အချိုးအစားဖြင့် ရွေးခြယ်ကြရသည်။

ဒုတိယခေါင်းစဉ်အရ အိုင်းရစ်ပါလီမန်နှင့်မြောက်အိုင်ယာလန်ပါလီမန် နှစ်ဖက်စလုံးမှ ဝန်ကြီးများပါဝင်သည့် တောင်–မြောက် ဝန်ကြီးများကောင်စီတရပ်ကို ဖွဲ့စည်းခဲ့သည်။ ထိုကောင်စီ အကောင်အထည်မဖော်နိုင်ပါက မြောက်အိုင်ယာလန်ပါလီမန်လည်း ခွင့်ပြုချက်ရမည်မဟုတ်ပေ။ ကောင်စီအနေဖြင့် နှစ်ဖက်အကျိုးစီးပွားရှိရာ အနည်းဆုံး နယ်မြေ ၁၂ခုတွင် အတူတကွ ပူးတွဲကိုင်တွယ်နိုင်မည့် နှစ်ဖက်နယ်ခြားဖြတ် အကောင်အထည်ဖော်အဖွဲ့တခုအတွက် စီမံထားသည်။ ကောင်စီဆုံးဖြတ်ချက်များမှာ သဘောတူညီမှုအရဖြစ်ပြီး၊ အစီအမံအားလုံးကို ဆောင်ရွက်နိုင်မည့် အသေးစိတ်အချိန်ဇယားတခုကိုလည်း သတ်မှတ်ထားသည်။

တတိယခေါင်းစဉ်အရ အိုင်းရစ်–ဗြိတိသျှ သဘောတူညီမှုအသစ်တရပ်ကို အစားထိုးပြီး ယခင် ၁၉၈၅ခုနှစ် အင်္ဂလိပ်–အိုင်းရစ်သဘောတူညီချက်အရ လုပ်ငန်းများကို လွှဲပြောင်းယူလိုက်သည်။ လုံခြုံရေးကိစ္စကဲ့သို့ အလွန်တရာသိမ်မွေ့သည့်အကြောင်းရပ်များပါဝင်သည့် မြောက်အိုင်ယာလန်ကိစ္စရပ်အားလုံးကို မြောက်အိုင်ယာလန်ပါလီမန်သို့လွှဲပြောင်းရုံသက်သက်မဟုတ်ပဲ အိုင်ယာလန်သမ္မတနိုင်ငံနှင့် အင်္ဂလန်နိုင်ငံ အစိုးရအချင်းချင်း ကြားပူးပေါင်းဆောင်ရွက်ခွင့်ကိုလည်းပေးထားသည်။ ဗြိတိသျှ–အိုင်းရစ်ကောင်စီအနေဖြင့် ပို၍ကျယ်ပြန့်သည့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးတက်လာရန်လည်း သဘောတူညီထားသည်။ ဤနေရာတွင် အိုင်းရစ်နှင့်ဗြိတိသျှအစိုးရများ၊ မြောက်အိုင်ယာလန်ပါလီမန်နှင့် စကော့တလန်နှင့် ဝေးလ်ပြည်နယ်များအတွင်း ဖြစ်လာနိုင်သည့် ပါလီမန်များမှ ကိုယ်စားလှယ်များပါ ပါဝင်ကြမည်ဖြစ်သည်။

အဓိကဖွဲ့စည်းမှုများအဖြစ် အခြားသောဖွဲ့စည်းမှုယန္တယားများတည်ဆောက်ရန်အတွက်လည်း တိကျသည့် အချိန်ကာလ သတ်မှတ်ထားခဲ့ကြသည်။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပနိုင်ငံများစာချုပ်ကိုလည်း မြောက်အိုင်ယာလန်ဥပဒေတွင် အပြည့်အစုံထည့်သွင်းရမည်ဖြစ်သည်။ မြောက်အိုင်ယာလန် လူ့အခွင့်အရေးကော်မရှင်သစ်ကိုလည်း အခြားတဖက်မှ ကော်မရှင်များနှင့် ကော်မတီဖွဲ့၍ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်၏။ တန်းတူညီမျှရေး၊ လက်နက်ဖြုတ်ရေး – ဆန္ဒခံယူပွဲအပြီး နှစ်နှစ်အကြာတွင် အပြီးသတ်လုပ်ဆောင်ရန်ဖြစ်သည် – ရဲတပ်ဖွဲ့များပြင်ဆင်ဖွဲ့စည်းရေးနှင့် ရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေးစနစ်များနှင့်ပတ်သက်၍လည်း မြောက်အိုင်ယာလန်တွင် ကော်မရှင်များတည်ထောင်ရမည်ဖြစ်သည်။ နောက်ဆုံးအားဖြင့် အပစ်အခတ်ရပ်စဲရေးကို

ဆက်လက်စောင့်ကြပ်ရင်း လက်နက်ကိုင်တပ်ဖွဲ့ဝင်အကျဉ်းသားများကို နှစ်နှစ်အတွင်းအရှိန်ကောင်းကောင်း လွှတ်ပေးနိုင်ရန်အတွက် အစိုးရနှစ်ဖက်အနေဖြင့် ယန္တယားတခုထားရှိရန် ဖြစ်သည်။

အိုင်းရစ်စေ့စပ်ညှိနှိုင်းပွဲများသည် ၁၀နှစ်ကြာမျှ ဝေ့ဝိုက်နေသည့် ဖြစ်စဉ်များကြောင့် မရေမရာဖြစ်ပြီး ဝေ့ဝှက်နေသော မှတ်တမ်းများသာဖြစ်ခဲ့သည်။ မြောက်အိုင်ယာလန်လူထုဆန္ဒခံယူပွဲနှင့် မြောက်အိုင်ယာလန်ပါလီမန် ရွေးကောက်ပွဲများအတွက်မဲပေးကြသောအခါတွင်မူ အဓိကသဘောကွဲလွဲသည့် အကြောင်းရပ်မှာ အပတ်တကုတ်ဆောင်ရွက်ရမည့် စေ့စပ်ညှိနှိုင်းမှုအတွက်လိုအပ်သော နိုင်ငံရေးဖွဲ့စည်းမှု ပုံသဏ္ဍာန်ရပ်မဟုတ်ပေ။ ထိုအစား အကျဉ်းသားများစောလျှင်စွာလွှတ်ပေးခြင်း၊ အခွင့်အရေး ချိုးဖောက်ခံရသူများ ၏အခွင့်အရေးများနှင့် လက်နက်ဖြုတ်သိမ်းရေး၏ ထိရောက်မှုအပေါ်သံသယကိစ္စများမှာ စိတ်လှုပ်ရှားဖွယ် အကြောင်းရပ်များအဖြစ် သဘောတူညီချက်ကို ကန့်ကွက်သည့် အများစုသော ပြည–ထောင်စုဝါဒီများ၏မဲများက ဖော်ပြခဲ့သည်။ ဆန္ဒခံယူပွဲသည် ပြည်ထောင်စုစနစ်အတွင်း အခြေခံကျသည့် ကွဲလွဲချက်များကို ဖော်ပြခဲ့သည်။ အမျိုးသားရေးဝါဒီများ၊ သမ္မတစနစ်လိုလားသူများ၊ ပူးတွဲမဟာမိတ်များ၊ ပြည်ထောင်စုဝါဒီများနှင့် သဘောထားပျော့ပြောင်းသည့် ပြည်ထောင်စုဝါဒီများအနေဖြင့် ဆန္ဒခံယူပွဲအတွင်း သဘောတူညီချက်ထောက်ခံသူအများစုဆန္ဒ ၇၁ ရာခိုင်နှုန်းကိုရရှိခဲ့သည်။ ထိုအရည်အတွက်အရ ပွက်ကာသီကာဖြစ်သော်လည်း ပါလီမန်အတွင်း လုပ်ကိုင်ဆောင်ရွက်နိုင်မည့် အများစု အရည်အတွက် ရထားသည်။ UUP ပါတီမှ Trimble က ပထမဝန်ကြီးချုပ် အဖြစ်ရွေးခြယ်ခံရပြီး၊ SDLP မှ ဒုတိယ ခေါင်းဆောင်မှာ ယင်း၏လက်ထောက်အဖြစ် ရွေးခြယ်ခံခဲ့ရသည်။ သို့သော် DUP / UKUP နှင့် UUP အဖွဲ့ဝင်များသည် ကဖျက်ကယက်လုပ်လိုသည့် သဘောထားတင်းမာသူများအဖြစ် စုစည်းမိသွားကြသည်။ ၁၉၉၈ခုနှစ် နွေရာသီတလျှောက်လုံး အခြေအနေမှာ တင်းမာဆဲပင်ဖြစ်သည်။ သဘောတူညီချက်ကို ဆန့်ကျင်သည့် ပြည်ထောင်စုဝါဒီများ၏ လမ်းပေါ်ဆန္ဒပြမှုများမှာ မကြာခဏဖြစ်နေပြီး၊ အထိအရှမခံသည့် အများစုသဘောထားကို ခြိမ်းခြောက်ခဲ့သည်။ အင်အားနည်းသော်လည်း လက်နက်အပြည့်အစုံရှိသည့် အပစ်အခတ်ရပ်စဲရေးအုပ်စုတစုမှာ အိုင်အာအေမှခွဲထွက်ပြီး၊ မြောက်ပိုင်းတွင် ဗုံးခွဲပြုလုပ်ပြန်သည်။ သဘောတူညီချက်အတွင်း အချက်များကို အကောင်အထည်ဖော်ရန် စက်တင်ဘာလအတွင်း ပြန်လည် လုပ်ကိုင် ဆောင်ရွက်လာကြသော်လည်း အောင်မြင်မှုမှာ မရေမရာ ဖြစ်နေဆဲပင်။